www.burmeseclassic.com

မြို့ဆောက်သင်

# နတ်နွယ်

# အဖြူရောင်သစ္စာပန်းတစ်ပွင့်

# THE PHYSICIANS

HENRY DENKER

ဒုတိယအကြိမ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

မျိုးဆက်သစ် စာအုပ် [ ၁၉ ]

# နတ်နွယ်

# အဖြူရောင်သစ္စာပန်းတစ်ပွင့်

[ ဘာသာပြန်ဝတ္ထု ]

**HENRY DENKER**

**THE PHYSICIANS**

[ ဒုတိယအကြိမ် ]

၂၀၀၆ ခုနှစ်၊ ဇူလိုင်၊ ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ■ ၁၀၈၂/ ၂၀၀၃ [ ၈ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၁၂၂၆/ ၂၀၀၃ [ ၁၀ ]
မျက်နှာဖုံးသရုပ်ဖော် ■ တင်မောင်မျိုး
ကွန်ပျူတာစာစီ ■ K Zaw
အတွင်းပလင် ■ မုံရိပ်ရှင်
စာအုပ်ချုပ် ■ ကိုမြင့်
အဖုံးနှင့် အတွင်းပုံနှိပ်သူ ■ ဦးဇော်မြင့်ဝင်း
ဘာလာနန်ပုံနှိပ်တိုက်
အမှတ်-၁၀၄(ခ)
၃၁-လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ■ ဦးမျိုးဆင့် (ရှင်မတောင်စာပေ)
၂၉၆၊ အနော်မာအရှေ့(၇)လမ်း
သာကေတမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး ■ မျိုးဆက်သစ်စာပေ
ပုံနှိပ်ခြင်း ■ ပထမအကြိမ်
ဘာဝတက္ကသိုလ်စာပေ
ဇန်နဝါရီလ၊ ၁၉၈၈
ဒုတိယအကြိမ်
မျိုးဆက်သစ်စာပေ
ဇူလိုင်၊ ၂၀၀၃ ခုနှစ်
အုပ်ရေ ■ ၁၀၀၀
တန်ဖိုး ■ ၁၀၀၀ ကျပ်


## ဘာသာပြန်သူ၏ အမှာ

ပထမဆုံး ပြောရမည့် အချက်ကတော့ ထုံးစံ အတိုင်းပင် ဤဝတ္ထုကို မိမိအနေနှင့် လတ်တလော ဘာသာပြန်ဖို့ မဟုတ်ပါ။ အကြောင်းမှာ အချိန် မအားလပ်၍ပဲ ဖြစ်ပါသည်။ ဒေါ့စတာယက်စကီ၏ **ကာရာမာဇော့ညီအစ်ကိုများ** ကို မိမိ ဘာသာပြန်နေသည်မှာ အချိန် အတော်ကလေး ကြာသွားပြီ။ ယခု ထက်ကိုင် အပြီး မသတ်နိုင်သေးပါ။ ယင်းကြောင့် ဤ ဘာသာပြန် စာအုပ်ကြီး မပြီးမချင်း မည်သည့် စာအုပ်ကိုမျှ ကြားဖြတ် မပြန်တော့၊ မည်သည့် လုံးချင်းကိုမျှ ကြားဖြတ် မရေးတော့ဟု အောက်မေ့ထားသည်။ ဤ ကြားထဲကွင် မလွဲသာ မရှောင်သာ အတိုအထွာကလေးများကိုသာ ရေးသွားမည်။

ယင်းသို့ဖြင့် မိမိသည် သတ်မှတ်ချက်များ အချိန်မီ မပြီးစီးသည့်အတွက် စာဖတ်ခြင်းကိုပါ ချွေတာရသည်။ လစဉ်ထုတ် မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် တိုင်း မဂ္ဂဇင်းနှင့် အချို့သော မြန်မာ လုံးချင်း ဝတ္ထုများကို မဖတ်မဖြစ် ဖတ်ရသော်လည်း နိုင်ငံခြား ခေတ်ပေါ် ဝတ္ထုများကိုကား တတ်နိုင်သမျှမဖတ်ဘဲ နေသည်။ ဖတ်ခဲ့လျှင် ဖတ်ရသည့် အချိန်လည်း ကုန်သည်။ ဖတ်ပြီးလျှင် ဘာသာပြန်ချင်သည့် စိတ်ကလည်း ပေါ်တတ်သည်။ ယင်းကြောင့် နိုင်ငံခြား စာအုပ် အရောင်းဆိုင် အငှားဆိုင်များသို့ ခြေဦးပင် မလှည့် ရှိသည်။ 'ဘာဝတက္ကသိုလ်စာပေ' တွင် စာအုပ်သစ်များ တွေ့လျှင်လည်း ကြည့်ရှုသာကြည့်ပြီး ပြန်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်နေ့တွင်တော့ 'ဘဝတက္ကသိုက်စာပေ' သို့ ရောက်ရှိ သွားရာ ကိုနေဝင်း အပြင် သွားနေသဖြင့် ခဏ ထိုင်စောင့် နေမိသည်။ ထိုင်စောင့် နေစဉ်အတွင်း ဟိုစာအုပ် သည်စာအုပ်ကို လှန်လှော ကြည့်ရှုနေမိသည်။ သည်တွင် စာအုပ် တစ်အုပ်ကို တွေ့ရှိရသည်။ ဟင်နရီ ဒင်ကာ ရေးသည့် **ဆရာဝန်** ဆိုသည့် စာအုပ် ဖြစ်သည်။ စာအုပ် ကြော်ငြာနှင့် အမှာစာများက စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ စာအုပ်ကို ဖတ်ချင်စိတ် ဖြစ်ပေါ်စေသည်။ သို့ဖြင့် အချိန်ရသည့် အခါတွင် ဖတ်ရန်ဆိုပြီး ထို စာအုပ်ကို ယူခဲ့မိသည်။

အချိန်ရသည့်အခါ ဖတ်ရန်ဟု ဆိုသော်လည်း အိမ်ရောက်သောအခါ အခြား အလုပ်တွေကို ဘေးဖယ်ထားပြီး အနီးစာအုပ်ကို ဖတ်မိသည်။ ဖတ်မိသည်နှင့် ပြဿနာ ဖြစ်ရတော့သည်။ စာအုပ်က ဆွဲဆောင်လှသည်။ အရေးအသား ကောင်းသည်။ ဇာတ်ကောင်းသည်။ ဇာတ်ဆောင်များ အားကောင်းသည်။ အားပြိုင်ဆိုင်မှု ကြီးမားသည်။ နောက် ဘာဖြစ်မလဲ သိချင်သည်။ ဘယ်လို အဆုံးသတ်မလဲ သိချင်သည်။ ယင်းသို့ဖြင့် စာအုပ်ကို လက်ကမချနိုင်ဘဲ ရှိသည်။ စာမျက်နှာ ၃၅၀ နီးပါးရှိသည့် ဝတ္ထုကို တစ်လျှောက်တည်းအပြီး ဖတ်မိသည်။ နောက်ဆုံး စာကြောင်းကို ဖတ်ပြီးသောအခါ နံနက်လေးနာရီ ထိုးနေပြီ။ တုံးမောင်းခေါက်သံများ ကြားနေရပေပြီ။

ထုံးစံအတိုင်းပင် စာအုပ်တစ်အုပ်ကို နှစ်ခြိုက်မိပြီ ဆိုလျှင် ဘာသာပြန်ချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော် မည်သို့မျှ အချိန်မပေးနိုင်သဖြင့် စိတ်ကို ဖြေသိမ့်ထားရသည်။ နောင်တစ်ချိန် အားမှပဲ ပြန်တော့မည်။ စာအုပ်ကို မမြင်ကွယ်ရာမှာ ထားလိုက်သည်။ သူ့ကို စိတ်ထဲမှ မေ့ထားလိုက်သည်။ လွတ်ရာကျွတ်ရာမှာ အေးချမ်းစွာ နေချေလော့။

သည်လိုနှင့် မေ့မေ့လျော့လျော့ ရှိနေစဉ်မှာပင် ပြဿနာ တစ်ခု ပေါ်လာသည်။ မိုးဝေမှာ ဘာသာပြန် အခန်းဆက် ဝတ္ထုရှည် တစ်ပုဒ် ထည့်ရန် ဖြစ်သည်။ သည်တော့လည်း သည်ဝတ္ထုကိုပင် ဘာသာပြန်ရတော့သည်။ မိမိ ...ဖို့ သူ့ကို ရှောင်တိမ်းပြီး အခြား ဝတ္ထုတစ်ပုဒ်ကို ပြန်ဆိုနိုင်ရန် မစွမ်းပါ။ ...ကော ၎င်း၏ စိတ်အစဉ်ကို အင်အားကြီးမားစွာဖြင့် လွှမ်းမိုးလျက် ရှိပါသည်။

မိမိသည် ဆေးသိပ္ပံ ဆေးလောက ဝတ္ထုများ ဖြစ်သော COMA (အသိမဲ့ ပြန်နိုး ...နိုးသော ဝေဒနာ) နှင့် FEVER (အများနှင့်တစ်ယောက်) တို့ကို ပြန်ဆိုခဲ့ပြီး ဖြစ်သည်။ ဆေးဝတ္ထုများကို ပြန်ဆိုရသည်မှာ အနည်း...





...များတော့ လက်ဝင်ပါသည်။ ဆေးဝေါဟာရများ ဆေးပညာရပ်များကို ...ပုအများ နားလည်အောင်နှင့် မတိမ်းမစောင်းရအောင် ပြန်ဆို ရေးသားရသည်မှာ ထင်သလောက် မလွယ်ပါ။ အတွေ့ထွေအဘိဓာန်ကြီးများ၊ ပညာရပ်...ဘိဓာန်များ၊ ပုံပြအဘိဓာန်များ၊ ဆေးအဘိဓာန်များနှင့် ဆေးပညာ စာအုပ်...များကို မှီးနှောက်အောင် ဖတ်ရှုရပါသည်။ မရှင်းလင်းသော အချက်များကို ...ဝေါဟာရ ပညာရှင်များ၊ ဆရာဝန်များ၊ ကျွမ်းကျင်သူများထံ မေးမြန်း ဆွေးနွေး...ရပါသည်။ လှေလှောဆည်းပူး ရပါသည်။

သည်ဝတ္ထုမှာ ဆေးဝတ္ထု ဖြစ်ရုံမျှမက တရားရုံးဝတ္ထု တစ်ပုဒ်လည်း ...ဖြစ်နေတော့သည်။ သြဇာအာဏာ ကြီးမားသော သန်းကြွယ် သူဌေးကြီး ...တစ်ဦးသည် ဆရာဝန်၏ ကုသမှု မှားယွင်းသဖြင့် သူ၏ မြေးကလေး ဦးနှောက် ...ပျက်စီးသွားသည် ဆိုကာ လျော်ကြေးငွေ ဒေါ်လာ ငါးသန်း ရလိုမှုနှင့် ဆရာဝန်ကို ဟရားစွဲဆိုသည်။ ဆရာဝန်နှင့် သူ၏ ရှေ့နေတို့သည် သူတို့ဘက်မှ မှန်ကန်...ကြောင်း၊ ဆေးကုသမှု မှန်ကန်ကြောင်း၊ ကလေးငယ် ဦးနှောက် ပျက်စီးရသည့် ...အကြောင်းရင်းတို့ကို အချက်အလက် ပြည့်စုံစွာဖြင့် အချက်ပိုင်ပိုင် ခုခံ ထုချေ...ရသည်။ သည်တွင် ဥပဒေ ဝေါဟာရများ၊ တရားခွင် မြင်ကွင်းများ၊ ရှေ့နေ...တို့၏ ကုတ်ကတ်သော ပြန်လှန် မေးခွန်းများကို ရင်ဆိုင်ရသည်။ မိမိမှာ ...ဆရာဝန် မဟုတ်သလို ရှေ့နေ တစ်ဦးလည်း မဟုတ်ပါချေ။ သို့ဖြင့် ဥပဒေ ...ဝေါဟာရများ၊ ဥပဒေများ၊ တရားရုံးနှင့် စပ်လျဉ်းသည်များကို ရှာဖွေ ဖတ်ရှု...ရပြန်တော့သည်။ ဤဝတ္ထု၏ အသက်သည် ပြန်လှန် မေးခွန်းများနှင့် တရားခွင် လျှောက်လဲချက်များပင် ဖြစ်ပါသည်။ သြဇာတိက္ကမ ကြီးမားသော ...ပ်လုံတော်ရကြီးများနှင့် ငယ်ရွယ်နုပျိုသော ရှေ့နေမကလေးတို့၏ အားပြိုင်...မှုကို တွေ့ရှိကြရမည် ဖြစ်သည်။

ဤဝတ္ထုတွင် အာရ်အိပ်ချ် ပြဿနာသည် အဓိက နောက်ခံ အချက် ...တစ်ခု ဖြစ်ပါသည်။ အာရ်အိပ်ချ်ဆိုသည်မှာ သွေးဆဲလ်နီတွင် တွေ့ရှိရသော ...ဝတ္ထု တစ်ခု ဖြစ်ပါသည်။ အာရ်အိပ်ချ်ဝတ္ထု (RH Factor) ဟု ခေါ်သည်မှာ ...ဤဝတ္ထုပစ္စည်းကို (Rhesus) မျောက်၏ သွေးမှာ ပထမဆုံး စတင် တွေ့ရှိရ၍ ...ဖြစ်ပါသည်။ များသောအားဖြင့် လူတွေမှာ အာရ်အိပ်ချ်ဝတ္ထု ပါရှိကြပါသည်။ ...လူ အနည်းငယ်မှာသာ အာရ်အိပ်ချ် မပါရှိသည်ကို တွေ့ရပါသည်။ အာရ်အိပ်ချ် မပါရှိသူကို အာရ်အိပ်ချ် နဂတစ်ဟု ခေါ်ပြီး အာရ်အိပ်ချ် ပါရှိသူကို အာရ်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချ် ပေါ့ဆစ်တာစ်ဟု ခေါ်ပါသည်။ အာရ်အိပ်ချ် နဂ္ဂတစ် မိခင်တစ်ဦးသည် အာရ်အိပ်ချ် ပေါ့ဆစ်တစ် ကလေးတစ်ယောက်ကို ကိုယ်ဝန်ဆောင်သည့် အခါတွင် ပဋိပစ္စည်း တုံ့ပြန်မှု ဖြစ်ပြီး ကလေး၏ သွေးများကို ဖျက်ဆီးပစ်နိုင်ပါသည်။ ကလေးမှာ အသားဝါ ဖြစ်နိုင်ပါသည်။ ဤဝတ္ထုတွင် မွေးကင်းစကလေး အသားဝါ ဖြစ်ခြင်းကို အလင်းကုထုံး (Phototherapy) နည်းနှင့် ကုရာမှ ဇာတ်လမ်း စပါသည်။ နောက် နှစ်လ အကြာတွင် ကလေးငယ်၏ ဦးနှောက် ထိခိုက် ပျက်စီးသွားချိန်တွင် ဇာတ်လမ်း အရှိန် မြင့်တက် လာရပါတော့သည်။

ဤဝတ္ထုကို မိုးဝေမဂ္ဂဇင်းတွင် ၁၉၈၄ ခုနှစ် ဇွန်လမှ ၁၉၈၅ ခုနှစ် မေလအထိ ၁၂ လတိုင်တိုင် အခန်းဆက် ဝတ္ထုရှည် အဖြစ် ဖော်ပြခဲ့ပါသည်။ သို့သော် အဆုံးမသတ်ခဲ့ပါ။ မိုးဝေတွင် မိမိ မလုပ်တော့သောအခါ ဝတ္ထုကိုလည်း ဆက်လက် မဖော်ပြတော့ပါ။ လုံးချင်းဝတ္ထု အဖြစ် ထုတ်ဝေရန်သာ စီစဉ် ရတော့သည်။ သို့သော် အကြောင်းကြောင်းကြောင့် ဤဝတ္ထုကို ယခုမှပင် လျှင် ပုံနှိပ် ထုတ်ဝေ နိုင်တော့သည်။

ဤဝတ္ထု မူရင်းကို ပေးသော ကိုနေဝင်း (ဘဝတက္ကသိုလ်)၊ ဤဝတ္ထုကို အခန်းဆက် ဝတ္ထုရှည် အဖြစ် ရေးသား ထည့်သွင်းရန် တိုက်တွန်း တောင်းဆိုခဲ့ကြသော ကိုတင်မောင်ဝင်း (စာပေမွန်) နှင့် စာရေးဆရာ လွင်စန်းယဉ်၊ ဤဝတ္ထု အခန်းဆက် ဖော်ပြသည်ကို စိတ်ဝင်စားစွာ စောင့်ဆိုင်း ဖတ်ရှုကြပြီး လုံးချင်း အဖြစ် ထုတ်ဝေရန် တိုက်တွန်းခဲ့သော စာဖတ်သူများ၊ ဤစာအုပ် ပုံနှိပ် ထုတ်ဝေနိုင်ရန် ကူညီခဲ့ကြသော မိတ်ဆွေများနှင့် ဘဝတက္ကသိုလ် တိုက်သားများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။



# ၁

သူသည် မိုက်ကရိုစကုပ် ရှေ့တွင် ထိုင်မိပြီ ဆိုလျှင် လုပ်ငန်းတွင် အာဘယ်မျှ အာရုံဝင်စား နေမိပြီး အချိန်မည်မျှ ကုန်ဆုံးသွားပြီကို သတိ မပြုမိပါတော့ချေ။ ယခုလည်း ခွဲစိတ်ဓားကလေးကို လှမ်းယူ လိုက်ချိန်မှသာလျှင် သူသည် အမှတ်မထင် ဆိုသလို နံရံပေါ်မှ နာရီကို လှမ်းကြည့်လိုက်မိသည်။ ထိုအခါတွင် သူသည် စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ခေါင်းမှ ဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွနေတော့သည်။ အကြောင်းမှာ သူသည် ယနေ့ညနေတွင် ဝင်ငွေ နည်းပါးသော ဆင်းရဲသား ရပ်ကွက် တစ်ခုမှ သားသည် မိခင်များအတွက် ကျန်းမာရေး ပညာပေး ဟောပြောပွဲ တစ်ခု ပြောကြားရန် ရှိကြောင်း ရုတ်ခြည်း သတိရရှိ လိုက်သောကြောင့်ပင် ဖြစ်သည်။ အချိန်၊ အချိန်၊ အချိန်က ဘယ်တော့မှ ယုံလောက်သည် ဟူ၍ မရှိပါ။

သူသည် မိုက်ကရိုစကုပ် အောက်ရှိ မှန်ချပ် ပေါ်မှ နမူနာ အသားမျှင် ကလေးကို ခွဲစိတ်ဓားဖြင့် တို့ထိကာ ဆဲလ်များကို စတင် ရေတွက်သည်။ ပျက်စီး ယိုယွင်းမှုနှုန်း အလွန်အမင်း ဖြစ်နေသည်ကို တွေ့ရှိရသောအခါ သူ၏ ချောမောလှပသော မျက်နှာသည် သုန်မှုန် တည်ကြည် သွားတော့သည်။ အကယ်၍ မိခင်ဖြစ်သူသည် ကိုယ်ဝန်ဆောင် ကာလတွင် အာဟာရဓာတ် ဖွံ့ဖြိုးရေးကို မှန်ကန်စွာ သဘောပေါက် နားလည်ခဲ့လျှင် ဤပျက်စီး ယိုယွင်းမှုများကို ကောင်းစွာ ရှောင်ကြဉ် တားဆီး နိုင်ပေမည်။ ယခုတော့ ဤကမ္ဘာကြီးတွင် အာဟာရဓာတ် ချို့တဲ့သော ကလေးငယ် တစ်ဦး မွေးဖွား လာရပေဦးတော့မည်။ သည်ကလေး ဘယ်လို လုပ်ပြီး ကျန်းမာ ဖွံ့ဖြိုး နိုင်ချေရှိသည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် သူ၏ ခေါင်းထက်ရှိ အသံချဲ့စက်မှ ရုတ်တရက် အသံ ထွက်ပေါ်လာသည်။

"ဒေါက်တာ ဂရန့်၊ ဒေါက်တာ ခရစ်တိုဖာ ဂရန့်၊ ဒေါက်တာ ဂရန့်"

သူ့ စိတ်ထဲတွင် ရုတ်တရက် ဖြစ်ပေါ်လာသည်က ထိုခေါ်သံကို မသိ ကျိုးကျွန် ပြုထားရန်ပင် ဖြစ်သည်။ သို့သော် ထိုသို့ ပြုလုပ်၍ မဖြစ်နိုင် ကြောင်းကို သူ နားလည်ပါသည်။ ထို့ကြောင့် ခွဲစိတ်ခါးကို ချထားလိုက်ပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

"ဒေါက်တာ ဆိုဗိုက ဆရာ့ကို အမြန်ဆုံး တွေ့ချင်နေပါတယ်"

"ဟုတ်ပြီ၊ သူနဲ့ ဆက်လိုက်ပါ"

ဂရန့် ချက်ချင်းပင် လိုက်ပြောသည်။ ဒေါက်တာ ဆိုဗိုသည် အရေး မကြီးဘဲနှင့် ဘယ်တော့မှ မနှောင့်ယှက်တတ်ပါ။ ခဏအကြာတွင် ဒေါက်တာ ဆိုဗို၏ နွမ်းယဲ့သော အသံကို သူ ကြားရသည်။

"ခရစ်ရေ၊ အထူးဆောင်ကို လာခဲ့ပါလား၊ အခုပဲပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် အခုချက်ချင်း လာခဲ့ပါ့မယ်"

"တောက်...၊ ဆေးရုံ ခေတ်လှေကားတွေ ဘာဖြစ်လို့များ ဒါလောက် နှေးကွေး နေကြသလဲ မသိဘူး" ဟု ဒေါက်တာဂရန့် စိတ်ထဲတွင် ရေရွတ်လိုက် ပြီးနောက် လေးထပ်ရှိ မွေးကင်းစ အထူးကုဆောင်သို့ ဦးတည်ကာ လှေကား ထစ်များကို ပြေးတက်သွားတော့သည်။ အမှန်တော့ သူသည် လုပ်စရာ အလုပ် တွေ လက်မလည်နိုင်လောက်အောင် ပြည့်ကျပ်နေသူ ဖြစ်သဖြင့် အမြဲတမ်း လိုပင် စိတ်မရှည်နိုင်ဘဲ ဖြစ်နေသည်။ မနက်ပိုင်းမှာ စာသင်ရသည်။ မွေး ကင်းစ အဆောင်မှာ ပေါက်စနှ လူနာကလေးတွေ အမြဲတမ်း ပြည့်နေသည်။ နောက်ပြီးတော့ သူ အင်မတန် ဝါသနာပါသော သုတေသန အလုပ်က ရှိသေး သည်။ သည်တော့ သူ့မှာ ဘာမဆို အပြေးအလွှား လုပ်နေရတော့သည်။

သူသည် လှေကားမှ ပြေးတက်သွားနေရင်းမှာပင် လက်ရှိ ပြုစုလျက် ရှိသော စာတမ်းသို့ စိတ်ရောက်သွားသည်။ အာဟာရခေတ် ချို့တဲ့သဖြင့် ဦးနှောက် ချုတ်ယွင်းသွားသော ကလေးသူငယ်များ အကြောင်း ဖြစ်သည်။ ထိုကလေး သူငယ်များကို သူက 'ရေနီး ကလေးသူငယ်များ' ဟု အမည် ပေးထားသည်။ ဝင်ငွေ နည်းပါးသူများအတွက် ဆောက်လုပ် ပေးထားသော စီမံကိန်း၊ ရပ်ကွက် တစ်ခုကို အစွဲပြု၍ ဖြစ်သည်။





ထို ဆင်းရဲသား ရပ်ကွက်ကို တည်ဆောက်သူ၊ သူ ယခု ဖြတ်သန်း သွားနေသော ခန်းမဆောင်ကြီးနှင့် သူ၏ ခေတ်ခွဲခန်းတို့ကို တည်ဆောက်သူ မှာ ဂျွန် စတူးဝပ် ရေးနီး ဆိုသူ တစ်ဦးတည်းပင် ဖြစ်နေသည့် အချက်ကို အမြဲတမ်းလိုပင် သူ စဉ်းစား ဆင်ခြင်မိသည်။

*

ဒေါက်တာဆိုဗိုသည် ကလေး အထူးဆောင်မှ နံရံကြီး၏ အပြင်ဘက် စင်္ကြံပေါ်မှ နေ၍ စောင့်ဆိုင်းလျက် ရှိသည်။ သူနှင့်အတူ အရပ် မြောင်မြောင် မောင်း မောင်း ဆံပင်ဖြူဖြူနှင့် ဥပဓိရုပ် ထူးခြားသော လူ တစ်ယောက် ရှိနေသည်။ ထိုပုဂ္ဂိုလ်ကို မြင်ဖူးသည်ဟု ခရစ်ဂရန့် ထင်သည်။ သို့သော် ထို ပုဂ္ဂိုလ်ကြီးကို သူ မသိသည်မှာ သေချာသည်။ ဒေါက်တာဆိုဗိုသည် ခရစ်ဂရန့်ကို တွေ့မြင် သောအခါ စင်္ကြံအတိုင်း တစ်ယောက်တည်း လျှောက်လာပြီး သူ့ကို လမ်း တစ်ဝက်တွင် တွေ့ဆုံသည်။

ဒေါက်တာ မိုက်ကယ် ဆိုဗိုသည် လူ သေးသေးငယ်ငယ်ကလေး ဖြစ် သည်။ ဆေးရုံတွင်း လှည့်လည် ကြည့်ရှုချိန်နှင့် ဆေးတက္ကသိုလ် စာသင်ချိန် များတွင် ဝတ်ရုံဖြူကြီးကို ဝတ်ထားသောအခါ ပို၍ပင် သေးငယ်သွားသည်ဟု ထင်ရသည်။ သူ့ မျက်နှာ နီမြန်းသည်။ သူ့ မျက်လုံးများက အမြဲတမ်းလိုပင် မှိတ်စိုလျက် ရှိသည်။ သူ့ ဆံပင်များ ပါးပြီး ဖြူနေသည်။ သူ့ကို ကြည့်ရသည် မှာ ထင်ရှား ကျော်ကြားလှသော ဆေးတက္ကသိုလ်နှင့် တွဲဖက်ထားသည့် မက် ထရို ပိုလီတန် အထွေထွေ ဆေးရုံကြီး၏ ကလေးသူငယ် ဌာနကြီးမှူး တစ် ယောက်နှင့် မတူပါ။

"ခရစ်ရေ တို့ဆီကို ပက်ကဆိုက် ဆေးရုံက မွေးကင်းစ တစ်ယောက် ပို့လိုက်တယ်၊ နေ့မစေ့ခင် နှစ်ပတ် သုံးပတ်လောက် အလိုမှာ မွေးတာပဲ၊ ဒါပေမဲ့ ကိုယ်အလေးချိန် ဂရမ် နှစ်ထောင့်ခြောက်ရာ ရှိတဲ့အတွက် လမစေ့ဘဲ မွေးဖွားတာတော့ မဟုတ်ဘူး၊ အသားဝါ ဖြစ်နေတယ် ဆိုတာ သေချာတယ်၊ ဒါပေမဲ့ စိုးရိမ်စရာကြီးတော့ မဟုတ်ဘူး၊ စိုးရိမ်စရာ မဟုတ်ဘူး ဆိုပေမဲ့ သူ့ ကို ပင်းကိုယ်တိုင် ကြည့်ပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ဆုံမိသောအခါ လူ သေးသေးကလေးက အသံ တိုးတိုးညင်းညင်းဖြင့် ပြောလိုက်သည်။ ခရစ်ဂရန့်က စူးစမ်းသော အမူအရာကို ပြသောအခါ ဒေါက်တာဆိုဗိုက ဆက်ပြီး ရှင်းပြသည်။

"ကလေး နာမည်က ဆင်ပဆန်၊ ဒါပေမဲ့ ရေးနီးလို့လည်း ဆိုနိုင် ပါတယ်"

ဒေါက်တာဆိုဗိုက ကလေးဆောင် တံခါးဝတွင် ရပ်နေသော အရပ် ထောင်ထောင်မောင်းမောင်း လူ ဆီသို့ ကိုယ်တစောင်း လှည့်ကြည့်ရင်း ပြောသည်။ သည်တော့မှ ခရစ်ဂရန့်က ဆက်စပ်ပြီး တွေးနိုင်တော့သည်။ သည်မျက်နှာကြီးကို သူ မြင်ဖူးနေသည်မှာ အမှန်ပင် ဖြစ်သည်။ သုတေသန ဆောင် ဧည့်ခန်းရှိ အလှူရှင် ကြေးကမ္ပည်းမှ မျက်နှာကြီးပင် ဖြစ်သည်။ ပျွန်စတူးဝပ် ရေးနီးပင် ဖြစ်သည်။

"သြော်... ကလေးအမေက ရေးနီးရဲ့ သမီးကိုး"

ဂရန့် ရွတ်ဆိုလိုက်သည်။

"ဒီမယ် ခရစ်၊ မောင်ရင့်ကို ကျုပ် အရှိန်အဝါ အဆင့်အတန်းနဲ့ ပတ်သက်လို့ ဘာ တစ်ခွန်းမှ ပြောနေတာ မဟုတ်ဘူးနော်၊ ကျုပ် လက်ထဲကို ရောက်လာတဲ့ ကလေးတွေမှာ ဘယ်ကလေးကမှ ပိုပြီး အရေးမကြီးဘူး၊ ကျုပ် တို့ရဲ့ အကောင်းဆုံး ကုသမှုကို ကလေးအားလုံး ရနိုင်တယ်၊ ဒါပေမဲ့ ဒီကိစ္စ မှာတော့"

"ဘာမှ မပူပါနဲ့ ဆရာကြီး၊ ကျွန်တော် အစွမ်းကုန် လုပ်ပေးပါ့မယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ မောင်ရင်ရဲ့ သုတေသန လုပ်ငန်းကို ကော့ အနှောင့်အယှက် ပေးရာကျတာပေါ့"

"ကိစ္စ မရှိပါဘူး"

"ကျုပ် ဆီကို တိုက်ရိုက် အစီရင်ခံပါ၊ တစ်နာရီခြား နှစ်နာရီခြား ...ပေါ့၊ လိုအပ်ရင် ကျုပ် အိမ်အထိ ဖုန်းဆက်ပါ"

...ကလေးဆောင် အထူးခန်း တံခါးဝသို့ ရောက်ရှိသောအခါ ရေးနီးကို ...မမျှော်ကွင်းနိုင်ပါ။ ခရစ်က တံခါးကို အသာဖွင့်ပြီး ဆိုဗိုကို အလျှော် ...သည်။ ဆိုဗို၏ နောက်မှ ကပ်ပြီး ရေးနီး ဝင်မည် ပြုသောအခါ ခရစ်က တံခါးပေါက်ကို သူ့ ကိုယ်ပုံးဖြင့် ပိတ်ထားလိုက်သည်။

"...နဲ့ အထဲမှာ ဘာမျှ လုပ်စရာ မရှိပါဘူး"

ခရစ်က ရှင်းပြလိုက်သည်။





ရေးနီး၏ မျက်နှာကြီး နီရဲသွားသည်။ သူ့ကို မည်သူကမျှ တားဆီး ပိတ်ပင်ဖူးသည် မရှိပါ။

"အထဲက ကလေးဟာ ကျုပ် မြေးပဲ၊ သူ ဘာဖြစ်တယ် ဆိုတာနဲ့ သူ့ကို ဘယ်လို ကုသတယ် ဆိုတာကို ကျုပ်မှာ သိပိုင်ခွင့် ရှိတယ်"

ရေးနီးက ကြေညာလိုက်သည်။

"လောလောဆယ်မှာ ကျွန်တော် သိတာကတော့ လူကြီးမင်းဟာ အထဲ မှာ သူ တစ်ပါးရဲ့ အလုပ်ကို ဝင်ရောက် နှောင့်ယှက်တာက လွဲလို့ တခြား ဘာမှ လုပ်နိုင်စရာ မရှိပါဘူး မစ္စတာ ရေးနီး"

ထို့နောက် ခရစ်သည် အခန်းတွင်းသို့ ဝင်သွားပြီး တံခါးကို သူ့ နောက်ဘက်တွင် ပိတ်လိုက်သည်။

မစ္စတာ ရေးနီး မျက်နှာကြီး တင်းမာပြီး ကျန်ရစ်သည်။ သူ၏ အမျက် ဒေါသကို မည်သို့မျှ မဖုံးကွယ်နိုင်ပါ။ သူသည် တံခါးပေါက် အနီးမှ ခွာ၍ ...ရာမှ မှန်ပြတင်းပေါက်ကြီးမှ နေ၍ အတွင်းဘက်သို့ ကြည့်ရှုနေတော့သည်။

ရုတ်ခြည်း ကြည့်လျှင် မွေးကင်းစ အထူးကု ခန်းမဆောင်သည် ...ပသော ငါးမွေးဆောင်နှင့် တူပါသည်။ အိုက်ဆိုလက် ခေါ် ကြည်လင်သည့် ပလတ်စတစ် လှောင်အိမ်ကလေးများသည် အခန်းနံရံများ တစ်လျှောက်တွင် စီရရီ ရှိနေကြသည်။ လှောင်အိမ်ကလေးများ ထဲတွင် မွေးကင်းစ ကလေးငယ် များ၊ လမစေ့ဘဲ မွေးဖွားလာသူများ အသက်ရှင်ရေးအတွက် ရုန်းကန် နေကြ ...သည်။ အချို့သော မွေးကင်းစများသည် လူ့လောကကြီးသို့ ရောက်ရှိသည်မှာ နာရီပိုင်းမျှသာ ရှိသေးသဖြင့် သန္ဓေသား ပုံစံအတိုင်းသာ ရှိနေကြသေးသည်။ မွေးကင်းစ အတော်များများသည် သူတို့၏ လက်မောင်းငယ်ကလေးများတွင် သွေးကြောသွင်း ပိုက်များကို ကျပ်စည်းကိရိယာဖြင့် ခိုင်မြဲစွာ စည်းနှောင် ထားကြသည်။

မွေးကင်းစ အားလုံးလောက်မှာပင် သူတို့၏ ငယ်ငေါင်းသော ကိုယ်ခန္ဓာ ကလေးများတွင် လျှပ်ခေါင်းများ တပ်ဆင် ထားကြသည်။ ယင်းလျှပ်ခေါင်း များသည် ပလတ်စတစ် လှောင်အိမ် အပြင်ဘက်ရှိ ခေတ်မီ ကုသမှု ကိရိယာ များနှင့် ဆက်သွယ် ထားကြသည်။ အချို့သော ကိရိယာ တန်ဆာပလာများက အိုက်ဆိုလက် ပလတ်စတစ် လှောင်အိမ် အတွင်းရှိ အပူချိန်နှင့် စိုထိုင်းမှုတို့ကို ထိန်းသိမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော ပလက်စတစ် အိမ်ငယ်ကလေး အတွင်း၌ကား အသက် လေးဆယ့်ရှစ်နာရီမျှ မပြည့်တတ်သေးသော ဘောဘီ ဆင်ပဆန် ကလေး ရှိနေသည်။ ဆင်ပဆန် ကလေးသည် အသက်ကို ကောင်းမွန်စွာ ရှူလျက် ရှိသော်လည်း ကြေးဝါရောင် အသားများက အသားဝါ ဖြစ်ပွားလျက် ရှိသည်ကို အထောက်အထား ပြလျက် ရှိပါသည်။

ခရစ်ဂရန့်သည် မွေးကင်းစကလေးကို ခေတ္တမျှ ငေးစိုက်ပြီး ကြည့်နေသည်။ အနမတဂ္ဂသော ငွေကြေးဥစ္စာနှင့် ဩဇာ အာဏာတို့ကို ဆက်ခံရမည့် အမွေစား အမွေခံ ကလေးသည် သူ့ လက်တွင်းသို့ ရောက်ရှိလာသော အခြား မွေးကင်းစ ကလေးငယ်များနှင့် မည်သို့မျှ ခြားနားခြင်း မရှိပါ။ ငယ်ငေါ်သည်။ တွန့်လိမ်သည်။ နီရဲသော မျက်နှာကလေး၌ ရှုံ့ရှန့်နေသည့် မျက်လုံးများ ပိတ်နေသည်။ လူ အပိုင်းအစကလေး တစ်ခုမျှသာ ဖြစ်သည်။ ပတ်ဝန်းကျင်တွင် ဘာတွေ ဖြစ်နေသည်ကို သူ မသိပါ။ သူ သိတာ နှစ်ခုပဲ ရှိသည်။ အသက်ရှူဖို့နှင့် အစာအာဟာရ ဖြည့်တင်းဖို့ပဲ ဖြစ်သည်။ ဝါသော အသားနှင့် ပျော့သော အရိုး ရှိသည်။ ဤသတ္တဝါကလေးသည် လူ တစ်ယောက်တွင် ရှိရမည့် အင်္ဂါအစိတ်အပိုင်းများ ပြည့်စုံစွာ မရှိသေးပါ။ ချက်ကြိုး ဖြတ်ထားသည့် နေရာတွင် နီပြာပြာ ဖြစ်နေသည်။ လူ့ဘဝကြီး ထဲသို့ အသစ်စက်စက် ရောက် ရှိလာသူကလေး ဖြစ်သည်။ သူသည် ဘဝကို မရေမရာမှုများဖြင့်သာ ရင်ဆိုင် နေရသည်။

သူ၏ လက်ရှိ အခြေအနေက သည်အတိုင်းပဲ ဖြစ်သည်။

ခရစ်ဂရန့်သည် သူ၏ လူနာကလေးကို မ ယူရန် ပလတ်စတစ် လှောင်အိမ် အတွင်းသို့ အထူး အပေါက်ဝိုင်းကလေး နှစ်ခုမှ နေ၍ လက်လျှိုပြီး နှိုက်လိုက်သည်။ သူ့ လက်ထဲတွင် ရောက်ရှိနေသော မွေးကင်းစ ကလေးကို မှောက်ချည် လှန်ချည် လုပ်ကြည့်သည်။ အပေါ်ယံကြော စစ်ဆေး ကြည့်ရှုသည်။ အထူးသဖြင့် အသည်းကို စမ်းသပ် ကြည့်သည်။

"အသည်းက ထူးထူးခြားခြား မာနေပုံမျိုး မရှိပါဘူး၊ ပက်ကဆိုက်က [illegible] မှတ်တမ်းကို ဖတ်ကြည့်ပါလား"

ဆိုဗိုက ခရစ် လုပ်နေပုံကို မကျေနပ်ဟန်ဖြင့် တိုက်တွန်း ပြောကြားသည်။





သူနာပြု ဆရာမ ကမ်းပေးသော မှတ်တမ်းစာရွက်ကို ခရစ် လှမ်းယူသည်။ မှတ်တမ်းကို သူ လှျောက်ကြည့်သည်။ အရေးကြီးသော စာရွက် တစ်ခုကို သူ တွေ့ရှိသွားသည်။

"သူ့ အမေက အာရ်အိပ်ချ် နဂ္ဂတစ်ပဲ"

"ဆက်ဖတ်ပါဦး"

ဆိုဗိုက သတိပေးသည်။

"ယခင် ကိုယ်ဝန် ဆောင်ဖူးခြင်း မရှိ၊ ကိုယ်ဝန်ဆောင်ချိန် ပဋိပစ္စည်း စစ်ဆေးမှုများတွင် ပဋိပစ္စည်း မတွေ့ရ"

ခရစ်သည် မှတ်တမ်းကို ဆက်လက် ဖတ်ရှုပြီးနောက်

BURMESE CLASSIC .com

"မန်းတက်ခြင်း ရှိ မရှိကော သူတို့ စစ်ကြည့်သလား"

"မှတ်တမ်းမှာ စစ်ကြည့်တယ်လို့ ရေးထားတယ်၊ ကူးစက်ခြင်း လက္ခဏာ လုံးဝ မရှိလို့ ရေးထားတယ်၊ ဒါပေမဲ့ ပက်ကဆိုက် ဆေးရုံအကြောင်း ကောင်းရင်လည်း သိသားပဲ"

ဆိုဗိုက ဖြေသည်။

ပက်ကဆိုက် ဆေးရုံအကြောင်း အဘိုးကြီး ပြောသည်က ရှင်းသည်။ ပြည်ပြဿနာက တက္ကသိုလ် ဆေးရုံများနှင့် ပုဂ္ဂလိက ဆေးရုံများ အကြား၌ မြဲတမ်းနှင့် မလွဲသာ မရှောင်သာ ရှိနေမည့် ပြဿနာပင် ဖြစ်သည်။ သုတေသန လုပ်ငန်းကို လုပ်ဆောင်လျက် ရှိသော တက္ကသိုလ် ဆေးရုံများက ပုဂ္ဂလိက ဆေးရုံများ၏ လုပ်ဆောင်မှုများကို မည်သည့်အခါတွင်မျှ ယုံကြည်မှု မရှိပါ။ ပုဂ္ဂလိက ဆေးရုံများဘက်ကလည်း ဆေးပညာရပ် သင်ကြား ပို့ချနေသော ဆေးရုံများကို ပညာ ပြလွန်းသည်၊ သဘောတရား ဘက်သို့ လိုက်လွန်းသည်၊ သုတေသန လုပ်လွန်းသည်၊ နေ့စဉ် ကုသမှု လုပ်ငန်းများတွင် စနစ်တကျ စမ်းသပ်မှုကို အားပြုလွန်းသည်ဟု ဝေဖန်ကြသည်။

"သူတို့ နောက်ဆုံး စစ်ကြည့်တဲ့ ဗီလီရူဗင် အဖြေက ဘာတဲ့လဲ"

ခရစ်က မှတ်တမ်းကို ပြန်ယူကြည့်ရင်း မေးလိုက်သည်။

"သူတို့ ဗီလီရူဗင် တစ်ခါပဲ စစ်ကြည့်ကြတယ်၊ တစ်ဆယ့်လေး မီလီဂရမ် ရှိတယ်"

ဆိုဗိုက ကြုံပြီး အဖြေပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗီလီရူဗင် တစ်ခါပဲ စစ်ကြည့်တယ် ဟုတ်လား၊ ကလေးက သေသေချာချာကြီး အသားဝါ ဖြစ်နေတယ်၊ အမေက သွေးဆဲလ်မှာ အာရ်အိပ်ချ် လုံးဝ မရှိတဲ့ အာရ်အိပ်ချ် နဂ္ဂတစ် တစ်ယောက်"

"မောင်ရင့် စိတ် ထဲမှာ ဒါဟာ တစ်ခုခုပဲလို့ ထင်နေတယ် မဟုတ်လား၊ ကလေးရဲ့ ပဋိပစ္စည်း စစ်ဆေးမှု အစီရင်ခံစာကို ကြည့်ပါဦး"

ဆိုဗိုက ပြောသည်။

ခရစ်က မှတ်တမ်းကို ကြည့်သည်။ ထို့နောက် ထိတ်လန့်စွာ မော့ကြည့်လိုက်ပြီး–

"အာရ်အိပ်ချ် မတည့်ခြင်း၊ ဘယ်လို ဖြစ်လို့ ဒီလို ဖြစ်ရတာလဲ"

"ဒီအခြေအနေ ရောက်မှတော့ ဘာမှ မေးနေစရာ မလိုတော့ဘူး၊ အဲဒီ စစ်ဆေးချက်သာ မှန်တယ် ဆိုရင် ဒီကလေးဟာ အထူး ဂရုစိုက်ပြီး ကုသဖို့ပဲ ရှိတော့တယ်"

"သွေးဖလှယ်ဖို့ လက်မှတ်ထိုး သဘောတူ ထားတာ ရှိသလား"

"မှတ်တမ်းမှာတော့ မတွေ့ရဘူး"

"မဟုတ်တာဘဲ၊ သူတို့ ယူထားရမှာပေါ့၊ လိုအပ်တဲ့ ကိစ္စပဲ"

ဤကလေးနှင့် ပတ်သက်ပြီး အလျင်အမြန် လုပ်ဆောင်ဖို့ လိုအပ်ကြောင်း ခရစ် တွက်ချက်မိသည်။ သွေးနမူနာ ထုတ်ယူရန် လိုအပ်သည့် ပစ္စည်း တောင်းခံမည် ရှိစဉ်မှာပင် ဆရာမက အလိုက်သိစွာဖြင့်ပင် သူ့လက်ထဲသို့ လိုအပ်သည့် ပစ္စည်းကို ပေးအပ်သည်။ သို့ဖြင့် သူသည် လက်နှစ်ဖက်ကို အထူး အပေါက်ဝိုင်းကလေးများ အတွင်းမှ လျှိုသွင်းလိုက်ပြီးနောက် ပိစိညှပ်ကွေး လူနာကလေး၏ ဖနောင့်မှ နေ၍ သွေးအချို့ ထုတ်ယူသည်။ ထို့နောက် ရရှိသော သွေးကို ဓာတ်စမ်းပြွန် အတွင်း သို့ ပြောင်းထည့်ပြီး ဓာတ်ခွဲခန်းသို့ ပို့ရန် ဆရာမ လက်သို့ ပေးသည်။

"ဗီလီရူဗင် စစ်ပါ၊ ပဋိပစ္စည်း စစ်ပါ၊ ကူးစက်မှု ရှိမရှိ စစ်ပါ၊ အရေးပေါ် ချက်ချင်း လုပ်ပါ"

ဆရာမ ထွက်သွားသောအခါ ခရစ်သည် အလုပ်သင် ဆရာဝန်ကလေးဘက်သို့ လှည့်လျက်–

"ပက်ကဆိုက် ဆေးရုံကို လူ တစ်ယောက်လွှတ်၊ ကလေးအမေရဲ့ သွေးနမူနာကို ယူပါ၊ မှတ်တမ်းပို့ ကတည်းက ပါလာဖို့ ကောင်းတယ်၊ ကျုပ်တို့ ဓာတ်ခွဲခန်းက လွဲလို့ တခြား ဘယ်ဓာတ်ခွဲခန်းကိုမှ ကျုပ် မယုံဘူး"





ဤအတိုင်းဆိုလျှင် မိမိ အနေနှင့် စာပို့ချမှုနှင့် အုပ်ချုပ်မှု လုပ်ငန်းများကို နောက်ဆံ မတင်းဘဲ ပြုလုပ်နိုင်ပြီ ဖြစ်ကြောင်း မိုက်ဆိုဗို တွက်ယူလိုက်သည်။ တိကျ ပြတ်သားပြီး ဒေါမာန်ကြီးလှသော ခရစ်ဂရန့် အနေနှင့် ဤကလေးငယ်ကို လက်စွမ်းကုန် ကုသချေတော့မည်မှာ သေချာသည်။

"ကျုပ် ဆီတို့တော့ မကြာမကြာ ဆက်သွယ်မယ် မဟုတ်လား ခရစ်"

ဒေါက်တာ ဆိုဗိုက မေးလိုက်သည်။ ခရစ် ခေါင်းညိတ်လိုက်သောအခါ ဆိုဗိုသည် ဆေးကျောင်းသိုလ် သင်တန်းများတွင် စာပို့ချရန် ထွက်သွားတော့သည်။ အဆောင် အမြင့်ဘက်သို့ ရောက်သောအခါ ဆိုဗိုသည် ဗျူနစ်ပတူးဝိပ် ရေးနီးနှင့် စကား သုံးလေးခွန်း ပြောသည်။ ရေးနီး ဒေါသ ဖြစ်နေသည်။ မှန်နံရံကို ဖြတ်ပြီး ဂရန့်ကို ကြည့်နေသည်။ သူသည် သူ့ကိုယ်သူမှ လွဲပြီး အခြား မည်သူ့ကိုမျှ မယုံကြည်တတ်သည့် လူစားမျိုး ဖြစ်သည်။ မိမိ ဘာတစ်ခုမျှ နားမလည်သော ပညာရပ် နယ်ပယ်မှ ကျွမ်းကျင်သော ပါရဂူများကိုပင် မယုံကြည်နိုင်သူ ဖြစ်သည်။ ယင်းအတွက်လည်း ခရစ် ဒေါပွနေရခြင်း ဖြစ်သည်။ ဤပုဂ္ဂိုလ်သည် မြောက်မြားစွာသော ရေးနီး တိုက်တန်းများကို လက်လုပ်မွေးထားသူ ဟူသော အချက်ကပင် ခရစ်၏ အမျက်ဒေါသကို လျော့ပါး မသွားနိုင်ပါချေ။

ခရစ်သည် ရေးနီး၏ မြင်ကွင်းကို သူ၏ ကျောပြင်ကြီးဖြင့် ကွယ်ထားလိုက်သည်။ ပြီးမှ ကလေးငယ်ကို ထပ်မံ စစ်ဆေးသည်။ ကလေးငယ်၏ အသည်းသည် ပုံမှန်ပင် ဖြစ်သည်။

"ဒီကလေးကို ဖိုတိုသရဖီ လုပ်တဲ့ဘက် ရွှေ့ကြရအောင်"

ခရစ်က ပြောလိုက်သောအခါ ဆရာမသည် ပေါက်စနလူနာလေးကို အိုက်ဆိုလက် ပလတ်စတစ် လှောင်အိမ် အတွင်းမှ ထုတ်ယူပြီး အနွေးဓာတ်ပေးထားသော အခြား လှောင်အိမ် တစ်ခု အတွင်းသို့ ပြောင်းရွှေ့လိုက်သည်။ သွေးကြောသွင်းပိုက်များကို စနစ်တကျ ပြန်လည် တပ်ဆင်ပေးသည်။ ဆရာမ၏ လုပ်ငန်းများ ပြီးစီး သွားသောအခါ ခရစ်က ကလေးငယ်၏ မျက်လုံးများကို အသာအယာ ပိတ်လိုက်သည်။ မျက်လုံးများကို ဖိုက်ဘာချပ် တစ်ခုဖြင့်လည်း ကွယ်ပေးလိုက်သည်။ ဖိုက်ဘာ မျက်နှာဖုံး နေသားတကျ ရှိပြီး မျက်လုံးများ အတွင်းသို့ မည်သည့်နည်းနှင့်မျှ အလင်းရောင် မရောက်ရှိနိုင်ကြောင်း သေချာသောအခါ ခရစ်သည် အိုက်ဆိုလက် အထက်ရှိ အမိုးဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို နှိမ့်ချလိုက်သည်။ ရိုးရိုးသာမန် သံမဏိ အုပ်ဆောင်းမျိုး မဟုတ်ပါ။ အုပ်ဆောင်း အတွင်းဘက်တွင် မီးချောင်း ဆယ့်နှစ်ချောင်း တပ်ဆင်ထားသည်။ မီးချောင်းများကို တစ်ခုနှင့် တစ်ခု ထိလုမတတ် ပူးကပ်ပြီး တပ်ဆင်ထားသည်။ ခရစ်က အုပ်ဆောင်း ခလုတ်ကို ဖွင့်လိုက်သောအခါ ပြာလွဲ့သော အလင်းရောင်များ ကလေးငယ်၏ ကိုယ်ပေါ်သို့ ဖြာကျလာသည်။ အုပ်ဆောင်းမှ ကျလာသော အလင်းရောင်သည် ကလေးငယ်၏ မျက်လုံးများကို ထိခိုက်နိုင်ခြင်း ရှိ မရှိကို ခရစ် ထပ်မံ စစ်ဆေးသည်။ စိတ်ချ သေချာသောအခါတွင်မှ သူ့လက်များကို အပေါက်ဝိုင်းများ အတွင်းမှ ပြန်ထုတ်လိုက်သည်။ ထို့နောက် မီးရောင် ပေးထားသော လူနာကလေးကို အတန်ကြာအောင် သူ စူးစိုက်ပြီး ကြည့်နေသည်။

တစ်ဖက်သို့ သူ လှည့်လိုက်သောအခါ ရေးနိုးသည် မှန်ပြတင်းပေါက်မှ နေ၍ သူ့ကို စူးစူးရဲရဲကြီး ကြည့်နေဆဲပင် ရှိသေးကြောင်း ခရစ် တွေ့ရသည်။ ထိုအခါ သူ၏ ဒေါသတို့သည် ပိုမို၍ ကဲလာရတော့သည်။

"ကျုပ် ရုံးခန်းမှာ ရှိနေမယ်၊ မှတ်ခွဲခန်းက အစီရင်ခံစာ ရရချင်း ကျုပ် ဆီကို ဖုန်းဆက်ပါ"

ဆရာမကို မှာကြားပြီးနောက် အဆောင်တွင်းမှ ခရစ် ထွက်ခဲ့သည်။ တံခါးကို သူ ဖွင့်လိုက်သည် ဆိုလျှင်ပင် ရေးနိုးက သူ့ကို မျက်နှာချင်းဆိုင် လျက် ရှိတော့သည်။

"အခြေအနေ ဘယ်လိုလဲ ဒေါက်တာ"

"ကျွန်တော် ဘယ်တော့မှ လူနာတွေနဲ့ စကား ပေါ်မှာ မဆွေးနွေးပါဘူး၊ တကယ်လို့ လူကြီးမင်း ကျွန်တော့် ရုံးခန်းကို လိုက်ခဲ့မယ် ဆိုရင်တော့..."

"သွားကြမယ်"

ရေးနိုးက စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ် ပြန်ပြောသည်။ သို့သော် လေးငါးလှမ်းမျှ သွားမိကြသည်တွင် ရေးနိုးက မေးပြန်သည်။

"ဒေါက်တာ ဘာလုပ်မလဲ၊ ကျုပ် မေးတာက ဒီသူငယ်ကလေးကို ဒေါက်တာ ဘယ်လို ကုသမလဲလို့"

"ကျွန်တော်တို့ သူ့ကို အဖြစ်မှန်အတိုင်း ခေါ်ကြရအောင် မစ္စတာ ရေးနိုး၊ သူဟာ မွေးကင်းစ တစ်ယောက်ပါ"

"မွေးကင်းစ ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ"





"အခုမှ မွေးတဲ့ ကလေး တစ်ယောက်ပါ၊ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ အဆင့်ကို ကျော်လွန်တဲ့ အခါကျမှသာ သူဟာ ကလေးတစ်ယောက် ဖြစ်လာပါလိမ့်မယ်၊ အဲဒီ အခါကျမှသာ သူငယ်ကလေး ဆိုတဲ့ စကားလုံးဟာ အရေးပါလာပါလိမ့်မယ်"

"ခင်ဗျားရဲ့ ဝေါဟာရတွေကို ကျုပ် ဘာမှ စိတ်မဝင်စားဘူး၊ ကျုပ် တိတိကျကျ သိချင်တာက သူ ဘာ ဖြစ်နေသလဲ၊ ထပ်ပြီး တိတိကျကျ သိချင်တာက သူ့ကို ခင်ဗျား ဘယ်လို ကုသမလဲ ဆိုတာပဲ"

"တိတိကျကျ ကျွန်တော် ပြောရရင် ဒီကိစ္စတွေကို စင်္ကြံ ပေါ်မှာ ကျွန်တော် မဆွေးနွေးပါဘူး"

ခရစ်က ရေးနိုး ဒေါသအိုး ပေါက်ကွဲနေသည်ကို သူ မမြင်ဟန်ဆောင်၍ မျက်နှာကို သာသာနှင့် နာနာ နှက်လိုက်ပါသည်။

ခရစ်၏ သေးငယ် ပြွတ်သိပ်နေသော ရုံးခန်းကလေး အတွင်းသို့ ရောက်ရှိသည်အထိ သူတို့ စကား မပြောကြတော့ပါ။ ခရစ်က မတ်တတ်ရပ် နေသော ရေးနိုးကို ထိုင်ရန် ကုလားထိုင် တစ်လုံးအား ညွှန်ပြလိုက်သည်။ ရေးနိုးကလည်း သူ၏ အရပ် ထောင်ထောင်မောင်းမောင်းကြီးကို စွမ်းအားပြ သည့် အနေဖြင့် တမင် မတ်တတ်ရပ်နေခြင်းပင် ဖြစ်သည်။ သူများထက် ခေါင်းတစ်လုံး ပိုမြင့်သည် ဆိုသော အချက်ကို ပြနေခြင်းပင် ဖြစ်သည်။ ဤကား ရေးနိုး၏ အနှစ်သက်ဆုံး ဗျူဟာ တစ်ခုပင် ဖြစ်ကြောင်း နောင်အခါ တွင် ခရစ် သိရှိလာရပါသည်။ သူများတွေ ထိုင်နေကြစဉ်၌ သူက မတ်တတ်ရပ် ခြင်းဖြင့် လွှမ်းမိုးလိုက်ခြင်းပင် ဖြစ်သည်။

ရေးနိုးသည် အရပ် မြင့်၏။ သွယ်လျ၏။ အသက် ခြောက်ဆယ်ကျော် ဖြစ်သော်လည်း ကျန်းမာရေး ကောင်းမွန်လှ၏။ အသားမှာ နီမြန်းပြီး အစက်အပြောက်များ ရှိသည်။ အရေတွဲခြင်း မရှိ။ ပြည့်ပြီး တင်းနေသည်။ သူ့ အသံက စူးရှသည်။ သူ ဒေါသ ဖြစ်သောအခါ ကြောက်မက်ဖွယ်ရာ ကောင်း၏။ ဤအချက်ကို သူ၏ အလုပ်သမားများနှင့် သူ၏ ပြိုင်ဘက်များက ကောင်းစွာပင် သိရှိကြသည်။

ဂျွန်စတူးဝပ်ရေးနိုးနှင့် ပတ်သက်သော အကြောင်းများကို ခရစ်က မသိ မဟုတ်၊ သိပါသည်။ သို့သော် သူ ကျွမ်းကျင်သော ဆေးပညာ နယ်ပယ် တွင်မူ မည်သူ့ကိုမျှ အလျှော့ မပေးနိုင်ပါ။ အနိုင်ပုဂ္ဂိုလ်သည် အဘယ်မျှပင် အာဏာ ကြီးမားပါစေ အလျှော့ မပေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရေးနိုးသည် အခန်းတံခါး ပိတ်သွားသည်နှင့် တစ်ပြိုင်နက်ပင် သူ သိချင်သည့် အချက်များကို ထပ်မံ မေးပြန်သည်။

"ကလေး ဘာဖြစ်နေတယ် ဆိုတာကို ကျုပ် သိချင်တယ်၊ ဒေါက်တာ ဘာလုပ်ဖို့ စိတ်ကူးထားတယ် ဆိုတာကို သိချင်တယ်"

"အသ... ပြဿနာ တစ်ခုပဲ၊ ကျွန်တော် သူ့ကို စမ်းပြီး ကုနေပါပြီ"

"ဘယ်... ကုတာလဲ"

ရေးနိုးက တောင်းဆိုလိုက်သည်။

"ကျွန်တော် တတ်နိုင်သမျှ နည်းနဲ့ ကုတာပဲ၊ ဓာတ်ခွဲခန်း စစ်ဆေးချက် အဖြေတွေ မရမချင်း အထူး သတိထားပြီး လုပ်သွားရပါမယ်"

ခရစ်က ရှင်းပြသည်။

"ခင်ဗျား သူ့ကို ကုသတာ ဘာတစ်ခုမှ ကျုပ် မတွေ့ပါကလား ခင်ဗျား သူ့ ဆီက သွေးနမူနာ ထုတ်ယူမယ်၊ သွေးကြောသွင်းပိုက် တပ်ပေးတယ်၊ အဲဒီ သွေးကြောသွင်းပိုက် ထဲမှာ အထူး ဝတ္ထုပစ္စည်း တစ်ခုခု ပါလို့လား၊ တကယ်လို့ တစ်ခုခု ပါတယ် ဆိုရင် အဲဒါ ဘာလဲ ဆိုတာ ကျုပ် သိချင်တယ်"

"မစ္စတာ ရေးနိုး ခင်ဗျာ၊ လူကြီးမင်းဟာ ကူညီချင်တဲ့ ဆန္ဒ ရှိတယ် ဆိုရင် လူကြီးမင်း အနေနဲ့ လုပ်စရာ အလုပ် နှစ်ခု ရှိပါတယ်"

"အဲဒီ နှစ်ခု ထဲမှာ ငွေကိစ္စ ပါတယ် ဆိုရင်၊ ဒါမှ မဟုတ် ပါရဂူဆေး ခေတ်မီ ကိရိယာတွေကို လေယာဉ်ပျံနဲ့ သယ်ပေးရမယ် ဆိုရင်"

ရေးနိုးသည် ယခု ချက်ချင်းပင် ချက်လက်မှတ် စာအုပ်ကို ထုတ် ရေးတော့မည့်ဟန် ဖြစ်သည်။

"ပထမ ထိုင်ပါ၊ ဒုတိယ စကား မပြောပါနဲ့"

ခရစ်က အသံမှန်မှန် ငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။

ရေးနိုး၏ မျက်နှာကြီး ပိုပြီး တင်းမာသွားသည်။ ဒေါသကြောင့် မေး ပေါ်မှ ကြွက်သားများ တင်းမာလာသည်။ သို့သော် နောက်ဆုံးတွင် သူသည် ခရစ်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကဲ... ကျွန်တော်တို့ ဒီကိစ္စကို အေးအေးဆေးဆေး ဆွေးနွေး နိုင်ပါပြီ မစ္စတာ ရေးနိုး၊ ဦး သိချင်တာ အားလုံးကို ကျွန်တော် ဖြေပါ့မယ်"

"သူ ဘာဖြစ်တာလဲ"





ရေးနိုး မေးသည်။ ခရစ်ထက်ပင် တည်ငြိမ် အေးဆေးစွာနှင့် ဖြစ်သည်။

"အခုအထိတော့ ဘာ ဆိုတာ ကျွန်တော်တို့ မသေချာသေးပါဘူး"

ခရစ်က ပြောသည်။

"စိုးရိမ်စရာ ရှိသလား"

"အခုအထိတော့ မရှိသေးပါဘူး၊ ဒါပေမဲ့ အသားဝါ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းကို ကျွန်တော်တို့ ဓာတ်ခွဲခန်းက အဖြေပေးတဲ့အခါမှ အသေ အချာ သိရပါမယ်၊ အဲဒီအတွက် သွေးနမူနာ ထုတ်ယူရတာပါ၊ နောက်ပြီးတော့ အပြင်ဘက်က စက်ကိရိယာတွေနဲ့ ဆက်သွယ်ပေးထားရတာကလည်း ဒီ အတွက်ပါပဲ၊ အသားဝါနဲ့ ပတ်သက်တဲ့ နေရာမှာ လူနာဟာ ရောဂါ အခြေအနေ ဆိုးလာသလား၊ သက်သာသွားသလား ဆိုတာကို နာရီမပြတ် ဟော်ဒီက ကလေး ကြာအောင် စမ်းသပ် စစ်ဆေး ကြည့်နေဖို့ လိုပါတယ်"

"ဒါပေမဲ့ ဒေါက်တာ အနေနဲ့ သူ့ကို စကုနေပါပြီလို့ ခုနက ပြောခဲ့ တယ် မဟုတ်လား၊ သူ ဘာဖြစ်တယ်ဆိုတာ မသိဘဲနဲ့ သူ့ကို ဘယ်လို လုပ်ပြီး ဒေါက်တာ ကုနိုင်မလဲ"

ရေးနိုး စီမံကိန်းများတွင် ပါဝင် လုပ်ဆောင်နေကြသော ဗိသုကာများ၊ အင်ဂျင်နီယာများသည် ဤလို မေးခွန်းများကို မကြာခဏ မေးမေးကြရလိမ့် မည်ဟု ခရစ် စဉ်းစားမိသည်။

"မွေးကင်းစ ကလေးတစ်ယောက်ဟာ အကြောင်းအမျိုးမျိုးကြောင့် အသားဝါ ဖြစ်သွား နိုင်ပါတယ်၊ အမှန်အတိုင်း ပြောရရင်တော့ မွေးကင်းစ ကလေး အများစုဟာ အသားဝါ အပျော့စားကလေး ဖြစ်တတ်ပါတယ်၊ အဲဒါ ကို ဖီဝကမ္မ အသားဝါလို့ ခေါ်ပါတယ်"

"ဒီကိစ္စဟာ ဖြစ်ရိုးဖြစ်စဉ် ဆိုလို့ ရှိရင် ကိုးမင်း အနေနဲ့ ဘာဖြစ်လို့ အရေးတကြီး ဖြစ်ရတာလဲ"

ရေးနိုးက မယုံသင်္ကာဟန် မေးသည်။

"ကိုးမင်း ဟုတ်လား"

သည် အမည်ကို ခရစ် အနေနှင့် ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်သည်။

"ကျုပ် သမီးရဲ့ သားဖွား ဆရာဝန်ကြီး ဒေါက်တာ မစ်ချဲ ကိုယ်စား လုပ်ပေးနေတဲ့ ဆရာဝန် ကလေးပဲ၊ မစ်ချဲက တုပ်ကွေး ဖြစ်နေပြီ၊ ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကူးမှာ စိုးတာနဲ့ ကိုးမင်းကို လွှဲပေးထားတာ၊ မစ်ချဲဟာ အင်မတန် တော်တဲ့ လူကြီးပဲ၊ အကောင်းဆုံး လူ တစ်ယောက်ပဲ၊ အင်မတန်လည်း တိကျ သေချာ တယ်"

"ကျွန်တော် ကြားဖူးပါတယ်"

ခရစ်က ထောက်ခံလိုက်သည်။

"ဒီဝကမ္မ အသားဝါက ဖြစ်ရိုးဖြစ်စဉ် ဆိုရင် ကိုးမင်းက ဘာဖြစ်လို့ ကလေးကို ဒီဆေးရုံ လွှဲပေးလိုက်ရတာလဲ"

ရေးနိုးက သူ့ မေးခွန်းကို ထပ်မေးသည်။

"ကြိုတင် သတိထားတဲ့ အနေနဲ့ ဖြစ်ပါလိမ့်မယ်" ခရစ်က သူ တစ်ကြိမ် တစ်ခါမျှ မတွေ့ဘူးသော ကိုးမင်း ဆိုသူကို ကာကွယ်လိုက်သည်။ သာမန် အရပ်သားများသည် ဆရာဝန်တွေကို အပြစ် တင်ချင်ကြသည်။

"အသားဝါ ဖြစ်တဲ့ နေရာမှာ စိုးရိမ်စရာ အခြေအနေကတော့ အချက် နှစ်ချက် ပေါ်မှာ တည်နေတယ်"

"ဘယ်လိုဟာတွေလဲ"

"မန်းတက်ခြင်း၊ ကူးစက်ခြင်း တစ်မျိုးပေါ့၊ ဒါမှမဟုတ် အောက် မတည့်ခြင်း၊ အေဘီအို မတည့်ခြင်း ဆိုတာက အမေရဲ့ သွေးနဲ့ ကလေး သွေး မတည့်တာဘဲ၊ ဒါမှမဟုတ် အာရ်အိပ်ချ် မတည့်ခြင်း၊ အခု ကိစ္စမှာ အာရ်အိပ်ချ် မတည့်တာ ဖြစ်ဖို့ များတယ်၊ ဒါမှမဟုတ် ကလေးက လမစေ့ခင်

"လမစေ့တာ မဟုတ်ဘူး၊ နေ့မစေ့တာပဲ၊ မွေးရမယ့် ရက်ထက် နှစ်ပတ်လောက် စောတာပဲ၊ အလွန်ဆုံး စောရင် သုံးပတ်ပေါ့၊ ဒေါက်တာ မစ်ချဲရဲ့ အဆိုပဲ၊ နောက်ပြီးတော့ သူဟာ ကိုယ်အလေးချိန် ဂရမ် နှစ်ထော ငါးရာတောင် ရှိတာမို့လို့ သူ့ကို လမစေ့ခင် မွေးတာလို့ မပြောနိုင်ဘူး"

ရေးနိုးက ကြားဖြတ်ပြီး ရှင်းသည်။

ရေးနိုး၏ ဗဟုသုတကို ခရစ် အံ့သြရသည်။ သည်လို ပုဂ္ဂိုလ်မျိုးသည် သူတို့ သိချင်သည့် အကြောင်းအရာ၊ သူတို့အဖို့ အရေးကြီးသည့် အကြောင်း အရာနှင့် ပတ်သက်ပြီး အားလုံးကို သိရှိလိုသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။

"ဦးရဲ့ သားဟာ လမစေ့ဘဲ မွေးတဲ့ ကလေးလို့ ကျွန်တော် မဆို ပါဘူး" ခရစ်က မြေး အစား သားဟု သုံးလိုက်သည်။ "ဒါပေမဲ့ နေ့မစေ့ မွေးတဲ့ ကလေးတစ်ယောက်ဟာ နေ့စေ့လစေ့မှာ မွေးတဲ့ ကလေးထက် ပို





ဟော့မှ အသားဝါ ဖြစ်နိုင်ပါတယ်၊ အကြောင်းကတော့ သွေးနဲ့ ဆိုင်တယ်၊ အင်မတန် ရှုပ်ထွေးတဲ့ သွေးဓာတုဗေဒနဲ့ ဆိုင်တယ်"

"ကျုပ်ကို ရှင်းပြနိုင်ပါတယ်၊ ကျုပ် ငတုံး တစ်ယောက် မဟုတ်ပါဘူး"

"ရှင်းပြလို့ ဘာမှ အကျိုး မထူးနိုင်ပါဘူး"

"အဲဒီ ကိစ္စကို ကျုပ် ဆုံးဖြတ်ပါ့မယ်၊ ဒေါက်တာ အနေနဲ့က ကျုပ်ကို ရှင်းပြဖို့ပဲ"

ရေးနိုး၏ အသံ အတန် တင်းမာလာသည်။

"မွေးကင်းစ တစ်ယောက်ရဲ့ သွေး ပြောင်းလဲမှု အဖြစ်အနေ အရပ်ရပ် ကို သာမန် လူတစ်ယောက်ကို ရှင်းပြဖို့ ကျွန်တော့်မှာ စိတ်ကူး မရှိပါဘူး၊ မဖွတာ ရေးနိုး၊ ရှင်းပြဖို့ အချိန်လည်း မရှိပါဘူး၊ နောက်ပြီးတော့ ဘာမှလည်း အကျိုးထူးမှာ မဟုတ်ပါဘူး၊ လူကြီးမင်းရဲ့မြေးဟာ အခုအချိန်မှာ အကောင်း ဆုံးနဲ့ အတတ်နိုင်ဆုံး ကုသမှုကို ခံယူနေရပါတယ်၊ နောက်ပြီးတော့ သူ့ရဲ့ အသားဝါ အတိမ်အနက်ကို အမြန်ဆုံးနဲ့ အမှန်ကန်ဆုံး သိရှိနိုင်ဖို့လည်း ကျွန်တော်တို့ ကြိုးစားနေကြပါတယ်"

ခရစ်က ဆွေးနွေးပွဲ ပြီးဆုံးသည့် သဘောဖြင့် ပြောလိုက်သည်။

"ဒီမယ် ဒေါက်တာ၊ ကျုပ်ဟာ ဘာမှ နားမလည်တဲ့ နလပိန်းတုံး ကုသိုလ်ဖြစ် လူနာ တစ်ဦး မဟုတ်ပါဘူး၊ အဲဒီလို လူမျိုးသာ ဒီလို အထက်စီး ဆက်ဆံတာကို လက်ခံမယ်"

ရေးနိုး မတ်တတ် ရပ်လိုက်သည်။ သူ့ အရပ်ကြီးက ခရစ်ကို မိုးသွား သည်။ ခရစ် မလှုပ်ပါ။ လှုပ်ရှားရန်လည်း စိတ်ကူး မရှိပါ။

"နလပိန်းတုံး ကုသိုလ်ဖြစ် လူနာတွေကို ရှင်းပြရတာက အခုလောက် မခက်ခဲပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က ကျွန်တော်တို့ ပြောတာကို နားထောင်တယ်၊ ကျွန်တော်တို့ ပြောတာကို သူတို့ ယုံတယ်၊ သူတို့ရဲ့ ကလေး တွေကို ကျွန်တော်တို့က အတတ်နိုင်ဆုံး ပြုစု ကုသ လိမ့်မယ်လို့ သူတို့ စိတ် ထဲမှာ ယုံကြည် စိတ်ချပြီး ပြန်သွားကြတယ်"

ခရစ်က ရေးနိုးကို မော့ကြည့်ရင်း တည်ငြိမ် အေးဆေးစွာဖြင့် ပြော လိုက်သည်။

"မင်းဟာ တော်တော် ရိုင်းတဲ့ လူငယ် တစ်ယောက်ပဲ" ရေးနိုး ပေါက်ကွဲ သည်။ "ဆိုဗို ဆီကို ကျုပ် ဖုန်းဆက်ပြီး မင်းကို ဒီကိစ္စက အဖယ် ခိုင်းလိုက် မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောရရင် အဲဒီလို လုပ်စေချင်လိုက်တာဗျာ"

"ကျုပ် ပြောတဲ့အတိုင်း သူ မလုပ်ဘူးလို့များ မထင်လိုက်နဲ့၊ သူ့ကို မောင့်ဆိုင်းနိုင်းကနေ ဒီကို ခေါ်တာ ကျုပ်ပဲ၊ ဂျူးတစ်ယောက်ကို ဌာနမှူး ခန့်ဖို့ ကိစ္စမှာ ကျန်တဲ့ ဘုတ်အဖွဲ့ဝင်တွေ အားလုံး ဒွိဟ ဖြစ်နေကြတယ်၊ ကျုပ်က သူတို့ကို ပြောရတယ်၊ ဆေးလောကနဲ့ ပတ်သက်လာရင် အကောင်း ဆုံး လူကို ရအောင်ရှာပါလို့ ကျုပ်က ပြောရတယ်၊ အဲဒီ အကောင်းဆုံး လူဟာ ဂျူးတစ်ယောက် ဖြစ်နေရင်လည်း သူ့ကို ရအောင်သာ ခေါ်ပါ"

"သိပ်ဟုတ်တာပေါ့ ခင်ဗျာ၊ ဆရာကြီး ဆိုဗိုဟာ အကောင်းဆုံးပါပဲ"

ခရစ်က ပြောလိုက်သည်။

"ကျုပ် ပြောချင်တာက ဒါ မဟုတ်ဘူး၊ ကျုပ် ပြောချင်တာက ဒေါက်တာရဲ့ ဆရာဝန် ဘဝကို ဆုံးဖြတ်နိုင်တဲ့ လူ တစ်ယောက်ဟာ ဒေါက်တာ့ ဆီမှာ သူ့ မြေးနှင့် ပတ်သက်တဲ့ အချက်တွေကို မေးနေတယ်၊ အဲဒါကို ဒေါက်တာက နားလည်မှု ရှိစွာနဲ့ သူ့ကို မပေးနိုင်ဘူး"

"ကျွန်တော်တို့ လက်ထဲမှာ အခု ရရှိထားတဲ့ အချက်အလက်တွေ အားလုံး ဦးကို ကျွန်တော် ပေးပြီးပြီပဲ"

"ဒီရောဂါနဲ့ ပတ်သက်ပြီး ဘယ်လို ဖြစ်နိုင်တယ် ဆိုတာကို ကျုပ် သိချင်တယ်၊ ဘယ်လို ဘေးအန္တရာယ်တွေ ရှိနိုင်တယ် ဆိုတာကို သိချင်တယ်၊ အဲဒီ ဘေးအန္တရာယ်တွေကို ကျော်လွှားနိုင်ဖို့ ဘယ်လို လုပ်နိုင်မယ် ဆိုတာကို သိချင်တယ်"

ရေးနီး တောင်းဆိုသည်။

ရေးနီး၏ ခြိမ်းခြောက်မှုသည် မိမိကို ရည်ရွယ်သည်ထက်၊ ဆိုဗိုကို ရည်ရွယ်ခြင်း ဖြစ်ကြောင်း ခရစ် သိမြင်သဖြင့် ရေးနီး၏ အမျက် လျော့ပေါ့ရေး လျော့ပေါ့ကြောင်း တစ်ချက် ကြိုးစား ကြည့်သည်။

"ဖြစ်နိုင်တဲ့ အချက်တွေနဲ့ ဘေးအန္တရာယ်တွေကို သိရလို့ ဦးမှာ ဘယ်လိုမှ အကျိုး မရှိနိုင်ပါဘူး မစ္စတာ ရေးနီး"

"ကျုပ်မှာ သိပိုင်ခွင့် ရှိတယ်"

ရေးနီး ပြတ်သားသည်။

"ကျွန်တော် ထင်တာ ပြောရရင်တော့ သူ့ အမေမှာ သိပိုင်ခွင့် ရှိပါတယ်၊ ဒါမှမဟုတ် သူ့ အဖေမှာ"





"သူ့ အမေက ခက်ခက်ခဲခဲ မီးဖွားခဲ့ရတဲ့ အဖြစ်က သက်သာစပဲ ရှိသေးတယ်၊ သူ့ အဖေကတော့ အလုပ်ကိစ္စနဲ့ ဖရီး သွားနေတယ်၊ လုပ်ငန်း တစ်ခုအတွက် စိန့်လူးဝစ်ကို ကျုပ် လွှတ်ထားတယ်"

"သူက ဦး ဆီမှာ လုပ်သလား"

"ဟုတ်တယ်၊ ကျုပ် ဆီမှာ လုပ်တယ်"

"ဒီလို အချိန်မျိုးမှာ စိန့်လူးဝစ်ကို တခြား တစ်ယောက်ကို လွှတ်လို့ မရဘူးလား"

ခရစ်က မေးလိုက်သည်။

ရေးနီး မဖြေပါ။ ခရစ်ကိုသာ စူးစိုက်ပြီး ကြည့်နေသည်။ အထက်ပါ အချက်ကို ပြောကြားပြီးနောက် ခရစ်သည် အဘိုးကြီးကို အပြုံးမပျက် ရှင်းပြ လိုက်ခြင်းသည်သာ အကောင်းဆုံး ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဦး အနေနဲ့ အခြေအနေ အရပ်ရပ်ကို စိစဉ်တာ ဆိုတော့ ဒီကလေး ကိစ္စနဲ့ ပတ်သက်ပြီး ဦးပဲ တာဝန်ခံ ဖြစ်နေတော့တာပေါ့၊ အဲဒီတော့ ဦးကို ရောဂါနဲ့ ဆက်စပ်တဲ့ အချက်တွေ အားလုံး ကျွန်တော် ရှင်းပြပါ့မယ်"

အဘိုးကြီး အမူအရာ အတန်ငယ် ပျော့ပျောင်း သွားသည်။ နောက် ဆုံးတွင် သူ ဖြစ်ချင်သည့် အတိုင်း ဖြစ်လာပြီ မဟုတ်ပါလား။

"ဂျွန်းဒစ် ဆိုတဲ့ အသားဝါခြင်း သဘောဟာ သွေးဆဲလ်နီဥပျက် ရောဂါရဲ့ ရလဒ်ပဲ၊ ဒီရောဂါရဲ့ သဘောကတော့ ကလေးရဲ့ သွေးဖြည့်တင်းမှု ကို ဖျက်ဆီး ပစ်နေတာပဲ၊ ဒီရောဂါဟာ အပယိကလည်း ဖြစ်နိုင်တယ်၊ ဒါမှ မဟုတ် အန္တရာယ်လည်း ကြီးနိုင်တယ်၊ အလွန့်အလွန် အန္တရာယ် ကြီးနိုင်တယ်"

"ကျုပ် မြေးရဲ့ အခြေအနေက ဘယ်လိုလဲ"

"တစ်ဆိတ် ကျေးဇူးပြုပြီး နားထောင်ပါ၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ကျွန်တော် စောစောက ပြောခဲ့တဲ့ အကြောင်း တစ်ခုခုကြောင့် သွေးဆဲလ်နီ ပျက်ပြီ ဆိုရင် အဲဒီလူရဲ့ အသားတွေဟာ ဝါလာတော့တာပဲ၊ အသားဝါ ဖြစ်တာပဲပေါ့၊ သွေးဆဲလ်နီတွေ ပျက်သွားတဲ့ အခါမှာ သွေးယမ်းကြောင်း ထဲကို အဝါရောင် ဝတ္ထုပစ္စည်းတွေ ထုတ်လွှတ်တော့တာပဲ၊ အဲဒီ အဝါရောင် ဝတ္ထုပစ္စည်းကို ကျွန်တော်တို့က ဗီလီရူဗင်လို့ ခေါ်တယ်၊ အဲဒီ အဝါရောင် ပစ္စည်းဟာ ဂျွန်းဒစ် ဖြစ်တဲ့ လူရဲ့ အသားတွေကို ဝါစေတာပဲ၊ လူမမာရဲ့ အခြေအနေ ဘယ်လောက် ကောင်းတယ် ဆိုးတယ် ဆိုတာ၊ ပြဿနာ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေ ဘယ်လောက် ဆိုးရွားတယ် ဆိုတာ သွေးထဲမှာ ဗီလီရူဗင် ဘယ်လောက် ရာခိုင်နှုန်း ပါတယ် ဆိုတဲ့ အခြေအနေ ပေါ်မှာ တည်တာပဲ၊ ရာခိုင်နှုန်း နည်းတယ် ဆိုရင် ဘာမှ မဖြစ်နိုင်ဘူး၊ ရှိနေတဲ့ ဗီလီရူဗင်ဟာ ပျောက်ကွယ် သွားပြီး ဘာမှ အန္တရာယ် မပေးနိုင်တော့ဘူးပေါ့"

"ရာခိုင်နှုန်း မနည်းဘူး ဆိုရင်ကော"

ရေးနိုးက အဖြေ တောင်းလိုက်သည်။

"ကလေးရဲ့ ကိုယ်တွင်းမှာ ဗီလီရူဗင် နှစ်ဆယ် ရာခိုင်နှုန်း ရှိနေပြီ ဆိုရင် အန္တရာယ် ရှိပြီပဲ၊ တစ်ဆယ့်ငါး ရာခိုင်နှုန်း ဆိုရင်ပဲ ကျွန်တော်တော့ စိတ်ပူနေပြီ၊ တစ်ခါတလေမှာ ဒါထက် နည်းတဲ့ အခြေအနေမှာတောင် စိုးရိမ် ရတယ်၊ လူနာရဲ့ အခြေအနေ ပေါ်မှာ တည်လို့ပေါ့"

"အန္တရာယ် ရှိတယ်လို့ ဒေါက်တာ ပြောတယ်၊ ဘယ်လို အန္တရာယ် ရှိတာလဲ"

"ဗီလီရူဗင် သိပ်များပြီ ဆိုရင် ဦးနှောက် ထဲကို ရောက်သွားနိုင်တယ်၊ အဲဒီမှာ ဗီလီရူဗင် အနည်း အများ အလိုက် ထိခိုက်စေနိုင်တာပဲ"

"ဘယ်လိုမျိုး ထိခိုက်နိုင်တာလဲ၊ ဥပမာ..."

"ကျွန်တော်တို့ အခေါ်အရ သည်းခြေရည် ဦးနှောက်စွဲခြင်း ဆိုတာ ဖြစ်နိုင်တယ်"

"အဲဒါက..."

"ဦးနှောက် ညာတံမှာ ဖြစ်တဲ့ အပေါ်မှာ တည်လို့ပဲ"

"ဒေါက်တာ ပြောတာက ကလေးရဲ့ ဦးနှောက်ကို ထိခိုက်နိုင်တယ် လို့လား"

"ဟုတ်ပါတယ်၊ မျက်စိ အာရုံကို ထိခိုက်နိုင်ပါတယ်၊ စကား ပြောတာ ကို ထိခိုက်နိုင်ပါတယ်၊ ကိုယ်လက် အင်္ဂါတွေကို ထိခိုက်နိုင်ပါတယ်၊ ဒါ မဟုတ် ဦးနှောက် တစ်ခုလုံးရဲ့ လုပ်ဆောင်မှု ပျက်ပြား သွားနိုင်ပါတယ်"

ခရစ်သည် ဗီလီရူဗင် များပြား ရှည်ကြာမှုကြောင့် ဖြစ်ပေါ်နိုင်သော အခြေအနေဆိုးများကို ထိန်းချုပ် မထားတော့ပါ။

"ဒေါက်တာ ပြောတဲ့ သဘောက ကျုပ် မြေးဟာ..." ရေးနိုးသည် မေးမည်ပြုပြီးမှ မမေးတော့ဘဲ "ဒီမယ် ဒေါက်တာ ပိုက်ဆံ ကုန်တာကို ကျုပ် နည်းနည်းမှ ဂရုမစိုက်ဘူး၊ ဘယ်လောက်ပဲ ကုန်ကုန် ကုန်ပါစေ၊ လိုအပ်တဲ့





ပါရဂူတွေကို လေယာဉ်ပျံနဲ့ ခေါ်ပါ၊ လေယာဉ်ပျံ ဘယ်နှစင်းပဲ ဖြစ်ဖြစ် ခေါ်ပါ၊ ကလေးအနေနဲ့ အကောင်းဆုံး ဆိုတာတွေကို ကျုပ် ရစေချင်တယ်"

"သူဟာ အခုလည်း အကောင်းဆုံး ဆိုတာတွေကို ရနေပါတယ်"

"သူ ဘာရလို့လဲ၊ အားဆေး သွင်းပေးထားတာပဲ ရှိတယ်"

"အဲဒီ အားဆေးထဲမှာ ပဋိဇီဝ ဆေးတစ်မျိုး ပါပါတယ်၊ တကယ်လို့ သူ့ရဲ့ သွေးလမ်းကြောင်း ထဲမှာ ရောဂါကူးစက်နိုင်တဲ့ ပိုးမွှားတွေ ရှိနေလို့ ရှိရင် ဓာတ်ခွဲခန်း အစီရင်ခံစာ မရခင် ကြိုပြီး နှိမ်နင်းထားတဲ့ သဘောပါပဲ၊ ဒီဥစ္စာက ချက်ချင်း လက်ငင်း ကုသခြင်းရဲ့ အစိတ်အပိုင်း တစ်ခုပဲ"

"အစိတ်အပိုင်း တစ်ခု ဟုတ်လား၊ ကလေးကို အခြား တစ်မျိုး ကုသတာ ကျုပ် မတွေ့ရပါကလား"

"တွေ့ပါတယ်၊ ဦး မသိလို့ပါ"

"ကျုပ် ဘာတွေ့လို့လဲ"

ရေးနိုး ပေါက်ကွဲသည်။

"ပလတ်စတစ် လှောင်အိမ် ပေါ်က အုပ်ဆောင်းကြီးကို ကျွန်တော် နှိမ့်ချတာ ဦး တွေ့တယ် မဟုတ်လား"

အဘိုးကြီး ခေါင်းညိတ်သည်။

"အဲဒါ ဖိုတိုသရဖီ ခေါ်တဲ့ အလင်းကုထုံးနည်းပေါ့"

"အလင်း ကုထုံးနည်း၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အလင်း ကုထုံးနည်းပါ၊ အသားဝါခြင်းကို အပြာရောင် အလင်းနဲ့ ကုသတဲ့နည်းပါ"

"အပြာရောင် အလင်း ဆိုတာက ရိုးရိုး မီးရောင်တွေပဲ၊ ကုန်တိုက်ကြီး တွေမှာ၊ ရုံးတွေမှာ သုံးတဲ့ မီးချောင်းတွေပဲ"

"ဟုတ်ပါတယ်"

"အဲဒါကို ခင်ဗျားက ကုထုံးလို့ ခေါ်သလား၊ ခင်ဗျားက ဒီမှာ ဒေါက်တာရမ်းကု လုပ်နေတာပဲ၊ ဒေါက်တာ ဆိုဗိုကို ဖုန်းဆက်စမ်းဗျာ"

"ဒီအချိန်မှာ သူ စာသင်နေပါတယ်"

"ကျုပ် မြေးနဲ့ ပတ်သက်တဲ့နေရာမှာ ဘယ်သူ ဘာလုပ်နေတာကိုမှ ကျုပ် နည်းနည်းမှ ဂရုမစိုက်ဘူး၊ သူ့ ဆီကို ဆက်ပါ"

"မစ္စတာ ရေးနိုး ခင်ဗျာ၊ ဒေါက်တာဆိုဗို ကို စာသင်ခန်းထဲက ခေါ်ထုတ် တဲ့ အတွက် လူကြီးမင်းရဲ့ မြေးမှာ ဘာတစ်ခုမှ အကျိုး ဖြစ်မလာနိုင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တတ်နိုင်တာကို ကျွန်တော်တို့ လုပ်နေကြပါတယ်၊ ခဏနေလို့ ရှိရင် အခြေအနေကို ပိုပြီး သိကြရပါလိမ့်မယ်၊ လောလောဆယ်မှာတော့ လူကြီးမင်းကို အခု ကျွန်တော် ပြောသွားတာတွေထက် ပိုပြီး ဘယ်သူမျှ မပြော နိုင်ပါဘူး၊ ဆရာကြီး ဆိုဗိုလည်း မပြောနိုင်ပါဘူး"

"သူ့ကို စာသင်ခန်းက အခု ခေါ်ပါ" ရေးနီး အော်လိုက်သည်။ သို့သော် မိမိစိတ်ကို မထိန်းနိုင်ဘဲ ဟစ်အော်နေမိသည်ကို သူ ရုတ်တရက် သတိပြုမိသွားဟန်ဖြင့် ပါးစပ် ပိတ်သွားသည်။ ပြီးတော့မှ လေသံတိုးတိုးဖြင့် ဆက်ပြီး ပြောသည်။ "ဒီမယ် ဒေါက်တာ ကျုပ် ပြောတာကို စဉ်းစားကြည့်ပါ၊ သူဟာ ကျုပ် မြေးပါ၊ ရေးနီး မိသားစုရဲ့ တစ်ဦးတည်းသော အမွေစား အမွေခံ သားယောကျ်ားကလေးပါ၊ ပလတ်စတစ် သေတ္တာကလေးထဲက သူငယ် ကလေးဟာ လူ့ဘဝမှာ သူ ဖြစ်ချင်တာ ဘာမဆို ဖြစ်နိုင်တဲ့ လူ တစ်ယောက်ပါ၊ အမေရိကန်ပြည်ထောင်စုကြီးရဲ့ သမ္မတ ဖြစ်ချင်ရင်လည်း ဖြစ်နိုင်ပါတယ်၊ သူ့ အနေနဲ့ အသက်ရှင် တည်တံ့နေဖို့ လိုပါတယ်၊ ကျန်းမာ သန်စွမ်းနေဖို့ လိုပါတယ်"

သည်တစ်ကြိမ်မှာ အဘိုးကြီး ပြောနေသည်က အငြင်းအခုံ ပြုလုပ်နေသည်ထက် တောင်းပန် တိုးလျှိုးနေသည်နှင့် တူပါသည်။

"မစ္စတာ ရေးနီး ခင်ဗျာ၊ သူ့ အနေနဲ့ လုံးဝ ပကတိ ကျန်းမာ ချမ်းသာဖို့ အခွင့်အလမ်းတွေ အများကြီး ရှိနေပါတယ်၊ ပက်ကဆိုက် ဆေးရုံက လွှဲပေးလိုက်တဲ့ မှတ်တမ်းမှာပါတဲ့ အချက်တွေဟာ မှန်ကန်မယ်လို့ ဆိုရင် သူ့ရဲ့ ကျန်းမာရေးဟာ ဘာမှ စိုးရိမ်စရာ မရှိဘူးဆိုတာ ကျွန်တော် ပြောနိုင်ပါတယ်၊ သူ့ ဘက်က အလေးချိန် အများကြီး စီးနေပါတယ်"

"ဒါပေမဲ့ ဒေါက်တာဟာ စောစောပိုင်းကတော့ အခုအတိုင်း ယူဆပုံ မရဘူး၊ မှန်ပြတင်းပေါက်ကနေပြီး ကျုပ် ကြည့်နေတော့ ဒေါက်တာဟာ ဘဝင်မကျ ဖြစ်နေတယ်၊ ဒေါသ ဖြစ်နေတယ်"

"ကျွန်တော်လည်း ဦး လိုပဲ၊ ဖြုန်းခနဲ ဒိုင်းခနဲ စိတ်ဆိုးတတ်တယ်"

ခရစ်က အဖြစ်မှန်ကို ဖုံးကွယ်သည့် အနေဖြင့် ပြုံးလဲ့ကာ ပြောဆိုသည်။

"ဒေါက်တာ စိတ်ဆိုးပုံက ဒီသဘောမျိုးထက် ပိုတယ်"





"ဟုတ်တယ် အမှန်ပဲ၊ မှတ်တမ်း ထဲမှာ ဦး မြေးရဲ့ ဂီလီရူဗင် နှုန်းဟာ တစ်ဆယ် အထက်မှာ ကျော်နေတယ်"

"ဘယ်လောက် ကျော်သလဲ"

"တစ်ဆယ့်လေး"

"ဆိုးတာပေါ့"

"ဆိုးတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မကောင်းဘူး"

"ကျုပ်ကို အကွေ့အဝိုက်တွေ လုပ်မနေပါနဲ့"

"တစ်ဆယ့်လေးဟာ တစ်ဆယ်ထက် ဆိုးတယ်၊ ဒါပေမဲ့ နှစ်ဆယ်နဲ့ အဝေးကြီး ရှိနေသေးတယ်၊ နှစ်ဆယ်ကတော့ သေသေချာချာ ဆိုးတာပဲ"

"တစ်ဆယ့်လေး ဆိုတော့"

ရေးနီးသည် သူ့ စကားကို ဆုံးအောင် ဆက်မပြောဘဲ အခြေအနေကို တွက်ချက်နေဟန် ရှိသည်။

"မကောင်းဘူးလို့ ကျွန်တော် ပြောခဲ့တယ်၊ ဒါကြောင့်လည်းပဲ အလင်း ကုထုံးနည်းကို ကျွန်တော် အမြန်ဆုံး သုံးခဲ့တာပဲ၊ အဲဒီ ကုထုံးနည်းက ဗီလီရူဗင် နှုန်းကို လျော့ဆင်းစေတယ်"

"ဒီနည်းက အမြဲတမ်း အကျိုး ဖြစ်သလား"

"သိပ် ဆိုးရွားတဲ့ အခြေအနေမှာ မဟုတ်ရင် အမြဲတမ်း အကျိုး ဖြစ်ပါတယ်"

ရေးနီး အနည်းငယ် စိတ်သက်သာရာ ရသွားဟန် ရှိသည်။

"မီးချောင်းတွေကို ဖွင့်ပေးရုံနဲ့ အကျိုး ဖြစ်ရောလား"

"မှန်ပါတယ်"

"အခြေအမြစ်တော့ သိပ် မရှိလှဘူး၊ ဘယ်လို လုပ်ပြီး အကျိုး သက်ရောက်သလဲ"

"ဒီလိုပါ၊ မီးချောင်း အပြာက ထွက်တဲ့ အလင်းတန်း ကြိမ်နှုန်းဟာ ဗီလီရူဗင်ရဲ့ ခွင်ကျ ကြိမ်နှုန်းချင်းနဲ့ အတူတူပဲ ဖြစ်တယ်၊ ဖရီကွင်စီ ဖိုးဖော် ကိဖိုး ရှိတယ်၊ ကျွန်တော်တို့ဟာ ကလေးငယ်ရဲ့ ကိုယ်ခန္ဓာကို ခွင်ကျ ကြိမ်နှုန်း တူညီတဲ့ လင်းရောင်ခြည်ကို ပေးလိုက်လို့ ရှိရင် ဗီလီရူဗင်တွေဟာ အရည်ပျော် ပျက်ပြီး ကလေးငယ်ရဲ့ ကျောင်ငယ်ရှည်ထဲကနေ ထွက်သွားပါတယ်၊ သူ့ရဲ့ ကိုယ်ခန္ဓာကို စိုးရိမ်ဖွယ်ရာ အဆင့်ကနေ လျော့ကျ သွားစေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရေးနိုးသည် ခရစ်ကို ငေးစိုက်ကြည့်နေသည်။ ဘဝင်ကျဟန် မရှိပါ။

"ဘိုဂျင်းဆိုတဲ့ လူ တစ်ယောက်က သူ့ အသံနဲ့ မှန်ချပ်ကို ကွဲစေတဲ့ နည်းမျိုးပါပဲ၊ သီချင်းသံနဲ့ မှန်ချပ်ဟာ ကြိမ်နှုန်း တစ်ခုတည်း ပေါ်မှာ တုန်ခါ လို့ ရှိရင် မှန်ချပ်ဟာ ကွဲသွားတော့တာပဲ၊ ဖရီကွင်စီ ကြိမ်နှုန်းချင်း ညီဖို့ အရေးကြီးပါတယ်"

ခရစ် ဆက်ပြီး ရှင်းသည်။ သို့သော် ရွှန်ရေးနိုး ဘဝင်မကျ နိုင်သေးဘဲ ရှိနေသည်ကို တွေ့ရသည်။

"နေမကောင်းနေတဲ့ ကလေးတစ်ယောက်ကို ဒီနည်းနဲ့ ကုရတယ် ဆိုတာ အဓိပ္ပာယ်တော့ မရှိလှဘူး"

သူ ထွက်ဆိုသည်။

"ဘာဖြစ်လို့ အဓိပ္ပာယ် မရှိရမှာလဲ၊ လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက် ကတည်းက မိန်းမကြီးတွေ ပြောလာတဲ့ စကား တစ်ခု ရှိတယ်၊ အသားဝါ ဖြစ်နေတဲ့ ကလေးတစ်ယောက်ကို ပြတင်းပေါက်နားမှာ ထားလိုက်ပါတဲ့၊ အဝါ ဆုံး ပျောက်သွားပါလိမ့်မယ်တဲ့၊ တစ်နေ့ကျတော့ ဒီကုနည်းကို ဆရာဝန် တစ်ယောက်က လေ့လာ စူးစမ်းကြည့်တယ်၊ နေရောင်ခြည်ကြောင့် ပျောက်တာ လား ဒါမှမဟုတ် ရိုးရိုး အလင်းရောင်ကြောင့် ပျောက်တာလား ဆိုတာကိုပေါ့ အဲဒီအခါမှာ အလင်းရောင်ကြောင့် ပျောက်ကင်းတယ် ဆိုတာကို တွေ့လာ တယ်၊ အလင်းရောင်တွေ ထဲမှာ အပြာရောင်ဟာ အကောင်းဆုံးပဲ၊ ဒီနည်းကို အများသုံး ကုထုံးအဖြစ် အသုံးပြုလာကြတာ နှစ်ပေါင်း အတော်ကလေးတော့ ကြာသွားပြီ၊ ခာတ်ခွဲခန်း အစီရင်ခံစာကို စောင့်နေရတဲ့အချိန်မှာ ဒီနည်းဟာ အေးအကင်းဆုံး ကုထုံးပဲ"

တယ်လီဖုန်း မြည်သည်။

"ဓာတ်ခွဲခန်းကပဲ ဖြစ်မယ်"

ယင်းသို့ ပြောပြီး စကားပြောခွက်ကို ခရစ် ကောက်ယူလိုက်သည်။ သို့သော် ဓာတ်ခွဲခန်းမှ မဟုတ်ပါချေ။ တစ်စုံတစ်ယောက်က ဟောပြောပွဲ ကိစ္စ မေ့နေမည် စိုး၍ သူ့ကို သတိပေးခြင်း ဖြစ်သည်။

"ကျွန်တော် မမေ့ပါဘူး၊ ကျွန်တော် လာခဲ့ပါ့မယ်"

ခရစ်က ပြောသည်။ ထို့နောက် စကားပြောခွက်ကို ပြန်တင်လိုက်ပြီး နောက်





"ဓာတ်ခွဲခန်းက မဟုတ်ဘူး"

ခရစ် တယ်လီဖုန်း ပြောနေစဉ် အတွင်းတွင် ရေးနိုးသည် သူ၏ ပါသနှင့် သံသယများကို ပြန်လည် စုစည်းမိသွားသည်။

"ကျုပ် မြေးငယ်ကလေး ဦးနှောက် ပျက်စီးသွားမလို ဖြစ်နေတဲ့ အချိန် မှာ ခင်ဗျားက ဘာမဟုတ်တဲ့ မီးချောင်းတွေ ဖွင့်ထားတဲ့ အလုပ်ပဲ လုပ်နိုင်တယ်"

ခရစ် သက်ပြင်း မှုတ်လိုက်သည်။ ဆေးပညာကို နားမလည်တဲ့ လူတွေ က ဘယ်လောက်ပဲ အသိဉာဏ် ရှိတယ် ပြောပြော၊ ဘယ်လောက်ပဲ ရှင်းပြ ရှင်းပြ နောက်ဆုံးကျတော့ တလွဲတချော်ကိုသာ အဓိပ္ပာယ် ကောက်ယူတတ် ကြသည်။

"ဒီမှာ မစ္စတာ ရေးနိုး၊ အခု အခြေအနေ အထိတော့ လူကြီးမင်းရဲ့ မြေးဟာ ဦးနှောက် ထိခိုက် ပျက်စီးနိုင်တဲ့ အန္တရာယ် ရှိနေတယ်လို့ ဘယ်သူ မှ ကောက်ချက် မချနိုင်ပါဘူး၊ ဦးက ဖြစ်နိုင်တဲ့ အခြေအနေတွေကို ပြော ပါ ဆိုလို့ ကျွန်တော်က ပြောပြတယ်၊ လောလောဆယ်မှာ ကျွန်တော်တို့ လုပ်ပဲက စောင့်ကြည့်ဖို့ပဲ ရှိတယ်၊ ဦး မြေးကလေးရဲ့ အခြေအနေ ကောင်းလာ မလား၊ ဆိုးလာသလား ဆိုတာကို ဓာတ်ခွဲခန်းက ကျွန်တော်တို့ကို ပြောလိမ့် မယ်၊ အခြေအနေ ကောင်းတယ် ဆိုရင် ကျွန်တော်တို့က ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး၊ အခြေအနေ ဆိုးတယ် ဆိုရင် ကျွန်တော်တို့ ဘာလုပ်ရမယ် ဆိုတာ ဆုံးဖြတ်ရမယ်၊ ဒါပေမဲ့ အခုအချိန်မှာတော့ ကျွန်တော်တို့ဟာ ကောက် ကာကို ကြိုပြီး ချထားလို့ မဖြစ်ဘူး၊ ကျွန်တော်တို့ဟာ လောကြီးလို့ မဖြစ်ဘူး၊ အစိုးဖက်စွန်း ရောက်လို့ မဖြစ်ဘူး၊ ဆရာဝန်တွေဟာ ခြောက်လှန့် တတ်သူတွေ မဟုတ်ဘူး၊ ခြောက်လှန့်တတ်သူတွေဟာလည်း ဆရာဝန် မဖြစ်နိုင်ဘူး"

"သူ့ အခြေအနေဟာ ဆိုးလာတယ် ဆိုရင် ဘယ့်နှယ် လုပ်မလဲ၊ ခင်ဗျားတို့ ဘယ်လို လုပ်နိုင်သလဲ"

ရေးနိုးက မေးသည်။

"တကယ်လို့ သူ့ အခြေအနေ ဆိုးလာတယ် ဆိုရင် ကျွန်တော်တို့ သူ့ကို သွေးဖလှယ် ပေးရမယ်"

"သွေးဖလှယ်မယ် ဟုတ်လား"

"ကလေးရဲ့ ပျက်ယွင်းသွားတဲ့ သွေးတွေကို အမျိုးအစားမှန်တဲ့ သွေး အသစ်နဲ့ တဖြည်းဖြည်းချင်း လဲပေးရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရစ်၏ ရှင်းပြချက်ကို ရေးနိုး ခေါင်းတဆတ်ဆတ် ညိတ်ပြီး နား ထောင်နေသည်။ ခရစ်၏ စကားအဆုံးတွင် တစ်စုံတစ်ခုကို သူ မေးမည် ရှိစဉ် တယ်လီဖုန်း မြည်လာသည်။ ခရစ်က တယ်လီဖုန်းကို လျင်မြန်စွာ ကောက်ယူ နားထောင်သည်။ ထို့နောက် စကားပြောသည့် ခွက်ကို လက်တစ် ဖက်ဖြင့် ပိတ်ပြီး "ဓာတ်ခွဲခန်း" ဟု ရေးနိုးကို ပြောသည်။

"ဗီလီရှုဗင် တစ်ဆယ့်ခြောက်၊ လက်ရှိ အခြေအနေအရ ဆိုရင် သိပ် မဆိုးပါဘူး၊ မန်းတက်ခြင်း မရှိ၊ ကောင်းတယ်၊ ပဋိပစ္စည်းကော ဘယ့်နှယ်လဲ" ခရစ် ခါးအနည်းငယ် ဆန့်သွားသည်။ "အာရ်အိပ်ချ် မတည့်ဘူး ဟုတ်လား၊ သေချာရဲ့လား၊ ထပ်စစ် ကြည့်ပါဦး၊ ဘာဖြစ်လို့လဲ ဟုတ်လား၊ ဘာဖြစ်လို့လဲ ဆိုတော့ မှတ်တမ်းအရ ပြောရရင် မိခင်ဟာ အာရ်အိပ်ချ် နဂ္ဂတစ် ဖြစ်ပေမဲ့ အရင်က အာရ်အိပ်ချ် ပြဿနာ တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး၊ ထပ်စစ် ကြည့်ပါ၊ ဗီလီရှုဗင်ကိုလည်း နောက်နှစ်နာရီမှာ တစ်ခါ ထပ်စစ်ပါ"

ခရစ် ဖုန်းချလိုက်သည်။

"ဆိုးသလား"

ရေးနိုး မေးသည်။

"မဆိုးပါဘူး၊ ခြုံပြီး ပြောရရင် ကောင်းပါတယ်"

"အာရ်အိပ်ချ် မတည့်ဘူး ဆိုတာ ဘာလဲ၊ အဲဒီ ကိစ္စမှာ ဒေါက်တာ အတော်လေး ခေါင်းခြောက် သွားပုံရတယ်"

"မခြောက်ပါဘူး၊ အံ့သြတာပါ"

ဤကိစ္စနှင့် ပတ်သက်၍ ခရစ် အံ့သြမိသည်မှာ အမှန်ပင် ဖြစ်သည်။ အဘယ့်ကြောင့် ဤသို့ ဖြစ်ရချေသနည်း။ သို့သော် သည်ကိစ္စကို သူ အနေ စဉ်းစား မနေတော့ပါ။ ရေးနိုးက သူ သိချင်သည်များကို မေးနေသည်။

"ဗီလီရှုဗင် တစ်ဆယ့်ခြောက် ဆိုတော့ အန္တရာယ် စက်ဝိုင်းနားက ကပ်နေမလား"

"သိပ် မကပ်ပါဘူး၊ လွန်ခဲ့တဲ့ ရှစ်နာရီက တစ်ဆယ့်လေး ရှိတယ်၊ အခု တစ်ဆယ့်ခြောက်၊ တစ်နာရီမှာ မီလီဂရမ်ဝက် ကျော်ကျော် တက်လာမယ် ဆိုရင်တော့ စိုးရိမ်ရတယ်၊ အခုဟာက ရှစ်နာရီမှာ နှစ်မီလီဂရမ်ပဲ တက်တယ်၊ ဒါဟာ ကောင်းတဲ့ လက္ခဏာပါ"

ခရစ် ဂရန့် တယ်လီဖုန်းကို ကောက်ယူပြီး မွေးကင်းစ အထူးဆော သို့ တောင်းသည်။ တာဝန်ခံ ဆရာမ နန့်စီကာရေးနှင့် စကားပြောသည်။





"နန့်စီရေ၊ နောက် နှစ်နာရီခွဲလောက် ဆိုရင် ဆင်ပဆန် ဘေဘီကမ္ပ ကို သွေးနမူနာ ယူဖို့ မီလာကို ပြောပါ၊ ပြီးလို့ရှိရင် ဓာတ်ခွဲခန်းကို အမြန်ဆုံး ပို့ပါ၊ ချက်ချင်း စစ်ခိုင်းပါ၊ အဲဒီအချိန်မှာ ကိုယ် ပြန်ရောက်မယ်၊ လောလော ဆယ်မှာတော့ အားလုံး အဆင်သင့် လုပ်ထားပါ၊ သွေးဖလှယ်ဖို့ သွေးပုလင်း ယူထားပါ၊ နောက်ပြီးတော့ အသံပြွန် ကြည့်တဲ့ပြောင်း၊ လေပြွန်သွင်းပိုက်၊ ဓာတ်ဆီဂျင် ရော်ဘာမေးရိုးပြွန်၊ ဒီလီထရက်နဲ့ အစာကျွေးပြွန် ယူထားပါ၊ နောက်ပြီး ဆားဓာတ်လျှော့ အယ်လဗျူမင်လည်း ယူထားပါ၊ နောက်တစ်ခါ ဗီလီရှုဗင် စစ်ပြီးရင် ဘာလုပ်မယ် ဆိုတာ ကိုယ်တို့ ဆုံးဖြတ်မယ်"

ခရစ် တယ်လီဖုန်း ပြန်ထားနေသည်ကိုပင် ရေးနိုးက ပြီးအောင် မစောင့်တော့ဘဲ–

"အဲဒီအချိန် ပြန်ရောက်မယ် ဆိုတာက ဘာသဘောလဲ ဒေါက်တာ"

"ရစ်ဗီစကွဲယားမှာ ဆင်းရဲ ချို့တဲ့ တဲ့ မိခင်တွေကို မမွေးဖွားမီနဲ့ မွေးဖွားပြီး ကလေး ပြုစု စောင့်ရှောက်နည်းအကြောင်း ပညာပေး ဟောပြောဖို့ ကျွန်တော် ချိန်းထားပါတယ်"

ခရစ် ဂရန့်က ကုတ်အင်္ကျီရှည် အဖြူကြီးကို ချွတ်ပြီး ဘလေဇာကုတ် ပြာကို ဝတ်ရင်း အဖြေပေးသည်။

"ဒေါက်တာ ပြောတဲ့ အဓိပ္ပာယ်က ဒီမှာ ကျုပ် ကလေး စိုးရိမ်စရာ ဖြစ်နေတဲ့ အချိန်မှာ ဒေါက်တာက တစ်နေရာမှာ လက်ချာ သွားပေးနေမယ် ဟုတ်လား"

ခရစ် ဂရန့်သည် လက်တစ်ဖက်ကို ကုတ်အင်္ကျီလက်ထဲ လျှိုသွင်းပြီး နောက်တစ်ဖက်ကို လျှိုမသွင်းရသေးဘဲနှင့်–

"မစ္စတာ ရေးနိုး ခင်ဗျာ၊ နောက်တစ်ကြိမ် ဗီလီရှုဗင် မစစ်ရသေးဘဲနဲ့ ပြဿနာ ပြေးကို ကျွန်တော် ဘာမှ လုပ်မပေးနိုင်ပါဘူး၊ နောက်တစ်ကြိမ် ဗီလီရှု ဗင် စစ်တာကလည်း နောက် နှစ်နာရီကြာမှ စစ်ရပါမယ်၊ လောလောဆယ် အချိန်မှာ ကျွန်တော်တို့ တတ်နိုင်တာကတော့ သူ့ကို အလင်းကုထုံးနည်းနဲ့ ကုသရင်း စောင့်ကြည့်ကြဖို့ပါပဲ၊ ကျွန်တော့်အနေနဲ့ ဒီမှာ အလကား မိုးတိုး မတ်တတ် ရပ်နေတာထက် မိခင်တွေကို ပညာပေး ဟောပြောနေတာက အများ ကြီး အကျိုး ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကျုပ် ပြောမယ်၊ ခင်ဗျား ပိုက်ဆံ ဘယ်လောက် လိုချင်သလဲ၊ ကျုပ် ပေးမယ်၊ ခင်ဗျား ဒီမှာပဲ နေပါ၊ အဲဒီ သောက်လက်ချာ ပေးဖို့ တခြား တစ်ယောက်ကို လွှတ်လိုက်ပါ"

ရေးနီးက ပြောလိုက်သည်။

"ကျွန်တော်ဟာ ဒီဆေးရုံကြီးရဲ့ အချိန်ပြည့် လခစား တစ်ယောက် ဖြစ်တဲ့အတွက် ဦး ပေးတဲ့ ပိုက်ဆံကို မယူနိုင်ပါဘူး၊ ယူလို့ ရှိရင်လည်း လာဘ်စားတာပဲ ဖြစ်ပါလိမ့်မယ်၊ လောလောဆယ် အချိန်မှာ ဦးရဲ့ မြေးကလေး အတွက် ကျွန်တော် ဘာမှ လုပ်မပေးနိုင်တာလည်း အသေအချာပါပဲ၊ ကျွန်တော် တို့ အနေနဲ့ အသာကလေး စောင့်ကြည့်နေဖို့ပဲ ရှိပါတယ်"

ခရစ်က စိတ်ညစ်စွာ ရှင်းပြသည်။

"အသာကလေး စောင့်ကြည့်နေရုံပဲ ဆိုရင် စောစောက ပစ္စည်းပစ္စည်း တွေကို ဘာဖြစ်လို့ ဒေါက်တာ ပြန်လာတဲ့ အချိန်မှာ အဆင်သင့်ဖြစ်အောင် မှာထားရသလဲ"

ရေးနီးက အချက်ပိုင်ပိုင် မေးလိုက်သည်။

"နောက်တစ်ကြိမ် စစ်ကြည့်တဲ့အခါမှာ သူ့ရဲ့ ဗီလီရူဗင်ဟာ အဆ ကလေး များနေမယ် ဆိုရင်၊ ကျွန်တော့်အနေနဲ့ သွေးဖလှယ်ဖို့ ဆုံးဖြတ်တာ ဆိုရင် အားလုံး အဆင်သင့် ဖြစ်အောင် စီစဉ် ထားတာပဲ၊ အဲဒီတော့ အနေနဲ့ ဦးရဲ့ မြေးကလေး အကျိုးကို သယ်ပိုးဖို့ စိတ်ကူး ရှိတယ် ဆို ဟောဒီ သဘောတူညီချက် စာရွက်မှာ သူ့ အဖေကို ဖြစ်စေ၊ သူ့ အမေ ဖြစ်စေ လက်မှတ် ထိုးခိုင်းပါ"

ခရစ်က စားပွဲ အပေါ်ဆုံး အံဆွဲ အတွင်းမှ စာရွက် တစ်ရွက်ကို ထုတ်ရင်း ပြောသည်။

"ဘာကို သဘောတူရမှာလဲ"

ရေးနီးသည် သံသယစိတ် ပိုပြီး ပွားများလာဟန် ရှိသည်။

"လိုအပ်လို့ ရှိရင် သွေးဖလှယ်ဖို့ သဘောတူညီချက်ပါ"

"ဘာဖြစ်လို့ သဘောတူညီချက် ယူရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ သွေးဖလှယ်တဲ့ ကိစ္စမှာ အနည်းငယ် စွန့်စားရတာလေးတွေ ရှိပါတယ်၊ ရောဂါ ဖြစ်ပွားမှု သုံးရာခိုင်နှုန်းလော ရှိပါတယ်"





ခရစ်က ရှင်းပြသည်။

"ရောဂါ ဖြစ်ပွားမှု ဆိုတာ ဘာလဲ"

"ရောဂါ ဆင့်ပွားခြင်း ခေါ်တာပေါ့၊ နောက်ထပ် ရောဂါအသစ် ထပ် ဖြစ်တာပေါ့၊ နောက်ပြီးတော့ အဖိတ်အစဉ် တစ်ရာခိုင်နှုန်းလောက် ရှိနိုင်ပါ တယ်"

"အဖိတ်အစဉ် ဟုတ်လား" ရေးနီး အံ့ဩ တုန်လှုပ်သွားဟန် ရှိသည်။ "ဒေါက်တာ ပြောတဲ့ အဓိပ္ပာယ်က သွေးဖလှယ်တဲ့ ကလေးတစ်ယောက်ဟာ သေဆုံးနိုင်တယ်လို့ ပြောတာလား"

"အပုံ တစ်ရာပုံမှာ တစ်ပုံလောက် ဖြစ်နိုင်တာပါ၊ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့ဟာ ဗီလီရူဗင်နှုန်း မြင့်တက်နေတဲ့ ကလေးတစ်ယောက်ကို ဖိုတို ထရဖီ အလင်းကုထုံးနဲ့ ကုရတာပါ၊ ဒီနည်းနဲ့ ကုလို့ တာမသွားဘူး ဆိုတော့မှ သွေးဖလှယ်တဲ့ နည်းကို ရွေးချယ် ရတာပါ"

ရေးနီး ခေါင်းညိတ်သည်။ ထိတ်လန့်နေဟန် ရှိသည်။ စောစော ကလောက် အမျက်မာန် မရှိတော့။ ထို့နောက် စာရွက်ကို သူ လှမ်းယူလိုက်ပြီး

"ကျုပ် လက်မှတ်ထိုးလို့ မဖြစ်ဘူးလား၊ ကျုပ် သမီးကို အလန့်တကြား မဖြစ်စေချင်ဘူး"

"ဆေးရုံ ဥပဒေမှာတော့ အမေ သို့မဟုတ် အဖေလို့ ဆိုထားပါတယ်"

ခရစ်က အမှန်ကို ပြောကြားသည်။ ရေးနီး သူ့ သမီးအတွက် ပူပန် နေသည်ကို မထောက်ထား၍တော့ မဟုတ်ပါ။

"ကောင်းပြီလေ၊ အဲဒီ အချိန်ကျရင် ကျုပ် ပြန်လာခဲ့မယ်၊ ဒေါက်တာ လည်း အချိန်မီ ပြန်ရောက်ပါစေ"

မစ္စတာ ရေးနီး အနေနှင့် သူများတွေကို အမိန့်ပေးတတ်သည့် အကျင့် မှာ အရိုးစွဲနေပြီ ဖြစ်ကြောင်း သိရှိသဖြင့် ခရစ်အဖို့ စိတ်ထဲတွင် မည်သို့မျှ အမှတ်မထားတော့ပါ။ ခရစ်သည် သူ့ ရှေ့မှ ရေးနီး ထွက်သွားသည်ကို စောင့်ဆိုင်း နေပြီးမှ အခန်းတံခါးကို ပိတ်လိုက်သည်။

"နောက် နှစ်နာရီကြာမှ ပြန်တွေ့ကြမယ်"

တံခါးဝ၌ ရေးနီး ရပ်လိုက်ပြီး နောက်ဘက်သို့ ပြန်လှည့်သည်။ သူတို့ နှစ်ယောက် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ အဘိုးကြီး၏ မျက်လုံးများ ၌ ပြာလက်လျက် ရှိကြောင်း ခရစ် ပထမဆုံးအကြိမ် သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ၊ အဲဒီကလေးကို နေကောင်းအောင် ဒေါက်တာ လုပ်ပေးလို့ ရှိရင် ဒေါက်တာ လိုချင်တာ ဘာမဆို ကျူပ် ပေးပါ့မယ်၊ ဓာတ်ခွဲခန်း အသစ် တစ်ခု၊ အဆောင်သစ် တစ်ခု၊ ဆေးဝါး ကုသမှု ကိရိယာအသစ် တစ်ခု၊ ဒါမှ မဟုတ် ဒေါက်တာ လိုချင်တဲ့ နေရာဌာန တစ်ခု"

"ကျွန်တော်တို့ အတတ်နိုင်ဆုံးကို လုပ်ပါ့မယ်၊ ကျွန်တော်တို့ အနေနဲ့ အဲဒီလိုပဲ အမြဲတမ်း လုပ်လေ့ ရှိပါတယ်"

ခရစ်က တုံ့ပြန်သည်။

အဘိုးကြီး နေရာမှ မရွေ့သေးဘဲ

"အမေရိကန်ပြည်ထောင်စုရဲ့ အနာဂတ် သမ္မတ တစ်ယောက်ကို ပြုစု ကုသနေရတယ်လို့ ယူဆပါ၊ ဒေါက်တာ့အနေနဲ့ သူ့ကို အဲဒီလောက် ဂရုထားပြီး ကုသစေချင်ပါတယ်"

ထို့နောက် အဘိုးကြီး တစ်ဖက်သို့ လှည့်ပြီး စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။ အဘိုးကြီး လျှောက်သွားနေသည်ကို ခရစ် ကြည့်နေရင်း "အဲဒီ သူ တကယ် ပြောတာပဲ၊ တကယ်ပဲ ဒီလို သဘောထားပြီး ပြောသွားတာပဲ" ဟု စိတ်ထဲတွင် တစ်ယောက်တည်း ပြောနေမိသည်။

ခရစ် ဂရန့်သည် ဆေးရုံမှ အထွက်တွင် မွေးကင်းစ အထူးကု အဆောင် ရှေ့တွင် ခေတ္တမျှ ရပ်ပြီး သူ၏ လူနာကလေးကို ကြည့်ရှုသည်။ တစ်စုံတစ်ရာ သိသိသာသာ ပြောင်းလဲခြင်း မရှိပါ။ ဤမျှ တိုတောင်းသော အချိန်ကာလ အတွင်းတွင် ဘာတစ်ခုမျှလည်း ပြောင်းလဲစရာ မရှိပါ။ သို့သော် နောက် နှစ်နာရီ ဆိုလျှင်မူ တစ်စုံတစ်ရာကို ခရစ် ဂရန့် သိရှိရပေလိမ့်မည်။



၂

ဟောပြောပွဲ ပြုလုပ်သည့် နေရာမှာ ရစ်ဇီစကွဲယား နယ်မြေရှိ အစိုးရကျောင်း အမှတ် ၁၄၆ တွင် ဖြစ်သည်။ ရစ်ဇီစကွဲယား ဆိုသည်မှာ ပထမကမ္ဘာစစ် အတွင်းက သူရဲကောင်းကြီး ရစ်ဇီကို အစွဲပြုပြီး မှည့်ထားသော နာမည် ဖြစ်သည်။ နာမည်နှင့် ရုပ်ကွက် တခြားစီ ဖြစ်သည်။ နာမည်က ကြီးကျယ် ခမ်းနားလှသလောက် ရပ်ကွက်က ဆင်းရဲ စုတ်ချာလှပေသည်။ တစ်ခုတော့ ရှိသည်။ ဟောင်းနွမ်း ပျက်စီးနေပြီ ဖြစ်သော အဆောက်အအုံများ ကြားတွင် လစာ နည်းသူများအတွက် ဆောက်လုပ်ထားသော အဆောက်အအုံသစ်ကြီး များက ထိုးထောင်လျက် ရှိသည်။ ယင်း အဆောက်အအုံသစ်များ အနက် အများစုမှာ ရေးနီး ကုမ္ပဏီက ဆောက်လုပ်ထားသော အဆောက်အအုံများ ဖြစ်ကြသည်။ အစိုးရကျောင်းအမှတ် ၁၄၆ ကို လွန်ခဲ့သည့် သုံးနှစ်ခန့်က ဆောက်လုပ် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ လစာနည်း အိမ်ရာများတွင် တိုးပွား လာသော လူဦးရေ အတွက်ပင် ဖြစ်သည်။

ခရစ် ဂရန့်သည် ဝဝဖိုင့်ဖိုင့် လူမည်း အမျိုးသမီး ကျောင်းအုပ် ဆရာမ ကြီးနှင့် အတူ စင်မြင့် ပေါ်တွင် ထိုင်နေရာမှ ဟောပြောပွဲ ခန်းမကြီး အတွင်းသို့ ဝင်ရောက် လာနေကြသော မိခင်လောင်းများကို ကြည့်ရှုလျက် ရှိသည်။ အချို့မှာ အထူးပင် ငယ်ရွယ်ကြသေးသည်။ ပထမဆုံးအကြိမ် ကိုယ်ဝန် ဆောင်ကြခြင်း ဖြစ်သည်။ တချို့ကျတော့လည်း အထူးပင် အသက်ကြီး နေကြပြီ ဖြစ်သည်။ ကိုယ်ဝန် ဆောင်ရမည့်အရွယ် မဟုတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ခန်းမကြီး တစ်ခုလုံး လူတွေ ပြည့်လာပြီ ဖြစ်သည်။ ထိုင်ခုံများ အားလုံး လူပြည့်သွားပြီ ဖြစ်သဖြင့် အချို့သော ကိုယ်ဝန်သည် များမှာ နောက်ဘက် နံရံကို ကျောမှီပြီး ရပ်နေကြသည်။ ခရစ်သည် ရစ် စကွဲယားတွင် လူချစ်လူခင်များသော ဆရာဝန် တစ်ဦး ဖြစ်သည်။ သူ့ကို သူတို့က 'သဒေါက်တာ' ဟု ခေါ်သည်။ လူမည်း အမျိုးသမီးများနှင့် လက်တင်အမေရိက အနွယ်ဝင် အမျိုးသမီးများသည် ဆရာဝန် လူချောကလေး က သူတို့ နားလည်သည့် စကားလုံးများဖြင့် ရှင်းလင်း ဟောပြောသည်ကို လာရောက် နားထောင်ကြခြင်း ဖြစ်သည်။

သူသည် သူတို့ သိချင်သော မေးခွန်းများကို ဖြေကြားမည့်သူ ဖြစ်သည်။ သူတို့ သိချင်သော အချက်အလက်များ အားလုံးကို ပြောကြားမည့်သူ ဖြစ်သည်။ သူသည် အခြားသော ဆရာဝန်များလို သူတို့ ပြောကြားသည့် လေယူလေသိမ်းနှင့် အသံထွက်တို့ကို စိတ်မရှည်သူ တစ်ဦး မဟုတ်ပေ။ ထို့ပြင် သူသည် သူတို့ ထံမှ ဘာတစ်ခုမျှလည်း ပြန်လည် တောင်းခံခြင်း မပြုချေ။ သူတို့ ထံမှ မဲဆန္ဒ တောင်းခံခြင်းလည်း မရှိချေ။ လူမျိုးရေး တိုက်ပွဲ များအတွက် ထောက်ခံမှု တောင်းခံခြင်းလည်း မရှိချေ။

လူမည်း ကျောင်းအုပ် ဆရာမကြီး မတ်တတ် ထရပ်ပြီး ဟောပြော စတင်တော့မည် ဖြစ်ကြောင်း ကြေညာ လိုက်သည်။ ဆရာမကြီးက ခရစ်ကို ဟောပြောပေးပါရန် ပန်ကြားလိုက်သောအခါ စီညံနေသော အသံများ အားလုံး တိတ်ဆိတ်သွားသည်။

"ဂညားတို့ဟာ ဂလေး မမွေးခင် ဂဒဲက ဂလေး အမေဒေပဲ"

သူက သူတို့ ပြောသော လေသံ သူတို့ ပြောသော အသံထွက်ကို အတုခိုးပြီး ပြောလိုက်သည်။ သူတို့ အားလုံး ရယ်ကြသည်။ သူက ဆရာဝန်နှင့် လူနာများ ကြားတွင် ရှိနေသော အဟန့်အတားကို ပယ်ဖျက်လိုက်ခြင်း ဖြစ်သည်။ သူ့ ဆန္ဒက သူတို့ ရယ်ရယ်မောမော ရှိစေချင်သည်။ လွတ်လွတ် လပ်လပ် ရှိနေစေချင်သည်။ သူ ပြောသည့် စကားများကို သူတို့ စိတ်ဝင်စား စေချင်သည်။ သူတို့ ပြောသော စကားလုံးများကို သုံးပြီး ပြောချင်သည်။ ထို့ကြောင့် "ခင်ဗျားတို့ဟာ ကလေးမမွေးခင် ကတည်းက ကလေးအမေ တွေပဲ" ဆိုသည့် စကားကို သူတို့ အသံထွက် သူတို့ လေယူလေသိမ်းဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။





ထိုသို့ အစပျိုးပြီး နောက်တွင်ကား သူသည် အစာနှင့် အာဟာရ အကြောင်းကို အလေးအနက် ဖြစ်အောင် ပြောဆိုတော့သည်။ မွေးဖွားလာ မည့် ကလေးငယ်များကို နိုင်ငံ၏ သားကောင်း သမီးကောင်းများ ဖြစ်ရန်၊ မွေးမှ ပျိုးထောင်ရန် အရေးကြီးကြောင်း ဆက်လက် ပြောကြားသည်။ သား ကောင်း သမီးကောင်းများ ဖြစ်လာရေးအတွက် ဦးနှောက် စွမ်းအားကောင်းဖို့ လိုကြောင်း၊ ဦးနှောက် အားကောင်းရန်အတွက်မှာလည်း မမွေးဖွားမီနှင့် မွေးဖွား အပြီးတွင် အာဟာရဓာတ် ပြည့်ဝဖို့က အဓိက ဖြစ်ကြောင်း ရှင်းပြ သည်။ သူ ပြောသည့် စကားများကို သူတို့ မှတ်မိနေဖို့နှင့် လိုက်နာ ဆောင်ရွက် စေရန် သူ အထူးပြု အားထုတ်သည်။

သူ၏ ဟောပြောချက် နိဂုံးချုပ်သောအခါတွင်ကား သူ၏ ပရိသတ် သည် သူ၏ ပြောကြားချက်တွင် လုံးဝ သက်ဝင်လျက် ရှိကြောင်း တွေ့ရှိရ သည်။ သူ ပြောသည့်အတိုင်း လိုက်နာ လုပ်ဆောင်ကြရန် သူတို့ အချင်းချင်း ပြောသံများကို ကြားရသည်။ သူတို့ မေးသော မေးခွန်းများကို သူ အတတ်နိုင်ဆုံး ကြိုးစားပြီး ဖြေသည်။ မေးခွန်းများကို ဖြေရင်း လက်မှ နာရီကိုလည်း မကြာခဏ ကြည့်ရသည်။ သူ့မှာ အချိန် မရှိတော့ဘူး ဆိုသည်ကိုလည်း သူတို့ သိစေဖို့ အရေးကြီးသည်။ ဆေးရုံသို့ ပြန်ရောက်ရန် သတ်မှတ်ထားသော အချိန် မပြည့်မီ ဆယ့်ငါးမိနစ် အလိုတွင်ကား သူသည် သူတို့ကို တောင်းပန် စကားဆိုပြီး ဆွေးနွေးပွဲကို သိမ်းရသည်။ နောက်တစ်ကြိမ် လာဦးမည်ဟု ကတိပြုရသည်။ အခန်း ထဲမှ သူ ထွက်ခွာသွားသောအခါ သူတို့ အားလုံး မတ်တတ်ရပ် ဂုဏ်ပြုကြသည်။

ဂျွန်စတူးဝပ် ရေးနီးသည် အထူးကုသဆောင် ရှေ့တွင် စောင့်ရပ် နေလျက် ရှိသည်။ မှန်နံရံကြီး၏ အတွင်းဘက်ရှိ ပလတ်စတစ် သေတ္တာအိမ် ကလေးကို စူးစိုက်ပြီး ကြည့်နေသည်။ ထို ပလတ်စတစ် အိမ်ကလေး ထဲတွင် သူ၏ မြေးငယ်ကလေး ရှိနေသည်။ အထူးတလည် တောက်ပသော မီးချောင်း များ၏ ပြာပြာအောက်တွင် ဖြစ်သည်။ သည်မီးရောင်ပြာပြာက သူ့ မြေးငယ် ကလေး ရောဂါကို ကုစားနိုင်သည်ဟု ဆရာဝန်က ပြောသည်။ ရေးနီး အနေနှင့် ယုံကြည်နိုင်ပါ။ စင်္ကြံလမ်းအတိုင်း ခရစ် လျှောက်လာသည်။ ရေးနီးသည် ခရစ် ဘက်သို့ လှည့်ပြီး မျက်နှာချင်း ဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုပဲ ပြန်ရောက်တယ်၊ ဒီအချိန်လောက် ဆိုရင် ဓာတ်ခွဲခန်းက အစီရင်ခံစာ ကျွန်တော်တို့ ရနိုင်ပြီ၊ ဦးကို ကျွန်တော် အသိပေးပါ့မယ်"

ရေးနိုးက မမေးနိုင်မီတွင် သူက အလျင် ပြောလိုက်သည်။

ထို့နောက် အခန်း တွင်းသို့ သူ ဝင်သွားသည်။ အိုက်ဆိုလက် အနီးသို့ သွားပြီး ကလေးငယ်ကို ကြည့်သည်။ အသားရောင် အနည်းငယ် ပြောင်းသွားပြီဟု သူ ထင်သည်။ အဝါရောင် မသိမသာကလေး လျော့သွားသည်။ သို့သော် ဤလို ကိစ္စမျိုးတွင် ဆရာဝန်ကောင်းတို့ မည်သည် သာမန် မျက်စိဖြင့် မြင်ရ သည်ကို အားမကိုးသင့်ပေ။ ညတာဝန်ကျ ဆရာမက သူ့ အနီးသို့ ရောက်လာ သည်။

"သူတို့ သွေးနမူနာ ယူသွားပြီလား"

သူက ကလေးငယ်ကို ကြည့်နေရာမှ မေးလိုက်သည်။

"ယူသွားတာ ငါးမိနစ်လောက် ရှိပြီ၊ အခုပဲ အစီရင်ခံစာ ရောက်လာ တော့မှာပဲ"

ဆရာမက ဖြေသည်။

"အစီရင်ခံစာ ရတဲ့အထိ ကိုယ် ဒီမှာ စောင့်နေမယ်"

ခရစ်က အနည်းငယ် စိုးရိမ်စွာဖြင့် ပြောသည်။

သူသည် အဘိုးကြီး ရေးနိုးကို ရောဂါအခြေအနေ ပြောပြရာတွင် အများကြီး လျှော့ပြီး ပြောလေသည်။ သုံးလေးရက်သား ကလေးငယ် တစ်ယောက်ကို ဒုက္ခ မပေးနိုင်သော ဗီလီရူဗင် အချိုးအစားသည် ထိုကလေး မွေးဖွားပြီး ၂၄ နာရီ မပြည့်မီတွင် ဖော်ပြလာလျှင် အထူးပင် စိုးရိမ်ဖွယ်ရာ ကောင်းတော့သည်။

သူသည် ဓာတ်ခွဲခန်း အစီရင်ခံစာကို စောင့်ဆိုင်းနေစဉ် အတွင်းတွင် ထိုသည့်ကလေးကို မွေးဖွားပေးလိုက်သော ဒေါက်တာ ကိုးမင်းထံ ဖုန်းဆက်ရန် စိတ်ကူးမိသည်။ ကံကောင်း ထောက်မသဖြင့် ဒေါက်တာ ကိုးမင်းကို ပက် ကဆိုက် ဆေးရုံတွင် အဆင်သင့် တွေ့ရှိရသည်။ မစ္စက် ဆင်ပဆန် ကိုယ်ဝန် ဆောင်စဉ်က မည်သည့်ဆေးများ သုံးစွဲခဲ့သနည်းဟု စုံစမ်းသည်။ အများ ပြည်သူများ အနေနှင့် သာလီဒိုမိုက်၏ အန္တရာယ်ကိုသာ သိရှိကြသည်။ သို့သော် အခြားဆေးများလည်း အလားတူပင် အန္တရာယ် ဖြစ်တတ်သည်။ အက်စပရင် ပင် အသုံးများလျှင်၊ စွဲပြီးသုံးလျှင် အန္တရာယ် ဖြစ်တတ်သည်။





ကိုးမင်းသည် ဒေါက်တာ မစ်ချဲ၏ ဆေးမှတ်တမ်းကို ကြည့်ရှုသော အခါ ရေးနိုး၏ သမီးသည် အန္တရာယ် ဖြစ်စေနိုင်သော ဆေးများ သုံးစွဲမှုမရှိခဲ့ ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ရေမြွှာပေါက်သည်မှာလည်း စောပွန်း ခြင်း မရှိသဖြင့် ရောဂါပိုး ကူးစက်နိုင်သည့် အခြေလည်း နည်းပါးလှသည်ဟု ဒေါက်တာ ကိုးမင်းက ပြောသည်။

သို့သော် ခရစ် အနေနှင့် အမိက သိချင်သည့် အချက် တစ်ခုကိုမူ ဒေါက်တာ ကိုးမင်းက ရေရေရာရာ မပြောနိုင် ရှိသည်။ မွေးခန်း ထဲတွင် ကလေးကို နှစ်ကြိမ်တိုင်တိုင် စမ်းသပ် ကြည့်ရှုကြောင်း ဆေးမှတ်တမ်းတွင် ဖော်ပြထားသည်။ မွေးပြီး တစ်မိနစ်တွင် တစ်ကြိမ်၊ ငါးမိနစ် အကြာတွင် တစ်ကြိမ် ဖြစ်သည်။ နှစ်ကြိမ် စလုံးတွင် ပုံမှန် ဖြစ်ကြောင်း တွေ့ရသည်။ သို့သော် နောက်ပိုင်း မှတ်တမ်းကား အားရဖွယ်ရာ မရှိချေ။

"ကလေး အသားဝါတာကို ဒေါက်တာ ဘယ်အချိန်မှာ စသိသလဲ"

ကိုးမင်း ရုတ်ခြည်း မဖြေဘဲ ခေတ္တမျှ တိတ်နေသည်။ ခဏကြာမှ–

"အမှန်အတိုင်း ပြောရရင်တော့ ကလေး အသားဝါတာကို ကျွန်တော် သိတာ မဟုတ်ဘူး"

"ဩော်..."

ခရစ် အာမေဍိတ်သံ ပြုလိုက်သည်။

"ကျွန်တော့်ကို အမျိုးသမီး မီးမဖွားခင် ခုနစ်နာရီလောက်ပဲ ကြိုပြီး ခေါ်တယ်၊ ကျွန်တော်ဟာ ဒေါက်တာမစ်ချဲရဲ့ ကိုယ်စား ဆောင်ရွက်ပေးရတယ် ဆိုတာကိုလည်း ဒေါက်တာ မေ့မထားပါနဲ့၊ ဒါပေမဲ့ မီးဖွားမှု အခြေအနေ တစ်ပုံးဟာ ပုံမှန် အဆင့်ပဲ၊ အချိန် နည်းနည်းကလေး ပိုကြာတာပဲ ရှိတယ်၊ အမျိုးသမီး အနေနဲ့ နည်းနည်းကလေး ပင်ပန်းတာပဲ ရှိတယ်၊ ဒါပေမဲ့ ပုံမှန် အဆင့်ပဲ၊ ဒါကြောင့်မို့လို့ အဲဒါအတွက်တော့ ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

"သုံးဆယ်ခြောက်ပတ်နဲ့ မွေးတာပဲ၊ အရေးမကြီးဘူးပေါ့"

ခရစ်က မေးလိုက်သည်။

"သုံးဆယ့် ခုနစ်ပတ်ပါ၊ နောက်ပြီးတော့ ကလေးဟာ ပေါင်ချိန် ပြည့်ပဲ၊ သူ့ကို သေသေချာချာ စမ်းသပ် စစ်ဆေးတယ်၊ စစ်ဆေးချက် နှစ်ကြိမ်စလုံး ပုံမှန်ပဲ"

"အဲဒါကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် သိချင်တာက ကလေး အသားဝါတာကို ဒေါက်တာ ဘယ်အချိန်မှာ စသိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စပြီး သိတာ မဟုတ်ဘူးလို့ ဒေါက်တာ့ကို ကျွန်တော် ပြောနေပြီပဲ၊ ကျွန်တော့်မှာက ကျွန်တော့် လူနာတွေနဲ့ အပြည့်ပဲ၊ အဲဒီ အချိန်မှာ ကျွန်တော်က ဒေါက်တာ မစ်ချဲရဲ့ ကိုယ်စား ဖြန်းစားကြီး သွားလုပ်ပေးရတာ၊ အဲဒီတော့ ကျွန်တော့်မှာ ဘယ်လူနာ ဆိုကိုမှ ထုံးစံအတိုင်း ခဏခဏ သွား မကြည့်နိုင်တော့ဘူး၊ ကျွန်တော် ပထမဆုံး သိရတာကတော့ ကနေ့ မနက်မှာ ဆရာမက ဖုန်းဆက်တော့မှ"

"ကနေ့ မနက်မှ ... ဟုတ်လား"

ခရစ်သည် သူ၏ အံ့အားသင့်မှုကို မည်သို့မျှ မဖုံးကွယ်နိုင် ရှိတော့သည်။

"ကျွန်တော့်မှာ အလုပ်တွေ ဂျင်ခြေလည် နေတယ်လို့ ဒေါက်တာ့ကို ပြောပြီးပြီ မဟုတ်လား၊ အမှန်အတိုင်း ပြောရရင်တော့ ကလေးကို ဒေါက်တာ တို့ဆီ ပို့ဖို့ သူ့ မိသားစုကို တိုက်တွန်းတာ ကျွန်တော်ပဲ"

"ဟုတ်ပြီ၊ အဲဒီ ကလေးဟာ မွေးပြီး နှစ်ဆယ့်လေးနာရီ အတွင်းမှာ အသားဝါတဲ့ အရိပ်အခြည် ရှိမရှိကို ဘယ်သူ သိသလဲ၊ အဲဒါကို ကျွန်တော် သိရမှ ဖြစ်မယ်"

"အဲဒါကို ကျွန်တော် ဘယ်လိုမှ မပြောနိုင်ဘူး၊ ဆရာမက ဖုန်းဆက်လို့ ကလေးကို ကျွန်တော် သွားကြည့်တော့ မွေးပြီး သုံးဆယ့် ခြောက်နာရီ ရှိနေပြီ"

ဒေါက်တာ ကိုးမင်း ဝန်ခံစကား ဆိုသည်။

ဤအရေးကြီးလှသော အချက်ကို သိရအောင် ခရစ် ထပ်မံ ကြိုးစား ကြည့်သောအခါ ကလေး၏ လူနာမှတ်တမ်းတွင် ဖော်ပြထားသည်မှာ မွေးဖွား ပြီး သုံးဆယ့်နှစ်နာရီ အကြာတွင်မှ အသားဝါ ဖြစ်ကြောင်း တစ်စုံတစ်ယောက် က စတင် သိရှိရသည်ဟု ရေးမှတ်ထားသည်။ ဒေါက်တာ ကိုးမင်းကို နောက် တစ်နေ့ နံနက်တွင်မှ တာဝန်ခံ ဆရာမက ဖုန်းဆက်ပြီး အကြောင်းကြားသည် ထိုအခါ ဒေါက်တာ ကိုးမင်းသည် ဗီလီရူဗင် ချက်ချင်း စစ်ရန် အမိန့် ပေးပြီး ကလေးကို သွားကြည့်သည်။ ထိုအခါတွင်မှ ဆရာမ၏ အထင်ကို သူ အတည် ပြု ရသည်။ သို့ဖြင့် ကလေးငယ်သည် မည်သည့်အချိန်တွင် စတင်ပြီး အသား ဝါသည်ကို မည်သူမှ အတိအကျ ပြောမပြနိုင်ဘဲ ရှိသည်။

အထူး ကုသဆောင်ရှိ တယ်လီဖုန်းများသည် အသံ မမြည်ပါ။ မီးရောင် လွင့်ဖြာပါသည်။ ဆရာမက တယ်လီဖုန်းကို ယူမည်ရှိစဉ် ခရစ်က သူမ လက်မှ စကားပြောခွက်ကို ဆွဲယူလိုက်သည်။





"အိုင်ဗင်လား၊ ဒေါက်တာ ဂရန့်ပါ၊ ဆင်ပဆန် ဘောဘီမှာ ဘာဓတွေ့ သလဲ"

"ဗီလီရူဗင် တစ်ဆယ့်ခြောက်"

တစ်နာရီလျှင် ဗီလီရူဗင် တစ်ရာခိုင်နှုန်း၏ ထက်ဝက်လောက်တော့ တက်လိမ့်မည်ဟု ခရစ်၏ စိတ်ထဲတွင် လျှို့ဝှက်စွာ ထင်ထားခဲ့သည်။ ယခု အတိုင်းဆိုလျှင် အလင်းကုထုံးနည်းက အခြေအနေကို ထိန်းထားပြီ ဖြစ်သည်။ ဤသည်မှာ အားရှိဖွယ်ရာ ဖြစ်သည်။ စိတ်ချဖွယ်ရာတော့ မဟုတ်သေး။ အားရှိဖွယ်ရာသာ ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် အိုင်ဗင်၊ ကျွန်တော်တို့ နောက် နှစ်နာရီမှာ တစ်ခါ ထပ်ပြီး စစ်ကြည့် ကြဦးစို့၊ အဲဒီမှာ လူ တစ်ယောက် ရှိနေဖို့ စီစဉ် ထားပါ"

ခရစ် တယ်လီဖုန်းကို တင်ထားလိုက်သည်။

အဲလစ်နှင့် ပွဲကြည့်ဖို့ ချိန်းထားသည်ကို ဖျက်ရန် သူ ဆုံးဖြတ်လိုက် သည်။ ယနေ့ည သူ စောင့်နေမှ ဖြစ်မည်။ သုတေသနဆောင်နှင့် အထူးဆောင် တွင် သူ ရှိနေရမည်။ အဖြူအမည်း ကွဲသည်အထိ ရှိနေရမည်။ ဗီလီရူဗင် တက်လာသလော၊ သို့မဟုတ် အလင်းကုထုံးနည်း အစွမ်းပြသလော ဆိုသည် ကို သိရမည်။

သူသည် အထူးဆောင် အတွင်းမှ ထွက်လာပြီး ဂျွန်ရေးနီးနှင့် တွေ့ဆုံ သည်။ မစ္စတာ ရေးနီးကို အခြေအနေ အပြည့်အစုံ ပြောပြသည်။ ကလေး၏ အခြေအနေ ကောင်းမလာသေးသော်လည်း ရောဂါ ရပ်တန့်နေသည်။ ပုံမှန် အနေ အထားအရ ဆိုလျှင် ဗီလီရူဗင် ကျဆင်းစ ပြုနေပြီ ဖြစ်သည်။ ဗီလီရူဗင် ကျဆင်းကြောင်း သေချာသည်အထိ သူ စောင့်နေမည်။ အကယ်၍ မကျဆင်း လျှင် သွေးဖလှယ်မည် ဖြစ်သည်။ "မိခင်၏ သဘောတူညီကြောင်း လက်မှတ် မှာ ရေးနီးမှာ ပါရှိပါသလား" အဘိုးကြီးက သဘောတူညီချက် ပုံစံကို ယူပေးသည်။

"ကျုပ်တို့ အခု ဘာလုပ်ကြမလဲ"

အဘိုးကြီးက မေးသည်။

"နောက် နှစ်နာရီ ကြာရင် သွေး ထပ်စစ်ကြည့် ဦးမယ်၊ ဒီအတွင်း မှာတော့ ကျွန်တော်တို့ စောင့်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာလည်း ညစာ မစားရသေးဘူး မဟုတ်လား၊ နောက်တော ကျနော့ကို ကျုပ်နဲ့ အတူ လိုက်စားပါလား"

"ဆေးရုံက စားသောက်ဆိုင်မှာ စားမယ်၊ ဒါမှ ကျွန်တော့်ကို ခေါ်ချင်ရင် လွယ်မယ်"

"အရေးပေါ် ကိစ္စ ရှိနိုင်တယ်လို့ ဒေါက်တာက ယူဆထားလို့လား"

"မဟုတ်ပါဘူး၊ ဓာတ်ခွဲခန်း အစီရင်ခံစာ အချိန်မီ သိရဖို့ပါ၊ နောက်ပြီး အခြားကိစ္စ တစ်ခု ရှိရင်လည်း တွေ့နိုင်အောင်ပေါ့"

"ဒေါက်တာနဲ့ အတူ ကျုပ် လိုက်ရမလား"

ရေးနိုးက မေးသည်။

"ကိုယ့်လင်ပန်းကို ကိုယ့်ဘာကိုယ် သယ်ရလိမ့်မယ်"

ခရစ်က သတိပေးလိုက်သည်။

"ခင်ဗျားတို့ လူငယ်တွေဟာ ဒီလိုချည်းပဲ" ရေးနိုး ပေါက်ကွဲသည်။ "ကျုပ် ငယ်ငယ်တုန်းက ကိုယ့် ထမင်းချိုင့်ကလေး ကိုယ် ကိုင်ပြီး သွားရ တာပဲ၊ အဲဒီ ထမင်းချိုင့် ထဲမှာ တစ်ခါတလေ ဘာပဲ ပါတယ် ဆိုတာ ခင်ဗျား သိမှာ မဟုတ်ဘူး၊ ကျုပ်က မွေးကတည်းက သူဌေး ဖြစ်လာတာ မဟုတ်ဘူး၊ ကျုပ်ဘာသာကျုပ် သူဌေးဖြစ်အောင် လုပ်လာရတာ၊ ပင်ပင်ပန်းပန်း လုပ်လာရတာ၊ ခင်ဗျား အနေနဲ့ လက်ဖျားနဲ့တောင် မတို့ချင်မယ့် အစားမျိုး ကျုပ် စားလာရတယ်၊ ခင်ဗျား အနေနဲ့ ခြေဖျားတောင် မလှည့်ချင်တဲ့ နေရာမျိုးမှာ ကျုပ် နေလာရတယ်၊ အဲဒီတော့ ကျုပ်ကို ကိုယ့်လင်ပန်း ကိုယ် သယ်ရမယ် ဆိုတဲ့ စကားမျိုး ဘယ်တော့မှ မပြောပါနဲ့" ထို့နောက် ရေးနိုးက သူ့ကို ရုတ်တရက် မေးသည်။

"အဲဒီမှာ သောက်စရာ အဖျော်ယမကာလည်း ရှိမယ် မထင်ဘူး"

"မရှိပါဘူး"

"ဒေါက်တာ သောက်ချင်လို့ ရှိရင် ကျုပ် ကား ထဲမှာ ဘား ပါပါတယ်၊ ကျုပ် ယာဉ်မောင်းကို ပုလင်း တစ်လုံး ယူခိုင်းလိုက်ရင် ဖြစ်တယ်"

"ကျေးဇူးတင်ပါတယ်၊ အလုပ်ချိန်မှာ ကျွန်တော် မသောက်ပါဘူး"

"ကျုပ် အနေနဲ့ တစ်ခွက်လောက် သောက်ရင်ကော ဖြစ်မလား"

ရေးနိုးက မေးလိုက်ပြန်သည်။





"ဂရန့် အမည်ရှိတဲ့ လူ တစ်ယောက်က ရေးနိုးလို့ အမည်ရှိတဲ့ လူကြီး တစ်ယောက်ကို သူ ဘာလုပ်နိုင်တယ်၊ ဘာမလုပ်နိုင်ဘူးလို့ ပြောနိုင်တဲ့ နေ့ဟာ တကယ့် နေ့ထူး နေ့မြတ်ကြီး ဖြစ်မှာပဲ"

သူ့ စကားကို ရေးနိုး စိတ်မဆိုးဘဲ ပြုံးရယ်ကာ–

"မောင်ရင်ဟာ တော်တော် ဆိုးတဲ့ လူဆိုး တစ်ယောက်ပဲ၊ ဒါပေမဲ့ ကျုပ် သဘောကျတယ်၊ ကျုပ်လည်း ခင်ဗျားအရွယ်က ဒီလိုမျိုးပဲ၊ ကဲ တစ်ခုခု သွားစားကြစို့"

ဂျွန်ရေးနိုးသည် သူ၏ လင်ပန်း ထဲတွင် အမဲကင်၊ အာလူး၊ ဆလတ်၊ မုန့်နှင့် ကော်ဖီ ပန်းကန်များ ရှိသော်လည်း ဘာတစ်ခုကိုမျှ ဟုတ်တိပတ်တိ စားသောက်ခြင်း မရှိပေ။ သည်အဘိုးကြီးသည် သူနှင့် အဖော်အဖြစ် လိုက်ပါ လာခြင်းသာ ဖြစ်ကြောင်း ခရစ် သိရှိသည်။ ရေးနိုးသည် ဟိုအကြောင်း သည်အကြောင်းများကို ကြိုးစားပြီး ပြောဆိုသော်လည်း နောက်ဆုံးတွင်ကား သူ့ မြေးကလေး အကြောင်းသို့ မလွှဲသာ မရှောင်သာ ပြန်လည် ရောက်ရှိ လာသည်။ ထို့နောက် သူသည် တမင်တကာပင် စကား လမ်းကြောင်း ပြောင်း သွားပြန်တော့သည်။

"ဒေါက်တာရဲ့ ကိုယ်ရေးကိုယ်တာ အလုပ်တွေလည်း ပျက်ကုန်ပြီ ထင်တယ်"

"ကျွန်တော်တို့ ကနေ့ည ပွဲကြည့်ဖို့ ချိန်းထားကြတယ်"

"ကျွန်တော်တို့ ဟုတ်လား"

"ကျွန်တော် သိတဲ့ မိန်းကလေး တစ်ယောက်နဲ့ ပဲပေါ့"

ခရစ်က အဲလစ်ကင်နင်၏ အမည်ကို မဖော်ဘဲ ယေဘုယျ သဘော ပြောလိုက်သည်။ အဲလစ်က လူပသော သူနာပြု နည်းပြ ဆရာမကလေး ဖြစ်သည်။ အဲလစ်ကို ခရစ် သိရှိခဲ့သည်မှာ သူမက သူ၏ ပညာပေး လုပ်ငန်း များတွင် စေတနာ့ဝန်ထမ်း တစ်ဦးအဖြစ် ပါဝင် လုပ်ကိုင်ခဲ့သောကြောင့် ဖြစ်သည်။ သူတို့ နှစ်ယောက် သိရှိခဲ့ကြသည်မှာ တစ်နှစ်လောက် ရှိချေပြီ။

"လက်ထပ်ဖို့ ရည်ရွယ်ထားသလား"

ရေးနိုး စူးစမ်းသည်။

"ဘယ်သူ မဆို လက်ထပ်ဖို့ ရည်ရွယ်ချက် ရှိတာပေါ့၊ တစ်နေ့မှာပေါ့"

"ဒီမယ်၊ ဘယ်ညမှာပဲ ဖြစ်ဖြစ်ပေါ့၊ ဒေါက်တာတို့ ပွဲကြည့်ဖို့ ရည်ရွယ်ရင် ကျုပ်ရဲ့ သီးသန့်ခန်းကို သုံးပါ"



www.burmeseclassic.com

www.burmeseclassic.com







ရေးနိုးက လက်ကမ်းလိုက်သည်။

ခရစ်သည် ခပ်မဆိတ်ပင် ညစာ စားလျက် ရှိသည်။ ရေးနိုး၏ နောက် မကျေသေး နံရံတွင် ရှိသော နာရီကို ကြည့်နေသည်။ နောက်တစ်ကြိမ် ချေး နမူနာ ယူရမည့်အချိန်ကို စောင့်ဆိုင်းနေသည်။ အချိန်က တစ်နာရီလောက် လိုနေသေးသည်။ သို့ဖြင့် ခရစ်သည် ကလေး ဆေးရုံဆောင်များကို လိုက်ကြည့်ရန် ရေးနိုးကို ဖိတ်ခေါ်သည်။

"ဒီအဆောင်တွေကို အလျင်ကလည်း ဦး ကြည့်ဖူးပြီးသား ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ဦး လှူဒါန်းထားတဲ့ ငွေတွေကို ဘယ်လို အသုံးချတယ် ဆိုတာကို ဦး အနေနဲ့ အလွတ်သဘော လိုက်ကြည့်ရတာ ပီတိ တစ်မျိုး ဖြစ်နိုင်ပါတယ်"

ခရစ်က ပြုံးလဲ့ကာ ပြောသည်။

ရေးနိုး ခေါင်းညိတ်ပြီး သူ၏ ကော်ဖီခွက်ကို ကုန်အောင် သောက်လိုက်သည်။ စားသောက်ဆိုင် အတွင်းမှ သူတို့ ထွက်ခဲ့ကြသည်။ ခရစ်က ရေးနိုး၏ ခွဲစိတ်ခန်းများ ကုသခန်းများ အားလုံး စုံအောင် လိုက်ပြသည်။ နာဗ်ကြောဆေး စမ်းသပ်ခန်းများသို့ ရောက်ရှိသောအခါ ရေးနိုး၏ စိတ်အာရုံသည် သူ့ ချေး ထံသို့သာ ရောက်ရှိနေကြောင်း ခရစ် ရိပ်မိသဖြင့် သူ၏ ဓာတ်ခွဲခန်း ဆီသို့ ခပ်သွက်သွက် လျှောက်သွားရတော့သည်။ ဓာတ်ခွဲခန်းသို့ ရောက်ရှိသောအခါ လော့လောဆယ် သူ လုပ်ဆောင်နေသော လုပ်ငန်းများကို ရှင်းပြသည်။ "ရေးနိုး ကလေးသူငယ်များ" ဟူသော စကားလုံးကို မသုံးမိအောင် သတိထားရသည်။

ယင်းသို့ဖြင့် အချိန် နှစ်နာရီ ကုန်ဆုံးသွားသည်။ ကလေး အထူးကုဆောင်သို့ သူတို့ ပြန်သွားကြသည်။ ရေးနိုး အပြင်က စောင့်နေသည်။ မှန်ပြတင်းကို ဖြတ်ပြီး ကြည့်နေသည်။ ခရစ်က ကလေးငယ်ကို စမ်းသပ်သည်။ ကလေး၏ အသားရောင် သိသာအောင် ပြောင်းသွားပြီ ဖြစ်သော်လည်း သူသည် နမူနာ ထုတ်ယူပြီး ဓာတ်ခွဲခန်းသို့ သူကိုယ်တိုင် သွားပို့ရန် ဆုံးဖြတ်သည်။

ဗီလီရူဗင် စစ်ဆေးမှုသည် ငါးမိနစ်မျှပင် မကြာပါချေ။ ဓာတ်ခွဲခန်း ကျွမ်းကျင်သူ တစ်ဦးသည် သူ့ အတွက် အသင့် စောင့်ဆိုင်းနေသဖြင့် အဖြေကို လျင်မြန်စွာပင် ရရှိပါသည်။

စင်္ကြံတွင် စောင့်ဆိုင်းနေသော ရေးနိုး ထံသို့ ပြုံးရွှင်စွာ လျှောက်သွားသည်။ ရေးနိုးကလည်း သူ ရှိရာ လျှောက်လာသည်။

"ဘယ့်နှယ်လဲ"

အဘိုးကြီးက မျှော်လင့်တကြီး မေးသည်။

"ကျွန်တော်တို့ အမှောင်ထဲက ထွက်လာပြီ၊ ဗီလီရူဗင်ဟာ ဆယ့်လေး ဒေါ်ပါးပဲ ရှိတော့တယ်"

ခရစ်က ပြောလိုက်သည်။

"နှစ်ရာခိုင်နှုန်းလောက် ကျသွားတာပဲ"

ယခုအခါ ရေးနိုးလည်း ပြုံးရွှင်လျက် ရှိသည်။ သည်ညဦးပိုင်းတွင် သူ့ အနေနှင့် ပထမဆုံးအကြိမ် စိတ်သက်သာရာ ရရှိသွားခြင်းပင် ဖြစ်တော့သည်။

"အလင်းကုထုံးနည်းရဲ့ အစွမ်းပဲ၊ ကုန်ပဒေသာဆိုင်ကြီးတွေမှာ သုံးတဲ့ ဖယောင်းဟုတ်တဲ့ မီးချောင်းတွေရဲ့ အစွမ်းပဲ"

ခရစ်က သူ့ကို ကလိသည့် အနေဖြင့် ပြောလိုက်သည်။

"ဟုတ်ပါပေ့ဗျာ"

ရေးနိုး အားရ ရွှင်လန်းစွာ ထောက်ခံသည်။

အထူးကုသဆောင် တံခါး ဆီသို့ ခရစ် လျှောက်သွားသည်။ ယခု အကြိမ်တွင်မူ သူက ရေးနိုးကို ပြောသည်။

"ဦး ကြည့်ချင်ရင် ဝင်ကြည့်နိုင်ပါတယ်"

ခရစ်က ရေးနိုး ဝင်နိုင်ရန် တံခါးကို ဖွင့်ပေးထားသည်။

တောက်ပသော အလင်းရောင်များ အောက်၌ ရှိနေသော ဘောဘီဆင်၏ အိုက်ဆိုလက် ဆီသို့ သူတို့ လျှောက်သွားကြသည်။ ကလေးငယ်သည် အိပ်မောကျနေသော ကလေး အသက်ရှူလျက် ရှိသည်။ သို့သော် အသက်ရှူပုံကား ညီညာမှန်ကန်သည်။ ခရစ် ဂရန့်သည် သူ့ လက်များကို ပလတ်စတစ်အိတ်များ၏ အတွင်းသို့ နိုက်သွင်းလျက် ကလေးငယ်ကို ဟိုဘက် သည်ဘက် လှည့်ပေးနေသည်။ နောက်ဆုံးတွင် ကျေနပ် အားရသွားဟန်ဖြင့် ရေးနိုး ဘက်သို့ လှည့်လျက် တီးတိုး ပြောသည်။

"တကယ်ပဲ၊ ကျွန်တော်တို့ အမှောင်ထဲက ထွက်ခဲ့ကြပြီ"

ရေးနိုး ဘာမျှ ပြန်မပြောပါ။ ကလေးငယ်ကိုသာ ငေးစိုက်ပြီး ကြည့်နေသည်။ သူ့ မျက်လုံးများ စိုစွေလျက် ရှိသည်။ ဂွန်စတူးဝပ် ရေးနိုး ဆိုသော ပုဂ္ဂိုလ်ကြီး၏ တစ်သက်တာ ရှာခဲ့၊ ဖွေခဲ့၊ လုပ်ဆောင်ခဲ့သမျှ အားလုံးသည် ဤကလေး၏ အတွက်ပင် ဖြစ်ကြောင်း ခရစ် ရုတ်ခြည်း သိမြင်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



ရေးနီးတွင် သား ရှိမရှိ ခရစ် စဉ်းစားမိသည်။ သို့တည်းမဟုတ် ရေးနီး …နေနှင့် သမီး အပေါ်တွင်သာ အားထားနေရသည်လော။

"သူ့ အခြေအနေကို ဒေါက်တာ ပြောနိုင်ပြီလား"

ရေးနီးက ရုတ်တရက် မေးလိုက်သည်။

"ကျွန်တော် ပြောပြီကော၊ သူ့ အခြေအနေ ကောင်းလာပြီလို့"

"မဟုတ်ဘူး၊ ကျုပ် မေးတာက ဦးနှောက် ထိခိုက် ပျက်စီးမှု"

"အခြေအနေ သင့်လျော်တာနဲ့ တစ်ပြိုင်နက် သူ့ကို ကျွန်တော် စစ်ဆေး ကြည့်မှာပေါ့၊ ဒီတစ်ရက် နှစ်ရက် အတွင်းမှာပဲပေါ့"

"အဲဒီအခါကျရင် သိရမလား"

ရေးနီးသည် အာမခံချက် တစ်ခုခုကို တောင်းဆိုနေသည့်အလား … မြန်း စုံစမ်းနေသည်။

"အဲဒီလောက်တော့ လွယ်လွယ်ပြောလို့ မရဘူး ထင်တယ်"

"ကျုပ်ကို ရှင်းပြပါ၊ ကျုပ် နားလည်ပါတယ်"

ခရစ်၏ စကားကို ကြားဖြတ်ပြီး ရေးနီးက ပြောလိုက်သည်။

"ကျွန်တော်တို့ သူ့ကို စစ်ဆေး ကြည့်မယ်၊ ပြီးတော့ ဆုံးဖြတ်ချ… ပေးမယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ အခြေအနေ တစ်မျိုး ဖြစ်မလာဘူး… မပြောနိုင်ဘူး"

"နောက်ပိုင်းမှာ ဆိုတာ ဘယ်လောက် ကြာရင်လဲ၊ တစ်ပတ်… တစ်လလား"

"လေး ငါးလပေါ့၊ ဒါထက် ကြာရင်လည်း ကြာမယ်ပေါ့"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျုပ်… ကျုပ် သူ့ကို လက်နဲ့ ကိုင်ကြည့်… ရမလား"

"ဦးရဲ့ လက်တွေ သန့်ရှင်းမယ် ဆိုရင် ဘာမှ အန္တရာယ် မရှိနိုင်ပါဘူး"

မစ္စတာ ရေးနီး သူ့ လက်များကို ဆေးကြော သန့်စင်သည်။ … ပြုး၏ အသက်သည် သည်ပေါ်မှာ တည်နေသည့် အလားပင် ဖြစ်သည်။ ပလက်စတစ်အိတ် အပေါက်ဝိုင်းများ အတွင်းသို့ လက်ကို ဘယ်လို နှိုက်သွ… ရမည်ကို ခရစ်က ပြသသည်။ ထိုအပေါက်များသည် လက်ကို သွင်းလိုက်သော အခါကျွင်မှ အလိုက်သင့် ပွင့်သွားကြခြင်း ဖြစ်သည်။ အဘိုးကြီးသည် ယပ်ေ… သော ကိုယ်ခန္ဓာကလေး ပေါ်တွင် သူ့ လက်များကို ဂရုတစိုက် ရွှေ့လျား…





…မ်းလိုက်သည်။ ထို့နောက် သူ့ လက်များကို ဂရုတစိုက် ပြန်နုတ်သည်။ …ပေါက်ဝိုင်းများကို သေချာစွာ ပြန်ပိတ်သွားစေသည်။

လူသွားလူလာ ရှင်းနေသော စင်္ကြံလမ်း ပေါ်သို့ ပြန်ရောက်ကြသော …ခါ မစ္စတာ ရေးနီးက–

"ဒေါက်တာ့ကို ကျုပ် အများကြီး ကျေးဇူးတင်ပါတယ်၊ ဒေါက်တာဟာ ကိုယ့်လုပ်ငန်းကို ကိုယ် တော်တော် နားလည် ကျွမ်းကျင်တဲ့ လူ တစ်ယောက် ပါ၊ ကလေးရဲ့ အခြေအနေ စိတ်ချသွားရတဲ့အထိ ကလေးနဲ့အတူ နောက်ထပ် …ပေးထယ့်ရှစ်နာရီလောက် ဒေါက်တာ နေပေးပါ၊ ဒေါက်တာရဲ့ ကျေးဇူးကို …ျုပ် တစ်သက်လုံး မမေ့ပါဘူး၊ ကျုပ်ဟာ သူတစ်ပါးရဲ့ ကျေးဇူးကို ပါးစပ် …ကောင် ပြောဖော်ရတဲ့ လူ တစ်ယောက် မဟုတ်ပါဘူး၊ လက်တွေ့ လုပ်ဆောင် …ပေးတတ်တဲ့ လူ တစ်ယောက်ပါ"

"ကျွန်တော် ဘာတစ်ခုကိုမှ မျှော်ကိုးပြီး လုပ်တာ မဟုတ်ပါဘူး"

ခရစ်က တုံ့ပြန်သည်။

"ဒီမယ် ဒေါက်တာ၊ တစ်နေ့ကျရင် အကြောင်းဆိုက် လာပါလိမ့်မယ် …ယ်နေ့ရယ်လို့တော့ ကျုပ် မပြောတတ်ဘူး၊ ဒါပေမဲ့ အဲဒီအခါကျရင် ဂျွန်စတူး …ဝ် ရေးနီး ဆိုတဲ့ လူက ဒေါက်တာအတွက် တစ်ခုခု လုပ်ပေးနိုင်ပါလိမ့်မယ်၊ …အခါမှာ ဒေါက်တာ လိုချင်တာ ဘာမဆိုဟာ ဒေါက်တာရဲ့ တယ်လီဖုန်းလို …ဒေါက်တာနဲ့ လက်တစ်ကမ်းမှာ ရှိနေပါလိမ့်မယ်"

ရေးနီးလို လူ တစ်ယောက်ကို ကန့်ကွက်စကား မဆိုအပ်ကြောင်း …ရိပြဖြင့် ခရစ်သည် "ကျေးဇူးတင်ပါတယ်" ဟု အလွယ်စကား ဆိုလိုက် …သည်။

"ပထမဆုံး ကျုပ်တို့ လုပ်ရမယ့် အလုပ်ကတော့ ဒေါက်တာနဲ့ …ဒေါက်တာရဲ့ မိန်းကလေးတို့ ကနေ့ည ပွဲ မကြည့်ဖြစ်တဲ့ ကိစ္စပဲ"

"အဲဒီအတွက် ဘာမှ ကိစ္စ မရှိပါဘူး ခင်ဗျာ"

"ဘယ်ဟုတ်မလဲ ဒေါက်တာရဲ့၊ နောက်တစ်ခါ နားရက်က ဘယ်နေ့ …လဲ"

"ဗုဒ္ဓဟူး"

"ဟုတ်ပြီ၊ ဗုဒ္ဓဟူးပေါ့"

ရေးနီးက သဘောတူညီချက် ရသွားသည့်အလား ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေများကို စိတ်ချသွားသည်နှင့် တစ်ပြိုင်နက် အဘိုးကြီးသည် လူငယ် တစ်ယောက်၏ အားမာန်မျိုးဖြင့် ဓာတ်လှေကား ဆီသို့ လျှောက်သွား တော့သည်။ ခရစ် ဂရန့်သည် အဘိုးကြီး စင်္ကြံလမ်းချိုးတွင် ပျောက်ကွယ် သွားသည်အထိ ကြည့်နေရင်း ဤလူကြီးသည် မိတ်ဆွေကောင်း တစ်ဦး ဖြစ်နိုင် သလို ကြောက်မက်ဖွယ် ကောင်းသော ရန်သူ တစ်ဦးလည်း ဖြစ်နိုင်ကြောင်း စိတ် ထဲတွင် စဉ်းစားနေမိသည်။ သည်လူကြီးသည် စိတ်ဓာတ် ပြင်းထန်လှ သည့် အလျောက် အကျိုးကျေးဇူးလည်း ပေးနိုင်စွမ်းသည်။ ထို့အတူ ဘေး အန္တရာယ်ကိုလည်း ပေးနိုင်စွမ်းပေသည်။



# ၃

ရှုနိုးက နောက် ဗုဒ္ဓဟူး အကြောင်း ပြောသောအခါတွင်မှ ခရစ်ဂရန့် အဲလစ် ကို အမှတ်ရ ရှိတော့သည်။ သူသည် မိန်းကလေးကို အကျိုးအကြောင်း ပြော ရှိသော်လည်း လက်တွေ့တွင်မူ ဖုန်းဆက်ဖို့ မေ့နေသည်။ ဤသို့မျိုး မေ့သည်က ဤတစ်ကြိမ်တည်းသာ မဟုတ်ပေ။

သူ့ လက်မှ နာရီကို ခရစ် ကြည့်လိုက်သည်။ ဆယ်နာရီ ဆယ်မိနစ်။ မိန်းကလေး အိပ်နေလောက်ပေပြီ။ မိန်းကလေးထံ ဖုန်းဆက်ရမလား။ မဆက် ရဘူးလား။ ဘယ်ဟာက အပြစ် ဖြစ်နေသလဲ။ မနက်ဖြန်ကျမှ ပြဿနာတွေ များကြီး ဖြစ်လာမည်။

အဲလစ်လို လှပသော မိန်းကလေး တစ်ယောက်သည် အင်မတန်မှပင် ရှုတို တတ်ပေသည်။ ကနေ့ည သူ့ ဘက်က ပျက်ကွက်ခြင်းသည် သူ၏ အလုပ် တာဝန်တွေကြောင့်လော၊ သို့မဟုတ် အခြား မိန်းကလေး တစ်ယောက် နှင့် တွဲနေ၍လောဟု အဲလစ် စဉ်းစားပေလိမ့်မည်။

ဆရာဝန် တစ်ယောက်ကို ဘယ်တော့မှ မယူဘူး ဆိုသော အဲလစ်၏ စကားမှာလည်း ဤသို့ အကြောင်းတွေကြောင့်ပင် ဖြစ်ပါသည်။ သူမသည် ပုလတ်ပိုင်း ဖြစ်သော ဆရာဝန်ပေါင်း မြောက်မြားစွာနှင့် တွေ့ကြုံခဲ့ဖူးပြီ။ သူတို့ အားလုံး အိမ်ထောင်ကျကုန်ကြလေပြီ။ အချို့သည် ဆေးရုံတွင် သူတို့ တွေ့ရှိရသော သူနာပြု ဆရာမကလေးများနှင့်ပင် ဖြစ်သည်။ သူမနှင့် ခရစ်တို့ တွေ့ဆုံခဲ့ကြရသလိုပင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ထပ်ခဲ့လျှင် ဆရာဝန် တစ်ယောက်တော့ မဖြစ်စေရဟု အဲလစ် ဆုံးဖြတ်ထားသည်။ ခရစ် ဂရန့်လို လှပ ချောမောသော ဆရာဝန်မျိုး မဖြစ်စေရပါ။

အဲလစ်သည် ယင်းသို့ ဆုံးဖြတ်ထားပြီး ဖြစ်သော်လည်း သူ့ မကြောင်ဘဲ အူမတိုဘဲ မနေနိုင်ပါ။ ခရစ် အနေနှင့်လည်း ယင်းအဖြစ်က သဘောကျ၍ မဆုံးပါ။

ဖုန်းဆက်ရန် သူ ဆုံးဖြတ်လိုက်သည်။ သူ ဖုန်းဆက်သည်။ တစ်ဖက်မှ တယ်လီဖုန်း မြည်သံ ခြောက်ကြိမ် ထွက်ပေါ်လာသည်။ ထိုအခါတွင် အဲလ အိပ်နေပြီ၊ သို့မဟုတ် အိမ်မှာ ရှိချင်မှ ရှိမည်ဟု ခရစ် စိတ်ကူးမိသည်။ သ သော် သူမ အိပ်ရာမှ နိုးလာပြီး တယ်လီဖုန်းနား ရောက်ခါမှ သူက တယ်လီဖု ချလိုက်လျှင် သူမ အနေနှင့် ပို၍ စိတ်ဆိုး ပေလိမ့်မည်။ ထို့ကြောင့် တယ်လီဖု သံ အလိုအလျောက် ပြတ်မသွားမချင်း တယ်လီဖုန်းကို သူ ကိုင်ထားမိသည်

နောက်ဆုံးတွင် တစ်ဖက်မှ အဲလစ်၏ ထူးသံ ထွက်ပေါ်လာသည် သို့သော် သူမ၏ ထူးသံက စကားလုံး တစ်လုံးအဖြစ် မပီသပါ။

"အဲလစ်ရေ... အချစ်... ကနေ့ညအတွက် ကိုယ် တောင်းပန် တယ်"

သူမသည် အိပ်ချင်မူးတူး ဖြစ်နေသဖြင့် ကနေ့ သူတို့ နှစ်ယော ချိန်းထားသည်ကိုပင် အမှတ်ရဟန် မရှိပါ။

"ကိစ္စ မရှိပါဘူး"

သူမက အမြန် ဖြေသည်။

"ကိုယ့်မှာ အရေးပေါ် တစ်ခု ရှိနေလို့ပါ"

"အင်း... အင်း"

"ကဲ အိပ်တော့"

ခရစ် ပြောလိုက်သည်။ မနက်ကျလျှင် သူ ဖုန်းဆက်သည်ကို မိန်း လေး မှတ်မိမည် မဟုတ်ပေ။ သူမက ဘာမျှ ပြန်မပြောဘဲ ဖုန်းချသွားသည်

ပူနွေးသော အိပ်ရာ ဆီသို့ ပြန်သွားသော သူမကို မျက်စိ ထဲတွ မြင်ယောင်လာသောအခါ ခရစ်၏ စိတ်များ လှုပ်ရှားလာတော့သည်။ ယ အချိန်တွင် သူမနှင့်အတူ သူ ရှိနေချင်သည်။ ညနေကသာ သူတို့ ပွဲ သွားဖြ





မျှင် ယခုအချိန်ဆိုလျှင် သူသည် သူမကို တင်းကျပ်စွာ ပိုက်ထွေးလျက် ရှိပေမည်။ သူမ၏ ပူနွေးသော အထိအတွေ့များကို ခံစားနေရပေမည်။

တစ်နေ့တွင် သူမသည် ဆရာဝန်များ အပေါ်တွင် ထားရှိသော အာဃာတများ ကင်းစင် သွားနိုင်ပေမည်။ ထိုအခါတွင် မိမိကို လက်ထပ်ရန် သူမအား တောင်းခံရပေမည်။ ယခုအချိန်တွင်တော့ သူမ၏ စည်းကမ်းများ အတိုင်း နေထိုင်ရပေမည်။

ခရစ်သည် ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်ရှိ သူ၏ အဆောင် ဆီသို့ လျှောက်သွားသည်။ သူသည် အဆောင်သို့ အသွား လမ်းတွင် မနက်ထုတ် သတင်းစာ တစ်စောင်ကို ဝယ်ယူသည်။ သတင်းစာ မျက်နှာဖုံးတွင် ထင်းနေ သော သတင်းခေါင်းစီး တစ်ခုကို တွေ့ရသည်။

## ရစ်ဇီစကွဲယားတွင် အဓိကရုဏ်း ဖြစ်ပွားခြင်း

ခရစ်သည် ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်လိုက်ပြီးနောက် သတင်း အပြည့်အစုံကို ဆက်ဖတ်သည်၊ အစိုးရကျောင်း အမှတ် ၁၄၆ ရှေ့တွင် ...အကျ မသိရှိရသေးသော အကြောင်း တစ်ခုကြောင့် အဓိကရုဏ်း ဖြစ်ပွားသည်။ သူ ပြောပြော၍အပြီး မကြာမတင် မီပင် ဖြစ်သည်။ အဓိကရုဏ်း ဖြစ်ပွားရခြင်း အကြောင်းရင်းကို အတိအကျ ဖော်ပြနိုင်ခြင်း မရှိသော်လည်း အဓိကရုဏ်း ဖြစ်ပွားပုံကိုကား သတင်းစာတွင် အပြည့်အစုံ ဖော်ပြ ပါရှိသည်။ ဆူပူသူများသည် အစိုးရကျောင်း တစ်ဝိုက်နှင့် ဆက်စပ်လျက် ရှိသော ...ကွက်များ၊ လမ်းများ အတွင်းသို့ စုဝေး ရောက်ရှိ လာကြပြီး ဆိုင်များ အတွင်းသို့ ချိုးဖောက် ဝင်ရောက်ကြသည်။ ပြတင်းပေါက် များကို ...ပစ်ကြသည်။ ဆိုင်တွင်းရှိ ပစ္စည်း များကို လုယူကြသည်။

နောက်ဆုံးတွင် ရဲများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆူပူသူများကို ...ဖူ ခွဲပစ်လိုက်ကြသည်။ မြို့တော်ဝန်က စုံစမ်းရေး ကော်မရှင် ဖွဲ့ပြီး စုံစမ်း ...ဆေးမည်ဟု ကြေညာသည်။

ခရစ်သည် အဝတ်များကို ချွတ်နေရင်းမှာပင် သတင်းစာပါ အဓိ ကရုဏ်း ခေါင်းစီးကို ကြည့်နေမိသည်။ အဓိကရုဏ်းတွင် အသုံးပြုခဲ့သော ...အားများကို အကျိုးပြု လုပ်ငန်းတွင် သုံးလိုက်ရလျှင် အဘယ်မျှ ကောင်း ...ပြည်နည်း။ သူ ကြိုးပမ်း ကိုင်တွယ်နေသည့် ကြားမှပင် အာဃာရဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျို့တဲ့ခဲ့သော လူကြီးများသည် အဆင့်အတန်း မမီသော ကလေးသူငယ်များ၏ မွေးထုက်ပျက် ရှိကြသည်။

သူသည် ပင်ပန်းနွမ်းနယ်စွာဖြင့် အိပ်ရာပေါ်တွင် လှဲချလိုက်သည်။ သူ၏ ဟောပြောချက်ကို စိတ်ဝင်စားစွာ နားထောင်ခဲ့ကြသော မိန်းမငယ်များကို သူ၏ စိတ်အာရုံတွင် မြင်ယောင်လျက် ရှိသည်။ အဓိကရကျဏ်း ဖြစ်သည့် အထဲတွင် ထိုမိန်းမငယ်များ မပါပါစေနှင့် ထိုမိန်းမငယ်များ မထိခိုက် မနာကျင်ပါစေနှင့်ဟု ဆန္ဒပြုနေမိတော့သည်။

*

နောက်တစ်နေ့ နံနက်တွင် အဲလစ်သည် ကလေးသူငယ်များ ပြုစုကုသ သူနာပြုဆရာမများ သင်တန်း မစမီတွင် အချိန် တစ်မိနစ် နှစ်မိနစ်ခန့် ရ သည့်အခပျောက် ခရစ် ထံသို့ ဖုန်းဆက်လေသည်။

"ခရစ်ရေ ညီမတို့ နောက် ဗုဒ္ဓဟူးမှာ တွေ့ကြမယ် ဟုတ်လား"

သူမ၏ အသံက တက်ကြွလှသည်။

"ဒီကိစ္စမျိုးတွေကို ညီမ စိစဉ်တာပဲ မဟုတ်လား၊ ညီမက သွားမယ် ဆိုရင် ကိုယ်တို့ သွားကြရုံပဲပေါ့၊ အဲဒီနေ့မှာ ကိုယ် ကောင်းကောင်း အား တယ်"

ခရစ်က အဖြေ ပေးသည်။

"ဒီကိစ္စကို ညီမက ပြောတာ မဟုတ်ဘူး၊ မနေ့ညက ကိစ္စကို တောင်း တဲ့ အနေနဲ့ အစ်ကို မနက်က ပို့လိုက်တဲ့ ပန်းတွေကို ပြောတာ"

"ပန်းတွေ၊ ဟုတ်လား"

သူ အံ့သြစွာ မေးလိုက်သည်။

"ဟုတ်တယ်လေ၊ နှင်းဆီပန်းတွေ ရဲနေတာပဲ၊ ဝေနေတာပဲ၊ မွှေးနေ ပဲ၊ နှင်းဆီပန်းနဲ့ ပိုးတာမျိုးကိုတော့ ညီမ သဘောကျပါတယ်"

"အဲဒီလို ဆိုရင် ဘယ်သူက ပို့တယ် ဆိုတာလဲ ကြည့်ပါဦး"

"မနေ့ညက အတွက် အစ်ကိုက တောင်းပန်လိုက်တဲ့ ကတ်ပြားက ပါတယ်လေ၊ ကတ်ပြားမှာ ဘာရေးထားသလဲ ဆိုတော့ လာမယ့် ဗုဒ္ဓဟူးည ညီမတို့ ပွဲ ကြည့်ကြမယ်တဲ့၊ ခုနစ်နာရီမှာ ညစာ စားဖို့ အစ်ကို လာခေါ်မယ်





"ကိုယ် ရေးတာ၊ ဟုတ်လား" ခရစ် မေးလိုက်သည်။ သူ့ခေါင်း ထဲမှာ ရှုပ်သွားသည်။ သို့သော် အခြေအနေမှန်ကို ချက်ချင်းပင် နားလည်သွားသဖြင့် "သြော်... ကိုယ် သိပြီ၊ အဲဒီ နှင်းဆီပန်းတွေဟာ ဖျွန်စတူးဝပ် ရေးနီး ပို့ လိုက်တဲ့ နှင်းဆီပန်းတွေပဲ၊ ဒီလူကြီးဟာ လုပ်မယ် ဆိုရင် တကယ် လုပ်တာပဲ၊ ကိုယ့်အနေနဲ့ ညီမ ဆီကို ဖုန်းဆက်ပြီး တောင်းပန်ချိန် မရတဲ့အတွက် ဒီလူကြီး က ညီမ ဆီကို နှင်းဆီပန်းတွေ ပို့ခဲ့တာပဲ"

"အို ဘာမှ အထူး တောင်းပန်စရာ မလိုပါဘူး၊ အဲဒီလိုသာ နှင်းဆီပန်း တွေ ပို့ပေးနေမယ် ဆိုရင် ပြီးတာပါပဲ"

ခရစ် ရယ်မောမိသည်။ ညက သူ ဖုန်းဆက်သည်ကို မိန်းကလေး မမှတ်မိပါ။ သည်လိုမျိုး သည်တစ်ကြိမ်သာ မဟုတ်ပါ။ ရေးနီး၏ နှင်းဆီပန်း တွေက တာသွားလှပေသည်။

*

ဗုဒ္ဓဟူးည၌ ဇာတ်ရုံတွင် သူတို့ ပွဲကြည့်ရသည်မှာ ခရစ် မျှော်လင့်ထားသည် ထက် ပိုပြီး ကြီးကျယ် သားနားပါသည်။ ရေးနီး ကုမ္ပဏီပိုင် ဓိမ်ခံ ကားကြီး မောင်းက သူတို့ကို အဲလစ်၏ အခန်းတွင် လာရောက် ခေါ်ဆောင်သည်။ သူတို့ကို မြို့တော်၏ အကောင်းဆုံး စားသောက်ဆိုင် တစ်ဆိုင် ခေါ်ဆောင် သွားသည်။ မန်နေဂျာက သူတို့ကို အထူး ဧည့်သည်တော်များအဖြစ် ဆီးကြို သည်။

ညစာ စားပြီးသောအခါ သူတို့ကို ဇာတ်ပွဲရုံသို့ အချိန်မီ ရောက်ရှိအောင် ကားဖြင့် ခေါ်ဆောင်သွားသည်။ ဇာတ်ရုံမီးများ မမှိတ်မီတွင် ရေးနီး သီးသန့် ခန်းသို့ သူတို့ ရောက်ရှိသွားကြသည်။ တီးဝိုင်း အဖွဲ့သားများက သူတို့ကို အံ့တသြ မော့ကြည့်ကြသည်။ ရေးနီး၏ သီးသန့် ပွဲကြည့်ခန်းတွင် ရောက် နေကြသူများမှာ မည်သူတွေနည်းဟု။

ထို့နောက် ဓိမ်ခံကားကြီးသည် သူတို့ကို အဲလစ်၏ အခန်းသို့ ပြန်ပို့ရာ လမ်းတွင် ခရစ်က အဲလှစ်ကို အလေးအနက် ပြောသည်။

"ကိုယ် ကိုယ်ပိုင် ဆေးခန်းဖွင့်တဲ့ အချိန်မှာ ညီမဟာ အမြဲတမ်း ပုံပဲ နေသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဲလစ်သည် လက်ထပ်မည့် စကား အရိပ်အငွေ့ကို ကြား၍ တိုင်း ပြန်ပြောလေ့ရှိသည့် အတိုင်း–

"အဲဒါကတော့ အစ်ကို့ သဘောနဲ့ အစ်ကို ဆုံးဖြတ်ဖို့ပဲပေါ့၊ အစ်ကို စိတ်ချမ်းသာမယ့် ကိစ္စကို အစ်ကို လုပ်ပါ"

သူ ဘယ်တော့မှ ကိုယ်ပိုင် ဆေးခန်း မဖွင့်မည်ကို သူမ သိပါသည်။ သူ အဖို့ သုတေသန လုပ်ငန်းနှင့် စာပေပို့ချခြင်းတို့က အရေးအကြီးဆုံးများ ဖြစ်ပါသည်။

သူမ အခန်း ရှေ့တွင် ကားရပ်သောအခါ အဲလစ်က ယာဉ်မောင်း ကြားသာအောင် အသံကျယ်ကျယ်ဖြင့် ခရစ်ကို ပြောသည်။

"မနက်ကျရင် အစ်ကို ဖုန်းဆက်နော်"

"ညီမ အခန်းကို အစ်ကို လိုက်ပို့မယ်လေ"

သူ အုံ့ဆိုင်းစွာဖြင့် ပြန်ပြောသည်။

"ညီမ ဘာသာ သွားပါ့မယ်"

ယင်းသို့ ပြောပြီး သူမ ထွက်သွားသည်။ သူမ၏ အပြုအမူကို မကျေနပ်သဖြင့် ခရစ်သည် သူ့ အခန်းသို့ ရောက်လျှင် ရောက်ချင်း သူမ ထံသို့ ဖုန်းဆက်သည်။

"ဘယ်လို လုပ်တာလဲ၊ ညီမကို စိတ်ဆိုးစရာ ကိုယ် ဘာလုပ်လို့လဲ"

"အစ်ကို ဘာမှ မလုပ်ပါဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့လဲ၊ ကိုယ်ကတော့ ပျော်စရာကောင်းတဲ့ ည ကလေး တစ်ခုကို မျှော်မှန်းထားတယ်"

"အို… အစ်ကိုရယ်၊ တကယ် ပျော်စရာကောင်းတဲ့ ညချမ်းကလေးပါ ပဲ၊ ဒါပေမဲ့ ညီမရဲ့ နာမည်နဲ့ ညီမရဲ့ အိမ်လိပ်စာကို ဂျွန်စတူးဝပ် ရေးနီးက ဘယ်လို လုပ်ပြီး သိသွားသလဲ"

"ဒီကိစ္စ ကိုယ် ခေါင်းထဲ ထည့်ပြီး မစဉ်းစားဘူး"

"ညီမတော့ စဉ်းစားတယ်"

"ကိုယ် ကျိန်ပြောဆို ကျိန်ပြောပါ့မယ်၊ ညီမ နာမည်ကို ကိုယ် မပြော ဘူး"

"ဒါဖြင့်ရင် ဆရာကြီး ဆိုဗို ပြောသလား"

"မဖြစ်နိုင်ဘူး၊ ဆရာကြီးဟာ သူများတွေရဲ့ အတွင်းရေးမှာ ဘယ်တော့ မှ ဝင်မစွက်ဘူး"





"အဲဒီလို ဆိုရင် အစ်ကိုရဲ့ ရေးနီးဟာ ညီမရဲ့ နာမည်နဲ့ လိပ်စာကို ဖွစကွ ရပြီး သိသွားတာပဲ၊ ဒီအတိုင်းသာ လွှတ်ထားရင် ညီမရဲ့ လောကီမှု တွေ အားလုံးကိုလည်း သူ သိသွားမှာပဲ၊ အဲဒါကိုတော့ ညီမ ဘယ်လိုမှ အသိ မခံနိုင်ဘူး"

"ဘုရားသခင်၊ ဒါမျိုးတွေကို မိန်းမတွေပဲ တွေးတတ်ပါကလား"

"ဒါပေမဲ့ အစ်ကိုရယ်၊ အစ်ကို့ အနေနဲ့ ညီမ အိမ်ကို လာချင်သေးတယ် ဆိုရင် ဘာဖြစ်လို့ အငှားကား တစ်စီး ငှားပြီး မလာသလဲ"

အမျိုးသမီးက တယ်လီဖုန်းမှ တိုးညင်းစွာ ပြောလိုက်သည်။

သူ ချက်ချင်းပင် ကားငှားပြီး သွားသည်။

ဂျွန်ရေးနီး အနေနှင့် သူ တစ်ပါး၏ ဘဝတွင်းသို့ ဝင်ရောက် ကျူးကျော် မှုကို လမ်းတွင်မှ စဉ်းစားမိသည်။ ဒီလူကြီးသည် သူ လုပ်ချင်ပြီ ဆိုလျှင် ဘာမဆို လုပ်နိုင်စွမ်းသူ ဖြစ်သည်။ ကိုယ့်ဘက်က အမြဲတမ်း သတိရှိထားဖို့ လိုပေမည်။

*

ဆင်ပဆန် ရေးနီးကလေး ကောင်းမွန်စွာ ကျန်းမာလာသည်။ သူ၏ ဗီလီရှုဗင် နှန်းသည် အလင်းကုထုံးနည်းဖြင့် ကုသပြီး ၇၂ နာရီ အတွင်းတွင် သိသိသာသာ ကြီး ကျဆင်းသွားသည်။ ကလေးသည် မွေးကင်းစ ကလေးမျှသာ ဖြစ်သော် လည်း ခရစ် ဂရန့်သည် မွေးကင်းစ ပါရဂူ တစ်ဦး ဖြစ်သဖြင့် ဤကလေးငယ် တွင် စိုးရိမ်စရာ ရောဂါ အခြေအနေ မရှိတော့ကြောင်း သေချာသည်။ သို့သော် သေချာသည်ထက် သေချာစေရန် ကလေးနာဗ်ကြော ပါရဂူကို စစ်ဆေးစေ သည်။ နာဗ်ကြော ပါရဂူကလည်း ခရစ်ကို ထောက်ခံသည်။ ကလေးငယ်ကို အမျိုးမျိုး စမ်းသပ် စစ်ဆေးကြည့်ရာ ကလေးငယ်၏ အခြေအနေမှာ ကျေနပ် ဖွယ်ရာ ဖြစ်သည်။ သို့ဖြင့် ရှစ်ရက်မြောက်နေ့တွင် ကလေးငယ်ကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

ဘေဘီ ဆင်ပဆန် ဆေးရုံမှ ဆင်းသည့်နေ့တွင် ဆရာဝန် အမှတ် တံဆိပ် ပါရှိသော 'ကွန်တီနင်တယ် မတ်ဖိုး' ကား အသစ်ကြီး တစ်စီး ဆေးရုံ ရှေ့တွင် ဆိုက်ရပ်ထားသည်။ ကားသော့နှင့် ကားလိုင်စင်တို့ကို အိတ်တစ်အိတ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ထည့်ပြီး ခရစ် ဂရန့်ကို ပေးရန် လူ တစ်ယောက် စောင့်ဆိုင်းနေသည်။ ဂျွန်စတူးဝပ် ရေးနိုး အမှတ်တံဆိပ် ပါရှိသော စာအိတ် ပေါ်တွင် စာကြော တစ်ကြောင်းသာ ရေးထားသည်။ 'ခင်မင်သော ခရစ်၊ ကျေးဇူးပဲ'။ ထို့နောက် 'ဂျွန်' ဟု လက်မှတ် ရေးထိုးထားသည်။

ထိုညမှာပင် ခရစ်သည် ကျေးဇူးတင်ကြောင်း၊ သို့သော် စေတနာ ရေစီးကမ်းပြို လိုက်ထားသော လက်ဆောင်ကို လက်မခံပါကြောင်း စာရေးပြီ ကားသော့ကို ပြန်ပေးလိုက်သည်။ နောက် နှစ်ရက် ကြာသောအခါတွင် ကားကို ဆေးရုံ ရှေ့မှ မောင်းယူသွားသည်။ ထို့နောက် ဂျွန်စတူးဝပ် ရေးနိုးသည် ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့သို့ စာရှည်ကြီး တစ်စောင် ရေးသားပေးပို့သည်။ ထိုစာတွင် ဒေါက်တာ ဂရန့်၏ ကုသမှု တော်ကြောင်း အထူးတလည်ပ ချီးကျူးထားသည်။ ထို့မျှမက ဒေါက်တာ ဂရန့်သည် လူနာနှင့် ပတ်သက် အမှန်အတိုင်း သိရှိ နားလည်အောင် လူနာရှင်များကိုလည်း ပညာပေး ကြောင်း တင်ပြထားသည်။

ယင်းသို့ဖြင့် ဆင်ပဆန် ရေးနိုး ကုသမှု ပြီးဆုံးသွားပြီဟု ယူဆရသည် ကုသမှု အောင်မြင်သည်။ လူနာ ကောင်းမွန် ကျန်းမာသည်။ အကောင်း အဆင့်သို့ ရောက်ရှိသည်။

မိုက်ဆိုဗိုသည် ဤကိစ္စအတွက် ခရစ်ကို အထူး ကျေးဇူးတင်လျ ရှိသည်။ အကြောင်းမှာ သူသည် မွေးကင်းစ ကလေးများအတွက် နာဗ်ကြော သုတေသန ဓာတ်ခွဲခန်း အသစ် တစ်ခု ရရှိရန် မျှော်မှန်း နေသောကြော ဖြစ်သည်။ သို့သော် ဤသို့သော ဓာတ်ခွဲခန်း အသစ် တစ်ခု ရရှိဖို့ကလည မလွယ်ဘဲ ရှိနေသည်။ ဤဓာတ်ခွဲခန်း အတွက် ငွေကြေး အထူး ကုန်ကျ ရှိနေသည်။ သည်အတွက် သူသည် ငွေကြေး ချမ်းသာသူများ ထံတွင် ရှေ့မျ နာ နောက်ထားပြီး အလှူခံရမည် ဖြစ်သည်။ အထူးသဖြင့် ဂျွန်စတူး ရေးနိုးလို လူမျိုးထံ အလျှင်ဆုံး သွားရမည် ဖြစ်သည်။ မိုက်ဆိုဗိုသည် ဆရာ ကောင်း တစ်ယောက် သုတေသီကောင်း တစ်ယောက် ဖြစ်သော်လည်း အလှူ ကောင်း တစ်ယောက်ကား မဟုတ်ပါချေ။ သို့သော် ယခုအခါတွင် ခရစ် ဆောင်ရွက်ချက်ကြောင့် သူ၏ လုပ်ငန်းမှာ အများကြီး လွယ်ကူသွားချေပြီ။

သို့မဟုတ် လက်ရှိ အခြေအနေတွင် လွယ်ကူသွားပြီဟု ထင်ရပါသည်



၄

လးလတာ ကာလ ကုန်လွန်ခဲ့သည်။ ဒေါက်တာ ခရစ်တိုဖာ ဂရန့်သည် တ်ကားကြီး ပေါ်တွင် လိုအပ်သော ဆလိုက်ကားများကို ထိုးပြလျက် သူ၏ ုတေသန စာတမ်းကို ဖတ်ကြားနေသည်။ သူ၏ ပရိသတ်မှာ အရှေ့ပိုင်း ည်ထောင်စု မွေးကင်းစ ကလေးငယ်များ ဆိုင်ရာ အဖွဲ့ကြီး၏ အသင်းဝင်များ ဖြစ်သည်။ "ရေးနိုး ကလေးသူငယ်များ" နှင့် ပတ်သက်ပြီး ပြောကြားရာတွင် ယခုအကြိမ်သည် သူ့ အနေနှင့် ပထမဆုံးအကြိမ် မဟုတ်သော်လည်း ဤမျှ များပြားပြီး ဤမျှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများကို ပြောကြားရခြင်းမှာ ပထမ ဆုံး အကြိမ်ပင် ဖြစ်တော့သည်။ သူ၏ ပရိသတ်ထဲတွင် ထင်ရှား ကျော်ကြား သော ပါရဂူကြီးများ အမြောက်အမြား ပါရှိသည်။ သူတို့သည် သူ ဆေးကျောင်း သား ဘဝကတည်းကပင် ထင်ရှား ကျော်ကြားနေခဲ့ကြသူများ ဖြစ်သည်။

သည်ပြဿနာနှင့် စပ်လျဉ်းပြီး သူ့ အလျင် သုတေသန ပြုခဲ့သူများကို မှ ကျေးဇူးစကား ဆိုသည်။ ထို့နောက် ရေးနိုး ကလေးများကို သူ လေ့လာခြင်း ဖြင့် တစ်ဆင့် တက်ခဲ့ရခြင်းကို တင်ပြခဲ့သည်။ ရေးနိုး ကလေးများသည် အသက်ရှင်လျက် ရှိကြသည် မှန်သော်လည်း သူတို့၏ ကိုယ်ခန္ဓာနှင့် အသိဉာဏ် ဖွံ့ဖြိုးမှုတို့သည် ပုံမှန် အဆင့်သို့ မရောက်ရှိနိုင်ဘဲ ဖြစ်နေကြသည်။

ပရိသတ်ကြီး ငြိမ်ပြီး အာရုံ စူးစိုက်လျက် ရှိသည်ကို တွေ့ရသောအခါ ခရစ်မှာ အားရှိရသည်။ သူသည် နိဂုံးချုပ် အနေဖြင့် သူ၏ အာဘော်ကို တင်ပြမည် ရှိခိုက်တွင် ဟောပြောပွဲ ခန်းမကြီး အတွင်းသို့ ဘေးပေါက် တစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



နေ၍ လူ တစ်ယောက် ပျာယီးပျာယာ ဝင်လာသည်ကို သူ မြင်တွေ့ရသည်၊
ထိုလူက ဆရာဝန် တစ်ဦးကို တစ်စုံတစ်ရာ တိုးတိုး မေးမြန်းသည်။ အမေးမြန်း
ခံရသူ ဆရာဝန်က ခရစ်ကို လက်ညှိုးထိုးပြသည်။ ထိုအခါ ပျာယီးပျာယာ
ဝင်လာသူသည် မတတ်သာသည့် အနေမျိုးဖြင့် တစ်နေရာတွင် ထိုင်ကာ
စောင့်ဆိုင်းနေသည်။

ခရစ်သည် သူ၏ ဟောပြောချက်ကို အာရုံပြုပြီး ပြောနေရသည်။

"ရေးနိုး ကလေးသူငယ်များလို့ ကျွန်တော် အမှတ်သညာပြုပြီး တင်ပြ
နေတဲ့ ကလေးသူငယ်များနဲ့ ပတ်သက်ပြီး အထူး အရေးကြီးတဲ့ အချက်ကတော့
သူတို့ ပြဿနာကို ဆေးပညာရှုထောင့် တစ်ခုတည်းကနေ ကြည့်လို့ မရပါဘူး၊
ဒီကလေးတွေက ဖွံ့ဖြိုးစ မိသားစုများလို့ အဆိုရှိတဲ့ မိသားစုများက ပေါက်ဖွား
လာကြသူတွေ ဖြစ်ပါတယ်၊ သူတို့ မိသားစုတွေဟာ မြို့စွန် ကျုးကျော်နေအိမ်
တွေက နေပြီး စီမံကိန်းနဲ့ ဆောက်လုပ်နေတဲ့ ပြည်သူ့ အိမ်ရာတွေကို ပြောင်း
ရွှေ့ လာကြပါပြီ၊ သူတို့ဟာ ဆင်းရဲ ကျပ်တည်းတဲ့ အဆင့်က ကျော်လွန်လာပြီ
လို့ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ရဲ့ အကဲကြည့် မှန်ဘီလူး အောက်မှာ
တွေ့ရှိနေရတာကတော့ ဒီလုပ်ဆောင်ချက်တွေက ဒီကလေးတွေရဲ့ ဦးနှောက်
ဖွံ့ဖြိုးမှုကို ထိထိရောက်ရောက် သယ်ပိုး စွမ်းဆောင်နိုင်ခြင်း မရှိသေးပါဘူး"

စာရွက်တစ်ရွက်ကို လက်ထဲတွင် ကိုင်ကာ တံခါး အနီးတွင် ထိုင်နေသူ
သည် ဂနာမငြိမ် ဖြစ်ကာ သူ့ လက်ထဲမှ စာရွက်ကို လက်နက် တစ်ခု ပမာ
ကိုင်တွယ်လျက် ရှိသည်ကို ခရစ် တွေ့မြင်ရသည်။ သို့သော် ခရစ်သည် သူ
မိန့်ခွန်းကို ဆက်ပြောသည်။ အကြောင်းမှာ အရေးကြီးသော အပိုင်းသို့ ရောက်
ရှိနေပြီ ဖြစ်သောကြောင့်တည်း။

"ဒီကလေးတွေ ရောဂါဘယ ဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ သူတို့ကို ကုသ
ဖို့ ကုသဖို့အတွက် ဒေါ်လာငွေတွေ ကုန်ငွေနဲ့ ချီပြီး အသုံးပြုကြတယ်၊ ဒါပေ
အဲဒီလောက် ငွေမကုန်ဘဲနဲ့ လုပ်နိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်၊ ဒီကလေး
တွေ ကိုယ်ဝန်ဆောင်တဲ့ အချိန်မှာ မိခင်လောင်းတွေကို ပညာပေးပြီး ပုံမှန်
အတိုင်း မွေးစေမယ် ဆိုရင် ဒီမျှလောက် ငွေကို ဘာမှ ကုန်စရာ မလိုတော့
ဘူး၊ လွန်ခဲ့တဲ့ ခေတ်တစ်ဆက်လောက်က ဆိုရင် ကျွန်တော်တို့ နားလည်ထား
တဲ့ နီဂရိုး ဆိုတဲ့ လူတွေဟာ လူပျင်းတွေ၊ ခြေသလုံး အိမ်တိုင်တွေ၊ ဘာမှ





းတက်မှု မရှိတဲ့ လူမည်းတွေပဲ၊ သူတို့ကို ကြည့်ပြီး လူတွေက ရယ်ကြတယ်၊
ချို့ စိတ်ကောင်းရှိတဲ့ လူတွေကတော့ သနားကြတယ်၊ အမှန်တော့ ဒီလို
စ်ရတာဟာ သူတို့ကို ပုံမှန်အတိုင်း မမွေးဖွားနိုင်ခဲ့လို့ပဲ"

"အဲဒီတော့ ကျွန်တော်တို့ဟာ ပြန်လည် ပြုပြင်ရေးတွေ လုပ်ရမယ်
ိုတာ အခြေအနေက တောင်းဆိုနေပြီ၊ ဒီလို ပြုပြင်ရေး လုပ်တဲ့ နေရာမှာ
ည်း ကျွန်တော်တို့က စရမယ်၊ ကျွန်တော်တို့လို မွေးကင်းစ ကလေး သူငယ်
ရုပ္ပတွေက စရမယ်၊ ကျွန်တော်တို့ လက်ထဲမှာ အချက်အလက်တွေ ရှိနေ
ယ်၊ ကျွန်တော်တို့ဟာ အခြေအနေမှန်တွေကို သိနေကြတယ်၊ ကျွန်တော်
ို့ နိုင်ငံရဲ့ လူမှုရေးနဲ့ စီးပွားရေး စီမံကိန်းတွေ မှန်မမှန် ဆိုတာကို ဆေးပညာ
ထောင့်ကနေ ကြည့်ရမယ်၊ သဘောတရားတွေ အယူအဆတွေပေါ်မှာ အခြေ
ခံဘဲ ခိုင်မာတဲ့ ဆေးပညာ အချက်အလက်တွေ ပေါ်မှာ အခြေခံရမယ်"

"အဲဒီလို ကျွန်တော်တို့ မလုပ်နိုင်ဘူး ဆိုရင် အသုံးမကျတဲ့ မျိုးဆက်
တစ်ခုကနေ အသုံးမဝင်တဲ့ မျိုးဆက် တစ်ခုကို ထပ်ပြီး မွေးဖွားသွားမှာပဲ၊
ဒီလိုနဲ့ပဲ အသုံးမကျတဲ့ မျိုးဆက်တွေ တစ်ခုပြီး တစ်ခု ဆင့်ပွားသွားမှာပဲ၊
ကျွန်တော်တို့ရဲ့ အချိန်တွေ အလဟဿ ဖြစ်ကုန်မယ်၊ ကျွန်တော်တို့ရဲ့ ကြိုးပမ်း
တွေ နောက်ကျ ကုန်လိမ့်မယ်၊ ကျွန်တော်တို့ ဆရာဝန်တွေဟာ ကလေးတွေ
မွေးဖွားမီနဲ့ မွေးဖွားပြီးစ အချိန်မှာ ကာကွယ်နိုင်တဲ့ ကိစ္စတွေကို အချိန်ကုန်
ခံ ပန်းခံပြီး ကုသရင်းနဲ့ တစ်သက်လုံး အချိန်ဖြုန်း သွားကြရမယ်၊ ဒါကြောင့်မို့
လို့ ဒီညီလာခံကြီး မပြီးခင်မှာ ကျွန်တော် အဆို တင်သွင်းချင်တာကတော့
ကျွန်တော်တို့ တွေ့ရှိထားတဲ့ အချက်အလက် အထောက်အထားတွေကို အခြေ
ခံပြီး အစိုးရက စီမံဆောင်ရွက် သွားဖို့ တိုက်တွန်းတဲ့ ဆုံးဖြတ်ချက် တစ်ခု
ချစေချင်ပါတယ်"

သူက ဆက်ပြီး ပြောချင်သေးသည်။ သို့သော် တံခါးပေါက်တွင်
ထိုင်နေသူ၏ လက် ထဲမှ စာရွက်ဖြူကလေးက သူ့ကို ဟန့်တားလျက် ရှိပါ
သည်။

ရှေ့ဆုံးတန်းတွင် ထိုင်နေသော လူကြီး တချို့က လွဲလျှင် သူ့ကို
တစ်ခဲနက် သြဘာပေးကြသည်။ ရှေးရိုးသမားကြီးတွေ အားမပေးသည့်
အတွက် ခရစ်သည် အံ့သြခြင်းလည်း မဖြစ်ပါ။ စိတ်ပျက်ခြင်းလည်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တွင် သူသည် လူအုပ်ကြီးကို တိုးဝှေ့ပြီး သူ့ ထံသို့ လာနေသူကို စိတ်ဝင်စား နေရသည်။ ထိုလူသည် သူ့ လက်ထဲမှ စာကို ဆရာဝန်များ၏ ခေါင်း ပေါ်တွင် မြှောက်ကာ ဝှေ့ယမ်းရင်း–

"ဒေါက်တာ ဂရန့်၊ စာ... စာ အရေးကြီးတယ်"

ထိုသူ၏ လက်မှ စာကို ခရစ် လှမ်းယူပြီး ဖတ်လိုက်သည်။

"ဒေါက်တာရဲ့ ဆေးရုံကို အမြန်ဆုံး ဖုန်းဆက်ပါ"

သို့ဖြင့် ခရစ်သည် သူနှင့် စကားပြောရန် ကြိုးစားနေကြသော ဆရာဝန်များကို တောင်းပန်ပြီး တယ်လီဖုန်း ရှိရာသို့ သွားရသည်။

သူသည် တယ်လီဖုန်း ဆီသို့ သွားနေရင်း စိုးရိမ်ပူပန်မှုတွေ အမျိုးမျိုး ဖြစ်ရသည်။ ပထမဆုံး အချက်ကတော့ သူ၏ ဆရာ မိုက်ဆိုဗို ဒုတိယအကြိမ် လေဖြတ်ချေပြီလောဟု ဖြစ်သည်။ ဆရာကြီးသည် စာပေပို့ချမှု၊ သုတေသန လုပ်ငန်း၊ အုပ်ချုပ်မှု တာဝန်နှင့် ခွဲစိတ်ခန်း အသစ်တစ်ဆောင် ရရှိရေး ကြိုးပမ်းမှုတို့ဖြင့် အလုပ်များ ပိနေသည်။ ခရစ်က အလုပ်တွေ လျှော့လုပ်ရန် နှစ်ကြိမ်လောက် ပြောဖူးသည်။ အဘိုးကြီး နားမဝင်ပါ၊ လက်မခံပါ။

မက်ထရိုပိုလီတန် ဆေးရုံကြီး ခလုတ်ခုံနှင့် ခရစ် ဆက်သွယ်မိသော အခါ အော်ပရေတာသည် ဘယ်သူနှင့် စကား ပြောလိုသနည်းဟုပင် မေးမနေ တော့ဘဲ သူ့ကို နံပါတ် တစ်ခုနှင့် ဆက်ပေးလိုက်သည်။ ဆိုဗို၏ အသံကို ကြားလိုက်ရသောအခါ ခရစ် စိတ်သက်သာရာ ရသွားသည်။

"ဆရာကြီးလား"

"ဟုတ်တယ် ခရစ်" အဘိုးကြီး၏ အသံမှာ ပန်းလျလျက် ရှိသည်။ "မောင်ရင့်ကို ကိုယ် မနှောင့်ယှက်ချင်ပါဘူး၊ ဒါပေမဲ့ အခြေအနေက စောင့်ဖို့ လို့ မရဘူး၊ ကိုယ့်ဆီကို ဂျွန်စတူးဝမ် ရေးနီး ကနေ့မနက်ပဲ ဖုန်းဆက်တယ် ဆင်ပဆန် ဘေဘီကလေးရဲ့ အခြေအနေ မကောင်းဘူးလို့ ပြောတယ်"

"ဘာပြောတယ် ဆရာကြီး"

ခရစ် မယုံကြည်နိုင်ဟန်ဖြင့် မေးလိုက်သည်။

"ဆင်ပဆန် ဘေဘီဟာ ပုံမှန် မဟုတ်တော့ဘူး"

"ဦးနှောက် ပျက်စီး သွားတာလား"

ခရစ် မေးသည်။

"အဲဒီ သဘောပဲ"





ဆိုဗို အလေးအနက် ဖြေသည်။

"ကလေးကို ကျွန်တော် ကိုယ်တိုင် မကြည့်ရဘဲနဲ့ ကျွန်တော် မယုံနိုင်ဘူး"

"အဲဒီကိစ္စ သိပ် မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီလို ဖြစ်ရတာ မောင်ရင့်ကြောင့်ပဲ ဆိုပြီး ရေးနီးက မောင်ရင့်ကို အပြစ်တင်နေတယ်" ခရစ် တစ်ခုခု ပြောမည် ရှိစဉ် ဆိုဗိုက ဆက်ပြောသည်။ "ခရစ်၊ လေယာဉ်ပျံနဲ့ ပြန်ခဲ့ပါ၊ အခု ချက်ချင်း ပြန်ခဲ့ပါ၊ ပထမဆုံး ရတဲ့ လေယာဉ်နဲ့ ပြန်ခဲ့ပါ"

ခရစ်သည် အထုပ်အပိုး ပြင်ဆင်ရန် သူ့ အခန်းသို့ ပြန်သည်။ သို့သော် ဇိတ် ထဲသို့ အင်္ကျီတစ်ထည် နှစ်ထည်သာ ထည့်ရသေးသည်။ တံခါး ခေါက်သံ ထွက်ပေါ်လာသည်။ တံခါး ဖွင့်လိုက်သောအခါ လူ နှစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ ဗော့စတန် ကလေးဆေးရုံမှ ဂျာရမီဗင်ဂမ်နှင့် ယူစီအယ်လ်အေမှ ကလေးသူငယ် ဌာနမှူး ကားအားရင့်တို့ ဖြစ်သည်။

"ကျုပ် ဒီကို လာတာ ကော်မတီ လူကြီး တစ်ယောက် အနေနဲ့ မဟုတ်ပါဘူး၊ ပြိုင်ဘက် တစ်ယောက် အနေနဲ့ပါ"

ဗင်ဂမ် ပြုံးပြီး ပြောသည်။

အားရင့်က သူ့ ကိုယ်သူ မိတ်ဆက်သည်။ အမှန်တော့ မလိုအပ်ပါ။

"ယူစီအယ်လ်အေက ကားအားရင့်ပါ"

"ကျွန်တော် သိပါတယ်၊ ဆရာ့ စာတမ်းတွေ အားလုံးကို ကျွန်တော် ဖတ်ဖူးပါတယ်"

ခရစ်က ပြောလိုက်သည်။

"ကျုပ်တို့ လာရင်း ကိစ္စကတော့ ခင်ဗျားကို အလိုရှိလို့ပဲ၊ အမြင့်ဆုံး နှုန်းနဲ့ပဲ၊ ပြဿနာကတော့ ခင်ဗျား အနေနဲ့ ဆုံးဖြတ်ဖို့ပဲ၊ ခင်ဗျား အနေနဲ့ မြို့ကြီး ပြကြီး ဖြစ်တဲ့ ဗော်စတန်မှာပဲ နေချင်သလား၊ ဒါမှမဟုတ် နယ်ခြား ဒေသမှာ မြင်းရထားကလေးနဲ့ ဆေးလိုက်ကုချင်သလား၊ ဒါပဲ"

ဧည့်သည် နှစ်ဦး ရယ်မောကြသည်။ သို့သော် ခရစ် မရယ်နိုင်ပါ။ သူသည် ရေးနီး အင်ပါယာကြီးနှင့် ထိပ်တိုက် မတိုးလိုသဖြင့် သူတို့ကမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို လက်ခံရန်ပင် စိတ်ကူးလိုက်မိသည်။ မိုက်ဆိုဗို၏ စိတ်ထိခိုက်နေသော အသံကို သူ အမှတ်မရခဲ့လျှင် တကယ်ပင် လက်ခံမည် ဖြစ်သည်။ ယခုမူ...

"ဆရာတို့ နှစ်ယောက်စလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေ ကျွန်တော့်ကို အရေးပေါ် ကိစ္စတစ်ခုနဲ့ ပြန်ခေါ်နေပါတယ်၊ ကျွန်တော့်ကို ရိုင်းတယ်လို့ မအောက်မေ့ကြပါနဲ့၊ ကျွန်တော့် ပစ္စည်းကလေးတွေ သိမ်းပြ လေဆိပ်ကို အမြန်ဆုံး သွားရပါမယ်"

"ကောင်းပြီလေ ဒေါက်တာ ဂရန့်၊ ဒါပေမဲ့ ခင်ဗျား ဆုံးဖြတ်ချက် ပြောင်းမယ် ဆိုရင်တော့ ကျုပ်ကို အမြန်ဆုံး အကြောင်းကြားပါ"

ဗင်ဂမ်က မပြုံးတော့ဘဲ မျက်နှာကို တည်လိုက်ပြီး ပြောသည်။

"ကောင်းပါပြီ ခင်ဗျာ"

*

လေယာဉ်ပျံနှင့် အပြန်ခရီးတွင် ဖြစ်နိုင်သည့် အချက်များ အားလုံးကို ခ စဉ်းစားကြည့်သည်။ ဆင်ပဆန် ကလေးငယ်ကို သူ့ လက်သို့ လွှဲပေးသ မှာ အချိန် သိပ် နောက်ကျနေပြီလော။ နေ့မစေ့ ရက်မစေ့မီ မွေးဖွားသေ ကလေးများ စောစီးစွာ အသားဝါ ဖြစ်ခဲ့လျှင် ထိခိုက်ပျက်စီးမှု လျင်မြန် သည်။ ကလေးငယ်၏ ဗီလီရူဗင်နှုန်းကလည်း စိုးရိမ်ဖွယ်ရာ အဆင့်သို့ လုံ မရောက်ရှိခဲ့ပါ။ အလင်းကုထုံးနည်းကလည်း ထိရောက် အောင်မြင်ခဲ့သ တခြားသော ကလေးငယ်များကို ကုသရာတွင် ပျောက်ကင်းခဲ့သလို့ပင် ပျော ကင်းခဲ့သည်။ သို့နှင့် ထိုဆေးရုံက ဆင်းပြီး လေးလ အကြာတွင် ကလေး ဦးနှောက် ထိခိုက် ပျက်စီးသည့် အရိပ်လက္ခဏာများ ပြလာသည်။ မဖြစ်နိုင်

တကယ်တော့ ဤကလေး ဘာမျှ မဖြစ်တန်ရာပါ။ ရည်မှန်းချက် ပြီး အစိုးရိမ် လွန်သော အဘိုးဖြစ်သူ ဂျွန်စတူးဝပ် ရေးနိုး၏ အကဲဆတ်မှ ဖြစ်ပေလိမ့်မည်။ အဘိုးကြီးသည် သမီးနှင့် သမက်တို့ကိုလည်း မျှော်လင့်ရ သိပ်ပေးထားပုံ ရသည်။ ကလေးငယ်သည် လေးငါးလသား အရွယ်လော တွင် ဦးနှောက် ထိခိုက် ပျက်စီးသည့် အရိပ်လက္ခဏာများ ပေါ်လာနိုင်ကြော အဘိုးကြီးကို သူ ပြောခဲ့မိသည်ကို ခရစ် ပြန်လည် စဉ်းစားမိသည်။ အဘိုး သည် ဤအချက်ကို မှတ်သားထားပြီး စောင့်ဆိုင်း ကြည့်ရှုနေဟန် ရှိသ





ယခုအခါတွင် သူ မကျေနပ်သည့် အားမရသည့် အချက် တစ်ခု နှစ်ခုကို တွေ့ရုံဖြင့် ကလေးငယ် ဦးနှောက် ထိခိုက်ပျက်စီးပြီဟု ကောက်ချက်ချပုံ ရသည်။

ဘာမျှ စိုးရိမ်စရာ မရှိဟု ခရစ် ယူဆလိုက်သည်။

*

"မောင်ရင့်ကို ကျုပ် ဘယ်လို ပြောရမလဲ မသိဘူး၊ ဒီလူကြီး ယထာဘူတ ကျတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကျုပ်တို့ဟာ အဲဒီအတွက်ကိုပဲ သတိ ထားကြ ရမယ်၊ အထူး သတိထားကြရမယ်"

မိုက်ဆိုဗိုက ပြောသည်။

"ကလေးကို ဘယ်သူ စမ်းသပ် စစ်ဆေးတာလဲ"

"မစ်ချဲ"

"တခြားသော ဘယ်သူ စစ်ဆေးသေးသလဲ"

"မစ်ချဲဟာ သမားကောင်း တစ်ယောက်ပဲ၊ သူဟာ ငွေမက်တာ မှန်ပေမဲ့ သူ့ကို သမားတော်ကြီး တစ်ယောက် အနေနဲ့တော့ လေးစားရမယ်၊ ကလေးမှာ သည်းခြေရည် ဦးနှောက်စွဲတဲ့ လက္ခဏာတွေ တွေ့ရတယ်လို့ သူ ပြောရင် သူ ပြောတာကို ကျုပ် ယုံရမှာပဲ"

"ကလေးကို ကျွန်တော် ကိုယ်တိုင် စစ်ဆေးကြည့်ချင်တယ် ဆိုရင် ကော"

"ကျုပ်တို့မှာ အဲဒီလို စစ်ဆေးပိုင်ခွင့် မရှိဘူး၊ ဥပဒေကြောင်းအရ စစ်ဆေးပိုင်ခွင့် မရှိဘူး၊ သူတို့ သဘောတူမှ ဖြစ်မယ်၊ သူတို့ ခွင့်ပြုမှ ဖြစ်မယ်"

"ရေးနိုး အဘိုးကြီးက ခွင့်ပြုမယ့် သဘော မရှိဘူးလား"

"တယ်လီဖုန်းမှာ ပြောတဲ့ သဘောကတော့ ခွင့်ပြုမယ့်ပုံ မရှိဘူး၊ ဒါပေမဲ့ ကျုပ် သူ့ကို ဖုန်းဆက်ကြည့်ပါဦးမယ်၊ ခွင့်တောင်း ကြည့်ပါဦးမယ်"

"ဒီကိစ္စက ဆရာကြီးရဲ့ ဓာတ်ခွဲခန်းသစ် စီမံကိန်းကို ထိခိုက်နိုင်တဲ့ အတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

"လူတွေက ဘယ်လိုပဲ ပြောပြော ကျုပ်တို့ဟာ ပိုက်ဆံ ရှိတဲ့ သူတွေရဲ့ ပေးကမ်းစွန့်ကြဲမှု ပေါ်မှာ ရပ်တည် နေကြတာပဲ၊ ဒါပေမဲ့ ကျုပ် လုပ်ပါ့မယ်၊ တစ်နည်းတစ်လမ်းတော့ လုပ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ခေါင်းမှ ဆံပင်များ ရှုပ်ထွေးနေသည်ကို ကြည့်ခြင်းအားဖြ
ဤကိစ္စသည် အဘိုးကြီးကို အများကြီး နှောင့်ယှက်လျက် ရှိကြောင်း ရေ
သိပါသည်။ အဘိုးကြီးသည် သူ၏ စီမံကိန်းအတွက် ရေးနိုး ထံမှ ထောက်ပံ့
တစ်ခုတည်းကိုသာ မျှော်လင့်ထားခဲ့သည် မဟုတ်။ ရေးနိုးနှင့် ပတ်သက်
တခြားသူများ ထံမှ လှူဒါန်းမှု ရရှိရန်လည်း မျှော်လင့်ထားပေသည်။

"ကလေးကို ကျွန်တော် ကိုယ်တိုင် စမ်းသပ်ကြည့်ပြီးမှ သူ့မှာ နော
ဆက်တွဲ ရောဂါဒဏ် ရှိမရှိ ဆိုတာကို ကျွန်တော် လက်ခံနိုင်မယ်၊ မိဘ
အကြောင်း ဆရာကြီးလည်း သိပါတယ်၊ များသောအားဖြင့် သူတို့ ပြောပြတ
တွေဟာ သူတို့ စိတ်ထဲက အစိုးရိမ်လွန်တာတွေ ဖြစ်တတ်တယ်"

ဆိုဗို ခေါင်းညိတ်သည်။ သို့သော် ယင်းသို့ စမ်းသပ်စစ်ဆေးခြင်း
ဖြင့် အခြေအနေကို ပြောင်းလဲစေလိမ့်မည် သို့မဟုတ် ကောင်းမွန် သွားစေလိ
မည်ဆိုသည့် အချက်ကို သံသယ ရှိနေပုံရသည်။ အဘိုးကြီး တယ်လီဖု
ဆက်မည် ရှိစဉ်တွင် ခရစ်က ဆက်ပြောသည်။

"ကလေးအမေကိုလည်း ကျွန်တော် စမ်းသပ်ကြည့်ချင်တယ်၊ ကလေ
အဖေကိုလည်း နည်းနည်းပါးပါး မေးချင်တယ်"

"ကျုပ် အနေနဲ့တော့ ဘာမှ တာဝန် မခံနိုင်ဘူး ခရစ်၊ ကျုပ် မေး
မယ်၊ ကျုပ်တို့ အနေနဲ့ ဘာမှ တောင်းဆိုနိုင်ခွင့် မရှိဘူး"

"ဒါပေမဲ့ ရောဂါ ဇာစ်မြစ်ကို ရှာဖွေတဲ့ နေရာမှာ နောက်ခံ ရာဇ
ပြည့်စုံဖို့ အရေးအကြီးဆုံးပဲ"

ခရစ်က လိုအပ်ချက်ကို ထောက်ပြသည်။

"အဲဒီအကြောင်းကို ကျုပ် ကြိုးစားပြီး ရှင်းပြမယ်လေ"

အဘိုးကြီးသည် စားပွဲ ပေါ်ရှိ စာရွက် အချို့ကို တွန်းဖယ်လိုက်သေ
အခါ တယ်လီဖုန်းကို တွေ့ရသည်။ သူသည် တယ်လီဖုန်း ပေါ်တွင် အတန်ကြ
လက်တင်ထားပြီးမှ စကားပြောခွက်ကို မ ယူလိုက်သည်။

"မစ္စတာ ရေးနိုး ဆီကို ဆက်ပေးပါ"

တယ်လီဖုန်း ဆက်သွယ်ပေးသည့်သူကို စောင့်ဆိုင်းနေစဉ်အတွ
နှစ်ယောက်စလုံး စကားမပြောဘဲ နှုတ်ဆိတ်နေကြသည်။

"ဂျွန်၊ မိုက်ပါ၊ မိုက်ဆိုဗိုပါ"

အဘိုးကြီး တိုးညင်းစွာ ပြောသည်။





"ပြောပါ"

"ဒေါက်တာ ဂရန့် ညီလာခံက ပြန်လာပြီ၊ သူ စိတ်မကောင်း ဖြစ်နေ
ယ်၊ တော်တော်ကြီးကို စိတ်မကောင်း ဖြစ်နေတယ်၊ ရောဂါ အထင်အမှတ်
းတာ ဖြစ်နိုင်တယ်လို့ သူ ယူဆနေတယ်"

"မစ်ချဲဟာ ကျုပ်တို့ မိသားစု ဆရာဝန်ပဲ၊ သူ့ကို ကျုပ်တို့ ယုံကြည်
ယ်"

ရေးနိုးက စကား ဖြတ်ပြီး ပြောသည်။

"မစ်ချဲကို လေးစားပါတယ်၊ ဒါပေမဲ့ မမှားသော ရှေ့နေ၊ မသေသော
းသမားတဲ့၊ နောက်တစ်ခါ ထပ်စစ်ကြည့်လို့ ကလေးကို ဘာမှ မထိခိုက်
ပါဘူး"

"မထိခိုက်နိုင်ဘူးပဲ ထားပါ၊ ဒါပေမဲ့ ဘာအကျိုးရှိမလဲ"

ရေးနိုးက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"ဒီမယ် ဂျွန်၊ တစ်ဆိတ်ကလေး သည်းခံပါ၊ ကျွန်တော်တို့ဟာ ကလေး
တွက် ခင်ဗျား စိုးရိမ်သလို စိုးရိမ်ပါတယ်၊ ကျွန်တော်တို့ဟာ ကလေးကို
ခိုက်အောင် လုပ်နေတယ်လို့များ ခင်ဗျား ထင်နေသလား၊ ကျွန်တော်တို့
ာ ကောင်းအောင် လုပ်နေကြတာပါ"

"ကျုပ် မသိဘူး"

"ဒီမယ် ဂျွန်၊ မစ်ချဲဟာ သိပ် ဂရုစိုက်လွန်း နေတာ ဖြစ်နိုင်ပါတယ်၊
ကလေးအတွက် ခင်ဗျား ဘယ်လောက် အလေးအနက် ထားတယ် ဆိုတဲ့
ချက်က သူ့ကို ဖိစီးနေနိုင်ပါတယ်၊ ဒီအခါမှာ ဆရာဝန် တစ်ယောက် အနေနဲ့
ဆုံးအဖြတ်ဟာ တစ်မျိုး ဖြစ်သွားနိုင်ပါတယ်"

အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ရေးနိုးက မေးသည်။

"ဘယ်မှာ လုပ်မလဲ၊ ဘယ်မှာ စစ်ဆေးမလဲ"

"ကျွန်တော်တို့ ဆေးရုံမှာပဲပေါ့"

"မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ကျုပ် အိမ်ထဲမှာ လုပ်မယ် ဆိုရင်တော့ အဲဒီ
ချိန်မှာ မစ်ချဲ ရှိနေတယ် ဆိုရင်တော့ ကျုပ် စီစဉ်ပေးမယ်"

"ကောင်းပါတယ်၊ ကောင်းပါတယ်"

ဆိုဗို ကျေးဇူးတင်စွာဖြင့် ပြောလိုက်သည်။

"ကလေး အမေကိုစွ မေးကြည့်စမ်းပါ၊ အဲဒါ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရစ် တိုက်တွန်းသည်။

ဆိုဗို စဉ်းစား ချိန်ဆပြီးနောက်–

"နောက်ပြီးတော့ တချို့ မေးခွန်းတွေကို ခင်ဗျား သမီးမှ ဖြေနိုင်မယ်၊ အဲဒီအချိန်မှာ သူ ရှိနေမလား"

"အတော် မလွယ်ကူတဲ့ ကိစ္စပဲ၊ ဂရန့်ကြောင့် သမီးဟာ အများကြီး ထိခိုက်နေရတယ်"

"ဒီမယ် ဂျွန်၊ အခု အချိန်အထိ ကလေး ဘာဖြစ်တယ် ဆိုတာကို ကျွန်တော်တို့ သေချာမသိသေးပါဘူး၊ အဲဒီအတွက် စွပ်စွဲချက်တွေ မလုပ်သင့် ပါဘူး"

ဆိုဗို၏ မျက်နှာ ဒေါသဖြင့် နီရဲနေသည်။ သူ့ လက်အောက်မှ လူ တစ်ယောက် ဤသို့ အပြောအဆို ခံရသည်ကို သူ မကြိုက်ပါ။

"သူ စမ်းသပ်ချင်တယ် ဆိုရင် ကလေးကို မစ်ချဲရဲ့ ရှေ့မှာ စမ်းသပ် နိုင်တယ်၊ ဒါပေမဲ့ ကျုပ် သမီးတော့ ရှိနေမှာ မဟုတ်ဘူး"

ရေးနိုး အကျယ်ကြီး ပြောလိုက်သဖြင့် သူ ပြောလိုက်သည့် စကားကို ဆိုဗိုက ခရစ်ကို တစ်ဆင့် ပြန်ပြောနေစရာပင် မလိုတော့ချေ။

ခရစ် ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ထို့နောက် ဘာမျှ လုပ်မကြည့် သည်နှင့်စာလျှင် သင့်သလောက် စမ်းသပ် စစ်ဆေးရသည်က တော်သေးသည် ဟု ယူဆပြီး သဘောတူညီကြောင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ဂျွန်၊ ကနေ့ညနေ ဆိုရင် သိပ်များ မြန်လွန်းနေမလား"

ဆိုဗိုက မေးလိုက်သည်။

"ကနေ့ညနေ လေးနာရီ"

ရေးနိုး စိတ်မရှည်ဟန်ဖြင့် ပြောပြီး တယ်လီဖုန်းကို ချသွားသည်။



၅

ရေးနိုး အိမ်ကြီးသည် ဝက်သစ်ချ တောင်ကုန်းဒေသ၏ အမြင့်ဆုံး နေရာတွင် ခံ့ညားမတ်မတ် တည်ရှိနေသည်။ ခရစ် ဂရန့်နှင့် မိုက်ဆိုဗိုသည် ခြံဝင်းကြီး အတွင်း ဝင်မိပြီး နောက်မှာပင် အိမ်ကြီး ဆီသို့ ရောက်အောင် မိနစ် အတန်ကြာအောင် သွားကြရသည်။ လဝန်းသဏ္ဍာန် ခြံဝင်းပေါက် ပေါ်တွင် အခြား ရာဝန် ကားတစ်စီး ရပ်ထားသည်ကို တွေ့မြင်ကြရသည်။ ဒေါက်တာ မစ်ချဲ သည် သူတို့ အလျင် ရောက်နေကြောင်း သေချာသည်။

သူတို့ကို ဘဏ္ဍာစိုး တစ်ဦးက စောင့်ကြိုပြီး ကြီးမား ကျယ်ဝန်းသော ကြိုပြားခင်း ခန်းမဆောင်ကြီးကို ဖြတ်ခေါ်သွားသည်။ သူတို့သည် ကြက်သွေး နှင့် ရွှေရောင် ရောယှက်နေသော အရှေ့တိုင်း ကော်ဇောကြီး ပေါ်တွင် နင်း လျှောက်ကာ ရောမ လှေကားကြီး တစ်ခု ဆီသို့ ရောက်သွားကြသည်။ နံရံ တစ်လျှောက်တွင် ပန်းချီကျော်များ ဖြစ်ကြသော မိုးနေးနှင့် ဗန်ဂိုးတို့၏ ပန်းချီ ကားပေါင်း မြောက်မြားစွာကို ခရစ် မြင်တွေ့ရသည်။ ဂျွန်ရေးနိုး၏ ချမ်းသာ ကြွယ်ဝမှုသည် မဖော်ပြနိုင်လောက်အောင်ပင် ဖြစ်သည်။

ဘဏ္ဍာစိုးကြီးက ဘေဘီ ဆင်ပဆန်ရှိရာ အခန်းသို့ ခေါ်ဆောင်သွား သည်။ ကလေးခန်းသည် လိုအပ်မှု မရှိအောင်ပင် ပြည့်စုံစွာ ဆင်ယင် မွမ်းမံ ထားသည်။ အဘိုးအဘွားများက မြေးတစ်ယောက်အတွက် စီမံထားပုံမျိုးထက် ချမ်းသာကြွယ်ဝသော မိဘများက သားသမီးများအတွက် စီမံထားပုံမျိုး ဖြစ်သည်။ ဂျွန်စတူးဝပ် ရေးနိုးသည် ဤကလေးကို သူ့ မြေး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ထက် သူ့ သား တစ်ယောက်အဖြစ် မှတ်ယူထားသည်မှာ ပို၍ ထင်ရှားေ တော့သည်။

ရေးနီးက သူတို့ကို ခပ်တည်တည်ပင် နှုတ်ဆက်သည်။ ထို့နော သူတို့ကို ဒေါက်တာ မစ်ချဲနှင့် မိတ်ဆက်ပေးသည်။ ဆိုဗိုသည် မစ်ချဲ ယခင်ကတည်းက သိကျွမ်းသော်လည်း ခရစ် အဖို့မူ ပထမဆုံးအကြိမ် တွေ ရှိဖူးခြင်းပင် ဖြစ်တော့သည်။

မျက်နှာ သွယ်သွယ်ချွန်ချွန်၊ ကိုယ်လုံးကိုယ်ထည် သေးသေးငယ်ငယ နှင့် ဖြစ်သော မစ္စက် ရေးနီးမှုကား ဘေးကာ နှစ်ဖက် ပါရှိသော ကလေးခုတ အနီးတွင် ကြွေထည် တစ်ခုကို ထောင်ထားသကဲ့သို့ ရှိနေသည်။ အဘွားကြ သည် သူတို့ကို ပြုံးပြရန် ကြိုးစားသေးသည်။ သို့သော် မအောင်မြင်ပ သူမသည် ခုံရုံးတင် ခံရသူပမာ ပင်ပန်းကြီးစွာ ရှိနေသည်။ အဘွားကြီး သူမ၏ လက်ကို ဆန့်တန်းပေးသောအခါ လူသေ တစ်ဦး၏ လက်ပမာ အေ စက်နေကြောင်း ခရစ် တွေ့ရှိရသည်။

ခုတင် ပေါ်မှ ကလေးငယ်ကို ခရစ် ငုံ့ကြည့်လိုက်သည်။ ကလေးမေ ကလေး တစ်ယောက် ဖြစ်သည်။ အသားဖြူသည်။ ပါးနှစ်ဖက် ရဲရဲနီ နေသည နှာတံကလေး ပေါ်လွင်သည်။ နို့မှုန့်ကြော်ငြာများတွင် တွေ့ရသော ကလေ တစ်ယောက်လို လုပ ချောမောသည်။ သို့သော် အကြင်နာတရား ကင်းမဲ့သေ သဘာဝတရားကြောင့် အချို့သော ကလေးချောကလေးများသည် ကြော မက်ဖွယ်ရာ ဝေဒနာဆိုးကို ခံစားနေရတတ်ကြောင်း ခရစ် သိရှိရပါသည်။

"အစာ ကောင်းကောင်း စားသလား"

မစ်ချဲကို သူ မေးလိုက်သည်။

"မှန်မှန်ပါပဲ"

"အအိပ်ကော"

"သိပ် မဆိုးပါဘူး"

သည်အထိတော့ ကောင်းနေတုန်းပဲဟု ခရစ် တွေးလိုက်သည်။

"ကိုယ် အလေးချိန်ရော"

"ပုံမှန်ထက် လျော့တယ်"

မစ်ချဲ၏ အဖြေက ဝေဖန်ချက်သဘော ပါနေသည်။

ခရစ်သည် ခုတင် အတွင်းသို့ လက်နှိုက်လိုက်ပြီး ကလေးငယ် ခေါင်းကို ဖွဖွကလေး စမ်းကြည့်သည်။ ပုံပန်းပျက်သည့် အရိပ်လက္ခဏ





မတွေ့ရ။ ဤလည်း ကောင်းသည့် အချက်ပင်။ သို့သော် ပေကြိုးကို အသုံးပြု ကြည့်သောအခါတွင် သူ့ ခေါင်းထဲတွင် ပထမဆုံး သံသယ ဝင်ရသည်။ ကလေးငယ်၏ ခေါင်းသည် ပုံမှန် အရွယ်အစားထက် မသိမသာ သေးငယ် လျက် ရှိသည်။

ခရစ်သည် သူ့ အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကလေးကို ထုတ်ယူပြီး ကလေးငယ်၏ မျက်လုံးများကို ထိုးကြည့်သည်။ တုံ့ပြန်သည့် အခြင်းအရာ မတွေ့ရပါ။ နောက်တစ်ကြိမ် ထပ်ပြီး ထိုးကြည့်သည်။ မျက်လုံးများ မလှုပ် ရှားပါ။ မီးရောင်ကြောင့် မလှုပ်ရှားပါ။

သူ ကုန်းငုံ့ပြီး ကလေးငယ်ကို ပွေ့ယူလိုက်သည်။ ကလေးငယ်၏ ကိုယ်ခန္ဓာကလေးသည် သူ့ လက်ထဲတွင် ပျော့စိပျော့ဖပ်ကလေး ရှိနေသည်။ ထိတ်လန့်ခြင်းကို ခရစ် ပထမဆုံးအကြိမ် ခံစားလိုက်ရသည်။ ဂျွန်ရေးနီးက သူ့ကို မျက်လုံးကြီးများ အပြူးသားဖြင့် စိုက်ကြည့်နေသည်ကို သတိပြုမိသဖြင့် ခရစ်သည် ဘောဘီဆင်ပဆန်ကို ကလေး လက်တွန်းလှည်းကလေး ဆီသို့ ယူသွားပြီး မှောက်လျက်သား ချထားလိုက်သည်။ ကလေးငယ်သည် အနည်း ဆုံး ခေါင်းကလေးတော့ ထောင်လာလေမလား ဟူသော မျှော်လင့်ချက်ဖြင့် ဖြစ်သည်။ သို့သော် ကလေးငယ်သည် မလှုပ်မယှက် ရှိနေသည်။ ကလေး ငယ်၏ ဦးခေါင်းကို ညင်သာစွာ သူ မ လိုက်သည်။ သို့သော် လေးလသား အရွယ်တွင် ရှိရမည့် လည်ကုပ်သားတို့သည် မရှိပါချေ။ ကလေးငယ်ကလေး၏ ကိုယ်ခန္ဓာကို သူ့ လက်များဖြင့် စမ်းသပ်ကြည့်သောအခါ ကလေးငယ်သည် လှုပ်ရှားနိုင်ခြင်း မရှိသည်ကို ခိုင်မာစွာ တွေ့ရှိရတော့သည်။

ကလေးကို သူ ထိုင်ခိုင်းကြည့်သည်။ သို့သော် ကလေးသည် မထိုင်နိုင် ဘဲ ယိုင်လဲသွားသည်။ ကလေးကို သူ ပက်လက်လှန်ထားလိုက်ပြီး တစ်ဖက် သို့ လှည့်ကာ ကလေး ခါးတောင်းကျိုက် တစ်ထည်ကို ယူလိုက်စဉ်တွင် နောက်ဘက်တွင် တဆတ်ဆတ် တုန်ယင်နေသော မစ္စက် ရေးနီးကို တွေ့ရ သည်။ မိုက်ဆိုဗိုသည် ချွေးတွေ ပြန်နေပြီး မျက်နှာကို လက်ဝါးဖြင့် ပွတ်သုတ် လျက် ရှိသည်။ ဒေါက်တာ မစ်ချဲသည် ခပ်မဆိတ် ရှိနေသည်။

ခရစ်သည် ခါးတောင်းကျိုက် အဝတ်ကလေးကို ကလေး၏ မျက်နှာ ပေါ်တွင် ညင်သာစွာ ဖုံးအုပ်လိုက်သည်။ လေးလသားအရွယ် ကလေး တစ်ယောက်သည် သူ့ မျက်နှာ ပေါ်တွင် ဖုံးအုပ်လာသော အဝတ်ကို ဖယ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရန် တစ်နည်းနည်းဖြင့် အားထုတ်ရမည် ဖြစ်သည်။ သို့သော် ကလေးပေ သည် အနည်းငယ်မျှပင် မလှုပ်ရှားပါ။

ခရစ် မရဲတရဲဖြင့် ဆိုဗိုကို ကြည့်လိုက်သောအခါ အဘိုးကြီးကလည်း သူ့ကို လှမ်းကြည့်သည်ကို တွေ့ရသည်။ သူတို့ နှစ်ဦး အလွန်အမင်း ကြောက် လန့် စိုးရိမ်နေသည့် အချက်သည် တကယ်ပင် ဖြစ်ချေတော့သည်။

"ဦးနှောက် လျှပ်စစ်မှတ်တမ်း လုပ်ကြည့်ရင် ကောင်းမယ်"

ခရစ် တိုးညင်းစွာ ပြောလိုက်သည်။

"အခုလည်း ဒေါက်တာ မျက်မြင် ကိုယ်တွေ့ ဖြစ်နေပြီ မဟုတ်လား ကိုယ်ခန္ဓာ ပျော့နေတယ်၊ မတုံ့ပြန်ဘူး၊ ခေါင်းမထောင်နိုင်ဘူး၊ မျက်နှာ အဝတ်နဲ့ အုပ်ကြည့်ပြီးပြီ၊ အီးအီးဂျီ လုပ်ကြည့်ဖို့ လိုသေးသလား"

အထောက်အထားများ ခိုင်လုံနေပြီကို ခရစ် သိပါသည်။ မစ်ချဲ ပြော သည်မှာ မှန်ပါသည်။ ဦးနှောက် လျှပ်စစ်မှတ်တမ်း လုပ်ကြည့်ခြင်းသည် ထင်ထင်ရှားရှား သိနေပြီးသား အချက်တွေကို အတည်ပြုချက် ရယူခြင်းသာ ဖြစ်ပေမည်။

"ဘယ်လိုလဲ ဒေါက်တာ၊ အခု ဘာလုပ်ကြမလဲ"

ရေးနီးက ရန်လိုသော လေသံဖြင့် မေးလိုက်သည်။

ခရစ် သူ့ ဘက်သို့ လှည့်လိုက်ပြီး–

"ဒေါက်တာ မစ်ချဲရဲ့ သုံးသပ် ဆုံးဖြတ်ချက်ကို ကျွန်တော် သဘောတူ ပါတယ်၊ ကလေးအမေနဲ့ ကျွန်တော် ခဏ စကား ပြောချင်တယ်"

"ကျုပ်နဲ့ ပြောပါ၊ ကျုပ် နောက်ကို လိုက်ခဲ့ပါ"

ရေးနီး တုံးတိတိ ပြောသည်။

မိုက်ဆိုဗိုကို ခရစ် ကြည့်လိုက်သည်။ အဘိုးကြီး သူ့ကို ပြန်ကြည့် နေသည်။ ဘာမျှ မတတ်နိုင်တော့သည့် အမူအရာ ဖြစ်သည်။

ခင်ပွန်းသည် ဒေါသ ဖြစ်နေသည်ကို သိသဖြင့် မစ္စက်ရေးနီး ကြားမှ ရန် ကြိုးစားသည်။

"ဥျန် မလုပ်ပါနဲ့တော့၊ ဘာ အကျိုးထူးမှာလဲ"

ရေးနီးက အဘွားကြီးကို ကြည့်လိုက်သည်။ အဘွားကြီး တိတ်သွား သည်။ မစ္စတာ ရေးနီး တံခါးကို ဖွင့်လိုက်သည်။ ခရစ် ဂရန့်နှင့် မိုက်ဆို တို့ အခန်း အပြင်သို့ ထွက်မိသောအခါ ရေးနီးက အောက်ထပ်ရှိ စာကြည့်ခန်း ဆီသို့ လက်ညှိုး ထိုးပြသည်။





ကြီးမားသော ရေးဟောင်း ဝက်သစ်ချ စားပွဲကြီး ပေါ်တွင် ဗျန်စတူးဝပ် ရေးနီးနှင့် တစ်နိုင်ငံလုံးရှိ သူ၏ လုပ်ငန်းများသို့ ဆက်သွယ်သော တယ်လီဖုန်း များ ရှိသည်။ စားပွဲထောင့်စွန်း တစ်နေရာတွင် ကွန်ပျူတာ တစ်လုံး ရှိသည်။ ရေးနီးသည် ကွန်ပျူတာ ခလုတ်တစ်ခုကို အသာအယာ နှိပ်လိုက်ရုံဖြင့် သူ ကြိုက်သော ကုန်ဈေးနှုန်းကို သတ်မှတ်နိုင်ပေသည်။ အဘိုးကြီးသည် ဤအခန်း ကျယ်ကြီး အတွင်းမှ နေ၍ ကမ္ဘာကြီး တစ်ခုလုံးကို ချုပ်ကိုင်ထားဟန် ရှိသည်။

ရေးနီးသည် စားပွဲ၏ နောက်ဘက်တွင် နေရာယူလိုက်သည်။ သို့သော် ကုလားထိုင်တွင် မထိုင်ပါ။

"ကဲ"

သူက စကား တစ်လုံးတည်း ခရစ်ကို စွဲချက် တင်လိုက်သည်။ ပြစ်ဒဏ် မှတ်လိုက်သည်။

"မစ္စတာ ရေးနီး ခင်ဗျား၊ ဦး သမီးနဲ့ ကျွန်တော် စကား ပြောချင်တယ် ဆိုတာ ထပ်ပြောပါတယ်"

ခရစ် တုံ့ပြန်လိုက်သည်။

"ဒေါက်တာ ပြောစရာ ရှိတာ ကျုပ်ကို ပြောပါ၊ အမှန်အတိုင်း ပြောပါ၊ စာစောပိုင်းက မပြောဘဲ ထားခဲ့တဲ့ စကားတွေကို ပြောပါ"

"အဲဒါတော့ မဟုတ်ဘူး"

ခရစ် သူ့ ကိုယ်သူ ကာကွယ်လိုက်သည်။

"မဟုတ်ဘူး ဟုတ်လား၊ ဒေါက်တာ ဘာဖြစ်လို့ ကျုပ်ကို ပြောစရာ ရှိတဲ့ စကားတွေ အကုန်လုံးကို မပြောခဲ့တာလဲ"

"အကုန်လုံး၊ ဟုတ်လား"

ခရစ် နားမလည်ဟန်ဖြင့် မေးလိုက်သည်။ မိုက်ဆိုဗိုကို လှမ်းကြည့် သည်။ အဘိုးကြီးလည်း စိတ်ရှုပ်ထွေးနေဟန် ရှိသည်။

"ဟုတ်တယ် အကုန်လုံး၊ ခင်ဗျားတို့ ဆရာဝန်တွေဟာ ခင်ဗျားတို့မှ တတ်တယ် နားလည်တယ်လို့ ထင်နေကြတယ်၊ ကျုပ် မြေးကလေးကို ခင်ဗျား တယ်လို ကုသတဲ့ အကြောင်း ကျုပ်ကို အကုန်လုံး ပြောပြစမ်းပါ ဆိုတော့ ခင်ဗျားက ကျုပ်ကို ဘာမှ နားမလည်တဲ့ ဓိဝိတဒါန လူနာ တစ်ယောက်လို သဘောထားခဲ့တယ်၊ ဒါပေမဲ့ ကျုပ်ဟာ ဘာမှ နားမလည်တဲ့ တော့ တစ်ယောက် မဟုတ်ပါဘူး၊ ရောဂါလက္ခဏာတွေကို ကျုပ် ပထမဆုံး သိတာပဲ၊ ဆေးညွှန်း ကြည့်တိုက်ကို ကျုပ် ကိုယ်တိုင် သွားလေ့လာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"စာကြည့်တိုက်မှာ ကျုပ် အကုန်လုံး ဖတ်ရတာပဲ၊ မွေးခါစက
လေးလသားအထိ ကလေးတွေ နာဗ်ကြော ချွတ်ယွင်းမှု ဖြစ်ရင် ဘယ်
အရိပ် လက္ခဏာ ပြတယ် ဆိုတာကို ကျုပ် လေ့လာတယ်၊ စောစောက ခင်ဗျာ
လုပ်ခဲ့တဲ့ စမ်းသပ်မှုမျိုးတွေကို ကျုပ် ကိုယ်တိုင် လုပ်ကြည့်ခဲ့တယ်၊ ဒီအကြော
ကျုပ် သမီးကို ပြောတာဟာ ကျုပ်ပဲ၊ ဒေါက်တာ မစ်ချဲကို ပြောတာ လည်
ကျုပ်ပဲ၊ ကျုပ် မြေးနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ ကျုပ် မယုံဘေ
ဘူး"

"ဂျွန် အခုကိစ္စမှာ ဘယ်သူမှ ခင်ဗျားလောက် မခံစားရဘူး ဆိုတ
ကျုပ် သိပါတယ်၊ ဒီကလေးနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လောက် မျှော်မှ
ထားတယ် ဆိုတာကိုပါ ကျုပ် သိပါတယ်၊ ဒါပေမဲ့ တချို့ ကိစ္စတွေမှာ ဆရာဝ
တွေ ဘာမှ မတတ်နိုင်ပါဘူး"

"ဒီကိစ္စက မတတ်နိုင်တဲ့ ကိစ္စ မဟုတ်ဘူး"

"ခင်ဗျား မြေးဟာ အသားဝါ ဖြစ်နေတယ် ဆိုတာ ထင်ရှား
အထောက်အထားတွေ ရှိနေတယ်၊ ခင်ဗျားရဲ့ မိသားစု ဆရာဝန်ကလည
ပြောတယ်၊ အဲဒါကြောင့်လည်းပဲ ကလေးကို ကျုပ်တို့ လက်ထဲ လွှဲပေးလို
တာပဲ"

"အသားဝါ ဖြစ်တာ မှန်တယ်၊ အဲဒီအတွက် ကလေးကို ကုသရမယ်"

"ဒေါက်တာ ဂရန့်ကလည်း ကလေးကို ကုခဲ့တာပဲ၊ ကလေးကို
အမြန်ဆုံး ကုသတယ်၊ အကောင်းဆုံး ကုသတယ်"

မိုက်ဆိုဗို ရှင်းပြသည်။ သူ၏ ရှင်းပြချက်သည် လျှော့ထား တော
ပန်နေသည့် အလားမှုင် ဖြစ်သည်။ အဘိုးကြီး ယင်းသို့ ဖြစ်ရသည့်အတွ
ခရစ် စိတ်မကောင်းပါ။

"မစ္စတာ ရေးနီး ခင်ဗျာ၊ အဲဒီအချိန်တုန်းက အနားမှာ လူကြီးမ
ရှိနေတာပဲ၊ နှစ်ဆယ့်လေးနာရီ အတွင်းမှာ ကုသခဲ့တာတွေကို လူကြီးမ
ကိုယ်တိုင် စောင့်ကြည့်နေခဲ့တာပဲ၊ ဆယ့်နှစ်နာရီ အတွင်းမှာ ဗီလီရူဗင် ဓေ
ဆင်းသွားတာကို လူကြီးမင်း အမြင်ပဲ၊ အိုက်ဆိုလက် အနားမှာ လူကြီးမ
ရပ်နေခဲ့တာပဲ၊ လူကြီးမင်းကိုတောင် ကလေးကို ကိုင်ကြည့်ခွင့် ကျွန်ုပ်
ပေးခဲ့တာပဲ၊ လူကြီးမင်း မမှတ်မိဘူးလား"

ခရစ်က ပြောလိုက်သည်။





"ကျုပ် မှတ်မိပါတယ်" ရေးနီး၏ အသံ ကျယ်လောင်သည်။ "ဒါပေမဲ့
ဒီအချိန်က ကျုပ် သိခဲ့တာက နောက် ဘာဖြစ်နိုင်တယ် ဆိုတဲ့ နောင်းဖြစ်
ကျိုးကို ကျုပ် မသိအောင် ဒေါက်တာက တမင် ဖုံးကွယ်ခဲ့တဲ့ အချက်ပဲ"

"ဘယ်လို နောင်းဖြစ် အကျိုးလဲ"

ခရစ် မေးလိုက်သည်။

"အဲဒီ ဆေးပိဋကတ်တိုက်မှာ အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့
ချက်တွေကို ကျုပ် သိခဲ့ရတယ် ဒေါက်တာ၊ ခင်ဗျားရဲ့ အဖိုးတန် အလင်း
ကုထုံးနည်း အကြောင်းကိုလည်း သိခဲ့ရတယ်၊ ခင်ဗျားဟာ ကျုပ်ကို ဘာဖြစ်လို့
မှန်တွေကို မပြောခဲ့ရတာလဲ၊ ဘာဖြစ်လို့ ကျုပ်ကို တမင်သက်သက် လှည့်
ခဲ့ရတာလဲ"

"ဦးကို ကျွန်တော် ဘာမှ မလှည့်ဖြားပါဘူး"

"ကျုပ် မြေးကလေးရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး ဒေါက်တာ ကျုပ်ကို
ခဲ့တယ်၊ ပဋ္ဌလက်နည်းနဲ့ ကုလိုက်တယ်၊ ကလေးရဲ့ ကိုယ်လေးမှာ မီးရောင်
တွ ထွန်းလိုက်တယ်၊ ပျောက်စေ ဆိုပြီး ကုလိုက်တဲ့ အတိုင်းပဲ"

"အဲဒီ စကားလုံးတွေကို ကျွန်တော်က မပြောပါဘူး"

"အဲဒီ စကားတွေကိုတော့ မပြောဘူးပေါ့၊ ဒါပေမဲ့ ခင်ဗျား လုပ်လိုက်ပုံ
ဒီသဘောပဲ၊ အသားဝါ ဖြစ်နေတဲ့ ကလေးကို အလင်းရောင် အောက်မှာ
ားလိုက်တယ်၊ အလင်းရောင်ကြောင့်လား တခြား ဘာကြောင့်လည်း မသိဘူး၊
လီရူဗင်နှုန်း ကျသွားတယ်၊ အသားဝါတာ ပျောက်သွားတယ်၊ ကလေးရဲ့
ဂါ ပျောက်သွားတယ်၊ ဒါပေမဲ့ ဒီအတွက် အန္တရာယ် ရှိနိုင်တယ် ဆိုတာကို
ါက်တာ ဘာဖြစ်လို့ မပြောသလဲ၊ နောက်ပိုင်းမှာ နောင်းဖြစ်အကျိုး ရှိနိုင်
ယ် ဆိုတာကို ဘာဖြစ်လို့ မပြောသလဲ၊ ပြောစမ်းပါ"

ရေးနီး ဒေါသတကြီး မေးသည်။

"ခင်ဗျား ကျုပ်ကို ပြောသင့်တယ်၊ ကျုပ် အနေနဲ့ သိထားသင့်တယ်၊
မှ ကျုပ်ဟာ တခြား ဆရာဝန်တွေကို ခေါ်ပြီး တစ်နည်းတစ်ဖုံ ကုနိုင်မယ်၊
င်ဗျား ကျုပ်ကို ပြောရမယ်"

"ဂျွန် ဘာ ပြောတာလဲ၊ ဘယ်လို နောင်းဖြစ် အကျိုးလဲ"

မိုက်ဆိုဗို တိုးညင်းစွာ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက် အလင်းကုထုံးနည်းရဲ့ နှောင်းဖြစ် အကျိုးပေါ့၊ အလင်း ကုထုံးနည်းဟာ ကလေးရဲ့ အစာအိမ်ကို ဒုက္ခပေးနိုင်တယ်၊ ကလေးရဲ့ ကိုယ်မှာ အဖုအပိန့်တွေ ထွက်စေနိုင်တယ်၊ ကလေးရဲ့ မျက်လုံးကို ပျက်စီးစေနိုင်တယ်"

"ပထမ နှစ်ချက်က အာဂန္တု သဘောလောက်ပဲ ဖြစ်နိုင်တယ်၊ မျက်လုံး နဲ့ ပတ်သက်လို့တော့ ကျွန်တော် အကာအကွယ် လုပ်ပေးထားတယ်၊ ကိုယ်တိုင်လည်း အမြင်ပဲ၊ အဲဒီကလေးဟာ မြင်လွှာ ပျက်စီးတာ မဟုတ်ဘူး ဆိုတာကို ဘယ်ဆရာဝန်က မဆို ပြောနိုင်တယ်"

"ကလေးရဲ့ ဦးခေါင်း အရွယ်အစားနဲ့ ပတ်သက်လို့ ဘာပြောမလဲ" ရေးနိုး၏ အသံ မြင့်တက်လာပြန်သည်။ "အဲဒါကို ခင်ဗျား ဘာပြောသလဲ၊ အဲဒါနဲ့ ပတ်သက်လို့ ရေးထားတဲ့ စာတမ်း တစ်ခု ရှိတယ်၊ အဲဒီစာတမ်းကို ကျုပ် ဖတ်ပြီးပြီ၊ အလင်းကုထုံးနည်းဟာ ဦးခေါင်း ကြီးထွားမှုကို ထိခိုက်စေ တယ်လို့ ဆရာဝန် တစ်ယောက်က ပြောထားတယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး အယူအဆ နှစ်မျိုး ရှိနေပါတယ်၊ နောက် တင်သွင်းတဲ့ စာတမ်းတွေမှာ ဒီအချက်ကို ငြင်းထားပါတယ်၊ အဲဒီ ငြင်း အထဲမှာ စောစောက ဆရာဝန်လည်း ပါပါတယ်"

ခရစ် ချေပသည်။

"အဲဒါကို သိရလို့ ကျုပ်မှာ ဘာအကျိုး ရှိမလဲ၊ ကျုပ် မြေးကလေး အပေါ်ထပ်မှာ ရှိနေတယ်၊ သူ့ရဲ့ ခေါင်းဟာ ပုံမှန် အနေအထားထက် သေး တယ်၊ တစ်သက်လုံးလည်း ဒီအတိုင်းပဲ ဖြစ်သွားတော့မယ်၊ ဒီအချိန်မှာ အချက်ကို ငြင်းတဲ့ ဆရာဝန်တွေ ရှိတယ် ဆိုတာကို သိရလို့ ကျုပ်မှာ အကျိုးထူးမှာလဲ၊ တကယ်တော့ ဒီလိုမျိုး ဒေါက်တာ မလုပ်သင့်ဘူး၊ လုံး မလုပ်သင့်ဘူး"

"ဂျွန်၊ အလင်းကုထုံးနည်းဟာ တရားဝင် တည်ရှိနေတဲ့ ကုထုံးနည်း"

ဆိုဗို ရှင်းပြသည်။

"ဒီမယ် ဆိုဗို၊ ကျုပ် ဘယ်ဆရာဝန်တွေကိုမဆို ဘယ်တော့မှ မယုံ ဘူး၊ ခင်ဗျားကိုလည်း မယုံတော့ဘူး"

ဆိုဗို၏ မျက်နှာ နီရဲသွားသည်။ သို့သော် သူ ဘာမျှ ပြန်မပြော ရေးနိုးက ဆက်ပြောသည်။





"တစ်သက်လုံး၊ သူ့ ဘဝ တစ်သက်လုံး ဒီအတိုင်းပဲ နေသွားရတော့ မယ်၊ အဲဒီ သူငယ်လေးဟာ သူ့ ဘဝ တစ်သက်လုံးမှာ အသုံးမဝင်တဲ့ လူ တစ်ယောက် အဖြစ်နဲ့ အချိန် ကုန်ဆုံးသွားရတော့မယ်၊ ကျုပ်ဟာ ယောကျ်ား လေး အမွေခံ တစ်ယောက် ရဖို့အတွက် နှစ်ပေါင်း လေးဆယ်လုံးလုံး စောင့်ခဲ့ တယ်၊ သားယောကျ်ား မရရင် မြေးယောကျ်ားလေး ရမယ် ဆိုပြီး စောင့်စား ရတယ်၊ ကျုပ် စောင့်ထားတာ ရလည်းရရော သူဟာ တစ်ခါတည်း အဖျက် ခံလိုက်ရတယ်၊ တတ်သိနားလည်တဲ့ လူတွေရဲ့ ဖျက်ဆီးခြင်းကို လိုက်ရတယ်၊ ဂုဏ်သိက္ခာ ရှိထိုက်တဲ့ လူတွေရဲ့ ဖျက်ဆီးခြင်းကို ခံရတယ်၊ ဒီ လူတွဟာ လိမ်ခဲ့ ညာခဲ့ကြတယ်၊ ဖုံးခဲ့ ဖိခဲ့ကြတယ်၊ ကုသမှုရဲ့ အကျိုး များကိုသာ ပြောပြီး ဘေးအန္တရာယ် ရှိနိုင်တာကို မပြောခဲ့ကြဘူး"

ခရစ် ဘက်သို့ သူ လှည့်လိုက်ပြီး–

"ဒီမယ် ဒေါက်တာ၊ ဒီကိစ္စအတွက် ငါ ဘာမှ မဖြစ်ဘူးလို့တော့ အောက်မေ့လိုက်နဲ့၊ ဆေးလောကထဲကို ဝင်ခဲ့မိတာ ငါ မှားတာပဲလို့ နောင်တ ရမယ်၊ ခင်ဗျားကို ကျုပ် ကောင်းကောင်းကြီး ပညာပေးရမယ်"

"ဂျွန်..."

မိုက်ဆိုဗို သည်မျှသာ ပြောနိုင်သည်။

ရေးနိုးသည် မိုက်ဆိုဗို၏ ကြားဖြတ်ပြောမှုကို ဂရုမထားဘဲ–

"ဒီမယ် ဒေါက်တာ၊ ခင်ဗျားကို ဒေါက်တာရမ်းကု အဖြစ်နဲ့ ကျုပ် ရားစွဲ ရလိမ့်မယ်၊ နစ်နာကြေး ဒေါ်လာ ငါးသန်း တောင်းရမယ်၊ ခင်ဗျား ကို တစ်ခါတည်း ဖျက်ဆီးပစ်ရမယ်၊ ခင်ဗျား ဒီနိုင်ငံမှာ ဆေးပညာနဲ့ သက်မွေး ဝမ်းကျောင်းလုပ်ဖို့တော့ လုံးလုံး စိတ်မကူးနဲ့တော့"

"ဂျွန်၊ ခင်ဗျားဟာ ဘာကိုမှ ဂရုမစိုက်ဘူး ဆိုရင်တောင် ခင်ဗျား ည်ထောင်ခဲ့တဲ့ ကျုပ်တို့ ဆေးရုံကြီးကိုတော့ အမှတ်ရပါ"

မိုက်ဆိုဗို မေတ္တာရပ်ခံသည်။

"တစ်ချိန်တုန်းကတော့ ခင်ဗျား ပြောတာ အမှန်ပဲ၊ ဒါပေမဲ့ ဒီက က်ပိုင်းမှာတော့ ကျုပ် ဆီက ခြူးတစ်ပြားမှ မမျှော်လင့်နဲ့တော့"

"မဟုတ်သေးပါဘူး"

"သိပ် ဟုတ်တာပေါ့၊ ဂျွန်စတူးဝပ် ရေးနိုးဟာ သူ ပြောလို့ရှိရင် တဲ့ အတိုင်းပဲ၊ ခင်ဗျားတို့ဟာ ကျုပ် ဆီက ပိုက်ဆံကို မရရုံသာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အစိုးရ ဆီက ပိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ မရစေရဘူး၊ ကျုပ်မှာ လုပ်နိ
တဲ့ အာဏာ ရှိတယ်"

ထို့နောက် သူသည် ခရစ် ဂရန့် ဘက်သို့ လှည့်လိုက်ပြန်ပြီး-

"မင်း မှတ်ထား၊ ငါ့အနေနဲ့ သေသွားတဲ့ အထိ လုပ်ချင်လုပ်ရပါ
မင်းကို စိစိညက်ညက်ကြေတဲ့ အထိ ခြေပစ်မယ်"

*

ခရစ် ဂရန့်သည် တရားရုံးမှ ပေးပို့ ဆင့်ဆိုလိုက်သော သမ္မန်စာ၏ ခေါင်း
ကို ငေးစိုက်ပြီး ကြည့်နေသည်။ သူ့ တစ်သက်တွင် ဤလိုစာမျိုးကို ပထမ
အကြိမ် တွေ့မြင်ဖူးခြင်းပင် ဖြစ်သည်။ ထို့နောက် သူသည် ရုံးတော်
အကြောင်းကြားစာကို ဆက်ပြီး ဖတ်သည်။ စာ၏ ဆိုလိုရင်း အနှစ်ချုပ်
နားလည်နိုင်ရန် ကြိုးပမ်းသည်။

ဂျွန်ရေးနီး ဆင်ပဆန် မည်သော ကလေးငယ်ကလေးကို တလွဲတ
မှားယွင်း ကုသမှုဖြင့် တရားစွဲဆိုထားခြင်း ဖြစ်သည်။ သူ၏ မှားယွင်းသေ
ကုသမှုကြောင့် ကလေးငယ်သည် အကြီးအကျယ် ဆိုးရွားစွာနှင့် အစဉ်ထာ
ထိခိုက် ပျက်စီးခြင်း ဖြစ်ရသည်ဟု ဆိုသည်။ ယင်းသို့ ထိခိုက် ပျက်စီးရခြ
အတွက် နစ်နာကြေးငွေ ဒေါ်လာ ငါးသန်း တောင်းဆို ထားသည်။

ရယ်စရာ ကောင်းလှသည်ဟု သူ အောက်မေ့သည်။ သို့တစေလ
တစ်ချိန်တည်းမှာပင် ဂျွန်ရေးနီး၏ ခြိမ်းခြောက်မှုကိုလည်း သူ သတိရလို
သည်။

မိုက်ဆိုဗိုနှင့် ဆေးရုံကြီး အုပ်ချုပ်ရေး အဖွဲ့တို့သည်လည်း ခရစ်
အလားတူပင် မိတ္တူတစ်စောင်စီ ရရှိကြသည်။ တရားလို ဘက်မှ လိုက်
ဆောင်ရွက်မည့် ပါကင်ဆီးယားနှင့် ဝက်ဒလေ ဥပဒေအကျိုးဆောင် အဖွဲ့သ
မက်ထရိုပိုလီတန် ဆေးရုံကြီး၏ ဥပဒေ အကျိုးဆောင် အဖွဲ့လည်း ဖြစ်
သည်။ ယင်းကြောင့် ဤအမှုတွင် နှစ်ဖက် တိုက်ဆိုင်နေသဖြင့် ဆေးရုံကြ
ဘက်မှ သူတို့ လိုက်ပါ ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို ခွင့်လွှတ်ပါ
တောင်းပန်ထားသည်။





သို့ဖြင့် ခရစ်တို့ ဘက်မှ တကယ် လိုက်ပါဆောင်ရွက်မည့် အကျိုး
ဆောင်အဖွဲ့သည် ဆေးရုံကြီး၏ ဥပဒေရေးရာ အာမခံ ကုမ္ပဏီက ရွေးချယ်
ပေးသော ဥပဒေအကျိုးဆောင် အဖွဲ့သာလျှင် ဖြစ်ပေမည်။ အာမခံ ကုမ္ပဏီ၏
စာချုပ်အရ ခရစ် ဂရန့်နှင့် မိုက်ဆိုဗိုတို့သည် ဆေးရုံ ဝန်ထမ်းများ ဖြစ်ကြ
သဖြင့် အာမခံ ကုမ္ပဏီသည် ဆေးရုံအုပ်ချုပ်ရေး အဖွဲ့နည်းတူ သူတို့ နှစ်
ယောက် အတွက်လည်း ခုခံ ကာကွယ်ပေးရမည် ဖြစ်သည်။

ဤအမှုကို ရုံးတွင် တရားစွဲဆိုလိုက်သည်နှင့် တစ်ပြိုင်နက် သတင်းစာ
များတွင် ဤအမှုအကြောင်း အကြီးအကျယ် ရေးသားကြတော့သည်။
အကြောင်းမှု ဤအမှုတွင် ဂျွန်ရေးနီး ပါဝင်နေသည်က တစ်ကြောင်း၊ နစ်နာမှု
လျော်ကြေးငွေ များပြားလှသည်က တစ်ကြောင်းတို့ကြောင့်ပင် ဖြစ်သည်။
အမှုဖြစ်ပွားပြီး ဆယ်ရက် အတွင်းတွင် ခရစ် ဂရန့် တနှစ်စောင် လက်ခံ
ရရှိသည်။ ပထမ တစ်ရက်တွင် တစ်စောင် ရရှိပြီး နောက်တစ်ရက်တွင်
တစ်စောင် ထပ်မံ ရရှိသည်။ တစ်နေ့ တစ်စောင်နှုန်းဖြင့် နှစ်ရက်ဆက်တိုက်
ရရှိခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၆

ခရစ်သည် ပလတ်စတစ် အိမ်ကလေး အတွင်း၌ အသက်ကောင်းကော မရှူနိုင်သဖြင့် တွန့်လိမ်လျက် ရှိသော ကလေးကလေးကို ငေးစိုက်ပြီး ကြ နေသည်။ ကလေးငယ်သည် နေ့စေ့လစေ့ မွေးဖွားခြင်း ဖြစ်သော်လည်း ကို အလေးချိန် မပြည့်မီဘဲ သေးငယ် ကြုံလှီလှသည်။ ရုတ်တရက် တွန့်လိမ်က တက်သွားပြီး ပါးစပ်မှ စိမ်းဖန့်ဖန့် အရည်အမြှုပ်များ ထိုးအန်သည့် အ တွင်သာ ကလေးငယ်၏ စူးစူးရှားရှား အဆက်မပြတ် အော်ငိုနေခြင်းသ ခေတ္တခဏ ပြတ်သွားတတ်သည်။ ခရစ်၏ ဘေးတွင် ရပ်လျက်ရှိသော အထ ဆရာမသည် ကလေးငယ် အဖြစ်ကို ကြည့်ပြီး ဒေါသ ဖြစ်နေသည်။

"ဒီလိုမျိုး မွေးမယ့် အစားတော့ ကိုယ်ဝန် ဖျက်ချလိုက်ကြဖို့ ကော တယ်"

ဆရာမက ပြောလိုက်သည်။

"ကလေးအမေ ဘယ်မှာလဲ"

ခရစ်က မေးလိုက်သည်။

"ဝပ်ဒ် စီ၊ သားဖွားဆောင်"

"သူ့ကို မေးပြီး ကြပြီလား"

"သူ ပြောတာတော့ မမွေးခင် သုံးရက်အတွင်း ဆေးတစ် မချဘူးတဲ့"





ခရစ်သည် တွန့်လိမ်နေသော ကလေးငယ်ကို ကြည့်ရင်း ဒေါသဖြင့် ပြောလိုက်သည်။

"ဒါ ညာတာပဲ၊ သူ့ကို ကျုပ် တွေ့ပြီး မေးမယ်၊ ကျုပ်ကို ဆေးထိုး အိတ်နဲ့ ခလိုပရိုမေဇင် နည်းနည်း ပေးလိုက်စမ်းပါ"

ဆရာမသည် တစ်ဖက်သို့ လှည့်ပြီး ဆေးထိုးအိတ်နှင့် ဆေးပုလင်း တို့ကို ယူသည်။ ခရစ်သည် ဆေးထိုးပြွန်တွင် အပ်ကို တပ်ဆင်ပြီးနောက် ဆေးပုလင်း ထဲမှ ဆေးရည် နည်းနည်း စုပ်ယူလိုက်သည်။ ထို့နောက် သူသည် ပလတ်စတစ်အိမ် အတွင်းသို့ လက်လျှိုသွင်းပြီးနောက် ကလေးငယ်၏ တင်ပါး ကို အရက်ပြန် သုတ်လိုက်သည်။ ပြီးလျှင် အပ်ကို လျင်မြန်စွာ ထိုးစိုက်လိုက် ပြီးနောက် ကလေးငယ်၏ ကိုယ်တွင်းသို့ ဆေးသွင်းပေးသည်။ ကလေးငယ် သည် အနည်းငယ် ရှုန်းကန်ပြီးနောက် ငြိမ်သက်စွာ ဖြစ်နေသည်။ ခရစ်သည် ဆေးထိုးပြွန်ကို ဆရာမသို့ ပြန်ပေးလိုက်ပြီးနောက် ဝိတ်စကလေးများ တောင်း ယူသည်။ ထို့နောက် ကလေးငယ်၏ ပါးစပ်မှ အန်ထွက်နေသော စိမ်းဖန့်ဖန့် အမြှုပ်ရည်များကို ဝိတ်စဖြင့် ညင်သာစွာ သုတ်ပေးသည်။ ထိုးပေးလိုက်သော ဆေး အကျိုးသက်ရောက်သည်အထိ သူ စောင့်ကြည့်နေသည်။

"သူ အခု အိပ်သွားလိမ့်မယ်၊ သူ နိုးလို့ ရှိရင် နို့တိုက်ပါ၊ နိုးတိုင်း တိုင်း တိုက်ပါ၊ သူ စို့နိုင်သလောက် စို့ပါစေ၊ အန်တော့ အန်မှာပဲ၊ ဒါပေမဲ့ ကျန်သလောက်ဟာ ကောင်းတာပဲ၊ ကျုပ် အခု သူ့ အမေနဲ့ သွားတွေ့လိုက် မယ်"

ထိုနေရာမှ သူ ထွက်သွားစဉ်မှာပင် အလုပ်သင် ဆရာမကလေး တစ်ယောက်က သူ့ကို တယ်လီဖုန်း လှမ်းပေးသည်။

"ဟုတ်ကဲ့ ပြောပါ၊ ဂရန့်ပါ"

တယ်လီဖုန်းကို သူ ယူပြီး ပြောလိုက်သည်။

"ခရစ်ရေ... ကိုယ့်အခန်းကို လာမလား"

ဆိုဗို ဖြစ်သည်။ သူက မေးခွန်း သဘောမျိုး မေးသော်လည်း တကယ် တော့ အမိန့် ပေးနေခြင်းပင် ဖြစ်သည်။ မိုက်ဆိုဗို၏ နည်းပင် ဖြစ်သည်။

"အင်မတန် စိုးရိမ်စရာကောင်းတဲ့ မူးယစ်ဆေးဝါးဒဏ် ခံနေရတဲ့ ကောင်းစကလေး တစ်ယောက် ကျွန်တော့်လက်ထဲ ရောက်နေတယ်၊ ကျွန်တော် အခု သူ့ အမေနဲ့ သွားတွေ့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"အာမခံ ကုမ္ပဏီက စုံစမ်းရေးမှူး ဒီမှာ ရောက်နေတယ်"

"သူ့ကို စောင့်ခိုင်းပါ"

ခရစ် ပြတ်ပြတ် ပြန်ပြောသည်။ သူနှင့် သူ့ လူနာကို ခြိမ်းခြောက်တာ သူ မကြိုက်ပါ။ ယခုအချိန်တွင် အမှုကိစ္စသည် လူမှုရေး ကိစ္စ၏ လက်အောက်ခံသာ ဖြစ်ရပေမည်။

"ဘယ်လောက် ကြာမလဲ"

ဆိုဗိုက ကြိုးချည်သည်။

"ကလေးအမေ ဆီက နောက်ကြောင်း ရာဇဝင် တစ်ခုလုံး ရတဲ့ အချိန် အထိပေါ့"

ခရစ် တုံ့ပြန်လိုက်သည်။ သူက ထိုသို့ ပြောလိုက်မိပြီးမှ စိတ်မကောင်း ဖြစ်သွားသည်။ လူကြီးကို ဒေါသဖြင့် ပြောလိုက်မိသည့်အတွက် ဖြစ်သည်။ ထို့ကြောင့် လေသံချိုချိုဖြင့် ထပ်ဖြည့် ပြောရသည်။

"ကလေးအမေ ဆီက နောက်ကြောင်း ရာဇဝင်ကို ရနိုင်သရွေ့ ရအောင် ကျွန်တော် မေးမှ ဖြစ်မယ် ဆရာကြီး၊ ဒီမိန်းမဟာ မှန်မှန်ကန်ကန် ပြည့်ပြည့် စုံစုံ ပြောလိမ့်မယ်လို့ မထင်ဘူး၊ ဒါပေမဲ့ ကျွန်တော် ကြိုးစားပြီး မေးရမှာ အချိန်ပြဿနာက သိပ်အရေးကြီးနေတယ်"

"ကောင်းပါပြီ ခရစ်၊ ကိုယ် သူ့ကို စောင့်ခိုင်းထားမယ်၊ မေးမြန်း ပြီးတာနဲ့ တစ်ပြိုင်နက် ကိုယ့်ဆီကို ဖုန်းဆက်လိုက်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ခရစ် ကတိပြုလိုက်သည်။

ဝပ်ဒ် စီ၏ တစ်ဖက်တွင် သီးသန့် အခန်းကလေး တစ်ခု ရှိသည်။ အထူး တိတ်တိတ်ဆိတ်ဆိတ် နေရမည့် လူနာများနှင့် တခြား လူနာများ အနှောင့်အယှက် ပေးမည့် လူနာများကို သီးသန့် ထားသော အခန်းကလေး ဖြစ်သည်။ ဆေးစွဲနေသော မိခင်ကို ထိုအခန်းမှာ ထားသည်။ အကြောင်းမှာ ဆေးကျသည့် အချိန်တွင် အော်ဟစ် ငိုယိုပြီး အခြားသူများကို အနှောင့်အယှက် ပေးမည် စိုးသောကြောင့် ဖြစ်သည်။

သီးသန့်ခန်းကလေး အနီးသို့ ခရစ် ရောက်ရှိသွားချိန်တွင် အတွင်း ဆရာမ တစ်ယောက် ထွက်လာသည်။ လက်ထဲတွင် ဖုံးအုပ်ထားသော ထွေးခံ တစ်လုံး ပါရှိသည်။ ထွေးခံ ထဲတွင် ဘာတွေနည်းဟု မေးနေစရာ မလို





ညှီစူးသော အနံ့ ထွက်နေသည်။ မိခင်သည်လည်း ကလေးငယ် နည်းတူပင် အော့အန်လျက် ရှိပါသည်။

"လူနာ ဘယ့်နှယ်နေသလဲ"

ခရစ် မေးလိုက်သည်။

"ဆိုးတယ်၊ သူ့ကို ဆေးထိုးပေးမှ ဖြစ်မယ် ထင်တယ်"

ဆရာမက ပြန်ပြောသည်။

"အဲဒီအတွက် သူ ပြောစရာ ရှိတာတွေကို အလျင် ပြောရလိမ့်ဦးမယ်"

ခရစ်က မနှစ်မြို့ဟန်ဖြင့် ပြောသည်။

ကလေးမိခင်သည် ကောင်မလေး တစ်ယောက်သာ ဖြစ်သည်။ တစ်ဆယ့်ခြောက်နှစ်ပင် ပြည့်ဦးမည် မထင်။ အသားမည်းသည်။ သို့သော် သူမ၏ အသွင်အပြင်ကို ကြည့်ရသည်မှာ သွေးစပ်ဟန် ရှိသည်။ ပိန်ပါးသည်။ ဘယ်သူမပြု မိမိမှ ဖြစ်သော ရောဂါကြောင့် အရိုးပေါ် အရေတင် နေသည်။ သူမသည် နှုတ်ခမ်းစုံကို စေ့ထားနိုင်ရန် ကြိုးစားသော်လည်း ရွဲ့စောင်းလျက် ရှိသည်။ ခရစ်ကို စူးစိုက်ပြီး ကြည့်နေသော မျက်လုံးများသည် တောင်းပန် တိုးလျှိုး နေသည့် အသွင် ရှိသည်။ တစ်ချိန်တည်းမှာပင် ဒေါသ ဖြစ်နေဟန်လည်း ရှိသည်။

"ရှင် ဆရာဝန်လား"

မိန်းကလေးက မေးလိုက်သည်။

ခရစ်က သူမ၏ မျက်နှာကို အကဲခတ်ရင်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မကို ဆေးထိုးပေးပါ၊ ဆရာဝန် ဆိုရင် ထိုးပေးလို့ ရပါတယ်"

သူမ၏ အသံ တုန်နေပြီး တက်လာသည်။ ရုတ်ခြည်း ဆိုသလိုပင် သူမ၏ ကိုယ်သည် တစ်ဖက်သို့ ငိုက်သွားသည်။ သူမ အော့အန်နေသည့် အသံကို ခရစ် ကြားရသည်။ သူမ အော့အန်နေသည့် ကိုယ်လုံးကို မြင်ရသည်။ ခရစ် ဘက်သို့ မိန်းကလေး လှည့်လာသည်။ သူမ၏ ပါးစပ် ပေါ်တွင် အန်ထားသည့် အကျိအချွဲတွေနှင့် ဖြစ်သည်။

"မင်း ပါးစပ်ကို သုတ်ပစ်စမ်း"

ခရစ်က အမိန့်ပေးသည်။ မိန်းကလေး ပါးစပ်ကို သုတ်သည်။

"မင်းကို ငါ မေးစရာတွေ ရှိတယ်"

"ကျွန်မ ဆေးလိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်း ဆီက အဖြေ လိုတယ်"

ခရစ်က လေသံ ငြိမ်ငြိမ်ဖြင့် ပြန်ပြောလိုက်သည်။

"မင်းရဲ့ ကလေး အခြေအနေ မကောင်းဘူး၊ ငါတို့ တတ်နိုင်သမျှတေ အားလုံး လုပ်ပေးနေတာပဲ၊ ဒါပေမဲ့ သူ့ကို မှန်မှန်ကန်ကန် ကုနိုင်အော ငါတို့ သိချင်တာကလေးတွေ သိရမှ ဖြစ်မယ်"

"သူ့ကို ရှင် ကုနိုင်မလား"

"အခြေအနေကတော့ သိပ်မကောင်းဘူး"

"အကောင်းဘက်က ဘယ်လောက် ရှိသလဲ"

"အလွန်ဆုံး ရှိရင် သုံးပုံပုံ တစ်ပုံပဲ"

"ဘုရားသခင်"

မိန်းကလေး ရှုတ်ဆိုလိုက်သည်။ သူမ၏ မျက်နှာတွင် မျက်ရည်မျ စီးကျလာသည်။ သူမသည် တစ်ခဏမျှတော့ သူမ ခံစားနေရသော ဝေဒနာ ပင် မေ့လျော့သွားဟန် ရှိသည်။

"အဲဒီတော့ ငါ မေးတာတွေကို မင်း မှန်မှန် ဖြေဖို့ လိုမယ်"

မိန်းကလေး ခေါင်းညိတ်သည်။ သို့သော် မျက်နှာကို တစ်ဖက်ာ လွှဲထားသည်။

"မင်း ဘယ်အချိန်က နောက်ဆုံးအကြိမ် ဆေးထိုးခဲ့သလဲ"

"ဒီမနက်ပဲ"

ခရစ် ထိတ်လန့်သွားသည်ကို မြင်သောအခါ မိန်းကလေးက ဆက်ပြေ သည်။

"ကျွန်မ မိတ်ဆွေ တစ်ယောက် ဆီမှာပဲ၊ မိတ်ဆွေကောင်း တစ်ယော ပဲ"

"ငါ မေးတာက မင်း ကလေး မမွေးခင် ဘယ်အချိန်က နောက် ထိုးခဲ့သလဲလို့"

"မမွေးခင် ဟုတ်လား"

သူမ ခေတ္တမျှ စဉ်းစားဟန် ပြုပြီးနောက်–

"အလျင် တစ်ညမှာပေါ့"

"အလျင် တစ်ည၊ ဟုတ်လား"

"ကျွန်မကို ဆေးထိုးပေးပါ"





"မမွေးခင် အလျင် တစ်ည ဆိုတာ သေချာသလား"

"ကျွန်မကို ဆေးထိုးပေးပါ၊ ဆေးထိုး မပေးရင် ကျွန်မ..."

မိန်းကလေး ခုတင် ပေါ်တွင် လိမ့်သွားပြီး အန်လိုက်သည်။

ခရစ် ခုတင် အနီးသို့ တိုးသွားပြီး–

"ဒီမယ် မင်းဟာ ငါ့လူနာ မဟုတ်ဘူး၊ ငါ့လူနာက မင့်ရဲ့ ကလေးပဲ၊ မင်းကိစ္စကို ငါ ဘာမှ လုပ်ပေးစရာ မလိုဘူး၊ ငါ လိုချင်တာက အဖြေမှန်ပဲ၊ ဆေးရုံကို မလာခင်မှာ မင်း ဆေးထိုးခဲ့သလား"

မိန်းကလေး မဖြေပါ။ ထိုအခါ ခရစ်က သူမ၏ ပခုံးကို ဆုပ်ကိုင်ပြီး သူ့ ဘက်သို့ လှည့်လိုက်သည်။ တွန့်လိမ်နေသော သူမ၏ ကိုယ်ခန္ဓာကို သူက ဒေါသဖြင့် ခပ်နာနာ ဆုပ်ကိုင်ထားသည်။

"ထိုးခဲ့တယ် မဟုတ်လား"

မိန်းကလေး သူ့ လက်မှ ရုန်းသည်။ ခရစ်က ပိုပြီး ခိုင်ခိုင် ဆုပ်ကိုင် သည်။ ထို့နောက်–

"ဆေးရုံကို မလာခင်မှာ မင်း ဆေးထိုးခဲ့တယ် မဟုတ်လား၊ ကလေး မမွေးခင် ဘယ်အချိန်မှာ မင်း ဆေးသုံးခဲ့တယ် ဆိုတာ ငါ့ အတွက် သိပ် အရေးကြီးတယ်၊ အဲဒါ သိရမှ မင်း ကလေးကို ငါ ကယ်နိုင်မယ်"

"ဆေးရုံကို အလာ ကားပေါ်မှာ"

"ဆေးရုံကို အလာ ကားပေါ်မှာ ဟုတ်လား"

အခန်း ထဲမှ သူ ထွက်လာသောအခါ မိန်းကလေး၏ အော်ဟစ် တောင်း ဆိုနေသံကို ကြားရသည်။ ဆရာမလေး စားပွဲတွင် ခရစ် ရပ်လိုက်ပြီး–

"သူ့ ဆရာဝန်ဆီ အကြောင်းကြားပါ၊ သူ့ကို တစ်ခုခု လုပ်ပေးရလိမ့် မယ်၊ မြန်မြန်"

ခရစ်သည် ကလေးဆောင်သို့ ပြန်လည် ရောက်ရှိသောအခါ အိုက်ဆို လက် အနီးတွင် ရပ်ပြီး စောစောက ကလေးငယ်ကို ကြည့်သည်။ ကလေးငယ် သည် ယခုအခါ သက်သာ ငြိမ်သက်လျက် ရှိပြီး ပါးစပ်က နို့စို့ဟန် ပြုနေသည်။ ကလေး နိုးလာလျှင် နို့တိုက်ရမည်။ ကောင်းသည်။ အန်မပစ်လျှင် ပိုကောင်း သည်။ တာဝန်ခံ ဆရာမ သူ့ အနီးသို့ ရောက်လာသည်။

"ဆရာမ နောက် ငါးနာရီကြာရင် ခလိုပရိုမေဇင် ထပ်ထိုးပေးပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ သူတို့ ဆရာ့ကို စောင့်နေကြတုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က သူတို့လဲ"

"ဆရာကြီး ဆိုဗိုနဲ့ အာမခံကုမ္ပဏီက စုံစမ်းရေးမှူး"

ကလေးအမေနှင့် စကားပြောနေရသဖြင့် တရားစွဲခံရသည့် ကိစ္စ
သူ မေ့နေခဲ့သည်။ တယ်လီဖုန်း စကားပြောခွက်ကို သူ မ ယူလိုက်စဉ်မှာ
အချက်ပြမီး လင်းလက်လာသည်။

"ခရစ်လား"

ဒေါက်တာ ဆိုဗိုပင် ဖြစ်သည်။

"ကျွန်တော် အခုပဲ ရောက်လာမယ်"

သူ ကတိ ပြုလိုက်သည်။ ထို့နောက် ဆရာမ ဘက်သို့ လှည့်ပြီး–

"သူ့ကို ဂရုစိုက်ပြီး စောင့်ကြည့်နေပါ၊ အခြေအနေ ဆိုးလာလို့ ရှိ
ကိုယ့် ဆီကို ဖုန်းဆက်ပါ၊ ကိုယ် ဘယ်မှာပဲ ရှိနေနေပေါ့"

"ဆရာကြီး ဆိုဗိုရဲ့ အခန်း ထဲမှာ ဆိုရင်လည်း ဆက်ရမလား"

"ဘယ်မှာပဲ ဖြစ်ဖြစ် ဆက်ပါ"

စင်္ကြံလမ်းအတိုင်း လျှောက်သွားရင်း ခရစ် စဉ်းစားမိသည်။ သ
ကလေး၏ အသက်ကို သူ ကယ်နိုင်သည် ထားဦး၊ ဘာအဓိပ္ပာယ် ရှိမည်နည်း
ကယ်နိုင်ဖို့ကလည်း မလွယ်ပါ။ အကယ်၍ သည်ကလေး အသက်ရှင်နေခဲ့လျှ
လည်း မူးယစ်ဆေးဝါး သုံးစွဲနေသော မိခင်မှ မွေးဖွားသော ကလေး တ
ယောက်၏ ကျန်းမာရေး အခြေအနေကို မည်သူက စောင့်ကြည့် လေ့လာနေ
မည်နည်း။ မိခင် ထံမှ အမွေဆက်ခံ ရရှိထားသော မူးယစ်ဆေးဝါးဒဏ်သ
သည်ကလေးကို တစ်သက်လုံး ညှဉ်းပန်း နှိပ်စက်သွားပေမည်။ နောက်ဆုံး
ပျက်စီးခြင်းဖြင့်သာ အဆုံးသတ်ပေလိမ့်မည်။

ဆိုဗို၏ ရုံးခန်းသို့ သူ ရောက်ရှိသွားသည်။ အပြင်ခန်း တံခါး ဖွင့်ထ
သည်။ ဆိုဗို၏ အတွင်းရေးမှူးသည် သူ့ကို စောင့်ဆိုင်းလျက် ရှိသည်။ အ
သမီးကို သူ နှုတ်ဆက်လိုက်သည်။

"ဟိုင်း မာစီ"

"ဝင်သွားပါ"

အမျိုးသမီးက အခါတိုင်းလို ဖော်ဖော်ရွေရွေ မဟုတ်ဘဲ ပြောသည
ဆရာမ၏ အမူအရာက အတွင်းခန်းမှ အခြေအနေကို အရိပ်နိမိတ် ပြနေသည





က်ဆိုဗို၏ မျက်နှာကို မြင်လိုက်သောအခါ ထင်ရှားသွားသည်။ သူ့ မျက်နှာ
ရဲ့နေသည်။

"ခရစ် ဒါ မစ္စတာ ကောင်းဝဲပဲ၊ အာမခံ ကုမ္ပဏီက စုံစမ်းရေးမှူး"

ချားကောင်းဝဲသည် လူလတ်ပိုင်း အရွယ် ဖြစ်သည်။ အရပ်အမောင်း
ကောင်းသည်။ တုတ်ခိုင်သည်။ ကောင်းဝဲက လက်ကမ်းပေးသည်။ သူ့ လက်
ပါးက အသားများစွာဖြင့် နူးအိနေသည်။ အစားအသောက်များသည့် သဘော
ပင် ဖြစ်သည်။ သူ စကား ပြောသောအခါ သူ့ အသံက ညင်သာ ပျော့ပျောင်း
သည်။ မျက်နှာက ပြုံးနေသည်။ သူ့ အပြုံးက "ဘယ့်နှယ်လဲ"၊ "ကျုပ်
ပြောတာ နားလည်လား"၊ "ခင်ဗျားမှာ အန္တရာယ် ရှိနေတယ် ဆိုတာ သဘော
ပေါက်သလား" ဟု မေးနေဟန် ရှိသည်။

စကား အနည်းငယ် ပြောမိသည် ဆိုလျှင်ပင် ချားကောင်းဝဲကို ခရစ်
သဘောမကျ ဖြစ်လာသည်။ သို့သော် သူ ပြောသည့် စကားများကို ကြိုးစားပြီး
နားထောင်သည်။ သူ မေးသည့် မေးခွန်းများကို ပြည့်ပြည့်စုံစုံ ပြောဆိုသည်။

"ရှေးနေတို့ ဘက်က အကျိုးဆောင် အဖွဲ့နဲ့ ကျုပ်တို့နဲ့ အကြို ညှိနှိုင်း
ကြည့်ကြတယ်" ကောင်းဝဲက အခြေအနေကို ရှင်းပြသည်။ "ဒီအမှုကြီး ရှည်
ကြာနေတဲ့ အတွက် ဘယ်ဘက်မှာမှ အကျိုး မရှိနိုင်ဘူးလို့ ကျုပ်တို့ တွက်ဆ
ကြတယ်၊ ဖြစ်နိုင်လို့ ရှိရင် ကျုပ်တို့ဟာ တရားရုံးမှာ ရင်မဆိုင်ချင်ဘူး၊
ကျုပ်တို့ အားလုံးရဲ့ အကျိုးအတွက်ပဲ၊ အထူးသဖြင့် ဆရာ့ အကျိုးအတွက်
ပဲ ဒေါက်တာ ဂရန့်"

ဆိုဗိုကို ခရစ် လှမ်းကြည့်လိုက်သည်။ ဆိုဗိုက–

"သူ ပြောတာကို နားထောင်ပါ၊ ကျုပ်တို့ အားလုံးအတွက် အရေးကြီး
တယ်"

"ကျွန်တော် အတတ်နိုင်ဆုံး ပူးပေါင်း ဆောင်ရွက်ပါ့မယ်"

ခရစ် ပြောလိုက်သည်။ အခြားသော အကြောင်းထက် မိုက်ဆိုဗို
အတွက် ဖြစ်သည်။

"ပူးပေါင်း ဆောင်ရွက်ခြင်းဟာ အမှု တစ်ခု အောင်မြင်ရေးအတွက်
အရေးအကြီးဆုံး သော့ချက်ပဲ၊ ရေရှည် ကိစ္စမှာ ကျုပ်တို့ဟာ တစ်ယောက်ကို
တစ်ယောက် ပွင့်လင်း ရိုးသားကြမယ် ဆိုရင် အများကြီး ကောင်းတာပဲ"

ကောင်းဝဲက သူ့ အပြုံးဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာ ကောင်းဝဲ၊ ဒေါက်တာ ဂရန့်မှာ ရိုးသားမှုနဲ့ ပွင့်လင်းမှု မ ကြဘူးလို့ ဘယ်လိုကြောင့် ခင်ဗျား ပြောနိုင်ရတာလဲ"

ဆိုဗိုက မေးလိုက်သည်။ ဤအမှုကိစ္စ ပေါ်ပေါက်ပြီး နောက်ပိုင်းတွ သူ့ အနေနှင့် ပထမဆုံးအကြိမ် စိတ်တိုသည့် သဘောကို ပြလိုက်ခြင်း ဖြစ်သည်။

"ကျုပ် အဲဒီလို မပြောပါဘူး၊ လူတိုင်း နားလည်ထားတဲ့ အခြေ သဘောတရားကိုသာ ပြောတာပါ၊ ကျုပ်တို့မှာ ဆေးရုံမှတ်တမ်းတွေကို ပြင် ရှိတယ်၊ ဆရာဝန်တွေရဲ့ ကိုယ်ပိုင် မှတ်တမ်းတွေကို ပြင်ခွင့် ရှိတယ်၊ ဒီအ ဖြစ်ပေါ်တဲ့ အချိန်မှာ ရှိနေတဲ့ ဆရာဝန်ရဲ့ အတွေးကိုတောင် ပြင်ဆင်ပိုင် ရှိတယ်၊ အဲဒီအချိန်မှာ ဆရာဝန် တစ်ယောက်ရဲ့ စိတ်ကူး ဘယ်လိုရှိတ ဆိုတာဟာ ဒီအမှုမှာ သူ ဘာလုပ်တယ် ဆိုတာလောက်ပဲ အရေးကြီးတယ်"

ကောင်းဝဲသည် သူ၏ အမှုဆိုင်ရာ စာရွက်များကို ဘေးသို့ ဖယ်လို ပြီး ထိုင်ရာမှ ထလိုက်သည်။ မတ်တတ် ရပ်လိုက်သောအခါ သူ့ အရပ်သ ခရစ် ထင်ထားသည်ထက်ပင် မြင့်နေသည်။

"ဥပမာ ပြောရမယ် ဆိုရင် ဆရာဝန် တစ်ယောက်ဟာ လူနာမှတ်တ တစ်ခုမှာ သူ ရေးလိုက်တာကို နောက်တစ်ခါ ပြန်စဉ်းစားတဲ့ အခါမှာ မှားတ လို့ ယူဆမိတယ်၊ သူ အဲဒီ မှတ်တမ်းကို ရေးတဲ့ အချိန်မှာ သူ ဘာစဉ်းစ နေတယ် ဆိုတာ ဖော်ပြရာ ရောက်နေတတ်တယ်၊ အဲဒါကြောင့် တစ်ခါတစ် မှာ ဆရာဝန်တွေဟာ တကယ် ဖြစ်ပျက်နေတဲ့ အတိုင်း မှန်မှန်ကန်က ရှင်းရှင်းလင်းလင်း ရှိအောင် သူတို့ရဲ့ မှတ်တမ်းတွေကို ပြန်ရေး တတ်ကြတယ်"

ကောင်းဝဲက သူ၏ တင်ပြချက်ကို တစ်ပိုင်းတစ်စနှင့် ရပ်ထားလို သည်။ အခြားသူများ ဆက်လက် ဆွေးနွေးရန် ဖွင့်ပေးလိုက်သည့် သဘော ဖြစ်သည်။

"ဆေးရုံ မှတ်တမ်း တစ်ခုကို ပြောင်းလဲ ပစ်ရမယ်လို့ ပြောတာလာ

ဆိုဗိုက မေးလိုက်သည်။

"အမှန် ဖြစ်သွားအောင် လုပ်ရမယ်လို့ ပြောတာပါ" ကောင်းဝဲ ဖြေသည်။ ထို့နောက် သူ ပြုံးပြီး-





"ဆေးရုံ မှတ်တမ်း တစ်ခုဟာ ပညတ်တော် ဆယ်ပါး မဟုတ်ပါဘူး၊ ကျောက်ပြားမှာ ထွင်းထားတဲ့ ကျောက်စာတိုင်ကြီး တစ်ခု မဟုတ်ပါဘူး"

"ဒါပေမဲ့ ဆေးရုံ မှတ်တမ်း တစ်ခုဟာ မဟုတ်မမှန် ပြောင်းလဲပစ်ဖို့ ဟုတ်တာလည်း အမှန်ပဲ"

ဆိုဗိုက ချေပသည်။

"ဘယ်သူက မဟုတ်မမှန် ပြောင်းလဲရမယ်လို့ ပြောသလဲ၊ အဲဒီအချိန် ဖြစ်ပျက်ခဲ့တဲ့ အခြေအနေနဲ့ ကိုက်ညီအောင် ပြင်ဆင်ဖို့သာ ပြောတာပဲ"

"အဲဒီ မှတ်တမ်းမှာ ကျွန်တော့် အနေနဲ့ ပြင်စရာ ဘာမှ မရှိပါဘူး"

ခရစ်က ရှင်းရှင်းပင် ပြောလိုက်သည်။

သို့သော် ကောင်းဝဲသည် အလွယ်တကူ လက်လျှော့ တတ်သူ မဟုတ် ။

"မဟုတ်သေးဘူး ဒေါက်တာ၊ ဒေါက်တာဟာ ဘယ်လို အခြေအနေမျိုး ရင်ဆိုင်နေရတယ် ဆိုတာကို သိရရင် အခုလို သူတော်ကောင်း ဆန်နေမှာ ဟုတ်ဘူး၊ တလွဲတချော် မှားယွင်း ကုသခြင်း ဆိုတာ အင်မတန် ဆိုးတဲ့ ကိစ္စပဲ၊ တရားလိုဟာ သူ လုပ်စရာ ရှိတာတွေကို အကုန် လုပ်မှာပဲ၊ အထူးသဖြင့် နှစ်ရေးနိုးလို လူမျိုး ဆိုရင်ပေါ့၊ ဒီစာရွက်တွေ ပေါ်မှာ သူ့ နာမည် မပါပေမဲ့ လုပ်ငန်း တစ်ခုလုံးဟာ သူ့ လက် သူ့ ခြေပဲ၊ ရှေ့နေတွေကို ဘာလုပ်ရမယ်၊ ဘယ်လို လုပ်ရမယ်လို့ သူ ပြောလိမ့်မယ်၊ နောက်ပြီးတော့ သူ မဲနေတဲ့ စိတ်ကွင်းက ခင်ဗျားပဲ ဒေါက်တာ"

ကောင်းဝဲသည် ယင်းသို့ ပြောပြီးနောက် အင်္ကျီအိတ် ထဲမှ ဆေးပြင်း လိပ် တစ်လိပ် ထုတ်ယူလိုက်သည်။ ဆေးလိပ်ကို ပတ်ထားသော စက္ကူပါးကို ခွာလိုက်ပြီးနောက် ထိပ် တစ်ဖက်ကို ပါးစပ်ဖြင့် ကိုက်ဖြတ်လိုက်သည်။ ထို့နောက် ဆေးလိပ်ကို လက်ထဲတွင် ကိုင်ကစားလျက် ရှိသည်။

"ကျုပ် ပြောတာက ဒေါက်တာဟာ အဲဒီ မှတ်တမ်းတွေကို ပြင်မယ် ဆိုရင် ခုအချိန်ဟာ ပြင်ဖို့ အကောင်းဆုံး အချိန်ပဲ၊ ဒီမှတ်တမ်းတွေ သူ့ လက်ထဲ မရောက်ခင် ပြင်ရမယ်၊ သူကတော့ ဒီမှတ်တမ်းတွေကို ရအောင် ယူမှာပဲ"

သူ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ယူတော့ကော ဘာဖြစ်သလဲ၊ အဲဒီ အထဲမှာ ကျွန်တော့်ကို လုပ် အရရော ကိုယ်ရေးကိုယ်တာ အရရော အရှက်ရစရာ ဘာအကြောင်းမှ မရှိဘူး

ခရစ်က ပြောလိုက်သည်။

"ဒီစကားက တခြား လူတွေ ပြောရမယ့် စကားပဲ ဒေါက်တာ၊ အာမ ကုမ္ပဏီရဲ့ ရှေ့နေတွေ ပြောရမယ့် စကားပဲ" ကောင်းဝဲက သူ့ အပြုံးပြ သတိ ပေးပြန်သည်။ "အဲဒီမှတ်တမ်းကို ပြန်ပြီး စစ်ကြည့်ပါ ဒေါက်တ ဂရန့်၊ တခြား လူတွေ မကြည့်ခင်မှာ ကြည့်ပါ၊ အဲဒီ အထဲမှာ အဓိပ္ပာယ်ကော လွဲနိုင်တဲ့ အချက်မျိုး ရှိမရှိ ကြည့်ပါ"

"အဲဒီမှတ်တမ်းကို ကျွန်တော် မှတ်မိပါတယ်၊ ဘာမှ ပြင်စရာ မရှိပါ တကယ်လို့ ရှိခဲ့ရင်လည်း ကျွန်တော် မပြင်ပါဘူး"

"ကျုပ် ဘဝမှာ အဲဒီသတ္တိမျိုး လိုချင်လိုက်တာ"

ကောင်းဝဲ ခေါင်းညိတ် ပြောလိုက်သည်။ ထို့နောက် သူသည် ဆေးပြ လိပ်ကို ပါးစပ်ဖြင့် ကိုက်ရုပ်နေသည်။ အတန်ကြာသောအခါတွင် မည်သူ့ကို မရည်ရွယ်သလိုဖြင့် ပြောသည်။

"ဒီရက်ပိုင်း အတွင်းမှာ အာမခံကုမ္ပဏီက ခင်ဗျားတို့ ဆီကို တစ်စောင် ပို့လိမ့်မယ်၊ ခင်ဗျားတို့ လက်ထဲကို အခု ရောက်မနေသေး ဆိုရင်ပေါ့"

"ဘာစာလဲ၊ ဘယ်သူ့ ဆီကို ပေးတာလဲ"

ဆိုဗိုက မေးလိုက်သည်။

"ခင်ဗျားတို့ ဆီကိုပေါ့၊ ဆေးရုံကြီးရယ်၊ ဒေါက်တာရယ်၊ ဒေါက် ဂရန့်ရယ်ပေါ့၊ လျော်ကြေးတောင်းထားတဲ့ ငွေက ဒေါက်တာတို့နဲ့ ဆေးရုံ အပေါ်မှာ ကုမ္ပဏီက အာမခံ ပေးထားတဲ့ ငွေထက် ပိုနေတယ်၊ အဲဒါကြေ ဒေါက်တာတို့ အနေနဲ့ ကိုယ့် ရှေ့နေကို ကိုယ် ငှားပိုင်ခွင့် ရှိတယ်တဲ့"

ကောင်းဝဲက ထိုသို့ ပြောပြီးနောက် ပထမဆုံးအကြိမ် မော့ကြည့်လို သည်။ သူ ပစ်လိုက်သည့် မြှား မှန်မမှန် ကြည့်ခြင်း ဖြစ်သည်။

ဆိုဗိုသည် ကုလားထိုင်တွင် ထိုင်နေရာမှ ရှေ့သို့ အနည်းငယ် ကုန်း လိုက်ပြီး-

"ကျုပ် နားလည်တာကတော့ အာမခံ ကုမ္ပဏီဟာ ဥပဒေနဲ့ ပတ်သ တဲ့ ကိစ္စတွေ အားလုံးမှာ လိုက်ပါ ဆောင်ရွက်ပေးရမယ်၊ အာမခံ စာချုပ် ဒီအတိုင်း ဆိုထားတယ်"





"မှန်ပါတယ်၊ စာချုပ်မှာက ဒေါ်လာ သုံးသန်းပဲ တာဝန် ရှိတယ်၊ ပိုတဲ့ ငွေကို ဆေးရုံကြီးရယ်၊ ဒေါက်တာရယ်၊ ဒေါက်တာ ဂရန့်ရယ် တာဝန် ယူရမယ်၊ ဒါကြောင့်မို့လို့ ဒေါက်တာတို့မှာ ကိုယ်ပိုင် ရှေ့နေ ငှားပိုင်ခွင့် ရှိတယ်၊ ဒါပေမဲ့ အဲဒီရှေ့နေဟာ ရုံးမှာ တရားဝင် လျှောက်လဲခွင့်တော့ မရှိဘူး"

ကောင်းဝဲ၏ ပြောဆိုချက်ကို ခရစ် စိတ်ထဲတွင် တွက်ဆ ကြည့်လိုက် သည်။ သူ ပြောသည်မှာ ခြိမ်းခြောက်ခြင်းလည်း ဖြစ်နိုင်သည်။ အမှန်အတိုင်း လည်း ဖြစ်နိုင်သည်။

"ကျုပ် ပြောတာတွေကို ဒေါက်တာတို့ ကောင်းကောင်း သဘော မပေါက်ဘူးနဲ့ တူတယ်၊ အမှန်တော့ ဒီကိစ္စဟာ ပုဂ္ဂိုလ်ရေး လက်စားချေမှုပဲ၊ ရေးနိုးဟာ ပိုက်ဆံ မလိုပါဘူး၊ ဒေါ်လာ ငါးသန်း ဆိုတာ အလွန်အကျွံ တောင်းထားတာပဲ ဆိုတာ ရေးနိုးလည်း သိတယ်၊ သူ့ ရှေ့နေတွေလည်း သိတယ်၊ ဒါပေမဲ့ ဒီနည်းနဲ့သာ ဒေါက်တာ့ကို အာမခံကုမ္ပဏီ နောက်မှာ ပုန်းကွယ် မနေနိုင်အောင် လုပ်နိုင်တယ်၊ သူ လိုချင်တာက ဒေါက်တာပဲ၊ ဒါကြောင့်မို့လို့ အဲဒီမှတ်တမ်း ကိစ္စကို ကျုပ် အလေးအနက် ပြောနေရတာပေ့ါ၊ အဲဒီ ထဲမှာ ဒေါက်တာ ဘာပြင်ချင်သလဲ ပြင်ပါ၊ ဒါဟာ ဒေါက်တာ့အတွက် နောက်ဆုံး အခွင့်အရေးပဲ"

"အဲဒီမှတ်တမ်း သူ့အတိုင်းပဲ ရှိနေမယ်"

ခရစ် ပြတ်သားစွာ ပြောလိုက်သည်။

"ဟုတ်ပြီ"

ကောင်းဝဲ လက်လျှော့ သွားဟန် ရှိသည်။

"ကဲ ဒီလိုဆိုရင် ကျုပ်တို့လုပ်ငန်းကို စကြစို့၊ ကျုပ် မေးချင်တာကလေး တွေ ရှိတယ်"

"မှတ်တမ်း အကြောင်းလား"

ခရစ် မေးလိုက်သည်။

ကောင်းဝဲ ဆေးပြင်းလိပ်ကို မီးညှိရင်း

"ဟုတ်တယ်လည်း ပြောနိုင်တယ်၊ မဟုတ်ဘူးလည်း ပြောနိုင်တယ်၊ အလင်းကုထုံးနည်းဟာ ကုထုံးသစ် တစ်ရပ် မဟုတ်လား"

"ဒီနည်းကို တွင်တွင်ကျယ်ကျယ် သုံးနေကြတာ ဆယ်နှစ်ကျော်ပြီ"

မိုက်ဆိုဗို ကြေညာ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးနေကြပြီ၊ ဟုတ်လား"

"ကျုပ်တို့ နိုင်ငံရဲ့ ထိပ်တန်း ဆေးရုံကြီး တော်တော်များများမှာ သုံး နေကြပြီ"

ခရစ်က ဖြည့်စွက်ပြီး ပြောလိုက်သည်။

"အမှန်တကယ် အနေနဲ့ ဘယ်လောက် ခိုင်မာနေပြီလဲ၊ ကျုပ် မေး သဘောက ဒီနည်းကို မသုံးတဲ့ ထိပ်တန်း ဆေးရုံကြီးတွေကော ရှိသလား"

"ရှိပါတယ်၊ အဲဒါ ဘာဖြစ်သလဲ"

ခရစ် ဒေါသဖြင့် မေးလိုက်သည်။

ကောင်းဝဲ ပြုံးလိုက်ပြီး–

"ဒီမယ် ဒေါက်တာ ဂရန့်၊ အခုလို အမှုကိစ္စတွေမှာ အတွေ့အကြုံ ရှိတဲ့ လူ တစ်ယောက် အနေနဲ့ ကျုပ် ပြောပါရစေ၊ ခင်ဗျားကို အကြံကောင်း ဉာဏ်ကောင်း ပေးပါရစေ၊ တရားရေး ကိစ္စမှာ မေးခွန်းတွေကို ဖြေတဲ့ အခါ စိတ်ထဲမှာ ဖြစ်နေတဲ့ ခံစားမှုတွေကို ထုတ်မပြပါနဲ့၊ စိတ်လှုပ်ရှားမှု မရှိဘဲ မေးတာကိုသာ ရှင်းရှင်းဘွင်းဘွင်း ဖြေပါ၊ ခင်ဗျား စိတ်ထဲမှာ ခံစားနေရတာ ဆိုတာ ဘယ်သူကမှ၊ အထူးသဖြင့် တရားသူကြီး တစ်ယောက်က စိတ်ဝင်စား မှာ မဟုတ်ဘူး၊ တရားသူကြီးဟာ အချက်အလက်ပါတဲ့ အဖြေကိုသာ လိုချင် တယ်၊ ကျုပ်လည်း ဒီအတိုင်းပဲ"

"ရှင်းရှင်းဘွင်းဘွင်း ဖြေရမယ် ဟုတ်လား၊ မှတ်တမ်း ထဲမှာ ရှိ အမှန်တွေကို ထုတ်ပြီး အတုတွေကို ထည့်တာမျိုးလား"

ခရစ် ခါးခါးသီးသီး မေးလိုက်သည်။

"ခရစ်"

ဒေါသ ဖြစ်နေသော တပည့်ကို ဆိုဗိုက ဟန့်တားလိုက်သည်။

ကောင်းဝဲက မေးစရာ ရှိသည်ကို ဆက်မေးသည်။

"ကျုပ်တို့ ကုမ္ပဏီက ဆရာဝန်တွေရဲ့ အဆိုကတော့ ထိပ်တန်း ဆေး ကြီး တော်တော်များများဟာ အလင်းကုထုံးနည်းကို တရားဝင် ကုထုံးနည်း အဖြစ် လက်ခံ ကျင့်သုံးခြင်း မရှိကြဘူးလို့ ပြောတယ်"

"ဟုတ်တယ်၊ ဒါပေမဲ့ ဒီနည်းကို လက်ခံ ကျင့်သုံးနေတဲ့ ဆေးရုံ တွေလည်း အများကြီးပဲ၊ နောက်ပြီးတော့ မွေးကင်းစ ကလေးသူငယ် ကုသ





ပါရဂူကြီးတွေ တော်တော်များများက ဒီကုထုံးနည်းနဲ့ ပတ်သက်ပြီး တင်သွင်း ထားတဲ့ စာတမ်းတွေလည်း ရာပေါင်းများစွာ ရှိတယ်"

ခရစ်က ပြောလိုက်ခြင်း ဖြစ်သည်။

"အင်း အဲဒီ လူ တချို့ကို ခေါ်ပြီး ခင်ဗျား ဘက်က သက်သေ လိုက်ခိုင်းရမှာပဲ"

ကောင်းဝဲက အပိုသဘောမျိုး ပြောလိုက်ပြီးနောက်–

"ခုခံ ကာကွယ်တဲ့ ကိစ္စကို နောက်ပိုင်းမှ ပြောကြတာပေါ့၊ လောလော ဆယ် ပြောရမှာက အဲဒီ ကုထုံးနည်းကို လူမှု စမ်းသပ်မှု ကော်မတီမှာ တင်သလား"

"တင်စရာ မလိုဘူး"

ဆိုဗိုက ရုတ်ခြည်းပင် ပြောလိုက်သည်။

ထိုအခါ ကောင်းဝဲသည် ဆရာဝန်ကြီး ဘက်သို့ လှည့်လိုက်ပြီး–

"တိုက်ရိုက် မေးတဲ့ မေးခွန်းကို တိုက်ရိုက် ဖြေပါ၊ ဒီကုထုံးကို လူမှု စမ်းသပ်မှု ကော်မတီကို တင်သလား၊ မတင်ဘူးလား"

"မတင်ဘူး၊ မတင်တဲ့ အကြောင်းလည်း ရှိတယ်"

ဆိုဗိုက စစ်ဆေးရေးမှူးကို အတွန့်တက်ပြီး ဆွဲလိုက်သည်။

စစ်ဆေးရေးမှူး လက်လျှော့သွားပြီး–

"ကောင်းပြီ၊ မတင်တဲ့ အကြောင်းက ဘာလဲ"

"မတင်တဲ့ အကြောင်းကတော့ ဒီကုထုံးနည်းကို ကျုပ်တို့ သုံးနေတဲ့ အချိန်မှာ ဒီနည်းဟာ စမ်းသပ်တဲ့ အဆင့်ကနေ ကျော်လွန်နေပြီ"

ကောင်းဝဲ ခေါင်းညိတ်လိုက်သည်။ သဘောတူသည့် အနေဖြင့် မဟုတ်ပါ။ နားထောင်သည့် အနေနှင့် ဖြစ်သည်။

"အမှန်အတိုင်း ပြောရရင် ဂရန့်ကို ကျုပ်တို့ ဆီကို မရရအောင် ခေါ်ယူတဲ့ အကြောင်း တစ်ကြောင်းဟာ ဒီကိစ္စ အတွက်ပဲ"

ဆိုဗိုက ပြောသည်။

"ဘာပြောတယ်"

ကောင်းဝဲ မေးသည်။

"အလင်းကုထုံးနည်း၊ သူမှာ ဒီကုထုံးနည်းနဲ့ ပတ်သက်ပြီး သူ အလုပ် လုပ်တဲ့ ဌာနမှာ အတွေ့အကြုံ ရှိခဲ့တယ်၊ ကျုပ် အနေနဲ့လည်း ဒီလို ဌာနမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဒီမှာ ဖွင့်ချင်တယ်၊ သူကလည်းပဲ သူ ဒီကို ပြောင်းလာလို့ ရှိရင် ကုထုံးနည်း ဒီမှာ သုံးမသုံး သေချာအောင် မေးခဲ့တယ်၊ ကျုပ်တို့ နှစ်ယော စလုံး ရည်မှန်းချက်ချင်း တူခဲ့တယ်၊ ဒါကြောင့်လည်း နှစ်ယောက် သဘော ညီမှု ရခဲ့ကြတယ်၊ ဒီအတွက် ကျုပ် နည်းနည်းကလေးမှ နောင်တ မရ ဆိုတာ ကျုပ် ပြောရဲတယ်"

ကောင်းဝဲ ခေါင်းညိတ်သည်။ ထို့နောက် သူ့ မျက်နှာ ပေါ်တွင် အပြ လှဲ့လှဲ့ကလေး ပေါ်လာပြီး–

"ဆရာကြီးဟာ ကျုပ် ပြောတဲ့ အချက် မှန်ကန်တဲ့ အကြော ကောင်းကောင်း သက်သေ ပြသွားတာပဲ"

"ဘာကို သက်သေ ပြတာလဲ"

"ကျုပ် မေးတာက ရှင်းရှင်းကလေးပဲ၊ ဒီကုထုံးနည်းကို လူမှု စမ်း မှု ကော်မတီကို ဆရာကြီးတို့ တင်သလား မတင်ဘူးလား ဆိုတာပဲ၊ ဒါ ဆရာကြီးက ကျုပ် မမေးတဲ့ အကြောင်းတွေ အများကြီးကို ဖြေသွားတ ဒေါက်တာ ဂရန့်နဲ့ ပတ်သက်ပြီး ဆရာကြီးရဲ့ သက်သေခံချက်ကို ပျက်ပြ မယ့် အချက်တွေပဲ၊ ဒေါက်တာ ဂရန့်ဟာ ဆရာကြီး ထိန်းသိမ်း စောင့်ရှော ထားတဲ့ လက်ရင်းတပည့်လို့ ဆရာကြီး ဝန်ခံသွားတယ်၊ ဆရာကြီးက သူ ဒီမှာ အလင်းကုထုံးနည်း လေ့ကျင့်ဖို့ ခေါ်ထားတယ်၊ ဆရာကြီးဟာ သူ့ဘက် အကာအကွယ် ပေးနေတယ်၊ ဆရာကြီးဟာ သူ့ဘက်က လိုက်ပါတဲ့ နေရာ အင်မတန် ဖွာဆန်ကြဲတဲ့ သက်သေ တစ်ယောက်ပဲ"

ထို့နောက် ကောင်းဝဲသည် တံတွေး စိုနေသော ဆေးပြင်းလိပ်ဖ သွားဖြင့် ကိုက်လိုက်ပြီး–

"ဒေါက်တာတို့ နှစ်ယောက်စလုံး သေသေချာချာ မှတ်ထားပါ၊ က ကို မေးတာကိုပဲ ကိုယ် ဖြေပါ၊ ဘာမှ ရှင်းမပြပါနဲ့၊ ဘာမှ မတောင်းပန် ဘာမှ မငြင်းခုံပါနဲ့၊ ဖြေရုံပဲ ဖြေပါ"

သည်အခါ ဆိုဗို တုံ့ပြန်သည်။

"ဒီမယ်၊ ကျုပ်တို့က ဆရာဝန်တွေဗျ၊ ကြေးစား သက်သေတွေ မဟ ဘူး၊ ဆရာဝန်တွေရဲ့ အကြောင်းကို ကျုပ် ကောင်းကောင်း သိတယ်၊ က တစ်သက်မှာလည်း သုံးခါ သက်သေ လိုက်ဖူးတယ်၊ မဟုတ်ဘူး၊ လေ ဒါပေမဲ့ ဒီကိစ္စကို ကျုပ် လုပ်ငန်းအဖြစ် သဘောမထားဘူး၊ အာရုံ မစိုက်





က်လည်း မစိုက်နိုင်ဘူး၊ ဒီအမှုမှာလည်း ကျုပ် ပြောစရာ ရှိတာတွေကို ပြောမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဂရန့်ကို ကျုပ် ယုံတယ်၊ သူ လုပ်ထားတဲ့ လုပ်ကို ကျုပ် ယုံတယ်၊ ဒါပေမဲ့ ကျုပ်ကို ဘာလုပ်ရမယ်၊ ဘာပြောရမယ်၊ တယ်လို အမူအရာ ထားရမယ် ဆိုတဲ့ စည်းကမ်းတွေ နည်းလမ်းတွေနဲ့တော့ ကာင်ခတ်မပေးနဲ့၊ အဲဒါမျိုးတွေ ကျုပ် စရိုက်မှာ လုံးဝ မရှိဘူး၊ ကျုပ်ဟာ ပြဇာတ်ထဲက အခန်း တစ်ခန်းမှာ ဝင်ပါရမယ့် ဇာတ်ဆောင် တစ်ယောက် မဟုတ်ဘူး၊ ဒါရိုက်တာက ညွှန်ကြားတဲ့ အတိုင်း လိုက်ပြောမယ့် လူ တစ်ယောက် မဟုတ်ဘူး"

ကောင်းဝဲသည် အပြုံးမပျက်ဘဲပင် ရှိနေသည်။

"ကျုပ်က ဆရာကြီးရဲ့ မိတ်ဆွေ တစ်ယောက်ပါ၊ ဆရာကြီး ဘက်က ကျုပ် ရှိပါတယ်၊ တစ်ဖက်က ပြိုင်ရမယ့် လူတွေနဲ့ တွေ့တဲ့ အခါကျရင် ဆရာကြီးဟာ ဇာတ်ဆောင် တစ်ယောက် လုပ်ချင်စိတ် ပေါ်လာပါလိမ့်မယ်"

"ခင်ဗျား သိချင်တာ နောက် ဘာရှိသေးသလဲ"

ဆိုဗိုက စိတ်မရှည်ဟန် ဤဆွေးနွေးပွဲကို နိဂုံးချုပ် လိုဟန်ဖြင့် မေး လိုက်သည်။ ထိုစဉ်မှာပင် တယ်လီဖုန်း မြည်လာသည်။ ဆိုဗို နားထောင်သည်။

"ကျုပ်တို့ကို ဘာမှ အနှောင့်အယှက် မပေးပါနဲ့လို့ မှာထားတယ် မဟုတ်လား မာစီ" ဆိုဗိုက သူ၏ အတွင်းရေးမှူးကို အပြစ် တင်လိုက်သည်။ မာစီ အနေနှင့် သူမ၏ ဆရာကြီး ဤသို့ စိတ်တိုသည်ကို တစ်ခါမျှ မကြုံဖူးပါ၊ "ဩော်... အင်း အင်း"

ဆိုဗိုက တယ်လီဖုန်းကို ခရစ်သို့ ပေးလိုက်သည်။

"ဟုတ်ကဲ့"

ခရစ် ထူးလိုက်သည်။

ကလေး အထူးဆောင်မှ ဆရာမ ဖြစ်သည်။

"ဂရို့ဖ်ကလေး အန်နေပြန်ပြီ"

"တော်တော် ဆိုးသလား"

"သိပ်ဆိုးတယ်၊ အသက်ရှူလည်း ကျပ်နေတယ်၊ တော်တော် ဆိုးတယ်"

"ကိုယ် အခုပဲ လာခဲ့မယ်"

ခရစ် တယ်လီဖုန်းကို ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏကလေး နေပါဦး ဒေါက်တာ"

ကောင်းဝဲက ပြောလိုက်သည်။

"ကျုပ်မှာ အင်မတန် အခြေအနေ ဆိုးနေတဲ့ ကလေးလူနာ တ
ယောက် ရှိနေတယ်၊ နောက်ဆုံးအချိန် ရောက်နေပြီလို့ ကျုပ် ထင်တယ်"

တံခါးပေါက် ဆီသို့ ခရစ် လျှောက်သွားသည်။

"ဒေါက်တာ ဂရန့် ခင်ဗျားကို ကျုပ် တစ်ခု သတိ ပေးပါရစေ"

ခရစ် နောက်ဘက်သို့ ပြန်လှည့်ပြီး ကောင်းဝဲနှင့် မျက်နှာချင်း ဆိုင်
လိုက်သည်။

"ဆေးပညာ မှားယွင်း ကုသမှု၊ ဒီအမှုမျိုးဟာ အင်မတန် မွေ
ရှုပ်ထွေးတယ်၊ အချိန်လည်း သိပ်ကြာတတ်တယ်၊ ဒေါက်တာတို့ အမှုက ပို
ဆိုးလိမ့်မယ်၊ ကျုပ်တို့ ကုမ္ပဏီ အနေနဲ့ အများကြီး စိုးရိမ်နေကြတယ်"

"ခင်ဗျားတို့ ကုမ္ပဏီဟာ အဲဒီလို စိုးရိမ်ဖို့ အတွက် ပိုက်ဆံ ရထ
တာပဲ"

ခရစ်က ပြန်ပြောလိုက်သည်။

"များသောအားဖြင့် ဒီလို အမှုမျိုးတွေမှာ ကျုပ်တို့ဘက်မှာ ဆရာ
သက်သေတွေ အများကြီး ရှိတတ်တယ်၊ အခက်အခဲ ရှိတာက တရားလို
တခြား ဆရာဝန် တစ်ယောက်ကို လွဲမှားစွာ ကုပါတယ်လို့ ထွက်ဆိုမ
ဆရာဝန်မျိုးကို သူတို့ မနည်းကြီး ရှာရတယ်၊ ဒါပေမဲ့ ရေးနိုးမှာ ကျ
ဒီလို မဟုတ်ဘူး၊ သူ့မှာ လုပ်နိုင်တဲ့ အား အများကြီး ရှိတယ်၊ ခင်ဗျာ
ဆန့်ကျင်ပြီး ထွက်ဆိုမယ့် ဆရာဝန်တွေ အများကြီး တန်းစီ နေလိမ့်မယ်"

"အဲဒီအတွက် ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ် အခု ကျုပ် လူ
ဆီကို..."

"နောက် တစ်ခု ရှိသေးတယ်၊ ခင်ဗျား ကျုပ်ကို မကြိုက်
ဖြစ်နိုင်တယ် ဆိုပေမဲ့ ခင်ဗျား ယုံချင်ယုံ မယုံချင်နေ၊ ကျုပ်ဟာ ခင်ဗျာ
ကူညီနိုင်ဖို့ ကြိုးစားနေတဲ့ လူ တစ်ယောက်ပါ"

ကောင်းဝဲက ပြောသည်။

ခရစ် ဂရန့်က အခန်း ထဲမှ ထွက်သွားပြီး တံခါး ပိတ်သွားသေ
အခါ မိုက်ဆိုဗိုက မေးလိုက်သည်။





"ခင်ဗျား စောစောက ပြောတဲ့ စကားတွေဟာ ခင်ဗျားတို့ ပြောတဲ့
အတိုင်း သူ ကြောက်အောင် ခြောက်တာတော့ မဟုတ်ပါဘူးနော်"

"ကျုပ်တို့ စိုးရိမ် နေကြတယ်၊ သူတို့ဟာ လုပ်စရာ ရှိတာကို အဆုံးစွန်
ထိအောင် လုပ်ကြလိမ့်မယ်၊ အဲဒါကြောင့် အဲဒီ လူငယ်ကလေးကို ဆရာကြီးက
သတိပေးထားပါ၊ သူ့ အပေါ်မှာ ကျရောက်မယ့် အန္တရာယ်ဟာ သူ ထင်ထား
တာထက် အများကြီး ပိုနေတယ်"

"အဲဒါဆိုရင် သူ့ အလုပ်နဲ့ သူ့ ဘဝကို ထိခိုက်နိုင်တယ်"

"အဲဒါကြောင့် သူ့ကို ကျုပ် အလျှင်ဆုံး တွေ့ကြည့်ချင်တာပေါ့"

"ဘာအကြောင်း ထူးနိုင်သလဲ"

"အင်း" ကောင်းဝဲ စကားကို ဆက်မပြောဘဲ ရပ်သွားသည်။ ပြောသင့်
မပြောသင့် ချိန်ဆနေဟန် ရှိသည်။ နောက်ဆုံးတွင် "ကုမ္ပဏီမှာ ကျေအေးဖို့
ကိစ္စ ကျုပ်တို့ စဉ်းစားကြတယ်၊ ကျုပ်တို့ ဘက်က ပေးရမယ့် ကိစ္စပေါ့၊
ဆေးပညာ မှားယွင်း ကုသမှုက တခြား အမှုတွေနဲ့ မတူဘူး၊ ကားတိုက်တာတို့
မီးလောင်တာတို့ သူ့မိုး အခိုးခံရတာတို့ ဆိုရင် ကျုပ်တို့ ကျေအေးဖို့ ဆုံးဖြတ်
တယ်၊ ကျုပ်တို့က ဘယ်လောက် ပေးနိုင်မယ် ပြောတယ်၊ ဈေးဆစ်ကြတယ်၊
ပြီးတော့ ပြေလည် သွားကြတယ်"

"မှားယွင်း ကုသမှုကျတော့ ဘာဖြစ်လို့လဲ"

ဆိုဗိုက မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီအမှုမျိုးမှာက အာမခံထားသူရဲ့ သဘော
တူညီချက်ကို ရဖို့ လိုတယ်"

"ကျုပ် သဘောပေါက်ပြီ၊ ဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာ၊ ဆရာဝန်ရဲ့
ဂုဏ်သိက္ခာတို့ ပါဝင်နေကြတယ်၊ ကျေအေးတာဟာ အပြစ်ရှိကြောင်း ဝန်ခံ
တဲ့ သဘောပဲ"

"တချို့ ဆရာဝန်တွေကတော့ ဒီလိုပဲ ယူဆတယ်၊ တချို့ကျတော့လည်း
အရှုပ်ကြီး မြန်မြန် ပြီးသွားရင် သဘောကျတာပဲ၊ ပြီးသွားရင် မေ့ပစ်လိုက်ကြ
တာပဲ"

ကောင်းဝဲက ပြောသည်။

"မေ့ပစ်ရမယ် ဟုတ်လား၊ ဒီလိုကိစ္စမျိုးဟာ ဘယ်တော့မှ မမေ့နိုင်ဘူး၊
ထို့သဖြင့် ကျုပ်တို့ လုပ်ငန်းမှာ မေ့လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေ့ပစ် ကျေအေးဖို့ သူ သဘောတူမှာ မဟုတ်ဘူးပေါ့၊ ဟုတ်လား" ကောင်းဝဲက သတိထား၍ မေးသည်။

"တူမှာ မဟုတ်ဘူး" ဆိုဗိုက ဖြေသည်။ "ခင်ဗျားတို့ကို ကျုပ် တစ် ပြောမယ် မစ္စတာ ကောင်းဝဲ၊ ကျုပ်လည်း သဘောတူမှာ မဟုတ်ဘူး"

ကောင်းဝဲသည် ဆရာကြီးကို စူးစိုက်ပြီး ကြည့်နေသည်။

"အဲဒါ အမှန်ပဲ" ဆိုဗို အေးဆေးစွာ ဆက်ပြောသည်။ "ခင်ဗျား ကုမ္ပဏီက ငွေကိစ္စကို လုံးပန်းနေတယ်၊ ငွေတွေ အများကြီးပဲ၊ ဒါပေမဲ့ ငွေဟ ငွေပါပဲ၊ ကျုပ်က လူငယ် တစ်ယောက်ရဲ့ အနာဂတ်ရေးကို ကိုင်တွယ် ဖြေရှ နေရတယ်၊ အင်မတန် အလားအလာ ရှိတဲ့ လူငယ် တစ်ယောက်ပဲ၊ သူဟ ခေါင်းမာတယ် ဆိုတာ ဟုတ်ပါတယ်၊ ဆတ်ဆတ်ထိ မခံဘူး ဆိုတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ သူဟာ သူ့ လုပ်ငန်းမှာ အောက်ချထားတယ်၊ စောစော သူ ပြောသွားတဲ့ အပေါ်ထပ်က ကလေး ကလေးဟာ သေတော့မှာပဲ ဆိုတ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သူဟာ အဲဒီကလေး ကလေးကို ခင်ဗျားထက် ပို တန်ဖိုးထားတယ်၊ ခင်ဗျားတို့ ကုမ္ပဏီ တစ်ခုလုံးထက် ပိုပြီး တန်ဖိုးထားတယ်

"နားလည်ပါပြီ၊ နားလည်ပါပြီ"

ကောင်းဝဲ ပြောလိုက်သည်။ စာရွက်စာတမ်းများကို သူ၏ လက် သေတ္တာ ထဲသို့ ပြန်ထည့်လိုက်ရင်း–

"ဒါပေမဲ့ ကျုပ်တို့ဟာ အခုမှ အစပဲ ရှိသေးတယ် ဒေါက်တာ"

*

အော့အန်လျက် ရှိသော ကလေးငယ်ကလေးသည် ည ဆယ်နာရီတစ် နှစ်မိနစ် အချိန်တွင် သေဆုံးသွားလေတော့သည်။ ခရစ် ဂရန့်သည် က ငယ်ကလေး၏ ရှန်းကန်မှု နိဂုံးချုပ်သွားသည်ကို တွေ့မြင်ရသော်လည်း မကောင်းခြင်းကား မဖြစ်မိပါ။ သူ၏ ဘဝသည် စကတည်းက ရှုံး ဖြစ်သည်။ သူ၏ အသက်ရှင်နိုင်မှု အလားအလာမှာ အထူးပင် နည်းပါ ချေသည်။

ကလေးငယ်၏ မိခင်ကို အကြောင်းကြားရန် သားဖွားဆောင်သို့ သွားရောက်သည်။ မိန်းကလေးသည် ခပ်စောစောကပင် ဆေးရုံမှ လစ်ပြေး





ဖြစ်သည်။ ဆေးစွဲသည့် ဝေဒနာကြောင့်ပင် လမ်းပေါ်သို့ မိန်းကလေး ပြန်လည် ရောက်ရှိသွားရခြင်း ဖြစ်သည်။ သူမ ပေးထားသော အမည်နှင့် လိပ်စာတို့မှာ အတုများသာ ဖြစ်နေကြောင်း သိရှိရသောအခါတွင်လည်း ခရစ် အံ့သြမိပါ။ သည်လိုကိစ္စမျိုးတွင် ဖြစ်ရိုး ဖြစ်စဉ်များသာ ဖြစ်ပါသည်။

ခရစ်သည် ဆေးရုံမှ မပြန်မီတွင် မိုက်ဆိုဗို၏ ရုံးခန်းသို့ သွားကြည့် သေးသည်။ ဌာနမှူး ပြန်သွားပြီ ဖြစ်သည်။ မနက်ဖြန် မနက်ကျမှပင် ချား ကောင်းဝဲ ကိစ္စကို ဌာနမှူးနှင့် တိုင်ပင် ဆွေးနွေးရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

# ၇

အခြားသော ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့များ နည်းတူပင် မက်ထရိုပိုလီတ
အထွေထွေ ဆေးရုံကြီး၏ အဖွဲ့တွင်လည်း ဥပဒေ ပညာရှင်များနှင့် အောင်မြ
သော လုပ်ငန်းရှင်ကြီးများ ပါဝင်ကြသည်။ ထို့အပြင် များမကြာမီက
အဖွဲ့ဝင် အမျိုးသမီး နှစ်ဦး တိုးခဲ့သည်။ အကြောင်းမှာ ထိုအမျိုးသမီး နှစ်
သည် ချမ်းသာ ကြွယ်ဝသော သူဌေးကြီးများ၏ ဇနီးများ ဖြစ်သောကြေ
ပင်တည်း။

အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများ အားလုံးသည် ဆေးရုံ၏ ထင်
ကျော်စောမှုအတွက် ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။ ဆေးရုံကြီး၏ ကျော်ကြ
သည် တစ်မြို့ တစ်နယ်မျှသာမက တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သည်။ ဤဆေ
ကြီးတွင် လေ့ကျင့်ခြင်း ပြုသော ဆရာဝန်များသည် ထင်ရှား ကျော်ကြားသေ
ဆေးရုံကြီးများတွင် အကြီးအကဲများ ဖြစ်ကြကုန်၏။ ဤဆေးရုံကြီးမှ ဆရာ
များ တင်သွင်းသော စာတမ်းများမှာ အရေအတွက်လည်း မြားမြောင်လှ
အောင်မြင်ခြင်းလည်း ရှိကြပေ၏။ အဖွဲ့အစည်းများနှင့် တစ်သီး ပုဂ္ဂလမျာ
မြားမြောင်လှစွာသော ထောက်ပံ့ ကူညီမှုများသည် ဤဆေးရုံကြီး၏ အေ
မြင်သော သုတေသန လုပ်ငန်းရပ်များကို သက်သေပြနေ၏။

ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဘဏ်လုပ်ငန်းရှင်ကြီး သောမ
ဗရက်ဒီသည် မက်ထရိုပိုလီတန် ဆေးရုံကြီး၊ ဒေါက်တာ ဂရန့်၊ ဒေါက်
ဆိုဗိုဟို့နှင့် ဆင်ပဆန်တို့၏ အမှုအတွက် အထူး အစည်းအဝေး ခေါ်ယူရခြ
ကို စိတ်မချမ်းသာ ရှိနေသည်။





ဆေးရုံကြီး၏ ဥပဒေ အကျိုးဆောင်အဖွဲ့မှာ ဦးစီးပုဂ္ဂိုလ်ကြီး တစ်ဦး
ဖြစ်သူ အက်ဗရီ ဝေါလာသည် ဤအစည်းအဝေးသို့ လူငယ် တစ်ဦးကို
ကိုယ်စားလွှတ်ခွင့် မရရှိဘဲ ကိုယ်တိုင် တက်ရောက်ရသဖြင့် ဤအစည်းအဝေး
ည်မှု အရေးကြီးကြောင်း သဘောပေါက်မိတော့၏။

ဤအစည်းအဝေးသည် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၏ ရာဇဝင်တွင် ပထမ
ဆုံး အကြိမ် လူစေ့ လူကုန် တက်ရောက်သော အစည်းအဝေးပင် ဖြစ်တော့
သည်။

ကြီးမား ကျယ်ဝန်းလှသော အစည်းအဝေး ခန်းမဆောင်ကြီး၏ နံရံ
များကို မဟူရာ ဝက်သစ်ချသားတို့ဖြင့် မှန်ကူကွက် ဆင်ထားသည်။ ကြမ်းခင်း
ပြင်ကို အရှေ့တိုင်း ကော်ဇောကြီး ခင်းထားသည်။ ရှည်လျားသော စားပွဲကြီး
ကို တောင်အမေရိကတိုက်မှ မဟော်ဂနီသား တစ်ချပ်တည်းဖြင့် ပြုလုပ်ထား
၏။ တဖိတ်ဖိတ် တောက်သည်အထိ ပွတ်တိုက်ထား၏။ အဖွဲ့ဝင် တစ်ဆယ့်
ခြောက်ဦး အတွက် ခင်းကျင်းထားသော ကုလားထိုင် တစ်ဆယ့်ခြောက်လုံး
ကလည်း မဟော်ဂနီ စားပွဲကြီးနှင့် လိုက်ဖက်ညီစွာ လှပ ခမ်းနားသည်။

"ကျွန်တော်တို့ စကြမလား"

ဥက္ကဋ္ဌကြီး သောမတ် ဗရက်ဒီက အစည်းအဝေး စတင်ရန် အဖွဲ့ဝင်
လူကြီးများကို စားပွဲသို့ ယဉ်ကျေးစွာ ဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

စားပွဲတွင် အားလုံး နေရာယူမိကြသောအခါ ဗရက်ဒီက အခမ်းအနား
ဖွင့်သည်။

"အခုလို အထူး အစည်းအဝေး ခေါ်ယူ ကျင်းပရတဲ့ အတွက် ကျွန်တော်
တို့ အဖွဲ့ဝင်များ အားလုံး စိတ်မကောင်းကြဘူး ဆိုတာ ကျွန်တော် ယုံကြည်
ပါတယ်၊ ကျွန်တော်တို့လို ဆေးရုံကြီး တစ်ရုံက အခုလို တရားစွဲဆို ခံရတာဟာ
ဂုဏ်မတန် ဝမ်းနည်းစရာ ကောင်းပါတယ်၊ ပိုပြီး စိတ်မကောင်းစရာ ကောင်းတာ
ကတော့ တရားစွဲဆိုတဲ့ တရားလိုများဟာ ဒီဆေးရုံကြီး အပေါ်မှာ အင်မတန်
ကျေးဇူးတရား ထက်သန်တဲ့ ပုဂ္ဂိုလ်ကြီးများ ဖြစ်တဲ့ အတွက်ပါပဲ"

"ဒါပေမဲ့ ကျွန်တော်တို့ဟာ အခု ကိစ္စကို စဉ်းစားကြတဲ့ နေရာမှာ
ကျွန်တော်တို့နဲ့ ဂျွန်ရေးနိုးနဲ့ ဆက်နွယ်ပတ်သက်မှုတွေ ရှိတာကို ထည့်တွက်
လို့ မဖြစ်ပါဘူး၊ ကျွန်တော်တို့ အဓိကထားပြီး စဉ်းစားရမှာက ဒီဆေးရုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပဲ၊ ဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာ ပေါ်မှာ အခြေပြုရမယ်၊ ဆေးရုံကြီး ပြည်သူ့ပေါ်မှာ အကျိုးပြုနေတယ် ဆိုတဲ့ အချက်ပေါ်မှာ အခြေပြု ရမယ်"

သူ ပြောသည့် စကားကို သဘောတူသည့် အနေဖြင့် အဖွဲ့ဝင် လူ အများကပင် ခေါင်းညိတ်ကြသည်။ ဗရက်ဒီ ဆက်ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ ပထမဆုံး လုပ်ရမယ့် အချက်က ကျွန်တော်တို့ ဆေးရုံကြီးရဲ့ ဥပဒေ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကြီး မစ္စတာ ဝေါ ဆီက အခြေအနေ သုံးသပ်ချက်ကို နားထောင်ကြဖို့ပဲ"

မစ္စတာ ဝေါလာသည် အရပ်ပုပု ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သည်။ ပါးနှစ် ရဲရဲ နီနေသည်။ သူသည် ကုလားထိုင်တွင် ကျောမှီလိုက်ပြီးနောက် လည်ချေ ရှင်းလိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့် လူတွေကို သေသေချာ လုပ်ခိုင်းပါတယ်၊ အခြေအနေ အရပ်ရပ်ကို တွက်စစ် ကြည့်လိုက်တဲ့ အခါ အချက် တစ်ချက်ပဲ ရပါတယ်၊ အဲဒါကတော့ ဒေါက်တာ ဆိုဗို့နဲ့ ဒေါက် ဂရန့်တို့ဟာ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေ ဖြစ်တယ် ဆိုတဲ့ အချက် ကျန်တဲ့ အချက်တွေ အားလုံးကို ကျွန်တော်တို့ ငြင်းပယ်နိုင်တယ်၊ ကျွန် တို့မှာ ဘာတစ်ခုမှ လစ်ဟင်း ပျက်ကွက်မှု မရှိဘူး၊ အားလုံး သိအေ ပြောရမယ် ဆိုရင် ကျွန်တော်တို့ရဲ့ ဆရာဝန် နှစ်ယောက်ဟာလည်း လွဲ ကုသမှု မရှိပါဘူး၊ တစ်ဖက်ရဲ့ စွပ်စွဲချက် အပြည့်အစုံကို ကျွန်တော်တို့ တော ထားပါတယ်၊ မကြာခင်ပဲ ရပါလိမ့်မယ်၊ အဲဒီအခါကျရင် တရားလိုဘက် ကျွန်တော်တို့ရဲ့ လစ်ဟင်း ပျက်ကွက်မှုနဲ့ မှားယွင်း ကုသမှု အပေါ် ဘယ် စွပ်စွဲထားတယ် ဆိုတာကို အသေးစိတ် သိကြရပါမယ်"

"အုပ်ချုပ်ရေးအဖွဲ့ကို ကျွန်တော် ပထမဆုံး သတိပေးရမယ့် အ ကတော့ ဒေါက်တာ ဂရန့်ဟာ ဒီဆေးရုံကြီးမှာ အချိန်ပြည့် ဆရာဝန် တ ဖြစ်တဲ့အတွက် ဥပဒေသဘောအရ သူဟာ ကျွန်တော်တို့ရဲ့ အလုပ်သ တစ်ဦး ဖြစ်နေပါတယ်၊ အဲဒီအတွက် ကျွန်တော်တို့ဟာ သူ့ရဲ့ လုပ်ရပ် ပတ်သက်ပြီး တာဝန် ရှိတယ်၊ အဲဒီတော့ တကယ်လို့ သူဟာ လွဲမှား ကုသ အပြစ်ပေးခံရလို့ ရှိရင် ဥပဒေ သဘောအရ ကျွန်တော်တို့လည်း တာဝန် မလွတ်ကင်းနိုင်ဘူး"





မစ္စက် အိလိယော့ဖော့စတား၏ လက်အိတ် စွပ်ထားသောလက် ရုတ် ရက် အပေါ်သို့ မြောက်တက်သွားသည်။ သူမ လက်မြှောက်လိုက်သည်ကို ခြား လူတွေ မြင်မမြင် စောင့်မနေတော့ဘဲ-

"ကျွန်မတို့မှာ ကြားကာ ရှိတယ် မဟုတ်လား၊ ကျွန်မ ပြောတဲ့ ဓိပ္ပာယ်က ဒီကိစ္စကို ပြေလည်အောင် တကယ် ဆောင်ရွက် ကာကွယ်ရမယ့် က အသက်အာမခံ ကုမ္ပဏီ မဟုတ်လား"

"အဲဒီကိစ္စကို ပြီးတော့ ကျွန်တော် ပြောပါ့မယ် မစ္စက် ဖော့စတား"

ဝေါလာသည် ကြားဖောက်သည်ကို မကြိုက်သော်လည်း သိမ်မွေ့စွာ ပ် ပြန်ပြောသည်။

"ကျွန်တော်တို့လည်း တာဝန်က မလွတ်ကင်းနိုင်ဘူးလို့ ကျွန်တော် ပြောတဲ့ သဘောက တရားစွဲဆိုပြီး တောင်းထားတဲ့ ငွေက ကျွန်တော်တို့ ထားတဲ့ အာမခံ ငွေထက် ပိုနေတယ်၊ တရားသူကြီးက တရားလိုကိုပဲ အနိုင်ပေး လိုက်မယ်၊ လျော်ကြေး ပေးရမယ့် ငွေကလည်း အာမခံ ငွေထက် ပိုနေမယ် ရင် လိုတဲ့ငွေကို ဒေါက်တာ ဆိုဗို့၊ ဒေါက်တာ ဂရန့်နဲ့ ကျွန်တော်တို့ ဆေးရုံ ကြီးက ပေးရမယ်၊ နောက်ပြီးတော့ ဒီငွေတွေကို တကယ်တမ်း ဘယ်သူက ပေးရမယ် ဆိုတာကိုတော့ ကျွန်တော် ပြောဖို့ လိုမယ် မထင်ပါဘူး"

ယင်းသို့ ပြောဆိုလိုက်သည့် အတွက် မစ္စက်ဖော့စတားသည် မြင်မြင် သာကြီးပင် ညှိုးငယ်သွားသည်။ ဝေါလာ ဆက်ပြောသည်။

"ကျွန်တော်တို့ အဖွဲ့က ဆေးရုံ မှတ်တမ်းတွေ အားလုံးကို စစ်ဆေး တယ်၊ လူနာ မှတ်တမ်း၊ ညွှန်ကြားချက် စာအုပ်၊ ဆရာမတွေရဲ့ မှတ်စုနဲ့ တ်ခွဲခန်း အစီရင်ခံစာတွေ အားလုံးပဲပေါ့၊ အဲဒီလို စုံစမ်းစစ်ဆေးပြီးတဲ့ ခါမှာ ကျွန်တော်တို့ အဖွဲ့ရဲ့ အကြံပေးချက်ကတော့ ဆေးရုံ အုပ်ချုပ်ရေး ဖွဲ့ဟာ တရားလိုဘက်နဲ့ စေ့စပ် ပြေငြိမ်းသင့်ပါတယ်၊ ဒီကိစ္စကို အာမခံ ကုမ္ပဏီနဲ့ ဆွေးနွေးကြည့်တဲ့အခါ သူတို့ကလည်း သဘောတူပါတယ်၊ ဒေါက်တာ ဂရန့်ဟာ ရုံးတော်မှာ သက်သေကောင်း တစ်ယောက် မဖြစ်နိုင်ဘူး လို့ သူတို့ရဲ့ စုံစမ်းရေးမှူးက အစီရင်ခံထားတဲ့ အတွက် အာမခံ ကုမ္ပဏီဟာ စေ့စပ် ပြေငြိမ်းရေးကို ပိုပြီး လိုလားနေပါတယ်၊ ဒေါက်တာ ဂရန့်ရဲ့ တိုက်မယ် ခိုက်မယ် ဆိုတဲ့ သဘောက ကျွန်တော်တို့ ဘက်မှာ အများကြီး ထိခိုက် စေနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများ၏ မျက်နှာများ အားလုံးပင် ညှိုး
သွားကြသည်။ ဤပြဿနာသည် အများကြီး ရှုပ်ထွေးလာနိုင်ကြောင်း သဘော
ပေါက်ကြသည့် သဘောပင် ဖြစ်သည်။

ထို့နောက် ဝေါလာက စကားညှပ်သဖွယ် ဖြစ်သည့် အချက် တစ်ရ
ပြောသည်။

"တရားလိုရဲ့ နောက်ဘက်မှာ ဂျွန်ရေးနီး ရှိနေတဲ့ အချက်ကလ
ကျွန်တော်တို့ အတွက် အကောင်း မဖြစ်နိုင်ဘူး၊ ဒီကိစ္စကို နောက်ပိုင်းက
သူ လှုံ့ဆော် နေတာဟာ ငွေအတွက် မဟုတ်ဘူး၊ အမှန်တရားအတွက်
ဆိုတာ ဇူရော်လူကြီးတိုင်းက သဘောပေါက်နိုင်တယ်၊ ဒီအတွက် ကျွန်တော်
ဟာ နောက်ထပ် ဆိုးကျိုး တစ်ခု ရနိုင်တယ်၊ ပြည်သူလူထုရဲ့ အမြင်ပဲ"

မစ္စက် ဇော့စတားက အာသွက်လျှာသွက်ပင်–

"ပြည်သူလူထုရဲ့ အမြင်ကို ကျွန်မ တွက်လို့ ရတယ်၊ လူတွေက
ပြောမလဲ၊ မက်ထရိုပိုလီတန် ဆေးရုံကြီးမှာ ရေးနီးရဲ့ မြေးတောင် ဒီလို
ဖြစ်ရင် တို့ကလေးတွေ ဆိုရင် ဘယ့်နှယ် နေမလဲပေါ့"

မစ္စက် ဇော့စတားနှင့် တစ်တန်းတည်း ထိုင်နေသော ကုန်တိုက်ပိုင်
ဆိုင်းရပ် ရှိဆင်တီက–

"အဲဒီလို ပြောတဲ့ လူတွေကို ကျွန်တော် အပြစ်မတင်ဘူး၊ ကောင်း
ကတော့ ဒီကိစ္စကို မြန်မြန် ပြီးလိုက်ဖို့ပါပဲ၊ ကြာနေတာနဲ့ အမျှ ပြဿနာ
ပိုဆိုးလာမှာပဲ"

"အဲဒါ မှန်တယ်"

စက်မှု လုပ်ငန်းရှင် အယ်လီဂျက်ဆင် ထောက်ခံလိုက်သည်။

"ရေးနီးတွေနဲ့ ဘယ်လို ပြေငြိမ်းရမယ် ဆိုတာ အာမခံ ကုမ္ပဏီ
လုပ်ပုံ လုပ်နည်းတွေ ပြောထားတာ ရှိသလား"

ရှိဆင်တီက ဝေါလာကို ကြည့်ပြီး မေးသည်။

ဥက္ကဋ္ဌ ဗရက်ဒီ ရှေ့သို့ ကိုယ် ညွတ်လိုက်ပြီး–

"ဒီအစည်းအဝေး ခေါ်တာ ဒီကိစ္စ အတွက်ပဲ၊ ကျွန်တော်တို့ အ
ကလည်း ပြေငြိမ်းချင်တယ်၊ အာမခံ ကုမ္ပဏီ အနေနဲ့လည်း ပြေငြိမ်းချင်တ
ဒါပေမဲ့ အခုအချိန် အထိတော့ တရားလိုဘက်က ပြေငြိမ်းချင်တဲ့ အရိပ်နိမိ
ဘာတစ်ခုမှ မပြသေးဘူး၊ အမှန်ကတော့..."





ဗရက်ဒီ စကားကို ရပ်လိုက်ပြီး ဝေါလာကို ကြည့်သည်။ ဝေါလာက
က်ပြောသည်။

"ကျွန်တော်တို့ ဆီက ရှေ့နေ တစ်ယောက်နဲ့ ရေးနီးရဲ့ ရှေ့နေ
ယောက် ဂေါက်ရိုက်တယ်၊ ကျွန်တော်တို့ လူက ပြေငြိမ်းဖို့ ကိစ္စနဲ့ ပတ်သက်
သူတို့ နှစ်ယောက်ကို တီးခေါက်ကြည့်တယ်၊ အခြေအနေ သိပ်မကောင်းဘူး
တာ တွေ့ရတယ်"

ဤတွင် ဗရက်ဒီက–

"ကနေ့ည ကျွန်တော်တို့ ဆုံးဖြတ်ဖို့ကတော့ ဂျွန်ရေးနီးနဲ့ အဆင်ပြေတဲ့
တစ်ယောက်ကို ရွေးပြီး သူ့နဲ့ ဆွေးနွေးရအောင် လွှတ်ဖို့ပဲ၊ ကျွန်တော်တို့
နေနဲ့ ဘယ်လို ခံစားနေရတယ်၊ ဘယ်လောက် စိတ်မကောင်း ဖြစ်နေကြ
ယ်၊ အခုလို ဖြစ်ရတာ ကျွန်တော်တို့မှာ တာဝန် ရှိပါတယ် ဆိုတာ သူ့ကို
ပြရမယ်၊ နောက်ပြီးတော့ ဒီကိစ္စကို သူ့ အနေနှင့် ရုံးမှာ ဆက်ပြီး ပြဿနာ
ယ်နေရင် ကျွန်တော်တို့ ဆေးရုံကြီးမှာ ဘယ်လောက် ထိခိုက်နိုင်တယ် ဆိုတာ
ပြောပြရမယ်"

"နောက်ပြီးတော့... ဗရက်ဒီ လေသံကို တိုးလျက် ခေါက်တာ ဂရန့်
အလုပ်က အမြန်ဆုံး ထုတ်ပစ်ပါမယ် ဆိုတာလည်း ကျွန်တော်တို့ သူ့ကို
တိပေးရမယ်"

"ဒီကိစ္စအတွက် ကျွန်မ သွားဖို့ အဆင်သင့်ပဲ"

မစ္စက် ဇော့စတား ပထမဆုံး အဆိုပြုသည်။

ယောက်ျား အတော်တော်များများ ပြုံးလိုက်ကြသည်။

ဆိုင်းရပ်ရှိဆင်တီက–

"ဂျွန်ရေးနီးဟာ မိန်းမတစ်ယောက်ရဲ့ ပြောစကားကို သဘောပေါက်
မယ်လို့ ကျွန်တော် မထင်ဘူး မစ္စက် ဇော့စတား၊ ကျွန်တော့် အနေနဲ့
ကြံပေးရမယ် ဆိုရင်တော့ တွမ်ဗရက်ဒီရယ်၊ အယ်လီဂျက်ဆင်ရယ်၊ နောက်
တော့ အက်ကလပ်ရယ် သွားသင့်တယ်"

ဗရက်ဒီသည် နောက်ထပ် အဆိုပြုချက် ရှိ မရှိ စောင့်ဆိုင်းနေပြီး
က်–

"အက်နဲ့ အယ်လီတို့ လိုက်မယ် ဆိုရင် ဒီအဖွဲ့ကို ကျွန်တော် ခေါ်
င်ပြီး သွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗရက်ဒီက အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာတော့မည် ရှိသ
တွင် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ရှိဆင်တီက တံခါး ဖွင့်ပေးလိုက်သောအခါ အခန်းတွင်းသို့ မိုက်ဆ
ဝင်ရောက်လာသည်။ သူသည် တာဝန်ချိန်တွင် ဝတ်ဆင်သော ကုတ်အင်္ကျီရှ
အဖြူကြီးအစား အနက်ရောင် ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီတို့ကို ဝတ်ဆ
ထားသည်။

"အားလုံး ဆွေးနွေးနေကြတုန်းပဲလား၊ ကောင်းတယ်"

မိုက်ဆိုဗိုက ပြောလိုက်သည်။

"အမှန်အတိုင်း ဆိုရင်တော့ အစည်းအဝေး အခုပဲ ပြီး..."

ဗရက်ဒီက ယင်းသို့ စကားစလိုက်သည် ဆိုလျှင်ပင် မိုက်ဆိုဗိုက
စကားကို အတင်းဖြတ်ပြီး–

"အဖွဲ့ဝင် လူကြီးတွေ အားလုံး သည်မှာ ရှိနေသမျှ အစည်းအ
လုပ်လို့ ရနေတာပဲ"

ဗရက်ဒီက စားပွဲမှ လူများကို ကြည့်လိုက်သည်။ အဖွဲ့ဝင် လူကြီးမ
အားလုံးလောက်ကပင် ဤကိစ္စကို နိဂုံးချုပ်လိုက်ချင်ကြပြီ ဖြစ်သော်လ
သူတို့သည် ဤဆေးရုံကြီး၏ ထင်ရှားသော ဌာနမှူး တစ်ယောက်၏ အလို
ကို မဆန့်ကျင်လိုကြပါ။ ယင်းသို့ဖြင့် ဗရက်ဒီကပင် ပြောရတော့သည်။

"ဘယ်သူမှ အရေးတကြီး ကိစ္စနဲ့ သွားစရာ မရှိဘူး ဆိုရင်..."

အားလုံးပင် ကုလားထိုင်တွင် ပြန်ထိုင်ကြသည်။ ဗရက်ဒီက မိုက်
ကို စကားပြောရန် အချက်ပြလိုက်သည်။ ဆရာဝန်ကြီးသည် စားပွဲ ထိပ်
နေရာယူလိုက်ပြီးနောက် ခပ်ပြတ်ပြတ်ပင် ပြောဆိုသည်။

"ကျုပ်ဟာ ဒီအစည်းအဝေးကို တက်ရမယ့် လူ တစ်ယောက် မဟု
ဘူး ဆိုတာ ခင်ဗျားတို့ အားလုံး သိတယ်၊ ဒါပေမဲ့ ကနေ့ညမှာ ဖြစ်ပေါ်နေ
အခြေအနေအရ ကျုပ် တက်ရောက်ဖို့ လိုအပ်တယ် ဆိုပြီး ကျုပ် လာခဲ့တ
ကျုပ် မရောက်ခင် ဒီမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာ ကျုပ် တွက်လို့
တယ်"

"ကျုပ် တွက်တာ မမှားနိုင်ဘူး၊ ဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာကို ဆ
ကြဖို့ပဲ မဟုတ်လား၊ ကျုပ်တို့ရဲ့ ဂုဏ်သိက္ခာကို ဆည်ကြဖို့ပဲ မဟုတ်လ
ဆေးရုံကြီးနဲ့ ပတ်သက်တဲ့ မကောင်းသတင်းတွေ အားလုံး ပိတ်ပစ်ရမ





ဒါကို ကျုပ် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ကို ကျုပ် တစ်ခုတော့
သတိပေးပါရစေ၊ ရံဖန်ရံခါမှာ အလွယ်ဆုံးနည်းနဲ့ ထွက်ပေါက် ရှာတာဟာ
နောက်ပိုင်းမှာ အခက်ခဲဆုံး ပြဿနာတွေ ဖြစ်တတ်တယ်၊ ကျုပ် အနေနဲ့ လူ
တစ်ယောက်ရဲ့ ဘဝကို အများကြီး တန်ဖိုးထားတယ်၊ ဒီပြဿနာ ပြေလည်ရေး
အတွက် ကျုပ် လက်အောက်က လူ တစ်ယောက် စတေးခံရမှာကို ကျုပ်
ည်းနည်းမှ မလိုလားဘူး"

"ကျုပ် သိပါတယ်၊ ခင်ဗျားတို့ ဆုံးဖြတ်ချက် ချပြီးကြပြီ မဟုတ်လား၊
ပြန်ရေးနိုးမှာ အများကြီး ထိခိုက် နစ်နာရတယ်၊ အဲဒါအတွက် ကျေးရာ
ကျကြောင်း တောင်းပန်ရမယ်၊ လျော်ကြေးကို သွေးနဲ့ ပေးဆပ်ရမယ်၊ လူငယ်
ဆရာဝန်ကလေး တစ်ဦးရဲ့ သွေးနဲ့ ပေးဆပ်ရမယ်၊ အဲဒီ ဆရာဝန်ကလေးဟာ
အခုကိစ္စမှာ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် ကုသခဲ့တယ်၊ ဒါပေမဲ့ တစ်နေရာ
ရာမှာ တစ်ခုခု မှားသွားတယ်၊ ဘယ်နေရာမှာ ဘာမှားတယ် ဆိုတာကို ဘယ်
သူမှ သေသေချာချာ မသိဘူး၊ ကျုပ်တို့ တစ်ခု ဆုံးဖြတ်ရမှာက ပြဿနာ
တစ်ခုကို မှန်မှန်ကန်ကန် ဆုံးဖြတ်မလား၊ ဒါမှမဟုတ် လက်စားချေ ဝါဒ
အောက်မှာ အစတေးခံမလား ဆိုတာပဲ၊ ဒါဟာ အစည်းအဝေးက ဆုံးဖြတ်ရ
မယ့် ကိစ္စပဲ၊ ခရစ်တိုဖာဂရန့်ရဲ့ ဘဝကို ဖျက်ဆီးပစ်တဲ့ အတွက် ရေးနိုးနဲ့
သူ့ မြေးကလေးမှာ ဘာအကျိုးကျေးဇူး ရှိမလဲ ပြောပါ၊ ပြောကြစမ်းပါ"

အားလုံး တိတ်နေသည်။ ဟိုလူ ဖြေမလို သည်လူ ဖြေမလိုနှင့် လည်
ချောင်း ရှင်းနေကြသည်။ နောက်ဆုံးတွင်မှ ဆေးရုံ ဥပဒေ အတိုင်ပင်ခံ
ရှေ့နေ ဝေါလာက ပြောသည်။

"ဒေါက်တာ ဆိုဗို ခင်ဗျာ၊ ဒီပြဿနာဟာ ဆရာကြီး ယူဆထား
သလောက် မလွယ်ပါဘူး၊ ဒီပြဿနာမှာ ဆရာကြီး ချဉ်းကပ်ပုံနဲ့ ကျွန်တော်
တို့ ချဉ်းကပ်ပုံ မတူပါဘူး၊ ဆရာကြီး ချဉ်းကပ်ပုံက ဌာန အကြီးအကဲ
တစ်ယောက် အနေနဲ့ ကိုယ့် လက်အောက်က လူ တစ်ယောက်ကို စောင့်ရှောက်
ကာကွယ်ဖို့ပဲ၊ ဒီလို ဖြစ်ရတာကိုလည်း ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်
ကကယ် ပြောတာပါ၊ အဲဒီ လူငယ်ကလေး အတွက် ဆရာကြီးမှာ တာဝန်
ရှိပါတယ်၊ ရှိလည်း ရှိရမှာပဲပေါ့"

ဒေါက်တာ ဆိုဗို ဒေါသတကြီးဖြင့် ရှေ့နေကြီး ဘက်သို့ လှည့်လိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ ဒီလူငယ်ကလေးကို ဒီဆေးရုံကြီးကို ခေါ်လာတဲ့ အတွက် အဲဒီ အတွက်၊ ကျုပ်မှာ တာဝန်ရှိတဲ့ အတွက်၊ ကျုပ်ဟာ ဒီလူငယ်ကလေးကို ကာကွယ်နေတယ်လို့ ခင်ဗျား ပြောရင် မှားတယ်၊ ဒီမှာ သူ ကုသတာ မှားတယ်လို့ ကျုပ် ယူဆရင် သူ့ကို အလုပ်က နုတ်ထွက်ဖို့ ကျုပ် အလျှင်ဆုံး ပြောမယ်"

ဒေါက်တာ ဆိုဗိုသည် မစ္စတာ ဝေါလာ ပေးလာသည့် ဖောင်းကို တိုက်ဖျက်လိုက်သည်။ သို့တစေလည်း ရှေ့နေကြီးသည် ကွေ့ဝိုက်က တိုက်ခိုက်ပြန်သည်။

"ကျွန်တော် ပြောတဲ့ သဘောက ရှင်းရှင်း ကလေးပါ၊ ဆရာကြီး ဒီဆေးရုံကြီးရဲ့ ဌာန တစ်ခုနဲ့ပဲ သက်ဆိုင်တယ်၊ ကျွန်တော်တို့က ဒီဆေးရုံကြီး တစ်ခုလုံးနဲ့ ပတ်သက်ပြီး အားလုံးကို ခြုံငုံပြီး ကြည့်တယ်၊ မက်ထရီပိုလီတန် ဆေးရုံကြီး အတွက် ဘာအကောင်းဆုံး ဖြစ်မလဲ ဆိုတာကို ကျွန်တော်တို့ ကြည့်ရတယ်"

"မှန်ပါတယ်" ဥက္ကဋ္ဌကြီး ဗရက်ဒီ ပခုံး ပြောင်းယူသည်၊ "ဒီမေ မိုက်၊ အစိုးရက ထောက်ပံ့တဲ့ ငွေ နည်းသည်ထက် နည်းလာတဲ့ အချိန် ကျွန်တော်တို့ဟာ ဒီဆေးရုံကြီး ဂုဏ်သိက္ခာကို ကာကွယ်ဖို့ အရေးကြီးသည် ထက် အရေးကြီးလာတယ်၊ ကျွန်တော်တို့ရဲ့ စီမံချက်တွေ အတွက်... ဥပမာ ပြောရရင် ခင်ဗျားရဲ့ စီမံချက်မျိုးအတွက် ကျုပ်တို့မှာ ရန်ပုံငွေ ရှာဖို့ လိုလာ ဆိုရင် ဒီအမှုကြီးက တိုးလို့ တွဲလောင်း ချိတ်နေလို့ မဖြစ်ဘူး၊ ကျွန်တော် သေသေချာချာ စဉ်းစားပြီးတော့ ဆုံးဖြတ်တာကတော့ ကျွန်တော်တို့ ဆေးရုံကြီးကိုသာ ကာကွယ်ရမယ်၊ လူ တစ်ဦး တစ်ယောက်ကို မကာကွယ် ရဘူး"

"အဲဒီတော့ ဇွေစပ် ပြေငြိမ်းဖို့ ခင်ဗျားတို့ ဆုံးဖြတ် ပြီးကြပြီပေါ့"

ဆိုဗို စိတ်မကောင်းဟန်ဖြင့် မေးသည်။

"ပြေငြိမ်းလို့ ရမယ် ဆိုရင်ပေါ့၊ ရေးနီးက ပြေငြိမ်းမယ် မပြေငြိမ်းဘူး ဆိုတာ ကျွန်တော်တို့ မပြောနိုင်ဘူး"

ဝေါလာက ဖြေသည်။

"အို သူ ပြေငြိမ်းမှာပါ၊ ခင်ဗျားတို့က ဂရန့်ရဲ့ ဦးခေါင်းကို ငွေလင်ပန်း ပေါ်မှာ တင်ပြီး ယူသွားရင်ပေါ့"





ဆိုဗိုက ခပ်ထေ့ထေ့ ပြောလိုက်သည်။

"နေပါဦး၊ ဘယ်လို ပြောလိုက်တာလဲ"

ဝေါလာက ပြောလိုက်သည်။ တစ်ဖက်က အံ့သြပြီး တစ်ဖက်က ဒေါသ ထွက်၍ ဖြစ်သည်။ အစဉ်အမြဲလိုပင် သိမ်မွေ့ နူးညံ့ခြင်း ရှိသော ဆရာဝန်ကြီး တစ်ဦးက ဤသို့ တိုက်ခိုက်လိုက်သည်ကို သူ နည်းနည်းမှ မမျှော်လင့်ပါ။

"ဒီလို မပြောလို့ တခြား ဘယ်လိုများကော ပြောစရာ ရှိသေးလို့လဲ၊ ခင်ဗျားတို့ဟာ အင်မတန် ထက်မြက်တဲ့ လူငယ် တစ်ယောက်ရဲ့ အနာဂတ် ကို စတေးပြီး ဩဇာ အာဏာ ရှိတဲ့ လူ တစ်ယောက်ရဲ့ အမျက် ဒေါသကို ပြေငြိမ်းအောင် လုပ်လိုက်ကြတာပဲ"

"မစ္စတာ ရေးနီးဟာ ခင်ဗျားအတွက် အများကြီး လုပ်ပေးခဲ့ပါတယ်"

ဗရက်ဒီက ထောက်ပြလိုက်သည်။

"သိပ်ဟုတ်တာပေါ့၊ ဒီအကြောင်းကို ကျုပ်ထက် ပိုပြီး ဘယ်သူမှ မသိဘူး၊ ဒါပေမဲ့ အဲဒီအတွက် သူ့ ဘက်က ရပ်တည်စရာ မလိုဘူး၊ ဒေါက်တာ ဂရန့်ဟာ အလွဲအမှား ကုသပါတယ်လို့ ဘယ်သူမှ သက်သေ မပြနိုင်ဘူး၊ ဘယ်သူမှ သက်သေ ပြနိုင်မှာလဲ မဟုတ်ဘူး"

"ရေးနီးရဲ့ ရှေ့နေတွေကတော့ သူတို့ သက်သေ ပြနိုင်တယ်လို့ ယူဆ ထားလိမ့်မယ်၊ သူတို့ အနေနဲ့ ဘယ်လောက် သေချာသလဲ ဆိုရင် ကျွန်တော် တို့နဲ့ ဇွေစပ် ပြေငြိမ်းဖို့တောင် မစဉ်းစားသလောက်ပဲ"

ဗရက်ဒီက ဝင်ပြောသည်။

ဆိုဗို အသံမြှင့်လျက်–

"ကျုပ် ထပ်ပြောမယ်၊ အခုအထိ ဘယ်သူမှ သက်သေ မပြနိုင်သေးဘူး၊ နောက် ဘယ်တော့မှလည်း ပြနိုင်မှာ မဟုတ်ဘူး၊ ကျုပ် လက်ခံအောင် ဘယ်သူမှ သက်သေ မပြနိုင်ဘူး၊"

"ဂျူရော်လူကြီးတွေ လက်ခံအောင် သူတို့ သက်သေ ပြနိုင်ရင် ပြီးတာပဲ"

ဝေါလာက ပြောလိုက်သည်။

"အဲဒီလို ပြနိုင်လည်း ခရစ် ဂရန့်မှာ အပြစ် မရှိဘူးလို့ ကျုပ် ယူဆ တယ်၊ ဒါပေမဲ့ အခုလို ကျုပ် ပြောနေတာက သူ့မှာ အပြစ် မရှိတဲ့ အကြောင်း တစ်ခုတည်းကြောင့် မဟုတ်ဘူး၊ ဂရန့် ဘက်က ကျုပ်တို့ မရပ်တည်ဘူး ဆိုရင် ကျုပ်တို့ ဆေးရုံကြီး ဘာဖြစ်သွားမလဲ၊ ကျုပ်တို့ ဆေးတက္ကသိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာဖြစ်သွားမလဲ ဆိုတာ ကျုပ် စိတ်ထဲမှာ တွေးနေမိလို့ပဲ၊ ကျုပ်တို့ဟ
ပြဿနာ တစ်ခု ပေါ်လာတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့ရဲ့ ဆရာဝန်ကလေးေ
ကို စွန့်ပစ် လိုက်တတ်တယ်လို့ သတင်း ထွက်လာရင် အလားအလာ ရှိ
လူတော် လူကောင်းတွေကို ကျုပ်တို့ ဘယ်လို လုပ်ပြီး စည်းရုံးသွားနိုင်မ
ကျုပ်တို့ ဆီမှာ အလုပ် လုပ်ဖို့အောင် ဘယ်လို လုပ်ပြီး ခေါ်ယူနိုင်မလဲ၊ က
ခေတ်မှာ ကျုပ်တို့ဟာ လူတော်ကလေးတွေကို လိုချင်တယ် ဆိုလို့ ရှိ
သူတို့ အတွက် အခြေအနေ အကောင်းဆုံး ဖန်တီး ပေးရမယ်၊ ဘာဖြစ်လို့
ဆိုတော့ သူ ကျုပ်တို့ ဆီကို ရောက်နေတဲ့ နှစ်နှစ် အတွင်းမှာ သူ့ကို တ
ဆေးရုံကြီး ဆယ်ခုလောက်က အလုပ် ခေါ်ကြတယ်"

"ကျုပ် ပြောလိုက်မယ်၊ ခင်ဗျား တို့ဟာ ဒီအမှုကိစ္စကို အလျှော့
ကျေအေးလိုက်မယ် ဆိုရင် ဒီဥစ္စာဟာ ကျုပ်တို့ ဆေးရုံကြီး ပေါ်မှာ အမ
စက်ကြီး အဖြစ် စွန်းသွားလိမ့်မယ်၊ ကျုပ်တို့ ဆီကို လာမယ့် လူငယ်တိုင်
သူတို့ ကိုယ် သူတို့ ပြန်မေးလိမ့်မယ်"

"မက်ထရိုပိုလီတန် ဆေးရုံကြီးမှာ ငါ အလုပ် ဝင်ပြီး တစ်ခုခု
ပြဿနာ ဖြစ်ခဲ့ရင် သူတို့ ငါ့ကို ယဇ်ပလ္လင်မှာ တင်ပြီး စတေးကြမလာ
လူငယ်အများစုဟာ ဒီကို လာကြတော့မှာ မဟုတ်ဘူး၊ သူတို့ မလာမှာ သေ
တယ်"

"ဒေါက်တာက ကျွန်တော်တို့ကို ဘာလုပ်စေချင်သလဲ"

ဝေါလာက မေးခွန်း ထုတ်လိုက်သည်။

"တစ် ခင်ဗျားတို့ ဒီအမှုကို မကျေအေးရဘူး၊ ကျေအေးတဲ့ သဘေ
ဟာ ဒေါက်တာ ဂရန့်မှာ အပြစ် ရှိတယ်လို့ ဝန်ခံတဲ့ သဘောပဲ။ နှစ် ဒေါက်
ဂရန့်ကို ကျုပ်တို့ အတတ်နိုင်ဆုံး အကာအကွယ် ပေးရမယ်"

မိုက်ဆိုဗို ကြေညာလိုက်သည်။

"ကျွန်တော်တို့ အဲဒီလိုပဲ လုပ်ပြီး ထားပါတော့၊ တကယ်လို့ 
ရှုံးသွားရင် သူ အများကြီး နစ်နာ ဆုံးရှုံးရမယ် ဆိုတာ ဆရာကြီး စဥ်း
မိရဲ့လား"

ဝေါလာက မေးလိုက်သည်။

"ကျုပ်တို့ နိုင်မယ်လို့ ကျုပ် မပြောဘူး၊ ကျုပ် ပြောတာက ကျုပ်
တိုက်ဖို့ပဲ"





ဆိုဗို ရှောင်တိမ်းကာ ဖြေသည်။

"ကုန်ကျမယ့် စရိတ်တွေ ရှိတယ်၊ ကျွန်တော်တို့ တိုက်ပြီး ကျွန်တော်
တို့ ရှုံးခဲ့ရင် ကုမ္ပဏီက အာမခံတဲ့ ငွေထက် ပိုတာကို ဆေးရုံကြီးက ခံရလိမ့်
မယ်"

ရီဆင်တီက ထောက်ပြသည်။

"တိုက်ပွဲ တစ်ခုကို တိုက်တယ် ဆိုရင် အရှုံးဆိုတာ ရှိနိုင်တာပဲ"

ဆိုဗို တုံ့ပြန်သည်။

"ခင်ဗျား ပြောတာ အဖြေ မဟုတ်ဘူး မိုက်"

ရီဆင်တီ ဒေါသတကြီး ပြောလိုက်သည်။

"ခင်ဗျားက ဘယ်လို အဖြေမျိုးကို လိုချင်လို့လဲ၊ ရုံးတော်က ချမှတ်တဲ့
ငွေကို ကျွန်တော် ပေးပါမယ်လို့ ဘဏ်မှာ ကျုပ်က လက်မောင်းသွေး ဖောက်ပြီး
လက်မှတ် ထိုးထားရမှာလား၊ ကောင်းပြီ အဲဒါဆိုရင် ကျုပ် လက်မှတ်
ထိုးထားမယ်"

"မဟုတ်တာဘဲ မိုက်၊ ဘယ်သူကမှ ဒီလို လုပ်ရမယ်လို့ မပြောပါဘူး"

ဥက္ကဋ္ဌ ဗရက်ဒီက ဆွေးနွေးပွဲကို အဆုံးသတ်သော အနေဖြင့် ဝင်ပြော
သည်။

"အဲဒီ သူငယ်ကလေးကို အကာအကွယ်ပေးဖို့ ကျုပ် လိုချင်တယ်"

ဆိုဗိုက အနိုင်အမာ ဆိုလိုက်သည်။

ဆွေးနွေးပွဲကို နိဂုံးချုပ်ရန် အချိန်တန်ပြီဟု ဗရက်ဒီ ဆုံးဖြတ်လိုက်သည်။

"ဒီမယ် မိုက်၊ ခင်ဗျား အခြေအနေကို ကျွန်တော်တို့ နားလည်ပါတယ်၊
ပေမဲ့ ကျွန်တော်တို့ဟာ ဒီဆေးရုံကြီး အပေါ်မှာ တာဝန် ရှိတဲ့ အုပ်ချုပ်ရေး
မှူ့ဝင် လူကြီးတွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ ပြဿနာ တစ်ခု ပေါ်လာ
တဲ့ အခါမှာ အခြေအနေနဲ့ ကိုက်ညီတဲ့ မှန်ကန်တဲ့ သင့်တင့်တဲ့ ဆုံးဖြတ်ချက်ကို
ချမှတ်ရမယ်၊ ခင်ဗျားက ဆေးရုံကြီးရဲ့ ဝန်ထမ်း တစ်ဦး အနေနဲ့ ကျွန်တော်
တို့ရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာရမယ်"

ဆိုဗို ခေါင်းညိတ်လိုက်သည်။ သဘောတူသည့် အနေဖြင့် မဟုတ်ပါ။
ဗရက်ဒီ ပြောသည့် အချက်ကို အသိအမှတ် ပြုသည့် အနေနှင့်သာ ဖြစ်သည်။
မှာသည် သူ၏ ပညာရပ် နယ်ပယ်တွင် အဘယ်မျှပင် ကြီးကျယ်သည် ဖြစ်စေ
ဆုံးသတ်တွင်ကား သူသည် လခစား ဝန်ထမ်း တစ်ဦးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်သည်ကို သူ လက်ခံရမည်။ သို့သော် သူ့ လ
ထဲမှာ ဝှက်ဖဲ တစ်ချပ် ရှိနေပါသေးသည်။

"လူကြီးမင်းများ ခင်ဗျာ၊ လူကြီးမင်းတို့ဟာ အရေးကြီးတဲ့ အ
တစ်ချက်ကို သတိမပြုမိဘဲ ရှိနေကြပါတယ်၊ အဲဒါကတော့ လွှဲမှား ကုသ
အမှုတွေမှာ အာမခံကုမ္ပဏီဟာ အာမခံထားတဲ့ လူတွေရဲ့ သဘောတူညီ
မရရှိဘဲနဲ့ ဈေးစပ် ကျေအေးခြင်း မပြုလုပ်နိုင်ပါဘူး၊ ကျုပ် အခု ပြောနိုင်တ
တော့ ဒီကိစ္စမှာ ဒေါက်တာ ဂရန့် ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ပါ
သည့်အတူ ကျုပ်လည်း လုံးဝ သဘောမတူပါဘူး"

ဆိုဗို၏ ကြေညာချက် အဖွဲ့ဝင် လူကြီးများ၏ ခေါင်း ထဲသို့ ရောက်
သည်အထိ စောင့်ဆိုင်းနေပြီးနောက် ဝေါလာ တုံ့ပြန်သည်။

"ဒေါက်တာ ပြောတာ မှန်ပါတယ်၊ အတိုင်းအတာ တစ်ခု အထိ
"ဘယ် အတိုင်းအတာ အထိလဲ"

ဆိုဗို မေးလိုက်သည်။

"ဒေါက်တာ ဂရန့်ရဲ့ အာမခံ ကိစ္စ၊ ဒေါက်တာရဲ့ အာမခံကိစ္စ ဆို
ဈေးစပ်ကျေအေးမှုကို ဒေါက်တာတို့ တားနိုင်ပါတယ်၊ ဒါပေမဲ့ အခုကိ
ဆေးရုံကြီးရဲ့ အာမခံကိစ္စ ဖြစ်နေတယ်၊ ဆေးရုံကြီးကိစ္စကို ကျွန်တေ
ကျေအေးဖို့ လုပ်တဲ့နေရာမှာ ဒေါက်တာ ဂရန့်လည်း မကန့်ကွက် မတား
နိုင်ပါဘူး၊ ဒေါက်တာလည်း မကန့်ကွက် မတားဆီးနိုင်ပါဘူး"

မိုက်ဆိုဗို ခေတ္တ တုံ့ဆိုင်းနေသည်။ အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်
ကို ပြင်ဆင်နိုင်ရန် မည်သို့ ငြင်းခုံရမည်နည်းဟု စဉ်းစား ချိန်ဆနေ
ဖြစ်သည်။ နောက်ဆုံးတွင်မှ သူ ပြောသည်။ ယခုတစ်ကြိမ်တွင် တိုးတိုးညင်
လေးပင် ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ကျုပ် အလုပ်က နုတ်ထွက်ပါတယ်"

"အို... မိုက်၊ အဓိပ္ပာယ် မရှိတာ မလုပ်ပါနဲ့"

ဆိုင်းရပ်ရှိဆင်တီ ကမန်းကတန်း ပြောသည်။

"အဓိပ္ပာယ် မရှိတာ ဟုတ်လား၊ သူ့ရဲ့ အရည်အချင်းနဲ့ သူ့ရဲ့
ကျင့်တရားကို ကျုပ် ကောင်းကောင်း ယုံစားတဲ့အတွက် လူငယ် တစ်ယေ
ာက်က ရပ်တည်တာဟာ အဓိပ္ပာယ် မရှိတဲ့ အလုပ်လား"





ထို့နောက် ဆိုဗို တစ်ဖက်သို့ လှည့်လိုက်ပြီး **အခန်း** ထဲမှ လျှောက်ထွက်
သွားသည်။ ရှိဆင်တီ ထိုင်ရာမှ ထလိုက်ပြီး–

"ကျွန်တော် သူ့ နောက်ကို လိုက်သွားမယ်၊ **ကျွန်တော် သူနဲ့** ပြောမယ်"

သို့ရာတွင် ဗရက်ဒီက တားလိုက်သည်။

"မလိုက်ပါနဲ့ ဆိုင်း မလိုက်ပါနဲ့၊ ခဏ နေပါဦး" **ထို့နောက်** ဗရက်ဒီ
တန်ကြာ စဉ်းစား ချိန်ဆနေသည်။ ပြီးမှ–

"နှစ်ဆယ့်တစ်နှစ်၊ ဒီဆေးရုံကြီးမှာ နှစ်ပေါင်း နှစ်ဆယ့်**တစ်နှစ် တိတိ**
ာဝန် ထမ်းဆောင်ခဲ့ပြီးမှ သူ ဒီစကားကို ပြောတာပဲ၊ ဆရာဝန်ကလေး
တစ်ယောက်ကို သံယောဇဉ် ရှိရုံနဲ့တော့ ဒီစကားမျိုးကို ဘယ်သူမှ မပြောဘူး၊
ဆရာဝန်ကလေးကို သူ့ သားအရင်းလို သဘောထားဦးတော့ မပြောသေး
ူး၊ ဟုတ်ပြီ၊ ကျွန်တော်တော့ သူ ပြောတဲ့ စကားတွေကို သဘောပေါက်
ာပြီ၊ အခုကိစ္စဟာ ကျွန်တော်တို့ ဆေးရုံကြီးနဲ့ ကျွန်တော်တို့ ဆေးတက္ကသိုလ်
ကို ဝင်ဆောင့်တာပဲလို့ သူ မြင်တယ်၊ မိုက်ဆိုဗိုဟာ ဒီဆေးရုံကြီးနဲ့ ပတ်သက်ပြီး
များကြီး အနစ်နာ ခံခဲ့တယ်၊ သူဟာ ကျွန်တော်တို့ ဆေးရုံကြီးနဲ့ ဆေး
က္ကသိုလ် တိုးတက်ကောင်းမွန်ရေး အတွက် တောင်းပန်ခဲ့တယ်၊ တောင်းခံ
တယ်၊ သည်းခံခဲ့တယ်၊ သည်လို လူမျိုး တစ်ယောက်ဟာ ဘယ်နည်းနဲ့မှ
ရှူးပေါက်ရာကို လျှောက်မလုပ်ဘူး၊ အခု ပြဿနာက ဆရာဝန်ကလေး
စ်ယောက်ရဲ့ ပြဿနာက မဟုတ်တော့ဘူး၊ မိုက်ဆိုဗိုလို လူ တစ်ယောက်
ကို အရှုံးခံမလား၊ ဒါမှမဟုတ် ကျွန်တော်တို့ တိုက်ပွဲကို ရင်ဆိုင်ကြမလား
ဆိုတဲ့ ပြဿနာပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့် သဘောထားကို ပြောရရင်
တော့ ကျွန်တော်တို့ရဲ့ ရပ်တည်ချက်ကို အားလုံး ပြန်ပြီး စဉ်းစားသင့်တယ်၊
ကျွန်တော်တို့ အစည်းအဝေး ပြန်ကျင်းပဖို့ တစ်ယောက်ယောက်က အဆိုတင်
သွင်းမယ် ဆိုရင်"

"ကျွန်တော်တို့ဟာ မိုက်ဆိုဗိုအတွက် စိတ်လှုပ်ရှားပြီး လုပ်တာမျိုး
ကော့"

ဝေါလာက ကြားဖြတ်လိုက်ရာတွင် ဗရက်ဒီက–

"တော်တော့၊ အခု ကိစ္စက စိတ်လှုပ်ရှားတဲ့ ကိစ္စ မဟုတ်ဘူး၊ သူ
ပြောသွားတဲ့ စကားက ရှင်းတယ်၊ မက်ထရိုပိုလီတန် ဆေးရုံကြီး ပျက်စီး
သွားတာကို ထိုင်ကြည့်နေမယ့်အစား အလုပ်က သူ နုတ်ထွက်မယ်၊ ဒီလို လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် သူ့ လုပ်ငန်းကြီး တစ်ခုလုံးကို စွန့်လွှတ်တာဟာ စိတ်လှုပ်ရှား မဟုတ်ဘူး၊ အစည်းအဝေး ပြန်လုပ်ဖို့ ဘယ်သူ အဆို တင်သွင်းမလဲ"

မစ္စက် ဇော့စတား အဆို တင်သွင်းသည်။ ဆိုင်းရိုဆင်တီက ထော သည်။

မက်ထရိုပိုလီတန် ဆေးရုံကြီး၏ အုပ်ချုပ်ရေးအဖွဲ့သည် အချိန် နှစ် ကျော်ကျော် အကြိတ်အနယ် ဆွေးနွေးပြီးနောက် အမှုကို စွဲစပ် ကျေအေး မပြုရန် ဆုံးဖြတ်လိုက်ကြသည်။



၈

ပါလာ နှစ်သောင်း၊ ဟုတ်လား"

ခရစ် ဂရန့် မည်သို့မျှ မယုံကြည်နိုင်ဟန်ဖြင့် ထပ်မံ ရေရွတ်လိုက် သည်။

"ဟုတ်တယ် ခရစ်၊ သူ တောင်းတဲ့ ပိုက်ဆံပဲ"

မိုက်ဆိုဗိုက လေးကန်စွာ ပြန်ပြောသည်။

ခရစ် ခေါင်းကို ယမ်းခါသည်။

မိုက်က–

"သူဟာ လူကောင်း တစ်ယောက်ပဲ၊ ဒီမြို့က အမှုလိုက် ရှေ့နေတွေ မှာတော့ အတော်ဆုံး ရှေ့နေ တစ်ယောက်ပဲ၊ စာတွေ ပေတွေ ရေးရလို့ ကုန်တဲ့အချိန် အမှုမလိုက်ခင် အကြို မေးမြန်းတာနဲ့ အမှု စစ်မေးတဲ့ ကာလ တစ်လျှောက်လုံး ကုန်ဆုံးမယ့် အချိန်တွေကို တွက်ပြီး နာရီနှုန်းနဲ့ တောင်းတာ ဒါ ကနေ့ ရှေ့နေတွေရဲ့ လုပ်ထုံးလုပ်နည်းပဲ၊ အားလုံး တွက်လိုက်တော့ ပါလာ နှစ်သောင်း ဖြစ်သွားတယ်"

"ကျွန်တော်ရဲ့ တစ်နှစ်စာ ဝင်ငွေပဲ"

ခရစ်က ပြောလိုက်သည်။

"ဒါ့ထက် ပိုချင်တောင် ပိုဦးမယ်"

ဆိုဗိုက သတိပေးသည်။

"ကျွန်တော်တို့က ကိုယ့်ရှေ့နေ ကိုယ် ငှားရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ရစ်က နောက်ဆုံးတွင် မေးလိုက်သည်။

မိုက်ဆိုဗိုသည် အုပ်ချုပ်ရေးအဖွဲ့နှင့် သူ ထိပ်တိုက် တွေ့ရှိပုံကို အား ပြောမပြခဲ့ပါ။ သို့သော် ထိုသို့ တွေ့ဆုံရပြီးနောက် အဘိုးကြီး သ ပေါက်သွားတာ တစ်ခု ရှိသည်။ ဤအကြိမ်တွင် သူ အနိုင်ရရှိလိုက်သော်လ နောက်တစ်ကြိမ်တွင် ကံကောင်းဖို့ကား မလွယ်ချေ။ ယင်းကြောင့် သူ ကိုယ်ပိုင်ရှေ့နေ ငှားရမ်းရေးကို ကြိုးပမ်းနေခြင်း ဖြစ်သည်။ သို့သော် ရှေ ခက မစဉ်းစားရဲလောက်အောင် ဖြစ်နေသည်။

မိမိဘဝ တစ်လျှောက်လုံး စာပေ သင်ကြားရေး၊ ဆေးကုသရေ သုတေသန လုပ်ငန်းများတွင် မြှုပ်နှံထားသော ဆိုဗိုလို လူ တစ်ယောက် ငွေကြေးဥစ္စာ အမြောက်အမြား မရှိပါချေ။ သူ ရရှိသော လစာကို စ လုပ်ငန်း၊ အိမ်ရာလုပ်ငန်းနှင့် တခြား လုပ်ငန်းကြီးများတွင် အစု ပ ထားနိုင်သော်လည်း မိုက်ဆိုဗိုသည် ငွေကြေး အနည်းငယ်မျှကိုသာ စုဆေ ထားလေသည်။ ဒေါ်လာ နှစ်သောင်း ဆိုသော ငွေသည် သူ၏ ရှိစုမဲ့စုက ပြုတ်ပြုတ်ပြုန်းမတတ် ရှိပေသည်။

"ကျွန်တော်တို့ ကိုယ်ပိုင်ရှေ့နေ ကိုယ် ငှားရမယ် ဆိုတာ တကယ်ပဲလ

ရစ်က ရှေ့နေမငှားဘဲ ဖြစ်နိုင်မလား ဟူသော သဘောဖြင့် မေး ပြန်သည်။

မိုက် ခေါင်းညိတ်သည်။

"ကောင်းဝဲနဲ့ တွေ့ပြီးတဲ့ နောက်ပိုင်းမှာ ကိုယ့် ရှေ့နေ ကိုယ် ငှား ဆိုတာ အမှန်ပဲ၊ အခုပဲ သူတို့က မင်းကို မှတ်တမ်းတွေ ဖျက်ဆီးပစ်ဖို့ ပြေ ကြပြီ၊ နောက်ကို ဘာပြောဦးမလဲ ဆိုတာ ဘယ်သူ သိမလဲ၊ သူတို့ လုပ်ခိုင် ကို မင်းက ငြင်းခဲ့ရင်... ငြင်းမှာလည်း အမှန်ပဲ၊ ကိုယ်တို့ကို သူတ အကာအကွယ် ပေးပါတော့မလား၊ ကိုယ်တို့မှာ ကိုယ်တို့ အနေနဲ့ ယုံ လူ တစ်ယောက် လိုတယ်၊ ကိုယ်တို့အတွက် အလုပ်လုပ်ပေးမဲ့ လူတစ်ယေ လိုတယ်၊ ကိုယ်တို့ အတွက် သက်သက် လုပ်ပေးမယ့် လူပေါ့"

"ဒါပေမဲ့ ကောင်းဝဲ ပြောသွားတာက ကျွန်တော်တို့ ရှေ့နေဟာ ပေးရုံပဲ ပေးနိုင်မယ်၊ တရားခွင်မှာ ဘာမှ တရားဝင် မလျှောက်လဲနိုင်ဘူး

"ကိုယ်နဲ့ တိုင်ပင်တဲ့ ရှေ့နေကလည်း ဒီအတိုင်းပဲ ပြောတယ်၊ ဒါ ကိုယ်တို့ဟာ ကိုယ့်ကို 'အာမခံ ကုမ္ပဏီက ဘယ်လောက် အကာအက ပေးနေတယ် ဆိုတာကို ဥပဒေကြောင်းအရ သိထားနေဖို့ လိုတယ်တဲ့"





"ဒါပေမဲ့ ရှေ့နေခက ဒေါ်လာ နှစ်သောင်းတောင်"

မိုက်သည် စားပွဲ ပေါ်မှ ဆေးတံကို လှမ်းယူလိုက်သည်။ သူသည် လုံးရောဂါ ဖြစ်ပြီး နောက်ပိုင်းတွင် ဆေးတံကို မသောက်ဘဲ အာသာပြေ ရုံသာ စုပ်ယူသည်။ သူသည် ဆေးတံကို တယုတယ ကိုင်ကြည့်နေပြီးနောက် စပ်တွင် တပ်လိုက်သည်။ ထို့နောက် သူသည် အတော်ကြာအောင် စဉ်းစား နေသည်။ ပြီးမှ–

"ဒီမယ် ရစ်၊ ရှေ့နေ ငယ်ငယ် တစ်ယောက် ဆိုရင် ဘယ့်နှယ်လဲ၊ ါလာ နှစ်သောင်း အတန်းအစား ထဲက မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ တော်ရမယ်၊ တ်ရမယ်၊ ကောင်းရမယ်၊ တက္ကသိုလ်က အမှတ်ကောင်းကောင်းနဲ့ အောင်ခဲ့ မယ်၊ ဥပဒေ အကျိုးဆောင်အဖွဲ့ တစ်ခုမှာ နှစ်ပေါင်းများစွာ လုပ်ခဲ့ရမယ်၊ ရှေ့နေခကလည်း နည်းရမယ်"

"နည်းရမယ် ဆိုတာ ဘာကို ပြောတာလဲ"

ရစ်က မေးလိုက်သည်။ သူ့ ခေါင်း ထဲတွင် ဒေါ်လာ နှစ်သောင်း ိုသည်က စွဲနေသည်။

"နည်းရမယ် ဆိုတာက ကိုယ်တို့ ပေးသလောက်ပေါ့"

"တစ်ယောက်က ဒေါ်လာ နှစ်သောင်း တောင်းပြီး တစ်ယောက်က ျွန်တော်တို့ ပေးသလောက် ဆိုတာ ဘယ်လို လုပ်ပြီး ဖြစ်နိုင်မလဲ"

"ဖြစ်နိုင်တဲ့ အကြောင်းကတော့ အဲဒီ မိန်းကလေး အပေါ်မှာ ကိုယ့် ကျေးဇူးတွေ ရှိနေတယ်"

"မိန်းကလေး ဟုတ်လား"

ရစ် တအံ့တသြ မေးလိုက်သည်။

"ဟုတ်တယ်၊ မိန်းကလေး တစ်ယောက်ပဲ၊ သူ့မှာ ကိုယ့်ကျေးဇူး ိနေတယ်၊ သူက အဲဒီ ကျေးဇူးကို ပြန်ဆပ်နိုင်မယ့် အခွင့်အရေးကို သူ ောင့်နေတယ်၊ အဓိပ္ပာယ်ကတော့ အဲဒါပဲ"

"ကျေးဇူး ဟုတ်လား"

"ဟုတ်တယ်၊ သူ့ အသက်ကို ကိုယ် ကယ်ခဲ့တာပဲ၊ သူက နေ့မစေ့ မစေ့ ဖွားတာပဲ၊ သူ အသက်ရှင်ပါ့မလား ဆိုတာ အင်မတန် စိုးရိမ်နေရတဲ့ လေးအနေပဲ"

"ဆရာကြီး သူ့ကို သေမင်းလက်က ဆွဲယူခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခရစ် ကောက်ချက်ချလိုက်သည်။

မိုက် ခေါင်းညိတ်သည်။

"သူ့ မိဘတွေက **ကျေးဇူး**တင်လွန်းလို့ ကိုယ်နဲ့ ရှီ့စ်ကို ခေါင်
မိဘ လုပ်ခိုင်းကြတယ်၊ သူက ကိုယ်တို့ကို အန်တီရှီ့စ်နဲ့ အန်ကယ်မိုက်
ခေါ်တယ်၊ အင်း... ရှီ့စ် ရှိတုန်းကပေါ့"

"မိန်းကလေး တစ်ယောက်"

"အင်မတန် **ဉာဏ်**ကောင်းတဲ့ မိန်းကလေး တစ်ယောက်ပဲ၊ တ
တော်တယ်၊ တကယ် **ကောင်း**တဲ့ မိန်းကလေး တစ်ယောက်ပဲ၊ သူက မော
ကို မှတ်တမ်းတွေလည်း ဖျက်ခိုင်းမှာ မဟုတ်ဘူး၊ တခြား မဟုတ်တာတွေ
ဘာမှ လုပ်ခိုင်းမှာ မဟုတ်ဘူး၊ သူ့ အနေနဲ့ ကိုယ်တို့ကို အတတ်နိ
အကြံကောင်း ဉာဏ်ကောင်းတွေ ပေးလိမ့်မယ်၊ ကိုယ်တို့ လိုက်နာနိုင်
အကြံဉာဏ်တွေပဲ ဖြစ်လိမ့်မယ်"

"**ရေ့နေစ ကိစ္စ**တော့ ပြေလည်သွားပြီပေါ့"

ခရစ် ပြောလိုက်သည်။ ပထမဆုံးအကြိမ် သူ ပြုံးလိုက်သည်။

"ရေ့နေစ ကိစ္စက ပြေလည်သွားတာ မဟုတ်ဘူး၊ သူဟာ ကို
ကိစ္စကိုလည်း ကောင်းကောင်း ဆောင်ရွက်နိုင်တယ်၊ ကိုယ် ပြော
မောင်ရင် လက်မခံနဲ့ဦး၊ မောင်ရင် သူနဲ့ အလျင် တွေ့ကြည့်ဦး၊ ကိုယ်
ကိုယ်တို့ နှစ်ယောက်စလုံးက ယုံကြည် စိတ်ချရမယ့် လူ တစ်ယောက် ရှိ
လိုတယ်"

"ဟုတ်တယ်၊ ကောင်းတယ်"

ခရစ် သဘောတူလိုက်သည်။

မိုက်က သူ၏ အတွင်းရေးမှူးကို မစ္စလော်ရာဝင်းတားထံ ဖုန်း
စေသည်။

"လော်ရာလား၊ အန်ကယ် မိုက်ပါ၊ အန်ကယ် အခု ဒီမှာ အန်က
တွဲဖက်နဲ့ အတူ ရှိနေတယ်၊ အန်ကယ်နဲ့ တွဲဖက် တရားခံလို့ ပြောရမ
မင်းတို့ နှစ်ယောက် အလျင် တွေ့ပြီး အမှုကိစ္စကို ဆွေးနွေးလိုက်
ကောင်းမလားလို့ အန်ကယ် သဘောရတယ်၊ နေဦး၊ အန်ကယ် မေးလို
မယ်"

မိုက်သည် ခရစ် ဘက်သို့ လှည့်ပြီး-





"ဘယ်အချိန် တွေ့မလဲ"

"ကျွန်တော် ကနေ့ည ရှစ်နာရီ အထိ **ဓာတ်ခွဲခန်းမှာ ရှိနေမယ်**၊ အရေးပေါ် ကိစ္စတွေ မရှိရင် ရှစ်နာရီခွဲ ဆိုရင် **ဘယ့်နှယ်လဲ**"

မိုက်က ခရစ်၏ စကားကို တစ်ဖက်သို့ **ပြောကြားလိုက်**သည်။ ထို့နောက် ခရစ် ဘက်သို့ တစ်ဖန် ပြန်လှည့်ပြီး-

"ဘယ်မှာ တွေ့မလဲ"

"ဘယ်မှာပဲ ဖြစ်ဖြစ်ပေါ့၊ သူ့ ရုံးခန်း ဒါမှမဟုတ် **သူ အဆောင်ဖြေမယ့်** တစ်နေရာပေါ့"

မိုက် တယ်လီဖုန်းတွင် စကား ပြန်ပြောသည်။

"ဒီမှာတော့ မဖြစ်နိုင်ဘူး၊ မင်းတို့ နှစ်ယောက် တွေ့တာကို **ဆေးရုံက** လူတွေ မသိစေချင်သေးဘူး၊ ခရစ် အခန်းမှာလည်း မဖြစ်နိုင်ဘူး၊ **သူက** ဆေးရုံဝင်း ထဲမှာ နေတာ၊ ဟိုလို သည်လို တွေးကြမှာကို ကိုယ် မလိုလား**ဘူး**၊ အီတလီ စားသောက်ဆိုင် ကောင်းကောင်း တစ်ခု ရှိတယ်၊ ကိုယ်နဲ့ **ကောင်း**ကောင်း သိတယ်၊ လာစကာလာတဲ့၊ အဲဒီမှာ ကိုယ့် ဧည့်သည်အနေနဲ့ **မင်းတို့** နှစ်ယောက်အတွက် စားပွဲတစ်လုံး စီစဉ်ပေးမယ်၊ စားသောက်ဆိုင် ပိုင်ရှင်ကို ကိုယ့်နာမည် ပြောလိုက်၊ သူက မင်းတို့ စားတာ သောက်တာကို ကိုယ့် စာရင်းထဲ ထည့်လိုက်မယ်၊ အဲဒီ စာရင်းကိုလည်း သူက ဘယ်တော့မှ အပေး မခံဘူး၊ အဲဒီတော့ လာစကာလာပေါ့၊ ရှစ်နာရီခွဲပေါ့ ဟုတ်လား၊ ဟုတ်တယ်၊ အဲဒီ ဆိုင်ပဲပေါ့၊ သမီး မှတ်မိသားပဲ၊ သမီး ဆယ်တန်းအောင်တုန်းက သမီးကို ကိုယ်နဲ့ ရှီ့စ်တို့ ခေါ်သွားတဲ့ စားသောက်ဆိုင်ပေါ့"

မိုက် တယ်လီဖုန်းကို ချလိုက်ပြီးနောက်-

"ရှစ်နာရီခွဲ၊ လာစကာလာ၊ ဘယ်လို သွားရတယ် ဆိုတာ ကိုယ် ပြောမယ်"

*

ခရစ်သည် သူ၏ သုတေသန လုပ်ငန်းတွင် ကြိုးစားပြီး အာရုံ စူးစိုက်သည်။ မရပါ။ သူ့ကို လွဲမှား ကုသမှုဖြင့် တရားစွဲဆိုမည့် အကြောင်း ပထမအကြိမ် ကြားသိရစဉ်က သူသည် နည်းနည်း ကလေးမှ ဂရုမထားပါ။ ခုခံ တိုက်ခိုက်ရန်



www.burmeseclassic.com

www.burmeseclassic.com



အသင့် ရှိသည်။ သူ၏ ကုသမှု မှန်ကန်ကြောင်း သူ ယုံကြည်သည်။ သူ့ အပြစ် မရှိကြောင်း ပြသနိုင်မည် ဖြစ်သည်။

သို့သော် ကောင်းဝဲနှင့် တွေ့ရပြီးသည့် နောက်ပိုင်းတွင်ကား ဥပဒေက တွေကို စိတ်ရှုပ် ငြီးငွေ့လာမိတော့သည်။ သူ ယခု တွေ့ကြုံနေရသည့် ရုပ်မြင်သံကြားတွင် တွေ့မြင်နေရသော တရားခွင် ပြယုဂ်မျိုး မဟုတ်ပါ။

ခရစ်သည် သူ၏ စာတမ်းသစ်တွင် အာရုံစိုက်သည်။ မရပါ။ သူ့ စိတ်အာရုံတို့ ဥပဒေ ကိစ္စများသို့ ရောက်ရှိ နေသည်။ မိုက်ဆိုဗိုသည် အဘ ကြောင့် အခြားသော ဥပဒေ ပညာရှင်များနှင့် တိုင်ပင်ရန် စိတ်အား ထက်သ နေသနည်း။ သူတို့သည် ရပိုင်ခွင့် ရှိသော ဆေးရုံကြီး၏ အကာအကွ ပေးမှုကို မရနိုင်တော့ဟု မိုက်ဆိုဗို သံသယ ရှိနေချေပြီလား။

နောက်ပြီးတော့ အမျိုးသမီး ရှေ့နေ တစ်ယောက်တဲ့။ မိုက် ပြောပုံ ဆိုလျှင် အမျိုးသမီးကြီး တစ်ယောက်ပင် မဟုတ်ချေ။ မိန်းကလေး တ ယောက်သာ ဖြစ်ချေသည်။ သို့ဖြင့် သူသည် လုပ်လက်စ အလုပ်များ ပစ်ထားခဲ့ပြီး မြို့ထဲသို့ ထွက်ခဲ့သည်။ လာစကာလာ စားသောက်ဆိုင် ဖြစ်သည်။

လာစကာလာသို့ ရောက်ရှိသောအခါ ပိုင်ရှင်လည်း ဖြစ်သော စားဖို လည်း ဖြစ်သော ဂီဒိုက ခရစ်ကို ချက်ချင်းပင် မှတ်မိဟန် ရှိသည်။

"မိုက်ဆိုဗိုရဲ့ မိတ်ဆွေ ဆရာဝန်ကလေး မဟုတ်လား"

"ဟုတ်ပါတယ်"

"အတော်ပဲ၊ အမျိုးသမီးကလေးတော့ ရောက်တောင် နေပြီ၊ ဒေါက် ကို စောင့်နေတယ်"

ဂီဒိုက သူ့ လက်ထဲတွင် ကိုင်ထားသော ဟင်းညွှန်းစာရွက်ဖြင့် အ ထောင့် တစ်နေရာရှိ စားပွဲကို ညွှန်ပြလိုက်သည်။ သူ ပြရာဆီသို့ ခရစ် လ ကြည့်လိုက်သည်။ ဘုရားသခင် ကယ်တော်မူပါ။ မိန်းကလေးက အသက် ဆယ်လောက်ပဲ ရှိဦးမည်။ အဝေးမှ လှမ်းမြင်ရသည့် အတိုင်းဆိုလျှင် ကလေးသည် သေးသေးသွယ်သွယ် ကလေးလည်း ဖြစ်ပေသည်။ အက ၍ ရှေ့နေများသည် သူတို့၏ ကိုယ်အလေးချိန်အရ ရှေ့နေခ ယူသည် ဆို သည်မိန်းကလေး အတွက် သူ ကောင်းကောင်း ပေးနိုင်ပါသည်။





ခရစ်သည် ဂီဒို၏ နောက်မှ လိုက်ပါသွားရင်း သူမကို မျက်ခြည်မပြတ် ကြည့်ရှုလျက် ရှိသည်။ သူမက အသားဖြူသည်။ ဆံပင်ကို စသေစသေယစ်သစ်နှင့် မိန်းမ ဆန်ဆန် ထုံးဖွဲ့ထားသည်။ သူမ၏ ကိုယ်တွင် အညိုရင့်ရင့် ပိုးဝတ်စုံ၊ လည်ပင်းတွင်ကား အနီရင့်ရင့်ကလေး။ သူမကို အနီးကပ်တွေ့ရှိရသောအခါ စာစောက သူ ထင်ထားသလောက် မသေးငယ်သည်ကို တွေ့ရသည်။ အတော် ကလေး ရင့်ကျက် တည်ငြိမ်မှု ရှိသည်။

သူတို့ နှစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြသောအခါ သူက ပြောက်မ တစ်လက်မ ရှိသော အရပ်ကြီးဖြင့် သူမကို စီးမိုးပြီး ကြည့်သည်။ အထူးပင် ဆွဲဆောင်မှုရှိသော မိန်းမငယ်ကလေး တစ်ဦးဖြစ်ကြောင်း တွေ့ရသည်။ သည် အခါတွင် သူသည် သူမတွင် ရှေ့နေတစ်ယောက် အနေဖြင့် ရှိရမည့် အရည် အချင်းများ အပေါ် သံသယ ဖြစ်မိသည်။

သူ၏ သံသယကို သူမ အနေနှင့် ရိပ်စားမိခြင်း ရှိ မရှိ မသိပါ။ ရိပ်စားမိသည့်တိုင် သူမက ရိပ်စားမိဟန်ကို မပြပါ။

"ထိုင်ပါ ဒေါက်တာ"

သူမက ရိုးရိုးရှင်းရှင်းကလေးပင် ပြောလိုက်သည်။ သူမ၏ ပြောဆို ပုံက သူတို့ နှစ်ယောက်၏ ဆက်ဆံရေးကို အလုပ်သဘော သက်သက်သာ ဖြစ်စေပါသည်။

မိန်းကလေးက ယင်း ဆက်ဆံရေး ပုံစံကို စားသောက်ချိန် တစ် လျှောက်လုံးမှာပင် ကျင့်သုံးသွားသည်။ အစားအသောက်များ အားလုံးများ ကို သူမ ကိုယ်တိုင် မှာသည်။ ဗိုင်က အစ ဖြစ်သည်။

မှာကြားထားသော အစားအစာများကို စောင့်ဆိုင်းနေစဉ် အတွင်းတွင် သူမက မိုက်ဆိုဗို အကြောင်း ပြောသည်။ သူတို့၏ ဆက်ဆံရေးကို ပြောသည်။ ရင်းနှီးခင်မင်ကြပုံကို ပြောသည်။ မိန်းကလေး၏ ပြောစကားအရ ဆိုလျှင် ကဲ နှင့် ရို့စ် တို့တွင် သားသမီးရှိပုံ မရချေ။

လုပ်ငန်းအကြောင်းကို သူမက ဆွေးနွေးတော့မှပင် ခရစ်မှာ နေသာ ထိုင်သာ ရှိရသည်။ ယင်းသို့ ဆွေးနွေးသည်မှာလည်း သွယ်ဝိုက်၍ပင် ဖြစ် သည်။ သူမက သူ၏ သုတေသန လုပ်ငန်းများ အကြောင်း မေးသည်။ သူ၏ မျ သင်ကြားမှု အကြောင်း မေးသည်။ သူ၏ ဆေးရုံ လုပ်ငန်း အကြောင်း မေးသည်။ တစ်စတစ်စနှင့် သူမက သူ့အကြောင်း သူ့ဘာသူ ပြောစေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောချင်သော အခြင်းအရာ တစ်ခုကို ပြောစေခြင်းပင် ဖြစ်တော့သည်။ နောက်ဆုံးတွင် သူသည် မူးယစ်ဆေးဝါး သားကောင် 'ဂရို' ကလေး အကြောင်းပင် ပြောမိတော့သည်။ ထိုကလေးလေး သေရေးရှင်ရေး ဖြစ်နေချိန်တွင် သူက မိုက်ဆိုဗို၏ ရုံးခန်းတွင် ကောင်းဝဲနှင့် အချီအချ ပြောဆိုနေရသည်ပင် ပါရှိတော့သည်။

"ဒီကလေးလေး သေသွားတာပဲ ကောင်းပါတယ်၊ ဘာဖြစ်လို့ ဆိုတော့ သူ အသက်ရှင်နေလို့ ရှိရင်လည်း အခါလည် မပြည့်ခင်မှာတဲ့ မိဘ ကလေး ဖြစ်သွားမှာပဲ၊ သူ့ အမေ ဆေးစွဲနေတာက ကြာလှပြီ၊ သည်ကလေး မမွေးခင်ကတည်းက ဆေးမိနေနဲ့တော့ သူ့ကို ဘယ်သူကမှလည်း မွေးစား တော့မှာ မဟုတ်ဘူး၊ အဲဒီတော့ သူ့ ဘဝဟာ ဘယ်လောက် မှန်တိုင်းထန်လို့ မလဲ"

သူက နိဂုံးချုပ်လိုက်သည်။

လော်ရာဝင်းတား ဘာမျှ ပြန်မပြောပါ။ စားပွဲ၏ တစ်ဖက်မှနေ၍ ခရစ်၏ မျက်နှာကို အကဲခတ်လျက် ရှိသည်။ သူမကို ပြန်ပြီး ကြည့်လိုက်သည်။ သူမ၏ မျက်လုံးက ပကတိ အပြာဖြစ်သည်။ ပြီးတော့ ရည်ရွှန်းသည်။

ညစာစား၍ ပြီးသွားသည်။ သို့သော် သူတို့မှာ ပြောစရာတွေ တစ်ပင်ကြီး ကျန်သေးသည်။ လော်ရာက သူမ၏ အခန်းသို့ သွားကြ ပြောသည်။ သို့သော် သူမ၏ ဖိတ်ခေါ်မှုသည် အလုပ်သဘော သက်သက်မျှ ဖြစ်သည်။

သူမ၏ အခန်းက သူမ၏ ပုံစံအတိုင်းပင် ဖြစ်သည်။ သေးငယ်သည်။ သေသပ်သည်။ သပ်ရပ်သည်။ နွေးထွေးသည်။ ပြည့်စုံသည်။ မိန်းကလေးသည် ကော်ဖီအိုး တည်ပြီးနောက် ရောမ ကုလားထိုင်ကြီး တစ်လုံးပေါ်တွင် ခြေထောက် နှစ်ချောင်းကို တင်ပြီး ထိုင်သည်။ ခရစ်က မျက်နှာချင်းဆိုင် ဆိုဖာရှည်ကြီး ပေါ်တွင် ထိုင်သည်။

"ဒီ အမှု ဘယ်လောက် ကြာမယ်လို့ ဒေါက်တာ တွက်ထားသလဲ" သူမက ရုတ်တရက် မေးလိုက်သည်။ "တစ်ဖက်ဖက်က ဆွဲထားလို့ ရှိရင် နှစ်နဲ့ ချီပြီး ကြာနိုင်တယ်၊ အမှန်အတိုင်း ပြောရရင် ဒီအမှု ပြီးဖို့ဟာ ဒေါက်တာ ဆေးကျောင်း တက်ခဲ့ရသလောက် ကြာနိုင်တယ်"

"လေးနှစ်ကြီးများတောင်လား"





ခရစ် အံ့သြခြင်းကြီးစွာဖြင့် မေးလိုက်သည်။

"ဒါ့ထက်တောင် ပိုပြီး ကြာနိုင်သေးတယ်"

မိန်းကလေး စီးကရက်တစ်လိပ် မီးညှိသည်။ ကေးဂသမ မြောက် ဖြစ်ကြောင်း ခရစ် သတိပြုမိသည်။

မိန်းကလေးက ဆက်ပြောသည်။

"ဒေါက်တာ အလုပ် ခဏ ခဏ ပျက်လိမ့်မယ်၊ ဒေါက်တာရဲ့ ဘဝကို သူတို့ ဖြောင်းဆန်အောင် မွှေပစ်လိမ့်မယ်၊ ရုံးမှာ အမှုမစစ်ခင် အကြို စစ်မေး ခြင်းတွေ လုပ်လိမ့်မယ်၊ ဒေါက်တာက အဲဒီအတွက် အချိန်ပေးဖို့ အစီအစဉ်တွေ လုပ်ရမယ်၊ ဒေါက်တာလည်း စိတ်ညစ်ပြီးရော သူတို့က အနားကပ်ပြီး ရက်ရွှေ့ပစ် လိုက်မယ်"

"အာမခံ ကုမ္ပဏီက ရှေ့နေတွေက အမှုမှာ သူတို့ဘက်က လိုက်ဖို့ ငှားထားတဲ့ ကျွမ်းကျင်သူ ပါရဂူတွေ ရှေ့မှာ ဒေါက်တာရဲ့ ဖာတ်လမ်းကို အကြိမ်ပေါင်းများစွာ ပြန်ပြောခိုင်းမယ်၊ သူတို့ဆီက ဉာဏ်နီ ဉာဏ်နက်တွေ အများကြီး ထွက်လာလိမ့်မယ်၊ ကောင်းဝဲ ပေးတဲ့ အကြံ ဉာဏ်မျိုးတွေ မပါဘူး လို့ မတွက်နဲ့၊ အဲဒါ သူတို့ နည်းတွေပဲ၊ ဥပဒေဟာ မသမာတဲ့ လုပ်ငန်း တစ်ခု ဖြစ်နိုင်တယ်၊ ဆေးပညာဟာ မသမာတဲ့ လုပ်ငန်းတစ်ခု ဖြစ်နိုင်သလိုမျိုး ပေါ့"

ခရစ် တုံ့ပြန်ခြင်း မပြုပါ။

"ရှေ့နေ တစ်ယောက်က ဒေါက်တာ့ကို အဲဒီလိုမျိုး တိုက်ရိုက် အကြံပြု လာရင် သူ့ကို ရှေ့နေ အဖြစ်က ထုတ်ပစ်နိုင်တယ်၊ ဒါကြောင့်မို့ ကောင်းဝဲ ကို သူတို့ လွှတ်တာပဲ၊ သူက ရှေ့နေ မဟုတ်ဘူး၊ စုံစမ်းစစ်ဆေးရေးမှူးပဲ ဖြစ်တယ်၊ ဒါပေမဲ့ ရှေ့နေ တချို့ရဲ့ ခေါင်းထဲမှာ အဲဒီလို စိတ်ကူး ရှိနေတယ် ဆိုတာကို ဒေါက်တာ သိထားရမယ်၊ အရေးကြီးတာကတော့ ဒေါက်တာကို အဲဒီလိုမျိုး လုပ်ဖို့ အကြံပေးတဲ့ အချက်ပဲ"

သူမက စီးကရက် အသစ်တစ်လိပ်ကို ယူလိုက်သည်။ သည်တစ်ကြိမ် တွင်တော့ ခရစ်က သူမ၏ သဘောမကျမှုကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်လိုက် သည်။ ထိုအခါ အမျိုးသမီးက ခပ်ပြတ်ပြတ် ပြောသည်။

"ကျွန်မတို့ အချက်နှစ်ချက်ကို ပြတ်ထားဖို့ လိုမယ် ဒေါက်တာ၊ ပထမ တစ်ချက်ကတော့ ကျွန်မ ဆေးလိပ် သောက်တာနဲ့ ပတ်သတ်ပြီး ဒေါက်တာ့



www.burmeseclassic.com

www.burmeseclassic.com



ဆီက ဘာပညာပေး စကားမှ မလိုချင်ဘူး၊ ကျွန်မ ဆေးလိပ် သောက်
များတယ်၊ ဒါကို ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ဒါကို ဒေါက်တာ ပြော
ဘာမှ အကျိုး မထူးနိုင်ဘူး”

“ဒုတိယ အချက်ကကော”

ခရစ် ပြုံးပြီးမေးသည်။

“ဒုတိယ အချက်ကတော့ ကျွန်မတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေး
လုပ်ငန်းသဘော သက်သက်ပဲ ဖြစ်ရမယ်”

ခရစ် ဘာမျှ ပြန်မပြောပါ။ သူ့ ခေါင်းကိုသာ မသိမသာ ညိ
လိုက်သည်။

“စောစောက ကျွန်မ ပြောခဲ့တဲ့ အတိုင်းပဲ အရေးကြီးတဲ့ အချက်က
သူတို့က ဒေါက်တာ့ကို မှတ်တမ်း မှတ်စုတွေ အပြင်ခိုင်းတဲ့ အချက်ပဲ၊
သဘောက ဒေါက်တာရဲ့ အမှုကို သူတို့ သိပ်မယုံတဲ့ သဘောပဲ၊ ဒေါက်တ
အမှုဟာ သိပ်မနိုင်မှာဘူးဆိုတဲ့ သဘောပဲ၊ ဒေါက်တာရဲ့ ကုသမှုအပေါ်
သူတို့ သံသယ ရှိနေတယ်ဆိုတဲ့ သဘောပဲ၊ အာမခံ ကုမ္ပဏီတွေနဲ့ ပတ်သက်
အချက် တစ်ချက်ကိုတော့ အမြဲတမ်း သတိရနေပါ၊ သူတို့ဟာ ပြဿနာ
တစ်ခုကို ရှောင်လွှဲဖို့အတွက် လူတစ်ယောက်ကို ကျားစာ ကျွေးပစ်တတ်တ
အဲဒါကြောင့်လည်း အန်ကယ် မိုက်ဟာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အစည်းအ
မှာ အကြိတ်အနယ်...”

သူမ၏ စကားကြောင့် သူ အံ့သြသွားသည်ကို တွေ့ရသောအခါ
၏ စကားရပ်သွားသည်။

“အဲဒီ ကိစ္စကို ဒေါက်တာ သိတယ်လို့ ကျွန်မ ထင်လို့ပါ”

လော်ရာက တောင်းပန်စကား ဆိုသည်။

“ကျွန်တော့် အတွက် အန်ကယ်မိုက် ဝင်ပြီး တာဝန် မယူစေချင်

“သူ ယူခဲ့ပြီးပြီ၊ နောက်လည်း သူ ဆက်ပြီး ယူမှာပဲ၊ အန်ကယ်
အကြောင်းကို ဒေါက်တာသိတယ် မဟုတ်လား”

ခရစ် ခေါင်းညိတ်သည်။

“ဒေါက်တာ့ကို ဒီအကြောင်း ကျွန်မ ထုတ်ပြောလိုက်တာ တကယ်
မမှားပါဘူး၊ ကျွန်မရဲ့ အယူအဆက ကိုယ့်အမှုသည် တစ်ယောက် အပေ
ဘာတစ်ခုမှ ထိမ်ချန် မထားသင့်ဘူး၊ ကျွန်မတို့ဟာ တစ်ယောက်အပေ





တစ်ယောက် ပွင့်လင်း ရိုးသားကြရမယ်၊ ဒါကြောင့်ရှိလို့ ကျွန်မ ကနေ့ည
ဒေါက်တာနဲ့ စကားပြောဖို့ အချိန်ယူလိုက်တာပဲ၊ ကျွန်မက လျှို့ဝှက် ထိမ်ချန်
တယ် ဆိုရင်လည်း ဒေါက်တာက ကျွန်မကို ဒေါက်တာရဲ့ ရှေ့နေအဖြစ်
လိုချင်မှာ မဟုတ်ဘူး၊ ဒေါက်တာက လျှို့ဝှက် ထိမ်ချန်တယ် ဆိုရင်လည်း၊
ကျွန်မက ဒေါက်တာ့ကို ကိုယ့်အမှုသည် အဖြစ် မလိုချင်ဘူး”

သူတို့ နှစ်ယောက် ကော်ဖီ တစ်အိုး ကုန်သွားပြီ။ နောက်တစ်အိုး
ဆက်သောက်ကြသည်။ ရေးနီး၏ မြေးကလေးအား မည်သို့ မည်ပုံ ကုသသည်
ကို လော်ရာဝင်းတားက ခရစ်ကို အစမှ အဆုံးတိုင် ပြောပြစေသည်။ တရားလိ
ဘက်မှ နာမည်ကျော် ပါရဂူကြီးများ ဝင်ရောက် သက်သေခံဖွယ် ရှိကြောင်း
သူမက ပြောကြားသောအခါ–

“ရိုးသားတဲ့ ဆရာဝန် တစ်ယောက် ဆိုရင် ဘယ်ဆရာဝန်မှ ကျွန်တော်
ကုသတာကို လွဲမှားတယ်လို့ မပြောနိုင်ဘူး”

ခရစ် ကန့်ကွက်စကား ဆိုသည်။

“ဒီမယ် ဒေါက်တာ ဂရန့်၊ ပါကင် ဆီးယားနဲ့ ဝက်ဒလေလို ဥပဒေ
အကျိုးဆောင် အဖွဲ့ကြီး တစ်ခုဟာ ထင်ရှားကျော်ကြားတဲ့ ဆရာဝန်ကြီးတွေရဲ့
ထောက်ခံ အားပေးချက် မရှိဘဲနဲ့ ဒီ အမှုမျိုးကို ဝင်မကိုင်ဘူး”

“ဂျွန်ရေးနီးက အမိန့်ပေးရင် အဲဒီအဖွဲ့က စိန့်ဂျိုးဆက်ကို အရှင်
ယရှုရဲ့ ခမည်းတော် ဖြစ်ရကောင်းလား ဆိုပြီး တရားစွဲဆိုဦးမှာလား”

“ဒီမယ် ဒေါက်တာ၊ ကျွန်မပြောမယ်၊ ခဏလေး နားထောင်’

မိန်းကလေးက ခပ်ဆက်ဆက်ကလေး ပြောလိုက်သည်။

“ဆရာဝန်တွေဟာ သူတို့ရဲ့ အတွေ့အကြုံအရ အချို့ ကိစ္စတွေမှာ
နားလည်ထားကြသလို ရှေ့နေတွေဟာလည်း တချို့ ကိစ္စတွေမှာ သိနား
လည်ထားကြတယ်၊ ကျွန်မလည်း ရှေ့နေ တစ်ယောက်အနေနဲ့ ဒီကိစ္စမှာ
နားလည်ထားတာ ရှိတယ်၊ အဲဒါကတော့ ပါကင် အကျိုးဆောင် အဖွဲ့ဟာ
ရေးနီး ရွှေစိတ်တော် အလိုကျအောင် သူတို့ တတ်နိုင်သမျှ လုပ်ပေး
ပဲ၊ ဒါပေမဲ့ သူတို့ဟာ အဲဒီအတွက် သူ့ရဲ့ရှေ့နေတွေ ဖြစ်နေတာ မဟုတ်ဘူး၊
တို့ဟာ သူတို့ရဲ့ လုပ်ငန်းကို ကျွမ်းကျင်စွာ နားလည်တဲ့အတွက် သူ့
ရှေ့နေတွေ ဖြစ်နေကြတာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ကို သူ ပေးစား
ကျလို့ပဲ၊ သူ့အနေနဲ့ ကိစ္စတစ်ခုမှာ အမှုလုပ်ဖို့ အကြံပေးရပဲ၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူးဆိုရင် သူတို့ဟာ သူ့ကို မဟုတ်တဲ့ အကြံဉာဏ်တွေ ပေးနေတ ဆိုတာ အနေးနဲ့ အမြန် သိသွားမှာပဲ၊ အဲဒီ အခါမှာ သူတို့ဟာ သ အကျိုးဆောင် အဖွဲ့ မဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် ဒီကိစ္စကို ပါကင်အဖွဲ့ ကိုင်တယ်လို့ ဆိုရင် ဒီကိစ္စမှာ ခိုင်မာတဲ့ အခြေခံ သဘော တစ်ခု ရှိနေတယ် ကျွန်မ ပြောတာပဲ၊ အာမခံ ကုမ္ပဏီက ဒေါက်တာ့ကို မှတ်တမ်း အတု လုပ်ဖို့ ပြောတယ်လို့ ဆိုရင်လည်း..."

ခရစ်က သူမ၏ အဆိုကို သဘော မတူဟန် အမူအရာ ပြသည်။

"မဟုတ်ဘူး မထင်နဲ့၊ ဟုတ်တယ်၊ ဥပဒေ သဘော အရ အ အနေက ဒီအတိုင်းပဲ၊ ဒေါက်တာ့ကို သူတို့ အဲဒီလို ပြောတာဟာ သူတို့အ တကယ် စိုးရိမ် ပူပန်နေလို့ပဲ၊ သူတို့တွေ ပူပန်မယ် ဆိုရင် ဒေါက်တာ အ ပူပန်သင့်တယ်၊ ဒေါက်တာ အနေနဲ့က မပူပန်နဲ့ ဆိုလည်း ကျွန်မ အနေနဲ့ ပူပန်တယ်"

"ရှေ့နေမကြီး ဆိုလိုတာက ဒီအမှုကို လက်မခံချင်ဘူး ဆိုတဲ့ သ လား"

"ကျွန်မ ဆိုလိုတာက ဒေါက်တာ့လို လက်တွေ့ ဘဝနဲ့ ကင်းလွ လူတစ်ယောက်ဟာ အခြား လူတွေထက် ပိုပြီး ရှေ့နေ တစ်ယောက် အန ရှိနေဖို့ လိုအပ်တယ်"

သူမက အေးဆေး သိမ်မွေ့စွာ ပြန်ပြောသည်။ ထို့နောက် သူမ တစ်စုံတစ်ခုကို တွေးတော နေဟန် ရှိသည်။ သို့သော် ခဏတာမျှသာ သည်။

"နောက်တစ်ခု ကျွန်မ သိတာ ရှိသေးတယ်၊ ပါကင် အကျိုးဆောင် ဟာ အခုလို ဆေးဘက်ဆိုင်ရာ လွဲမှားမှုများကို ကိုင်ခဲ့တယ်၊ သိပ်မကြ မှာပဲ ဒီအမှုကို ကိုင်မယ့် ပဂေးကြီး တစ်ယောက် ပေါ်လာလိမ့်မယ်"

"ဘာကို ဆိုလိုတာလဲ"

ခရစ်က မေးလိုက်သည်။

"ဒေါက်တာတို့ ဆေးလောကမှာ ပါရဂူတွေ ရှိတယ် မဟုတ်လ ကျွန်မတို့ ရှေ့နေ လောကမှာလည်း ပါရဂူတွေ ရှိတယ်၊ တခြားကိ အားလုံးကို ဘေးချိတ်ထားပြီး ဘာသာရပ် တစ်ခုတည်းမှာ ခေါက်ချုပြီး ရှေ့ ဆောင်ရွက်နေတဲ့ ပါရဂူမျိုးပေါ့၊ ကျွန်မ စိတ်ထဲမှာ တစ်ခု မှန်းကြည့်





ဆိုရင် ဂျွန်ရေးနိုးက ပြောလိမ့်မယ်၊ ကျုပ် အမှုအတွက် ဒီတိုင်းပြည်မှာ ရှိတဲ့ တော်ဆုံးနဲ့ အကောင်းဆုံး ရှေ့နေတစ်ယောက် ရှာပေးစမ်းပါလို့၊ အဲဒီလို က ပြောတဲ့ အခါမှာ ငှားရမယ့် ရှေ့နေဟာ တစ်ယောက်ပဲ ရှိတယ်"

"ဘယ်သူလဲ"

"ဟယ်ရီ ဖရန်ကလင်၊ အဲဒီ ပုဂ္ဂိုလ်ကြီးကို သူတို့ ခေါ်တယ် ဆိုရင်တော့ တို့ အနေနဲ့ ဘယ်အဆင့်အထိ လုပ်ဖို့ ရည်ရွယ်ထားတယ် ဆိုတာ ကျွန်မ ပြောနိုင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဟယ်ရီဖရန်ကလင်ဟာ သူ ရှုံးမယ်လို့ င်တဲ့ အမှုမျိုးကို ဘယ်တော့မှ လက်မခံဘူး၊ ကျွန်မ တွေ့ဖူးသလောက် ပြောရရင်တော့ သူဟာ တရားခွင်မှာ တစ်ဖက်လူကို နာလန်မထူနိုင်အောင် လုပ်နိုင်တဲ့ အထက်မြက်ဆုံး ရှေ့နေကြီး တစ်ယောက်ပဲ"

"ဟယ်ရီ ဖရန်ကလင်"

ထိုအမည်ကို ခရစ် ရွတ်ဆိုလိုက်သည်။ ထိုအမည်ကို သူ တစ်ခါမျှ ကြားဖူးပါ။ သို့သော် ထိုအမည်သည် ရုတ်ခြည်းပင် ရန်စိုး ရန်ငွေ့များဖြင့် ဟာသည်။

လော်ရာဝင်းတား ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက်

"ဟုတ်ပြီ၊ ဒေါက်တာရဲ့ ရှေ့နေအဖြစ် ကျွန်မ ဆောင်ရွက်မယ်၊ ကျွန်မ အတိုင်းပင်ခံ သက်သက်ဖြစ်ပေမဲ့ ဟယ်ရီဖရန်ကလင် ဘယ်လို အလုပ် ပ်ဟယ် ဆိုတာ တွေ့ရမယ်"

သူမ၏ ပြောပုံအရဆိုလျှင် အာလ်စတင်လေ ဂါဒနာ၏ ဝတ္ထုထဲက ဆောင် ရှေ့နေကြီး ပယ်ရီမေဆင်ကို ခရစ် မြင်ယောင်မိသည်။

လော်ရာ ပြုံးလိုက်ပြီး

"အင်း၊ ပယ်ရီမေဆင်နဲ့တော့ နည်းနည်း တူတယ်၊ ဖရန်ကလင်ဟာ ယောက် အရုပ်မမြင့်ဘူး၊ စကားပြောရင် လေသံကလေးနဲ့ တိုးတိုးကလေး လေ့ ရှိတယ်၊ မြွေဟောက် တစ်ကောင်ဟာလည်း အသံ မဆူညံဘူး လား"

သူမက စီးကရက် အသစ်တစ်လိပ် ယူလိုက်သည်။ သူက သူမကို ဟာမကျသည့် အနေဖြင့် ကြည့်မိသည်။ ပြာခွက်ထဲတွင် ဆေးလိပ်တိုတွေ နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခရစ် သဘောမကျ ဖြစ်သွားသည်ကို မိန်းကလေး သတိပြုမိသွား

ကျွန်မ ဆေးလိပ်သောက်ချင်တယ်၊ ဆေးလိပ်သောက်တာဟာ ညံ့မှုကို ပြတဲ့ သင်္ကေတ တစ်ခု ဆိုတာ ကျွန်မ နားလည်တယ်၊ ဘာဖြ ဆေးလိပ် မသောက်သင့်ဘူး ဆိုတာကိုလည်း ကျွန်မ သိတယ်၊ ဒါပေမဲ့ မိ တွေလိုပဲ ဆေးလိပ်သောက်တဲ့ ဆရာဝန်တွေ အများကြီး ရှိတယ် ဆိုတာ လည်း ကျွန်မ သိတယ်"

သူမက ဆေးလိပ်ကို မီးညှိလိုက်သည်။ နှစ်ဖွာသုံးဖွာ ဖွာပြီးနော

"ကျွန်မတို့ တစ်ခု ပြတ်ထားရအောင်၊ တစ်ယောက်ရဲ့ ဘာ တစ်ယောက် မကျူးကျော်စတမ်း၊ ဟုတ်လား"

"ဟုတ်ပါပြီ"

သူ သဘောတူလိုက်သည်။

"ကောင်းသော ညပါ"

သူမက နိဂုံးသတ်လိုက်သည်။

သူ ပြန်ခဲ့သည်။ အပြန်လမ်းတွင် သူမ၏ အလုပ်သဘော ဆက် များကို သူ ကျေနပ် နှစ်သက်ရသည်။ သူမကို အလုပ်သဘော မဟုတ် ပုဂ္ဂိုလ်ရေး သဘောအရ ဆက်ဆံခွင့် မရခဲ့သည်ကိုလည်း ဝမ်းနည်းနေမိသ သူမက လုပသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ မိန်းကလေး ယောက် ဖြစ်သည်။ သူ့ထက် ငယ်ရွယ်သည်။ သို့သော် သူမ၏ လ ကောင်းစွာ လျှောက်နိုင်သူတစ်ဦး ဖြစ်သည်။



# ၉

ရစ်သည် အဲလစ်ကင်နှင့် အတူ အိပ်ရာပေါ်သို့ ရောက်ရှိနေသော အခါမှပင် မှုသည် ယခင်နှင့် မတူ တစ်စုံတစ်ရာ ပြောင်းလဲလျက် ရှိကြောင်း သတိပြုမိ ကာသည်။ အမှန်တော့ ယင်းအချက်ကို အဲလစ်က အလျင် သတိပြုမိခြင်း ဖြစ်သည်။

သူတို့သည် အမှောင်ထဲတွင် ငြိမ်သက် တိတ်ဆိတ်လျက် ရှိကြသည်။ သူ၏ မျက်နှာကမူ သူမ၏ နူးညံ့သော လက်မောင်းသား ပေါ်တွင်ဖိအပ်လျက် သည်။ သူမ၏ သင်းပျံ့သော ရနံ့ကို ရှူရှိုက်လျက် ရှိ၏။

သည်လို အချိန်ကာလမျိုးတွင် သူတို့နှစ်ယောက်သည် လက်ထပ်ကြ မည့် ကိစ္စကို နှစ်ကြိမ်တိုင်တိုင် ခရစ် ပြောခဲ့ဖူးသည်။ နှစ်ကြိမ်စလုံးမှာပင် သူမက တစ်သဘောတည်း တုံ့ပြန်ခဲ့သည်။

"အို အစ်ကိုရယ်၊ ညီမဟာ ဆရာဝန်တစ်ယောက်ကို လက်ထပ်မယ် ဆိုရင် အဲဒီ ဆရာဝန်ဟာ အစ်ကိုပဲ ဖြစ်ရမှာပေါ့ကွယ်" ဟု ရယ်မောကာ ပြောဆိုသည်။

သူမ၏ ရယ်မောခြင်းသည် သူ၏ စကားကို ပေါ့ပျက်စေလိုသော ကြောင့်တော့ မဟုတ်ပါ။ သူမ အဖြေအတွက် သူမဟာ သူမ ကသိကအောက် ဖြစ်သောကြောင့်သာ ဖြစ်ပါလိမ့်မည်။

လက်ထပ်ရမည်ကို သူမ အနေနှင့် စိုးရွံ့ ထိတ်လန့် နေခြင်းသည် ဆရာဝန်တွေနှင့် ပတ်သက်၍တော့ မဖြစ်နိုင်ဟု ခရစ် ယူဆသည်။ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့်သာ ပတ်သက်နေရိုး မှန်ခဲ့လျှင် သူမသည် အဘယ့်ကြောင့် ဆေးရုံမှာ ဆက်ပြီး အလုပ် လုပ်နေရသနည်း။

တစ်ကြိမ်တွင်တော့ သူက သူမကို စိတ်ရောဂါကု ဆရာဝန်နှင့် ပြကြရန် ပြောဖူးသည်။ သည်တော့လည်း သူမက ရယ်မောပြီး

“သူက ညီမကို အစ်ကိုနဲ့ ခွဲခွာဖို့ အကြံပေးခဲ့ရင် ဘယ့်နှယ်လုပ်ပါ့မလဲ”

အဲလစ်သည် သူမကိုယ်သူမ ညာလျက်ရှိကြောင်း ခရစ် အနေဖြင့် သိနေသော်လည်း သူမ ကိုယ်တိုင် သိရှိအောင်ကား သူ မတတ်နိုင်ဘဲ ရှိသည်။ သို့ဖြင့် သူတို့ နှစ်ယောက်၏ ဆက်ဆံရေးကို ဤအတိုင်းပဲ ထားနေရတော့သည်။ သူတို့ နှစ်ယောက်၏ အဖြစ်သည် ဘဝတစ်ခု တည်ဆောက်ရာကို ဦးစားမပြုဘဲ ကိုယ်၏ လုပ်ငန်းကိုသာ ဦးစားပေး နေကြသူများ ဖြစ်နေတော့သည်။ လောလောဆယ်မှာတော့လည်း သူတို့နှစ်ဦး၏ ဆက်ဆံရေးသည် သူတို့၏ အလုပ်နှင့် ကိုက်ညီနေသည်ဟု ဆိုရပေတော့မည်။

သို့ရာတွင် ယနေ့ ညတွင်တော့ တစ်စုံတစ်ရာ ချွတ်ယွင်းလျက်ရှိနေ၏။ သည်အဖြစ်ကို ခရစ်သည် အမှောင်ထဲတွင် စဉ်းစားနေမိခြင်း ဖြစ်သော်လည်း အဲလစ်က သူ့ အတွေးကို နားနှင့်ဆတ်ဆတ် ကြားရသလို သိရှိတော့၏။

“အစ်ကို ဘာဖြစ်နေသလဲ၊ မနက်ဖြန်မှာ အကြိုစစ်ဆေးခြင်းခံရမှာအတွက် အစ်ကို စိတ်ပူနေတာလား”

သူမက ညအလယ်မှာ ပြောသည့် လေသံ တိုးတိုးကလေးဖြင့် မေးသည်။

“ဘာ စိတ်ပူစရာ ရှိလို့လဲ၊ ဆရာဝန်တွေ အများကြီးရှေ့မှာ ရပ်ပြီး ရင်ဆိုင်ရတဲ့ ဆရာဝန် တစ်ယောက်ဟာ လက်တစ်ဆုပ်စာလောက် ရှိတဲ့ ရှေ့နေတွေက မေးမှာ မြန်းမှာကို ဘာကြောက်နေစရာ ရှိသလဲ”

“စိတ်ပူတာ မပူတာတော့ မသိဘူး၊ ကနေ့ည အစ်ကို တစ်မျိုး ဖြစ်နေတာတော့ အမှန်ပဲ”

“မဟုတ်တာဘဲ ညီမရယ်”

သူက သူမ၏ ပူနွေးသော ကိုယ်ကလေးကို ဆွဲယူလိုက်သည်။

“ညီမ...အချစ်”





သူ တိုးဖွဖွ ရွတ်ဆိုသည်။

အမျိုးသမီး ခေါင်းကို ယမ်းခါသည်။ သူမ၏ ဆံပင်များက ခေါင်းကို ရိုက်တိုက်ကြသည်။ ခရစ်က သူမ၏ နှုတ်ခမ်းစုံကို နမ်းရှုံ့ ကြိုးစားသည်။ သူမက တုံ့ပြန်ခြင်း မရှိပါ။

“ညီမ ဘာဖြစ်လို့လဲ”

“ညီမတို့ နှစ်ယောက်ကြားမှာ တစ်ခုခု ပြောင်းလဲမှု ရှိတယ်ဆိုရင် အဲဒါကို ညီမကို ပြောစေချင်တယ်၊ ဟန်ဆောင်တာ ညီမ မကြိုက်ဘူး၊ လိမ်တာ ညာတာတွေကို ညီမ မကြိုက်ဘူး၊ အမှန်ကို ညီမ သိချင်တယ်”

“မဟုတ်တာဘဲ ညီမရယ်”

“ညီမ သိချင်တယ်”

သူမက ခေါင်းမာသည်။

သူသည် တကယ်ပဲ မနက်ဖြန်အတွက် စိတ် ပူပန် နေသလား။

သို့မဟုတ် သူ သည်ကို မလာခင် အထူးဆောင်တွင် တွေ့ခဲ့ရသော မွေးကင်းစ ကလေးအတွက် ပူပန် နေမိခြင်းပင်လော။

ထို မွေးကင်းစ ကလေး၏ နှလုံးသည် သူ့ကိုယ်ခန္ဓာကလေး အတွက် လိုအပ်သော သွေးကို ညစ်ထုတ်မပေးနိုင်ဘဲ ရှိနေသည်။ မနက်ဖြန်မနက်ကျလျှင် သည်ကလေးကို ခွဲစိတ်ကုသ သင့် မသင့် သူတို့ ဆုံးဖြတ်ရမည်။ သို့သော် သူတို့၏ ဆုံးဖြတ်ချက်သည် အကျိုးဖြစ်စရာ မရှိနိုင်ပေ။ မခွဲမစိတ်ဘဲ ထားခဲ့လျှင်လည်း ကလေးငယ်သည် ရက်ပိုင်းမျှသာ ဒုက္ခိတကလေး အဖြစ် အသက်ရှင်နေပေလိမ့်မည်။ ခွဲစိတ်ကုသခဲ့လျှင် ခွဲစိတ်နေစဉ်မှာပင် သေဆုံးသွားနိုင်သည်။ ဘာပဲဖြစ်ဖြစ် မနက်ဖြန် မနက်ကျလျှင် သည်ကိစ္စကို သူနှင့်ခွဲစိတ်ကုဆရာဝန် ဖရန့်ဝေါ့ပ်တို့က ဆုံးဖြတ်ရပေမည်။

သူ့ကို ဒုက္ခ ပေးနေသည်မှာ သည်ကိစ္စသာ ဖြစ်မည်ဟု ယူဆလိုက်ပြီးနောက် ခရစ်သည် သူမ၏ ကိုယ်ခန္ဓာကလေးကို ဖိကပ်ကာ အိပ်ပျော်သွားတော့သည်။

သို့သော် အမျိုးသမီးသည် အိပ်မပျော်နိုင်ဘဲ ရှိနေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်သည် ဆန့်ငင်ဆန့်ငင် အသက်ရှူလျက် ရှိသည်။ အမြှောင် အမြှောင်းထနေသော နံရိုးကလေးများသည် ကြက်ဥခွံတစ်ခုပမာ ကွဲကြေတော့ မလို ရှိနေသည်။ ခရစ်ဂရန့်က ကလေးငယ်ကို လျင်မြန်စွာ စစ်ဆေး ကြည့် သည်။ နွေးထွေးသော ပလတ်စတစ် အိမ်ငယ်ကလေး အတွင်းသို့ အမြန်ဆုံ ပြန်ပို့ နိုင်ရန်ပင် ဖြစ်သည်။ ခရစ်၏ ဘေးတွင် ရပ်နေသော ခွဲစိတ်ကု ဆရာဝ ဖရန့်ဝေါ့ပ်သည်လည်း သူ့ လုပ်ငန်းကို စတင်ရန် အဆင်သင့် ရှိနေသည် ခရစ်၏ တွေ့ရှိမှုကို ချက်ချင်း ဆိုသလိုပင် အတည်ပြုနိုင်ကြသည်။ ကလေ ငယ်၏ နှလုံးအခင် တစ်ခု ပျက်ယွင်းလျက် ရှိကြောင်း နားကြပ်က ဖော် သည်။ ယင်းအတွက်ပင် နှလုံးမှ လုံလောက်သော သွေးများကို ထုတ်မပေးနိ ခြင်း ဖြစ်သည်။

"သူ့ကို လေရှူစက် တပ်ပေးထားလိုက်ပါ၊ ဒါမှ ကျုပ်မှာ ပြင်ဖို့ဆင် အချိန်ရမယ်၊ ကျုပ်တို့ ခွဲစိတ်ခန်းမှာ ပြန်တွေ့ကြရအောင်၊ နောက် တစ်နာ လောက်ပေါ့"

ခွဲစိတ်ကု ဆရာဝန်က ခရစ်ကို ပြောသည်။

ဖရန့်ဝေါ့ပ် အခန်းထဲမှ ထွက်သွားသည်။ ခရစ်က လူမမာကလေး မ ယူလိုက်သည်။ ထိတ်လန့်နေသော ကြက်ကလေး တစ်ကောင်ကို မ ယူ သည့် အလား ဖြစ်သည်။ ပျက်ပြား ချွတ်ယွင်းလျက် ရှိသော နှလုံးက နံရိုးမျာ ကို အားယူပြီး ဆောင့်ကန် တိုးဝှေ့ နေသည်ကို ခရစ် တွေ့ရှိရသည်။ ရက်သာ ကလေး၏ အသက်ရှင် တည်တံ့နေနိုင်မှု အတွက် ရုန်းကန်နေခြင်းသည် လူ များ၏ ရုန်းကန်နေမှု အတိုင်းပင် ဖြစ်တော့သည်။

ခရစ်သည် ခွဲစိတ်ခန်းသို့ မဝင်မီ ကိုယ်ကို ဆေးကြော သန့်စင်သည် ခွဲစိတ် ဝတ်ရုံစိမ်းကို ဝတ်ဆင်ထားသော ဖရန့်ဝေါ့ပ်သည်လည်း သူ၏ ခွန်အာ ပြည့်ဖြိုးသော လက်များ၊ လက်ချောင်းများနှင့် လက်သည်းများကို ဆေးကြေ သန့်စင်သည်။ ပြီးသောအခါ သူ့ လက်နှစ်ဖက်ကို အပေါ်သို့ ထောင်လို သည်။ အနီးတွင် ရပ်နေသော ဆရာမက သူ့ လက်နှစ်ဖက်ကို လက်အိ စွပ်ပေးလိုက်သည်။ ထို့နောက် ဆရာမကပင် မျက်နှာဖုံးကို စည်းနှောင်ပေ သည်။ ခရစ်လည်း အလားတူပင် လက်အိတ် သွားစွပ်ကာ မျက်နှာဖုံး တ ဆင်ပြီးနောက် ခွဲစိတ်ခန်း အတွင်းသို့ ဝင်ရောက် လိုက်ပါသွားသည်။





လူမမာ ကလေးသည် ပလတ်စတစ် လှောင်အိမ် အတွင်းမှာပင် သေးငယ်သည်ဟု ထင်ရပြီး အရောင် တဖိတ်ဖိတ် တောက်လက်နေသော ကိရိယာများ အကြားတွင်မူ ဘာမျှ မရှိသလောက်ပင် ဖြစ်တော့သည်။ မေ့ဆေး ပင်နီး ပြီးစီးသောအခါ ဖရန့်ဝေါ့ပ်သည် ခွဲစိတ်မည့် နေရာတစ်ဝိုက် အနာ ရင်းသည့် ဆေးရည် သုတ်လိမ်းသည်။ အနီးတွင် ရပ်နေသော သူ၏ လက် ထောက်ကို စစ်ဆေး ကြည့်ရှုပြီးနောက် ဖရန့်ဝေါ့ပ်သည် ခွဲစိတ်ခြင်းကို စတင် တော့သည်။

ခရစ်သည် ဖရန့်ဝေါ့ပ်၏ ကျွမ်းကျင်သော လက်ချောင်းများ လှုပ်ရှား သည်ကို စိတ်ဝင်စားစွာ ကြည့်ရှုလျက် ရှိသည်။ ခရစ်သည် ဆေးကျောင်း တက်ရောက်စဉ် ကာလက ခွဲစိတ်ကု ဆရာဝန် တစ်ယောက်ဖြစ်ရန် စိတ်အား ထက်သန်ခဲ့သည်။ သူတို့ ဆေးကျောင်းသား ဖြစ်စဉ်တုန်းက နှလုံး ခွဲစိတ် ခြင်းသည် ခေတ်စား ထင်ရှားလျက် ရှိသည်။ နှလုံး ခွဲစိတ်ကု ပါရဂူ ဖြစ်ရန် ဆရာဝန်များစွာတို့ စိတ်အား ထက်သန် နေကြသည်။

သို့သော် ခရစ်သည် နောက်ဆုံး အချိန်တွင် မွေးကင်းစ ဗေဒကို ရွေးချယ် လိုက်သည်။ တစ်ကြောင်းက ကလေးများ လူ့လောကသို့ ရောက်ရှိ ပြီး နာရီပိုင်း အတွင်းမှာပင် ဒုက္ခနှင့် ကြုံတွေ့ကြရသည်ကို မြင်တွေ့နေ သောကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းက သူ လေးနှစ်သား အရွယ်က ကြုံတွေ့ခဲ့ရသော အဖြစ်များက သူ၏ မသိစိတ်ကို လွှမ်းမိုးနေသောကြောင့် ဖြစ်သည်။

သူ၏ မိခင်သည် ဉာဏ်ရွှေသိက္ခာ ရှိပြီး စိတ်ထား ကောင်းမွန်သော အမျိုးသမီး တစ်ယောက် ဖြစ်သည်။ သူမသည် ခင်ပွန်းသည်ကို တစ်ဖက် တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန် အတွက် အလုပ်ကို အလွန် ကြိုးစား လုပ်ဆောင်သည်။ ခရစ်၏ ဖခင် ဖီးလ်ဂရန့်သည် လက်လုပ်လက်စား အလုပ် သမား တစ်ယောက် ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ် အတွင်းက သူသည် အိမ် ထောင် ရှိပြီး ကလေးတစ်ယောက် ရှိသဖြင့် စစ်မှုထမ်း ဥပဒေမှ လွတ်ကင်း သည်။ သင်္ဘောကျင်းတွင် အလုပ် ဝင်ခဲ့သည်။ သူ၏ ဘဝတွင် အကောင်းဆုံး ငွေကို ရရှိခဲ့သည်။ သို့သော် စစ်ပြီးသောအခါ ထောက်ပံ့ရေး သင်္ဘောများ ပြီးတော့သဖြင့် သူသည် သင်္ဘောကျင်းမှ ထွက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သင်္ဘောကျင်းမှ ထွက်လာပြီးနောက် ဘတ်စ်ကားမောင်း အလုပ်ကို ရရှိသည်။ ဘတ်စ်ကား ဒရိုင်ဘာ အလုပ်သည် အထူး ကျွမ်းကျင်မှု ရှိရန် မလိုအပ်သလို လစာမှာလည်း မများပြားပါချေ။ မိသားစု သုံးယောက်စာ လောက်ရုံမျှသာ ဖြစ်သည်။ ခရစ်၏ မိခင်တွင် ဒုတိယ ကိုယ်ဝန် ရှိသောအခါ တွင်လည်း သူတို့၏ ဝင်ငွေသည် ထိုကလေးအတွက် ပူပန်စရာ မဖြစ်ပါချေ။ ခရစ်၏ မိခင်သည် ကိုယ်ဝန် ရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ သူမသည် အဝတ် ဖွပ်လျှော်သည့် အလုပ်ကို ကိုယ်လေးလက်ဝန် ရင့်မာသည့် ကာလအထိ လုပ်ဆောင်လေသည်။

ခရစ်သည် မိခင် မီးပူ တိုက်နေသော စားပွဲ အောက်တွင် ကစား တတ်သည်။ မိခင်က သူ့ကို နောက် မွေးလာမည့် ကလေးအကြောင်း တတွ တွတ် ပြောဆိုနေသည်။ ခရစ်က နောက်မွေးလာမည့် ကလေးသည် ညီလေး လား၊ ညီမလေးလားဟု မေးမိသည်။ ထိုအခါ မိခင်က ပြုံးလှဲကာ ပြန်ဖြေ သည်။

"မွေးတော့ သိမှာပေါ့ကွယ်၊ မွေးတော့ သိမှာပေါ့"

ပြဿနာက မိခင် မီးဖွားခါနီး ရက်ပိုင်းအလိုတွင် ဖြစ်ပေါ်လာသည်။ သူမ၏ ကိုယ်ခန္ဓာကြီးသည် ကိုယ်ဝန်ဆောင်ထားရသဖြင့် အကြီးကြီး ဖြစ် သည်။ သူ၏ မိခင်သည် နဂို အနေအထား အတိုင်း ပြန်ဖြစ်ပါဦးမလား ခရစ် စိတ်ထဲတွင် ခဏခဏ တွေးနေမိတတ်သည်။

တစ်ညနေတွင် တယ်လီဖုန်း လာသည်။ ခရစ်သည် ထိုစဉ်က လေး သား အရွယ်သာ ရှိသေးသော်လည်း မိခင် ပြန်ပြောသည့် စကားများ ထောက်ချင့်ခြင်းအားဖြင့် ဒုက္ခ တစ်ခုခုတော့ ဖြစ်ပြီဟု သိလိုက်သည်။ သူသ ရတ်ခြည်း ဆိုသလိုပင် တုန်လှုပ် ချောက်ချားသွားရသည်။

မိခင်သည် တယ်လီဖုန်းကို ချထားလိုက်ပြီးနောက် သူမ၏ ကုတ်အ ကို ယူကာ-

"သားသားလေး ဘားနက်တို့နဲ့ ခဏ နေခဲ့ဦးနော် ဟုတ်လား၊ မေ အခုပဲ ပြန်လာခဲ့မယ်"

သူမသည် စကားကို ဆုံးအောင် မပြောဘဲ တံခါးပေါက် ဆီသို့ ပြေး ဘားနက်၏ မိခင် မစ္စက်မော်လ္လိုင်းကို လှမ်းခေါ်သည်။





မစ္စက်မော်လ္လိုင်းသည် အခန့်သင့်ပင် အိမ်မှာ ရှိနေသည်။ မစ္စက်မော် လ္လိုင်း သူတို့ အခန်း တံခါးဝသို့ ရောက်လာချိန်တွင် ခရစ်၏ မိခင်က "အို... ...ရားသခင်" ဟု အထိတ်တလန့် ရေရွတ်လိုက်သည်။

မိခင်၏ ကိုယ်အောက်ပိုင်း တစ်ဝိုက်တွင် ရေများ စိုရွှဲနေသည်ကို သူ ...ွ့ရသည်။ မစ္စက်မော်လ္လိုင်း တံခါး ဖွင့်ဝင်လာသောအခါ သူ၏ မိခင်က ...ာလိုက်သည်။

"ရေမြွှာ ပေါက်သွားပြီ"

မစ္စက်မော်လ္လိုင်းသည် မိန်းမကြီး တစ်ဦး ဖြစ်ပြီး အတွေ့အကြုံ ရှိသူ ...စ်ဦး ဖြစ်သဖြင့် တယ်လီဖုန်း ဆီသို့ သွားကာ ဆေးရုံ လူနာတင်ကား ...ယူသည်။ ထို့နောက် မစ္စက်မော်လ္လိုင်းသည် သူ၏ မိခင်ကို အိပ်ခန်းသို့ ...ခေါ်သွားပြီး ခုတင် ပေါ်တွင် အတင်း လှဲခိုင်းသည်။ မိခင်ဖြစ်သူက အိပ်ရာ ...ု ညစ်ပေကုန်မည် စိုးသဖြင့် ငြင်းဆန်နေသည်။ သို့သော် မစ္စက်မော်လ္လိုင်း ... အတင်းပင် အိပ်စေသည်။ မိခင်သည် ခုတင် ပေါ်တွင် လဲလျောင်း နေရာမှ ...ွတ်တွတ် ပြောနေသည့် စကားကို သူ ကြားနေရသည်။

"သူ... သူ... ကျွန်မ ရှိမှ ဖြစ်မယ်၊ ကျွန်မ ရှိမှ ဖြစ်မယ်"

သူ ဆိုသည်မှာ မမွေးဖွားသေးသော ကလေးကို ပြောခြင်း မဟုတ်။ ... ဖခင်ကို ပြောခြင်း ဖြစ်ကြောင်း နောက်မှ ခရစ် သိရသည်။

မစ္စက်မော်လ္လိုင်းက ဘာမျှ မပူဖို့ သူ၏ မိခင်ကို နှစ်သိမ့် အားပေး ...သည်။ လူနာတင်ကား ရောက်လာသည် အထိပင် ဖြစ်သည်။ လူနာတင် ... အိမ်ရှေ့တွင် ဆိုက်ရပ်မိသောအခါ မစ္စက်မော်လ္လိုင်းက ကားနှင့် အတူ ...ာသော ဆရာဝန်ကို လှမ်းခေါ်သည်။

"ဒီမှာ... ဒီမှာ သူ ဒီမှာ"

သူတို့ ထံသို့ အလုပ်သင် ဆရာဝန်ကလေး တစ်ဦး ရောက်ရှိလာပြီး ...ာကို လွှဲယူသည်။

သူတို့သည် ခရစ်၏ မိခင်ကို စောင်တစ်ထည် ရစ်ပတ်ပြီး လူနာသယ် ... ပေါ်သို့ မ,တင်လိုက်ကြသည်။

"သူ... သူ... ကျွန်မ ရှိမှ ဖြစ်မယ်၊ ကျွန်မ ရှိမှ ဖြစ်မယ်"

မိခင် ဟစ်အော်နေသည်။ သူတို့က မိခင်ကို အခန်း ထဲမှ သယ်ထုတ် ...ကြ၏။ လူနာတင်ကား ပေါ်သို့ တင်လိုက်ကြသည်။ ကားတံခါးများကို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်ကြသည်။ ထို့နောက် အချက်ပေး ဥသြသံများ ထွက်ပေါ်လျ လှနာတင်ကား ထွက်ခွာသွားသည်။

လှနာတင်ကား ထွက်ခွာသွားသည်ကို သူတို့ တံခါးပေါက်မှ ကြည့် ကြသည်။ သူတို့ ဆိုသည်မှာ ခရစ်၊ မစ္စက်မော်လ္လိုင်းနှင့် မစ္စက်မော်လ္လိုင်း သားကလေး ဘားနက်တို့ ဖြစ်သည်။

ခရစ် ငိုသည်။ ဘားနက်လည်း လိုက်ပြီး ငိုသည်။

"တိတ်စမ်း၊ အရိုက်ခံချင်လို့လား"

မစ္စက် မော်လ္လိုင်းက ဘားနက်ကလေးကို ကြိမ်းလိုက်သည်။ သို့သေ ခရစ်ကိုမူ-

"လာ... လာ... အပေါ်ကို သွားကြရအောင်၊ သားကို ဒေါ် နို့တိုက်မယ်၊ မုန့်လည်း ကျွေးမယ်၊ သား မေမေအတွက် သား ဘာမှ စိတ်မ သူ ဘာမှ မဖြစ်ဘူး၊ နေကောင်း သွားလိမ့်မယ်"

"သူ မသေပါဘူးနော်"

ခရစ်က မေးသည်။

"သေတယ် ဆိုတာကို သားက ဘာသိလို့လဲ၊ သားအရွယ်ကလေ ဘယ်လိုလုပ် သိသလဲ"

မစ္စက် မော်လ္လိုင်းက ပြန်မေးသည်။

သူ မသိပါ။ သည်အကြောင်းကို သူ အဘယ့်ကြောင့် ပြောမိမှန်းလ မသိပါ။ တစ်ခုပဲ ရှိသည်။ သေခြင်း ဆိုသည်မှာ ဆိုးရွားသော အရာ တ မှန်းတော့ သူ သိသည်။ ကလေးငယ် ကလေးတွေရဲ့ မိခင်တွေမှာ ဖြစ်နိုင်သေ အရာ တစ်ခုဟု သူ သိသည်။

သူ၏ ဖခင်သည် ထိုနေ့ညနေက မိုးတော်တော်ချုပ်မှပင် ပြန်လ ရောက်ရှိလာသည်။ သူ့ လက်တွင် ပတ်တီး စီးထားသည်။ ဖခင်၏ အမူအ ကြည့်ပြီး ဒဏ်ရာ အတော် ပြင်းထန်ကြောင်း ခရစ် သိရှိသည်။ သူ၏ ဖခင်သ ဇနီးသည်၏ သတင်းကို ကြားကြားချင်း ဆေးရုံသို့ ပြေးသွားသည်။ ညဦးန သူ ပြန်လာသည်။ ခရစ် အိပ်နေပြီ ဖြစ်သည်။

ညီလေးလည်း မပါ၊ ညီမလေးလည်း မပါဘဲ မိခင် ဖြစ်သူ ဆေး ဆင်းလာပြီ။ သည့်နောက်ပိုင်းတွင်မှ သူတို့ ပြောသည့် စကား အစအန အရ သူ၏ ဖခင်သည် ကားတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယောက် သေသွားသည်။ သို့သော် သူ၏ ဖခင်သည် အပြစ်ပေးခြင်း ပေ။ အလုပ်လည်း ပြန်မရတော့ပါ။

ထိုအခါမှ စ၍ သူ၏ မိခင်သည် အလုပ်အားလုံး လုပ်ကိုင်ရတော့သည်။ များ အိမ်တွေ သွားပြီး အဝတ် လျှော်ရသည်။ အိမ်ပြန်ရောက်သောအခါ နှင့် သူ၏ ဖခင်အတွက် ညစာ ချက်ရသည်။ ကျန်သည့် အချိန်များတွင် ၏ ဖခင်က သူ့ကို ထိန်းသည်။ နံနက်စာနှင့် နေ့လယ်စာ တို့ကို ချက်ပြုတ် ဆင်သည်။ သူ့ကို ကျောင်းသို့ လိုက်ပို့သည်။

သူ၏ ဖခင်သည် ရံဖန်ရံခါ ဆိုသလို ကြားပေါက် အလုပ်များကို ကိုင်တတ်သည်။ သို့သော် မည်သည့် အလုပ်တွင်မှ မမြဲပါ။ နောက်ဆုံးတွင် သည် ပိန်ပိန်သေးသေးကလေး ဖြစ်သွားပြီး တစ်ယောက်တည်း တိတ်ဆိတ် ယက်စွာ နေထိုင်တတ်သည်။ သူ ဆေးလိပ် မသောက်ပါ။ အရက် မသောက် ။ သူ တစ်ယောက်တည်း သတင်းစာကို စိမ်ပြေနပြေ ဖတ်နေတတ်သည်။

ခရစ်သည် စိတ်ထဲတွင် မရှင်းလင်းသည်များ သိချင်သည်များ ပြည့်နေ လည်း အမေးအမြန်း သိပ်မထူပါ။ ဖခင်သည် မေးခွန်းများကို ဖြေလေ့ ။ မိခင်သည် သူ့ မေးခွန်းများကို ဖြေပြီး စိတ်ထိခိုက် နေတတ်သည်။

သို့သော် ခရစ်သည် မေးခွန်း တစ်ခုကိုတော့ မမေးဘဲ မနေနိုင်ပါ။ ညီကလေး သို့မဟုတ် ညီမကလေး ဘာဖြစ်သွားသနည်း ဟူသော က် ပင်တည်း။ မိခင်သည် ဆေးရုံကို သွားတုန်းက ဗိုက်ထဲတွင် အပြည့် နှင့် ဖြစ်သည်။ အိမ်ကို ပြန်လာတော့ ဘာမျှ ပါမလာတော့။

ဢ ညများတွင် ခရစ်သည် သူ၏ ခုတင်ကလေး ပေါ်တွင် အိပ်နေ သူ့ မိခင်၏ သက်ပြင်းချသံ ငိုရှိုက်သံများကို ကြားရသည်။ ဖခင်ကမူ ပျော်နေသည်။ သို့မဟုတ် အိပ်ပျော်ဟန် ဆောင်နေသည်။ ထို့နောက် ခင်သည် အိပ်ရာမှ တိတ်တဆိတ် ထပြီး အခန်းထဲမှ ထွက်သွားသည်။ မီး ထဲမှာ တစ်ယောက်တည်း သွားထိုင်နေတတ်သည်။ အင်မတန် အေးချမ်း ညများမှာပင် မိခင်သည် အဝတ်ပါးကလေးနှင့် မီးဖို ထဲတွင် ထိုင်နေတတ် ၊ သူတို့ အိမ်တွင် အပူပေးစက် မရှိပါ။

ရံဖန်ရံခါတွင် ခရစ်သည် အိပ်ရာမှ ထပြီး နားစွင့်တတ်သည်။ တစ်ကြိမ် သော့ သူသည် မိခင် အခန်း ထဲမှ ထွက်ပြီး မီးဖို ထဲသို့ သွားသည်တို သွားသည်။ မီးဖို တံခါးဝတွင် ရပ်ပြီး မိခင်ကို ကြည့်နေမိသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသည်ကို မိခင် သိသည်ဟု သူ မထင်ပါ။ သို့သော် မိခင်က တိုးညင်း
ခေါ်လိုက်သည်။

"သား လာလေ သား"

မိခင် အနီးသို့ သူ သွားရောက်သည်။ မိခင်က သူ့ကို ဆွဲယူ ဖက်
သည်။ မိခင်၏ ကိုယ်က အေးစက် လှသည်တကား။ မိခင်၏ ကိုယ်ခန္ဓာသ
သူ့ကို နွေးထွေးမှု မပေးနိုင်ပါ။ သူမ၏ ရင်သားများသည် သေးငယ်လျ
ရှိပြီး သူမ၏ မျက်နှာက စိုထိုင်းနေသည်။ မျက်လုံးများ နီရဲနေပြီး ငေးကြေ
နေသည်။ သူ့ ကိုယ်ကို မိခင်၏ ကိုယ်ခန္ဓာသို့ တိုးဖိ ထားလိုက်သည်။

"မေမေ ကလေးလေးအတွက် ငိုနေတာလား"

သူ အရဲစွန့်ပြီး မေးလိုက်သည်။

မိခင် မဖြေပါ။

"သူ... သူ သေပလား"

သည်တစ်ကြိမ်တွင်လည်း မိခင်က ပြန်မဖြေပါ။ သူ့ကိုသာ တင်းကျ
စွာ ဖက်ထားသည်။

"သူ ဘာဖြစ်လို့ သေတာလဲ မေမေ၊ သားသားကော သေမှာလား"

"အို... အို အို မဟုတ်ဘူး၊ သူ သေတာက... သူ သေတာ
အသက် မရှူနိုင်လို့"

"အသက်မရှူနိုင်လို့ ဟုတ်လား"

ခရစ် စိတ်ရှုပ်ထွေးသွားသည်။ လူတိုင်း အသက်ရှူနိုင်ကြသည်။

"သူတို့ရဲ့ အဆုတ် ဒါမှမဟုတ် သူတို့ရဲ့ နှလုံးကလေးတွေက သိပ်
သေးကြတယ်၊ ဒါကြောင့်မို့လို့ သူတို့ အသက်မရှူနိုင်ကြတာ၊ သူတို့ သေ
တာ"

"သူတို့ သေပြီးတော့ ဘယ်သွားကြသလဲ"

သူ မေးလိုက်ပြန်သည်။

"ကောင်းကင်ဘုံကို သွားတာပေါ့၊ ကလေး ကလေးတွေဟာ အင်မတ
သန့်ရှင်း စင်ကြယ်ကြတယ်၊ ဒါကြောင့် သူတို့ အားလုံး ကောင်းကင်ဘုံ
သွားကြတယ်"

"သား သေရင်လည်း ကောင်းကင်ဘုံကို သွားရမှာလား"

ခရစ် မေးလိုက်ပြန်သည်။



မိခင်က သူ့ကို တင်းကျပ်သည်ထက် တင်းကျပ်အောင် ဖက်လိုက်ပြီး–

"သား မသေဘူး၊ သား မသေပါဘူး"

ထို့နောက် မိခင်သည် သူ့ကို လွှတ်ချောကာ သိပ်သည်။ သူ မျက်လုံးများ
...ရည်များ ကျလာသည်။ ထို့နောက် သူ အိပ်ပျော်သွားသည်၊ နောက်တစ်
...နက် သူ အိပ်ရာမှ နိုးသောအခါ သူ အိပ်ရာ ပေါ်မှာ သုံ ရောက်နေသည်။

သည့်နောက်တွင်ကား ထိုကလေးလေးအကြောင်း သူ လုံးဝ မမေး
...ပါ။ သို့သော် မိခင် ဖြစ်သူကား ထိုကလေးလေးအတွက် အငို မခဲပါ၊
...သည် ကျန်ဘဝ ခရီး တစ်လျှောက်လုံးပင် ညညတွင် အိပ်ခန်း ထဲမှ
...ကာ မီးဖို ထဲမှာ ငိုကြွေးခဲ့သည်ကို သူ မှတ်မိနေသည်။

သို့သော် မိခင်သည် မည်သူ့ကိုမျှ အပြစ်မတင်ပါ။ ဖခင်၏ ကာဘိုက်
...ကြောင့် နေ့မစေ့ လမစေ့ မီးဖွားခဲ့ရသော်လည်း မိခင်သည် ဖခင် ဖြစ်သူကို
...ကြိမ် တစ်ခါမျှ ပြစ်တင်ခြင်း မပြုခဲ့ပါ။ သို့သော် ဖခင်ကမူ သူ့ကြောင့်
...သည် ဆိုပြီး မိခင်ကို တဖွဖွ တောင်းပန်ခဲ့သည်။ သေသည် အထိ တောင်း
...သွားသည်။

သူတို့ နှစ်ယောက်စလုံးပင် ဤဆုံးရှုံးမှုကို မကျော်လွှားနိုင်ကြပါ။

သည်အဖြစ်သည် ခရစ်၏ အသည်းမှာလည်း စွဲထင်နေတော့သည်။
...ကြောင့်ပင်လျှင် သူသည် ကလေးသူငယ်များ ကုသရေးနယ်ကို ရွေးချယ်
...င်း ဖြစ်သည်။ မွေးကင်းစဗေဒကို အထူးပြုခဲ့ခြင်း ဖြစ်သည်။ ကလေးငယ်
... မွေးခါစ အရွယ်တွင် မသေကြစေရန် ဖြစ်သည်။ မိခင်များ အမှောင်
...တွင် တစ်ယောက်တည်း ငိုကြွေးမနေကြစေရန် ဖြစ်သည်။

ခရစ်သည် ဖရန့်ဝေါ့ပ် ခွဲစိတ်နေသည်ကို ကြည့်ရင်း သူ၏ ညီငယ်
...လေး သေဆုံးခဲ့ရသည်မှာ အဘယ် ချွတ်ယွင်းချက်ကြောင့် ဆိုသည်ကို
...ရှိနေရတော့သည်။

ယခုအခါတွင်ကား ခွဲစိတ်မှု အတတ်ပညာသည် အထူးပင် တိုးတက်
...င်းမွန်လျက် ရှိတော့သည်။

ဖရန့်ဝေါ့ပ်၏ ကျွမ်းကျင်သော လက်ချောင်းများသည် နူးညံ့သော
...ကလေးများ အကြားကို ဖောက်ပြီး ရင်ခေါင်း အတွင်းပိုင်းသို့ ရောက်ရှိ
...ကြသည်။ ပျက်ယွင်းနေသော နှလုံးအခင်ကို သူ တွေ့ရှိသည်။ ကောင်းမွန်
...အောင် ပြန်လည် ပြုပြင်ပေးလိုက်သည်။ ကံကောင်းသည်ကတော့ အစား



www.burmeseclassic.com

www.burmeseclassic.com



ထိုးစရာမလိုဘဲ ပြုပြင်ပေးလိုက်ရုံနှင့် ပြီးစီးသွားခြင်းပင်။ ပြုပြင်မှု ပြီး သွားသောအခါ ခွဲစိတ်မှုကို ပြန်လည် လက်စ သိမ်းသည်။ သူသည် ချုပ် ချည်သည့် အလုပ်ကိုပင် လက်ထောက်များအား မည်သည့်အခါမျှ လွှဲအပ်ခြ... မပြုပါချေ။

ဖရန့်ဝေါ့ပ်သည် ကလေးငယ်ကို ဆရာမ လက်သို့ လွှဲအပ်လိုက်... နောက် ခရစ် ဘက်သို့ လှည့်လျက်–

"ညနေ သုံးနာရီလောက်မှာ ကျွန်တော် အဆောင်ကို ဝင်မယ်၊ ... တော့မှ တွေ့ကြတာပေါ့"

"ကျွန်တော် ရှိမှာ မဟုတ်ဘူး"

ခရစ်က တုံ့ပြန်သည်။

ခွဲစိတ်ကု ဆရာဝန်က စူးစမ်းသည့် အနေဖြင့် သူ့ကို ကြည့်သည်။

"ရှေ့နေတွေနဲ့ တွေ့ဖို့ ရှိတယ်၊ ကနေ့ အကြို စစ်မေးမယ်"

"အို"

ဖရန့်ဝေါ့ပ်က ဒါပဲ ပြောသည်။ ထိုစကားလုံးသည် နှစ်သိမ့်ခြင်းလ... မကျေနပ်ခြင်းလား ဆိုသည်ကို ခရစ် မကွဲပြားပါ။ ထိုကိစ္စနှင့် ပတ်သက်... ဖရန့်ဝေါ့ပ် နောက်ထပ် ဘာမျှ မပြောတော့ပါ။

ကလေးငယ်ကလေးကို သူ၏ ပလတ်စတစ် လှောင်အိမ် အတွင်း... ကောင်းမွန်စွာ ပြန်ပို့လိုက်သည်။ လက်ချောင်းတွင် သွေးကြောသွင်း ပိုက်... တပ်ဆင်ထားပြီး နှာခေါင်းတွင် အောက်ဆီဂျင် ပိုက်ပြွန် တပ်ဆင်ထားသည်...

ခရစ်သည် ခွဲစိတ်ကု ဝတ်စုံစိမ်းကို ချွတ်ပြီး သူ၏ အဝတ်အစား... ပြန်လည် ဝတ်ဆင်သည်။

ဆယ်မိနစ်ခန့် အကြာတွင် သူသည် ဆေးရုံကြီးမှ ထွက်ခဲ့ပြီး ဥပ... အကျိုးဆောင် အဖွဲ့ကြီးများ တည်ရှိရာ မြို့ အချက်အချာပိုင်းသို့ ရောက်... သွားသည်။ သူသည် ချိန်းဆိုထားသည့် အချိန်ထက် စောပြီး သွားရောက်ခြ... ဖြစ်သည်။ အကြောင်းမှာ သူသည် ပါကင် ဆီးယားနှင့် ဝက်ဒလေ အ... ဆောင် အဖွဲ့ကြီးကို ပထမဆုံးအကြိမ် ရင်ဆိုင်ခြင်း မပြုခင် သူတို့ နှစ်ယော... ကြိုတင် ညှိနှိုင်းထားကြရန် လိုအပ်သည်ဟု လော်ရာဝင်းတားက ပြော... သောကြောင့် ဖြစ်သည်။





လော်ရာဝင်းတား အလုပ်လုပ်သော ဥပဒေ အကျိုးဆောင်အဖွဲ့... ...ကင် အဖွဲ့ကြီးလောက် ထင်ရှား ကျော်ကြားခြင်း မရှိသော်လည်း ... ...တန်း မြင့်မား ကောင်းမွန်သော အဖွဲ့ တစ်ခုပင် ဖြစ်သည်။

သူမ၏ ရုံးခန်းသည် ကောင်းမွန် သပ်ရပ်သော အခန်း ... ...ကြောင်း ခရစ် တွေ့ရှိရသည်။ သူမ၏ ရုံးခန်း ပြတင်းပေါက်မှ ကြည့်လျှင် ...တ်ဟောက် ပန်းခြံကို စီးမြင်ရသည်။

သူ ရောက်ရှိသွားသော အချိန်တွင် သူမသည် စားပွဲတွင် ... ...ကျ် ရှိသည်။ ငွေရောင် ဆံပင်ကလေးများ ဖွာရရာကြဲလျက် ... ...တွင်းရေးမှုအား စိစဉ် ညွှန်ကြားနေသည်ကို ကြည့်မြင်ရသည်... ...ကျ်သရေ ရှိလှ၏။ သေးသွယ်သော်လည်း ကိုယ်ခန္ဓာ အချိုးအစား ... ...သော မိန်းမငယ်ကလေးသည် သူမ၏ အလုပ်ကို ကောင်းမွန်စွာ ... ...ောင်နိုင်မည့် သူ တစ်ယောက် ဖြစ်ကြောင်း ခရစ်၏ စိတ်တွင် ထင်မြင် ...သည်။

သည်အမျိုးသမီးကလေး သည်မျှ လှပနေသည့်အတွက် သူ့ စိတ်တွင် ...ငင်ကျ ဖြစ်နေရသည်။ လှပသော အမျိုးသမီးများသည် သည်မျှ အလုပ် ...ဖို့ မကောင်းပါ။ သည်မျှ တော်ဖို့ မကောင်းပါ။

လော်ရာဝင်းတားသည် အတွင်းရေးမှူးကို သွားရန် ပြောလိုက် ...နောက် ခရစ် ဘက်သို့ လှည့်ကာ–

"သြော်... အင်း"

သူမ ပြောလိုက်ပုံက သူသည် သူမ၏ လုပ်ငန်း တစ်စိတ် တစ်ဒေသမျှ ...ာ ဖြစ်သည့်ပမာ။ ပြီးမှ–

"စိတ်မရှိနဲ့နော်၊ ဒီရက်တွေက နည်းနည်း အလုပ်များတယ်၊ ထိုင်ပါဦး"

သားရေဖုံး ကုလားထိုင်ကြီးတွင် သူ ထိုင်မိသောအခါ အမျိုးသမီး ...ိုင်ရာမှ ထပြီး ပြတင်းပေါက်တွင် ငေးနေသည်။ သူ့ကို ကျောပေးထားသည်။ ...ကလေး ဘာမျှ မပြောပါ။ သို့ဖြင့် ပြတင်းပေါက်မှ သူမ ငေးကြည့်နေသည့် ...ချိန်မှာ ကြာညောင်းလှသည်ဟု ခရစ် ထင်မိသည်။

"သာမန် လူတစ်ယောက် သဘောပေါက် နားလည်အောင် ရှင်းပြဖို့ ...န်မှာ မလွယ်ဘူး ဖြစ်နေတယ်"

သူမက ရုတ်တရက် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို သာမန် လူ တစ်ယောက်တဲ့။

သို့သော် ပြန် စဉ်းစားကြည့်လိုက်တော့ ဥပဒေနှင့် ပတ်သက်လျှ သူသည် သာမန် လူ တစ်ယောက်ပင် ဖြစ်ပါသည်။

"အမှု တစ်ခုမှာ သီးခြား ပြဿနာ၊ သီးခြား ပုံစံ၊ သီးခြား သဘော ရှိတယ်"

မိန်းကလေး ခေါင်းညှိတ် ဆိုင်းငံ့လိုက်ပြီးနောက် "ဆေးဘက်ဆိုင်ရာ လုပ်ဆောင်မှုက အဲဒီလူရဲ့ ဘဝ၊ အဲဒီလူရဲ့ လုပ်ငန်းကို လုံးဝ လွှမ်းမိုးနေတယ် နေရောင်လူကြီးတွေက ဒေါက်တာ့ကို အပြစ်ရှိတယ်လို့ ဆုံးဖြတ်လိုက်ရင် ဒေါက်တာရဲ့ ဘဝ တစ်လျှောက်လုံးနဲ့ ဒေါက်တာရဲ့ လုပ်ငန်း တစ်ခုလုံးကို ထိခိုက်သွားလိမ့်မယ်၊ အဲဒီလို ကြီးမားတဲ့ အန္တရာယ်ကြီး တစ်ခုကို ရင်ဆိုင်နေရတဲ့ လူ တစ်ယောက်ဟာ အများကြီး စိတ် လှုပ်ရှားနိုင်တယ်၊ ဒါကြောင့်မို့ ပန်းခြံ တစ်ဖက်က ပါကင် အဖွဲ့ရုံးကို မသွားခင် ကျွန်မတို့ ဆွေးနွေးကြရအောင်လို့ပြောတာ"

လော်ရာ ရပ်နား လိုက်ပြန်သည်။ ပြီးမှ တစ်ဖန်–

"ဒီအကြို စစ်ဆေးချိန်မှာ ဒေါက်တာဟာ လုံးဝ စိတ်မတိုရဘူး၊ လုံးဝ ဒေါသ မထွက်ရဘူး၊ ဒေါက်တာ့ကို သူတို့က ဘာကြီးပဲ စွပ်စွဲ စွပ်စွဲ၊ ဘာမေး မေးမေး၊ ဒေါက်တာဟာ မေးတဲ့ မေးခွန်းကိုသာ ဖြေရမယ်၊ မေးတာ ကိုသာ ဖြေရမယ်၊ မမေးတာကို မပြောရဘူး၊ ငြင်းချက် မထုတ်ရဘူး၊ ဒေါက်တာဟာ သက်သေ တစ်ယောက်ပဲ ဖြစ်မယ်၊ အဲဒီ အဖြစ်ကနေ တိမ်းရှောင် မသွားရဘူး၊ ကျွန်မ ပြောတာ ရှင်းသလား"

သည်အချိန်တွင် လော်ရာသည် ရှေ့နေ တစ်ယောက် ဖြစ်သည်၊ အကြံဉာဏ်ပေးသူ တစ်ဦး ဖြစ်သည်။ မိခင် တစ်ဦး ဖြစ်သည်။ သည် သုံးခုစလုံး ဖြစ်သည်။ ယင်းကြောင့်ပင် ခရစ်သည် ပြုံးလိုက်ပြီး ပါးစပ် ထဲမှ စကား တစ်ခွန်း လွှတ်ခနဲ ထွက်သွားသည်။

"ဟုတ်ကဲ့ အမေ၊ ရှင်းပါတယ်"

လော်ရာ ဒေါသ ဖြစ်သွားပြီး–

"အဲဒါက နောက်တစ်ခု မလုပ်ရမယ့် အလုပ်ပဲ၊ ဒီအမှုကို ရယ်စရာ မတွက်ပါနဲ့၊ ဘယ်တော့မှ ရယ်စရာ မလုပ်ပါနဲ့၊ ကျွန်မတို့ နှစ်ယောက်တည်း မှာလည်း မလုပ်ပါနဲ့၊ ကျွန်မ လက်မခံနိုင်တဲ့ အလုပ်တစ်ခုပဲ၊ ဒေါက်တာ



အန္တရာယ် ဖြစ်စေနိုင်တယ်၊ ကျွန်မကို သေးသိမ်စေတယ်၊ ကျွန်မ ... မ ... ဘူး"

ထိုအချိန် သူမသည် ပြောရင်း ပြောရင်းနှင့် သူမ ကိုယ်တိုင် စိတ်လှုပ်ရှားလျက် ရှိသည်ဟု ခရစ် ထင်မိသည်။ သူမ ကိုယ်တိုင်လည်း သိသွားဟန် ရှိသည်။ သူမကိုယ် သူမ ချက်ချင်းပင် ပြန်ထိန်းလိုက်ပြီး–

"ကဲ ကျွန်မတို့ သွားကြစို့၊ ကျွန်မ ပြောတာတွေကို မှတ်ထားပါ"

မိန်းကလေးသည် တံခါး၏ နောက်ဘက်တွင် ချိတ်ထားသော မီးခိုးရောင် ဂျက်ကက် အင်္ကျီကို ဖြုတ်ယူ ဝတ်ဆင်သည်။ သူမ၏ ကိုယ်မှ သင်းပျံ့သော ရေမွှေးနံ့ကို ခရစ် ရှူရှိုက်သည်။ သည်ရေမွှေးက သူမ၏ ဣတ္ထိယ သဘောကို ပြနေသည်။ သည်ရေမွှေးက မပြောလည်း လှပသော ရင်သားများက သူမ၏ ဣတ္ထိယ သဘောကို ပြောနေသည်။

သို့သော် ယခုအခါ သူမှာ အင်မတန် အရေးကြီးပြီး အန္တရာယ် များပြားသော လုပ်ငန်း တစ်ခုကို ရင်ဆိုင်ရန် ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com

# ၁၀

ပါကင် ဆီးယားနှင့် ဝက်ဒလေ ဥပဒေ အကျိုးဆောင် အဖွဲ့ရုံးသည် ခမ်းနား လှပေသည်။ ရောမ ဧည့်ခန်းကြီး၏ အဝင်ဝ ဖြစ်သော ဝက်သစ်ချ တံခါးကြီး ပေါ်တွင် ဦးစီး အကျိုးဆောင်ကြီး ၁၄ ဦး၏ အမည်များကို ရွှေစာလုံးဖြင့် ဖော်ပြထားသည်။ သည့်အောက်တွင်ကား တွဲဖက် အကျိုးဆောင်များ၏ အမည် များကို ရွှေစာလုံးကလေးများဖြင့်ပင် ဖော်ပြထားရာ များပြားလွန်းသဖြင့် မရေတွက်နိုင်လောက်အောင်ပင် ဖြစ်သည်။

ပါကင် ဆီးယားနှင့် ဝက်ဒလေ အဖွဲ့သည် တိုက်ပွဲ တစ်ပွဲကို မည်သည့် အခါတွင်မျှ လူအင်အား မပြည့်စုံဘဲနှင့် မဝင်ရောက်ပါ။ အာမခံကုမ္ပဏီ ကိုယ်စားလှယ် ပေါလ်ကရပ်ထရီးနှင့် ဆေးရုံကြီး ဥပဒေ အကျိုးဆောင်အ ကိုယ်စားလှယ် ဂျိမ်းစပယ်ဒင်တို့သည် ရောက်နှင့်နေကြပြီး ခရစ်တို့ကို စော ဆိုင်းလျက် ရှိကြသည်။

ကရပ်ထရီးသည် အရပ် ထောင်ထောင် မောင်းမောင်း၊ မျက်နှာထား ချိုချို၊ ကိုယ်အမူအရာ ပျူပျူငှာငှာ ရှိပြီး သူတို့ကို တွေ့ရှိသောအခါ အထူးဝ ဝမ်းသာဟန် ဆောင်ချေ၏။ သို့သော် အမှန်တကယ်တွင်မူ သူသည် လော် ကဲ့သို့ပင် သူတို့၏ အမိက သက်သေ၏ အခြေအနေ မည်သို့ ရှိချေမည်နည်း စိုးရိမ် ပူပန်လျက် ရှိသည်။

သူ၏ များပြားလှသော အတွေ့အကြုံအရ သိရှိနေရသည်မှာ အရေး သော အမှုများသည် ရုံးတွင် အမှု မစစ်ဆေးရမီ အကြို မေးမြန်းခြင်း ကာလ





င် အဆုံးအဖြတ် ကျသွားတတ်သည်။ သက်သေများသည် အကြို မေးမြန်း ခြင်းကို ဖြေဆိုကြသောအခါတွင် တရားရုံးတွင် ဖြေဆိုရသည်လောက် ဂရု မထားဘဲ လက်လွတ်စပယ် ဖြေဆိုတတ်ကြလေသည်။

ဆရာဝန် အများအပြားသည် အမှုကာလ မတိုင်မီ အကြို စစ်မေးခြင်း ကာလမှာပင် ဝန်ခံ ဖြောင့်ဆိုခြင်းများ ပြုလုပ်တတ်ကြသဖြင့် တရားရုံးသို့ ရောက်ရှိသောအခါ အကျပ်အတည်း ကြုံကြရတော့သည်။ ထိုအဖြစ်က ဘာနှင့် တူသနည်း ဆိုတော့ စစ်တုရင်ပွဲ တစ်ပွဲတွင် ပထမ သုံးကွက် ရွှေ့အပြီးတွင် အရှုံးပေးလိုက်သည့် သဘောမျိုးပင် ဖြစ်တော့သည်။

ယင်းကြောင့်ပင် ကရပ်ထရီးသည် ခရစ်ကို လိုက်လိုက်လဲလဲ နှုတ်ဆက် သင့်ကစား သူ၏ အမိက တာဝန်မှာ သူ၏ ခုခံကာကွယ်အားကို တွက်ဆရန် ဖြစ်သည်။ သူတို့ ဘက်က အခွင့်အလမ်း မည်မျှ ရှိကြောင်းကို ကုမ္ပဏီသို့ သူ အစီရင်ခံရမည် ဖြစ်သည်။

ဆေးရုံကြီး၏ အကျိုးစီးပွားကို အကာအကွယ် ပြုမည့် ရှေ့နေကြီး ဂျိမ်းစပယ်ဒင်ကား အေးအေးဆေးဆေး ကြည်ကြည်လင်လင်ပင် ဖြစ်သည်။ သူက ခရစ်ကို နှုတ်ဆက်ရာတွင် စကား တစ်ခွန်းပဲ ပြောသည်။

"ဒေါက်တာ"

သူ ပြောပုံက ဘာမျှ မဖြစ်သလိုပင် ဖြစ်သည်။ သည်တစ်ခါတွင် ခရစ်၏ စိတ်ထဲတွင် ထူးဆန်းစွာ ခံစားရသည်။ မိမိနှင့် တစ်ကျိုး တစ်စီးပွား တည်း ဖြစ်ရမည့် ဤရှေ့နေကြီးသည် မိမိနှင့် ဘာမျှ မဆိုင်သလိုဘဲ ဖြစ်နေ သည်။ သို့သော် တစ်ခုတော့ ခရစ် ဂရုပြုမိသည်။ စပယ်ဒင်သည် ဤအမှု တွင် လော်ရာကဲ့သို့ပင် လေ့လာသူ တစ်ဦးသာ ဖြစ်ပေသည်။ မိမိဘက်က ကကယ် လျှောက်လဲ ဆောင်ရွက်ရမည့် သူမှာ ကရပ်ထရီး တစ်ဦးမျှသာ ဖြစ်သည်။ ကျန်သည့် လူနှစ်ဦးက အကြံပေးရုံမျှသာ ပေးနိုင်ကြသည်။

သူတို့ လေးယောက်ကို အစည်းအဝေး ခန်းမဆောင်(ခ)သို့ ခေါ်ဆောင် သွားကြသည်။ ရုံးလုလင်က ခန်းမဆောင် တံခါးကို ဖွင့်လိုက်သောအခါ ခရစ် သည် လူ လေးဆယ်လောက် ကောင်းကောင်း ထိုင်ပြီး စည်းဝေးနိုင်သော အပွဲရှည်ကြီးကို တအံ့တသြပင် တွေ့ရှိရသည်။ ဤခန်းမဆောင်ကြီးသည် ခန်းမဆောင်(ခ)မျှသာ ဖြစ်ခဲ့လျှင် ခန်းမဆောင်(က)သည် ရေးနိုး အနုပညာ ခန်းမဆောင်ကြီးလောက်ပင် ကျယ်ဝန်း ကြီးမားလိမ့်မည်ဟု ခရစ် တွက်ဆ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လေးယောက်သည် ဈေးမ အခန်းကျယ်ကြီး ထဲတွင် လူ ကလေးတွေ ဖြစ်နေကြသည်။ ခဏအတွင်းမှာပင် ခန်းမဆောင်ကြီး အတွင်းသို့ နောက်ထပ် ရှေ့နေ နှစ်ဦး ဝင်ရောက်လာသည်။

တစ်ယောက်က အာသာခရော့ ဖြစ်သည်။ အရပ်မြင့်မြင့်၊ ဆံပင်ဖြူဖြူ အပြုံးလဲ့လဲ့နှင့် ဖြစ်သည်။ သူတို့ အားလုံးကို သူ လက်ဆွဲ နှုတ်ဆက်သည် ခရစ် အလှည့်သို့ ရောက်သောအခါ–

"ဩော် ဟုတ်ကဲ့ ဒေါက်တာ ဂရန့်"

သူ့ ခေါင်းမှ ရပ်ပြီး မှတ်ချက်ပြုသည်။ ထို့နောက် အာသာခရော့က သူတို့ကို ဝီလီယံဟိန်ဖယ်ဒင်နှင့် မိတ်ဆက်ပေးသည်။

ဝီလီယံဟိန်ဖယ်ဒင်၏ လက်ထဲတွင် ဖိုင်တွဲ တစ်ခုနှင့် မေးခွန်းများ ရိုက်ထားသော စက္ကူဝါဝါများ ပါရှိသဖြင့် သူသည် ဦးဆောင် မေးမြန်းမည့် ဖြစ်ကြောင်း သိသာ ထင်ရှားသည်။ သူသည် အရပ် မနိမ့် မမြင့် ရင်အုံ ကျယ်ကျယ်နှင့် ဖြစ်သည်။ သူ၏ ပုံပန်းသဏ္ဌာန်က တစ်ချိန်က သူသည် မစ်ဝက်စတန် တက္ကသိုလ်တွင် လက်ရွေးစင် ဘောလုံးသမား တစ်ယောက် ဖြစ်ခဲ့ကြောင်း ဖော်ပြလျက် ရှိသည်။

လက်ရေးတို လက်နှိပ်စက် စာရေးမကလေး ရောက်ရှိလာမည်ကို သူ ခေတ္တ ခဏမျှသာ စောင့်ဆိုင်းကြရသည်။ စာရေးမကလေး လက်နှိပ်စက် ရှေ့တွင် ထိုင်မိသောအခါ ခရော့က–

"ဒီနေ့ ခေတ်ကြီးမှာ ဆရာဝန် တစ်ယောက်ကို အိမ်ကို ခေါ်ရတာထက် ရုံးကို ခေါ်ရတာက အများကြီး မလွယ်ပါကလား"

အမှန်တော့ သူက ခရစ် အနည်းငယ် နောက်ကျနေသည်ကို နောက် လိုက်ခြင်း ဖြစ်သည်။ သို့သော် ခရစ်က သူ နောက်သည်ကို လက်မခံ ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"လွန်ခဲ့တဲ့ လေးဆယ့်ငါးမိနစ် အထိ ခွဲစိတ်ခန်း ထဲက ကျွန်တော် မထွက်နိုင်ဘူး"

ခရော့၏ စကားကို သူ ပြန်မပြောသင့်ဟု လော်ရာ ယူဆသည် ယခုတော့ သူ ဘယ်လောက် စိတ်ဆတ်သည်ကို ဟိန်ဖယ်ဒင် သိရှိသွားချေပြီ

ခရစ် ကိုယ်တိုင်လည်း လော်ရာ တားမြစ် သတိပေးထားသည့် အချက် တစ်ခုကို ကျူးလွန်မိပြီ ဖြစ်ကြောင်း သတိပြုလိုက်မိသည်။ သူ့ကို သူ





မေးခွန်းများ မေးမြန်းကြသော အချိန်တွင် ကိုယ့်ကိုယ်ကိုယ် တောင်းစွာ ထိန်းထားရမည်ဟု သူ ဆုံးဖြတ် သတိပေးလိုက်သည်။

သူတို့သည် တိုက်ပွဲဝင်မည့် အဖွဲ့ နှစ်ဖွဲ့ပမာ စားပွဲတွင် နေရာယူလိုက် ကြသည်။ လော်ရာ၊ ခရစ်၊ ကရပ်ထရီးနှင့် စပယ်ဒင်တို့က စားပွဲ တစ်ဖက်တွင် ဖြစ်သည်။ ခရော့နှင့် ဟိန်ဖယ်ဒင်တို့က သူတို့နှင့် မျက်နှာချင်းဆိုင် ရှေ့တည့် တည့်တွင် ဖြစ်သည်။ လက်နှိပ်စက် စာရေးမက စားပွဲ ထိပ်တွင် ဖြစ်သည်၊ ကြားလူ တစ်ယောက်ပမာ ဖြစ်သည်။

ခရော့က လက်နှိပ်စက် စာရေးမကို လက်ရိပ်ပြလိုက်သည်။ သူမက ကျမ်းသစ္စာ တိုင်ပေးသည်။ ပြီးလျှင် ခရော့က ကုလားထိုင်တွင် ကျောမှီလိုက် သည်။ ထိုအခါ ဟိန်ဖယ်ဒင်က ဆက်လက် တာဝန် ထမ်းဆောင်သည်။ ခရော့က လေ့လာသူ တစ်ဦး အဖြစ်နှင့်သာ နေသည်။ သူသည်လည်း ကရပ် ထရီး နည်းတူပင် အမှု၏ အတိမ်အနက်ကို ချိန်ဆရန် ဤနေရာသို့ ရောက်ရှိ လာခြင်းပင် ဖြစ်သည်။

လော်ရာသည် ခရစ် ဘေးတွင် ထိုင်ရင်း ခရစ် တစ်ယောက် သူ့ စိတ်ကို သူ ထိန်းနိုင်ပါစေဟု ဆုတောင်းလျက် ရှိသည်။

ဟိန်ဖယ်ဒင်၏ ပထမပိုင်း မေးခွန်းများသည် မေးရိုး မေးစဉ်များသာ ဖြစ်ကြသည်။ ဘာမျှ အန္တရာယ် မရှိချေ။ ခရစ်၏ နာမည် အပြည့်အစုံ၊ နေရပ်လိပ်စာ၊ သူ နေခဲ့သော ကျောင်းများနှင့် ဆေးပညာ သင်ကြားမှု မေးခွန်း များကို မေးရင်း မေးရင်းဖြင့် ခရစ်၏ ငယ်ဘဝ ပေါ်လွင်လာသည်။ သူသည် အထက်တန်းကျောင်းတွင် တက်ရောက် သင်ကြားစဉ်အတွင်း အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ရသည်။ ဘော့စ်ဘောကွင်းတွင် ဟော့ဒေါ့မုန့် ရောင်းသည့် အလုပ်မှ အိမ်များ လည်ပို့သည့် အလုပ်အထိ လုပ်ကိုင်ခဲ့ဖူးသည်။ ကောလိပ်သို့ ရောက် သော အခါတွင်လည်း သူသည် အလုပ် လုပ်ရင်းပင် ကျောင်းတက်ခဲ့ရ သည်။ သို့သော် ကောလိပ် ရောက်မှ လုပ်သော အလုပ်များသည် စိတ်ဝင် စားစရာ ကောင်းပြီး ဝင်ငွေလည်း ပိုကောင်းလေသည်။ သူ ရရှိသော ငွေသည် သူ့ အတွက် ကျောင်းလခနှင့် စာအုပ်ဖိုးများ လုံလောက်သည့် အပြင် သူ့ ကောင် ကွယ်လွန်သောအခါ ကောင်းမွန်စွာပင် သင်္ဂြိုဟ်နိုင်ခဲ့သည်။

ဆေးတက္ကသိုလ်သို့ ရောက်ရှိသောအခါတွင်ကား ပို၍ပင် ချောမွေ့ ကောင်းမြူးခြင်း ရှိတော့သည်။ တက္ကသိုလ် နှစ်ခုသို့ သွားရောက်ရန် ပညာသင်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ကြေး ရရှိသည်။ သူက အိမ်နှင့် အနီးဆုံး ဖြစ်သော တက္ကသိုလ်ကို ရွေးချယ်လိုက်သည်။ အကြောင်းမှာ သူ့ ဖခင် မရှိတော့သည့် နောက်တွင် သူ့ မိခင်သည်လည်း ကြာကြာနေရတော့မည် မဟုတ်ကြောင်းကို သူ သိရှိသောကြောင့် ဖြစ်သည်။ သူ့ မိခင်သည် သူနှင့် သူ့ ဖခင်တို့ကို ပြုစု စောင့်ရှောက်ရန် အသက်ရှင်နေခြင်းသာ ဖြစ်ကြောင်း ခရစ် ကောင်းစွာ သိရှိသည်။ သူ့ ဖခင် ကွယ်လွန်သွားပြီး သူလည်း ကိုယ့်ခြေထောက် ပေါ်တွင် ကိုယ် ရပ်နိုင် ဖြစ်သောအခါတွင် မိခင်သည် ဤလောကကြီးတွင် ဆက်လက် နေထိုင်ရန် မလိုတော့ပါချေ။ မိခင် ကွယ်လွန်သည်။ ဆေးပညာ သဘောအရမှ နှလုံးပ သွေးလှည့်နည်းခြင်းကြောင့် ကွယ်လွန်ခြင်း ဖြစ်သည်။ သို့သော် အမှန်တကယ် တွင်မူ သူမ အနေနှင့် အသက်ရှင်ပြီး မနေလိုတော့၍ ကွယ်လွန်သွားခြင်းသာ ဖြစ်သည်။

ပထမပိုင်း မေးမြန်းချက်များတွင် ဟိန်ဖယ်ဒင်သည် ခရစ်၏ နောက်ကြောင်း ရာဇဝင်ကို ပေါ်လွင်အောင် ဖော်ဆောင်လျက် ရှိသည်။ သူ၏ မေးမြန်းချက်များကို လော်ရာ အနေနှင့်ရော စပယ်ဒင် အနေနှင့်ရော ဘာမျှ ကန့်ကွက်စရာ မတွေ့ရှိကြပါချေ။ ထို့နောက် ဟိန်ဖယ်ဒင်၏ မေးခွန်းများသည် ဘာမျှ အလေးအနက် မရှိဘဲ တောင်စဉ် ရေမရများသာ ဖြစ်လာသည်။ သည်အခါတွင် လော်ရာ စိတ်ပူလာရတော့သည်။ ဟိန်ဖယ်ဒင်သည် မကျွမ်းကျင်သော ရှေ့နေ တစ်ဦး မဟုတ်ပါ။ သူ ယခုလို အေးအေးဆေးဆေး လုပ်နေခြင်းသည် အကြောင်း တစ်ခု ရှိတန်ရာသည်။

နောက်ဆုံးတွင် သူ၏ မေးခွန်းများသည် ခရစ်၏ သုတေသန လုပ်ငန်း နှင့် သုတေသန စာတမ်းများသို့ ရောက်ရှိလာသည်။ ခရစ် အနေနှင့် ဦးနှောက် ချွတ်ယွင်းသော ကလေးများကို အထူးတလည် စိတ်ဝင်စားပါသလား ဦးနှောက် ချွတ်ယွင်းသော ကလေးများ အားလုံးကိုလား သို့မဟုတ် အထူး စိတ်ဝင်စားသော အုပ်စုများ ရှိသလား။

"အာဟာရဓာတ် ချို့တဲ့တဲ့ ကလေးတွေမှာ ဦးနှောက် ချွတ်ယွင်းရတဲ့ အကြောင်းကို ဒေါက်တာ ဘယ်အချိန်က စပြီး စိတ်ဝင်စားခဲ့သလဲ တစ်ဆင့် သိပါရစေ"

"အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော် မသိဘူး"

"ဒေါက်တာရဲ့ နောက်ကြောင်း ရာဇဝင်ကြောင့်များ ဖြစ်မလား ကျွန်တော် ဆိုလိုတာက ဒေါက်တာဟာ မရှိဆင်းရဲတဲ့ လောကက လာခဲ့သူ တစ်ယောက် ဖြစ်လို့ ဒီကလေးတွေ အပေါ်မှာ အထူး သံယောဇဉ် ငြိတွယ်ပြီး စိတ်ဝင်စား နေတာလား"





"ကျွန်တော် မပြောတတ်ဘူး"

သည်အချိန်တွင် လော်ရာသည် ကိုယ်ကို အနည်းငယ် ကိုင်းညွတ်လိုက်ပြီး ပေါလ်ကရုပ်ထရီးကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ထိုအခါ ကရုပ်ထရီး သည်ချောင်း ရှင်းလိုက်ပြီး တည်ငြိမ်ပြတ်သားစွာဖြင့် ပြောလိုက်သည်။

"အလွတ်သဘော ပြောပါရစေ"

ဟိန်ဖယ်ဒင်က ဘာမျှ နားမလည်ဟန်ဖြင့် သူ့ကို လှမ်းကြည့်ပြီး–

"ဘာဖြစ်လို့လဲ"

"အခု မေးနေတာတွေ အားလုံးဟာ ဘာမှ ဆက်စပ်မှု မရှိဘူး၊ အချိန် ဖြုန်းနေတဲ့ သဘောပဲ၊ ဘာမှ ရည်ရွယ်ချက် မရှိဘူး၊ ဒေါက်တာ ဂရန့်ရဲ့ သုတေသန စာတမ်းတွေဟာ ဒီအမှုနဲ့ ဘာမှ ပတ်သက်တယ်လို့ ကျွန်တော်တော့ မထင်ဘူး၊ ဒီလိုမျိုး မေးတာတွေကို ကျွန်တော် ကန့်ကွက်ပါတယ်"

"ဆပ်စပ်မှု ရှိတဲ့ မေးခွန်းတွေကိုကော မမေးရဘူးလား"

ဟိန်ဖယ်ဒင်က ပြန်မေးသည်။

"လူကြီးမင်းမှာ ဆက်စပ်မှု ရှိတဲ့ မေးခွန်းတွေ ရှိတယ် ဆိုရင်တော့ မေးပါ"

ဟိန်ဖယ်ဒင် ပြုံးလိုက်သည်။ ထို့နောက် ခရစ် ဘက်သို့ လှည့်ပြီး မေးသည်။

"ဒေါက်တာ ခင်ဗျာ၊ ဒီအမှုမှာ အကျုံးဝင်နေတဲ့ ကုသမှုဟာ ဆရာဝန်ရဲ့ ဆုံးဖြတ်ချက်ပဲလား"

"ကုသမှု အားလုံးဟာ ဆရာဝန်ရဲ့ ဆုံးဖြတ်မှုပဲ ဖြစ်ပါတယ်၊ ဆရာဝန် တစ်ယောက်က လူနာရဲ့ အခြေအနေကို တွက်ချက် ဆုံးဖြတ်ရမယ်၊ ပြီးရင် သင့်လျော်ဆုံး ကုသမှုကို ပေးရမယ်"

ခရစ်က ပြောသည်။

သူ့ ဘေးတွင် ရှိသော လော်ရာ၏ လှုပ်ရှားမှုကြောင့် သူ၏ ဖြေကြားမှု သည် လိုအပ်သည်ထက် ပိုသွားကြောင်း ခရစ် သိရှိရသည်။

သည်အတွက် သူသည် ချက်ချင်းပင် နောင်တ ရရှိသည်။ အကြောင်းမှာ ဟိန်ဖယ်ဒင်က သူ့ စကားကို နင်းပြီး မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆရာဝန် တစ်ယောက်ရဲ့ ဆုံးဖြတ်မှုဟာ ကောက်ချက် တစ်ရပ် မဟုတ်လား၊ ကျွန်တော် ဆိုလိုတဲ့ သဘောက ဆရာဝန် နှစ်ယောက်ဟာ ရောဂါ တစ်ခုတည်း အပေါ်မှာ ကုသမှု နှစ်မျိုး ကွဲနိုင်တယ် မဟုတ်လား”

“ဟုတ်ပါတယ်”

ခရစ်သည် လိုရင်းကို အပိုမပါဘဲ ပြောလိုက်သည်။

“အဲဒါ ဘာဖြစ်လို့လဲ ဒေါက်တာ”

“ဘာဖြစ်လို့လဲ ဟုတ်လား”

“ဟုတ်တယ်၊ ရောဂါ တစ်ခုတည်းကို ကုသတဲ့ နေရာမှာ ဆရာဝ နှစ်ယောက်ဟာ ဘာဖြစ်လို့ ကုသမှု နှစ်မျိုး ဖြစ်နေရတာလဲ”

“ဒါကတော့ အကြောင်းတွေ အများကြီး ရှိနိုင်ပါတယ်”

“ဥပမာ ပြောစမ်းပါ”

“ဥပမာ အတွေ့အကြုံချင်း မတူကြလို့ ဖြစ်နိုင်တယ်၊ ဆရာဝ တစ်ယောက်ဟာ ကုထုံး တစ်ခု ဆေးဝါး တစ်ခုနဲ့ အလေ့အကျင့် ရှိခဲ့ပြီး အဲ ကုထုံးနဲ့ အဲဒီဆေးဝါး အပေါ် ယုံကြည်မှု ရှိနေတတ်တယ်၊ နောက် ဆရာဝ တစ်ယောက်ကတော့ အတွေ့အကြုံ တစ်မျိုး ရှိပြီး တခြား ဆေးဝါး ကုသမှု တခြား ကုထုံး တစ်ခုကို သဘောကျလိမ့်မယ်”

“ဆရာဝန် တစ်ယောက်ရဲ့ ပုဂ္ဂလိက အတွေ့အကြုံ အပေါ်မှာ မူတည် တယ်ပေါ့”

“အဲဒီလို ပြောနိုင်ပါတယ်”

“ပြောနိုင်ပါတယ် မဟုတ်ဘူး၊ မေးခွန်းက ဒေါက်တာ အဲဒီလို ပြေ သလားလို့ မေးတာပဲ”

“ပြောပါတယ်”

ခရစ် ဝန်ခံသည်။

“ဆရာဝန်ရဲ့ အတွေ့အကြုံလို့ ဆိုတဲ့ နေရာမှာ သူ့ရဲ့ ဆေးပည အတွေ့အကြုံ တစ်ခုတည်းကို ပြောတာလား”

“ဟုတ်ပါတယ်၊ ဆရာဝန် တစ်ယောက်ကို တခြား ဘာ အတွေ့အကြ တွေက လွှမ်းမိုးနိုင်လို့လဲ”

ခရစ်က ပြန်မေးလိုက်သည်။

ဟိန်ဖယ်ဒင် ကိုယ်ကို ရှေ့သို့ အနည်းငယ် ကုန်းညွတ်လိုက်ပြီး–





“အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ မေးခွန်း တစ်ခုပဲ၊ ဆရာဝန် စ်ယောက်ရဲ့ ဆုံးဖြတ်မှုကို တခြား ဘာအတွေ့အကြုံက လွှမ်းမိုးနိုင်သေး ဲ”

လော်ရာက ကရပ်ထရီးကို ကြည့်လိုက်သည်။

ကရပ်ထရီးက–

“အခု ဥစ္စာက အမှု မစစ်ဆေးခင် ကြိုတင် မေးမြန်း နေတာလား၊ မှုဟုတ် ဆေးကုသမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးနေတာလား၊ လူကြီးမင်းမှာ ရာရှိရင် မေးပါ၊ မရှိဘူး ဆိုရင် ကနေ့အတွက် တော်ကြစို့၊ လူကြီးမင်းကို န်တော် တစ်ခါတည်း သတိပေးလိုက်ပါရစေ၊ လူကြီးမင်းတို့ လက်ဖျောက် လိုက်တိုင်း ကျွန်တော်တို့ ဘက်က ဆရာဝန်ကို ထုတ်မပေးနိုင်ဘူး၊ နောက် တော့ အခု မေးသွားတဲ့ မေးခွန်းတွေကို ထောက်ချင့်ပြီးရင် ဘယ်တရားသူ ကမှ လူကြီးမင်းတို့ကို နောက်ထပ် မေးမြန်းခွင့် ပြုတော့မှာ မဟုတ်ပါဘူး”

“ကျုပ်တို့ ဘက်က ကနေ့အတွက် လုပ်ငန်းကိစ္စ မပြီးသေးပါဘူး”

ဖယ်ဒင် တုံ့ပြန်လိုက်သည်။ ထို့နောက် ခရစ် ဘက်သို့ လှည့်လျက် “ဒေါက် ဂရန့် ခင်ဗျား၊ ဆင်ပဆန် ရင်သွေးကလေးကို အလင်းကုထုံးနည်းနဲ့ က်တာ ကုသတဲ့ အချိန်မှာ သူ့ကို တခြားနည်းနဲ့ကော ကုသနိုင်ပါသေး လား”

“ကုသနိုင်ပါတယ်”

“ဘယ်လို နည်းများပါလဲ”

ဟိန်ဖယ်ဒင်က သူ ဘာမှ မသိသည့် ပုံစံမျိုးဖြင့် မေးလိုက်သည်။

“သွေးဖလှယ်တဲ့ နည်းနဲ့ ကုသနိုင်ပါတယ်”

“ဒါပေမဲ့ အဲဒီနည်းကို ဒေါက်တာ မသုံးခဲ့ဘူး မဟုတ်လား”

“မသုံးပါဘူး”

“ဘာဖြစ်လို့လဲ”

“ကျွန်တော့် သဘောအရ ဆိုရင်တော့ ဖြစ်နေတဲ့ အခြေအနေက ားဖို့ အခွင့်အလမ်း မပေးဘူး”

“ဘယ်လို စွန့်စားရမှာလဲ”

“ဥပမာ တစ်ခု ပြောရရင် ရောဂါ ကူးစက်မှုပေါ့”

“နောက်ကော”



www.burmeseclassic.com

www.burmeseclassic.com



"ဒီကုထုံးက အချိန် သုံးရတယ်၊ ကျွန်တော့် သဘောအရ ဆိုရင် ခ
ခာတ်ခွဲခန်းက အစီရင်ခံစာ မလာမချင်း ကလေးကို အလင်းကုထုံးနည်း
ကုတာဟာ အကောင်းဆုံးပဲ"

"ဪ... အဲဒီအချိန်မှာ ခာတ်ခွဲခန်း အစီရင်ခံစာတွေလည်း တော
ထားသလား"

ဟိန်ဖယ်ဒင် အင်မတန် အံ့သြဟန်မျိုး ဟန်ဆောင်ကာ မေးလိုက်သ

"အထူးကုသဆောင်ကို ကလေးငယ် တစ်ယောက် အသားဝါ ရော
ဖြစ်ပြီး ရောက်လာလို့ ရှိရင် ပထမဆုံး ကျွန်တော်တို့ လုပ်ရတဲ့ အလုပ်
အကြောင်းရင်းကို ရှာဖွေဖို့ပဲ၊ ကျွန်တော် သွေးနမူနာ ယူပြီး ခာတ်ခွဲခန်
ပို့လိုက်တယ်၊ အခုလို အသားဝါတာဟာ မန်းတက်လို့လား၊ ဒါမှမဟုတ် အ
အို မတည့်လို့လား၊ ဒါဆိုရင် အာရ်အိပ်ချ် ပြဿနာကြောင့်ပဲ"

ခရစ် ရှင်းပြသည်။

"ဒီအချိန်မှာ ဒေါက်တာက ကလေးလေးကို ပလတ်စတစ် သေ
ထဲမှာ ထည့်ပြီး သူ့ အပေါ်မှာ မီးချောင်းတွေပဲ ဖွင့်ပေးထားတယ်လား"

ဟိန်ဖယ်ဒင်က မေးလိုက်သည်။

ခရစ်၏ ကုသမှုကို သိမ်ငယ်သွားစေသည့် မေးခွန်းပင် ဖြစ်သ
ဤမေးခွန်းသည် ဆေးပညာကို ဘာမျှ နားမလည်သော ဂျူရီလူကြီး
ယောက် အပေါ် အများကြီး လွှမ်းမိုးနိုင်ကြောင်း လော်ရာ ရိပ်စားမိသည်

"ဒီလိုတော့ မဟုတ်ဘူး၊ ကျွန်တော သူ့ကို သွေးကြောသွင်းဖို့
တပ်ပေးထားတယ်၊ ဒီသဘောက သူ့ ကိုယ်ထဲကို အားဆေး သွင်းပေးတ
နောက်ပြီးတော့ ပဋိဇီဝဆေးရည် သွင်းပေးတယ်၊ တကယ်လို့ ကလေး
မန်းတက်တာ ဆိုရင် ချက်ချင်း ပျောက်သွားအောင်ပဲ"

"ကျွန်တော် သဘောပေါက်ပြီ" ဟိန်ဖယ်ဒင် ကျေနပ်သွား
ရှိသည်။ "တစ်ချိန်တည်းမှာပင် ဒေါက်တာက ကလေးကို မီးချောင်းရောင်
အောက်မှာ ထားပေးတယ်"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ ဒေါက်တာက ကလေးကို သွေးဖလှယ်ခြင်းတော့ လုပ်မ
ဘူး"

"မပေးပါဘူး"





"ဘာဖြစ်လို့လဲ"

"အဲဒါကို ကျွန်တော် ရှင်းပြပြီးပြီပဲ" ခရစ် စိတ်မရှည်ဟန်ဖြင့်
ပြောလိုက်သည်။ "ကျွန်တော့် သဘောအရ ဆိုရင် အလင်းကုထုံးနည်းဟာ
အကောင်းဆုံးနဲ့ အန္တရာယ် အကင်းဆုံး ကုသမှုပဲ"

"ကလေး အခုလို ဖြစ်သွားတဲ့ အချိန်အထိ ဒေါက်တာ ဒီလိုပဲ ပြော
သလား"

"ပြောပါတယ်"

"တခြား ဆရာဝန်တွေက တစ်မျိုးနည်းနဲ့ ကုနိုင်တယ် ဆိုတဲ့ အထိ
မ"

"အဲဒီအချိန်က ကျွန်တော်ဟာ တာဝန်ခံ ဆရာဝန်ပါ၊ အဲဒီကလေးဟာ
ကျွန်တော့်ရဲ့ လူနာပါ၊ အလင်းကုထုံးနည်းဟာ လိုအပ်တဲ့ ကုသမှုလို့ ကျွန်တော်
ဆုံးဖြတ်ခဲ့ပါတယ်၊ အဲဒီလို ကျွန်တော် ဆုံးဖြတ်ခဲ့တာဟာလည်း မှန်ပါတယ်"

"ဟုတ်လား"

"ဗီလီရူဗင် တက်နေတာ ကျသွားတယ်၊ အများကြီး ကျသွားတာတော့
မဟုတ်ဘူး၊ ဒါပေမဲ့ ကျသွားတာတော့ အမှန်ပဲ၊ အလင်းကုထုံးနည်းက တက်
နေတာကို ပြောင်းပြန်လှန် ပစ်လိုက်နိုင်တယ်"

"ဒီသဘောက ဒေါက်တာရဲ့ ဆုံးဖြတ်ချက် မှန်တယ် ဆိုတာကို ပြတာ
ပေါ့၊ ဟုတ်လား"

ဟိန်ဖယ်ဒင်က မေးသည်။

"ဗီလီရူဗင် တက်နေတာဟာ ပြဿနာပဲ၊ သူ့ကို စိုးရိမ်ဆင့် အောက်ကို
ရောက်အောင် ချနိုင်လို့ ရှိရင် ကုသမှုဟာ အောင်မြင်တာပဲ"

"ဒါပေမဲ့ သူ့ကို ပြန်ချတဲ့ နေရာမှာ တခြား ရောဂါတွေ ဝင်လာမယ်
ဆိုရင်... ဥပမာ ဦးနှောက် ချွတ်ယွင်း သွားမယ် ဆိုရင် ဒီကုသမှုဟာ
အောင်မြင်တယ်လို့ ဒေါက်တာ ပြောနိုင်ပါဦးမလား"

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

ကရပ်ထရီးက လျင်မြန်စွာ ပြောလိုက်သည်။

ဟိန်ဖယ်ဒင် ခေါင်းညိတ် လိုက်သည်။ သူ မှားကြောင်း ဝန်ခံခြင်း
မဟုတ်ပါ။ ကရပ်ထရီး၏ ကန့်ကွက်ချက်ကို ယာယီ လက်ခံ လိုက်ခြင်းသာ
ဖြစ်သည်။ သူက စကားကြောင်းကို လွှဲလိုက်ပြီး တခြား မေးခွန်း တစ်ခု
မေးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန် တစ်ယောက် အနေနဲ့ သင့်လျော်တဲ့ ကုသမှု တစ်ခု ဆုံးဖြတ်တာဟာ ကိုယ်ရေးကိုယ်တာ ပြဿနာ တစ်ခုပဲလို့ ဒေါက်တာ ပြော တယ်နော်"

"ကိုယ်ရေးကိုယ်တာလို့ ကျွန်တော် မပြောခဲ့ပါဘူး၊ အဲဒီ အသုံးအ ဟာ ရှေ့နေကြီး စကားလုံးပဲ ဖြစ်ပါတယ်"

ခရစ်က ထောက်ပြလိုက်သည်။

"ဒီလိုဆိုရင် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုဟာ ပုဂ္ဂိုလ် ဆိုင်ရာ အတွေ့အကြုံ ပေါ်မှာတော့ အခြေပြုပြီး ဖြစ်ပေါ်ရတာပေါ့၊ ဟုတ်လ

"လုပ်ငန်းဆိုင်ရာ အတွေ့အကြုံပါ"

ခရစ်က အမှန်ကို ပြင်ပေးလိုက်သည်။

"ဒါပေမဲ့ ဆရာဝန် တစ်ယောက်ရဲ့ ပုဂ္ဂိုလ်ရေးရာပဲ မဟုတ်လ အဲဒီအတွက် အခြေအနေ တစ်ခုတည်းမှာပဲ ဆရာဝန် ကွဲပြားတဲ့ အတွ ကုသမှုလည်း ကွဲပြားကြရတယ် မဟုတ်လား"

ခရစ် ခေါင်းညိတ်လိုက်သည်။

"ဒေါက်တာ့ ဆီက အဖြေကို ကျွန်တော်တို့ လိုချင်ပါတယ်"

"ဟုတ်ပါတယ်"

"အဲဒါဆိုရင် ကျွန်တော်တို့ဟာ ပုဂ္ဂိုလ်ရေးရာလို့ပဲ သုံးသုံး လုပ် ဆိုင်ရာလို့ပဲ သုံးသုံး ဒီကိစ္စဟာ ဆရာဝန် တစ်ယောက်ရဲ့ ကိုယ်ပိုင် ဆုံး ချက်ပဲ၊ ဒီလို ဆုံးဖြတ်ချက်မျိုး တစ်ခုရအောင် သူ့ကို ဘယ်လို အကြောင်း တွေက စေ့ဆော်သလဲ"

"ကန့်ကွက်ပါတယ်"

ကရပ်ထရီး ကျယ်လောင်စွာ အော်လိုက်သည်။

"ဒီမေးခွန်းဟာ အမှုကိစ္စနဲ့ အလွန် ပတ်သက်တယ်လို့ ကျွန်တော် ယူဆပါတယ်၊ အဲဒီအတွက် ကျွန်တော်တို့ဟာ ဒီကနေ ရှေ့ဆက် မသွား ဒီမေးခွန်းနဲ့ ပတ်သက်ပြီး တရားသူကြီး ဆီက အဆုံးအဖြတ် ရယူဖို့ ရည် ပါတယ်"

ဟိန်ဖယ်ဒင်သည် ယဉ်ကျေးဖွယ်ရာ ဟန်ဆောင်ထားမှုများ အ ကို မျက်နှာဖုံး ခွာချလိုက်သည်။

ကရပ်ထရီး မတ်တတ် ထရပ်လိုက်ပြီး-





"ကျွန်တော်တို့ဟာ ပုဂ္ဂိုလ်ရေးရာ ခံစားမှုတွေနဲ့ လုံးဝ မသက်ဆိုင်ပါ ဘူး၊ ဒီနေရာမှာ မေးရမယ့် မေးခွန်းက တရားခံဟာ လူအများ လက်ခံထားတဲ့ ကုထုံးနည်းကို အသုံးပြုသလား၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု ရှိသလား မရှိသလား ဆိုတာပဲ၊ ဒါက လွဲရင် အခြား မေးခွန်းတွေ အားလုံးဟာ အမှုနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ကောင်းပြီလေ၊ လောလောဆယ်မှာ အဲဒီကိစ္စကို ကျွန်တော်တို့ ဒီအတိုင်းပဲ လက်ခံထားကြတာပေါ့" ဟိန်ဖယ်ဒင် နောက်ဆုံးတွင် သဘောတူ လိုက်သည်။

"ကျွန်တော်တို့ အခြား အကြောင်းအရာ တစ်ခုကို ဆက်ကြမလား"

"အမှုနဲ့ ပိုပြီး သက်ဆိုင်သလား"

"သက်ဆိုင်ပါတယ်"

သူ့ လေသံတွင် ခြိမ်းခြောက်သံ ပါနေသည်။

"ဒေါက်တာ ခင်ဗျာ၊ အခု ကျွန်တော်တို့ ပြောနေတဲ့ အလင်းကုထုံး နည်းဟာ အသုံးပြုတဲ့ နေရာမှာ အန္တရာယ် မကင်းဘူး မဟုတ်လား"

ခရစ်က လော်ရာကို ကြည့်လိုက်သည်။ အမျိုးသမီးက ဖြေရန် အမူအရာ ပြသည်။

"သဘောတရားအရ ပြောရရင် ဘယ် ကုထုံး ကုနည်းမဆို အန္တရာယ် လုံးဝ ကင်းတယ်လို့ မရှိပါဘူး၊ ဒါပေမဲ့ အဲဒီ အန္တရာယ်ဟာ မပြောပလောက်တဲ့ အတွက် လက်တွေ့သဘောမှာ မရှိဘူးလို့ပဲ ပြောနိုင်ပါတယ်"

"အလင်းကုထုံးနည်းဟာ ကလေးငယ်ရဲ့ ဦးခေါင်း ဖွံ့ဖြိုးမှုကို ဟန့်တား နိုင်တယ် ဆိုတာ ဖြစ်နိုင်ပါသလား"

ဟိန်ဖယ်ဒင်က ရုတ်တရက် မေးလိုက်သည်။

"အလျင်တုန်းက ဆေးပညာ စာတမ်းတွေမှာ ဒီအတိုင်းပဲ ဆိုခဲ့ပါတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ အဲဒီ အချက်ကို လက်မခံကြပါဘူး"

"ဒါပေမဲ့ အဲဒီလို ဖြစ်ခဲ့ရတာတွေ ရှိတယ်လို့ မှတ်တမ်းတွေ ရှိခဲ့တယ် မဟုတ်လား"

ဟိန်ဖယ်ဒင်က ထပ်ဆင့်ကာ မေးသည်။

"ရှိပါတယ်" ခရစ် ဝန်ခံသည်။ "ဒါပေမဲ့ အဲဒီ မှတ်တမ်းတွေကို အခု လက်မခံကြတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ဒေါက်တာက ဂျွန်ရေးနိုးကို ဒီအကြောင်း ပြောမပြ တာလား"

"ကျွန်တော် သူ့ကို ဒီအကြောင်း ပြောပြပါတယ်"

"သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်တော်တို့ နှစ်ယောက် ကျွန်တော့် ရုံးခန်းကို သွားကြတယ်၊ အဲဒီမှာ ကျွန်တော် သူ့ကို အလင်းကုထုံးနည်း အကြောင်း အပြည့်အစုံ ရှင်းပြတယ်"

"အန္တရာယ် ရှိနိုင်တယ် ဆိုတဲ့ အကြောင်းကော ပါသလား"

"ဦးခေါင်း ဖွံ့ဖြိုးမှုနဲ့ ပတ်သက်တဲ့ အကြောင်း ကျွန်တော် သူ့ကို ပြောမပြပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီအကြောင်းဟာ တရားမဝင်တော့ လို့ပါပဲ"

"ဒါပေမဲ့ ဒေါက်တာက သူ့ကို တခြား အကြောင်းတွေ အကုန်လုံးတော့ ပြောပြတယ် မဟုတ်လား"

"အချက်ကျတဲ့ အကြောင်းအရာတွေ အားလုံး ပြောပြပါတယ်၊ ကျွန်တော့် အနေနဲ့ သူ့ စိတ်ကိုလည်း သက်သာရာ ရစေချင်ပါတယ်၊ သူ သိပ်ပြီး ပူပန်သောက ရောက်နေပါတယ်၊ အဲဒီလို ဖြစ်ရတာလည်း သဘာဝ ကျပါတယ်၊ ဒီကလေးဟာ သူ့ အတွက် တစ်ဦးတည်းသော အမွေစား အမွေ ခံပဲ"

"ဒီအကြောင်းကို သူ ပြောသလား"

"တခြား အကြောင်းကို သူ ဘာမှ မပြောပါဘူး"

"အဲဒီတော့ ကလေးရဲ့ ရောဂါနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ အားလုံး ဒေါက်တာ သူ့ကို ပြောပြသလား"

"အဲဒီအချိန်က ကျွန်တော် သိထားသမျှ အချက်အလက်တွေ အားလုံး ပေါ့"

"ဒေါက်တာ ခင်ဗျာ၊ အဲဒီအချိန်က ကျွန်တော် သိထားသမျှ အချက် အလက် အားလုံး ဆိုတာ ဘာကို ဆိုလိုတာလဲ"

"ဓာတ်ခွဲခန်းကို သွေးစစ်ဖို့ သွေးနမူနာ ကျွန်တော် ပို့ထားတယ်၊ အဲဒီ အချိန်တုန်းက ကလေးမှာ မန်းတက်ခြင်း ရှိမရှိ ကျွန်တော် မသိဘူး၊ အတိအကျ ပြောရရင် ကလေးမှာ ဗီလီရူဗင် ဘယ်လောက် ရှိတယ် ဆိုတာလည်း





မသိဘူး၊ ကလေးရဲ့ ပဋိပစ္စည်း စစ်ဆေးမှု မှန်မမှန်လည်း မသိရဘူး၊ ပက် တဆိုက် ဆေးရုံက အစီရင်ခံစာတွေကို ကျွန်တော် မယုံဘူး၊ စစ်ဆေးစရာတွေ ရှိတာ အားလုံးကို ကျွန်တော်တို့ ဆေးရုံ ဓာတ်ခွဲခန်းကပဲ စစ်ဆေးချင်တယ်"

"အဲဒီလို ဆိုရင် ဒေါက်တာဟာ ဓာတ်ခွဲခန်းက အစီရင်ခံစာတွေကို စောင့်နေချိန်မှာ ဂျွန်ရေးနိုးနဲ့ စကား ပြောတာပေါ့"

"ဟုတ်ပါတယ်၊ ကလေးကို လတ်တလော လုပ်ပေးရမယ့် လုပ်ငန်းတွေ ဖြစ်တဲ့ ပဋိဇီဝဆေးထိုးပေးတဲ့ အလုပ်၊ အားဆေးသွင်းပေးတဲ့ အလုပ်၊ အလင်း ရောင်ပေးတဲ့ အလုပ်တွေ လုပ်ထားပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်ဟာ မစ္စတာ ရေးနိုးနဲ့ ကြာကြာကလေး စကားပြောချိန် ရပါတယ်"

"အား၊ ဟုတ်ပြီ"

ဟိန်ဖယ်ဒင် ထွက်ဆိုလိုက်သည်။

ခရစ်၊ လော်ရာ၊ ကရုပ်ထရီးနှင့် စပယ်ဒင်တို့ လေးယောက်စလုံးပင် စိတ်အာရုံ တင်းကျပ်လျက် ရှိကြသည်။

"စောစောက ဒေါက်တာ ပြောတဲ့ အလုပ်တွေကို မလုပ်ခင်တုန်းက ဒီအကြောင်းတွေနဲ့ ပတ်သက်လို့ တစ်စိတ် တစ်ဒေသလောက်ပဲ ဖြစ်ဖြစ် ရှင်းပြ ဖြစ်သေးသလား"

ဟိန်ဖယ်ဒင် ဆက်မေးသည်။

"ပြောချိန် မရပါဘူး"

"အချိန် မရဘူး၊ ဟုတ်လား"

"ကလေးကလေး အသားဝါ ဖြစ်နေတယ် ဆိုတာ သေချာနေပါတယ်၊ သူ့ကို ချက်ချင်း လက်ငင်း ကုသပေးဖို့ အရေးကြီးနေပါတယ်"

ခရစ် တုံ့ပြန်လိုက်သည်။ သူ့ စိတ်ကို ထိန်းချုပ်ခြင်း မရှိတော့။

လော်ရာက သူ့ စိတ်ကို ထိန်းထားရန် လက်မောင်းကို တို့ပြီး သတိ ပေးသည်။ ဟိန်ဖယ်ဒင်သည် သူ၏ မှတ်စုများကို ကြည့်ရှုဟန် ဆောင်နေသော် လည်း လော်ရာ၏ သတိပေးမှုကို ကောင်းစွာ မြင်တွေ့လိုက်သည်။

"ဒေါက်တာ ဂရန့် ခင်ဗျား၊ စောစောက ဒေါက်တာ ပြောခဲ့တဲ့ အထဲမှာ ရောဂါ တစ်ခုကို ကုသတဲ့ နေရာမှာ ဆရာဝန် နှစ်ယောက်ဟာ ကုသနည်း တစ်မျိုးစီ ဖြစ်နိုင်တယ်လို့ ပြောခဲ့တယ်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိစ္စမှာ ရွေးချယ်ရမယ့် နည်းလမ်း နှစ်ခုက အလင်းကုထုံးနည်းနဲ့ သွေးဖလှယ်တဲ့နည်းလို့ ကျွန်တော် နားလည် ထားပါတယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အဲဒီလို ရွေးချယ်ဖို့ ရှိတဲ့အချိန်မှာ ဒေါက်တာဟာ တခြား ဆရာဝန် တစ်ယောက်ဆီက အကြံဉာဏ် တောင်းဖို့ ရှိပါသလား"

ဟိန်ဖယ်ဒင် ကောက်ကာ ငင်ကာ မေးလိုက်သည်။

ခရစ် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်–

"မရှိပါဘူး၊ အဲဒီလိုမျိုး မရှိပါဘူး"

"ဒေါက်တာ ခင်ဗျား၊ ဒီကိစ္စကို တခြား ဆရာဝန် တစ်ယောက် ရွေးချယ် ဆုံးဖြတ်ရမယ် ဆိုရင်၊ အဲဒီ ဆရာဝန်ဟာ ဒေါက်တာ့လိုပဲ အရည်အချင်း ပြည့်ဝတယ် ဆိုရင်၊ ဒါမှမဟုတ် ဒေါက်တာထက် ပိုပြီး အရည်အချင်း ပြည့်ဝတယ် ဆိုရင် အလင်းကုထုံးနည်း အစား သွေးဖလှယ်တဲ့ နည်းကို မရွေးချယ်နိုင်ဘူးလား"

"ကျွန်တော် စောစောက ပြောခဲ့ပြီးပြီပဲ၊ ရောဂါ တစ်ခုကို ကုသတဲ့ နေရာမှာ ဆရာဝန် နှစ်ယောက်ဟာ မတူ ကွဲပြားနိုင်ပါတယ်"

"ဆရာကြီး ဒေါက်တာ ဆိုဗို ဆိုလို့ ရှိရင် သွေးဖလှယ်တဲ့နည်းကို မရွေးချယ် နိုင်ဘူးလား"

"ကျွန်တော် မထင်ဘူး"

ခရစ် စိတ်မရှည်တော့။

"ဒေါက်တာ မထင်ဘူး ဆိုတာက သွေးဖလှယ်တဲ့ နည်းကို သူ ရွေးချယ်မယ်လို့ မထင်တာလား၊ ဒါမှမဟုတ် သွေးဖလှယ်တဲ့နည်းကို သူ ရွေးချယ်နိုင်တယ်လို့ မထင်တာလား"

"သွေးဖလှယ်တဲ့ နည်းကို သူ သုံးလိမ့်လို့ ကျွန်တော် မထင်တာပါ"

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာ ဆိုဗို အနေနဲ့ သွေးဖလှယ်တဲ့ နည်းကို အသုံးပြုခဲ့တာ ဒေါက်တာ တွေ့ဖူးပါသလား"

"တွေ့ဖူးပါတယ်၊ ကလေးသူငယ် ပါရဂူတွေ အားလုံးဟာ လိုအပ်တဲ့ အခါမှာ သွေးဖလှယ်တဲ့နည်းကို အသုံးပြုကြပါတယ်"

"အဲဒါဆိုရင် ဒေါက်တာ ဆိုဗို အနေနဲ့ သွေးဖလှယ်တဲ့နည်းကို သုံးလိမ့် မယ်လို့ ကျွန်တော် မထင်ဘူးလို့ ဒေါက်တာ ပြောလိုက်တာဟာ ဒေါက်တာ





အနေနဲ့ မှန်းဆပြီး ပြောလိုက်တာပဲပေါ့ ဟုတ်လား၊ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ တခြား လူနာတွေကို သွေးဖလှယ်တဲ့နည်း သုံးခဲ့တယ်လို့ ဒေါက်တာ အခုပဲ ဝန်ခံသွားတယ် မဟုတ်လား"

"ဒီမယ် ကျွန်တော်ဟာ လူကြီးမင်း မေးတဲ့ မေးခွန်းတွေကို ကြိုးစားပြီး ဖြေနေပါတယ်၊ ဒါပေမဲ့ လူကြီးမင်းက ရော်ရမ်းမှန်းဆတဲ့ အလုပ်တွေကို လုပ်နေတယ်"

ခရစ် ပေါက်ကွဲသည်။

"ကျွန်တော်ဟာ ဒီနေရာမှာ ဒေါက်တာ့လိုပဲ ရှင်းရှင်းလင်းလင်း တိတိကျကျ ဖြစ်ဖို့ ကြိုးစားနေတာပဲ၊ လူနာ တော်တော်များများကို ဒေါက်တာ ဆိုဗို သွေးဖလှယ်ပေးတာကို ဒေါက်တာ ကိုယ်တိုင် တွေ့မြင် သိရှိခဲ့ရတယ်၊ ဒါပေမဲ့ အခုကိစ္စမှာတော့ သူဟာ သွေးဖလှယ်တဲ့ နည်းကို သုံးမှာ မဟုတ်ဘူး လို့ ဒေါက်တာ ယူဆတယ်၊ ကျွန်တော် ပြောတာ မှန်သလား"

ခရစ် တုံ့ဆိုင်းနေသည်။ သူ့ အနေနှင့် ထောင်ချောက်ထဲတွင် မိနေပြီလားဟု စဉ်းစား ချိန်ဆ ကြည့်သည်။ နောက်ဆုံးတွင် သူ အဖြေ ပေးလိုက်သည်။

"ဟုတ်ကဲ့ မှန်ပါတယ်"

"အဲဒီ ကောက်ချက်ကို ဒေါက်တာ ဘယ်လို လုပ်ပြီး ရရှိပါသလဲ"

ဟိန်ဖယ်ဒင် မေးသည်။

"ကလေးလေးရဲ့ အခြေအနေနဲ့ ဓာတ်ခွဲခန်း အစီရင်ခံစာတွေ အားလုံးကို ခြုံပြီးမှပဲပေါ့"

ခရစ် ဖြေသည်။ သူ သိသိသာသာကြီး ဒေါပွနေပြီ ဖြစ်သည်။

လော်ရာ အနေနှင့် ကြားဖြတ်ပြီး ငင်ချင်နေပြီ။ သို့သော် ကရပ်ထရီးသည် သူမ၏ အချက်ပြမှုကို မတုံ့ပြန်ပါ။ သို့မဟုတ် မမြင်တွေ့ပါ။

ဟိန်ဖယ်ဒင် ဆက်မေးသည်။

"နောက်တစ်မျိုး ပြောရရင်တော့ ဒီကိစ္စမှာ အလင်းကုထုံးနည်းဟာ အသင့်လျော်ဆုံးနဲ့ တစ်ခုတည်းသော ကုသမှု ဆိုတာကို ဒေါက်တာ ဆိုဗို သဘောတူညီတယ်လို့ ဒေါက်တာ ဆုံးဖြတ် မှတ်ယူခဲ့တယ်ပေါ့ ဟုတ်လား"

"ဒီကိစ္စမှာ ဒေါက်တာ ဆိုဗို အဆုံးအဖြတ် ပေးစရာ မလိုပါဘူး၊ လူနာကို ကျွန်တော့် လက်ထဲ လွှဲပေးထားတယ်၊ လူနာဟာ ကျွန်တော့် တာဝန်ပဲ၊ အခြေအနေကို ကျွန်တော့်ဟာ ကျွန်တော် သုံးသပ် ဆုံးဖြတ်ပြီး လုပ်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အား၊ ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ၊ ဒေါက်တာဟာ အခြေ အနေ အရပ်ရပ်ကို ဒေါက်တာ့ ဘာသာ ဒေါက်တာ စဉ်းစားတယ်၊ ဒေါက်တာ့ ဘာသာ ဒေါက်တာ ရောဂါ ဖော်တယ်၊ နောက်ပြီးတော့ ဒေါက်တာ့ နည်းနဲ့ ဒေါက်တာ ကုသတယ်၊ တခြား ဆရာဝန်တွေရဲ့ သဘောထားကို ထည့်မတွက် ဘူး"

"ကျွန်တော် ဒီလို မပြောဘူး"

ခရစ် ဒေါသဖြင့် အော်လိုက်သည်။

"ကျွန်တော် နားလည်တာ လွဲသွားရင် တောင်းပန်ပါတယ်၊ ကျွန်တော် ဘယ်လိုများ လွဲမှားသွားသလဲ ဆိုတော့ တစ်ဆိတ် ရှင်းပြစမ်းပါ"

"ရှေ့နေကြီး ပြောနေတဲ့ သဘောက ကျွန်တော်ဟာ အင်မတန် ခေါင်း မာတယ်၊ ဒီကုသမှုကို အင်မတန် အားသန်တယ်၊ အဲဒါ မဟုတ်ဘူး၊ အခြေအနေ အရ အကောင်းဆုံး လုပ်သင့်တာကို ကျွန်တော် လုပ်တယ်၊ အခြား လူ တစ်ယောက်နဲ့ တိုင်ပင်ဖို့ မလိုအပ်ဘူးလို့ ကျွန်တော် ယူဆတယ်"

"ဩော် ဟုတ်ပြီ၊ ကျွန်တော် နားလည်ပြီ" ဟိန်ဖယ်ဒင်သည် ရုတ်ခြည်း ပင် အလင်း ရသွားဟန် ဆောင်လိုက်သည်။ "အခြား လူ တစ်ယော ဆီက အကြံဉာဏ် ရယူသင့်တယ်လို့ ဒေါက်တာ မယူဆဘူး"

"အခြေအနေအရ မလိုအပ်ဘူး"

"ဒေါက်တာ့ကို တခြား လူ တစ်ယောက်က လွှမ်းမိုးသွားမှာ မလိုလား ဘူးပေါ့၊ ဟုတ်လား"

"ကျွန်တော့်ကို တခြား လူ တစ်ယောက်က လွှမ်းမိုး သွားစ အကြောင်း မရှိဘူး"

ခရစ် ဟစ်အော်လိုက်သည်။

"ဒေါက်တာ ပြောတဲ့အတိုင်း ဆိုရင် ဒေါက်တာဟာ ဒါလောက် အ ကြီးတဲ့ ဆုံးဖြတ်ချက် တစ်ခုကို မချခင်မှာ ဒေါက်တာ ဆိုဗိုဆီကို ဖုန်းဆက်ပြ တိုင်ပင်လိုက်ရင် လုပ်ငန်း သဘောအရ မမှန်ကန်ပေဘူးလား"

ဟိန်ဖယ်ဒင်က မေးလိုက်သည်။ ခရစ်က ရုတ်ခြည်း ပြန်မဖြေ အခါ ရှေ့နေကြီးက ဆက်ပြီး မေးပြန်သည်။

"ဒါမှ မဟုတ်ရင်တော့ ကိုယ် လုပ်သမျှ မှန်တယ်လို့ ယူဆထား မာနကြီးတဲ့ လူငယ် တစ်ယောက်အနေနဲ့ အတွေ့အကြုံ ပိုပြီး ရင့်ကျက်





တစ်ယောက် ဆီက အကြံဉာဏ် တောင်းခံစရာ မလိုဘူးလို့ ယူဆထားတာ လား"

"ကန့်ကွက်ပါတယ်"

ကရပ်ထရီးက ကန့်ကွက်လိုက်သည်။

"မကန့်ကွက်ပါနဲ့" ခရစ် ဟစ်အော်ကာ မတ်တတ်ထလိုက်သည်။ "ဒီမေးခွန်းကို ကျွန်တော် ဖြေချင်တယ်" သူ့ကို မည်သူကမျှ မတားဆီးနိုင်မီ ပင် ခရစ်က ဆက်ပြီး ပြောသည်။ "ဒီနေရာမှာ မာနနဲ့ ဘာမှ မဆိုင်ဘူး၊ ပေမဲ့ လူ တစ်ယောက်ဟာ အတွေ့အကြုံ ရှိရင် ကိုယ့်အလုပ် ကိုယ် နားလည် ပြဿနာ တစ်ခု ပေါ်တိုင်း ပေါ်တိုင်း သူများတွေကို လိုက်ပြီး တိုင်ပင်နေ မလိုဘူး၊ အဲဒီလိုမျိုး လုပ်နေလို့ ရှိရင်လည်း အဲဒီ ဆရာဝန်ဟာ အလကား ရာဝန်ပဲ"

လော်ရာ တစ်ကိုယ်လုံး ဖြူသွားသည်။ ကရပ်ထရီး သက်ပြင်း ချလိုက် သည်။

"ဒေါက်တာ ခင်ဗျား၊ တခြား ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး မလုပ်တဲ့ ဘွက် တချို့ ကိစ္စတွေမှာ လွဲမှားကုသမှုတွေ ဖြစ်နိုင်တယ် ဆိုတာ ဒေါက်တာ ဘူးလား"

ဟိန်ဖယ်ဒင်က အေးဆေး ညင်သာစွာ မေးလိုက်သည်။ ထို့နောက် န်ဖယ်ဒင်နှင့် အာသာခရော့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက် သည်။ ထို့နောက် ခရော့က–

"ကနေ့အဖို့ အကြို မေးမြန်းခြင်း ဒီမှာပဲ ပြီးပါပြီ၊ ဒေါက်တာ့ကို က်တစ်ကြိမ် ခေါ်ဖို့ ကျွန်တော်တို့ ပြောပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ခရစ် ဂရန့်သည် ထူထူထောင်ထောင် လူနာများကို ဖြတ်လျှောက်သွား
နေသည်။ လူနာ အများစုသည် လွန်ခဲ့သည့် တစ်ရက် နှစ်ရက်က မျက်နှာမြ
ခဲ့ကြသော မိခင်များ ဖြစ်ကြသည်။ ခရစ် သွားတွေ့သည့် လူနာသည် အိပ်
ထဲမှာပင် ရှိနေသေးသည်။ နေ့စွဲလစွဲ မဟုတ်ဘဲ ပင်ပင်ပန်းပန်း မျက်နှ
မြင်ခဲ့ရသဖြင့် သူမကို အားဆေးများ အကြောဆေးများ သွင်းပေးနေရဆဲပ
ရှိသည်။ ခရစ် အနေနှင့် ထိုအမျိုးသမီးကို လာရောက် တွေ့ဆုံရခြင်းမှာ
အမျိုးသမီး၏ ကလေးသည် အထက်ထပ်ရှိ ကလေးအထူးကုဆောင် ပလ
စတစ် လှောင်အိမ်ကလေး ထဲတွင် အသက်ရှင်နိုင်ရေး အတွက် အပြင်းအထ
ရုန်းကန် နေရသောကြောင့် ဖြစ်သည်။ ခရစ်သည် အမျိုးသမီး၏ နော
ကြောင်း ရာဇဝင်ကို သိရှိပါမှ ကလေးငယ်၏ အခက်အခဲကို ဖြေရှင်း ပေးနိုင်
လိမ့်မည်။

အမျိုးသမီးသည် အခြေအနေ ဆိုးရွားသဖြင့် သီးသန့်ခန်းကလေ
တစ်ခုတွင် ထားရှိရသည်။ အခန်းတံခါးကို ဟဟကလေး ဖွင့်ထားသည
အခန်းရှေ့မှ ဖြတ်သွားသော ဆရာမများက သူမကို မြင်တွေ့နေနိုင်
ဖြစ်သည်။ အခန်းတွင်းသို့ ခရစ် လှမ်းကြည့်လိုက်သောအခါ အမျိုးသမီးသ
အိပ်ပျော်နေဟန် ရှိသည်။ အမျိုးသမီးသည် အတန်ငယ်ကြာမှပင် သူမ အန
တွင် ခရစ် ရောက်ရှိနေကြောင်းကို သိရှိသွားသည်။ အမျိုးသမီး ထိတ်လ





သည်။ မျက်လုံးများကို ဖွင့်ကြည့်သည်။ သူမ အနေနှင့် တစ်ကြိမ် တစ်ခါ
တွေ့မြင်ဖူးသော ခရစ်၏ မျက်နှာကို ငေးကြည့်နေသည်။

"မစ္စက် မီလန်ဒက်လား"

ခရစ် တိုးညင်းစွာ မေးလိုက်သည်။

အမျိုးသမီး တည်တည်ကြီး ဖြစ်သွားသည်။ ပြီးတော့မှ ခေါင်းကို
လိုက်သည်။ ခုတင် ခြေရင်းတွင် ချိတ်ထားသော လူနာ မှတ်တမ်းကို
ဖြုတ်ယူပြီး ကြည့်လိုက်သည်။ သူမ အဖျား တက်နေသည်။ တစ်ရာ
ရှိသည်။ သို့သော် အဖျား ရှိသည်မှ တစ်ပါး ကျန် အခြေအနေများ
လုံး ကောင်းမွန်သည်။ ဘာမျှ စိုးရိမ်စရာ မရှိ။

"ကျွန်မ နေကောင်းပါတယ်"

အမျိုးသမီးက ပြောလိုက်သည်။

"ကောင်းတယ်၊ ကျွန်တော်က အစ်မကြီးရဲ့ ကလေးကို ကုရမယ့်
ဝန်ပါ"

"ကလေး နေမကောင်းဘူးလား"

"မကောင်းဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ သူ့ကို အတတ်နိုင်ဆုံး ကုသပေး
ပါတယ်"

အမျိုးသမီး ခေါင်းညိတ်သည်။

"အစ်မကြီးကို ကျွန်တော် မေးစရာတွေ ရှိတယ်၊ အစ်မကြီး မှတ်မိတာ
ကို ဖြေပါ၊ မမှတ်မိတာ ရှိလို့ ရှိရင်လည်း ဘာမှ စိတ် အနှောင့်အယှက်
ပါနဲ့"

အမျိုးသမီး တည်တည်ကြီး ဖြစ်သွားသည်။ သတိထားသည့် အနေ
အား ဖြစ်သွားသည်။

"အစ်မကြီး အလျင် ကလေးတွေ မွေးတုန်းက အခက်အခဲ ရှိဖူးသလား၊
တမ်းမှာ ဖော်ပြထားတာကတော့ အခု ကလေးဟာ ပဉ္စမမြောက်ပဲ၊ ဒီ
င် လေးယောက်တုန်းက အစ်မကြီးမှာ ဘာပြဿနာများ ရှိခဲ့သလဲ"

သူမ တုံ့ဆိုင်းနေသည်။ စဉ်းစား ချိန်ဆနေသည်။

"ပထမဆုံးကလေးကို မွေးတုန်းက အစ်မကြီးမှာ အခက်အခဲ ရှိခဲ့
း"

"မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေ့စေ့ လစေ့ ပဲလား" အမျိုးသမီး ခေါင်းညိတ်သည်။ "ရိုးရိုး မွေး ပဲလား၊ မွေးပေးတဲ့ ဆရာဝန်မှာ ဘာမှ အခက်အခဲ မရှိဘူးလား" အမျိုး ခေါင်းခါသည်၊

"ဒုတိယ ကလေးကော"

အမျိုးသမီး ခေါင်းခါသည်။

တတိယနှင့် စတုတ္ထကလေးများ အကြောင်း မေးသောအခါတွင် အမျိုးသမီး ခေါင်းခါသည်။

"ဒါပေမဲ့ အခု တစ်ယောက်မှာတော့ ပြဿနာ ရှိနေတယ်၊ ကို မပြည့်ခင်မှာ မွေးတယ်"

ခရစ်က ညင်သာစွာ ပြောလိုက်သည်။

အမျိုးသမီးက ဘာမျှ ပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်သည်။

"အစ်မကြီး အခု ကလေးကို ကိုယ်ဝန်ဆောင်တဲ့ အချိန်မှာ အထူး စောစောပိုင်း လတွေမှာ တစ်ခုခု ထူးခြားတာများ လုပ်ခဲ့တာလား၊ အ ကိုယ်ဝန်တွေတုန်းက မလုပ်ခဲ့တာမျိုးပေ့ါ"

"ဘာမှ မလုပ်ပါဘူး၊ ကျွန်မ အလုပ်လုပ်တယ်၊ အလုပ်ပြီးရင် အိမ် လာတယ်၊ အိမ်ရောက်တဲ့ အခါမှာ အဝတ်လျှော်တယ်၊ ထမင်းဟင်း ချက်တ ပြီးတော့ ကလေးတွေကို ထိန်းကျောင်းရတယ်၊ သူတို့ကို ရေမိုးချိုး အ အစား လဲပေးရတယ်၊ သူတို့ကို ကျောင်းသွားဖို့ လုပ်ပေးရတယ်"

"ကျွန်တော် တစ်ခု ပြောမယ် အစ်မကြီး၊ ကလေး အများကြီး မွေး တဲ့ အမျိုးသမီး တစ်ယောက်ဟာ ကလေးနှစ်ယောက် သုံးယောက် လေးယေ မွေးဖူးတဲ့ အမျိုးသမီး တစ်ယောက်လို နောက်မွေးတဲ့ ကလေးတွေမှာ အစ်မကြီး ဖြစ်တာမျိုး ဖြစ်လေ့ မရှိဘူး၊ နေ့စေ့လစေ့ မဟုတ်ဘဲ မွေးတ မဖြစ်တတ်ဘူး၊ အဲဒီတော့ ဒီကလေးမှာ ဘာများ ထူးထူးခြားခြား ဖြစ်ခဲ့ ရှိသလဲ"

အမျိုးသမီး တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ သူ့ မျက်လုံးမှာ ရောင်တိမ်း သွားခြင်းပင် ဖြစ်သည်။

"ဘာပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ပေ့ါ၊ ဖြစ်ခဲ့တဲ့ အကြောင်းကို အစ်မကြီး ပြော ဆိုရင် အစ်မကြီးရဲ့ ရင်သွေးကလေးကို အစ်မကြီး ကူညီရာ ရောက်ပါလိမ့်

အမျိုးသမီး ခေါင်းခါသည်။



"အစ်မကြီး ဟိုဆေး ဒီဆေးတွေများ စားခဲ့သလား"

"မစားပါဘူး"

"ဆရာဝန်က ပေးတဲ့ ဆေး တစ်မျိုးမျိုးကော"

အမျိုးသမီး ခေါင်းခါသည်။

"အစ်မကြီးရဲ့ လူနာမှတ်တမ်းမှာ ဖော်ပြထားတာကတော့ အစ်မကြီး ဆေးဝါး သုံးစွဲသူ တစ်ဦး မဟုတ်ဘူး၊ အစ်မကြီး အနေနဲ့ တစ်ခုခုကို တယ် ဆိုရင် ဆေးဖက်ဝင် ဆေးဝါး တစ်ခုခုပဲ ဖြစ်ရမယ်၊ အဲဒါ ဘာဆေး ဘာဆေးပြားလဲ၊ ဘာဆေးလုံးလဲ"

သူမ၏ မျက်နှာကို ခေါင်းအုံးတွင် အပ်ထားလိုက်သည်။

"ပထမဆုံး လမှာ ကိုယ်ဝန်ဖျက်ချဖို့ အစ်မကြီး ကြိုးစားခဲ့သလား"

အမျိုးသမီး မဖြေပါ၊ အသက်ကိုပင် မရှူပါ။

"အစ်မကြီး ဖျက်ချခဲ့သလား"

အမျိုးသမီးက သူ့ကို မကြည့်ဘဲနှင့်–

"ကျွန်မသား၊ ဆီဇာ ရှိတယ်၊ သူ ဆယ့်နှစ်နှစ် ရှိပြီ၊ သူ ကျောင်းနေ ၊ သူ့ကို ကောင်းကောင်းနေဖို့ ကျွန်မ ပြောတယ်၊ မကောင်းတဲ့ ကလေး မပေါင်းဖို့ ပြောတယ်၊ မကောင်းတဲ့ ကောင်မလေးတွေနဲ့ မတွဲဖို့ တယ်၊ သူများ ပစ္စည်းကို မခိုးဖို့ ပြောတယ်၊ ကျောင်းကို သွားဖို့နဲ့ လုံးကစားဖို့က လွဲလို့ တခြား ဘာမှ မလုပ်ဖို့ သူ့ကို ကျွန်မ ပြောတယ်"

အမျိုးသမီး စကားကို ရပ်လိုက်သည်။ သူမ၏ စကား ပြီးဆုံးသွားသည့် ားပင် ဖြစ်သည်။ ခရစ် ဘာမျှ မပြောဘဲ နားထောင်နေသည်။

"ဒါပေမဲ့ ကျွန်မ ပြောတဲ့ စကားကို ဆီဇာ နားမထောင်ဘူး၊ တစ်နေ့ သူ့ ပုံစံ တစ်မျိုး ဖြစ်နေတာကို ကျွန်မ တွေ့ရတယ်၊ သူ စကား ဘူး၊ အစား သိပ်မစားဘူး၊ သူ အပြင်ကို သွားတယ်၊ အထူးသဖြင့် က်မှာ သွားတယ်၊ တစ်ညတော့... ကျွန်မ အခု ကိုယ်ဝန် ရှိပြီး ပိုင်း တစ်ညပေ့ါ၊ ကျွန်မ မအိပ်ဘဲ သူ့ကို စောင့်နေတယ်၊ သူ အိမ်ပေါ်ကို မလာဘူး၊ ဒါနဲ့ ကျွန်မ ခြေသံ မကြားအောင် လှေကားကနေ ဆင်းသွား သူ့ကို လှေကား အောက်မှာ ကောင်ကလေး နှစ်ယောက်နဲ့ အတူ ရတယ်၊ အဲဒီမှာ ကျွန်မ မြင်ရတယ်၊ မီးခြစ်ကို ခြစ်ထားတယ်၊ မီးတောက် ယ်၊ ဆီဇာရဲ့ မျက်နှာကို ကျွန်မ မြင်ရတယ်၊ ကောင်ကလေး တစ်ယော



www.burmeseclassic.com

www.burmeseclassic.com



က မီးတောက်ပေါ် ခွန်းတစ်ချောင်း တင်ထားတယ်၊ နောက်ပြီးတော့ ဆေး
အပ်ကို မြင်ရတယ်၊ ဒီမှာ ကျွန်မ သိရတာပဲ၊ သိရတော့တာပဲ"

သူမ၏ တိုးညင်းသော ငိုရှိုက်သံကို ခရစ် ကြားရသည်။

"ကျွန်မ တစ်ခါတည်း ငိုတော့တာပဲ၊ ကျွန်မ သူ့ကို ငိုပြီး တောင်း
တယ်၊ ဒါပေမဲ့ သူ ဘာမှ မရတော့ဘူး၊ တကယ်တော့ ကျွန်မ အ
ကျွန်မ သူ့ကို မဟုတ်တဲ့ အရပ်မှာ ကြီးပြင်းစေတယ်၊ မဟုတ်တဲ့ ကျော
သွားစေတယ်၊ အဲဒါဟာ ကျွန်မ အပြစ်ပဲ"

သူမ မျက်နှာ ဖြည်းဖြည်းချင်း လှည့်လာပြီး ခရစ်ကို ကြည့်သည်။

"ဒါပေမဲ့ တကယ်တော့ ဒါဟာ ကျွန်မ အပြစ်လား၊ ကျွန်မ အ
ကြိုးစားပြီး လုပ်တယ်၊ ကျွန်မ လုပ်နိုင်သမျှ လုပ်တယ်၊ ကျွန်မမှာ
ကလေး သုံးယောက် ရှိသေးတယ်၊ အလုပ်လုပ်ရင်း ဒီကလေး လေးယော
ကျွန်မ ဘယ်လို ထိန်းမလဲ"

"အစ်မကြီးရဲ့ ယောကျ်ားကကော၊ သူ့ ဆီက ဘာအကူအညီမှ
လား"

"သူ ကျွန်မတို့ကို ပစ်သွားပြီ၊ ကျွန်မက အခု ကိုယ်ဝန် ရှိတဲ့ အချိ
လည်း ပြောရော သူ ကျွန်မကို အပြစ်တင်တော့တာပဲ၊ နောက် ကလေး
ယောက် တာဝန်ကို သူ ဘယ်လိုမှ မယူနိုင်တော့ဘူး ဆိုပြီး ထွက်သွား

"အစ်မကြီးရဲ့ ယောကျ်ားက နောက်ထပ် ကလေး မလိုချင်တော့
ဆိုတော့ အစ်မကြီး ဘာလုပ်သလဲ"

"ကျွန်မတို့ အလုပ်မှာ မိန်းမ တစ်ယောက် ရှိတယ်၊ သူ့မှာ
ရှိတယ်၊ သူက အဲဒီဆေးကို စားရင် ကလေး မရဘူးလို့ ပြောတယ်"

"အဲဒီဆေးကို အစ်မကြီး စားသလား၊ အဲဒီဆေးကို စားတော့ အစ်
နေမကောင်း ဖြစ်သလား"

အမျိုးသမီး ခေါင်းညိတ်သည်။

"အစ်မကြီး ပျို့တာ အန်တာ ဖြစ်သလား"

အမျိုးသမီး ထပ်ပြီး ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ ကလေးက ပျက်မကျဘူး၊ ကိုယ်ဝန် ဒီအတိုင်း ဆ
ရှိနေတာပဲ မဟုတ်လား"

အမျိုးသမီးက မငြင်းပါ။





"အဲဒီတော့ အစ်မကြီး နောက်ထပ် တစ်မျိုး တစ်ခုံ လုပ်သေးသလား"

အမျိုးသမီး ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် ခေါင်းညိတ်သည်။

"ဘာလုပ်သလဲ"

အမျိုးသမီး မပြောပါ။

"အစ်မကြီး တစ်ခုခုနဲ့ ထိုးပြီး ဖျက်သလား"

အမျိုးသမီး နောက်ဆုံးတွင်တော့ ဝန်ခံသည်။ ခရစ် ထပ်မမေးတော့၊ မေးရန် မလိုတော့။ အထူးဆောင်ရှိ ကလေးကို ခက်ခဲ ပင်ပန်းစွာ ကုသပေးရဦးမည်။

"ကလေး အခြေအနေ ဆိုးသလား"

အမျိုးသမီးက မေးသည်။

"သိပ်ဆိုးတယ်"

"သိပ်ဆိုးတယ်၊ ဟုတ်လား"

အမျိုးသမီး နာကြည်းစွာ ရွတ်ဆိုသည်။ ခရစ်က အမျိုးသမီး၏ ပခုံးပေါ် လက်တင်ပြီး နှစ်သိမ့်မှု ပေးလိုက်သည်။

"ကလေးက ယောကျ်ားကလေးလို့ ပြောတယ်၊ ဟုတ်လား ဒေါက်တာ"

"ဟုတ်တယ်"

"ကျွန်မကို တစ်ခု လုပ်ပေးပါ၊ ကလေးကို ကုမနေပါနဲ့တော့"

ခရစ်က သူ့ လက်ကို အမျိုးသမီး၏ ပခုံး ပေါ်မှ ပြန်ရုပ်လိုက်သည်။

"ကျွန်မကို ကူညီပါ"

"အစ်မကြီး ပြောတဲ့အတိုင်း ကျွန်တော် မလုပ်နိုင်ပါဘူး"

"သူ့ အခြေအနေ သိပ်ဆိုးတယ်လို့ ဆရာပဲ ပြောခဲ့တယ် မဟုတ်လား၊ အဲဒီတော့ သူ သေတာပဲ ကောင်းပါတယ်၊ ကျွန်မ သူ့ကို ဆိဇာလိုမျိုး ဖြစ်မလာစေချင်တော့ဘူး၊ ကျွန်မ မတတ်နိုင်တော့ဘူး၊ ဘယ်လိုမှ မတတ်နိုင်တော့ဘူး"

"ဒါတွေအတွက် အစ်မကြီး ဘာမှ စိတ်သောက ဖြစ်မနေပါနဲ့၊ ဒီကိစ္စကို ကျွန်တော်တို့ ကြည့်ပြီး စီစဉ်ကြတာပေါ့"

ခရစ် အခန်းထဲမှ ထွက်ခဲ့သည်။ အမျိုးသမီး၏ ငိုရှိုက်သံများ အကြားမှ ရှောင်ထွက်ခဲ့သည်။ ကလေးဆောင်သို့ ပြန်ခဲ့သည်။

သောဘီမီလန်ဒက်ကလေးသည် နှာခေါင်းတွင် အောက်ဆီဂျင်ပိုက် တပ်ပေးထားသည့်တိုင် အသက်ရှူစက်က သူ့ကို ကူညီပေးနေသည့်တိုင် ရှူသည်



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက် ကောင်းကောင်း မရှုနိုင်ဘဲ ရှိနေသည်။ သူနာပြု ဆရာမကလေးက ခရစ်ကို ခတ်ခွဲခန်းမှ နောက်ဆုံး ပေးပို့လိုက်သော အစီရင်ခံစာ ပေးသည်။

သူသည် ကလေးငယ်ကို ဆက်ပြီး ကုသရပေမည်။ ကလေးငယ် အသက်ရှူနိုင်အောင် ကူညီအောင် ပေးရမည်။ ခွဲစိတ် ကုသခြင်းလည်း ပြုလုပ်ရပေလိမ့်မည်။ ကလေးငယ်၏ အခြေအနေသည် ခွဲစိတ်ကုသမှုကို ခံနိုင်သည့် အနေအထားတွင် မရှိပါ။ သို့သော် နောက်ဆုံးအနေနှင့် အရေးကြီးလာခဲ့လျှင်အား ဆရာဝန် တစ်ယောက်အနေဖြင့် အခြားနည်းကို ရွေးစရာ မရှိတော့ပါ။

ခရစ် ထွေးထားသော ချိန်ဆလျက် ရှိစဉ် သူ့ အနီးတွင် လူ တစ်ယောက် လာရပ်သည်ကို သတိပြုမိသည်။ ဆရာဝန်ကြီး ဒေါက်တာ ဆိုဗို ဖြစ်သည်။ ခရစ်က ကလေးငယ်၏ အခြေအနေကို တင်ပြသည်။ မိုက်ဆိုဗိုသည် ကလေးငယ်၏ လူနာမှတ်တမ်းကို ကြည့်သည်။ ကုသမှုများကို ဖတ်ရှုပြီးနောက် မှတ်တမ်းကို ပြန်ပေးလိုက်သည်။

"ကိုယ်တို့ ခဏလောက် စကားပြောကြရအောင် ခရစ်"

"ဟုတ်ကဲ့ ဆရာကြီး" ထို့နောက် ဆရာမ ဘက်သို့ ခရစ် လှည့်ပြီး "အကြောင်းထူးရင် ကျွန်တော့်ကို အမြန်ဆုံး အကြောင်းကြားပါ၊ ကျွန်တော် ဆရာကြီး အခန်းမှာ ရှိနေမယ်"

မိုက်ဆိုဗို၏ ရုံးခန်း ထဲတွင် သူတို့ ထိုင်ကြသည်။ မိုက်က မီးမညှိသေးသော ဆေးတံကို လှမ်းယူလိုက်သည်။ သူက စိတ်ရှုပ်သည့် အခါများတွင် ဤသို့ပင် ဆေးတံကို လက်ထဲတွင် ကိုင်ထားတတ်သည်။ ဤတွင် ခရစ်၏ စိတ်ထဲ၌ တစ်စုံတစ်ခုကို တွေးမိသည်။ မိုက်ဆိုဗို၏ ရင်ထဲတွင် မတင်မကျ ဖြစ်နေသော ပြဿနာသည် လွန်ခဲ့သော ရက်ပေါင်းများစွာ ကတည်းကပင် မိမိကို ဖိစီးနှိပ်စက်နေခဲ့သော ပြဿနာနှင့် အလားတူပင် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင် ဤကိစ္စကို သူကပင် စတင် ပြောဆိုရန် ဆုံးဖြတ်လိုက်သည်။





"ဒီကိစ္စကို ဆရာကြီး ပြောမှာထက် ကျွန်တော် ပိုပြီး ပြောနိုင်တယ်"

"မောင်ရင် ပြောနိုင်တယ်၊ ဟုတ်လား"

မိုက်က အနည်းငယ် အံ့သြဟန်ဖြင့် မေးလိုက်သည်။

"ဒီကိစ္စကို ကျွန်တော် သတိထားမိနေတာ ကြာပြီ"

"မောင်ရင် သတိထားမိနေတာ၊ ဟုတ်လား"

အဘိုးကြီးက စိတ်ဝင်စားလာဟန်ဖြင့် မေးလိုက်သည်။

"ဆရာကြီး နေရာမှာ ဆိုရင် ကျွန်တော်လည်း ဒီအတိုင်း ခံစားရမှာပဲ"

မိုက်ဆိုဗို ပါးစပ်မှ ဆေးတံကို ချွတ်ပြီး စကား တုံ့ပြန်မည် ရှိစဉ် ခရစ်က ဆက်ပြောသည်။

"ဆရာကြီး စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်နေတာ လူနာတွေ ကိစ္စပဲ ဟုတ်လား၊ ဆရာကြီး အနေနဲ့ ဒီလိုပဲ ဖြစ်သင့်ပါတယ်၊ ကျွန်တော်ဟာ လူနာ တစ်ယောက်မှာ ဘာရောဂါ ဖြစ်နေတယ် ဆိုတာ ဖော်ထုတ်ဖို့ ဘယ်နည်းနဲ့ ကုရမယ် ဆိုတာ ဆုံးဖြတ်ဖို့ ယတိမပြတ်ဘူး ဖြစ်နေတယ်၊ စိတ်ထဲမှာ အမြဲတမ်း ဒွိဟ ဖြစ်နေတယ်၊ ဒီနည်းဟာ မှန်ပါ့မလား၊ ဒီနည်းဟာ ဘေးကင်းပါ့မလား၊ ဒါကို ငါ ဆုံးဖြတ်နိုင်ပါ့မလားပေါ့"

ခရစ် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် အခန်း ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဆက်ပြောသည်။

"ဒီမယ် ဆရာကြီး၊ ဆရာကြီး အနေနဲ့ ကျွန်တော် အလုပ်က ထွက်ဖို့ သင့်ပြီလို့ တကယ် ယူဆရင် ကျွန်တော် ထွက်ပါ့မယ်၊ ဒါပေမဲ့ ကျွန်တော် မထွက်ချင်ဘူး၊ ကျွန်တော့် အနေနဲ့ ဘယ်လောက်ပဲ အားထုတ်ရပါစေ၊ ကျွန်တော် ပြန်တိုက်ချင်တယ်" ထို့နောက် ခရစ်သည် မိုက်ကို ကြည့်လျက် "ဆရာကြီး ကျွန်တော့်ကို အဲဒီ အခွင့်အရေးတော့ ပေးပါ"

"လက်စသတ်တော့ မောင်ရင့် ခေါင်းထဲမှာ ဒီအတွေး ဝင်နေတာကိုး၊ မောင်ရင် အခုလို ထုတ်ပြောလိုက်တာ ကောင်းပါတယ်"

"ဆရာကြီး ဆုံးဖြတ်တာ ဘာမဆို ကျွန်တော် နာခံပါ့မယ်၊ ဆရာကြီး စိတ်ချမ်းသာဖို့ ဆိုရင် ကျွန်တော် နုတ်ထွက်စာ တင်ပါ့မယ်"

မိုက်ဆိုဗိုသည် ဆုံလည် ကုလားထိုင်တွင် ကျောမှီလိုက်ပြီးနောက်–

"ကောင်းပြီ ခရစ်၊ ကိုယ့် ဆုံးဖြတ်ချက်ကို မောင်ရင် နာခံမယ် ဆိုရင် ကိုယ် ပြောမယ်၊ မောင်ရင် ဒီအလုပ်မှာ ဆက်လုပ်နေပါ၊ ဒီအလုပ်ဟာ လွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တော့ မဟုတ်ဘူး၊ မောင်ရင့်မှာ စိတ်ဒွိဟတွေ ရှိနေလိမ့်မယ်၊ တန်ပြန် စွပ်စွဲချက်တွေ ရှိနေလိမ့်မယ်၊ ဒါပေမဲ့ မောင်ရင် ဒီနေရာမှာ သံမှိုစွဲ နေရမယ်၊ မောင်ရင့် ဆုံးဖြတ်ချက်ကို ပိုင်ပိုင် ချထားရမယ်၊ မောင်ရင့်မှာ ဒီအမှုအတွက် အချိန်တွေ ကုန်နေရပေမဲ့ မောင်ရင်ဟာ ကိုယ့်ဌာနမှာ ကိုယ် လိုချင်တဲ့ ဆရာဝန် တစ်ယောက်ပဲ"

ခရစ်သည် ဆရာဝန်ကြီးကို ငေးစိုက်ပြီး ကြည့်လိုက်သည်။ မိုက်ဆိုဗီ က သူ့ စကားကို ဆက်ပြီး ပြောသည်။

"ဟုတ်တယ်၊ မောင်ရင်ဟာ ဒီအမှုကိစ္စကြီးကို လုံးလုံးကြီးတော့ ဘယ်လိုမှ ဖယ်ထုတ် မထားနိုင်ဘူး၊ ဒါပေမဲ့ မောင်ရင့်ကိုယ် မောင်ရင် သတိပေးနေရမယ့် အချက် တစ်ခု ရှိတယ်၊ ငါဟာ ဆရာဝန် တစ်ယောက်ပဲ၊ ငါ့မှာ လုပ်စရာ အလုပ် ရှိတယ်၊ ငါ့ အလုပ်ကို ငါ လုပ်ရမယ်"

"နောက်ပြီးတော့ ခရစ်၊ ဘာကြီးပဲ ဖြစ်နေဖြစ်နေ မောင်ရင် နုတ်ထွက်သွားတာကို ကိုယ် လက်မခံနိုင်ဘူး၊ မောင်ရင် ကိုယ်တိုင် နုတ်ထွက်ချင်တယ် ဆိုရင်လည်း ကိုယ် လက်မခံနိုင်ဘူး၊ ဒါဟာ မောင်ရင့်အတွက် ကိုယ် ပြောနေတာ မဟုတ်ဘူး၊ ဆေးရုံကြီးအတွက် ကိုယ် ပြောနေတာပဲ၊ အနာဂတ် ကာလမှာ ဒီလို ဖိနှိပ်မှုမျိုးကို ခုခံတွန်းလှန်မယ့် လူ အားလုံး အတွက်ပဲ၊ ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့ကို ရေးနီးက ဘယ်လောက်ပဲ အကျပ်ကိုင်ပြီး ဘာပဲ လုပ်ခိုင်း လုပ်ခိုင်းပါစေ၊ မောင်ရင့်ကို သူ အကျပ်ကိုင်တာတော့ ကိုယ် ခွင့်မပြုနိုင်ဘူး၊ ရေးနီးဟာ မောင်ရင့်ကို အလုပ် ထုတ်ပစ်ချင်တယ် ဆိုလို့ရှိရင် သူဟာ ကိုယ့်ကို အလျင် တိုက်ရလိမ့်မယ်၊ အဲဒီတော့ မောင်ရင် လုံးဝ အလျှော့မပေးပါနဲ့"

"ကျွန်တော့် လူနာတွေ အတွက် ကောင်းပါ့မလား"

"ဒါက ကိုယ် ဆုံးဖြတ်ရမယ့် ကိစ္စပဲ၊ အခု ကိုယ် ဆုံးဖြတ်ပြီးပြီ ဘာကယ်လို့ မကောင်းဘူးလို့ ကိုယ် ယူဆတဲ့ အချိန်မှာ မောင်ရင့်ကို ကိုယ် ပြောမယ်"

ခရစ် ခေါင်းညိတ်လိုက်သည်။ မိုက်ဆိုဗီ အကြောင်းကို သူ သိသည်။ မိုက်သည် လူ တစ်ဖက်သားကို သနားတတ်သလို ဒိဋ္ဌမမ္မ ကျသူလည်း ဖြစ်သည်။ သူသည် ကိုယ်ရေးကိုယ်တာ ပြဿနာကြောင့် လုပ်ငန်း ဆုံးဖြတ်ချက်ကို ဘယ်တော့မှ ထိခိုက် စေမည့်သူ မဟုတ်ပါ။





"ကောင်းပါပြီ ဆရာကြီး၊ အဲဒီတော့ ဆရာကြီး ကျွန်တော့်ကို ပြောစရာ ရှိတယ် ဆိုတာ ကျွန်တော် နုတ်ထွက်ဖို့ မဟုတ်ဘူး ဆိုရင် တခြား ဘာကိစ္စပါလဲ"

ဆိုဗီ စဉ်းစားသည်။ ပြီးမှ အမှတ်ရသွားဟန်ဖြင့်-

"သြော် ဟုတ်ပြီ၊ ကိုယ့် ဆီကို ကနေ့ အာမခံ ကုမ္ပဏီက ရှေ့နေ လာတယ်"

"ကရပ်ထရီးလား"

"ဟုတ်တယ်၊ သူတို့က ကိုယ့်ကို မနက်ဖြန်၊ အကြို စစ်မေးဖို့ ခေါ်နေကြတယ်"

"ဆရာကြီး အခုလို ဒုက္ခရောက်ရတာ ကျွန်တော် တောင်းပန်ပါတယ်"

"အို တော်စမ်းပါ၊ မောင်ရင့်ကို ကိုယ် ဘာမှ အပြစ်မတင်ပါဘူး၊ မောင်ရင်ကသာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာ၊ မောင်ရင့်ကို ကိုယ် နှစ်ခုပဲ ပြောချင်တယ်၊ တစ်ခုကတော့ ညနေပိုင်း ကိုယ့် အတန်းတွေကို မောင်ရင် ဝင်ပေးမလား"

"ဟုတ်ကဲ့၊ ဝင်ပေးပါ့မယ်"

"ဒုတိယ အချက်ကတော့ ကိုယ် ပြောတဲ့ စကားတွေ မှားခဲ့ရင် မောင်ရင့်ကို ကိုယ် ကြိုပြီး တောင်းပန်ပါတယ်၊ သူတို့ကတော့ ကိုယ့်ကို ဘာတွေကို ဘယ်လို ပြောရမယ် ဆိုတာ သင်ပေးကြတယ်၊ ဒါပေမဲ့ ကိုယ်က သရုပ်ဆောင် တစ်ယောက် မဟုတ်ဘူး၊ ကိုယ် ပြောစရာ ရှိတာကိုပဲ ကိုယ် ပြောသွားမယ်"

တယ်လီဖုန်း မြည်သည်။ ဆိုဗီ ကောက်သည်။ ထို့နောက် ခရစ်ကို လွှဲပေးသည်။

"ဒေါက်တာလား"

ဆရာမ အသံမှန်း ခရစ် သိသည်။

"မီလန်ဒက် ဘေဘီ ဆုံးသွားပြီ"

"ကျွန်တော် အခု လာခဲ့မယ်"

ခရစ် ဖုန်းချလိုက်ပြီး-

"မီလန်ဒက် ဘေဘီ"

"အဲဒီအတွက်ကော မောင်ရင့်ကိုယ် မောင်ရင် အပြစ်တင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"မတင်ပါဘူး၊ ဒါပေမဲ့ အကြောင်းရင်းကိုတော့ ရှာရမယ်၊ သူ့ အမေကို ကျွန်တော် သွားတွေ့ရမယ်"

"သူတို့နဲ့ ပြောရတာ မလွယ်ဘူး"

"ဒီအမျိုးသမီးကတော့ လွယ်ပါတယ်"

*

မိုက်ဆိုဗိုသည် သူ့အား ညွှန်ကြားထားသည့် အတိုင်း နေ့ နှစ်နာရီ အချိန်တွင် ပါကင်ဆီးယားနှင့် ဝက်ဒလေ ရုံးသို့ လော်ရာဝင်းတားနှင့် အတူ ရောက်ရှိသွားသည်။ ဤတွင် သူတို့သည် ပေါလ်ကရုပ်ထရီး၊ ဂျိမ်းစပယ်ဒင် တို့နှင့် တွေ့ဆုံပြီး ချက်ချင်း ဆိုသလို သူတို့ကို အစည်းအဝေးခန်းသို့ ခေါ်ဆောင်သွားကြသည်။ ယခု တစ်ကြိမ်တွင်မူ ဟိန်ဖယ်ဒင် တစ်ဦးတည်းသာ လက်ရေးတို လက်နှိပ်စက် စာရေးကလေးနှင့် အတူ ရှိနေသည်။

ပထမပိုင်း မေးမြန်းမှုမှာ လျင်မြန်လှသည်။ မိုက်ဆိုဗို၏ နောက်ကြောင်း ရာဇဝင်ကို မေးသည်။ ထို့နောက် အလင်းကုထုံးနည်း အပေါ် မိုက်၏ သဘောထားကို မေးသည်။ ခရစ် အပေါ် သဘောထားကို မေးသည်။ ထို့နောက် ဆင်ပဆန်ဘောဘီကို ကုသရန် ခရစ် လက်သို့ ယုံကြည် စိတ်ချစွာ လွှဲအပ်သည့် အကြောင်းကို မေးသည်။

မိုက်က အလင်းကုထုံးနည်းကို သဘောကျ နှစ်သက်ကြောင်း ပြောသည်။ ခရစ်ကို မက်ထရို ပိုလီတန် ဆေးရုံသို့ သူ ခေါ်ယူသည့် အကြောင်းကပင် အလင်းကုထုံးနည်းတွင် ခရစ် ကျွမ်းဝင်သောကြောင့်ဟု ဆိုသည်။ ဆင်ပဆန် ဘောဘီကို ခရစ် လက်သို့ လွှဲအပ်ခြင်းမှာလည်း ခရစ် အပေါ်တွင် များစွာမှ ယုံကြည် စိတ်ချမှု ရှိသောကြောင့်ဟု ဆိုသည်။

"ဆင်ပဆန် ဘောဘီကို မိုက်က ပထမအကြိမ် စမ်းသပ် ကြည့်ရှုစဉ်က တစ်စုံတစ်ရာ ထူးခြားတဲ့ စိုးရိမ်ဖွယ်ရာ လက္ခဏာများ တွေ့ရှိရပါသလား"

"မတွေ့ရှိပါ"

"နာဗ်ကြောနှင့် သက်ဆိုင်သော လက္ခဏာများ တွေ့ရှိပါသလား"

"မတွေ့ပါ။ အင်မတန် ဆိုးရွားသော အခြေအနေမျိုး မဟုတ်လျှင် သည်အရွယ်တွင် မတွေ့ရှိနိုင်ပါ"





ခရစ်ကို မိုက်ဆိုဗို ခေါ်ယူသည့် အချိန်က ခရစ်သည် သုတေသန ဓာတ်ခွဲခန်းတွင် ရှိနေသည် ဆိုသော အချက်ကို ဟိန်ဖယ်ဒင် ထင်ရှားအောင် မေးသည်။ ထို့နောက် မိုက်နှင့် ခရစ်တို့ ပြောခဲ့ကြသော စကားများကို ပြန်ပြောခိုင်းသည်။ မိုက်ဆိုဗို ပြန်ပြောသည်။ စကားလုံး အတိအကျကိုတော့ သူ မမှတ်မိ၊ သို့သော် ပြောသည့် သဘောက ဆရာဝန်ကလေး၏ သုတေသန လုပ်ငန်းကို အနှောင့်အယှက် ပေးရသည့် အတွက် မိုက်က တောင်းပန်ခြင်းပင် ဖြစ်သည်။

ဟိန်ဖယ်ဒင်သည် ကိုယ် နှုတ် အမူအရာတို့ကို အထူးပင် သတိထားလျက် ရှိသဖြင့် သူသည် မည်သည့် အချက်ကို စူးစမ်းလျက် ရှိကြောင်း မိုက်ရော လော်ရာပါ မခန့်မှန်းနိုင်ဘဲ ရှိကြသည်။ သူသည် အထူး အရေးကြီးသော အချက်များကို ရှာဖွေနေသည်တော့ မဟုတ်။ သူသည် ကြိုတင် ပြင်ဆင်ထားသော မေးခွန်းများကို မေးမြန်းနေခြင်း ဖြစ်သည်။

အတော်ကလေး ကြာသွားသောအခါ မိုက်ဆိုဗိုသည် သက်သောင့်သက်သာ ရှိသွားသည်။ သူ့ကို သူတို့ ပေးခဲ့သော အကြံဉာဏ်သည် မှန်ကန်လှပေသည်။ မေးသည့် မေးခွန်းကို လိုရင်း တိုရှင်း ဖြေနိုင်လျှင် သက်သေတစ်ဦး၏ အလုပ်သည် ဘာမျှ မခက်ခဲပါချေ။

စစ်ဆေး မေးမြန်းမှု ပြီးဆုံးချိန်လောက်တွင်မှ ဟိန်ဖယ်ဒင်က လူမှုရေးကိစ္စများတွင် ယနေ့ လူငယ်ဆရာဝန်များ ဂရုထားလွန်းသည့် အပေါ်တွင် မိုက်ဆိုဗို၏ သဘောထား မည်သို့ ရှိသနည်းဟု မေးလိုက်သည်။ ယနေ့ လူငယ်ဆရာဝန်များသည် ဖြစ်ပျက်နေသော လူမှုရေးကိစ္စများ အပေါ်တွင် အထူးပင် စိတ်ဝင်စားကြကြောင်း၊ သို့သော် ဤအတွက် ဘာမျှ အန္တရာယ် မရှိနိုင်ကြောင်း မိုက် ဖြေကြားသည်။ သည်အတွက် လူငယ်ဆရာဝန်များသည် မိမိတို့ ခေတ်က ဆရာဝန်များထက်ပင် အကျိုးပြု လုပ်ငန်းများကို လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း မိုက်က ဖြည့်စွက် ပြောကြားလိုက်သည်။

လော်ရာဝင်းတား သူမ၏ ကုလားထိုင်တွင် တောင့်တောင့်ကြီး ဖြစ်သွားသည်ကို မြင်တွေ့သောအခါ မိမိသည် လိုအပ်သည်ထက် ပိုပြောမိပြီ ဖြစ်ကြောင်း မိုက်ဆိုဗို ချက်ချင်းပင် သတိပြုလိုက်မိသည်။

ဟိန်ဖယ်ဒင်က မေးခွန်း တစ်ခုကို ဆင့်မေးလာသောအခါ သူ့မှာ ပြီး စနိုးစနောင့် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယနေ့ လူငယ်ဆရာဝန်တွေရဲ့ စိတ်မှာ လူနာ တစ်ဦးချင်း ကုသတာ ထက် လူမှုရေး ပြဿနာက ပိုပြီး အရေးကြီးတယ်လို့ ဒေါက်တာ ဆို တာလား"

"မဟုတ်ပါဘူး"

မိုက် အော်လိုက်သည်၊

ဟိန်ဖယ်ဒင် ပြုံးလိုက်ပြီး–

"ကျွန်တော် တောင်းပန်ပါတယ် ဒေါက်တာ၊ စိတ်မဆိုးပါနဲ့"

ထို့နောက် ဟိန်ဖယ်ဒင်သည် သူ့ ရှေ့မှ စာရွက်ကို ကြည့်သည် နောက်ထပ် မေးစရာ ဘာမျှ မရှိတော့သဖြင့် စစ်ဆေး မေးမြန်းမှု ပြီး ဖြစ်ကြောင်း သူ ပြောလိုက်သည်။

အပြန်ခရီးတွင် မိုက်က လော်ရာကို ပြောသည်။

"နောက်ပိုင်းမှာ ကိုယ် ပြောတာ သိပ်မကောင်းဘူး ဖြစ်သွားတယ် လူငယ်တွေနဲ့ သူတို့ရဲ့ အယူအဆတွေ အကြောင်း ကိုယ် ဘာမှ မပြော ပါဘဲ ပိတ်ထားရင် ကောင်းတယ်"

"အမှန်အတိုင်း ပြောရရင်တော့ အဲဒီအကြောင်းကို သမီး ထည့်တော စဉ်းစားမိပါဘူး"

"ဒါဖြင့် သမီးက ဘာ စဉ်းစားနေသလဲ"

"အခြေအနေ ရှင်းပါတယ်၊ အခုဟာက မုန်တိုင်း မကျခင် ငြိမ်သက်နေ မျိုးပဲ၊ သူတို့က ဘာတစ်ခုကိုမှ နိုက်မယူဘူး၊ ဖြေနိုင်မယ့် မေးခွန်းတွေ မေးတာပါပဲ"

"ဒီအဘိုးကြီးကို စိမေးရင် ဘယ်လို ဖြစ်မလဲ ဆိုတာကို စမ်းသပ်ကြ တာပါပဲ၊ ဒါမှ တရားခွင်ကျရင် သူ့ကို ဘယ်လို တိုက်မယ် ဆိုတာ သူ တွက်ချက်နိုင်မယ် မဟုတ်လား"

"အို အန်ကယ်ကလည်း ကိုယ့်ကိုယ်ကိုယ် ဒါလောက် အပြစ်တ မနေပါနဲ့၊ အန်ကယ် ပြောသွားတာ အများကြီး ကောင်းပါတယ်၊ အဲဒီအတွက် ကျွန်မ စိုးရိမ်နေတာ"

"အဲဒီအတွက် စိုးရိမ်နေတာ၊ ဟုတ်လား"

လော်ရာ ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်–



"လူငယ်ဆရာဝန်တွေ အကြောင်း သူ စသွားတာ နည်းနည်း စဉ်းစား ဖြစ်နေတယ်၊ အရိပ်ကလေးပဲ ပြသွားတယ်၊ ဘာဆိုတာ မသိရဘူး၊ ယ်ရီဖရန်ကလင် ဝင်လာမှပဲ ဘာဆိုတာ သိရမှာပဲ"

"ဖရန်ကလင် ဆိုတာ ကင်းကောင်ကြီးလား၊ ရှေ့နေတွေဟာ သူ့ ည်ကို ကြားလိုက်ရရင် တုန်သွားတာချည်းပဲ"

"သူဟာ ဘာမှ မဟုတ်ဘဲနဲ့တော့ သူ့ကို တရားရုံးက နပိုလီယံလို့ ါကြပါဘူး"

မိန်းကလေးသည် ဤအမှုအတွက် များစွာမှပင် စိုးရိမ် ပူပန်နေကြောင်း ဆိုဗို ရိပ်စားမိသည်။ ယင်းကြောင့် သူ့ကို မေးလိုက်သည်။

"သမီး၊ အန်ကယ့်ကို တစ်ခု ပြောစမ်းပါ၊ မပြောချင်ဘူး ဆိုရင်လည်း ပါတယ်"

"ဘာများလဲ အန်ကယ်"

"သမီးနဲ့ ခရစ်ကြားမှာ တစ်ခုခုများ ရှိနေပြီလား"

"မရှိပါဘူး" မိန်းကလေးက ကမန်းကတန်း ဖြေသည်။ ထို့နောက် ာဖြစ်လို့ မေးတာလဲ"

မိုက် ပြုံးလိုက်ပြီး–

"ရို့စ် အမြဲတမ်း ပြောလေ့ ရှိတယ်၊ ကိုယ်ဟာ ဆရာဝန် တစ်ယောက် ရင် ရာချန်ကောင်း တစ်ယောက် ဖြစ်မှာပဲတဲ့"

မိန်းကလေးက နားမလည်ဟန်ဖြင့် ဆရာဝန်ကြီးကို ကြည့်သည်။

"ရာချန် ဆိုတာ ရဟူဒီစကား အောင်သွယ်ပဲ" မိုက် ရှင်းပြသည်။ င်မတန် ချောတဲ့ လှတဲ့ လူငယ် နှစ်ယောက်၊ အင်မတန် တော်တဲ့ တတ်တဲ့ ယ် နှစ်ယောက်ကို တွေ့တဲ့အခါမှာ ကိုယ်ဟာ သူတို့ နှစ်ယောက်ကို င်းစည်းပေးချင်တဲ့ စိတ်ကို ဘယ်လိုမှ မတွန်းလှန် နိုင်ဘူး ဖြစ်နေတယ်၊ သတို့ နှစ်ယောက် တပူးတွဲတွဲ လုပ်နေတာကို လွန်ခဲ့တဲ့ ရက်တွေက အန်ကယ် ရတော့ ဒီအမှုထဲကို သမီးကို အန်ကယ် ဆွဲခေါ်လာတာဟာ ကိုယ့်မှာ း ရည်ရွယ်ချက် ရှိလို့ပဲလို့ ထင်မိတယ်"

"ကျွန်မတို့ ဘာမှ မဖြစ်ကြပါဘူး၊ ဘာမှ မရှိပါဘူး၊ တစ်ခါမှလည်း ိန်းအချက် လုပ်ပြီး ဘယ်မှ မသွားကြပါဘူး၊ သူက ချိန်းခဲ့ရင်လည်း းက လက်မခံပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက် စကား မပြောတော့။ တိတ်ဆိတ်စွာ လျှောက်သွ
နေကြသည်။ မိုက်က အမှတ်မထင် ဆိုသလို မိန်းကလေးကို ကြည့်လိုက်သည
မိန်းကလေးက လှသည်။ အခုလို လေးလေးနက်နက် ရှိနေချိန်မှာပင် လှ
သည်။

"သမီးဟာ အမှုသည် တစ်ယောက်အတွက် အခုလို အမြဲတမ်းပဲ ပူ
နေတတ်သလား"

မိန်းကလေးက သူ့ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး–

"အမှုသည် တစ်ယောက်ရဲ့ ဥစ္စာခနေ ကိစ္စ ဆိုရင် ပြဿနာ တစ်
အမှုသည် တစ်ယောက်ရဲ့ ဘဝ တစ်ခုလုံးနဲ့ သက်ဆိုင်နေတဲ့ ကိစ္စ ဆို
ထူးခြားတဲ့ ပြဿနာ တစ်ခုပဲ"

"သူ့ ဘဝ ဟုတ်လား"

"ကျွန်မ စိတ်ထဲမှာတော့ ကြိုပြီး ထင်နေတာ တစ်ခု ရှိတယ်၊ ရှေ
ဟိန်ဖယ်ဒင် တို့ကတော့ ဘာလုပ်မယ် ဆိုတာ တွက်ထားကြပြီးသား ဖြစ်
သူတို့ ရည်မှန်းချက်က ခရစ် မှားတယ် ဆိုတာ ဖော်ထုတ်ရုံလောက်၊ ခရ
ဆေးလောကက သိက္ခာ ချရုံလောက်တော့ ဟုတ်မယ် မထင်ဘူး၊ ဒါထ
ပိုလိမ့်မယ်၊ ဒါထက် ဆိုးလိမ့်မယ်"

"ဘယ်လိုမျိုး ပိုဆိုးမှာလဲ"

"ကျွန်မတို့ မကြာခင် သိကြရမှာပဲ"

မိန်းကလေးက ဒါပဲ ပြောသည်။



၁၂

လေးသူငယ် ဆိုင်ရာ ဆရာဝန်များ နှစ်ပတ်လည် ညီလာခံကို မက်ထရို
တန် ဆေးရုံကြီးတွင် ကျင်းပရန် ဆင်ပဆန်နှင့် ဤဆေးရုံကြီး အမှု
မ်ကတည်းက စီစဉ် ထားခဲ့ခြင်း ဖြစ်သည်။ ယခုကျမှ ဤအစီအစဉ်ကို
ပြီး အခြား ဆေးရုံ တစ်ခုသို့ ပြောင်းရွှေ့ ကျင်းပရန် မဖြစ်နိုင်တော့။
ရေးလာရေး ကိစ္စတွေ အားလုံး ကပြောင်းကပြန် ဖြစ်ကုန်မည်။ တည်းခို
ိုင်ရေး ကိစ္စတွေ ပေါ်လာမည်။ ထို့အပြင် အမှုအတွက် ကြိုတင် ဆုံးဖြတ်
သဘောလည်း သက်ရောက် နေပေလိမ့်မည်။

ယင်းသို့ဖြင့် အစည်းအဝေးကို သတ်မှတ်ထားသည့် အတိုင်း ကျင်းပ
။ တွေ့ရှိချက် အသစ်များ ကုထုံးသစ်များ အကြောင်း ဟောပြောကြသည်။
နွေးကြသည်။

လော်ရာက ထိုညီလာခံသို့ တက်လိုကြောင်း ပြောကြားလာသောအခါ
မှာ အံ့သြရသည်။ သို့သော် အမျိုးသမီးက အလင်းကုထုံးနည်းနှင့်
သက်ပြီး ခရစ် ဆွေးနွေး ပြောကြားသည့် နေ့ရက်များတွင်သာ တက်
လိုသည်ဟု ဆိုသည်။ သူမက ဤကုထုံးနည်းအကြောင်း နားလည်
သည်။ ထို့အပြင် မိမိတို့ ဘက်မှ လိုက်ပါမည့် သက်သေများကို ရှာဖွေ
သည်း ဖြစ်သည်။

ခရစ်၏ တင်ပြချက်များကို လော်ရာ များစွာမှ ကျေနပ် အားရသည်။
သဖြင့် သူ၏ သုတေသန လုပ်ငန်းများထက် သူ၏ လူမှုရေး စိတ်အား



www.burmeseclassic.com

www.burmeseclassic.com



ထက်သန်မှုများ အပေါ် ကျေနပ်မိသည်။ သို့သော် ခရစ်၏ လူမှုရေး သ ထားများကို ဆရာဝန်ကြီး တော်တော်များများကမူ မနှစ်သက်ကြချေ။ အ ကြီး တစ်ယောက် ဆိုလျှင် အခန်း ထဲမှပင် ထွက်သွားသည်။ သို့သော် လူ ဆရာဝန် အများစုကမူ စိတ်အားထက်သန်စွာ နားထောင်ကြသည်။

ခရစ်သည် မှန်မှန်ကန်ကန် ထိန်းပေးနိုင်လျှင် တရားခွင်တွင် သက် ကောင်း တစ်ယောက် ဖြစ်နိုင်သည်ဟု လော်ရာ ယူဆသည်။ ထို့အပြင် လူကြီးများ အဖွဲ့တွင် အမျိုးသမီးတွေ များများ ပါနိုင်သမျှ ပါအောင် ကြိုး သင့်ကြောင်း ကရုပ်ထရီးကို သူမ အကြံပြုသည်။ အမျိုးသမီးများသ ခရစ်၏ ကိုယ်ဝန်ဆောင် ကာလ ပြုစုစောင့်ရှောက်ရေး အယူအဆ ကိုသာ ခရစ်ကို ယောကျ်ား တစ်ဦး အနေနှင့်လည်း သဘောကျ နိုင်ကြပေသ သို့သော် ထိုအမျိုးသမီးများ ထဲတွင် မိမိ မပါဟု လော်ရာ ယူဆသည်။ ရာသည် ခရစ် အကြောင်း မိုက်နှင့် ပြောပြီးကတည်းက သူမ၏ ခေ ထဲသို့ ထိုအတွေးမျိုး မဝင်ရောက်စေရန် အစဉ် ပယ်ဖျက်လျက် ရှိသည်။

လော်ရာသည် ဟောပြောချက် တော်တော်များများကို တက်ရော နားထောင်ခဲ့သဖြင့် သူမကို ညီလာခံ နိဂုံးချုပ် ညစာ စားပွဲကြီးသို့ ဖိတ်ကြာ ခရစ် ဆုံးဖြတ်လိုက်သည်။

ညစာစားပွဲတွင် ဆရာဝန် ကတော်လေးများသည် သူတို့ ခင်ပွန်းသ များ၏ အောင်မြင်မှု အပေါ် မူတည်ပြီး အပြိုင်အဆိုင် ဝတ်စား ဆင်ယင် သည်ကို တွေ့မြင်ရသောအခါ လော်ရာသည် ဆရာဝန် တစ်ဦးကို လက်မ မိသည့် အတွက် ဝမ်းသာနေသည်။ သို့သော် အမျိုးသမီး တော်တော်များ ကမူ သူမကို ဆရာဝန်ကတော် တစ်ယောက်ဟုပင် မှတ်ယူပြီး သူမ၏ ခင် အကြောင်း မေးမြန်း စူးစမ်းကြသည်။

သူတို့ နှစ်ယောက် ကပွဲခန်းထဲမှ ထွက်လာပြီး စားပွဲများ အကြ ခပ်သုတ်သုတ် လျှောက်သွားကြစဉ်တွင် ခရစ်သည် ကျောင်းနေဖက် သူ ချင်း တစ်ဦး ဖြစ်သော ဟာဗေး ဘယ်လာမီနှင့် တွေ့ဆုံရသည်။

ဟာဗေးသည် အောင်မြင် ကျော်ကြားနေသော ကလေးဆရာ တစ်ဦး ဖြစ်သည်။ သူ့ မျက်နှာ ချောမောပြီး ချိုပြုံးလျက် ရှိသဖြင့် မိခင်လော များက သူ့ကို ယုံကြည် အားထားကြသည်မှာ သေချာကြောင်း လော် ဘူးဆမိသည်။ သူ့ ဇနီး ကလဲယာမှာ လှပရုံသာမက လှပစွာလည်း ဝတ် ထားလေသည်။





“ဟေး… ခရစ် မတွေ့ကြတာ ကြာလှပြီ၊ ဒီတစ်ပတ်လုံးလုံးလည်း စကား တစ်လုံးမှ ဖြောင့်အောင် မပြောကြရဘူး၊ တို့ အခု တစ်ခုခု သောက်ကြ ရအောင်လား”

“ကိုယ်လည်း မင်းနဲ့ စကား ပြောချင်ပါတယ်၊ ဒါပေမဲ့ မိုးချုပ် နေပြီ၊ လော်ရာက မနက် အစောကြီး ရုံးတက်ရမှာ”

သို့သော် ခရစ်၏ စကားမဆုံးမီတွင် ဟာဗေးက ကြားဖြတ်လျက်–

“ဒီမယ် ခရစ်၊ အဲဒီ အကြောင်းတွေကြောင့် မင်းနဲ့ကိုယ် စကား ပြောချင်နေတာပေါ့”

“ဘာပြောတယ်”

ခရစ် နားမလည်ဟန်ဖြင့် ပြန်မေးသည်။

“မတ်တတ်ရပ်ပြီး စကား ပြောရတာထက် ထိုင်ပြီး ပြောရတာကို ကိုယ် သဘောကျတယ်၊ လာပါ၊ တို့ အားလုံး တစ်ခုခု သောက်ကြတာပေါ့”

သို့ဖြင့် သူတို့သည် ယမကာဆောင် အတွင်းရှိ ထောင့်ခန်းကလေး တစ်ခုတွင် ထိုင်မိကြသည်။ စားပွဲထိုးကို မှာကြားထားစဉ် အတွင်းတွင် ဟာဗေး သည် ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် နေထိုင်ရသည့် အကြောင်း၊ နေလို့ ထိုင်လို့ ကောင်းသည့် အကြောင်းတို့ကို ခပ်ပေါ့ပေါ့သာ ပြောဆိုလျက် ရှိသည်။

သို့သော် သူတို့ မှာထားသော ယမကာများကို စားပွဲထိုး ပို့သွားပြီးသည့် နောက်ပိုင်းတွင်ကား သူသည် အလေးအနက် ပြောဆိုတော့သည်။

“တို့ နှစ်ယောက်ဟာ ဒါလောက် ခင်ကြတဲ့ သူငယ်ချင်းတွေ မဟုတ်ဘူး ဆိုရင်တော့ ကိုယ် ပြောမယ့် စကားကို အသိုင်းအဝိုင်းတွေ လုပ်ပြီးမှ ပြောမှာပဲ”

ခရစ် ဘာမှ မပြော။

“မင်းဟာ အတော်မိုက်တဲ့ ကောင်ပဲ၊ စာပေ သင်ကြားရေးနဲ့ သုတေ သန ဘက်ကို မင်း လိုက်မယ် ဆိုတော့ ငါ ထင်ခဲ့တယ်၊ ရန်ပုံငွေ ရှာရတဲ့ လုပ်ငန်း၊ ထောက်ပံ့ကြေး တောင်းခံရတဲ့ လုပ်ငန်းတွေဟာ ဘယ်လောက် ငြီးငွေ့စရာ ကောင်းမယ်တယ် ဆိုတာ ဒီကောင် မကြာခင် သဘောပေါက် သွားမှာပဲလို့ ငါ ယူဆခဲ့တယ်”

“ငါတို့ နှစ်ယောက် ကျောင်းပြီးတဲ့ အပတ်မှာပဲ မင်းကို ငါနဲ့ အတူ ဆေးခန်းမှာ လာထိုင်ဖို့ ငါ ခေါ်ခဲ့တယ် မဟုတ်လား၊ အခုလည်း မင်းကို ငါ ထပ်ခါ ထပ်ပြီး ခေါ်ပါတယ်၊ မင်း အခု တွေ့နေရတဲ့ အရှုပ်အထွေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားခဲ့စမ်းပါ၊ နောက်ဆုံး ငါ ပြောမယ်၊ ဒီအမှုမှာ မင်းရှုံးသွားဦး မင်း ဘာဖြစ်မလဲ၊ ဘယ်ဇူရော် လူကြီးကမှ မင်းကို ငွေငါးသန်း မလျော်ခိုင်းဘူး၊ မင်း ဘာမှ မဖြစ်နိုင်ဘူး"

"ငွေရေး ကြေးရေးလား"

ခရစ် ထွက်ဆိုလိုက်သည်။

"အေး ဟုတ်တယ်၊ ငွေရေး ကြေးရေးအရ မင်း ဘာမှ မဖြစ်နိုင်ဘူး၊ အာမခံ ကုမ္ပဏီက လျော်စရာ ရှိတာတွေကို အကုန် လျော်လိမ့်မယ်"

"အာမခံ ကုမ္ပဏီကတော့ စေ့စပ် ကျေအေးချင် နေတာပဲ"

လော်ရာက ဝင်ပြောလိုက်သည်။

"ကျေအေးပါစေ၊ ကျေအေးပေစေပေါ့၊ ဒီမယ် ခရစ် မင်းအတွက် ကောင်းဖို့ပါ၊ အဲဒါတွေကို အဆုံးသတ်လိုက်ပါ"

"မောင်ရင် ပြောသလောက် မလွယ်ဘူး"

ခရစ်က ပြောလိုက်သည်။

"ဘာဖြစ်လို့ မလွယ်တာလဲ၊ မောင်ရင်က မလုပ်ချင်လို့ပဲ မဟုတ်လား"

"လူ တစ်ယောက်ဟာ သူ့ရဲ့ ဂုဏ်သိက္ခာကို ကာကွယ်နေရမယ် မဟုတ်လား"

လော်ရာက ပြောလိုက်သည်။

"သူ့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်သွားရင် သူဟာ တခြား တက္ကသိုလ် တစ်ခုမှာ အလုပ် မရနိုင်တော့ဘူးလို့ ညီမက ဆိုလိုတာလား၊ တက္ကသိုလ်က ပေးတဲ့ လခဟာ သူ ရသင့်တာရဲ့ ဆယ်ပုံတစ်ပုံပဲ ရှိတယ်၊ ဟုတ်တယ် သူဟာ ဂုဏ်သိက္ခာ ကျသွားပြီ ဆိုရင်တော့ အဲဒီလောကက ထွက်ပြီး တကယ့် ကမ္ဘာကြီး ထဲမှာ ဆေးကုစားရမယ်"

ခရစ် ဘာမျှ မပြော။ သူ့ ဖန်ခွက်ကိုသာ လက်ချောင်းများဖြင့် ထိကစား နေလျက် ရှိသည်။

"ခရစ် ကိုယ် ပြောတာ ကြားလား"

"မောင်ရင် နားမလည်ပါဘူး ဟဗ်"

"ငါ နားမလည်ပါဘူး ဟုတ်လား၊ ငါက မင်းတပည့် တစ်ယောက် မဟုတ်ပါဘူး၊ မင်းနဲ့ ငါဟာ ကျောင်းတုန်းက တစ်နဲ့ နှစ်ပါ၊ တစ်ခါတလေမှာ နှစ်နဲ့ တစ်ပါ"





ခရစ် ခေါင်းညိတ်သည်။

"မင်း အခု လိုက်နေတဲ့ လမ်းကို ငါလည်း လိုက်နိုင်ပါတယ်၊ ဒါပေမဲ့ ငါ မလိုက်ဘူး၊ အဲဒါ ငါ မှားသလား၊ ပြောစမ်းပါ၊ ငါဟာ သူများတွေရဲ့ ထောက်ပံ့ကြေး ပေါ်မှာ မှီမနေရဘူး၊ ကိုယ့် အထက်က လူကြီး တစ်ယောက် အပေါ်မှာ မှီခို မနေရဘူး၊ အုပ်ချုပ်ရေးအဖွဲ့ အပေါ် မှီခို မနေရဘူး၊ ငါ့မှာ အိပ်ခန်း ၁၂ ခန်း ပါတဲ့ အိမ် တစ်လုံး ရှိတယ်၊ ငါ့ အိမ် ဧည့်ခန်းကနေ ကြည့်လိုက်ရင် တစ်ဖက်မှာ ကာလီဖိုးနီးယား သဲကန္တာရကြီးကို မြင်ရတယ်၊ နောက်တစ်ဖက်မှာ ရေခဲတွေ ဖုံးလွှမ်းနေတဲ့ တောင်တန်းတွေ ရှိတယ်၊ ငါ့ကလေးတွေဟာ အကောင်းဆုံး ပရိုက်ဗိတ် ကျောင်းကို သွားကြတယ်၊ ငါ့ မိန်းမမှာ အမြဲတမ်း အိမ်ဖော် နှစ်ယောက် ရှိတယ်၊ သူ့ အတွက် မာစီဒီး အက်စ်အယ်လ် တစ်စီး သပ်သပ် ရှိတယ်၊ ရာသီဥတုကလည်း ပြောရင် ယုံနိုင်စရာ မရှိဘူး၊ အမြဲတမ်း သာယာ လှပနေတယ်၊ ဒါပေမဲ့ ဒါတွေကို အပေါ်ယံ ပကာသနတွေ အဖြစ် ထားလိုက်ဦး၊ ပိုပြီး အရေးကြီးတာက ကိုယ့်မှာ ကိုယ်ပိုင် ဆေးဝန်ထမ်းတွေ ရှိတယ်၊ မြေနဲ့ အဆောက်အအုံကို ကိုယ် ပိုင်ထားတယ်၊ ကိုယ့်အဖွဲ့မှာ ဆရာဝန် ရှစ်ယောက် ရှိတယ်၊ ကိုယ်တို့မှာ အကောင်းဆုံးနဲ့ နောက်ဆုံးပေါ် ပစ္စည်း ကိရိယာတွေ ရှိတယ်၊ သူငယ်ချင်းဟာ ငါးနှစ် အတွင်းမှာ တင့်တောင့် တင့်တယ် ဖြစ်သွားမယ်"

ဟာဗေး ခေတ္တမျှ စကား ရပ်သွားပြီး ဖန်ခွက်ကို လက်စသတ်လိုက်သည်။

"ကိုယ် ပြောနေတာ ငွေကိစ္စချည်း မဟုတ်ဘူး ခရစ်၊ ကိုယ်တို့ရဲ့ နေထိုင်မှု ဘဝပါ ပါတယ်၊ သူငယ်ချင်း ဂေါက်ကွင်းကို နောက်ဆုံး ရောက်ခဲ့တာ ဘယ်တုန်းကလဲ၊ နေဦး ကိုယ် မေ့သွားတယ်၊ မောင်ရင်က ဂေါက်သမား မဟုတ်ဘူး၊ တင်းနစ်သမားပဲ၊ တင်းနစ်ကွင်းမှာ မောင်ရင် နောက်ဆုံး ကစားခဲ့တာ ဘယ်တုန်းကလဲ"

ခရစ် ပခုံး တွန့်လိုက်သည်။ သူ မမှတ်မိပါ။

"မောင်ရင် ဘယ်တုန်းက အနားယူခဲ့ရသလဲ၊ ကိုယ် ပြောတာက တကယ့် အေးအေးဆေးဆေး အနားယူရတာကို ပြောတာ၊ တယ်လီဖုန်းတွေနဲ့ ဝေးတာကို ပြောတာ၊ မောင်ရင့် အထက်လူကြီးနဲ့ ဝေးတာကို ပြောတာ၊ အေး ကိုယ် ဆိုရင်တော့ ဗုဒ္ဓဟူးနဲ့ တနင်္ဂနွေနေ့တိုင်း နားတယ်၊ ကိုယ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂေါက်ဟင်ဒီကက်ကလေး ရက်ကက် ကလပ်မှာ ကိုယ်ဟာ အမြဲတမ်း ထိပ်ကတဲ ကိုယ့်မှာ မိသားစု အတွက် အချိန် ရှိတယ်၊ မိန်းမ အတွက် အချိန် ရှိတယ်”

သူက လော်ရာကို ကြည့်လိုက်သည်။ သူမ ထံမှ ထောက်ခံမှုကို တောင်းခံလိုက်ခြင်း ဖြစ်သည်။ မိမိတို့ နှစ်ယောက်တွင် မရှိသော ဆက်ဆံရေးကို သူက ရှိသည်ဟု ထင်နေပြီ ဖြစ်ကြောင်း လော်ရာ နားလည်လိုက်သည်။

လော်ရာက ဘာမျှ ပြန်မပြောသောအခါ ဟာဗေးက သူ့ စကားကို ဆက်သည်။

“ဆရာဝန် တစ်ယောက်ဟာ ဒိဋ္ဌမမ္မသမား တစ်ယောက် ဖြစ်ရမယ်လို့ ဘယ်ဥပဒေကမှ ဆိုမထားဘူး၊ ကိုယ်တို့ နေနေတဲ့ ကမ္ဘာကြီးမှာ စီးပွားရေး ဘာသာရေး နေရာမှာ နေပြီး လမ်းလွဲတွေကို လိုက်နေဖို့ အချိန် မဟုတ်တော့ဘူး၊ ဒီမှာ ခရစ် ကိုယ်တို့မှာ ကျွမ်းကျင်တဲ့ ကလေးပါရဂူ တစ်ယောက် လိုနေတယ်၊ မောင်ရင် အဲဒီမှာ ထိုင်ပြီး ကိုယ့်ဘဝကို အပျက်စီး ခံနေဖို့ အချိန် မဟုတ်တော့ဘူး၊ ကိုယ်တို့နဲ့ အတူ လာလုပ်လှည့်ပါ၊ မောင်ရင့် ပညာတွေနဲ့ ကြိုးစားမှုတွေ အလဟဿ မဖြစ်ပါစေနဲ့”

“ဒီမယ် ဟာဗ် မဖြစ်နိုင်...”

ခရစ် စကား စစဉ်–

“မဖြစ်နိုင်ဘူး ဆိုတာ အခု မပြောပါနဲ့ဦး၊ မောင်ရင့်ကို ကိုယ် အလုပ် တစ်ခု ပေးနေတာ မဟုတ်ဘူး၊ ကိုယ်နဲ့ စပ်တူ လုပ်ဖို့ ပြောနေတာ၊ ပထမ တစ်နှစ် အတွင်းမှာပဲ မောင်ရင်ဟာ ဒေါ်လာ တစ်သိန်း ရနိုင်တယ်၊ ကိုယ်တို့ နှစ်ယောက် တွဲလုပ်လို့ ရှိရင် မောင်ရင့် ဘဝဟာ တစ်ခါတည်း ပြည့်စုံ ချမ်းသာ သွားမယ်”

“မောင်ရင် ပြောတာတွေကို ကျေးဇူးမတင်လို့ ပြောနေတာ မဟုတ်ဘူး”

“ဒါဖြင့်ရင် ဘာဖြစ်လို့လဲ”

“ကိုယ်ဟာ လက်ရှိ ကိစ္စကို အလျင်ဆုံး ရင်ဆိုင် ရဦးမယ်”

“ကိုယ် လုပ်တဲ့ အလုပ်မှာ ဘယ်သူကမှ တရား မစွဲဘူး”

“ဒါပေမဲ့ ကိုယ် လုပ်တဲ့ နေရာမှာတော့ လူတွေက တရားစွဲကြတယ် ကိုယ်ကလည်း ပြန်ပြီး ရင်ဆိုင်ရမယ်”





“မောင်ရင်ဟာ အနိုင်ရဖို့ မထိုက်တန်တဲ့ စစ်ပွဲ တစ်ခုကို အနိုင် တိုက်နေတာပဲ၊ မောင်ရင်ဟာ ကိုယ်နဲ့ အတူ လာမလုပ်ချင်ရင် နေပါ၊ ဒါပေမဲ့ ဒီအမှု အတွက်တော့ ရုံးပြင်ကနားတွေကို သွားမနေပါနဲ့”

“ဟဗ် ကိုယ်ဟာ ခုအချိန်ကျမှတော့ နောက်ဆုတ်လို့ မရတော့ဘူး၊ တခြား အကြောင်းတွေကို ထားလိုက်ဦး၊ ဆရာကြီး မိုက်ဆိုဗိုကို ဒုက္ခတန်းလန်းနဲ့ ကိုယ် ပစ်မထားခဲ့နိုင်ဘူး”

“ဆရာကြီး မိုက်ဆိုဗို ဟုတ်လား၊ ဒီမှာ ခရစ် ကိုယ် ပြောတဲ့ ကိစ္စကို ဆရာကြီးနဲ့ တိုင်ပင်ကြည့်ပါ၊ ဆရာကြီးကတော့ စေ့စပ် ကျေအေးဖို့ကို ပထမဆုံး သဘော တူလာလိမ့်မယ်”

“ကိုယ်တော့ မထင်ဘူး”

“သူ့ကို ကြည့်စမ်းပါ၊ ဆရာကြီးဟာ ဆေးပညာ လောကမှာ တစ်သက်လုံး လုပ်လာခဲ့တယ်၊ အခု သူဟာ သူ့ အလုပ်အတွက် ခုခံ ကာကွယ်နေရတယ်၊ အရူး တစ်ယောက်က သူ့ကို လက်စားချေဖို့ ကြိုးစားနေတယ် ခရစ်၊ မောင်ရင်ကကော မောင်ရင့် ဘဝကို ဒီလိုပဲ ဖြစ်ချင်လို့လား”

“ကိုယ် တောင်းပန်ပါတယ် သူငယ်ချင်း”

ခရစ်က အငြင်းအခုံ မပြုဘဲ ပြောလိုက်သည်။ သူက စစ်မြေပြင် မချဲ့ချင်ပါ။ သို့သော် ဟာဗေးသည် လက်မလျှော့သေးဘဲ–

“မောင်ရင့် ပြဿနာကို မောင်ရင် သိပါတယ်၊ မောင်ရင်ဟာ မောင်ရင့် ဘဝအတွက် ပေးဆပ်နေတာ မဟုတ်လား၊ ဒီမှာ ခရစ်၊ မောင်ရင်ဟာ ဆင်းရဲသား ရပ်ကွက်မှာ ကြီးပြင်းခဲ့ရတဲ့ အတွက် ဆင်းရဲသားတွေကို ဘာမှ ပေးဆပ်စရာ မလိုပါဘူး”

ခရစ်က သူ့ လက်ထဲမှ ဖန်ခွက်ကို ချလိုက်သည်။ သည်အခါတွင် ဆွေးနွေးပွဲ ပြီးဆုံးပြီ ဖြစ်ကြောင်းကို ဟာဗေး နားလည်ရသည်။ သို့ဖြင့် သူ ပြောသည်။

“ကိုယ် ပြောတာတွေကို မောင်ရင် စဉ်းစားပါဦး၊ မောင်ရင့်အတွက် ကြာနိုင်သမျှ ကြာကြာ လမ်းဖွင့်ထားပါ့မယ်၊ မောင်ရင် တစ်ခု မှတ်ထားပါ၊ မောင်ရင့်ကို ကိုယ် လိုချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မောင်ရင်ဟာ ကိုယ် သိသမျှ ထဲမှာတော့ အကောင်းဆုံး ကလေးသူငယ် ဆရာဝန် တစ်ယောက်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး စကားသည် တကယ်ပင် ရိုးရိုးသားသား ပြောလိုက်ခြင်း ဖြစ်သည်။

"ကိုယ် စဉ်းစားပါ့မယ်၊ ကိုယ် ကတိပေးပါတယ်"

နောက်ဆုံးတွင် ခရစ်က တုံ့ပြန်လိုက်သည်။

ထိုအခါ ဟာဗေးသည် လော်ရာ ဘက်သို့ ဦးလှည့်သည်။

"သူ့ကို ပြောပါ၊ သူဟာ ဒီကိစ္စကို သူ့ အတွက် မလုပ်တောင် ညီမ အတွက် လုပ်သင့်တယ်၊ သူဟာ ညီမကို တင့်တောင့်တင့်တယ် ထားဖို့ တာဝန် ရှိတယ်၊ ညီမတို့ရဲ့ ဘဝဟာ ကလေးတွေနဲ့ သာသာယာယာ ရှိရမယ်"

လော်ရာ ပြုံးလိုက်ပြီး–

"ခရစ်ဟာ ကျွန်မရဲ့ အမှုသည်ပါ၊ ကျွန်မရဲ့ ချစ်သူ မဟုတ်ပါဘူး"

"ကိုယ် တော်တော်တုံးတာပဲ၊ ကိုယ်က မောင်ရင်တို့ နှစ်ယောက်ကို ကြည့်ပြီး..."

ဟာဗေး တစ်ဖက်သို့ လှည့်ပြီး–

"ကိုယ် ပြောတာတွေကို မောင်ရင် စဉ်းစားပါ"

"ကိုယ် စဉ်းစားပါ့မယ်"

ခရစ် ကတိပေးလိုက်သည်။ ဆွေးနွေးပွဲ ပြီးဆုံးသွားသည်။

အပြန်ခရီးတွင် လော်ရာ၏ ကားကို ခရစ်က မောင်းနှင်သည်။ လမ်းမှာ သူတို့ စကား နည်းနည်းပဲ ပြောကြသည်။ နောက်ဆုံးတွင်မှ ခရစ်က–

"ဟာဗေးဟာ ပထမတန်း ဆရာဝန် တစ်ယောက်ပဲ၊ ကျွန်တော့်ကလေး တစ်ယောက်ကို သူ့ကို ယုံယုံကြည်ကြည်နဲ့ လွှဲအပ်နိုင်တယ်၊ သူ ပြောတဲ့ ရော အကြောင်းတွေ၊ သူ ဘယ်လို နေတယ် ထိုင်တယ် ဆိုတာတွေ၊ သူ့ လုပ်ငန်းတွေ ကို မေ့ထားလိုက်ပါတော့၊ ဒါပေမဲ့ သူဟာ မတော်ဘဲနဲ့တော့ ဒီလို အောင်မြင် မလာနိုင်ပါဘူး"

"ဒေါက်တာက ဘာဖြစ်လို့ သူ့ကို ကာကွယ် နေရတာလဲ၊ ကျွန်မက ဘာ တစ်ခွန်းမှလည်း မပြောရပါကလား"

"ဆေးလောကကို စတင်တဲ့ နေရာမှာ လမ်းနှစ်သွယ် ရှိတယ်၊ ဟာဗေး ဟာ ကိုယ်ပိုင် ဆေးကုတဲ့ ဘက်ကို ရွေးတယ်၊ ကျွန်တော် သူ့ကို အပြစ်မတင် ပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ အဲဒီလမ်းကို မရွေးဘူး၊ ကျွန်တော် ရွေးသင့် သလား"





လော်ရာ မဖြေပါ။

"ရွေးသင့်သလား"

ခရစ် ထပ်မေးသည်။

လော်ရာ မည်သို့မျှ မတုံ့ပြန်သောအခါ ခရစ် အနည်းငယ် ဒေါသ ဖြစ်ဟန်ဖြင့်–

"လော်ရာ ဘာမှ ထင်မြင်ချက် ပေးစရာ မရှိဘူးလား"

"မိန်းမ တစ်ယောက် အနေနဲ့လား၊ ရှေ့နေ တစ်ယောက် အနေနဲ့လား"

"နှစ်မျိုးစလုံး"

"မိန်းမ တစ်ယောက် အနေနဲ့ ပြောရရင်တော့ အင်မတန် ကောင်းတဲ့ လမ်းသွယ်ပေါ့၊ သူ့ မိန်းမ ဝတ်ထားတဲ့ သားမွေး အင်္ကျီနဲ့ အဝတ်အစားတွေကို ဒေါက်တာ မတွေ့ဘူးလား၊ စိန့်လောရင့် အစစ်တွေပဲ၊ ပြီးခဲ့တဲ့ နှစ်လက ဟပ်ပါး မဂ္ဂဇင်းမှာ ပါတယ်"

"ဟပ်ပါးကို လော်ရာ ဖတ်သလား"

ခရစ် အံ့သြစွာ မေးသည်။

"နှစ်မျိုးစလုံး အနေနဲ့ ဖတ်တယ်" သူမက ခပ်မြုံးမြုံးကလေး ပြန်ပြော သည်။ "ဟပ်ပါး မှုရင်း ဆောင်းပါးတွေကို ရှေ့နေ တစ်ယောက် အနေနဲ့ ဖတ်တယ်၊ ဟပ်ပါး ဈေးခင်းကို မိန်းမ တစ်ယောက် အနေနဲ့ ဖတ်တယ်၊ ကျွန်မက ယောက်ျား တစ်ယောက် အနေနဲ့ မွေးလာတာမှ မဟုတ်ဘဲ"

သူမ၏ စကားသည် နောက်ပြောင်သည့် အနေဖြင့် ပြောလိုက်ခြင်း ဖြစ်ကြောင်း ခရစ် သိသော်လည်း သူမ ပြောသည့် သဘောတွင် သူမကို မိန်းမ တစ်ယောက် အနေနှင့် မဆက်ဆံစေလိုသည့် အသံ ပါနေသည်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးကို အခုလိုမျိုးပဲ ဖြစ်စေ ချင်တာ လော်ရာရဲ့ စိတ်ကူးပဲ မဟုတ်လား"

မိန်းကလေး မဖြေပါ။

သူတို့ နှစ်ယောက် ဘယ်သူကမျှ ဘာမျှ မပြောကြပါ။ သို့သော် သူ၏ အိမ်နားသို့ ရောက်ရှိလာသောအခါ ခရစ်က သူမကို တံခါးဝ အထိ လိုက်ပို့သည်။

"ဟာဗေဟာ ကျွန်တော် ထင်ထားသလို အခြေအနေကို အမှန်အတိုင်း ထွက်တတ်တဲ့ လူ တစ်ယောက် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးကို သူ အတွက် မှားခဲ့တယ် အင်းလေ ဒါတော့ သူ တစ်ယောက်တည်း မဟုတ်ပါဘူး"

ခရစ်က သူမ၏ ပြာလဲ့သော မျက်လုံးများကို ငုံ့ကြည့်ရင်း–

"လော်ရာ ပြောတာ ဘယ်လို အဓိပ္ပာယ်လဲ"

"တစ်နေ့က အန်ကယ်မိုက်ကလည်း ဒီကိစ္စကိုပဲ မေးခဲ့တယ်"

"မိုက် ဟုတ်လား"

မိန်းကလေး မဖြေပါ။ သော့ပေါက် ထဲသို့ သော့တံ သွင်းလိုက်သည်။

"မိုက်"

ခရစ် ရွတ်ဆိုလိုက်သည်။ ထို့နောက် မိန်းကလေးကို သူ့ ဘက်သို့ ဆွဲလှည့်လိုက်သည်။

"ညီမ ပြောတဲ့ အဓိပ္ပာယ်က ဒီကိစ္စကို ကိုယ်တို့ နှစ်ယောက်က လွဲရ အားလုံးက သိနေတယ် ဆိုတဲ့ သဘောလား"

သူက သူမကို နမ်းလိုက်မည် ပြုသည်။ မိန်းကလေးက နောက်ဆုံးသော ကန့်ကွက်စကားကို ဆိုရန် ကြိုးစားသည်။

"အို မဟုတ်ဘူး"

သို့သော် သူက သူမကို အမိအရ နမ်းလိုက်နိုင်သည်။ သူမ၏ ကိုယ် ခန္ဓာကလေး သူ့ ကိုယ်တွင် ဖိကပ်လာသည်။

သူတို့ နှစ်ယောက်၏ မျိုသိပ် ထိန်းချုပ်ထားသော ခံစားမှုများ ပေါ ကွဲကြလေပြီတည်း။ သူမက သူ့ကို ပြန်ပါတော့ဟု ဟန်ဆောင်စကား မပြေ တော့။ နှစ်ဦးစလုံး၏ ဆန္ဒများမှာ တူညီလျက် ရှိချေပြီ။ နှစ်ယောက်စလုံး အချစ် သွေးများ ဆူကြွလာတော့သည်။ သူမ၏ ထက်သန်မှုသည် သူ ထင်ထား သည် ထက်ပင် ပိုနေတော့သည်။



## ၁၃

ဂရန့်သည် ကလေးသူငယ်ဆောင်တွင် ရောက်ရှိနေပြီ။ ပလတ်စတစ် ကလေး အတွင်း၌ ခက်ခဲ ပင်ပန်းစွာ အသက်ရှူလျက် ရှိသော အသားဝါဝါ ကလေးငယ်ကလေးကို ငေးစိုက်ပြီး ကြည့်နေသည်။ ခရစ်သည် မော့မကြည့် သူ့ ဘေးတွင် ရှိနေသော လက်ထောက် ဆရာဝန် ဖီးလ်ကာရေးကို ပြော သည်။

"ဒီပေါက်စကလေးကို အောက်ဆီဂျင် ပေးရမယ်"

သူတို့ အနီးတွင် ရှိနေသော ဆရာမသည် အမိန့်ပေးမည်ကို စောင့်မနေ ဘဲ ချက်ချင်းပင် စတိုခန်းသို့ သွားရောက်ကာ အောက်ဆီဂျင် သွားယူ သည်။

ခရစ်သည် ပိုးသတ်ထားသော သူ့ လက်ကို ပလတ်စတစ်အိမ် အတွင်း သို့ ထိုးသွင်းပြီး ကလေးငယ်၏ အသည်းကို စမ်းသပ်ကြည့်သည်။ တွေ့ရှိရ ချက်ကို သူ ကျေနပ်ပုံ မရပါ။

"သွေးဖလှယ်ဖို့ လုပ်ပေးစမ်းပါ"

"ဟုတ်ကဲ့"

ကာရေးက ဖြေလိုက်သည်။

ခရစ်သည် ကလေးငယ်၏ မှတ်တမ်းစာရွက်ကို ဆွဲယူ ကြည့်လိုက် သည်။ "လိုးပက်ဘောဘီ၊ နေ့လမစေ့ မွေးဖွားခြင်း၊ ကိုယ်ဝန်ဆောင် ကာလ



www.burmeseclassic.com

www.burmeseclassic.com



၃၄ ပတ်၊ ယေဘုယျအသွင် ဝါကြန့်ခြင်း၊ အသားအရေ ဝါသည်၊ မျက်လုံး လိမ္မော်ရောင်အဝါ" လွန်ခဲ့သော သုံးနာရီက ရေးမှတ်ထားခြင်း ဖြစ်သည်

မှတ်တမ်းတွင် ဖော်ပြထားသော ရောဂါ လက္ခဏာများသည် ယခု ပို၍ သိသာ ထင်ရှားလျက် ရှိကြောင်းကို ခရစ် တွေ့ရှိရသည်။ သူနာ ဆရာမ အောက်ဆီဂျင် ခေါင်းစွပ်ဘူးကို ယူပြီး ပြန်လည် ရောက်ရှိလာသ ထွင်းဖောက်၍ မြင်နိုင်သော ပလတ်စတစ် ဘူးကလေး ဖြစ်သည်။ က ငယ် တစ်ဦး၏ ခေါင်းကို ဘူးအတွင်း ထည့်ထားသော အချိန်တွင် လည် တင်ရန် အတွက် လခြမ်းကလေး ပါရှိသည်။ ဆရာမက ဘူးအဖုံးကို ဖွင့် ရှိသောအခါ ခရစ်က–

"မဖွင့်နဲ့၊ ကျုပ်တို့ သွေးဖလှယ်ကြမယ်"

"သူ့ ကိုလား"

ဆရာမက မေးသည်။

သူ၏ အဆုံးအဖြတ်ကို အမေးအမြန်း လုပ်သည့်အတွက် ခရစ် စိတ် သွားပြီး–

"ဒီမယ် ချတ်ကို ကြည့်စမ်း၊ သွေးဖလှယ်ဖို့ သဘောတူညီချက် ပေး တာ ရှိသလားလို့"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆရာမကလေး တိုးညင်းစွာ ပြန်ပြောသည်။ သို့သော် စိတ်ထိ သွားသည်ကား ပေါ်လွင်နေသည်။ ခရစ် ဂရန့် သူ့ ကိုယ်ကို ဆေး သန့်စင်နေစဉ်တွင် ဆရာမကလေးသည် လူနာ မှတ်တမ်းများကို လှန် ရှာဖွေလျက် ရှိသည်။ ထိုအချိန်မှာပင် လက်ထောက် ဆရာဝန် ဒေါက် ကာရေးသည် မခဲအောင် လုပ်ထားသော သွေးရည်ကြည် ပုလင်း၊ သွေးသွ ပိုက်၊ အပ်နှင့် ပရိတာမင်းဆေးများကို ယူဆောင်လာသည်။

ခရစ်သည် ကလေးငယ်၏ နှလုံးခုန်ချက်နှင့် အသက်ရှူပုံတို့ စစ်ဆေးပြီးနောက် သွေးဖလှယ်သည့် လုပ်ငန်းကို စတင် လုပ်ဆောင်သ သွေးသွင်းပိုက် အပ်ငယ်ကို ကလေးငယ်၏ ချက် သွေးပြန်ကြော အတွင် ခပ်ဖြည်းဖြည်း ထိုးသွင်းလိုက်သည်။ ထို့နောက် ဆေးထိုးပိုက် အလွတ်တ ဖြင့် ကလေးငယ်၏ ပျက်ယွင်းနေသော သွေး ၂၀ စီစီကို နုတ်ယူလိုက်သ ဦးလျှင် သူသည် သတိကြီးစွာဖြင့် စနစ်တကျ သိုလှောင်ထားသော သွေး



း ၂၀ စီစီကို သွေးလွှတ်ကြော အတွင်းသို့ ထိုးသွင်းလိုက်သည်။ သူ ခေတ္တမျှ ားပြီး ကလေးငယ်၏ နှလုံးခုန်ချက်ကို စစ်ဆေး ကြည့်ရှုသည်။

ဆိုးဆိုးရွားရွား ထိခိုက်သည့် အခြေအနေမျိုး မတွေ့ရှိရသဖြင့် သွေး ယ်သည့် အလုပ်ကို ဆက်လုပ်သည်။ ကလေး၏ ကိုယ်တွင်းမှ သွေး ၂၀ ကို ထုတ်ယူပြီး သွေးသစ် ၂၀ စီစီကို အစား ပြန်သွင်းပေးသည်။ ယင်းသို့ း တစ်ကြိမ် လဲလှယ်ပြီးတိုင်း ကလေးငယ်၏ နှလုံးခုန်ချက်နှင့် အသက် ကို စစ်ဆေး ကြည့်ရှုသည်။

ဤကလေးငယ်ကို ကယ်တင်နိုင်ရန် သွေးဖလှယ်သည့် နည်း တစ်ခု ကျန်ရှိပေသည်။ သို့သော် ဤသို့ သွေးဖလှယ်စဉ် အတွင်းတွင် အခြား ါများ ဆင့်ပွားလာသည်ကို ကာကွယ်နိုင်သည့် အင်အားမှာ နည်းပါးလှ သည်။ ခက်ခက်ခဲခဲ ကုသရမည့် ဝေဒနာရှင်တိုင်းပင် သည်လို ကုသမှုကို ည် နည်းလှပေသည်။ ခရစ်သည် သွေးဖလှယ်ခြင်း လုပ်ငန်းကို ပြီးဆုံး သွေးထုတ်ခြင်းနှင့် သွေးပြန်သွင်းခြင်းများကို အနည်းဆုံး ဆယ့်နှစ်ကြိမ် သုံးကြိမ်မျှ လုပ်ဆောင် ရပေမည်။ ထိုအချိန်ကျမှ သာလျှင် သူ၏ သွေး ယ်မှု လုပ်ငန်း အောင်မြင်မည် မအောင်မြင်မည်ကို ပြောဆိုနိုင်ပေမည်။ သည် ဆဋ္ဌမအကြိမ် အဖြစ် သွေးသစ် ၂၀ စီစီကို ထိုးသွင်းပေးလိုက်သည်။

တယ်လီဖုန်း ပေါ်မှ မီး လင်းချည် မှိတ်ချည် ဖြစ်လာသည်။ ဆရာမက ကို ကောက်ယူ နားထောင်သည်။ ထို့နောက် သူမက စကားပြောခွက် တွင် လက်တစ်ဖက် ပိတ်ကာ သတင်းပေးသည်။

"ဒေါက်တာ ဆိုဗို အရေးကြီးတယ်တဲ့"

ခရစ်သည် သွေးသစ် ၂၀ စီစီကို ပြီးအောင် သွင်းပြီးမှ အဖြေပေးသည်။

"ကျုပ် သွေးဖလှယ်ပေးနေတယ်လို့ ပြောလိုက်ပါ၊ ဒါပေမဲ့ သူ့ ဆီကို န်းဆုံး လာခဲ့မယ်လို့ ပြောပါ"

ဆရာမ ခေတ္တမျှ တုံ့ဆိုင်းနေသည်။ သို့သော် ခရစ်က သူမကို မျက်လုံး ပြူးပြီး ကြည့်နေသည်ကို မြင်ရသောအခါ ခရစ်၏ စကားကို တစ်ဖက်သို့ ဆင့် ပေးပို့လိုက်သည်။ ခရစ် ဂရန့် သူ့ အလုပ်ကို ဆက်လုပ်နေသည်။

ဆရာမ ဘာမျှ မပြောပါ။ သို့သော် သွေးဖလှယ်သည့် အလုပ်ကို က်ထောက် ဆရာဝန် တစ်ဦး လုပ်နိုင်ကြောင်း သူတို့ အားလုံး သိပါသည်။ သည် လူနာကို အဘယ်ကြောင့် ဒေါက်တာ ကာရေး လက်သို့ လွှဲပြောင်း



www.burmeseclassic.com

www.burmeseclassic.com



မပေးပါသနည်း။ သူသည် တစ်ဖက်က တရားရုံးအမှု ဖိစီးလာလေ အလုပ်
ဖိလုပ်လေ ဖြစ်လာသည်။ သူ့အား နှောင့်ယှက်သည်ကို လုံးဝ မကြိုက်
သူသည် အလုပ်တွင် မမြင်သာသော ချက်ကြိုး တစ်ခုဖြင့် ဆက်သွယ်
သည့် အလား ဖြစ်နေသည်။

ခရစ်သည် သွေးဖလှယ်မှု အလုပ်ကို ပြီးဆုံးအောင် လုပ်ပြီးသော
တွင် ကာရေး၏ လက်သို့ လှနာကို လွှဲအပ်သည်။

"သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေပါ၊ အမှန်အတိုင်း ပြော
အခြေအနေ သိပ်မကောင်းဘူး၊ တစ်ခုခု ထူးထူးခြားခြား ပြောင်းလဲလာ
ဆရာကြီး အခန်းကို ဖုန်းဆက်ပါ၊ မာစီက ခေါ်မပေးနိုင်ဘူး ပြောရင် အ
ကြီးတယ်လို့ ပြောပါ"

*

"အို ဘုရားသခင် ဒီကိစ္စ မောင်ရင် လုပ်တာ မဟုတ်ကောင်းပါဘူး၊ မော
လုပ်တာများလား"

မိုက်ဆိုဗိုက ခရစ်ကို မြင်တွေ့သည်နှင့် တစ်ပြိုင်နက် မေးလိုက်သ

"ဘာလုပ်တာလဲ"

ခရစ် ဘာမျှ နားမလည်သဖြင့် ပြန်မေးလိုက်သည်။

"တီဗွီ ဆရာကို မောင်ရင်များ သတင်းပေးလိုက်တာလား"

"ဆရာကြီး ဘာတွေ ပြောနေတာလဲ"

"အုပ်ချုပ်ရေး တစ်ဖွဲ့လုံး ဒီကိစ္စပဲ ပြောနေကြတယ်၊ တို့ ဆေးရုံ
အကြောင်း မနေ့ညက တီဗွီသတင်း..."

"တီဗွီသတင်း ဟုတ်လား၊ ဘာသတင်းတွေလဲ"

ခရစ် စိတ်ရှုပ်သွားစွာ မေးသည်။

"ဘာသတင်းတွေလဲ ဆိုတာ မကြာခင် သိရမယ်" မိုက် အနည်း
ဒေါသ ဖြစ်ဟန်ဖြင့် ပြောသည်။ "ကနေ့ ညနေ သုံးနာရီမှာ အစည်းအ
ရှိတယ်၊ တီဗွီသတင်းကို သူတို့ ပြန်ဖွင့်ပြမယ်၊ ပြီးရင် အဲဒီအကြောင်း
ဘို့ကို မေးမယ်၊ အုပ်ချုပ်ရေး အဖွဲ့ဝင်တွေ အားလုံးလာက် အစည်းအ
တက်ကြလိမ့်မယ်၊ ပြီးတော့ မိတ်ဆွေ ဆရာဝန် တချို့လည်း လာကြလိမ့်





"ဪ..."

ခရစ် ထွက်ဆိုလိုက်သည်။ 'မိတ်ဆွေ' ဆရာဝန်များ သို့မဟုတ် ဤ
ဆေးရုံကြီးနှင့် အဆက်အစပ် ရှိသော ကိုယ်ပိုင် ဆေးခန်း ဆရာဝန်များ
ဖြစ်သည်။ ခရစ် အမှတ်မထင် ဆိုသလို နာရီကို ငုံ့ကြည့်လိုက်သည်။ သုံးနာရီ
ထိုးရန် ငါးမိနစ်ပဲ လိုတော့သည်။

"ဆရာကြီး လော်ရာကို ခေါ်ထားသေးသလား"

"အုပ်ချုပ်ရေးအဖွဲ့က အပြင်လူတွေ မပါစေချင်ဘူး"

"သူက အပြင်လူမှ မဟုတ်ဘဲ၊ ကျွန်တော်တို့ရဲ့ ရှေ့နေပဲ"

"သူတို့ အဖို့တော့ သူဟာ အပြင်လူပဲ"

မိုက်ဆိုဗိုကို ခရစ် ကြည့်လိုက်သည်။ သည်ရက်အတွင်း အဘိုးကြီး
သိသိသာသာကြီး ကျသွားသည်။ ခရစ် အနေနှင့် အကောင်းဆုံး လုပ်သင့်သည်
ကတော့ အမှုကို စေ့စပ် ပြေငြိမ်းလိုက်ဖို့ပဲ ဖြစ်သည်။ နှလုံးရောဂါ ရှိသော
လူ တစ်ယောက်သည် ဤအရှုပ်အထွေးများ၏ ဒဏ်ကို ခံနိုင်ဖို့ မလွယ်ပါ။
သို့သော် ခရစ် ဘာမျှ မပြောရမီမှာပင် မိုက်ဆိုဗိုသည် အစည်းအဝေးသို့
သွားရောက်ရန် အခန်းထဲမှ ထွက်ခွာသွားတော့သည်။

*

အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီး တစ်ယောက်၏ စွမ်းဆောင်ချက်ဖြင့် ယမန်နေ့က
လွှင့်သွားသော သတင်းတိပ်ခွေကို ရုပ်မြင်သံကြား ဌာနမှ ရရှိသည်။ မိုက်နှင့်
ခရစ်တို့ ရောက်ရှိသွားချိန်တွင် အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများနှင့် အာမခံ
ကုမ္ပဏီမှ ရှေ့နေတို့ ရောက်နှင့် နေကြပြီ ဖြစ်သည်။ 'မိတ်ဆွေ' ဆရာဝန်များ
ကိုယ်စား ဆရာဝန် သုံးဦးလည်း ရောက်ရှိနေသည်။ ထိုအထဲတွင် ထင်ရှား
ကျော်ကြားလှသော ဆရာဝန်ကြီး ဒေါက်တာ အာသာစပင်စာလည်း ပါရှိသည်။

ရုပ်မြင်သံကြား ဖလင်သည် ပြသချိန် နှစ်မိနစ်နှင့် ခုနစ်စက္ကန့်သာ
ကြာသည်။ သတင်း ကြေညာသူမှာ ပိန်ပိန်သွယ်သွယ် လူရွယ် တစ်ဦး ဖြစ်သည်။
သူ့ကို ရုပ်မြင်သံကြား ဌာနမှ 'လူမှုရေး သတင်းထောက်' ဂျူအန်မာ လက်
မှ ကြေညာသည်။ မာလက်သည် ပြောင်းလဲနေသော နောက်ခံ အဆောက်အအုံ
များ ရှေ့တွင် ရပ်လျက် ကြေညာနေသည်။ မက်ထရိုပိုလီတန် ဆေးရုံ၏



www.burmeseclassic.com

www.burmeseclassic.com



မှုလပင်မ အဆောက်အအုံကြီး၊ ရေးနိုး ကလေးသူငယ် ခန်းမဆောင်ဟု အမည်တွင်သော ကလေးသူငယ် အဆောက်အအုံသစ်ကြီး၊ ထို့နောက် အ စစ်ဆေးမည့် ဓာတ်ခွဲခန်း၊ ရေးနိုး၏ ကြီးမား ခမ်းနားလှသော စံအိမ်တော် ထို့နောက် ခရစ် ပညာပေး ဟောပြောခဲ့သော အစိုးရကျောင်း အမှတ် (၁၄၆ ဘ်) ဖြစ်သည်။

မာလက်က ခရစ်ကို ချီးကျူးစကား ဆိုသည်။ "ယနေ့ လူ့ အဖွဲ့အစည်း က လိုအပ်နေသော လူငယ်ဆရာဝန်" တစ်ဦးဟု အမွှမ်းတင်သည်။ မိခင် သောင်းများကို သူ ပြောကြားခဲ့သော ဟောပြောချက်ကို ထောမနာပြုသည် ထို့နောက် ရေးနိုး စံအိမ်တော် ရှေ့တွင် မတ်တတ်ရပ်လျက် "ဒီ မဟာ အဆောက်အအုံကြီးရဲ့ အတွင်းမှာ လူ့ဘဝကြီးနဲ့ သီးခြား ကင်းလွတ်စွာ နေ လူ တစ်ယောက်ကတော့ မက်ထရိုပိုလီတန် ဆေးရုံကြီးကို ဖျက်ဆီးဖို့ ကြိုးပမ်း နေပါတယ်၊ အသက်သွေးကြောတမျှ အရေးကြီးလှတဲ့ ဒီဆေးရုံကြီးကို ဖျက်ဆီး ဖို့ ကြံရွယ်တဲ့ သူရဲ့ စွပ်စွဲချက်က အင်မတန်လည်း ရှက်စရာ ကောင်း ပါတယ်၊ ကြောက်စရာ ကောင်းလောက်အောင်လည်း အဖျက်သဘော ဆောင်ပါတယ် ခင်ဗျာ၊ သူ့ရဲ့ မဟာ အကြံဉာဏ်ကြီး အထမြောက် အောင်မြ သွားမယ် ဆိုရင်တော့ ဆရာဝန် သုံး လေး ယောက် ပျက်စီးရုံတင် မကပါဘူး ဒီဆေးရုံကြီး တစ်ခုလုံး ပျက်စီး သွားပါလိမ့်မယ်၊ ဆင်းရဲ နွမ်းပါးတဲ့ ဝေဒနာ များ အတွက် ဆေးရုံကြီးက ဆောင်ရွက်နေတဲ့ လုပ်ငန်းများ အားလုံး ရပ်ဆိုင်း သွားပါလိမ့်မယ်"

ယင်းအချိန်တွင် ရုပ်မြင်သံကြား ကင်မရာသည် သတင်းထော မာလက်၏ စိတ်အား ထက်သန်သော မျက်နှာကို ပေါ်လွင်စွာ ဖော်ပြလျ "သူဌေးကြီး ဂျွန်ရေးနိုးဟာ သူ့ မြေးကလေး ဘယ်လောက်ပဲ ထိခိုက် နစ် ဆုံးရှုံးရတယ်လို့ ယူဆ ယူဆ ဒီလို အဖျက်လုပ်ငန်းကြီး တစ်ခုကို လုပ်ဆော ဖို့ဆော့ သင့်လျော်ပါသလား ခင်ဗျား၊ ဒီအမှုနဲ့ ပတ်သက်ပြီး ဖြစ်ပျက်သ တော့ကို ကျွန်တော်တို့ ဆက်လက်ပြီး တင်ပြသွားပါ့မယ် ခင်ဗျား"

ဤအကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဆွေးနွေးခြင်း မပြု ရုံးခွင် သဘာပတိ ဗရက်ဒီက ရုပ်မြင်သံကြား ဖလင်ကို နောက်တစ်ကြိမ် ထပ်ပြနေသည်။ ပြီးတော့မှ သူက ခရစ်ကို မေးသည်။





"ဒီကိစ္စမှာ ဒေါက်တာ့ အနေနဲ့ ဘာပတ်သက်မှု ရှိပါသလဲ ဒေါက်တာ ဂရန့်"

"ဘာမှ မရှိပါဘူး"

"လွန်ခဲ့တဲ့ နာရီဝက်လောက် အထိ ဒီကိစ္စကို သူ ဘာမှ မသိဘူး၊ သူ့ကို ကျုပ် ခေါ်ပြီး ပြောတော့မှပဲ သူ သိပါတယ်"

မိုက်ဆိုဗိုက ထပ်ဖြည့်ပြီး ပြောလိုက်သည်။

ဤအချိန်တွင် ဗရက်ဒီက ဒေါက်တာ အာသာစပင်စာကို စကား ပြောခွင့် ပြုလိုက်သည်။

"ဒီကိစ္စဟာ စိတ်မချမ်းမြေ့စရာ ကောင်းရုံတင် မကဘူး၊ ရှက်စရာ လည်း အင်မတန် ကောင်းပါတယ်၊ ကျုပ်ဟာ ဒီဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာကို တစ်သက်လုံး မြှင့်တင်ပေးလာတဲ့ လူ တစ်ယောက်ပါ၊ ခု ဒီအမှုကြီး ဖြစ်လာ တော့ ကျုပ်တို့ လုပ်လာတာတွေ အားလုံး ပျက်တာပဲ၊ နောက်ပြီးတော့ တစ်ခါ ရုပ်မြင်သံကြားကနေ အခုလို လုပ်လိုက်ပြန်တော့ ဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာ ဟာ လုံးဝကို ရစရာ မရှိတော့ဘူး၊ ကျုပ်တို့ ဆေးခန်းတွေမှာ ကုသနေတဲ့ သည်းသန့် လူနာတွေဟာ ဘယ်လို ထိခိုက် ခံစားကြရမလဲ"

သူ့ စကား သည်တွင် မဆုံးသေးပါ။

"ဒီဆေးရုံကြီး အတွက် လိုအပ်တဲ့ ငွေတွေကို ရနေတာဟာ ကျုပ် တို့လို ဆရာဝန်တွေ ဆီက ရနေတယ် ဆိုတာ လူကြီးမင်းများ အားလုံး သိပါ တယ်၊ လောလောဆယ် အချိန်မှာ ဆိုရင် ကျုပ် ဆီမှာ ပိုက်ဆံ ပေးပြီး ကုသ ရတဲ့ လူနာ ၂၇ ခုတင် ရှိတယ်၊ ကျုပ်နဲ့ တခြား ဆရာဝန် နှစ်ယောက် ဆေးရုံကြီးနဲ့ လမ်းခွဲသွားမယ် ဆိုရင်လည်း ဒီဆေးရုံကြီးဟာ တစ်နှစ်မှာ လာ ငါးသန်းလောက် ဝင်ငွေ ထိခိုက် သွားနိုင်တယ်၊ ကျုပ်တို့ဟာ အခု ရင် အချိန်ပိုင်း ပါမောက္ခတွေ အဖြစ်က နုတ်ထွက်ဖို့ စဉ်းစားနေကြရပြီ"

သူ၏ စကားသည် ရာဇသံတော့ မဟုတ်သေးပါ။ သို့သော် ပြင်းထန် သော ခြိမ်းခြောက်မှု တစ်ခု ဖြစ်သည်။

"ဒေါက်တာ စပင်စာ ခင်ဗျာ၊ ဒေါက်တာနဲ့ ဒေါက်တာရဲ့ အပေါင်း အပါတွေဟာ ဒီဆေးရုံကြီးနဲ့ ခွဲခွာ မရတဲ့ အစိတ်အပိုင်းတွေ ဆိုတာ ကျုပ် သိတာတူပါတယ်၊ ဒါပေမဲ့ ကျုပ်တို့လို အချိန်ပြည့် ဆရာတွေ မရှိရင်နဲ့ ဒေါက်တာတို့ဟာ ဘာမှ လုပ်လို့ မရနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုက်ဆိုဗိုက တုံ့ပြန်လိုက်သည်။

ဤအခါ ဇရက်ဒီက ကြားဖျန်သည့် အနေဖြင့်–

"လူကြီးမင်းများခင်ဗျာ၊ တစ်ဆိတ်သည်းခံကြပါ၊ ကျွန်တော်တို့အားလုံး အကျိုးတူ ဘုံရည်မှန်းချက် တစ်ခု ရှိပါတယ်၊ ဒါကတော့ ဒီခေးရုံကြီးရဲ့ အကျိုးကို ကာကွယ်ကြဖို့ ပါပဲ၊ စိတ်မချမ်းမြေ့စရာ ကောင်းတဲ့ ရုပ်မြင်သံကြား သတင်းဟာ သူနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့ ဒေါက်တာ ဂရန့်က အခု ပြောသွားပါတယ်၊ သူ့ စကားကို ကျွန်တော် လက်ခံပါတယ်၊ နောက်နောင်မှာ လည်း ဒီလို မလိုလားအပ်တဲ့ အမှုမျိုးတွေ မဖြစ်အောင် ရှောင်ရှားနိုင်ကြလိမ့် မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"

ဒေါက်တာ စပင်ဇာ တစ်စုံတစ်ရာ ပြောမည်ရှိစဉ် ဝေါလာက လျင်မြန်စွာ ပြောလိုက်သည်။

"ဒီကိစ္စမှာ အခြေအနေ အားလုံးဟာ ကျွန်တော်တို့ ထင်ထား သလောက် မဆိုးသေးပါဘူး"

ခရစ်နှင့် မိုက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ဝေါလာ ဆက်ပြောလိုက်သည်။

"တီဗွီ သတင်းကြောင့်လား ဘာလားတော့ မသိဘူး၊ ဒါပေမဲ့ ဒါ အရေးမကြီးပါဘူး၊ ကရုပ်ထရီးမှာ သတင်းကောင်း တစ်ခု ရှိနေပါတယ်"

ကရုပ်ထရီးသည် သူ့ လက်ချောင်းများကို ထောင်လိုက်ပြီး–

"တကယ်လို့ ဒီအမှုကို တရားရုံးအထိ ဆက်သွားမယ် ဆိုရင် သူ့ ဘက်က ဟယ်ရီဖရန်ကလင် လိုက်ပါ ဆောင်ရွက်မယ် ဆိုတဲ့ အကြောင်း ကနေ့ မနက်မှာပဲ ကျွန်တော်တို့ကို တရားဝင် အကြောင်းကြားပါတယ်"

လော်ရာ၏ ကြိုတင် ခန့်မှန်းမှုများကို ခရစ် အမှတ်ရလိုက်သည်။ ကရုပ်ထရီး ပြုံးလိုက်ပြီး–

"အဲ ကျွန်တော်နဲ့ ဟယ်ရီဟာ မြို့ဘက်ဟောင်းကြီးတွေပါပဲ၊ ဒါကြောင့် ကျွန်တော်ဟာ ကနေ့ မနက်မှာပဲ သူ့ ဆီကို ဖုန်းဆက်ပြီး ခရီး ကြီ ဆိုလိုက်ပါတယ်၊ ကျွန်တော်တို့ အမှု တစ်ခုအတွက် ယှဉ်ပြိုင်ကြတဲ့ နေရာ မှာ ပုဂ္ဂိုလ်ရေး ခင်မင်မှုတွေကို မထိခိုက်ကြစေဖို့ လိုပါတယ်၊ ကျွန်တော်တို့ နှစ်ယောက် စကားပြောကြတဲ့ အခါမှာ ဒီအမှုကို သူ အစောကြီး ကတည်းက စီစဉ် ညွှန်ကြားခဲ့တယ် ဆိုတဲ့ အကြောင်းကို ဟယ်ရီက ပြောပါတယ်"





"ကောင်းတဲ့ သတင်း ဆိုတာ အဲဒါလား"

ခရစ်က မေးလိုက်သည်။

ကရုပ်ထရီးက ဆရာဝန်ကလေးကို စိတ်မရှည်ဟန်ဖြင့် ကြည့်လိုက် ပြီးနောက်–

"ဟယ်ရီဟာ အကြောင်း တစ်ခု မရှိဘဲနဲ့ သတင်း တစ်ခုကို မပေးတတ် ဘူး၊ သူဟာ တစ်ခုခုကို ရည်စူးပြီး စကား ခေါ်လိုက်တာပါပဲ၊ သူက ပြော တယ်၊ ဒီမှာ ပေါလ်၊ ကျုပ်ဟာ လက်တွေ့သမား တစ်ယောက်ပဲ၊ ခင်ဗျားမှာ ပြောစရာ တစ်ခုခု ရှိရင် ကျုပ်ကို ပြောပါ၊ ရေးနိုးရဲ့ နားကို ရောက်အောင် ပြန်ပြောပါ့မယ်တဲ့"

"ဒီအမှုကို မကျေအေးဖို့ အုပ်ချုပ်မှုအဖွဲ့က ဆုံးဖြတ်ပြီးပါပြီ"

မိုက်ဆိုဗိုက ကြားဖြတ်ပြီး ပြောလိုက်သည်။

"အုပ်ချုပ်မှုအဖွဲ့ရဲ့ သဘောထားကို ပြောင်းလဲရမယ်လို့ ဘယ်သူကမှ မပြောသေးပါဘူး မိုက်"

ရိုဆင်တီက အေးဆေးစွာ ဝင်ပြောသည်။

မိုက်နှင့် ခရစ် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ မိုက်၏ အကြည့်တွင် ဒါတွေ အားလုံးဟာ သူတို့ စည်းဝါးရိုက်ထားတာတွေပဲ ဟု ပြောနေဟန် ရှိသည်။

"ဒီမယ် ဆိုင်း၊ ကျုပ်တို့ အခု ဒီမှာ စုဝေးကြတာ တီဗွီသတင်း အကြောင်း ပြောဖို့လား၊ ဒါမှမဟုတ် ကျေအေးဖို့ ကိစ္စကို ပြန်ပြီး ဆွေးနွေးကြ မှာလား"

မိုက်ဆိုဗို ပေါက်ကွဲတော့သည်။

"ဒီမယ် မိုက်၊ ဘယ်သူကမှ ကျေအေးဖို့ အကြောင်း မပြောသေးပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဒီအကြောင်းတွေ အခု ဆွေးနွေးနေကြသလဲ"

"မိုက် တစ်ဆိတ်ကလေး စိတ်ရှည်ရှည်ထားပါ" ဆိုင်းရုပ်ရိုဆင်တီက တောင်းပန်သည်။ "နောက်ပြီးတော့ ကျွန်တော်တို့ အုပ်ချုပ်ရေး အဖွဲ့ဟာ ဆုံးဖြတ်ပြီးသား ကိစ္စတွေကို ပြန်စဉ်းစားတဲ့ အလုပ်မျိုးတွေသာ မလုပ်ဘူး ဆိုရင် ခင်ဗျား ဌာနမှာ ရှိနေခဲ့တဲ့ ခေတ်မီ ကိရိယာတွေ တစ်ဝက်လောက် မှာ မဟုတ်ဘူး၊ ခင်ဗျားရဲ့ တောင်းခံမှုတွေကို ခဏခဏ ပယ်ချခဲ့ရတာ မဟုတ်လား၊ ဒါပေမဲ့ ခင်ဗျားဟာ နောက်တစ်ကြိမ် ပြန်လာပြီး ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကို သွေးဆောင် ပြန်တာပဲ၊ အဲဒီတော့ ကျွန်တော်တို့ကလည်း ခင်ဗျား အတွက် ဆုံးဖြတ်ပေးကြရတယ် မဟုတ်လား''

မိုက်ဆိုဗ် ခေါင်းညိတ်လိုက်သည်။

''ကျွန်တော်တို့ ခင်ဗျားကို တောင်းပန်နေတာက ခင်ဗျား အနေနဲ့ လည်း အဲဒီလိုမျိုး တံခါး ဖွင့်ထားပေးဖို့ပါပဲ၊ အနည်းဆုံး မစ္စတာ ကရပ်ထရီး ပြောတာကလေးကို နားထောင်ပါဦး''

''ကောင်းပြီ၊ ကျုပ်တို့ နားထောင်မယ်''

မိုက် သဘောတူလိုက်သည်။

ထိုအခါ ကရပ်ထရီးက–

''ကျွန်တော်လည်း ဆရာကြီးလိုပါပဲ၊ ဒေါက်တာ ဂရန့်ကို ကာကွယ် ဖို့ပါပဲ၊ ဒါပေမဲ့ ကာကွယ်တယ် ဆိုတဲ့ စကားလုံးရဲ့ အနက် အဓိပ္ပာယ်ကိုတော့ ကျွန်တော်တို့ သေသေချာချာ စဉ်းစားသင့်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင်'' ခရစ် ဘက်သို့ လှည့်လျက် ''ဒေါက်တာ တစ်နေ့က အကြိုစစ်မေးရေး ပွဲမှာ ပွဲဝင်ခဲ့တာကတော့ သက်သေကောင်း တစ်ယောက် မဟုတ်ဘူး ဆိုတာ အသေအချာပဲ၊ ဖရန်ကလင်က ဒေါက်တာရဲ့ ကုသမှုကို ဝေဖန်ဖို့ နာမည်ကြီး ဆရာဝန်ကြီးတွေကို သက်သေအဖြစ် တင်လာတဲ့ အခါမှာ ဒေါက်တာ ဘယ်လို တုံ့ပြန်မယ် ဆိုတာ ကျွန်တော် ကောင်းကောင်း မြင်ယောင်နေတယ်''

ကရပ်ထရီးသည် ခရစ်ကို ကြည့်နေသော မျက်လုံးများကို မဖယ်ဘဲ ဆက်ပြောသည်။

''ဒေါက်တာ့ကို ကျွန်တော်တို့ ဘယ်လို ကာကွယ်ရင် အကောင်းဆုံး ဖြစ်မလဲ ဆိုတာ ကျွန်တော်တို့ သေသေချာချာ တွက်ချက်ဖို့ လိုလိမ့်မယ်''

သည်လို အချိန်မျိုးတွင် လော်ရာ ရှိနေလျှင် ကောင်းမှာပဲဟု ခရစ် အောက်မေ့လိုက်သည်။ လော်ရာဆိုလျှင် ကရပ်ထရီး ဘာကို ရည်ရွယ်ပြီး ပြောနေသည်ကို ကောင်းကောင်း သိပေလိမ့်မည်။ ကရပ်ထရီးကို သူ လှေလာ သည်။ ကရပ်ထရီးက ဆက်ပြောသည်။

''ကျွန်တော်နဲ့ ဖရန်ကလင် အခုလို နားလည်မှု ရှိနေသရွေ့တော့ ကျွန်တော့် အနေနဲ့ လိုအပ်တဲ့ ဆောင်ရွက်မှုတွေကို ကောင်းကောင်း လုပ်နိုင် တယ် သူက လမ်းဖွင့်ပေးထားတယ်၊ ဒါပေမဲ့ သိပ် ထင်ထင်လင်းလင်းကြီး တော့ မဟုတ်ဘူး၊ ဒါနဲ့ ကျွန်တော် သူနဲ့ စကားပြောပြီးပြီးချင်း အာမခံ





ကုမ္ပဏီကို ဆက်သွယ်တယ်၊ အာမခံကုမ္ပဏီက ပြောတဲ့ စကားတွေကို ကြားရ တော့ ကျွန်တော် အများကြီး အံ့သြသွားတယ်၊ ကျွန်တော့် တစ်သက်မှာ တစ်ခါမှ မကြားဖူးတဲ့ စကားမျိုးပဲ၊ သူတို့က ပြေလည်မယ် ဆိုရင် ဒေါ်လာ သန်းတစ်ဝက် ပေးပါ့မယ်တဲ့၊ ဒီအကြောင်းကို ကျွန်တော် ဖရန်ကလင်ကို ပြောလိုက်တယ်၊ သူ မနက်က ကျွန်တော့် ဆီကို ပြန်ဆက်တယ်''

ကရပ်ထရီး စကားကို ခေတ္တမျှ ရပ်နားပြီးနောက် ဗရက်ဒီနှင့် စပင်စာ တို့ကို ကြည့်လိုက်သည်။ ပြီးမှ–

''ဖရန်ကလင်ရဲ့ အဖြေကတော့ ကိန်းဂဏန်းကို လက်ခံ နိုင်ပါတယ်တဲ့''

ကရပ်ထရီးက ကိန်းဂဏန်း ဆိုသော စကားကို အထူးပြုပြီး ပြောလိုက် သဖြင့် ခရစ် နားရွက် ထောင်သွားသည်။

''ဖရန့်ကလည်း သူ့ အမှုသည်တွေရဲ့ ကိုယ်စား ဆက်ပြီး ပြောတာက တော့ သူတို့ဟာ လျော်ကြေးငွေကို အဓိက မထားပါဘူးတဲ့၊ သူတို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မက်ထရိုပိုလီတန် ဆေးရုံကြီးမှာ တက်ရောက်ကုသကြ မဲ့ တခြား လူနာတွေကို ကာကွယ်ဖို့ပါပဲတဲ့''

ခရစ် ဒေါသထွက်လွန်းသဖြင့် မျက်နှာကြီး တစ်ခုလုံး ရဲရဲနီနေသည်။ ထို့နောက် ကရပ်ထရီးက ဆက်ပြောသည်။

''ဖရန်ကလင် ဆက်ပြီး ပြောတာကတော့ သူတို့ လိုချင်တာက ဒီကုထုံး ရပ်ဆိုင်းပါတယ်လို့ တရားခံတွေက ဝန်ခံချက် ပေးဖို့ပဲတဲ့၊ နောက်ပြီးတော့ ဒီကုထုံးနည်းနဲ့ ကုတဲ့ အချိန်တုန်းက နောင်တစ်ချိန်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ဘေးထွက် အန္တရာယ်တွေကို ထည့်မပြောခဲ့မိတဲ့ အတွက်လည်း ဝန်ခံရမယ်တဲ့''

''ဒီအချက်တွေဟာ စဉ်းစားစရာပဲ''

ဗရက်ဒီက တည်ငြိမ် အေးဆေးသော အသွင်ကို ဆောင်ကာ ပြောလိုက် သည်။

ခရစ် တစ်စုံတစ်ခု မပြောရမီမှာပင် တယ်လီဖုန်းသံ မြည်လာသည်။ ဗရက်ဒီက စိတ်မရှည်ဟန်ဖြင့် တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

''တောက်၊ ဘယ်က တယ်လီဖုန်းတွေ ဝင်ရှုပ်နေတာလဲ''

ထို့နောက် သူ့ အသံကို ထိန်းလိုက်ပြီး–

''ဒေါက်တာ ဂရန့်လား၊ အင်း အင်း ရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



စကားပြောခွက်ကို ခရစ်သို့ လှမ်းပေးလိုက်သည်။ ခရစ် တစ်မိနစ်ခ
နားထောင်ပြီးနောက်–

"ဩော် ဟုတ်လား၊ ဟုတ်ပြီလေ ဖြည့်စရာ ရှိတာတွေ ဖြည့်ထားပါ
ကျန်တာတွေကို ကျွန်တော် လာမှ ထပ်ဖြည့်မယ်"

ခရစ် ဖုန်းကို ချထားလိုက်ပြီးနောက် မိုက် ဘက်သို့ လှည့်လျက်–

"လိုပက်ဘောဘီ မရတော့ဘူး"

"ကျုပ် ထင်သားပဲ" မိုက် ပြန်ပြောသည်။ တခြားသူများ ဘက်သို့
လှည့်လျက် "သွေးဖလှယ်တဲ့ နည်းဟာ အမြဲတမ်း မမှန်နိုင်ဘူး"

ခရစ် မတ်တတ်ရပ်လျက်မှပင်–

"လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်ရဲ့ ရှေ့နေက ကျွန်တော့်ကို ပြော
တယ်၊ စေ့စပ်ပြေလည်တဲ့ နည်းကို ကျွန်တော် မပါဘဲ လူကြီးမင်းတို့ လုပ်နိုင်
ပါတယ်၊ ဒါပေမဲ့ ကျွန်တော်နဲ့ သက်ဆိုင်တဲ့ အပိုင်းကို ပြောရရင်တော့
ကျွန်တော့်မှာ လုပ်ပိုင်ခွင့်တွေ ရှိပါတယ်၊ ဂျွန်ရေးနိုး လိုချင်တာ ဘာ
ကျွန်တော့်ကိုယ် ကျွန်တော် ကြိုးကွင်း စွပ်သေဖို့ပဲ ဖြစ်တယ်၊ တကယ်
ရေးနိုးဟာ အခုလောက် အရေးပါတဲ့ လူကြီး တစ်ယောက် မဟုတ်ဘူး ဆို
သူ လုပ်ပုံ ကိုင်ပုံတွေဟာ နည်းနည်းကလေးမှ မှုမမှန်ဘူး ဆိုတာကို ဘ
စိတ်ရောဂါကု ဆရာဝန်ကမဆို ပြောနိုင်တယ်၊ ဒါပေမဲ့ ဂျွန်ရေးနိုးဟာ တက
ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်နေတော့ သူ့ရဲ့ လုပ်ရပ်တွေဟာ မှုမမှန်ဘူး
ဘယ်သူ ပြောရဲသလဲ၊ ဘယ်သူမှ မပြောရဲဘူး"

"ထားတော့၊ ကျွန်တော်ကတော့ သူ့ရဲ့ မှုမမှန်တဲ့ တောင်းဆိုချက်
ကို ဘယ်တော့မှ မလိုက်လျောနိုင်ဘူး၊ လူကြီးမင်းတို့ ဆန္ဒရှိရင် ရန်သူ
ဆုံစပ် ပြေလည်နိုင်ပါတယ်၊ ကျွန်တော်ကတော့ အဲဒီအထဲမှာ လုံးဝ မပါပါဘူး
ဆရာကြီးကော"

ဆိုဗို မတ်တတ်ရပ် လိုက်သည်။ သို့သော် ဆိုင်းရပ်ရှိဆင်တီက ကြာ
ဖြတ်ပြီး–

"မိုက် အခုလို အချိန်မျိုးမှာ လူကြီးတစ်ယောက်ဟာ သူ့ အောက်
လူငယ် တစ်ယောက်ကို အမှန်ကို ရောက်အောင် လမ်းပြနိုင်ပါတယ်"

"ကျုပ် ပြောမယ် ဆိုင်း" မိုက် ချိုသာစွာ တုံ့ပြန်သည်။ "ခင်ဗျာ
ပြောတဲ့ စကားကို ကြားရတော့ သေနတ်ပစ် တပ်ဖွဲ့ ရှေ့မှာ ရောက်နေ





ဒီ နှစ်ယောက် အကြောင်းကို ကျုပ် သွားပြီး သတိရမိတယ်၊ သူတို့ရဲ့
တွေကို သူတို့ရဲ့ နောက်ဘက်မှာ လက်ပြန်ကြိုးတုပ်ထားတယ်၊ သေနတ်
တပ်ဖွဲ့က သေနတ်တွေကို မြှောက်ပြီး ချိန်လိုက်တယ်၊ အဲဒီအချိန်မှာ
နတ်ပစ် တပ်ဖွဲ့ရဲ့ တပ်ဖွဲ့မှူးက မေးတယ်၊ ခင်ဗျားတို့ မျက်နှာတွေကို
တ်စည်းပေးရမလားတဲ့၊ အဲဒီတော့ မေယာ ဆိုတဲ့ သူက အဝတ်စည်းပေးဖို့
ခံလိုက်တယ်၊ ဒါပေမဲ့ အက်ဗီ ဆိုတဲ့ လူကတော့ မျက်နှာကို အဝတ်စည်း
ဘာလုပ်စရာလဲ၊ ပစ်လိုက်၊ အဲဒီတော့ သူ့ မိတ်ဆွေ မေယာက ပြောတယ်၊
အက်ဗီ ပြဿနာ မဖော်နဲ့တဲ့၊ အခုလည်းပဲ ခင်ဗျားဟာ မေယာ ဖြစ်နိုင်ပါ
ယ်၊ ကျုပ်ကတော့ အက်ဗီပဲ၊ လူကြီးမင်း ခင်ဗျာ၊ မျက်နှာကို အဝတ်စည်း
ဘာလုပ်စရာလဲ"

မိုက် အခန်းထဲမှ ထွက်သွားသည်။ သူ့ နောက်မှ ခရစ် လိုက်ပါသွား
သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၄

လော်ရာဝင်းတားသည် ပက်ကဆိုက် အထွေထွေ ဆေးရုံကြီး၏ လမ်းတစ်
တွင် မတ်တတ်ရပ်လျက် ရှိသည်။ ချိန်းထားသော အချိန် စောနေသေးသ
သူမသည် ယခုကဲ့သို့ လမ်းတစ်ဖက်တွင် မတ်တတ်ရပ်ပြီး ကိုယ်ပိုင် ဆေ
ကြီး၏ သားနားမှုကို ကြည့်မောနေမိခြင်း ဖြစ်သည်။ ပက်ကဆိုက် ဆေးရုံ
သည် မက်ထရိုပိုလီတန် ဆေးရုံကြီးလောက် မကြီးမားသော်လည်း နာမည်
ဗိသုကာ ပညာရှင်ကြီး တစ်ဦးက ပုံစံရေးဆွဲ ဆောက်လုပ်ထားခြင်း ဖြစ်သ
ပင်မ အဆောက်အအုံကြီး တစ်ခုအပြင် တွဲဖက် အဆောင် နှစ်ခု ပါရှိသ
ဝင်ငွေခွန် ကင်းလွတ်စေရန်အတွက် ကုသိုလ်ဖြစ် အဆောင် နှစ်ဆောင် 
သွင်းထားသည်။ မြို့ပေါ်ရှိ ထင်ရှားပြီး ဝင်ငွေများသော ဆရာဝန်ကြီး
အားလုံးလောက်ပင် ဤဆေးရုံကြီးတွင် အစုရှယ်ယာ ပါဝင်ကြသည်။ 
ပကာသနနှင့် ထင်ရှား ကျော်ကြားခြင်း မရှိသော သာမန် ဆရာဝန်
ဤဆေးရုံတွင် အမှုထမ်းဆောင်ခွင့် မရှိပါ။

လက်မှ နာရီကို လော်ရာ ကြည့်လိုက်သည်။ အချိန်ကျရော
ဖြစ်သည်။ သူမသည် ရက်ပေါင်း အတန်ကြာ ကတည်းကပင် ဤဆေး
လူ တစ်ယောက်ယောက်နှင့် အဆက်အသွယ် ရရန် ကြိုးပမ်းခဲ့သည်။ အ
သဖြင့် မှတ်တမ်းဌာနမှ လူ တစ်ယောက်နှင့် ဖြစ်သည်။ နောက်ဆုံး
သူမ၏ အမှုသည် တစ်ဦးဖြစ်သော ဂျပ်ဆင်ဒန်းက ဝမ်းမြောက် ဝမ်းသာ
အကူအညီ ပေးခဲ့သည်။





ဒန်းသည် အရုပ်အမောင်း ကောင်းပြီး ဥပဓိရုပ် ကောင်းမွန်သူ တစ်ဦး
သည်။ ကြော်ငြာ ဌာနကြီး တစ်ခုတွင် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သည်။

သူတို့ နှစ်ယောက် ရင်းနှီးမှု ရရှိရခြင်းမှာ ဂျပ်ဆင်ဒန်း၏ သားကြောင့်
သည်။ ဒန်း၏ သားသည် တစ်နေ့တွင် အရက်မူးပြီး ကားမောင်းရင်း
ား ကား တစ်စီးကို ဝင်တိုက်မိသည်။ ကား ပေါ်မှ လူ နှစ်ယောက်
ရာ ရရှိသည်။ လော်ရာဝင်းတားသည် တစ်စုံတစ်ရာ အကျော်ဇေယျ
စေဘဲ အမှုကို ပြီးပြတ်အောင် ဆောင်ရွက် ပေးနိုင်ခဲ့သည်။ ယင်းအတွက်
ဆင်ဒန်းက သူမကို အကူအညီပေးရန် အဆင်သင့် ရှိနေခဲ့ခြင်း ဖြစ်သည်။

လော်ရာသည် စုံစမ်းရေးဌာနသို့ သွားရောက်ပြီး ဒန်း ဆက်သွယ်ပေး
သော အမျိုးသမီး၏ နေရာကို မေးသည်။ ထိုအမျိုးသမီး၏ အမည်မှာ
ယ်ဂရေဆန် ဖြစ်သည်။ လော်ရာသည် မြေအောက်ထပ်ရှိ ရုံးခန်း တစ်ခုသို့
ရောက်ရသည်။ ထိုတွင် အီသယ် ဆိုသော အမျိုးသမီးကို တွေ့ရှိရသည်။
ယ်ကို မြင်ရသည်နှင့် တစ်ပြိုင်နက်ပင် ထိုအမျိုးသမီးနှင့် ဒန်းကို့၏
ဆံရေးကို လော်ရာ သဘောပေါက်မိသည်။ အီသယ်ဂရေဆန်သည် အရုပ်
ောင်းကောင်းပြီး ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ သူမ၏ မျက်လုံး
ာ ဆွဲဆောင်မှု ရှိလှသည်။

အမျိုးသမီးသည် လော်ရာ လာမည်ကို သိသဖြင့် စောင့်ဆိုင်းနေခြင်း
သည်။ သူမက လော်ရာကို အပြုံးနှင့် ကြိုဆိုပြီး ရုံးခန်း တံခါးကို သော့ခတ်
တ်လိုက်သည်။

"ရှင် ဘာလိုချင်တယ် ဆိုတာကို ဂျပ်က ကျွန်မကို ပြောထားတယ်"

သုံမက လျှို့ဝှက်မှု တစ်ခုကို ပူးပေါင်း လုပ်ဆောင်ရသူ တစ်ဦးပမာ
 တိုးတိုးဖြင့် ပြောသည်။

"ရှင့်ကို သုံးလေးရက် စောင့်ဖို့ ပြောရတာကတော့ ဖိုင်တွဲကို ကျွန်မ
ြီး ယူထားရအောင်လို့ပဲ၊ ရှင် လာတဲ့ နေ့မှာမှ ဖိုင်တွဲကို ကျွန်မ ယူခဲ့လို့
 တစ်ယောက်ယောက်က ဆက်စပ်ပြီး ကြည့်မိသွားမှာ စိုးလို့ပဲ"

"ကျွန်မ နားလည်ပါတယ်၊ ကျွန်မ ရှင့်ကို ကျေးဇူးတင်ပါတယ်"

"ဒီကိစ္စက ဂျပ်အတွက် ကျွန်မ လုပ်ပေးတာပဲ၊ ဒီကိစ္စက ရှင့် အတွက်
လောက် အကျိုးရှိမလဲတော့ ကျွန်မ မပြောတတ်ဘူး၊ ကျွန်မက ဆရာဝန်
ယောက် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ကြည့်..."

အမျိုးသမီးက လော်ရာ၏ စကားကို ကြားဖြတ်ပြီး–

"ကျွန်မ အပေါ်ထပ်က လူနာ လက်ခံ ဌာနကို သွားနေမယ်၊ ရှင် ဒီမှာ တစ်ယောက်တည်း ထားပစ်ခဲ့မယ်၊ ဆယ့်ငါးမိနစ် လောက်ပေါ့၊ ဖိုင်တွေ ဒီမှို အစိမ်းကြီးရဲ့ အောက်ဆုံး ထပ်မှာ ရှိတယ်၊ ဆယ့်ငါးမိနစ် အတွင်း ရှင် ကူးချင် ကူးယူပေါ့၊ ဒါပေမဲ့ တစ်ခုတော့ မှတ်ထားပါ၊ ရှင့်ကို ကျွ ဘာမျှ မပြောဘူးနော်"

"ကျွန်မ နားလည်ပါတယ်"

အီသယ်ဂရေဆန် အခန်း ထဲမှ ထွက်သွားသည်။ သို့သော် တံခါးဆီ သို့ မရောက်မီတွင် နောက်သို့ ပြန်ကြည့်သည်။ လော်ရာ၏ အလှကို ငေး ကြည့်ရှုနေဟန် ရှိသည်။

"ရှင်နဲ့ ဂျပ်ရဲ့ ဆက်ဆံရေးက ဘယ်လိုမျိုးလဲ"

"ကျွန်မက ရှေ့နေပဲ၊ သူ ရှင့်ကို မပြောဘူးလား"

"ပြောပါတယ်၊ ဒါပေမဲ့ ရှင့်ကို မြင်ရတော့ ကျွန်မ အံ့သြလို့ပါ"

တံခါး ပြန်ပိတ်သွားသည်နှင့် တစ်ပြိုင်နက် လော်ရာသည် ဗီရို အံဆွဲဖွင့်သည်။ "ဆင်ပဆန် ဘောဘီ" ဟု အမည် ရေးထိုးထားသော ဖိုင်တွဲ တစ်ခုကို တွေ့ရသည်။ လက်သည်းကွင်း အတွင်း၌ (တစ်ဆင့် ဂျွန်စတု ရေးနိုး) ဟု ရေးထားသည်။

ကလေးငယ် ဤဆေးရုံတွင် နာရီ လေးဆယ်မျှ ရှိနေစဉ် အေ ရေးမှတ်ထားသော လူနာမှတ်တမ်းကို လော်ရာ လျင်မြန်စွာ ဖတ်သ ဒေါက်တာ ကိုးမင်း၏ မှတ်ချက်တွင် မီးဖွားမှု အခက်အခဲ ရှိကြောင်း၊ သို့ ဖွားရိုးဖွားစဉ်သာ ဖြစ်ကြောင်း၊ လိုအပ်သော ကိုယ်အလေးချိန် ၂၅၀၀ ဂ ထက် ကျော်လွန်ကြောင်း၊ ထို့ကြောင့် နေ့လမစေ့ မွေးဖွားခြင်း မဟုတ်ကြေ ရေးထားသည်။ ကလေးငယ်၏ အခြေအနေ အရပ်ရပ်သည် ပုံမှန် ဖြစ်သ မွေးဖွားပြီးစတွင် အထွေထွေ စစ်ဆေးမှု ပြုလုပ်ရာ တစ်စုံတစ်ရာ ချွတ်ယွ မတွေ့ရှိရပေ။ လော်ရာသည် ခါတ်ခွဲခန်း အစီရင်ခံစာများကို မဖတ်ရှု သော်လည်း ယေဘုယျသဘော ပြောရလျှင် ဤမှတ်တမ်းသည် တရာ ဘက်ကို အားတင်းပေးလျက် ရှိသည်။ သာမန်ထက် အသားဝါလျက် ရှိ လည်း စိုးရိမ်ဖွယ်ရာ အခြေအနေ မရှိသည့် ကလေးလေးကို ဆက် ကုသရန် မက်ထရိုပိုလီတန် ဆေးရုံကြီးသို့ ပို့ခဲ့ခြင်း ဖြစ်သည်။





လော်ရာသည် ဤ လူနာမှတ်တမ်းကို နောက်တစ်ကြိမ် ကြည့်ရှုခွင့် ရနိုင်ရန် မသေချာသဖြင့် မှတ်တမ်း စာရွက်များကို စားပွဲတင် မီးရောင် အောက်တွင် ဖြန့်တင်လိုက်သည်။ ထို့နောက် လက်ကိုင်အိတ် အတွင်းမှ မီးနော့ ကင်မရာကလေးကို ထုတ်ယူလိုက်သည်။

လူနာမှတ်တမ်းကို ဗီရိုအံဆွဲ အတွင်းသို့ လော်ရာ ပြန်လည် ထည့်သွင်း နေစဉ်မှာပင် တံခါးခေါက်သံ ပေါ်ထွက်လာသည်။ လော်ရာသည် တံခါးသော့ ကို တတ်နိုင်သမျှ အသံ မမြည်အောင် လှည့်ပြီးနောက် တံခါးကို ဖွင့်လိုက်သည်။

တံခါးပေါက်တွင် ရပ်နေသူမှာ အီသယ်ဂရေဆန် မဟုတ်ပါ။ လူရွယ် လေး တစ်ယောက်သာ ဖြစ်ပါသည်။ ကုတ် အပေါ် အင်္ကျီအိတ် ထဲတွင် နားကြပ် ထည့်ထားသည်ကို မြင်ရသော်လည်း သူသည် ဆရာဝန် တစ်ယောက် ဖြစ် ငယ်ရွယ်လွန်းလှပါသည်။

"မစ္စ ဂရေဆန် မရှိဘူးလား"

လူရွယ်က မေးသည်။

"သူ အခုပဲ ပြန်လာပါလိမ့်မယ်"

"ဒါဆိုရင် ကျွန်တော် သူ့ကို ဒီကပဲ စောင့်နေမယ်၊ အစ်မကြီး အနှောင့် အယှက် မဖြစ်ဘူး ဆိုရင်ပေါ့"

"မဖြစ်ပါဘူး"

သို့သော် လော်ရာသည် သူမ၏ ရုပ်ကို ဤဆရာဝန်ကလေး မမှတ်မိ ခင်မှာပင် ဤအခန်း ထဲမှ ထွက်သွားချင်နေသည်။ ကံကောင်းထောက်မသဖြင့် ထိုခဏမှာပင် အီသယ် ဂရေဆန် ပြန်ရောက်လာသည်။ အီသယ်သည် သူမ၏ အခန်း တံခါး ပွင့်နေသည်ကို တွေ့ရကတည်းကပင် သတိ ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် အခန်း တွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်ပဲ လော်ရာကို ပြောသည်။

"မစ္စ စတော့၊ ရှင် လိုချင်တဲ့ ဖိုင်ကို ငွေစာရင်း ဌာနကနေ တစ်ဆင့် တောင်းယူပါ"

"ကျေးဇူးတင်ပါတယ်ရှင်"

လော်ရာ အခန်း ထဲမှ ထွက်သွားသည်။ အခန်း တံခါး ပိတ်သွားသည် နှင့် တစ်ပြိုင်နက် အီသယ်ဂရေဆန်က လူရွယ် ဘက်သို့ လှည့်လျက်–

"ကျွန်မ ဘာလုပ်ပေးရမလဲ ဒေါက်တာ ကိုးမင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ပဆန် ဘေဘီ လူနာမှတ်တမ်းဖိုင် ကျွန်တော် ပြန်ကြည့်ချင်လို့ ရမလား"

ယင်းဖိုင်သည် ဤအချိန်၌ သူမ၏ အခန်း ထဲ၌ ရှိနေသည် ဆိုလျှ ပြဿနာ ဖြစ်နိုင်သည်ကို သိသည့် အတွက် အီသယ်ဂရေဆန်က–

"ကျွန်မတို့ အဲဒီဖိုင်ကို သီးသန့် တစ်နေရာမှာ သိမ်းထားပါတယ် ဒေါက်တာ ကျွန်မကို အချိန် တစ်နာရီလောက် ပေးမယ် ဆိုရင်တော့ အဆ သင့် ဖြစ်ပါစေမယ်"

"ဟုတ်ပြီ၊ အဲဒီဖိုင်ကို ကျွန်တော် အိမ်ယူသွားပြီး ညဘက်မှာ အေးအေ ဆေးဆေး ကြည့်ချင်တယ်"

"ကျွန်မ စီစဉ်ပေးပါ့မယ်"

အီသယ်ဂရေဆန် ချိုနိုင်သမျှ ချိုသာစွာ ပြန်ပြောသည်။

သူမ၏ ရုံးခန်း အတွင်းမှ ဒေါက်တာ ကိုးမင်း ထွက်သွားသောအခ အီသယ်ဂရေဆန်သည် အခန်း တံခါးကို သော့ခတ်ပြီးနောက် ဂျပ်ဆင်အ ထံသို့ ဖုန်းဆက်သည်။

"သူ လာသွားပြီ၊ ဖိုင်ကို ကြည့်သွားပြီ၊ အစ်ကို လုပ်တာ ကျွန် ကံကောင်းလို့ ဒုက္ခ မရောက်တယ်"

"သူ လိုချင်တာ ရသွားသလား"

"ကျွန်မတို့ လက်ထဲမှာ ရှိသမျှ အားလုံး သူ့ကို ကြည့်ခွင့် ပေးထ တာပဲ"

"ကောင်းတယ်"

"ဒါပေမဲ့ အစ်ကို နောက်တစ်ခါ အီသယ့်ကို ဒါမျိုး မလုပ်ခိုင်းပါနဲ့ တော့"

"ကိုယ့်မှာ သူ့ကို ဆပ်စရာ ကျေးဇူးတွေ ရှိနေလို့ပါ"

"အို... အစ်ကိုရယ် ကျေးဇူးတွေ အများကြီး သိပ် မရှိလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"အစ်ကိုက ပြောတယ်၊ အစ်ကို့ ရှေ့နေ လာလိမ့်မယ်၊ အဲဒီရှေ့နေဟာ အမျိုးသမီး တစ်ယောက် ဖြစ်နေတဲ့အတွက် ဘာမှ မအံ့ဩပါနဲ့လို့ ပြော တယ်၊ အဲဒီအမျိုးသမီးဟာ သိပ်လှတယ် ဆိုတဲ့ အကြောင်းတော့ အစ်





ပြောခဲ့ဘူး၊ ဟင်... အစ်ကိုနဲ့ သူ မရှင်း မရှင်း ဆိုတာများ အီသယ် ကြား ရင်တော့..."

"အို အချစ် အီသယ်ရယ်၊ ကိုယ် ကျိန်ပြောပါ့မယ်၊ ကိုယ်တို့ နှစ်ယောက် ကြားမှာ ဘာပြဿနာမှ မရှိပါဘူး"

"အင်း၊ ဟုတ်ပြီ ဒါပဲနော်"

အီသယ် နီဂိုးချုပ်လိုက်သည်။ သူမက ဤဖိုင်ကို ဒေါက်တာ ကိုးမင်း တောင်းသည့် အကြောင်း ပြောဆိုမည် စိတ်ကူးသေးသည်။ သို့သော် ကိုယ်ရေးကိုယ်တာ ကိစ္စဖြင့် နီဂိုးချုပ်သည်က ကောင်းသည်ဟု ယူဆပြီး ပြောတော့။

လော်ရာသည် သူမ ရိုက်ယူလာသော ဖလင်ကို သူမ၏ ရုံး အဆောက် အအုံရှိ ဓာတ်ပုံခန်းမှာပင် ဆေးကူးသည်။ နေ့ချင်းမှာပင် ဓာတ်ပုံများရရှိသည်။ သူမက ခရစ် ရှိရာ ဆေးရုံသို့ ဖုန်းဆက်ပြီး သူမ၏ အခန်းတွင် ညစာ းရန် ဖိတ်ခေါ်လိုက်သည်။ သူမ၏ အသံကို နားထောင် ရခြင်းဖြင့် ဤကိစ္စ ည် လုပ်ငန်း ကိစ္စသာ ဖြစ်ကြောင်း ခရစ် တွက်ချက်လိုက်မိသည်။

ညစာ စားပြီးသောအခါ လော်ရာက–

"ညီမ ပန်းကန်တွေ ဆေးနေတုန်း အစ်ကို ဒါတွေကို ကြည့်စမ်းပါ"

ခရစ်သည် ပက်လက် ကုလားထိုင်တွင် ထိုင်ပြီးနောက် စာအိတ်ကြီး တွင်းမှ ဖိုင်ကို ထုတ်ယူပြီး ကြည့်သည်။

"လော်ရာ မင်း ဒါတွေ ဘယ်က ရသလဲ"

ခရစ် ထိတ်လန့်စွာ အော်မေးလိုက်သည်။

"ဘယ်က ရတယ် ဆိုတာကို မစဉ်းစားပါနဲ့၊ ကြည့်သာ ကြည့်စမ်းပါ"

သူမ ပန်းကန်ဆေးနေရာမှ ပြန်အော်ပြောသည်။

မှတ်တမ်းများကို သူ ကြည့်သည်။

"ဘယ့်နှယ်လဲ"

အမျိုးသမီးက မေးသည်။

"စိတ်ဝင်စားစရာပဲ"

"စိတ်ဝင်စားစရာ ကောင်းတာ မကောင်းတာက အရေးမကြီးပါဘူး၊ သနာ တစ်ခုခုကို အဖြေ ပေးနိုင်သလား"

"ညီမ ဒါကို ဘယ်လို လုပ်ပြီး ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မေးတာကို ဖြေပါ၊ ပြဿနာ တစ်ခုခုကို ဖြေရှင်းနိုင်သလား"

"တရားသူကြီးမင်းရှင့်၊ ဒီအမှုရဲ့ အဖြေဟာ ဖိုင်တွဲ ထဲမှာ ရှိနေပါတယ် ဒီ့ တရားရုံးမှာ ညီမ အနေနဲ့ ပြောနိုင်ဖို့ မျှော်လင့်ထားတယ် ဆိုရင်တော့ အခြေက မဟုတ်ဘူးပဲ"

သူမ၏ မျက်နှာတွင် စိတ်ပျက်သော အမူအရာ ပေါ်လွင်သည်။ ထိုအ သူက-

"ကဲ ပြောစမ်းပါဦး၊ ဒီဖိုင်တွဲကို ညီမ ဘယ်ပုံ ဘယ်နည်းနဲ့ ရခဲ့သလဲ"

သည်တော့မှ သူမက ပြောပြသည်။ သူမ၏ စကားဆုံးသောအခါ ထိုင်ရာမှ ထပြီး သူမ၏ ကိုယ်လုံးကလေးကို သူ့ ရင်ခွင် ထဲသို့ ဆွဲယူလို ကာ -

"ညီမ လုပ်တဲ့ အထဲမှာ ဥပဒေနဲ့ ဆန့်ကျင်တာ ပါသလား"

"ဥပဒေနဲ့ ဆန့်ကျင်တာ ဟုတ်လား၊ မပါပါဘူး" ပြီးမှ "ဆော စည်းကမ်း ဖောက်ဖျက်ရာတော့ ရောက်တာပေါ့၊ အဲဒီကိစ္စကတော့ ဥပဒေ ဆန့်ကျင်တာပေါ့"

"ဒီမယ် မိန်းကလေး၊ ကိုယ့်အတွက်ကြောင့် ညီမ စွန့်စားတာ မဖြစ်စေချင်ဘူး၊ အခု ကိုယ့်အတွက် ညီမ လုပ်ပေးနေတာကိုက များလှပါပြ သူမကို သူ နမ်းလိုက်သည်။ ထို့နောက် "နောင်ကို အခုလို အရဲစွန့်တာမျိုးတေ မလုပ်နဲ့တော့နော်၊ ဟုတ်လား"

"အင်းပါ၊ ဒါပေမဲ့ ညီမ ယူလာတဲ့ မှတ်တမ်းတွေကို သေသေချာ ပြန်ပြီး ကြည့်စမ်းပါဦး"

မှတ်တမ်းများကို သူ သေသေချာချာ ပြန်ကြည့်သည်။

"အဲဒီ အထဲမှာ အမှုအတွက် အထောက်အကူ ပြုနိုင်မယ့် အချ ဘစ်ခုခု မပါဘူးလား၊ ကလေးလေးရဲ့ ဦးနှောက်ကို ချွတ်ယွင်းစေနိုင်တဲ့ တခြ အကြောင်း တစ်ခုခုပေါ့"

"အမှန်အတိုင်း ပြောရရင်တော့ ဆရာဝန် တစ်ယောက်အတွက် လ တွေ့ အသုံးဝင်မယ့် အချက်မျိုး ဘာတစ်ခုမှ မပါဘူး၊ မှတ်တမ်းက အပေါ်ယံ ခြော ရေးမှတ်ထားတာမျိုးပဲ၊ ညီမ စွန့်စားရတာနဲ့ ဘယ်လိုမှ မကာမိဘူး"

"ဘာပဲဖြစ်ဖြစ် ဒီမှတ်တမ်းကို ညီမတို့ သိမ်းထားရမယ်"

လော်ရာက မှတ်တမ်း စာရွက်များကို သိမ်းယူရင်း ပြောလိုက်သည်။





"ဘာမှတော့ အသုံးဝင်မှာ မဟုတ်ဘူး"

ခရစ် သတိပေးလိုက်သည်။

"အသုံးဝင်နိုင်ပါတယ်"

လော်ရာက သူ့ စိတ်ကို ဆွသည့် အနေဖြင့် ပြန်ပြောလိုက်သည်။

"ဘယ်လို အသုံးဝင်မှာလဲ"

"အို... အချစ်ရယ်" သူမက သူ့ကို ဆိုဖာ ဆီသို့ ဆွဲခေါ်သွားပြီး "ဥပဒေ ဆိုတာ လူတွေ လုပ်တဲ့ လုပ်ငန်း တစ်ခုပဲ၊ ဝင်္ကဘာဂိတ် အကြောင်း ပြန်ပြောရဦးမလား၊ အစ်ကိုတို့ အာမခံကုမ္ပဏီ စစ်ဆေးရေးမှူးက ဘာလုပ် နိုင်တယ် ဆိုတာကို မမှတ်မိတော့ဘူးလား"

"ကိုယ့် မှတ်တမ်းတွေကို အပြင်ခိုင်းတာလား"

"အင်းပေါ့၊ အမှု စစ်ဆေးနေတဲ့ အချိန်မှာ ရုံးတော်က ခေါ်တာ ကိုးမင်းကို သူ့ မှတ်တမ်းတွေ တင်ပြဖို့ တောင်းမယ်၊ အဲဒီ အခါမှာ ကိုးမင်း တင်ပြတဲ့ လူနာ မှတ်တမ်းတွေဟာ ညီမတို့ လက်ထဲမှာ ရှိနေတာတွေနဲ့ မတူ ဘူး ဆိုရင်..."

"ညီမ ဆိုလိုတာက ကိုးမင်းဟာ သူ့ မှတ်တမ်းတွေကို ပြင်လိမ့်မယ်"

"ဆရာဝန်တွေဟာ ဒီလိုပဲ လုပ်လေ့ လုပ်ထ ရှိခဲ့ကြတယ်၊ မှတ်တမ်း တွေ ထဲမှာ ဟယ်ရီဖရန်ကလင် သဘောမကျတဲ့ အချက် တစ်ခုခု ရှိနေရင် ကိုးမင်းကို ပြင်ခိုင်းမှာပဲ"

"ကိုယ်တော့ မထင်ဘူး"

"ညီမတော့ ထင်တယ်"

"ဒီမှတ်တမ်းတွေ ထဲမှာ ကိုးမင်း သဘောမကျစရာ ဘာအချက်မှ ရှိပါဘူး၊ အဲဒီတော့ သူ့ အနေနဲ့ ဘာပြင်စရာ လိုသလဲ"

"ရုံး ရောက်ရင် ညီမတို့ သိရမှာပဲ"

လော်ရာက ပြောလိုက်သည်။

သူမကို သူ ဖက်လိုက်သည်။ ယခု တစ်ကြိမ်တွင်မူ တပ်မက်ခြင်း ပြင်းပြစွာနှင့် ဖြစ်သည်။ သို့ရာတွင် မနက်က အစည်းအဝေးကို သူ ရုတ်ခြည်း သတိရသွားသည်။ သူ၏ ခံစားမှု ပြောင်းလဲသွားသည်ကို သူမက သတိပြုလိုက် သည်။

"အစ်ကို ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အသည်းအဝေးအကြောင်း သူ ပြောပြသည်။ တီဗွီသတင်း၊ ပြေလည်ရန် ကမ်းလှမ်းချက်၊ သူ့ ထံမှ ရေးနိုး လိုချင်သော ဝန်ခံချက်၊ မိုက်၏ တုံ့ပြန်မှု

"အင်း အန်ကယ်မိုက်နဲ့ အစ်ကိုနဲ့က အတူတူပဲ၊ ခြောက်ပြစ်ကင်း သဲလဲစင်တွေပဲ၊ အစ်ကိုတို့က ဆေးပညာကို ရိုးရိုးသားသား လိုက်စားကြတယ် ကျင့်ဝတ်နဲ့ အညီ ကျင့်ကြံကြတယ်၊ ခြောက်ပြစ်ကင်း သဲလဲစင်တွေပဲ"

မိန်းကလေး သူ့ ထံမှ ခွာလိုက်ပြီး စီးကရက်ဘူးကို ရှာသည်။ သူက တစ်စုံတစ်ရာ ပြောမည် စိတ်ကူးလိုက်သေးသည်။ သို့သော် သူ၏ သတိထားမှုသည် သူမကို ပို၍သာ ခေါင်းမာစေပေမည်။ သူမက စီးကရက်ကို မီးညှိသည် မီးရောင်တွင် ထင်လာသော သူမ၏ မျက်နှာသည် နွမ်းယဲ့မှုကို ပြနေသည် သို့ရာတွင်–

"အစ်ကို အဲဒီကလေးကို အစ်ကို နောက်တစ်ခါ ပြန်ကုရမယ် ဆိုရင် တစ်မျိုးတစ်ဖုံ ပြောင်းပြီး ကုမလား"

တဲ့တိုးကြီး မေးလိုက်သော သူမ၏ မေးခွန်းကြောင့် သူ အံ့ဩသွားသည်။

"ဘယ့်နှယ်လဲ အစ်ကို"

သူမက အဖြေကို တောင်းခံနေသည်။

"ကိုယ်လည်း ဒါကို စဉ်းစားမိပါတယ်" ဟု ဝန်ခံလိုက်သည်။ "ကိုယ် အစက နေပြီး အားလုံးကို ပြန်တွက်ကြည့်ပါတယ်၊ ပက်ကဆိုက် ဆေးရုံ မှတ်တမ်းတွေ၊ ကလေးငယ်ရဲ့ သွင်ပြင် လက္ခဏာ၊ ကိုယ်တို့ ဆေးရုံကြီး ဓာတ်ခွဲခန်း အစီရင်ခံစာတွေ"

"အစ်ကို တစ်မျိုးတစ်ဖုံ ပြောင်းပြီး ကုမလား"

သူမက ထပ်မေးသည်။

"ကိုယ် နှစ်ခါ သုံးခါ ဆိုသလို စဉ်းစားမိတယ်၊ ကိုယ်ဟာ ထုံးတမ်းစဉ်လာ ဖြစ်တဲ့ သွေးဖလှယ်တဲ့ နည်းနဲ့သာ ကုသခဲ့လို့ ရှိရင် အခုလို အ အထွေးတွေကို ဘယ်နည်းနဲ့မှ ကြုံတွေ့ရမှာ မဟုတ်ဘူး"

"အဲဒီလို ကုခြင်းကြောင့်ကော ကောင်းနိုင်သလား"

"ဒါတော့ ဘယ်သူမှ မပြောနိုင်ဘူး၊ ဆေးပညာမှာ တကယ်လို့ ဆိုတာတွေ ပြည့်နေတာပဲ၊ ဒါပေမဲ့ အခုလို လူနာမျိုး ကျတော့ အခွင့်အရေးဟာ တစ်ခုပဲ ရှိတယ်"



"အစ်ကို့ ဆီက ရိုးရိုးသားသား ပြောတဲ့ သဘောထားကို ညီမ ကြားချင်တယ်၊ သွေးဖလှယ်တဲ့ နည်းနဲ့ ကုရင် ထူးခြားနိုင်သလား"

"ကိုယ် မသိဘူး၊ ဘယ်သူမှလည်း မသိနိုင်ဘူး"

သူ ဝန်ခံလိုက်သည်။

ထိုအခါ သူမက စီးကရက်ကို ထိုးခြေလိုက်ပြီးနောက်–

"ဒီမယ် အစ်ကို၊ ရုံးတော်မှာ ပြန်လှန်မေးခွန်းတွေ မေးတဲ့အခါ အစ်ကို့မှာ စောစောက ပြောတဲ့ ဒုတိယ အတွေးမျိုး ရှိတဲ့ အကြောင်း လုံးဝ ဝန်မခံပါနဲ့"

ခရစ်က သူမကို ကြည့်လိုက်သည်။ အံ့ဩဟန်လည်း ရှိသည်။ သဘောတူဟန်လည်း ရှိသည်။ သူမက ဆက်ပြီး ပြောသည်။

"အစ်ကို အခု ဝန်ခံသွားတဲ့ စကားတွေကို ပြန်စဉ်းစား ကြည့်စမ်းပါ၊ ပက်ကဆိုက် ဆေးရုံက မှတ်တမ်းတွေဟာ မှန်တယ်တဲ့၊ သွေးဖလှယ်တဲ့ နည်းဟာ ထုံးတမ်းစဉ်လာ အများသုံးနေတဲ့ ကုနည်း ဖြစ်တယ်တဲ့၊ အဲဒီနည်းကို သုံးခဲ့မိတာ မှားသလားလို့ အစ်ကို ပြန်စဉ်းစား နေမိတယ်တဲ့၊ အဲဒါ သိပ်ဆိုးတယ်၊ တကယ်လို့သာ ဆိုတာ လုံးဝ မရှိရဘူး၊ အစ်ကို့ရဲ့ ဆုံးဖြတ်ချက်ဟာ အဲဒီ ကလေးရဲ့ ဘဝ ကံကြမ္မာပဲ"

ခရစ် ပခုံး တွန့်လိုက်သည်။

"အဲဒီအချက်တွေကိုသာ ရသွားရင် ဟယ်ရီဖရန်ကလင် ဘာလုပ်မယ်ဆိုတာ စဉ်းစားကြည့်စမ်းပါ၊ အဲဒါကြောင့် အစ်ကို့မှာ ဒုတိယ အတွေး ရှိတယ်ဆိုတာကို လုံးဝ ဝန်မခံပါနဲ့၊ ဘယ်တော့မှ ဝန်မခံပါနဲ့"

"ဒါပေမဲ့ အမှန်တကယ် ဖြစ်နေတယ် ဆိုရင်ကော"

သူ စောဒက တက်သည်။

"သူတို့က အဲဒါကို သက်သေခံ အဖြစ် အသုံးပြုလိမ့်မယ်"

"ဒါပေမဲ့ ကိုယ် ဘယ်လိုလုပ်ပြီး ငြင်းနိုင်မလဲ"

"အစ်ကို ငြင်းရမယ်"

မိန်းကလေးက ပြောလိုက်သည်။ ပြီးမှ သက်ပြင်းချလိုက်ပြီး–

"အင်း ဟုတ်တယ်၊ အစ်ကို မှန်တယ်၊ အစ်ကို့ စိတ်ထဲမှာ မှန်တယ်လို့ထင်တဲ့ အချက်က လွဲလို့ တခြား ဘာကို အစ်ကို ပြောနိုင်မလဲ"

သူ့ ဘက်သို့ မိန်းကလေး လှည့်လိုက်သည်။ သူ့ကို နမ်းသည်။ ပြီး ပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညီမ မှားသွားတယ်၊ အစ်ကို့ကို တခြား အမှုသည် တစ်ယောက်ကို သဘော ထားလိုက်မိတယ်"

သည်တော့မှ သူက သူမကို ဆွဲယူလိုက်ပြီး နမ်းလိုက်သည်။ တ မော်ခြင်း ပြင်းစွာနှင့် ဖြစ်သည်။

"အို... အစ်ကိုရယ်၊ ညီမတို့ရဲ့ ဆွေးနွေးပွဲကို အိပ်ရာထဲမှာ အဆုံး သတ်လိုက်ပါနဲ့"

သူက သူမကို ထပ်ပြီး နမ်းလိုက်သည်။ သို့ဖြင့် သူမ၏ တောင်းပ စကားသည် သူမ၏ နောက်ဆုံး စကားသာ ဖြစ်ချေတော့သည်။



## ၁၅

BURMESE CLASSIC .com

ကိုဖာဂရန့် အမ်၊ ဒီ သည် ကျယ်ပြန့်သော လေ့ကားထစ်များ၏ ခြေရင်း ရပ်လျက် အပေါ်ဘက်သို့ ငေးမော ကြည့်ရှုလျက် ရှိသည်။ သူသည် ရားရုံး အဆောက်အအုံကြီးကို ဓာတ်ပုံ ထဲတွင် ကြိမ်ဖန်များစွာ မြင်တွေ့ သော်လည်း တစ်ကြိမ် တစ်ခါမျှ ရောက်ဖူးခြင်း မရှိခဲ့ချေ။ ဤလှေကားထစ် ကို တက်ရန် အကြောင်း မဖြစ်ပေါ်ခဲ့ချေ။

ယခုမူ သူသည် တရားစွဲဆိုခံရသူ တစ်ဦး ဖြစ်ချေတော့သည်။

သူသည် လော်ရာနှင့် အတူ လှေကားထစ်များကို တက်မည် အပြုတွင် ထဲ၌ စကားပြောခွက် ကိုင်ထားသော သတင်းထောက် တစ်ဦးက သူ့ ကာဆီးလျက် ရှိသည်ကို တွေ့ရသည်။ သူ့ နောက်တွင်ကား လက်ကိုင် ကင်မရာကို ကိုင်ထားသော ဓာတ်ပုံဆရာ တစ်ဦး ရှိနေသည်။

"ဒေါက်တာ ဂရန့်ပါလား ခင်ဗျား"

သတင်းထောက်က မေးလိုက်သည်။

ခရစ် အဖြေမပေးဘဲ အပေါ်သို့ ဆက်တက်သွားမည် ရှိစဉ် အဆိုပါ င်းထောက်၏ မျက်နှာကို ရုတ်တရက် မှတ်မိလိုက်သည်။ ဆေးရုံ အုပ်ချုပ် ဖွဲ့တွင် ပြသနာ ပေါ်သော ရုပ်မြင်သံကြား သတင်းထောက် မိလက် သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဖွန်စတူးဝပ် ရေးနိုးရဲ့ ဩဇာ အာဏာကို ယှဉ်ပြိုင်ရတာ ဒေါက်[…] စိတ်ထဲမှာ ဘယ်လို ခံစားရပါသလဲ”

ခရစ် မဖြေမီ လော်ရာ ကြားဖြတ်လျက်–

“သတင်းထောက်တွေကို ဘာမှ မပြောကြားဖို့ ဒေါက်တာ ဂရန်[…] ပိတ်ပင် တားမြစ်ထားပါတယ်”

“မစ္စတာ ရေးနိုးက ပိတ်ပင်ထားတာလား ခင်ဗျာ”

မိလက်က ပြုံးပြီး မေးသည်။

“မဟုတ်ပါဘူး၊ သူ့ ရှေ့နေကပါ”

လော်ရာက စကားစကို ဖြတ်သည့် အနေဖြင့် ခပ်ပြတ်ပြတ်က[…] ပြောလိုက်သည်။

သို့သော် မိလက်သည် အပေါ်ဘက် နှစ်ထစ်လောက်ကို လျင်မြ[…] တက်လိုက်ပြီးနောက်–

“ကျွန်တော်က ခင်ဗျားတို့ ဘက်ကပါ၊ ခင်ဗျားတို့ အကြောင်[…] တီဗွီမှာ ကျွန်တော် အခန်းဆက် လွှင့်ပေးနေပါတယ်”

“ကျွန်မတို့ သိပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ ဘက်ကနေ သတင်း ဖြ[…] နေတာထက် ဘာမှ မရေးမလွှင့်ဘဲ ထားတာက ပိုကောင်းပါလိမ့်မယ်”

“အမျိုးသမီး ခင်ဗျာ၊ အစ်မကြီးတို့ဟာ ရတတ်သမျှ အကူအညီ[…] ကို ရဖို့ လိုအပ်နေပါတယ်၊ ဒေါက်တာ့ စိတ်ထဲမှာ ပြောချင်တာ ရှိတာ[…] ပြောပါစေ၊ ကျွန်တော် သတင်း လွှင့်ပေးပါ့မယ်”

“ကျွန်မတို့က ဒီအမှုကို တရားခွင်မှာပဲ ဆုံးဖြတ်ချင်ပါတယ်”

“ကောင်းပါပြီ ခင်ဗျာ၊ ဒါပေမဲ့ ဒေါက်တာတို့မှာ မိတ်ဆွေတွေ လို[…] နေပါတယ်၊ ရန်သူတွေကတော့ အများကြီး ရှိနေပါတယ်”

“ကျေးဇူးတင်ပါတယ်ရှင်၊ အဲဒါကိုလည်း ကျွန်မတို့ သိပါတယ်”

လော်ရာက ယင်းသို့ ပြောပြီး ခရစ်၏ လက်မောင်းကို ကိုင်[…] အပေါ်သို့ တက်မည်ပြုသည်။

မိလက် ရုတ်ခြည်း အလျှော့မပေးသေး။

“ဒေါက်တာတို့မှာ အကူအညီလိုလို့ ရှိရင် ကျွန်တော့်ကို အမှတ်[…] ကျွန်တော် တတ်နိုင်တာ ဘာမဆို လုပ်ပေးပါ့မယ်၊ အခြေအနေ အရပ်ရပ်[…] နောက်မကျသေးဘူးလို့ ကျွန်တော် ထင်ပါတယ်”





“ကျေးဇူးတင်ပါတယ်ရှင်”

ထို့နောက် လှေကားကို သူတို့ တက်ခဲ့ကြသည်။

*

[…]ရားရုံး စင်္ကြံ တစ်လျှောက်သည် သန်းပေါင်းများစွာသော ဆေးပြင်းလိပ်နှင့် […]ရက် မီးခိုးများ ဒဏ်ကြောင့် ညို့မှိုင်းလျက် ရှိသည်။ တရားရုံးများ […]ရေးများနှင့် မင်းစေများကို ပေးရသည့် ဆေးလိပ်ဖိုးမှာလည်း နည်းတော့ […] မဟုတ်ပါချေ။

“ဆေးလိပ် မီးခိုးနံ့တွေကတော့ ကင်ဆာ စက်ရုံကြီး ကျနေတာပဲ”

ခရစ်က ပြောသည်။

“အမှန်ပါပဲရှင်၊ အဘက်ဘက်ကပဲပေါ့”

လော်ရာက ပြုံးလဲ့ကာ ပြန်ပြောသည်။

[…]တရားရုံး အမှတ် (၄၀၅) ကို သူတို့ တွေ့ရှိသည်။ တံခါး ထက်တွင် […]ရပ်စွာ ချိတ်ထားသော ဆိုင်းဘုတ်ကို ကြည့်ခြင်းအားဖြင့် သည်အမှုတွင် […]ရားသူကြီး တီမိုတီဗင်နွန်က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်မည်ကို သူတို့ […]ကြရသည်။ သူတို့ နှစ်ယောက် ရုံးခန်း တွင်းသို့ ဝင်ရောက်သွားသောအခါ […]လူကြီးများ နေရာ အနီးတွင် တူညီဝတ်စုံဝတ် ရုံးစာရေး နှစ်ဦး ပျင်းပျင်း […]ရှိနေသည်ကို တွေ့ရသည်။

ကရပ်ထရီး ရောက်ရှိလာသည်။ သူက အဆိုပါ စာရေး နှစ်ယောက်ကို […]ရင်းနှီးနှီး ပြောဆို ဆက်ဆံသည်။

တရားပြိုင် ပုဂ္ဂိုလ်များ ကိုယ့်နေရာတွင် ကိုယ် ထိုင်ကြသည်။ လာ[…]က် နားထောင်သူများ အနည်းငယ်သာ ရှိသည်။ ခရစ်နှင့် လော်ရာတို့သည် […]တို့ အတွက် သတ်မှတ်ထားသော စားပွဲ၏ တစ်ဖက် ထိပ်တွင် ထိုင်ကြသည်။ […]ဆိုဖို့ အတွက် သတ်မှတ် ကုလားထိုင်မှာ လစ်ဟာလျက် ရှိသည်။ ဆရာဝန်[…]သည် သူ ထွက်ဆိုရမည့် နေ့တွင်မှ လာရောက်မည် ဖြစ်သည်။ ကျန်သည့် […]က်များတွင်ကား သူသည် ဆေးရုံလုပ်ငန်းများကို မပျက်မကွက် ဆက်လက် […]ဆောင်နေမည် ဖြစ်သည်။



www.burmeseclassic.com

တရားလိုအတွက် သတ်မှတ်ထားသော စားပွဲတွင်ကား ဝီလီယံဟိန်ဖယ်ဒင်နှင့် လက်ထောက် ရှေ့နေ တစ်ဦးသာ ရှိနေသည်။ ရုံးစာရေး တစ်ဦး ယာယီ ဂျူရော်လူကြီး သုံးဆယ်ကို ခေါ်ဆောင်လာပြီး မိနစ် အနည်းငယ် ကြာသောအချိန်တွင်မှ ရုံးခန်း အပြင်ဘက် ဆီမှ ရတ်ရတ်သဲသဲ လှုပ်ရှားမှု ကို တွေ့မြင်ရသည်။ ဂျွန်စတူးဝပ် ရေးနီး ရောက်ရှိလာခြင်း ဖြစ်သည်။

"လူကြီးမင်းများ ခင်ဗျာ၊ အခုအချိန်ဟာ တစ်ခုခုကို ပြောဖို့ စော သေးတယ်၊ အချိန်ကျတဲ့ အခါမှာ ကျွန်တော်ဟာ ရေငုံ နှုတ်ပိတ်ပြီး မနေပါ"

သူက သူ့ နောက်ဘက်မှ သတင်းထောက်များကို လှည့်ပြီး ပြော သည်။

ထို့နောက် ရေးနီးသည် ခုံတန်းများ အကြားရှိ မင်းလမ်းအတိုင်း ရဲရင့်စွာ လျှောက်ဝင်လာသည်။ သူ့ နောက်တွင် နက်ပြာရောင် ဝတ်စုံ ဝတ်ဆင်ထားသော လူ သေးသေးငယ်ငယ် တစ်ယောက် ပါရှိလာသည်။ ထိုသူ သည် ကိုင်းမပါသော မျက်မှန်ကို တပ်ဆင်ထားသဖြင့် ပို၍ပင် အပာန် နေတော့သည်။ ထိုလူသည် ဟိန်ဖယ်ဒင်နှင့် လက်ဆွဲ နှုတ်ဆက်ပြီးနောက် တရားခံ စားပွဲ ဘက်သို့ ကူးလာသည်။ ကရပ်ထရီးနှင့် ဝေါလာ တို့ကို လက်ဆွဲ နှုတ်ဆက်သည်။

"ဒေါက်တာ ဂရန့်၊ မစ္စ ဝင်းတား၊ ဒါကတော့ ဟယ်ရီ ဖရန်ကလင်"

ကရပ်ထရီးက မိတ်ဆက်ပေးသည်။

ခရစ်သည် လူ သေးသေးကလေးကို လက်ဆွဲ နှုတ်ဆက်လိုက်သည်။ သူ့ လက်များ နူးညံ့ ပျော့ပျောင်းလှသည်။

ဖရန်ကလင် သူ့ စားပွဲသို့ ပြန်သွားသည်။ ဂျွန်ရေးနီးသည် လက်ရန်း ကုလားထိုင်တွင် ထိုင်လျက် ရုံးခန်းကို ကြည့်ရှုလျက် ရှိသည်။ သူ၏ မျက်လုံး များသည် ခရစ် ဂရန့်ကို ဖြတ်ကျော်သွားသည်။ တစ်စုံတစ်ရာ မှတ်မိသိရှိဟန် ကို မပြချေ။ ခရစ် ဂရန့်သည် လုံးဝ မရှိသည့် အလားပင် ဖြစ်သည်။ ရေးနီး၏ စိတ်ထဲတွင် သူ့ကို လုံးဝ သုတ်သင်ပြီးဟန်ပင်တည်း။

ရုံးစာရေးက အားလုံး ထရန် ပြောလိုက်သည်။

"အားလုံး မတ်တတ်ရပ်ကြပါ" ဟု ရုံးစာရေးက အမိန့်ပေးလိုက်ချိန် တွင် တရားသူကြီး၏ အခန်း တံခါး ပွင့်လာသည်။





ဂုဏ်သရေရှိ တရားသူကြီးမင်း တီမိုတီဗင်နွန် ရုံးတော် အတွင်းသို့ ဝင်ရောက်လာသည်။ တရားသူကြီးသည် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ခန့်ချောချော ဖြစ်သည်။

ဗင်နွန်သည် နောက်မြင့် ကုလားထိုင်ကြီးတွင် ထိုင်လိုက်ပြီးနောက် နှစ်ဖက် ရှေ့နေများကို ပြုံးပြီး နှုတ်ဆက်သည်။ ထို့နောက် သူသည် ရှေ့ဖတ် စာရေးကို ဂျူရော်လူကြီးများ ရွေးချယ်ရန် အမိန့်ပေးသည်။

ရှေ့ဖတ် စာရေးက ဂျူရော်လူကြီးများ၏ အမည်ကို တစ်ဦးချင်း ကြေညာကာ ခေါ်သည်။ ဂျူရော်လူကြီးများ သတ်မှတ်ထားသော နေရာတွင် နေရာ ယူရသည်။ စာရေးသည် ဂျူရော်လူကြီး အမျိုးသား အမျိုးသမီး ဆယ့်လေးဦး တို့၏ အမည်ကို ကြေညာပြီးသောအခါ ၎င်းတို့ အကြောင်း ဖော်ပြထားသော ကတ်ပြားများကို အစီအစဉ် ပြုလုပ်ပြီး ဟယ်ရီဖရန်ကလင်၏ လက်သို့ ပေးအပ် သည်။

ဖရန်ကလင်သည် ဂျူရော်လူကြီးများ၏ သီးသန့်နေရာ လက်ရန်းတန်း နား ရပ်မိလျက် အသံ တိုးတိုးညင်းညင်းဖြင့် ပြောဆိုလျက် ရှိသည်။ သူ့ အသံ တိုးညင်းစွာဖြင့် သူ ဘာပြောနေသည်ကို ခရစ် မကြားရ သလောက်ပင် ဖြစ်မည်။ ဖရန်ကလင် မေးသည့် မေးခွန်းများကို ယာယီ ဂျူရော်လူကြီးများက ဖြေလျက် ရှိကြသည်။ ဖရန်ကလင်သည် နှစ်ဖက် တရားပြိုင်များကိုလည်း မိတ်ဆက်ပေးသည်။

ယာယီ ဂျူရော်လူကြီးများသည် နှစ်ဖက် တရားပြိုင်များနှင့် သော်လည်း ကောင်း၊ နှစ်ဖက်ရှေ့နေများနှင့် သော်လည်းကောင်း ပုဂ္ဂိုလ်ချင်း သိကျွမ်း ရင်းနှီးမှု မရှိကြောင်း သေချာသောအခါ သူသည် ယာယီ ဂျူရော်လူကြီး တစ်ဦး ချင်းကို စစ်ဆေး မေးမြန်းသည်။ ဖရန်ကလင်သည် တစ်ယောက်ပြီး တစ် ယောက်ကို ပယ်ချလျက် ရှိသည်။ အထူးသဖြင့် ဆေးလောကနှင့် အဆက် အသွယ် ရှိသူများကို ဂျူရော်လူကြီး အဖြစ်မှ ဖယ်ရှားပစ်နေသည်။

ဂျူရော်လူကြီး တစ်ယောက် ထွက်သွားပြီးနောက် သူ့ နေရာတွင် အခြား ဂျူရော်လူကြီး တစ်ယောက် ရောက်ရှိလာသည်။ ထိုအစီအစဉ် ကြာညောင်း လာသောအခါ ခရစ်သည် စိတ်ဝင်စားခြင်း လျော့ပါးလာတော့သည်။ တရား ခံကိစ္စသည် အင်မတန် ပျင်းစရာ ကောင်းသော ကိစ္စ တစ်ခုဟု ထင်မှတ်လာ တော့သည်။ သူသည် ကုလားထိုင်တွင် တဖြည်းထက် တဖြည်း လျော့ကျ နေသလောက် လော်ရာကား စိတ်ဝင်စားစွာ နားစိုက်လျက် ရှိချေသည်။

www.burmeseclassic.com



နေ့ခင်း ရပ်နားသော အချိန်သို့ ရောက်ရှိသော အခါမှပင် ခရေ စိတ်ချမ်းသာသွားပြီး ခြေညောင်း လက်ဆန့် ပြုလုပ်သည်။ သို့သော် လော်ရာ သည် အခန်းတွင်းမှ ရုတ်တရက် ထွက်ခွာရန် ဆန္ဒမရှိဘဲ ဖြစ်နေသည်။ သူမက အခြားသူများ အားလုံး ထွက်သွားသည် အထိပင် ထိုင်လျက် ရှိသည်။ နောက်ဆုံးတွင် တရားရုံးခန်းမ အတွင်း၌ သူတို့ ချည်းသာ ကျန်ရစ်တော့ သည်။

"ဖရန်ကလင်ဟာ ရှေ့နေခကို နေ့တွက်နဲ့ ရတယ် ထင်တယ်"

ခရစ်က ပြောလိုက်သည်။

"အဲဒီလို မပြောနဲ့၊ သူ ဘာလုပ်နေတယ် ဆိုတာ အစ်ကို သိသလား"

လော်ရာက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"လူတွေ အားလုံး ပျင်းပြီး သေကုန်အောင် လုပ်နေတာပဲ"

"သူက ဇူရော်အဖွဲ့ ထဲမှာ လူမည်းတွေ မပါအောင် တဖြည်းဖြည်းချင်း နဲ့ စနစ်တကျ ဖြုတ်ထုတ်ပစ်နေတာပဲ၊ သူ လုပ်တာကို လူတွေ မသိအောင် လူဖြူ တချို့ကိုလည်း ဖြုတ်ပစ်တယ်ပေါ့၊ ဒါပေမဲ့ ရှင်းနေတာ တစ်ခုကတော့ ဇူရော်အဖွဲ့ ထဲမှာ လူမည်း တစ်ယောက်မှ မပါစေချင်တာ သူ့ ကြံရွယ်ချက်ပဲ"

"ဘာဖြစ်လို့လဲ"

"ညီမလည်း အဲဒါ စဉ်းစားနေတာပဲ၊ အမှု ထဲမှာ အကျုံးဝင်နေတဲ့ ဆရာဝန်တွေဟာ တစ်ယောက်မှ လူမည်း မဟုတ်ဘူး"

"အဲဒါဆို ဘာဖြစ်လို့ သူ ဒီလို လုပ်ရသလဲ"

"လူဖြူ ဇူရော်လူကြီးတွေဟာ လူနေမှု အဆင့်အတန်း မြင့်တဲ့အတွက် လျော်ကြေးငွေ များများ ဆုံးဖြတ်လေ့ ရှိတယ်လို့ အချို့ ရှေ့နေတွေက ယူဆ ကြတယ်၊ ဒါပေမဲ့ အခုပွဲမှာ ငွေက အဓိက မဟုတ်ဘူး၊ ရေးနိုး အနေ ငါးဒေါ်လာပဲ ရရ ဒေါ်လာငါးသန်းပဲ ရရ ဘာမှ အကြောင်း မထူးဘူး"

"ဖရန်ကလင် အတွက်ကော အကြောင်း မထူးဘူးလား"

"ထုံးစံအတိုင်း ဆိုရင်တော့ သူဟာ ရာခိုင်နှုန်းနဲ့ ရတာပဲ၊ ဒါပေမဲ့ ဒီအမှုမှာတော့ သူ့ကို ရှေ့နေခ ငွေတွေ ပုံပေးထားတာပဲ၊ နောက်ပြီးတော့ အမှုဆိုင်ရတဲ့ နေ့မှာလည်း တစ်နေ့ကို ဒေါ်လာ နှစ်ထောင် ပေးထားတယ် အဲဒီတော့ သူဟာ လျော်ကြေးငွေ များများရရေးကို ဘယ်နည်းနဲ့မှ အာရုံပြု မဟုတ်ဘူး၊ အင်းလေ ဘာဆိုတာ ညီမတို့ သိရမှာပေါ့၊ အချိန်တန်ရင် သိရမှာပေါ့၊ လာ တစ်ခုခု သွားစားကြရအောင်"



ညနေပိုင်း အချိန်မှာလည်း ပျင်းရိ ငြီးငွေ့ဖွယ်ရာပင် ဖြစ်သည်။ ဖရန် ကလင်သည် ဇူရော်လူကြီးများကို တိုးတိုးညင်းညင်း မေးမြန်းလျက် ရှိသည်။ တရားသူကြီး ဗင်နွန်သည် တခြား အမှုတွဲများကို ဖတ်နေသည်။ ကရပ်ထရီးက တစ်စုံတစ်ရာ ကန့်ကွက်သော အခါတွင်မှ သူ အဆုံးအဖြတ် ပေးသည်။ ထို အခါတွင်လည်း ဖရန်ကလင်ကို အနိုင်ပေးသည်က များသည်။

ဖရန်ကလင်သည် လူမည်း ဇူရော်လူကြီးများကို ဖြုတ်ထုတ်ပစ်နေ ကြောင်း ကရပ်ထရီးကို လော်ရာက ပြောသောအခါ ကရပ်ထရီးက အလေး အနက် မထားဟန်ဖြင့် ပခုံး တွန့်ပြသည်။

ဖရန်ကလင် ပြီးသွားသောအခါ ကရပ်ထရီး၏ အလှည့် ရောက်လာ သည်။ သူသည် အာမခံကုမ္ပဏီ ရှေ့နေ တစ်ဦး ဖြစ်သည်နှင့် အညီ ယခင် အမှု ဖြစ်ပွားခဲ့ဖူးသော ဇူရော်လူကြီးများ အားလုံးကို ဖယ်ထုတ်သည်။ ရှေ့နေ တစ်ဦးဦးနှင့် နီးစပ်သူများကို ဖယ်ရှားသည်။ ထို့နောက် အလုပ် မရှိသူများကို ဖြုတ်ပစ်ပြီး လုပ်ငန်းရှင်များကိုသာ ပါဝင်စေသည်။ သူ၏ အယူအဆက လုပ်ငန်းရှင်များသည် ငွေကို တန်ဖိုးထားသဖြင့် လျော်ကြေးငွေ နည်းနည်းကို သာ ဆုံးဖြတ်လိမ့်မည်ဟု ဖြစ်၏။ ထို့အပြင် သူသည်လည်း ဖရန်ကလင် နည်းတူပင် လူမည်းများကို ဖြုတ်ထုတ်ပစ်လျက် ရှိတော့သည်။

နောက်တစ်နေ့ နံနက်တွင်ကား တရားသူကြီး ဗင်နွန်သည် စိတ်မရှည် တော့။

"ရိုးသားတဲ့ နိုင်ငံသား ဆယ့်နှစ်ယောက် ဆိုရင် ဘယ်သူတွေပဲ ဖြစ်ဖြစ် ဇူရော်အဖွဲ့ကို ဖွဲ့စည်းနိုင်ပါတယ်၊ လူကြီးမင်းများ သိပ်ပြီး စိစစ် မနေကြပါနဲ့"

ထိုနေ့ ညနေပိုင်းတွင် ဖရန်ကလင်နှင့် ကရပ်ထရီးတို့သည် ဇူရော် လူကြီး ဆယ့်နှစ်ဦးနှင့် အရန် နှစ်ဦးတို့ကို သဘော တူညီမှု ရရှိကြသည်။

ဇူရော်လူကြီး ဆယ့်လေးဦးအနက် ဆယ့်သုံးဦးသည် လူဖြူများ ဖြစ်ပြီး တစ်ဦးသာလျှင် လူမည်း ဖြစ်သည်။ လူဖြူ ဆယ့်သုံးယောက် အနက် ကိုး ယောက်မှာ အမျိုးသမီးများ ဖြစ်ပြီး လေးယောက်မှာ အမျိုးသားများ ဖြစ် သည်။ တစ်ဦးတည်းသော လူမည်းသည် အမျိုးသမီး ဖြစ်ပြီး အရန် ဇူရော် လူကြီး ဖြစ်တော့သည်။ သို့ဖြင့် ဟယ်ရီဖရန်ကလင်၏ မဟာဗျူဟာသည် အောင်မြင်စေ သူ ရည်မှန်းသည့် အတိုင်း လူဖြူ ဇူရော်လူကြီး ဆယ့်နှစ်ဦးကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး ဗင်နွန်သည် ရွေးချယ်ခံရသော ဓူရော်လူကြီး ဆယ့်
ဦးကို ကျမ်းသစ္စာ ကျိန်ဆိုစေပြီးနောက် နောက်တစ်နေ့ နံနက် ရုံးဖွင့်သည်
တစ်ပြိုင်နက် တရားလို ဘက်မှ စတင် လျှောက်ထားနိုင်ရန် ဖရန်ကလင်
အမိန့်ပေးသည်။

*

နံနက် ဆယ်နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ရှပ်အင်္ကျီအဖြူ ဘောင်းဘီအ
ကုတ်အင်္ကျီအပြာ ငါးရှဉ့်သွေးရောင် လည်စည်းတို့ကို ဝတ်စားထား
ဟယ်ရီဖရန်ကလင်သည် သူ၏ လျှောက်လဲမှုကို စတင်လေတော့သည်။
သည် ဓူရော်လူကြီးများ နေရာသို့ ချဉ်းကပ်သွားပြီး လက်ရန်းပေါ်တွင် လ
တင်ကာ တိုးညင်းစွာ ပြောကြားလေသည်။ သူ့ အသံ တိုးညင်းလှသ
တရားသူကြီး ဗင်နွန်သည်ပင်လျှင် ရှေ့သို့ ကိုင်းငိုက်ပြီး နားရွက်၏ နော
တွင် လက်ကာကာ နားထောင်ရလေသည်။

"အမျိုးသမီးများနဲ့ လူကြီးမင်းများ ခင်ဗျား၊ အခု ရှိနေတဲ့ ဓူရော်လူ
တွေ အနက်က တချို့ဟာ အလျှင်ကလည်း ဓူရော်လူကြီးအဖွဲ့မှာ ပါဝင်ခဲ့ကြ
ပါလိမ့်မယ်၊ ဒါပေမဲ့ အခုလို အမှုကြီးမျိုးမှာတော့ ဘယ်သူမှ ပါဝင်ခဲ့ဖူး
မဟုတ်ပါဘူး၊ အမျိုးသမီးများနဲ့ လူကြီးမင်းများတော့ မပြောတတ်
ကျွန်တော့် အဖို့တော့ လူ တစ်ယောက် လက်တစ်ဖက် ခြေတစ်ဖက် ဆုံးရှုံ
ဘာဟာ အင်မတန် ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာ ကောင်းပါတယ်၊ အဲဒီ
မွေးကင်းစ ကလေး တစ်ယောက် လူ့လောကထဲ ရောက်လာပြီး နာရီပို
အတွင်းမှာ ဆရာဝန် တစ်ယောက်ရဲ့ ပေါ့လျော့မှုကြောင့် သူ့ရဲ့ ဦးနှော
ဆိုခိုက် ပျက်စီးသွားရတာကို လူကြီးမင်းတို့ ဘယ်လို ပြောကြမလဲ"

သူ ခေတ္တမျှ ရပ်နားလိုက်သည်။ သည်အမှု အကြောင်းကို ရုတ်တရ
ဆက်ပြီး မပြောနိုင်သည့် အလား ဖြစ်သည်။ အတန်ငယ်ကြာမှ–

"အခု ကျွန်တော်တို့ ကြုံတွေ့နေရတာဟာ အဲဒီ အမှုမျိုးပါပဲ၊ မစ္စ
လောရင့်ဆင်ပဆန်နဲ့ သူ့ ဇနီးမှာ ပုံမှန် ကလေးငယ် တစ်ဦး မွေးဖွားခဲ့တ
ဆိုတာ ကျွန်တော်တို့ သိရပါတယ်၊ မွေးဖွားတဲ့ နေရာမှာ ရက်အနည်းင





ဘာပြီး အနည်းငယ် ခက်ခဲပေမဲ့ ကလေးဟာ ကောင်းစွာ ကျန်းမာပါတယ်၊
ဒါနဲ့ ပတ်သက်လို့ သားဖွားဆရာဝန်ရဲ့ အစစ်ခံချက်ကို လူကြီးမင်းတို့ ကြား
ကြရပါမယ်၊ မွေးဖွားပြီးတဲ့ နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေအရ
ကလေး ကို ဆက်လက် ကုသဖို့ အကြောင်း ပေါ်လာပါတယ်၊ ဒီနေရာမှာလည်း
ဝင်ရှား ကျော်ကြားတဲ့ ဆရာဝန်ကြီး နှစ်ယောက်က ကလေးရဲ့ အခြေအနေနဲ့
ဘယ်ပုံ ဘယ်နည်း ကုသဖို့ လိုအပ်တယ် ဆိုတာကို အစစ်ခံကြပါလိမ့်မယ်၊
ကလေးငယ် ဘေးဘယာ ကင်းဝေးစေရေး ကလေးနဲ့ မိဘများ စိတ်ချ
ယုံကြည်စေရေး အတွက် ကလေးကို မက်ထရိုပိုလီတန် ဆေးရုံကြီးကို လွှဲပြောင်း
ပေးအပ်ပါ တယ်၊ ဆရာဝန်ကြီး ဒေါက်တာ ဆိုဗိုရဲ့ လက်ကို အပ်နှံကြပါတယ်၊
ဒီနေရာမှာ ဒေါက်တာ ဆိုဗိုက တစ်ဖန် ကလေးငယ်ကို ဒေါက်တာ
ခရစ်တိုဖာဂရန့်ရဲ့ လက်ကို လွှဲအပ်ပါတယ်၊ ဒေါက်တာ ဂရန့်ဟာ အခုအမှုမှာ
တရားခံ တစ် ယောက်ပဲ ဖြစ်ပါတယ်"

ဖရန်ကလင်က ခရစ် ဘက်သို့ မသိမသာ လှည့်ကြည့်ကာ ဓူရော်လူကြီး
များ၏ အကြည့်ကို လမ်းညွှန် ပေးလိုက်သည်။

ပြီးမှ သူ ဆက်ပြောသည်။

"အဲဒီအခါမှာ ကလေးငယ်ကို ကုထုံးနည်း တစ်ခုနဲ့ ကုသခဲ့ပါတယ်၊
အဲဒီ ကုထုံးနည်းဟာ အခု ဒီနေရာမှာ ကျွန်တော် ပြောမပြတတ်အောင် ရှုပ်
ထွေး လှပါတယ်၊ ဒါပေမဲ့ အဲဒီ ကုထုံးနည်းရဲ့ အကျိုးသက်ရောက်မှုကတော့
ကလေးငယ်ရဲ့ ဦးနှောက် ပျက်ယွင်းသွားစေတာပါပဲ၊ ဒီအချက်နဲ့ ပတ်သက်လို့
အထောက်အထား ရရှိအောင် အင်မတန် ထင်ရှားတဲ့ ဆရာဝန်ကြီးတွေကို
သက်သေအဖြစ် ကျွန်တော် တင်ပြသွားပါ့မယ်၊ နောက်ပြီးတော့ ကလေးငယ်
တစ်သက်တလော ဒုက္ခရောက် ခံစားနေရတဲ့ အဖြစ်ကို သက်သေခံမယ့် ဆရာဝန်
ကြီးတွေကိုလည်း ကျွန်တော်တို့ ဘက်က တင်ပြသွားပါ့မယ်"

"အခုလို ပျက်စီး ချွတ်ယွင်းသွားရတဲ့ အတွက် ကလေးငယ်ကို သော်
လည်းကောင်း၊ ကလေးရဲ့ မိဘတွေကို သော်လည်းကောင်း ငွေကြေးပမာဏ
အနည်းငယ်လောက်ပဲ ပေးလျော်စေကာမူ မကျေနိုင်သော်လည်း ငွေကြေးပမာဏ
များပြားစွာ ပေးလျော်စေခြင်း အားဖြင့် နောက်နောင်မှာ ဆေးရုံတွေနဲ့ ဆရာဝန်
တွေဟာ သူတို့ရဲ့ လူနာတွေကို အထူး သတိထား ဂရုစိုက်ပြီး ကုသကြပါလိမ့်



www.burmeseclassic.com

ဖရန်ကလင်သည် ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ဓနရော်လူကြီးများနှင့် ဈေးစကား ပြောနေသည့်အလား ဖြစ်သည်။ ပြီးမှ သူ့ စားပွဲသို့ ပြန်လျှောက် သွားသည်။

"မစ္စတာ ကရပ်ထရီး"

တရားသူကြီး ဗင်နွန်က တရားခံ ရှေ့နေကို အဖွင့်ပဏာမ လျှောက်လဲ ဖိတ်ခေါ်လိုက်သည်။

ကရပ်ထရီးသည် မတ်တတ်စန့်စန့်ကြီး ထရပ်လိုက်ပြီးနောက် ဓနရော်လူကြီးများ ရှိရာသို့ လျှောက်သွားသည်။ ဖရန်ကလင်က သေးငယ်ပြီး အ ကိုးညွှင်းသလောက် ကရပ်ထရီးက ကိုယ်လုံးကိုယ်ထည် ကြီးမားပြီး အ ထည်း ဟန်ရှိနေသည်။ သူသည် ဖရန်ကလင်နှင့် ဆန့်ကျင်ဘက် ဖြစ် အသားထူတ်သည် ဖြစ်စေ မထုတ်သည် ဖြစ်စေ အောင်မြင်မှု ရသည်က အမှုနိုင် ဖြစ်သည်။ ဓနရော်လူကြီးများ ခါးဆန့် လိုက်ကြပြီး စိတ်ဝင်စား နားထောင်ကြသည်။

တရုတ်အမျိုးသည် ကံမကောင်း အကြောင်းမလှသော ကလေး ကလေး အကြောင်း စိတ်မကောင်းကြောင်းမှ စတင်သည်။ သို့သော် ကလေး ကလေး ယင်းအချို ဖြစ်ရသည်မှာ ဆေးရုံကြီး၏ တာဝန် မဟုတ်ကြောင်း ဓနရော် လူကြီးများကို သူ ရှင်းပြသည်။ ကလေးငယ်ကလေး ဦးနှောက် ချွတ်ယွင်း သည်မှာ မည်သူ၏ အပြစ်မှ မဟုတ်ကြောင်း၊ ရုံဖန်ရံခါတွင် ဤကဲ့သို့ ကြေကွဲ ဝမ်းနည်းဖွယ်ရာ အဖြစ်များသည် သဘာဝတရား၏ ဆိုးရွား ကံကြမ္မာများသာ ဖြစ်ကြောင်း ပြောဆိုသည်။ ကံမကောင်း အကြောင်းမ သော ကလေးငယ်ကလေးအား ကုသခဲ့သော ကုထုံးနည်းသည် အများ လက် ထားသော ကုထုံးနည်း ဖြစ်ပြီး ယင်း ကုထုံးနည်းအရ စနစ်တကျ ကောင်း စွာ ကုသခဲ့ခြင်း ဖြစ်ကြောင်းကို ထင်ရှား ကျော်ကြားသော ဆရာဝန်ကြီးများ တစ်ဆင့် သူ သက်သေပြမည် ဖြစ်ကြောင်း ပြောကြားသည်။ သို့ဖြင့် ဤအ အပျက်နှင့် ပတ်သက်ပြီး ဆေးရုံကြီးကို သော်လည်းကောင်း၊ ဆရာဝန်များ ကို သော်လည်းကောင်း တစ်စုံတစ်ရာ အပြစ်တင်ဖွယ်ရာ မရှိကြောင်း ချုပ ပြောဆိုသွားသည်။

ကရပ်ထရီး၏ ပြောကြားချက် သည်မှာတင် ပြီးဆုံးသွားသည်။ ရှေ့ဆက်ပြီး မပြောတော့ပါ။ သက်သေ အထောက်အထားများ ပြရမည်





ရားလို ဘက်ကသာ ဖြစ်သဖြင့် သူသည် လိုအပ်သည်ထက် ပိုပြီး မပြောဆို စေရန် သတိထားခြင်းပင် ဖြစ်သည်။ သူ၏ ပြောကြားချက်ကို လော်ရာက င်လျှင် ကောင်းမွန်သော အဖွင့် လျှောက်လဲချက်ဟု မှတ်ယူလိုက်သည်။

ကရပ်ထရီး စားပွဲတွင် ထိုင်မိလျှင် ဖရန်ကလင်သည် သူ၏ ပဏာမ ပ်ငန်းကို စတင်သည်။ ပထမဆုံး သူ တင်ပြသော သက်သေမှာ ဒေါက်တာ ချဲ ဖြစ်သည်။ ဒေါက်တာ မစ်ချဲသည် မစ္စက် ဆင်ပဆန် ကိုယ်ဝန် စတင် ဥကတည်းက ကြည့်ရှု စောင့်ရှောက်ခဲ့ရသော ဆရာဝန်ကြီး ဖြစ်သည်။ င်ရှား ကျော်ကြားသော ဆရာဝန်ကြီးသည် သူ့အား မေးမြန်းသော မေးခွန်း များကို ကောင်းမွန်စွာ ဖြေဆိုသည်။

န်ကလင်သည် ဒေါက်တာ မစ်ချဲ၏ သမနိုသက်ရှည်ကြာပြီ ဖြစ်သော ဆရာ ဘဝကို ပေါ်လွင်အောင် ဦးဆောင်ပြီး မေးမြန်းသွားသည်။ ဆေးကျောင်း း ဘဝမှ စတင်သည်။ ဆေးကျောင်းတွင် အမှတ်ကောင်းခဲ့ပုံများ၊ ထို့နောက် လုပ်သင် ဆရာဝန်ဘဝ၊ လက်ထောက် ဆရာဝန်ဘဝ၊ ဆေးရုံ ကိစ္စအဝဝ ပါဝင်ဆောင်ရွက်ခဲ့ပုံများ၊ အမှုဆောင်အဖြစ် သူ ပါဝင်သော မြို့နယ်နှင့် င်လုံးဆိုင်ရာ အဖွဲ့အစည်းများ၊ ထိုအထဲတွင် အမေရိကန် ပြည်ထောင်စု ရာဝန်များ အသင်းနှင့် နိုင်ငံလုံးဆိုင်ရာ သားဖွား ဆရာဝန်များ အဖွဲ့တို့ င်သည်။ သားဖွား ဆရာဝန်များ အဖွဲ့တွင် သူသည် ဒုတိယဥက္ကဋ္ဌ နှစ်ကြိမ် ခဲ့ပြီး၊ ဥက္ကဋ္ဌ တစ်ကြိမ် ဖြစ်ခဲ့သည်။ ဤဆရာဝန်ကြီးသည် ဆေးပညာကို ထူး ကျွမ်းကျင်စွာ လေ့လာ တတ်မြောက်ခဲ့ပြီး အင်မတန်မှ ထင်ရှား ကျော်ကြားလှကြောင်းကို ပေါ်လွင်အောင် ဖရန်ကလင်သည် တဖြည်းဖြည်း ပြီး အချက်ကျကျ ဖော်ဆောင်လျက် ရှိသည်။ နောက်ဆုံးတွင်မှ ဒေါက်တာ ချဲနှင့် ပက်ကဆိုက် ဆေးရုံ ပေါင်းဖက် လာသည်မှာ ကြာမြင့်လှပြီ ဖြစ် ကြောင်းကို ထုတ်ဖော် ပြသသည်။

သူ တင်ပြသော သက်သေသည် ဆေးလောကတွင် အထူး အရေး ရောက်သူ တစ်ဦး ဖြစ်ကြောင်း ဓနရော်လူကြီးများ၏ စိတ်တွင် လာက်

www.burmeseclassic.com



သော အခါတွင်မှ ဖရန်ကလင်သည် သူ မေးလိုသော မေးခွန်းများကို စတင် မေးမြန်းလေတော့သည်။

"ဆရာကြီးများ ခင်ဗျား၊ ကျေးဇူးပြုပြီး ဆရာကြီးနဲ့ မစ္စက် ဆင်ပဆန် တို့ ပထမဆုံးအကြိမ် စတင် ပတ်သက်ရပုံကို ဇူရော်လူကြီးများကို ပြော ပေးပါ ခင်ဗျား"

ဒေါက်တာ မစ်ချဲသည် ဇူရော်လူကြီးများ ဘက်သို့ အနည်းငယ် စောင်း လှည့်လိုက်ပြီးနောက်–

"လွန်ခဲ့တဲ့ နှစ်နှစ်က ဩဂုတ်လ ဆယ်ရက်နေ့မှာ ကျွန်တော့် ဆီ မစ္စက် ဆင်ပဆန်ရဲ့ အဖေ ဖုန်းဆက်ပြီး သူ့ သမီးကို ကြည့်ပေးဖို့ ပြောပါတယ် မစ္စတာ ရေးနီးဟာ နှစ်ပေါင်းများစွာ ပေါင်းသင်းလာတဲ့ မိတ်ဆွေဟောင်းကြီး တစ်ယောက် ဖြစ်တာမို့ ကျွန်တော်ဟာ အယ်လင် ဆင်ပဆန်ကို ချက်ချင်း ကြည့်ပေးခဲ့တယ်"

"အဲဒီ နေ့မှာပဲလား"

"နောက် တစ်နေ့မှာပါ"

"အဲဒီတော့"

"ကျွန်တော် သူ့ကို သေသေချာချာ စစ်ဆေး ကြည့်ပါတယ်၊ သူ ကိုယ်ဝန် ရှိနေပြီ ဆိုတာ တွေ့ရပါတယ်"

"အဲဒီလို သိရတော့"

"လိုအပ်တော့ စစ်ဆေးမှုတွေ လုပ်ဖို့ သွေးနမူနာ ယူပါတယ်၊ နောက် တော့ သူတို့ လင်မယားကို ဝမ်းသာစကား ပြောပြီး ဓာတ်ခွဲခန်း အစီရင်ခံစာ တွေကို အိမ်ကနေ စောင့်ကြဖို့ ပြောပါတယ်"

"ဆရာကြီး ပြောတဲ့ ဓာတ်ခွဲခန်း စစ်ဆေးမှုက ဘယ်လို အဖြေတွေ ထွက်ပါသလဲ"

"အားလုံးဟာ ပုံမှန်တွေချည်းပဲ ဖြစ်ပါတယ်၊ တစ်ခုပဲ ရှိပါတယ် မစ္စက် ဆင်ပဆန်ရဲ့ သွေးက အာရ်အိပ်ချ် နဂ္ဂတစ် ဖြစ်နေပါတယ်"

"အဲဒါ မကောင်းတဲ့ သဘောလား"

"လတ်တလော မကောင်းတာမျိုးတော့ မဟုတ်ပါဘူး"

မစ်ချဲ ဖြေသည်။

"အဲဒါကို ရှင်းပြပါလား ဒေါက်တာ"





ဆေးသိပ္ပံအကြောင်းကို ဘာမျှ နားမလည်ဟန်မျိုးဖြင့် ဖရန်ကလင် သည်။

"ပြောရမယ် ဆိုရင် အာရ်အိပ်ချ် နဂ္ဂတစ် အမျိုးအစား သွေးရှိတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ယောက်ဟာ ဒုတိယမြောက် မွေးတဲ့ ကလေး ဘေးအန္တရာယ်တွေ ရှိနိုင်ပေမဲ့ ပထမ ကိုယ်ဝန်မှာတော့ ဘာမှ မဖြစ်နိုင်ပါ ဒီနေရာမှာပဲ တစ်ခု ထပ်ပြောရဦးမယ်၊ ဒုတိယမြောက် ကလေးတွေမှာ အန္တရာယ် ရှိခဲ့ဖူးတယ်လို့ ကျွန်တော် ပြောရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အခါမှာ ကျွန်တော်တို့ အခေါ်နဲ့ အာရ်အိပ်ချ်အိုဂမ်လို့ ခေါ်တဲ့ အရာဝတ္ထု ဖြစ်ထွန်းလာတဲ့အတွက် ဒုတိယကလေးမှာ ဘေးအန္တရာယ် မရှိအောင် ကို ပထမကလေး မွေးဖွား အပြီးမှာ ပြုစုကုသ ပေးနိုင်ပါတယ်"

"အဲဒီတော့ အခုမွေးတဲ့ ကလေးဟာ မစ္စက်ဆင်ပဆန် ပထမကလေး နေတဲ့အတွက် မိခင်မှာ အာရ်အိပ်ချ် ပြဿနာ ရှိနေပေမဲ့ ကလေးမှာ အန္တရာယ် မရှိနိုင်ဘူးပေါ့၊ ဟုတ်တယ်လား"

ထိုအခါ ဒေါက်တာ မစ်ချဲသည် ဝတ်လုံတော်ရကြီး ဖရန်ကလင် ဘက်သို့ လှည့်လိုက်ပြီး သဘောမတူဟန်ဖြင့်–

"ဒီလိုမျိုးတော့လည်း အတိအကျ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

"ပြောရမယ် ဆိုရင်တော့ ရှင်းပြဖို့က တော်တော်ကလေး ရှုပ်နေပါ တယ်"

ဒေါက်တာ မစ်ချဲသည် သူ့အား တစ်စုံတစ်ယောက်က ညွှန်ကြားထား သလို အလား ဆင်ဖော့ရန်ရှောင် ပြောလိုက်သည်။

"ဇူရော်အဖွဲ့မှာ ပါဝင်တဲ့ လူကြီးမင်းများနဲ့ အမျိုးသမီးများဟာ ပညာ ရှိ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြတဲ့အတွက် ဒေါက်တာ ရှင်းပြတာကို နားလည် မှာ ဖြစ်ပါတယ်"

ဖရန်ကလင်သည် ဇူရော်လူကြီးများကို တစ်ဖက်က မြှောက်ပင့်လိုက်ပြီး နောက်ကလည်း ယခု ပြောမည့် အကြောင်းအရာသည် ခက်ခဲ နက်နဲသော ပညာ တစ်ရပ် အကြောင်း ပြဆိုကာ ဒေါက်တာ မစ်ချဲကို ရှက်ဖွင့်ပေးလိုက် သည်။

"ကျေးဇူးပြုပြီး ရှင်းပြပေးပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံး ပြောရမှာကတော့ အာရ်အိပ်ချ် နဂ္ဂတစ် ဆိုတဲ့ စကား ရဲ့ အဓိပ္ပာယ်ဟာ သူ့မှာ မူရင်း ရှိတဲ့ အခြေအနေထက် ပိုပြီး ဆိုးရွားနေတ ဒီကမ္ဘာကြီးမှာ ရှိတဲ့ လူသား အားလုံး အာရ်အိပ်ချ် နဂ္ဂတစ် ဖြစ်ရင် ဖြစ် မဖြစ်ရင် ပေါ့ဇစ်တစ် ဖြစ်မယ်၊ ဒီနှစ်ခုရဲ့ အရည်အသွေးဟာ ဘာမှ မခြား ဘူး၊ နဂ္ဂတစ် ဆိုတဲ့ သဘောက သွေးဆဲလ်နီ ထဲမှာ ပရိုတိန်း ဝတ္ထုပ တစ်ခု မရှိတာကို ပြောတာပဲ၊ ဒီပြဿနာက ဘယ်အချိန်ကျမှ အရေးကြီး သလဲ ဆိုရင် အာရ်အိပ်ချ် နဂ္ဂတစ် သွေးရှိတဲ့ အမျိုးသမီး တစ်ယော ကိုယ်ဝန် ရှိတဲ့အခါမှာ ကလေးက အာရ်အိပ်ချ် ပေါ့ဆစ်တစ် ဖြစ်နေခဲ့ရ

ဒေါက်တာ မစ်ချဲသည် ကိုယ်ဝန်ဆောင် မိန်းကလေးအား ရှင်း သည့်အတိုင်းပင် ဓူရော်လူကြီးများအား ရှင်းပြလျက် ရှိသည်။

"ကိုယ်ဝန်ဆောင် မိခင်ဟာ ပထမကလေးကို ကိုယ်ဝန်ဆော အချိန်မှာ အဲဒီကလေးရဲ့ အာရ်အိပ်ချ် ပေါ့ဆစ်တစ် သွေးတွေဟာ မိ သွေးကြောထဲကို ရောက်သွားနိုင်တယ်၊ အဲဒီအခါမှာ မိခင်ရဲ့ ကိုယ်ခ အဲဒီ အာရ်အိပ်ချ် ပေါ့ဆစ်တစ် သွေးတွေကို သူစိမ်းပြင်ပြင် အဖြစ် လ သဘောထားပြီး ခုခံ တိုက်ခိုက်ဖို့အတွက် ပဋိပစ္စည်းတွေကို ထုတ်လုပ်လိမ့် ဒါပေမဲ့ အဲဒီ ပဋိပစ္စည်းတွေဟာ ပထမ မွေးဖွားတဲ့ ကလေးကိုတော့ အန္တရာယ် မပေးနိုင်ဘူး၊ အဲဒီနောက် ကိုယ်ဝန်ဆောင်တဲ့ ကလေးတွေက အဲဒီကလေးတွေဟာ အာရ်အိပ်ချ် ပေါ့ဆစ်တစ်တွေ ဖြစ်ခဲ့ရင် အဲဒီကလေ သွေးဆဲလ်တွေကို တိုက်ခိုက်လိမ့်မယ်၊ တဖြည်းဖြည်းနဲ့ ချေမှုန်း ဖျက်ဆီး လိမ့်မယ်၊ သန္ဓေသား ကာလမှာလည်း ဖြစ်နိုင်တယ်၊ မွေးဖွားပြီးတဲ့ နောက် မှာလည်း ဖြစ်နိုင်တယ်"

"မွေးဖွားပြီးတဲ့ နောက်ပိုင်းမှာလည်း ဖြစ်နိုင်တယ်၊ ဟုတ်လား"

ဖရန်ကလင် မေးလိုက်သည်။

"မှန်ပါတယ်၊ မစ္စတာ ဖရန်ကလင်၊ ဒုတိယ အာရ်အိပ်ချ် ပေါ့ဆ ကလေးဟာ အရှင် မွေးလာခဲ့လို့ ရှိရင် သူဟာ အာရ်အိပ်ချ် သွေးပျက် ဖြစ်နိုင်ပါတယ်"

"အဲဒီအတွက် ဆရာဝန်ကြီးတို့ဟာ ကိုယ်ဝန်ဆောင် အမျိုး တစ်ယောက်ကို ပေါ့ဆစ်တစ် အမျိုးအစားလား၊ နဂ္ဂတစ် အမျိုးအစား ဆိုတာ သိရအောင် စစ်ဆေးဖို့ အထူး လိုအပ်တယ်ပေါ့"



"မှန်ပါတယ်"

"ဒီကလေးဟာ ပထမကလေး ဖြစ်ပြီး အာရ်အိပ်ချ် ပြဿနာ မရှိဘူး င်လည်း လိုအပ်တာပဲလား"

ဖရန်ကလင် စူးစိုက်လိုက်သည်။

"အာရ်အိပ်ချ် နဂ္ဂတစ် မိခင် တစ်ယောက်မှာ ဖြစ်နိုင်တဲ့ တခြား သနာ တစ်ခု ရှိနေပါသေးတယ်၊ ပထမဆုံး ကလေးပဲ ဖြစ်စေကာမူပေါ့"

ဖရန်ကလင်သည် ဤအချက်ကို ကြားသိလိုက်ရသောအခါ အထူးပင် အားသင့်သွားဟန် ပြုလျက်—

"စောစောက ဆရာကြီး ပြောတော့ ပထမကလေးဟာ အာရ်အိပ်ချ် သနာ မရှိနိုင်ဘူးဆို"

ဒေါက်တာ မစ်ချဲ ပြုံးလိုက်ပြီး—

"ဒီပြဿနာဟာ ရှုပ်ထွေးတယ်လို့ လူကြီးမင်းကို ကျွန်တော် ပြောခဲ့ တယ်၊ မိခင်ရဲ့ ကိုယ်ခန္ဓာ ထဲမှာ အာရ်အိပ်ချ် နဂ္ဂတစ် ပဋိပစ္စည်းတွေဟာ မကလေး သန္ဓေ မတည်ခင်ကတည်းက ဖြစ်ပေါ်နေနိုင်တဲ့ အကြောင်း ခု ရှိနေပါတယ်"

"အို"

ဖရန်ကလင်သည် ဓူရော်လူကြီးများနှင့် အလားတူစွာပင် အံ့သြမှုနှင့် ဝင်စားမှုကို ပြုလိုက်သည်။

ဒေါက်တာ မစ်ချဲ ဆက်ပြောသည်။

"မိခင်လောင်း တစ်ယောက်ဟာ တစ်ချိန်ချိန် တစ်ခါခါမှာ သွေးဖလှယ် ရင် အဲဒီသွေးဟာ အာရ်အိပ်ချ် ပေါ့ဆစ်တစ် ဖြစ်ခဲ့ရင် တုံ့ပြန်မှု ဖြစ်ပြီး ကိုယ်ထဲမှာ ပဋိပစ္စည်းတွေ ထုတ်လုပ်လိမ့်မယ်၊ အဲဒီ ပဋိပစ္စည်းတွေက မ ဆုံး ကလေးကို ထိခိုက်စေနိုင်တယ်"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မစ္စက် ဆင်ပဆန်ကို ဒေါက်တာ စစ်ဆေး ည့်ခဲ့ပါသလား"

"စစ်ဆေးပါတယ်၊ သူ့ကို သွေးဖလှယ်ဖူးလားလို့ မေးတော့ သူက မဖလှယ်ဖူးကြောင်း ပြောပါတယ်၊ သေချာအောင် သူ့ကို ကြည့်ရှုရတဲ့ ဝန်နဲ့ စစ်ကြည့်တော့လည်း သူ့မှာ သွေးဖလှယ်ဖူးစရာ ဘာအကြောင်းမှ ဘာကို တွေ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ကော ဆရာ"

"သူ့ သွေးကို ဓာတ်ခွဲခန်း ပို့ပြီး တစ်တာလီဗယ် (Titer Le... စစ်ဆေး ကြည့်ပါတယ်"

"တစ်တာလီဗယ် ဆိုတာ ဘာပါလဲ ဒေါက်တာ"

"သူ့ သွေးထဲမှာ ပဋိပစ္စည်း ရှိခဲ့ရင် သိရအောင် စစ်ဆေးကြည့်တာ"

"မစ္စက် ဆင်ပဆန်ရဲ့ သွေးကို စစ်ဆေးကြည့်တော့ ဘာ တွေ့... သလဲ"

"မစ္စက် ဆင်ပဆန်ကို ကွန်းမ်စ် လုပ်ကြည့်တော့ ဘာမှ စိုးရိမ်... မရှိဘူး ဆိုတာ တွေ့ရတယ်"

"ကွန်းမ်စ် ဆိုတာကတော့ ဘာပါလဲ ခင်ဗျာ"

ဖရန်ကလင် မေးသည်။

"အမျိုးသမီး တစ်ယောက်ရဲ့ သွေးမှာ ပဋိပစ္စည်း ရှိမရှိ စစ်ဆေး... တဲ့ နည်းတစ်နည်းပါ"

ဒေါက်တာ မစ်ချဲ ရှင်းပြသည်။

"မစ္စက် ဆင်ပဆန်ရဲ့ သွေးကို ကွန်းမ်စ် စစ်ဆေးမှု လုပ်ကြည့်... သူ့ သွေးထဲမှာ ပထမကလေးကို ထိခိုက်နိုင်တဲ့ ပဋိပစ္စည်း ပြဿနာ မ... ဆိုတာ သေသေချာချာ သိရတာပေါ့၊ ဟုတ်လား"

ဖရန်ကလင်က သူ လိုချင်သော အချက်ကို သံမှိုစွဲလိုက်သည်။

"မှန်ပါတယ် ခင်ဗျာ"

"အဲဒီတော့ မစ္စက် ဆင်ပဆန်ရဲ့ ကိုယ်ဝန်ဟာ ပုံမှန် နေ့စေ့ ... ပဲပေါ့"

"နေ့စေ့ လစေ့လို့တော့ မဆိုနိုင်ဘူး၊ ကိုယ်ဝန်ဆောင် ရက်က... ပတ် ဒါမှမဟုတ် ၃၈ ပတ် လောက်ပဲ ရှိတယ်၊ ဒါပေမဲ့ လမစေ့ မွေးဖွား... တော့လည်း မဟုတ်ဘူးပေါ့"

"ကလေးကို မွေးဖွားတဲ့ အခါမှာ မွေးမွေးချင်း မွေးခန်း ထဲ... စစ်ဆေးမှု တစ်ခု လုပ်တယ် မဟုတ်လား"

ဖရန်ကလင် မေးလိုက်သည်။

"လုပ်ပါတယ်၊ အဲဒါကို အက်ပဂါ ရမှတ်လို့ ခေါ်ပါတယ်၊ ဒီနည်း... စတင် တီထွင်တဲ့ အမျိုးသမီး ဆရာဝန်ကြီး ဒေါက်တာ အက်ပဂါကို အစွဲ... မှည့်ထားတဲ့ နာမည်ပဲ"

မစ်ချဲ ရှင်းပြသည်။

"ဒီစစ်ဆေးမှုက ဘာကို စစ်ဆေးတာလဲ၊ ဒီစစ်ဆေးမှုကနေ ဘာကို ...သလဲ"

"ကလေးရဲ့ နှလုံးခုန်နှုန်း၊ အသက်ရှူပုံ၊ အရောင်တုံ့ပြန်ပုံနဲ့ ကြွက်သား ...င်းအားတွေကို စစ်ဆေးပြီး အမှတ်ပေးပါတယ်၊ တစ်မျိုးကို သုညကနေ ...မှတ် အထိ ပေးပါတယ်၊ ရမှတ်ပေါင်း ခုနစ်မှတ်ကနေ ဆယ်မှတ်အထိ ...င် အဲဒီကလေးကို ပုံမှန်လို့ သတ်မှတ်ပါတယ်"

"ဆင်ပဆန် ဘေဘီကို အက်ပဂါ စစ်ဆေးမှု လုပ်ကြည့်ပါသလား"

"အဲဒီအချိန်တုန်းက အဲဒီမှာ ကျွန်တော် မရှိပါဘူး မစ္စတာ ဖရန် ...လင်"

"ဆရာကြီး အဲဒီမှာ မရှိဘူး၊ ဟုတ်လား"

ဖရန်ကလင် ပဲ့တင်ထပ်သည်။

"မစ္စက် ဆင်ပဆန် မီးဖွားမယ့် အချိန်မှာ ကျွန်တော် တုပ်ကွေးမိပြီး ...ကောင်း ဖြစ်နေပါတယ်၊ မီးဖွားချိန်က အကြောင်းတွေကို အသေးစိတ် ...ချင်ရင် ဒေါက်တာ ကိုးမင်းကို မေးကြည့်စေချင်ပါတယ်"

"ကျွန်တော် သဘောပေါက်ပြီ၊ ဆရာကြီးနဲ့ ဆင်ပဆန် မိသားစု ...က်ဆုံး ဆက်သွယ်မှုဟာ မစ္စက် ဆင်ပဆန် မီးမဖွားခင် အထိပဲပေါ့"

"မဟုတ်ပါဘူး၊ မီးဖွားပြီး တစ်ရက်ခွဲ အကြာမှာ ဒေါက်တာ ကိုးမင်း ...က ဖုန်း ကျွန်တော် ရပါတယ်၊ ကလေးငယ်ဟာ ဗီလီရူဗင်နှုန်း မြင့်တက်နေ ...င် မကဘဲ ကွန်းမ်စ် လုပ်ကြည့်တဲ့ အခါမှာလည်း အာရ်အိပ်ချ် ပြဿနာ ...နေတာကို တွေ့ရတယ်၊ အဲဒီအတွက် ဒေါက်တာ ကိုးမင်းဟာ ကလေးကို ...ထရိုပိုလီတန် ဆေးရုံကြီးကို လွှဲပေးချင်နေတယ်၊ အဲဒီမှာ ဆိုရင် ကလေးကို ...း ဂရုတစိုက် ကုသနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီကို လွှဲဖို့အတွက် ကျွန်တော့်ရဲ့ ...ဘောတူညီချက်ကို သူ လိုချင်နေပါတယ်"

"ဆရာကြီးက သဘောတူလိုက်သလား"

"ကံဆိုးချင်တော့ သဘောတူလိုက်မိပါတယ်"

ကရုပ်ထရီး ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး 'ကံဆိုးချင်တော့' ...သော စကားလုံးကို ကန့်ကွက်လိုက်သည်။ တရားသူကြီး ဗင်နွန်က ထိုစကား ...ကို ပယ်ဖျက်ရန် အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ခင်ဗျား၊ ကလေးငယ်ကို မက်ထရိုပိုလီတန် ဆေးရုံကြီး[...] လွှဲပြောင်းပေးဖို့ ဒေါက်တာ ကိုးမင်းနဲ့ ဆရာကြီး သဘောတူလိုက်တဲ့ အချိန်[...] အဲဒီဆေးရုံကြီးက ဘယ်လိုမျိုးနည်းနဲ့ ကုသမယ်လို့ ဆရာကြီး စိတ်ထဲ[...] ထင်ပါသလဲ"

"ကျွန်တော့် စိတ်ထဲမှာ သွေးဖလှယ်တဲ့ နည်းနဲ့..."

ဒေါက်တာ မစ်ချဲ၏ စကား မဆုံးခင်တွင် ကရုပ်ထရီး မတ်တတ်[...] လိုက်သည်။ ကရုပ်ထရီး၏ ကန့်ကွက်ချက်မှာ ပိုင်နိုင်ခိုင်မာလှသဖြင့် တရား[...] ကြီးက သူ၏ ကန့်ကွက်ချက်ကို အသာပေးလိုက်သည်။

"လောလောဆယ်မှာတော့ ဒါလောက်နဲ့ပဲ တော်ပါပြီ ဆရာကြီး"

ဖရန်ကလင် ရောင့်ရဲလိုက်သည်။ သည့်ထက် ပိုပြီး သူ မရယူလို[...] အလင်းကုထုံးနည်းထက် သွေးဖလှယ်သည့် ကုထုံးနည်းက ပိုမို ကောင်း[...] ကြောင်း သူ့ ဘက်က သက်သေခံမည့် ပါရဂူကြီးတွေ အများကြီး ရှိနေပါသည်[...] သို့ဖြင့် ဒေါက်တာ မစ်ချဲကို ပြန်လှန် မေးခွန်းများ မေးနိုင်ရန်အတွက် တစ်[...] ရှေ့နေသို့ လွှဲပေးလိုက်သည်။

ကရုပ်ထရီး အထူး သတိကြီးစွာဖြင့် စတင်သည်။ ခရစ်ဂရန့် အ[...] ပြုခဲ့သော ကုထုံးနည်း အပေါ် ထင်မြင်ချက် ပေးနိုင်သည့် မေးခွန်းမျိုး မ[...] စေရန် အထူး သတိပြုသည်။

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ မစ္စက် ဆင်ပဆန်ရဲ့ သွေးထဲမှာ ပဋိပစ္စည်း[...] ရှိမရှိ သိနိုင်အောင် ကွန်းမ်စ် စစ်ဆေးမှု ပြုလုပ်ခဲ့တယ်လို့ ဆရာကြီး ထွက်[...] ခဲ့ပါတယ်"

"ကွန်းမ်စ် စစ်ဆေးမှု ပြုလုပ်တဲ့အခါမှာ ပဋိပစ္စည်း မရှိကြောင်း တွေ့ရပါတယ်"

မစ်ချဲ မမေးဘဲနှင့် ထုတ်ဖော်သည်။

"ကွန်းမ်စ် စစ်ဆေးမှုဟာ ရာခိုင်နှုန်းပြည့် မှန်ကန်တဲ့ စစ်ဆေးမှု[...] လို့ ဒေါက်တာ ယူဆပါသလား"

ကရုပ်ထရီး မေးလိုက်သည်။

ဒေါက်တာ မစ်ချဲ ပြုံးလိုက်ပြီး-

"ဆေးဘက်ဆိုင်ရာ ဘယ်စစ်ဆေးမှုမျိုး မဆို မမှားယွင်းဘူးရယ်[...] မရှိနိုင်ပါဘူး၊ မစ္စတာ ကရုပ်ထရီး၊ ဒါပေမဲ့ ကွန်းမ်စ် စစ်ဆေးမှုဟာ လက်ခံ[...]



[...]တဲ့ စစ်ဆေးမှုမျိုး တစ်ခု ဖြစ်ပြီး ကျွန်တော်တို့ လုပ်ငန်း အတွက် [...] [...]တ်ချရတဲ့ နည်းလမ်း တစ်ခု ဖြစ်ပါတယ်"

"ဒီလို ကိစ္စမျိုးအတွက် တခြား စစ်ဆေးနည်းများလည်း ရှိသေးတယ်[...] [...]ဟုတ်လား၊ ဥပမာ ဆားရည် စုကပ်နည်း၊ ပလာစမာ အယ်လဗျူမင်း၊ [...]ရစ်ပဆင်ဆဲလ် စစ်ဆေးနည်း"

"ဒါထက်မက ရှိပါတယ်၊ ဘိုဗင်မက်ရှားမင့်နည်းလည်း ရတာပဲ၊ ဒါပေမဲ့ [...]န်တော်ကတော့ ကွန်းမ်စ်နည်းကိုပဲ သဘောကျတယ်၊ ကျွန်တော် လေးစား[...]တဲ့ တခြား ဆရာဝန်ကြီးတွေလည်း ဒီအတိုင်း ပါပဲ"

"ဒါပေမဲ့ ဒီနည်းဟာ မမှားယွင်းနိုင်တဲ့ နည်းတစ်ခု မဟုတ်ဘူး ဆိုတာ [...]စောစောက ဒေါက်တာ ဝန်ခံသွားတယ် မဟုတ်လား"

ထိုအခါ ဒေါက်တာ မစ်ချဲသည် သူနှင့်သက်တူ ရွယ်တူ ဖြစ်သော [...]နေ တစ်ဦးကို ပြောပုံမျိုး မဟုတ်ဘဲ ကျောင်းသားလေး တစ်ယောက်ကို [...]ပြာပုံမျိုးဖြင့်-

"လူကြီးမင်း ခင်ဗျာ၊ ဆရာဝန် တစ်ယောက်ဟာ စစ်ဆေးမှု တစ်ခု [...]ည်း ပေါ်တွင် အားမထားပါဘူး၊ သူဟာ ကွန်းမ်စ် စစ်ဆေးမှုကိုလည်း [...]တယ်၊ ဒီအမျိုးသမီးဟာ ပထမအကြိမ် ကိုယ်ဝန်ဆောင်ခြင်း ဆိုတာကိုလည်း [...]ည့်တယ်၊ သွေးဖလှယ်ဖူးခြင်း မရှိဘူး ဆိုတာကိုလည်း ထည့်တွက်တယ်၊ [...]ထူးခြားခြား ဖျားနာခြင်း မရှိဘူး ဆိုတာကိုလည်း တွက်ဆပြီးတဲ့ နောက်ပိုင်း[...]တော့ ဘာမှ ထပ်ပြီး စစ်ဆေးနေစရာ မလိုတော့ပါဘူး"

"ဒုတိယအကြိမ် ကွန်းမ်စ် စစ်ဆေးခြင်းတောင် မလုပ်တော့ဘူးပေါ့"

"လုပ်လို့ကော ဘာ အကြောင်းထူးတော့မှာလဲ၊ သက်သေ ပြပြီးသား [...]ကို ထပ်ပြီး သက်သေ ပြရာပဲ ကျတော့မှာပေါ့"

ဤတွင် တရားသူကြီး ဗင်နှန်က ကြားဖြတ်ပြီး ပြောသည်။

"ဒေါက်တာ မစ်ချဲ၊ ရှေ့နေကြီးက မေးခွန်းများ မေးနေပါတယ်"

"ဒေါက်တာရဲ့ အဖြေစကားကို အသစ် ပြန်လည် စီကုံး ပေးနိုင်မလား [...]ဗျာ"

ကရုပ်ထရီးက မေးလိုက်သည်။

"ရှိထားတဲ့ အချက်အလက်တွေ အားလုံးကို တွက်လိုက်ရင် နောက်[...] ဘာမှ ထပ်ပြီး စစ်ဆေးစရာ မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကွန်းမ်စ် စစ်ဆေးမှုဟာ ရာခိုင်နှုန်းပြည့် မမှန်ကန် နိုင်ဘူး ဒေါက်တာ ဝန်ခံထားတဲ့ တိုင်အောင်ပေါ့"

"ဟုတ်ပါတယ်"

မစ်ချဲ အခိုင်အမာ ရပ်တည်သည်။

ဒေါက်တာ မစ်ချဲကို ဆက်လက် မေးမြန်းခဲ့လျှင် ခရစ်၏ ကုသ ကုသနည်းအပေါ် သူ၏ ထင်မြင်ချက်များ ထုတ်ဖော် ပြောဆိုလာနိုင်သ ကရပ်ထရီးက သက်သေလို ဆက်လက် မေးမြန်းရန် မရှိတော့ကြော ပြောကြားလိုက်သည်။

ထိုအခါ ဖရန်ကလင်က သူ၏ စားပွဲမှပင် တိုးညင်းသော လေသံ နောက်ဆုံး မေးခွန်းကို မေးမြန်းလိုက်သည်။

"ဒေါက်တာ ခင်ဗျား၊ စောစောက မစ္စတာ ကရပ်ထရီး ပြောသွား စစ်ဆေးနည်းတွေကို မသုံးဘဲ ကွန်းမ်စ် စစ်ဆေးနည်းကို အသုံးပြုတဲ့ သား ဆရာဝန်တွေ ဘယ်နှရာခိုင်နှုန်းလောက် ရှိမယ် ထင်ပါသလဲ"

"ရှစ်ဆယ်ရာခိုင်နှုန်းလောက် ရှိပါတယ်"

ဒေါက်တာ မစ်ချဲ ယုံကြည် စိတ်ချစွာ ဖြေဆိုသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ နောက်သက်သေတွေကို စစ်ပြီး အခါမှာ ပြန်ခေါ်ရင် အဆင်သင့် ရှိနေအောင် တစ်ဆိတ် ကျေးဇူးပြုပြီး နေပါဦး"



## ၁၆

ောက်ထပ် သက်သေမှာ ဒေါက်တာ ရောဘတ် ကိုးမင်း ပင်တည်း။

ဖရန်ကလင်သည် ငယ်ရွယ် ချောမောသော ဆရာဝန်ကလေးကို ဆေး ညာ စတင် သင်ကြားချိန်မှ စပြီး ပက်ကဆိုက် ဆေးရုံသို့ ရောက်သည့် ာလ အထိ ဖော်ဆောင် မေးမြန်းသည်။ သူ၏ အတွေ့အကြုံများနှင့် ကျွမ်း င်မှု များကို ပေါ်လွင် ထင်ရှားစေသည်။ နောက်ဆုံးတွင်မှ ဒေါက်တာ စ်ချဲ တုပ်ကွေးမိနေသဖြင့် သူ့ ကိုယ်စား လုပ်ဆောင်ပေးရန် ပြောကြားသည် ို မေးမြန်းသည်။ ကိုးမင်းသည် မစ်ချဲ ကိုယ်စား လုပ်ဆောင်ပေးရသည်မှာ ခု တစ်ကြိမ်သာ မဟုတ်သဖြင့် သူ့တွင် အလုပ်တွေ များနေသည့် ကြားကပင် ရာကြီး၏ အလုပ်ကို ကိုယ်စား လုပ်ပေးရန် လက်ခံလိုက်သည်။ ဒေါက်တာ စ်ချဲက သူ့ လူနာများ အကြောင်း သေချာစွာ ရှင်းပြသည်။ အထူးသဖြင့် ူ၏ မိတ်ဆွေဟောင်းကြီး ဖြစ်သော ဂွန်စတူးဝပ် ရေးနိုး၏ သမီး မစ္စက် င်ပဆန် အကြောင်းကို အထူးဂရုပြုပြီး ပြောကြားသည်။

မစ္စက် ဆင်ပဆန် မီးဖွားမည့် အရိပ် လက္ခဏာများ ပြလာသည်နှင့် စ်ပြိုင်နက် ဒေါက်တာ ကိုးမင်းက သူမကို ဆေးရုံသို့ အမြန် တက်ရောက် သည်။ ဆေးရုံမှာ သူမ မီးဖွားရာ တစ်ဆယ့်ရှစ်နာရီမျှ ကြာမြင့်သည်။ ချိန် ကြာမြင့်လှသည်။ သားဦး ဖြစ်သော်လည်း ဤမျှလောက် မကြာသင့် ချေ။ သူမ၏ မီးဖွားမှုမှာ မလွယ်ကူပါ။ သို့သော် ဘာပြဿနာမှလည်း ်ရှုပ်ထွေးထွေး မရှိပါ။ ဖရန်ကလင်သည် ယင်းကိစ္စကို အတန်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ် မေးနေပြီးနောက် နောက်ဆုံးတွင်မှ သူ အလိုရှိသော မေးခွ
တစ်ခုသို့ ရောက်ရှိသွားသည်။

"ဒေါက်တာ ခင်ဗျား၊ ဒီမွေးဖွားမှုမှာ ညှပ်သုံးဖို့များ လိုအပ်ခဲ့
သလား"

"မလိုအပ်ပါဘူး"

"ဒီလို ဆိုရင် ကလေးရဲ့ ကိုယ်မှာ ဘာ အမှတ်အသားမှ မရှိဘူးပေ
တချို့ မွေးဖွားမှုတွေမှာ ညှပ်သုံးရတဲ့အတွက် ခေါင်းမှာ အနာတရ ဖြစ်တာ
တွေ မရှိဘူးပေါ့၊ ဟုတ်လား"

ဖရန်ကလင် လိုရင်းကို ဖိမေးသည်။

"မရှိပါဘူး၊ မွေးဖွားမှုမှာ ဘာမှ ရှုပ်ရှုပ်ထွေးထွေး မဖြစ်ခဲ့ပါဘူး
ကလေးငယ်မှာ ဘယ်လို ထိခိုက် ဒဏ်ရာရမှုမျိုးမှ မရှိခဲ့ပါဘူး"

ကိုးမင်း ဖြေသည်။

"ကလေးကို အက်ပဂါ စစ်ဆေးမှု လုပ်တဲ့ အချိန်မှာ ဒေါက်တာ
ရှိနေပါသလား"

"ရှိပါတယ်၊ အမှန်အတိုင်း ဆိုရင်တော့ အက်ပဂါ စစ်ဆေးမှု နှ
စလုံးကို မွေးခန်း တာဝန်ခံ ဆရာမကပဲ လုပ်ရပါတယ်၊ ဒါပေမဲ့ ကလေးငယ်
ရဲ့ ဘိုးအေဟာ ဆရာကြီး ဒေါက်တာ မစ်ချဲနဲ့ ရင်းနှီးတဲ့ မိတ်ဆွေကြီး တ
ယောက် ဖြစ်နေတဲ့အတွက် အစစ အရာရာ စိတ်ချ သေချာရအောင် ဆို
ပထမ အက်ပဂါကို ကျွန်တော် ကိုယ်တိုင်ပဲ လုပ်ပါတယ်"

"အဲဒီ အခါမှာ ဘာတွေ တွေ့ရပါသလဲ"

"ကျွန်တော့် အစီရင်ခံစာ ထဲမှာ ဖော်ပြထားတဲ့ အတိုင်းပါပဲ"

ကိုးမင်း ဖြေကြားသည်။

ဖရန်ကလင်က ဟိန်ဖယ်ဒင် ဘက်သို့ လှည့်လိုက်ရာ ဟိန်ဖယ်ဒင်
ဆေးရုံ မှတ်တမ်း စာရွက်ကို လှမ်းပေးသည်။ ကိုးမင်းက ထိုမှတ်တမ်းသ
သူ၏ အစီရင်ခံစာပင် ဖြစ်ကြောင်း အစစ်ခံသောအခါ ဖရန်ကလင်က ယ
မှတ်တမ်းကို သက်သေခံ အဖြစ် တင်ပြလိုက်သည်။ တရားသူကြီး ဗင်နွန်သ
မှတ်တမ်းကို စစ်ဆေးပြီးနောက် ကရပ်ထရီးသို့ ပေးလိုက်သည်။ ကရပ်ထ
သည် တစ်စုံတစ်ခုတော့ ကန့်ကွက်စရာ မရှိသဖြင့် ပြန်ပေးမည် ပြုစဉ် လော်
က–

"ကျွန်မ ခဏ ကြည့်ပါရစေ"





သူမက ကရပ်ထရီး၏ လက်မှ မှတ်တမ်းစာရွက်ကို ဆွဲယူလိုက်သည်။
ပြီးနောက် သူမနှင့် ခရစ်သည် ထိုမှတ်တမ်းကို သေချာစွာ ကြည့်ရှု လေ့လာ
ကြသည်။

နောက်ဆုံးတွင် ခရစ်က လေသံ တိုးတိုးဖြင့်–

"လော်ရာ ခါတ်ပုံ ရိုက်ယူလာတဲ့ မှတ်တမ်းနဲ့ တစ်ထပ်တည်းပဲ၊
ဘာ တစ်ခုမှ ပြင်မထားဘူး"

လော်ရာက မှတ်တမ်းကို မှတ်သားပြီး သက်သေခံ အဖြစ် လက်ခံရန်
သဘောတူလိုက်သည်။ မှတ်တမ်းကို ကိုးမင်း လက်သို့ ပြန်ပေးလိုက်သည်။

"ဒေါက်တာ ခင်ဗျား၊ ဆင်ပဆန် ဘေဘီကို အက်ပဂါ စစ်ဆေးလို့
ရတဲ့ ရမှတ်ကို ဒေါက်တာရဲ့ မှတ်တမ်း ထဲမှာ ဘယ်လို ဖော်ပြထားပါသလဲ"

"တစ်မိနစ် အက်ပဂါရဲ့ ရမှတ်ဟာ ခုနစ် ဖြစ်ပါတယ်၊ ပုံမှန်ပဲ ဖြစ်ပါ
တယ်"

ကိုးမင်း ဖြေသည်။

"ငါးမိနစ် အက်ဂပါကကော"

ဖရန်ကလင် မေးသည်။

"ငါးမိနစ် စစ်ဆေးမှုကို ဆရာမ လုပ်ပါတယ်၊ ကိုးမှတ် ရပါတယ်"

ကိုးမင်းက မှတ်တမ်းကို အထောက်အထား ပြုပြီး ပြောသည်။

"ဒေါက်တာရဲ့ စစ်ဆေး စမ်းသပ်မှု ဒါအကုန်ပဲလား"

"မဟုတ်ပါဘူး၊ ကလေးငယ်ကို ကျွန်တော် ကိုယ်တိုင် အပြည့်အစ
စစ်ဆေး စမ်းသပ်ကြည့်ပါတယ်၊ ကလေးရဲ့ အခြေအနေ အထူးပဲ ကောင်းမွန်
ပါတယ်၊ ကျန်းမာ သွက်လက်တဲ့ မွေးကင်းစ တစ်ယောက်ပဲ"

"အဲဒါကို ဒေါက်တာ ရေးမှတ် ထားပါသလား"

"ရှေ့နေကြီး မြင်တွေ့နိုင်ပါတယ်"

ကိုးမင်းက မှတ်တမ်းစာရွက်ကို ဝှေ့ယမ်းပြရင်း ပြောသည်။

"ဒေါက်တာ ကိုးမင်း ခင်ဗျား၊ ကလေးကို စမ်းသပ် စစ်ဆေးပြီးတဲ့
နောက်မှာ ဒေါက်တာ ဘာလုပ်ပါသလဲ"

"ကလေးကို ဂရုတစိုက် စောင့်ကြည့်နေဖို့ တာဝန်ခံဆရာကို ကျွန်တော်
မှာကြားပါတယ်၊ တကယ်လို့ တစ်စုံတစ်ရာ ထူးခြားတာ တွေ့ရင် ကျွန်တော့်
ကို အကြောင်းကြားဖို့ မှာထားပါတယ်၊ ဘာမှ အကြောင်းမထူးရင်တော့
နာတွေကို ကျွန်တော် ကြည့်နေကျ အချိန်မှာ ကြည့်ဖို့ပါပဲ၊ နောက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို တိုက်ကျွေးရမယ့် အာဟာရကိုလည်း ညွှန်ကြားချက် စာအုပ် ကျွန်တော် ရေးပေးထားပါတယ်၊ အဲဒါတွေ အားလုံး ပြီးတော့မှ မွေး ထဲက ကျွန်တော် ထွက်ခဲ့ပါတယ်"

"ဒေါက်တာ လုပ်ဆောင်စရာ ရှိတဲ့ တခြား တာဝန်တွေကို လုပ်ဆော ဖို့ပဲလား"

"ဟုတ်ပါတယ်"

"ကလေးအတွက် ဒေါက်တာ လုပ်ဆောင်ခဲ့တာဟာ ပြည့်စုံမှု ရှိပြီ ယူဆပါသလား"

"မွေးဖွားတဲ့ နေရာမှာလည်း ဘာမှ ထူးထူးခြားခြား မရှိဘူး၊ က ကလည်း ပထမကလေး ဖြစ်ပါတယ်၊ နောက်ပြီးတော့ အာရ်အိပ်ချ် ပြဿ လည်း ဘာမှ မရှိတဲ့အတွက် ပြည့်စုံလုံလောက် ပါတယ်"

"အဲဒီ အချိန်တုန်းက ကလေးငယ်မှာ အသားဝါ အရိပ်အယော တစ်စုံတစ်ရာ ရှိမရှိ ဒေါက်တာ သတိပြုမိပါသလား"

"ဘာ အရိပ်အယောင်မှ မတွေ့ရပါဘူး"

"နေ့လယ်ဘက် လူနာ ကြည့်ချိန်မှာ ကလေးကို ဒေါက်တာ ကြ ဖြစ်ပါသလား"

"မကြည့်ဖြစ်ပါဘူး၊ အရေးပေါ် တစ်ခု ရှိနေလို့ပါပဲ၊ သားအိမ် သ တစ်ခုကို အရေးပေါ် ခွဲစိတ်စရာ ရှိလို့ပါပဲ၊ ကျွန်တော့်အနေနဲ့ ဒီခွဲစိတ်မှု အလျင် ဦးစားပေးရပါမယ်၊ ဒါပေမဲ့ ဆရာမတွေနဲ့ ကျွန်တော် အဆက်အသွ မပြတ် လုပ်နေခဲ့ပါတယ်"

"အဲဒီလို အဆက်အသွယ် လုပ်တဲ့ အခါမှာ ဘာတွေ သိရပါသလဲ"

"ရေးနိုး ဘေဘီ၊ အဲ ဆင်ပဆန် ဘေဘီကလေး ကောင်းမွန် ကျန်း ကြောင်း သိရပါတယ်၊ အာဟာရ ပြည့်ဝပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ် အကြောင်း သိရပါတယ်၊ ဘာမှ စိုးရိမ်စရာ မရှိကြောင်း သိရပါတယ်"

"ကလေး အခြေအနေဟာ အဲဒီ အတိုင်းပဲ ဆက်လက် တည်ရှိသွ သလား"

"မသွားပါဘူး၊ နောက်တစ်နေ့ မနက်မှာ ကလေးဟာ မသိမ အသားဝါနေတဲ့ အကြောင်း၊ ဆရာမ တစ်ယောက်က ကျွန်တော့်ကို ဖုန်းဆ ပြီး အကြောင်း ကြားပါတယ်"



"အဲဒီတော့ ဒေါက်တာ ဘာလုပ်ပါသလဲ"

"ကျွန်တော် ချက်ချင်းပဲ ဗီလီရူဗင် ယူခိုင်းတယ်၊ ကွန်းမ်စ် လုပ်ခိုင်း တယ်၊ အဲဒီအဖြေတွေ ဓာတ်ခွဲခန်းက သိသိချင်း ကျွန်တော့်ဆီ ဖုန်းပြန်ဆက် မှာထားပါတယ်၊ ကျွန်တော် ခွဲစိတ်ခန်းထဲ ရောက်နေလည်း အကြောင်း ကြားဖို့ မှာထားပါတယ်၊ အဲဒီ ညနေက ကျွန်တော် သားအိမ် ခွဲစရာ နှစ်ခု နေပါတယ်"

"ဒေါက်တာ ညွှန်ကြားတဲ့ အတိုင်း သူတို့ လုပ်ပါသလား"

"လုပ်ပါတယ်၊ ဓာတ်ခွဲခန်း အဖြေ ရရချင်းပဲ ခွဲစိတ်ခန်းကို သူတို့ အကြောင်း ကြားပါတယ်"

"အဲဒီတော့..."

"ကျွန်တော် ခွဲစိတ်ခန်းက ထွက်လာပြီး ဓာတ်ခွဲခန်း အစီရင်ခံစာ တွေကို စစ်ဆေး ကြည့်ရှုပါတယ်"

"အဲဒီတော့ ဘာတွေ တွေ့ရပါသလဲ"

"ကလေးဟာ ဗီလီရူဗင် တစ်ဆယ့်လေး ရှိနေပါတယ်"

"အဲဒါ စိုးရိမ်စရာ ကောင်းသလား"

"စိုးရိမ်စရာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သတိထားစရာ ဖြစ်ပါတယ်၊ လီရူဗင် နှစ်ဆယ်အထိ အန္တရာယ် မရှိသေးပါဘူး၊ ဒါပေမဲ့ တစ်ဆယ့်လေး နေတာကို တွေ့ရတာနဲ့ တစ်ပြိုင်နက် ဂရုစိုက်ပြီး ကြည့်ဖို့ လိုအပ်ပါတယ်၊ ဖြစ်လို့လဲ ဆိုတော့ ကွန်းမ်စ် စစ်ဆေးချက်မှာ အာရ်အိပ်ချ် မတည့်တာကို တွေ့ထားရလို့ပဲ"

"အဲဒီတော့ ဒေါက်တာ ဘာလုပ်ပါသလဲ"

ဖရန်ကလင် စူးစမ်းသည်။

"ဗီလီရူဗင် ထပ်ယူခိုင်းပါတယ်၊ အဖြေကို ကျွန်တော် ထိုင်စောင့်နေ ယ်၊ အချိန်တွေ လေသွားမှာ စိုးလို့ပါ"

"ဒုတိယအကြိမ် စစ်ဆေးကြည့်တော့ အဖြေ ဘယ်လောက် ရပါသလဲ ဒေါက်တာ ကိုးမင်း"

"အဖြေ မသိခင်မှာဘဲ ကျွန်တော် ဒေါက်တာ မစ်ချဲ အိမ်ကို ဖုန်းဆက် သတင်း ပို့ပါတယ်၊ သူက ကလေးကို မက်ထရိုပိုလီတန် ဆေးရုံကြီးကို ချက်ချင်း ပို့ဖို့ အကြံပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြံပေးချက်ဟာ လုပ်ရိုးလုပ်စဉ် မဟုတ်ဘူးလို့ ဒေါက်တာ ယူ ပါသလား"

"မယူဆပါဘူး၊ လုပ်ရိုးလုပ်စဉ်ပဲ ဖြစ်ပါတယ်"

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာ့လို အထူး လေ့ကျင့် သင်ကြားခဲ့ အတွေ့အကြုံ ရင့်ကျက်တဲ့ ဆရာဝန် တစ်ယောက်က ဘာဖြစ်လို့ ဒီကလေး မက်ထရိုပိုလီတန် ဆေးရုံကြီးကို ပို့ပေးရတဲ့ အကြောင်း ဇူရော်လူကြီးများ ရှင်းပြ ပေးနိုင်ပါသလား"

"ရှင်းပြ နိုင်ပါတယ်၊ မက်ထရိုပိုလီတန် ဆေးရုံကြီးဟာ ဆေးသိ ပညာရပ်တွေကို သင်ကြား ပို့ချပေးနေတဲ့ ဆေးရုံကြီး တစ်ခု ဖြစ်တဲ့ အတွ အလုပ်သင် ဆရာဝန်တွေ လက်ထောက် ဆရာဝန်တွေ အများအပြား ရှိ အပြင် သူနာပြုအဖွဲ့ ဆိုရင်လည်း ပုဂ္ဂလိက ဆေးရုံ တစ်ခု ဖြစ်တဲ့ ပက်ကဆို ဆေးရုံထက် အများကြီး သာလွန် များပြားပါတယ်၊ ဆင်ပဆန် ဘောဘီမှာ အမြဲတမ်း စောင့်ကြပ်ပြီး ကြည့်နေဖို့ လိုအပ်ပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြော ရရင် ကလေးကို ကျွန်တော် ကိုယ်တိုင် စောင့်ပြီး ကြည့်နေချင်တယ်၊ ဒါပေ ကျွန်တော့်မှာက ကျွန်တော့် တာဝန်တွေ အပြင် ဒေါက်တာ မစ်ချဲရဲ့ တာဝ တွေကလည်း ရှိနေပါသေးတယ်၊ ဒါကြောင့် ကလေးကို လွှဲပေးနိုင်တာ အကောင်းဆုံး ဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်"

"အဲဒီလို ဆုံးဖြတ်ပြီးတဲ့ နောက်မှာ ဒေါက်တာ ဘာလုပ်ပါသလဲ"

"မစ္စတာ ရေးနီး ဆီကို ကျွန်တော် ဖုန်းဆက်ပါတယ်၊ သူက ပြော တယ်"

ဤတွင် ကရုပ်ထရိုးက–

"သူက ပြောတယ် ဆိုတာကို မစ္စတာ ရေးနီး ကိုယ်တိုင် ထွက်ဆို ပါတယ်၊ အဲဒီလို မဟုတ်ရင်တော့ တစ်ဆင့် စကား အထောက်အထ ဖြစ်နေမှာမို့ ကျွန်တော် ကန့်ကွက်ပါတယ်"

တရားသူကြီး ဗင်နွန် သဘောတူကြောင်း ခေါင်းညိတ်လိုက်သည်။

ဖရန်ကလင် ဆက်မေးသည်။

"ဒေါက်တာ ခင်ဗျား၊ မက်ထရိုပိုလီတန် ဆေးရုံကြီးကို ဒေါက်တ ကိုယ်တိုင် ဖုန်းဆက်ပါသလား"

"မဆက်ပါဘူး"





"ဘာဖြစ်လို့ပါလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့" ဤနေရာတွင် ဒေါက်တာ ကိုးမင်းသည် ရားသူကြီး ဗင်နွန်ကို ကြည့်လိုက်ပြီးနောက် "မစ္စတာ ရေးနီးနဲ့ ကျွန်တော် ပြောရတဲ့ အကြောင်းကို မဖော်ပြရဘဲနဲ့ ဒီအဖြေကို ကျွန်တော် မဖြေနိုင်ပါဘူး"

ဗင်နွန် ခေတ္တမျှ စဉ်းစား ချင့်ချိန်ပြီးနောက်–

"ဒေါက်တာ ဘာလုပ်တယ် ဆိုတာနဲ့ ဘာပြောတယ် ဆိုတာကို န်တော် တို့ကို ပြောပြပါ"

"မစ္စတာ ရေးနီး ဆီကို ကျွန်တော် ဖုန်းဆက်ပါတယ်၊ ပြီးတော့ က်ထရိုပိုလီတန် ဆေးရုံကြီးက ဒေါက်တာ ဆိုဗိုနဲ့ စကားပြောပါတယ်၊ င်ပဆန် ဘောဘီကို သယ်ဆောင်ဖို့ ဆေးရုံ ကားတစ်စီး ရောက်လာပါတယ်၊ က ဆေးရုံမှတ်တမ်း မိတ္တူ ရေးပြီးပြီလားလို့ မေးပါတယ်၊ ကျွန်တော်က ပြီလို့ ဖြေပါတယ်"

"ဒေါက်တာ ကိုးမင်း ခင်ဗျား၊ ကျွန်တော့်ကို တစ်ခု ပြောပြပါ၊ ရေးနီး ဘီ အဲ ဆင်ပဆန် ဘောဘီကို ဒေါက်တာ နောက်ဆုံး မစစ်ဆေးမီ အချိန်မှာ လေးမှာ နာဗ်ကြော ပြဿနာ တစ်ခုခု ရှိမရှိ ဆိုတာကို တွေ့ရပါသလား"

"မတွေ့ရပါဘူး၊ ကျွန်တော်ရဲ့ အစီရင်ခံစာမှာ ရေးထားပါတယ်"

"အဲဒီလို ဆိုရင် ကလေးမှာ ရှိနေတဲ့ ပြဿနာက အသား နည်းနည်း နေတာရယ်၊ ကွန်မ်စစ် စစ်ဆေးမှုမှာ အာရုံအိပ်ချ် မတည့်မှု တွေ့ရတာရယ်၊ တ်ခွဲခန်း အစီရင်ခံစာမှာ ဗီလီရူဗင် တစ်ဆယ့်လေး ရှိတာရယ်ပဲပေါ့"

"မှန်ပါတယ်"

"အဲဒီနောက်ပိုင်းမှာ ဆင်ပဆန် ဘောဘီကို ဒေါက်တာ စစ်ဆေးခွင့် ပါသေးသလား"

"မရပါဘူး၊ ကလေးကို မက်ထရိုပိုလီတန် ဆေးရုံက ဆင်းခွင့်ပြုလိုက် အချိန်မှာ ဒေါက်တာ မစ်ချဲ နေကောင်းနေပါပြီ"

"အဲဒီတော့ ကလေးကို ဒေါက်တာ စစ်ဆေးကြည့်တဲ့ အခါတိုင်းမှာပဲ လေးဟာ နာဗ်ကြော ထိခိုက်မှု တစ်စုံတစ်ရာ မရှိကြောင်း ချာတယ်ပေါ့၊ ဟုတ်လား"

"အင်မတန် သေချာပါတယ်"

ဖရန်ကလင်သည် သက်သေ အနီးမှ ထွက်ခွာခဲ့ပြီး သူ၏ မေးမြန်းမှု ဆုံးသွားပြီ ဖြစ်ကြောင်း ပြောလိုက်သည်။ ပြန်လှန် မေးခွန်းများ မေးမြန်းရန်



www.burmeseclassic.com

www.burmeseclassic.com



ကရပ်ထရီး ဖိုင်ရာမှ ထလိုက်သည်။ သို့သော် ထက်ထက်သန်သန်ကြီးတော့ မဟုတ်။ ဒေါက်တာ ကိုးမင်းသည် သက်သေကောင်း တစ်ယောက် ဖြစ်သည်။ သူ့ကို ထိုးဖောက် တိုက်ခိုက်စရာ မရှိသလောက်ပင်။

"ဒေါက်တာ ခင်ဗျား၊ မက်ထရိုပိုလီတန် ဆေးရုံကြီးဟာ ဒေါက်တာ့ရဲ့ လူနာကို လွှဲပြောင်းပေးဖို့ သင့်လျော်တဲ့ ဌာနတစ်ခု ဖြစ်ကြောင်း ဒေါက်တာ ဘာကြောင့် ဆုံးဖြတ်ပါသလဲ"

"အဲဒါကို ကျွန်တော် အစစ်ခံပြီးပါပြီ၊ အထူး ကုသမှုအတွက် သူတို့မှာ လူ ရှိတယ်၊ ပစ္စည်း ရှိတယ်၊ ကျွန်တော် လုပ်ချင်တဲ့ အလုပ်တွေကို ကျွန်တော့်ဆေးရုံမှာ အချိန်ပြည့် မလုပ်နိုင်ပါဘူး"

"အဲဒီလို ဒေါက်တာ ရွေးချယ်လိုက်တဲ့ အတွက် မက်ထရိုပိုလီတန် ဆေးရုံကြီးဟာ ဆေးရုံကောင်း တစ်ခု ဖြစ်တယ်လို့ ယူဆ နိုင်ပါသလား"

"ယူဆနိုင်ပါတယ်"

ကိုးမင်း ကြေညာလိုက်သည်။

"ပထမတန်းစား ဆေးရုံဝန်ထမ်းများ ရှိတယ်ပေါ့"

"ဟုတ်ပါတယ်"

ကိုးမင်း အနည်းငယ် နှုတ်လေးသွားသည်။

"ဆေးရုံ ဝန်ထမ်းတွေ အပေါ်မှာ ယုံကြည်မှု မရှိခဲ့ရင် အဲဒီ ဆေးရုံကြီးကို ဒေါက်တာ မရွေးချယ်ဘူးပေါ့"

"မရွေးချယ်ပါဘူး"

ကိုးမင်း တုံ့ဆိုင်းစွာ ဖြေသည်။ ကရပ်ထရီးက သူ့ကို အဘယ်သို့ ဦးဆောင်နေကြောင်း သူ မသိနိုင်ဘဲ ရှိနေသည်။

"ဒေါက်တာဟာ မက်ထရိုပိုလီတန် ဆေးရုံကြီးနဲ့ ဆေးရုံ ဝန်ထမ်းတွေ အပေါ်မှာ သံသယ ရှိလျက်နဲ့ ဒေါက်တာရဲ့ လူနာကို လွှဲပေးတယ် ဆိုရင် ဒေါက်တာဟာ လွဲမှားစွာ ကုသရာ ရောက်နိုင်တယ်ပေါ့၊ ဟုတ်လား"

"ကျွန်တော်ဟာ ဆေးရုံကြီးရဲ့ ထင်ရှား ကျော်ကြားမှုနဲ့ ကျွန်တော် သိမြင်တာတွေကို အခြေပြုပြီး လုပ်ငန်း သဘောအရ ဆုံးဖြတ်ခဲ့တာပါပဲ"

"ဒေါက်တာ သိမြင်ထားတာနဲ့ ဆေးရုံကြီးရဲ့ ထင်ရှား ကျော်ကြားမှုကို အခြေပြုပြီး မက်ထရိုပိုလီတန် ဆေးရုံကြီးနဲ့ အဲဒီဆေးရုံကြီးရဲ့ သားဖွားဌာနဟာ ကျွန်တော်တို့ နိုင်ငံမှာ အကောင်းဆုံး တစ်ခု ဖြစ်တယ်လို့ ပြောနိုင်ပါသလား"



"ဟုတ်ကဲ့ ပြောနိုင်ပါတယ်"

"ဒေါက်တာ မိုက်ကယ် ဆိုဗိုရဲ့ ထင်ရှား ကျော်ကြားမှုကို ဒေါက်တာ သိပါသလား"

"သိပါတယ်၊ ဆရာကြီးရဲ့ ဂုဏ်သတင်းဟာ ထင်ရှားလှပါတယ်"

"ဆရာကြီးရဲ့ သုတေသန စာတမ်းတွေကို ဒေါက်တာ ဖတ်ဖူးပါသလား"

"ဖတ်ဖူးပါတယ်၊ ဆရာကြီးရဲ့ စာတမ်းတွေဟာ အင်မတန် ခြေမြစ်ခိုင်မာပါတယ်"

"ဒေါက်တာ ကိုးမင်း ခင်ဗျား၊ ဒေါက်တာ ခရစ်တိုဖာဂရန့်ရဲ့ ထင်ရှား ကျော်ကြားမှုကိုကော ဒေါက်တာ အလားတူ သိရှိပါသလား"

"မသိပါဘူး"

ကိုးမင်း ခပ်ဆတ်ဆတ် ပြန်ပြောသည်။ ထို့နောက် ဆက်ပြီး–

"တကယ်လို့သာ ဆင်ပဆန် ဘေဘီကလေးဟာ သူ့ လက်ထဲမှာ အဆုံးသတ်သွားမယ် ဆိုတာကို သိရင် ဒီကလေးကို လွှဲပြောင်းပေးဖို့ ကျွန်တော် ဘယ်နည်းနဲ့မှ သဘောတူခဲ့မှာ မဟုတ်ပါဘူး"

ခရစ် မတ်တတ်ထလိုက်သည်။ သို့သော် လော်ရာ၏ နူးညံ့ပြီး ခိုင်မာသော လက်က သူ့ကို ဆွဲထားလိုက်သည်။ ခရစ် နေသားတကျ ပြန်မထိုင်သေးဘဲ လေသံနှင့် ပြောလိုက်သည်။

"ကျုပ် သူ့ကို မေးချင်တယ်"

"ဒေါက်တာ မမေးနိုင်ဘူး၊ ဒေါက်တာက ရှေ့နေ မဟုတ်ဘူး၊ ကျွန်မတောင် မမေးနိုင်ဘူး၊ ကျွန်မမှာ တရားဝင် အနေအထား မရှိဘူး"

"ဒါဆိုရင် ကရပ်ထရီးကို ပြောချင်တယ်"

သည်အခါတွင် တရားသူကြီး ဗင်နွန်သည်ပင်လျှင် ရုတ်ရုတ်ရက်ရက် ဖြစ်နေသည်ကိုပင် သည်းမခံနိုင်တော့ဘဲ–

"အမှု စစ်ဆေးတဲ့ နေရာမှာ အနှောင့်အယှက် မဖြစ်အောင် ရှေ့နေကြီးရဲ့ အမှုသည်ကို ထိန်းပေးဖို့ လိုပါတယ်"

ကရပ်ထရီးကို သူ ပြောလိုက်သည်။

ကရပ်ထရီးက လေသံ တိုးတိုးဖြင့် နှီးနှောကြသည့် ဝိုင်းတွင် ခရစ်သည် အပြစ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို လုပ်ပုံမျိုးဟာ ဘာအကျိုးမှ မရှိနိုင်ပါဘူး ဒေါက်တာ"

"သူ ဒီလို ပြောတာမျိုးကို ကျုပ်တို့ ခွင့်မပေးနိုင်ဘူး"

"ဒီလို ပြောတာမျိုးတွေကို နားထောင်တတ်တဲ့ အကျင့်ရအောင် လုပ် ဂရုနဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ အခုဟာက အစပဲ ရှိသေးတယ်၊ ဒီအဖြစ်မျိုး ကို လိုလားတာ ဒေါက်တာပဲ ဆိုတာ မမေ့ပါနဲ့"

"တယ်လီဖုန်း ပြောတဲ့ ကိစ္စ သူ့ကို မေးပါ"

"ဘယ် တယ်လီဖုန်း ပြောတာလဲ"

"သူ့ ဆီက အချက်အလက်တွေ ကျုပ် တောင်းတဲ့ ကိစ္စပေါ့၊ ကလေ ဘယ်အချိန်က စပြီး အသားဝါတယ် ဆိုတာကိုတောင် သူ မပြောနိုင်ဘူး"

"အဲဒါ အရေးကြီးသလား"

"သိပ်ကြီးတာပေါ့၊ မွေးပြီး နှစ်ဆယ့်လေးနာရီ အတွင်းမှာ အသား တဲ့ ကလေးဟာ အန္တရာယ် အများကြီး ရှိတာပေါ့"

"နောက်တော့ ဘာမေးရမလဲ"

ကရပ်ထရီး မေးသည်။ ပထမဆုံးအကြိမ် စိတ်ဝင်စားစွာဖြင့် ဖြစ်သည်

"ဒုတိယအကြိမ် ဗီလီရူဗင် စစ်ကြည့်တော့ ဘာတွေ့ရသလဲ၊ အဲ အကြောင်း မှတ်တမ်းမှာ ဘာမှ ဖော်ပြမထားဘူး"

"နောက်ကော"

"သူ ဘာပြောမလဲ ဆိုတာ အရင် စောင့်ကြည့်သေးတာပေါ့"

သက်သေ ဘက်သို့ ကရပ်ထရီး လှည့်လိုက်ပြီးနောက်–

"ဒေါက်တာ ကိုးမင်း ခင်ဗျား၊ ဆင်ပဆန် ဘေဘီအကြောင်း ဒေါ် တာ ဂရန့်နဲ့ စကားပြောဖြစ်ပါသလား"

"ပြောဖြစ်ပါတယ်၊ တယ်လီဖုန်း ကနေ ပြောဖြစ်ပါတယ်"

"ဒေါက်တာက သူ့ ဆီကို ဆက်တာလား၊ သူက ဒေါက်တာ့ ဆီ ဆက်တာလား"

"သူ ဆက်တာပါ၊ ကလေးနဲ့ အတူ ပို့လိုက်တဲ့ ဆေးမှတ်တမ်း မိတ္တူ မပါတဲ့ အချက် တချို့ကို သူ သိချင်လို့ပါပဲ"

"အဲဒီအချက်တွေက ဘာတွေများ ပါလဲ ခင်ဗျား"

"ကျွန်တော် ရေးပြီးမှတော့ မှတ်မထားပါဘူး၊ ဒါပေမဲ့ ကျွန်တော် မှတ်မိသလောက် ပြောရရင်တော့ ကလေး အသားဝါတာကို ဘယ်သူ စတွေ့





ယ် ဆိုတာကို သူ သိချင်တယ်၊ ကျွန်တော် စောစောက ပြောခဲ့တဲ့ အတိုင်းပဲ၊ ဆရာမက စတွေ့တယ်လို့ ပြောခဲ့တယ်"

"အသားဝါ အရိပ်လက္ခဏာ ပထမ စတွေ့တဲ့ အချိန်ကို အဲဒီဆေး တ်တမ်း မိတ္တူ ပေါ်မှာ ဘာဖြစ်လို့ ဖော်ပြမထားတာလဲ ဒေါက်တာ"

"အဲဒါကို ကျွန်တော် မဖြေနိုင်ပါဘူး"

"အဲဒီ အချက်အလက်ဟာ တခြား ဆရာဝန် အတွက် လိုအပ်နိုင်တယ် လို့ ဒေါက်တာ ယူဆပါသလား"

"ယူဆပါတယ်"

"ကလေး တစ်ယောက်ဟာ မွေးဖွားပြီး နှစ်ရက် သုံးရက်ကြာမှ အသား ါ ဖြစ်တာထက် နှစ်ဆယ့်လေးနာရီ အတွင်းမှာ အသားဝါ ဖြစ်တာက ပိုပြီး န္တရာယ် ရှိနိုင်တဲ့ အတွက် ဆရာဝန် တစ်ယောက်အဖို့ အသားဝါ စဖြစ်တဲ့ ချိန် အတိအကျကို သိဖို့ဟာ အင်မတန် အရေးကြီးတယ် မဟုတ်ပါလား က်တာ"

"ဟုတ်ကဲ့ မှန်ပါတယ်၊ အသားဝါ အရိပ်လက္ခဏာကို စတွေ့တဲ့ သူဟာ ရာမ ဖြစ်ပြီး သူဟာ အဲဒီ အရိပ်လက္ခဏာကို နှစ်ဆယ့်လေးနာရီ မတိုင်ခင် ထိ သတိမပြုမိခဲ့ဘူးလို့ သူ့ကို ကျွန်တော် ပြောခဲ့ပါတယ်"

ခရစ်က ကရပ်ထရီးကို လက်ရိပ်ပြပြီး ခေါ်လိုက်သည်။ သို့သော် နေက ပခုံး တွန့်ပြလိုက်သည်။ ခရစ် ဘာကို လိုချင်ကြောင်း သူ သိပါသည်။ ဖြင့် သူသည် လက်ထဲမှ မှတ်စုများကို ကြည့်လျက်–

"ဒေါက်တာ ကိုးမင်း ခင်ဗျာ၊ ဒုတိယအကြိမ် ဗီလီရူဗင် စစ်ဆေးချက် င်းတယ်လို့ ဒေါက်တာ ပြောခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒါရဲ့ အဖြေကို ကျွန်တော် တစ်ခါမှ မကြားကြရသေးပါဘူး၊ အဲဒါကို ဒေါက်တာ ပြောပြနိုင်မလား"

"ကျွန်တော် မပြောနိုင်ပါဘူး၊ အဲဒီကလေးကို လွှဲပေးလိုက်ပြီးတာနဲ့ ပြိုင်နက် အဲဒီ စစ်ဆေးချက်ဟာ လက်တွေ့ အသုံးမဝင်တော့ပါဘူး၊ က်ပြီးတော့ မက်ထရိုပိုလီတန်က လူတွေ သူတို့ဘာသာ စစ်ဆေးကြလိမ့် ် ဆိုတာ ည်း ကျွန်တော် သိပါတယ်"

"ဒုတိယ စစ်ဆေးမှုက ဘာအဖြေ ပြတယ် ဆိုတာကို ဒေါက်တာ ်ခါမှ စိတ်မဝင်စားခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နေ့စဉ် ကုသမှု ပြုနေရတဲ့ ဆရာဝန် တစ်ယောက်ဟာ စိတ်ဝင်စား မှာ အချိန် မပေးနိုင်ပါဘူး၊ သူဟာ သူ့ရဲ့ လူနာတွေကို သူ ကုသနိုင်သ ကုသပေးပါတယ်၊ ဒေါက်တာ မစ်ချဲရဲ့ ကိုယ်စား ကျွန်တော် ဆောင်ရွက် နေရတဲ့ အချိန်မှာ အဲဒီစကားဟာ ပိုပြီး မှန်ပါတယ်"

"ဆင်ပဆန် ဘောဘီရဲ့ အခြေအနေ ဘယ်လို ရှိတယ် ဆိုတာ ဒေါ် တာ ဂရန့်ဆီကို ဒေါက်တာ ဖုန်းဆက်ပြီး မေးမြန်းပါသလား"

"ကလေးဟာ လူကောင်း လူတော်တွေ လက်ထဲမှာ ရောက်နေပြီ ကျွန်တော် ယူဆပြီး ကတည်းက သူဟာ သင့်လျော် ကောင်းမွန်တဲ့ ကုသ ခံယူနေရမှာပဲလို့ အောက်မေ့ ခဲ့ပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန် ဟာ နောက်ပိုင်းကျမှ စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်၊ ဒေါက်တာ ဂရန့် အဲဒီ ကုထုံးနည်းမျိုးနဲ့ ကုသမယ်လို့သာ သိခဲ့ရရင်"

"ကန့်ကွက်ပါတယ်"

ကရပ်ထရီး ကန့်ကွက်လိုက်သည်။

သို့သော် ကိုးမင်းက သူ့ စကားကို ဆုံးအောင် ဆက်ပြောသွားသည်

"အဲဒီကို ကျွန်တော် ကိုယ်တိုင် လိုက်သွားပြီး ကလေးကို ပြန်ခေါ် ပါတယ်"

တရားသူကြီး ဗင်နွန်သည် ကိုးမင်း၏ အဖြေကို ဖြတ်တောက် အတွက် သူ၏ တင်းပုတ်ကလေးကို ထုသော်လည်း အချည်းနှီးသာ ဖြစ် သည်။ သို့ဖြင့် သူသည် ကိုးမင်း၏ နောက်ဆုံး စကားများကို မှတ်ယူ မပြုရန် ဂျူရီအဖွဲ့သို့ အမိန့်ပေးရသည်။

ကရပ်ထရီးသည် သူ၏ ပြန်လှန် မေးခွန်းထုတ်သည့် အလုပ်ကို မဆက်တော့ရန် ဆုံးဖြတ်လိုက်သည်။ ကိုးမင်း၏ ထွက်ဆိုချက်များကို တိမ်တောင် ဖြစ်အောင် သူ လုပ်လိုက်နိုင်ပြီဟု ယူဆသည်။ သို့သော် ဤ လောက်နှင့် လက်လွတ် သွားရသည်ကိုလည်း သူ့ကိုယ်သူ ကျိန်ဆဲမိသ ဘယ်ရီဖရန်ကလင်က သက်သေကို ထပ်မံ မေးမြန်းခြင်း မပြုသော သူ့မှာ ကသိကအောက် ဖြစ်ရပြန်သည်။ ရှေ့နေ လူပုကလေးက သက်သေ မေးမြန်းရန် မရှိတော့ကြောင်း အရိပ်ပြလိုက်သည်။ သည်ကိစ္စကို ဖရန်က ဆက်၍ မမေးခြင်းသည် အလင်းကုထုံးနည်း ပြဿနာကို ဤမျှနှင့် ဆွဲ လိုက်ခြင်းသာ ဖြစ်ပေသည်။ ဂျူရီလူကြီးများကို သူတို့ဘာသာ သူတို့ စဉ်း ကြည့်ရန် အချိန် ပေးလားလိုက်ခြင်းသာ ဖြစ်သည်။



ကရပ်ထရီး သူ့ စားပွဲ ဆီသို့ ပြန်သွားသည်။ ခရစ်က သူ့ကို ဆီးကြို ပြစ်တင်သည်။ ဒေါသစကား ပြောသည်။

"သူ့ကို ဘာဖြစ်လို့ ဒီအတိုင်း လွှတ်ပစ်လိုက်ရတာလဲ၊ ဒုတိယ စီလီ င်ရဲ့ အဖြေကို ဆရာဝန် တစ်ယောက်က အရေးမစိုက်ဘူး ဆိုတာ ဘယ်လို ပ်ပြီး ဖြစ်နိုင်မလဲ"

ကရပ်ထရီး သူ့ ဘက်သို့ လှည့်လျက်—

"ဒီမယ် ဒေါက်တာ၊ ဒေါက်တာ့ အနေနဲ့ ဆေးဝါး ဘက်ကိုသာ အာရုံ က်ပါ၊ ဥပဒေ ကိစ္စက ကျုပ် ကိစ္စပါ၊ ပြန်လှန် မေးခွန်းထုတ်တဲ့ နေရာမှာ ခြေခံ သဘောတရား တစ်ခု ရှိတယ်၊ ဘယ်လို အဖြေမျိုး ထွက်လာမှန်း သိတဲ့ မေးခွန်းမျိုးကို ဘယ်တော့မှ မမေးပါနဲ့တဲ့၊ ဒုတိယ စစ်ဆေးမှုရဲ့ ဖြေဟာ ဘာဖြစ်မယ် ဆိုတာ ကျုပ်တို့ ဘယ်လို လုပ်ပြီး သိနိုင်မလဲ၊ အဲဒီ ဖြေက ကျုပ်တို့ကို အထောက်အကူ ပြုမတဲ့လား၊ အခု ကျုပ်တို့ ဘာဖြစ်နေပြီ တာကို ဒေါက်တာ တွေ့သလား၊ ကျုပ် တို့ရဲ့ အခြေအနေဟာ ဒေါက်တာ့ကို ျုပ် လာမေးတဲ့ အချိန်ကထက် အများကြီး ကျုံ့ဝင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

# ၁၇

ဟယ်ရီဖရန်ကလင်သည် သူ မူလ ချမှတ်ထားသည့် နည်းဗျူဟာ အတိုင်း
ဒေါက်တာ မစ်ချဲကို သက်သေခံရန် ပြန်ခေါ်သည်။

"ဆရာကြီး ခင်ဗျာ၊ ဆရာကြီးနဲ့ ဒေါက်တာ ကိုးမင်းတို့ သဘော
တိုင်ပင်ပြီး ဆင်ပဆန် ဘောဘီကို မက်ထရိုပိုလီတန် ဆေးရုံကြီးကို ပို့
အချိန်မှာ ဆရာကြီးရဲ့ စိတ်ထဲမှာ ဘယ်လို သဘောဆန္ဒ ရှိပါသလဲ"

"ကန့်ကွက်ပါတယ်"

ကရပ်ထရီး ကြားဖြတ်ပြီး ပြောလိုက်သည်။

"အဖြေကို အရင် နားထောင်ပါဦး ရှေ့နေကြီး"

ဗင်နွန် ဆုံးဖြတ်သည်။

"ဒေါက်တာ ဖြေပါ"

"ဟုတ်ကဲ့၊ မက်ထရိုပိုလီတန် ဆေးရုံကြီးဟာ ဆေးရုံဝန်ထမ်း
ပို့များတဲ့အတွက် ကလေးကို ပိုပြီး ဂရုတစိုက် ကုသနိုင်လိမ့်မယ်လို့ ကျွန်
ယူဆပါတယ်"

"ဒေါက်တာ ကိုးမင်း စောစောက ပြောသွားတဲ့ အကြောင်းတွေ အတိုင်း
ပဲပေါ့ ဟုတ်လား"

ဖရန်ကလင်က သူ့ကို ကူညီသည်။

"ဟုတ်ပါတယ်၊ ပက်ကဆိုက် ဆေးရုံမှာက လက်တွေ့ ကုသနေ
ဆရာဝန်ကြီးတွေပဲ ရှိပါတယ်၊ မက်ထရိုပိုလီတန်မှာကတော့ လူလည်း များတယ်





ည်းလည်း စုံပါတယ်၊ ဥပမာ ပြောရရင် သူတို့ဟာ ကလေးကို သွေးဖလှယ်
ကုသပေးနိုင်ပါတယ်၊ အဲဒီလို ကုသရမယ် ဆိုတာကိုလည်း ရှင်းရှင်း
င်းလင်း ညွှန်ပြ..."

ဒေါက်တာ မစ်ချဲ၏ စကား မဆုံးမီတွင် ကရပ်ထရီး ထပြီး ကန့်ကွက်
သည်။ ဗင်နွန်က တုံ့ဆိုင်းဆိုင်းနှင့်ပင် သူ၏ ကန့်ကွက်မှုကို လက်ခံလိုက်သည်။

ဖရန်ကလင် ပြုံးလိုက်သည်။ ထို့နောက် ဆက်မေးသည်။

"ကလေးကို လွှဲပြောင်းပေးတဲ့ နေရာမှာ ဒေါက်တာ့ အနေနဲ့ ဘာခြွင်း
က်မှ မရှိဘူးလား"

"အဲဒီအချိန်တုန်းကတော့ မရှိပါဘူး"

"နောက်ပိုင်းမှာတော့ ရှိသလား"

"ပြဿနာ ဖြစ်လာတဲ့ နောက်ပိုင်းမှာတော့ မရှိလို့ မဖြစ်တော့ပါဘူး"

"ဘယ်လို ပြဿနာ ဖြစ်ပါသလဲ"

ဖရန်ကလင်က ရှင်းရှင်းလေး မေးလိုက်သည်။

တရားခွဲရသည့် အကြောင်းရင်းကို လမ်းဖွင့် ပေးလိုက်ခြင်းပင် ဖြစ်
သည်။

"မစ္စတာ ရေးနီးဆီက ချောက်ချားစရာ ကောင်းတဲ့ တယ်လီဖုန်း
တင်း ရတဲ့နေ့ကို ပြောတာလား"

တရားသူကြီး ဗင်နွန် ကိုယ်ကို အနည်းငယ် ကိုင်းညွှတ်လိုက်ပြီး–

"မစ္စတာ ဖရန်ကလင်က မေးမြန်းတဲ့ အလုပ်တွေကို လုပ်ပါစေ
ဒေါက်တာ မစ်ချဲ၊ သူဟာ အရည်အချင်း ပြည့်တဲ့ လူ တစ်ယောက် ဖြစ်ပါတယ်"

"ကျွန်တော် တောင်းပန်ပါတယ် တရားသူကြီးမင်း"

ဒေါက်တာ မစ်ချဲ အနည်းငယ် ရှက်သွားဟန် ရှိသော အပြုံးဖြင့်
ပြောသည်။

ထိုအခါ ဖရန်ကရင်သည် မေးခွန်းထုတ်ရန် အတွက် ဂျူရော်လူကြီးများ
သန့် နေရာ တစ်ဖက်ထိပ်သို့ ရောက်သည်အထိ လျှောက်သွားသည်။
ဒေါက်တာ မစ်ချဲကို ဂျူရော်လူကြီးများနှင့် မျက်နှာချင်းဆိုင် ရှိနေရန် ဖြစ်သည်။
ဖရန်ကလင်၏ လုပ်ရပ်ကို ဖော်ရာ ဂရုပြုမိသဖြင့် ခရစ်ကို တံတောင်ဖြင့်
တွက်လိုက်သည်။ ဖရန်ကလင်သည် မစ်ချဲ၏ ထွက်ဆိုချက်အပေါ် အထူး



www.burmeseclassic.com

www.burmeseclassic.com



အားပြုလျက် ရှိကြောင်း သိသာသည်။ လော်ရာနှင့် ခရစ်တို့ လူချင်း ပူး... လိုက်ကြပြီး မှတ်စုများ လိုက်မှတ်ရန် အသင့် ရှိနေကြသည်။

ဖရန်ကလင်သည် သူ့ အသံကို မြှင့်တင်ခြင်း မရှိဘဲနှင့်–

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ ဤုန်ရေးနိုး ဆီက ဖုန်းဆက်တဲ့ သတင်း... ရတယ်လို့ စောစောကပဲ ဆရာကြီး ပြောသွားပါတယ်၊ အဲဒီ တယ်လီဖုန်းဆ... တဲ့ အချိန် မတိုင်မီက အကြောင်းတွေကို ကျွန်တော် နည်းနည်းပါးပါး ... ရစေ၊ ဒါမှ ဗုရော်လူကြီးတွေ အခု နဲ့ ဖြစ်ပျက်တဲ့ အကြောင်းတွေကို အစီအ... အလိုက် သိရှိနိုင်ကြမှာ ဖြစ်ပါတယ်၊ ဆင်ပဆန် ဘေဘီကို မက်ထရိုပိုလီတ... ဆေးရုံက ဆင်းခွင့်ပြုလိုက်တဲ့ နောက်ပိုင်းမှာ ဒေါက်တာနဲ့ ဘယ်လို... အဆက်အသွယ် ရှိပါသလဲ"

"အဲဒီအချိန်မှာ ကျွန်တော် တုပ်ကွေး ပျောက်သွားပြီ ဖြစ်လို့ ကလေး... သေသေချာချာ စစ်ဆေး ကြည့်ရှုနိုင်ပါတယ်၊ ကလေးရဲ့ အခြေအနေ ကော... မွန်တာကို မျက်စိနဲ့ မြင်တွေ့ရပါတယ်၊ ဒါပေမဲ့ မက်ထရိုပိုလီတန် ဆေးရုံ... ပေးလိုက်တဲ့ လူနာမှတ်တမ်း မိတ္တူနဲ့ ဓာတ်ခွဲခန်း အစီရင်ခံစာတွေ အားလုံး... ကျွန်တော် သေသေချာချာ လေ့လာ ကြည့်ရှုပါတယ်"

"ဒေါက်တာ တွေ့ရှိရတဲ့ အချက်အလက်တွေကို ကျေနပ်ပါသလား"

"ကျေနပ်တယ်၊ နောက်ပြီးတော့ မကျေနပ်ဘူး"

"ဒေါက်တာရဲ့ အဖြေကို ပိုပြီး တိတိကျကျကလေး ဖြေပါလား ခင်ဗျာ"

"တွေ့ရှိရတဲ့ အဖြေကို အများကြီး ကျေနပ်ပါတယ်၊ ဓာတ်ခွဲခန်း အ... ရင်ခံစာမှာ ဗီလီရူဗင် မှန်မှန်ကြီး ကျသွားတာကို တွေ့ရတယ်၊ လူနာမှတ်တ... မှာလည်း ကလေးရဲ့ အရေးကြီးတဲ့ အရိပ်လက္ခဏာတွေ အားလုံး ကောင်း... ကြောင်း ရေးထားပါတယ်၊ ဒါဟာ အင်မတန် ကံကောင်းတယ်လို့ ဆိုရပါမယ်"

"ကံကောင်းတယ်၊ ဟုတ်လား"

"ခုနက ကျေနပ်တယ်၊ နောက်ပြီးတော့ မကျေနပ်ဘူးလို့ ပြော... အဲဒါကြောင့်ပဲပေါ့၊ မက်ထရိုပိုလီတန် ဆေးရုံကြီးက ကလေးကို ကုသဖို့ ... ချယ်လိုက်တဲ့ ကုသနည်းကို ကျွန်တော် သဘောမကျဘူး"

ဗုရော်လူကြီးများကို ဖရန်ကလင် ကြည့်လိုက်သည်။ သူတို့၏ ... ဝင်စားမှု အဘယ်မျှ ရှိသည်ကို အကဲခတ်လိုက်ခြင်း ဖြစ်သည်။ ပြီးမှ–

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ ဆရာကြီး ပြောတာ ဘယ်ကုသနည်း... ပါလဲ"

"သူတို့ အသုံးပြုခဲ့တဲ့ အလင်းကုထုံးနည်းကိုပါ"

"ဗုရော်လူကြီးများ သိသာအောင် အလင်းကုထုံးနည်း ဆိုတာ ဘာ... ဆိုတာကို ဒေါက်တာ ရှင်းပြနိုင်မလား"

"အလင်းကုထုံးနည်း ဆိုတာက အသားဝါ ဖြစ်နေတဲ့ ကလေး တစ်... ယောက်ကို ကုသတဲ့ အနေနဲ့ ကလေးကို မီးချောင်းတွေ အောက်မှာ နာရီပိုင်း ... နေ ရက်ပိုင်းထိအောင် ထားရတဲ့နည်းပဲ"

ထိုအခါ ဖရန်ကလင်သည် ဤအကြောင်းကို ယခုမှ ကြားသိဖူးဟန်၊ ... ထူးပင် အံ့ဩဟန်ဖြင့်–

"ရိုးရိုး မီးချောင်း အောက်မှာ ကလေးကို ချထားတာဟာ လက်ခံ... အသိအမှတ်ပြုထားတဲ့ ကုထုံးနည်း တစ်ခုလို့ ဆရာ ပြောလိုက်တာလား"

"ဒီနည်းကို ယုံကြည်တဲ့ ဆရာဝန်တွေ ရှိပါတယ်"

"ဆင်ပဆန် ဘေဘီကို ဒီနည်းနဲ့ ကုသတဲ့ အကြောင်း ဒေါက်တာ ... ဘယ်အချိန်မှာ ပထမဆုံးအကြိမ် သိပါသလဲ"

"ကလေး ကျွန်တော့် လက်ထဲကို ပြန်ရောက်လာတဲ့ အခါမှာ သူနဲ့ ... တူ ပါလာတဲ့ လူနာမှတ်တမ်း မိတ္တူကို ဖတ်ရတဲ့ အခါမှာ ဖြစ်ပါတယ်"

"အဲဒီတော့ ဒေါက်တာ မကျေမနပ် ဖြစ် . . ."

ကရပ်ထရီး တစ်ဝက်လောက် ထလိုက်ပြီး–

"ရှေ့နေကြီးက သူ့ သက်သေကို လမ်းကြောင်းပေးနေပါတယ်"

"ကျွန်တော် တောင်းပန်ပါတယ်"

ကရပ်ထရီး ဘက်သို့ လှည့်ပြီး ဖရန်ကလင် ပြောလိုက်သည်။

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ အဲဒီ မှတ်တမ်းကို ဖတ်ရတဲ့ အခါမှာ ... ဒေါက်တာရဲ့ လုပ်ငန်းသဘော အမြင် ဘယ်လို ရှိပါသလဲ"

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော့် အနေနဲ့ အများကြီး မကျေ... နပ် ဖြစ်သွားရပါတယ်"

ဖရန်ကလင် သုံးစေလိုသော စကားလုံးကိုပင် အသုံးပြုပြီး ဒေါက်တာ ... ဖြေလိုက်သည်။

"ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

"ကျွန်တော့် အမြင်မှာတော့ အလင်းကုထုံးနည်းဟာ အင်မတန် ... ရေ... တဲ့ ကုထုံးနည်း တစ်ခုပါပဲ၊ နောက်ပိုင်းမှာ ဖြစ်ပေါ်လာတတ်တဲ့ နောက်ဆက်





www.burmeseclassic.com

www.burmeseclassic.com



တွဲ အကျိုးဆက်နဲ့ ပတ်သက်လို့လည်း ဘာမှ ရေရေရာရာ သတ်မှတ်ထား မရှိသေးပါဘူး၊ အခုလို လူနာ အခြေအနေမျိုးမှာ သွေးဖလှယ်တဲ့ နည်းလော လည်း ကျေနပ် အားရစရာ မရှိပါဘူး"

"ဒီကုထုံးနည်းကို နာမည်ကျော် ဆေးရုံကြီး အချို့မှာ အသုံးပြု ကြတဲ့ တိုင်အောင်ပဲပေါ့၊ ဟုတ်လား"

ဖရန်ကလင် မေးလိုက်သည်။ သူ့ သက်သေကို သူ ပြန်နင်းလိုက်သ အလားမျိုး ဖြစ်သည်။

"ဆေးပညာကို တစ်ဖက်က သင်ကြား ပို့ချပေးနေရတဲ့ ဆေးရုံကြီး မှာ အဲဒါဟာ ပြဿနာပဲပေါ့၊ ဒီဆေးရုံတွေဟာ လူငယ်တွေအဖို့ လေ့လာ သင်ကြားရာ ဌာန ဖြစ်တယ်၊ ဒါပေမဲ့ ဒီနေရာတွေမှာ လေ့လာတဲ့ အပိုင်း လွန်ကဲလာတော့ စမ်းသပ်တဲ့ အဆင့်ကို ရောက်လာတယ်"

"ကန့်ကွက်ပါတယ်"

ကရပ်ထရီး ဟစ်အော်လိုက်သည်။

သို့ရာတွင် ဂျူရော်လူကြီးများရော တရားသူကြီးပါ မစ်ချဲ၏ ထွက် ချက်တွင် အထူး စိတ်ဝင်စားနေကြပြီ ဖြစ်သဖြင့် ဗင်နွန်က "ခွင့်မပြု ဟု ပြောဆိုပြီး ကန့်ကွက်ချက်ကို ငြင်းပယ်လိုက်သည်။

ဒေါက်တာ မစ်ချဲ ဆက်ပြောသည်။

"ဆေးပညာကို လုပ်ငန်းရပ် တစ်ခုအဖြစ် လုပ်ဆောင်တဲ့ လူ ဆေးပညာကို အယူအဆ နည်းသစ်မှာ စမ်းသပ်ရာ နယ်မြေအဖြစ် သ ထားတဲ့ လူတွေ အကြားမှာ အများကြီး ကွာခြားချက် ရှိပါတယ်"

မစ်ချဲ ဆက်မပြောဘဲ တုံ့ဆိုင်းနေသည်။ မိမိတို့ နယ်ပယ်တွင် ဖြစ်ပွားနေသော စစ်ပွဲကို သာမန် လူများအား ထုတ်ဖော် မပြောကြားလို သဘောမျိုးနှင့် ဖြစ်သည်။

"ဘယ်လို ခြားနားပါလဲ ဒေါက်တာ"

ဤထွက်ဆိုချက်ကို ကရပ်ထရီး မကန့်ကွက်မီ အတည် ဖြစ်လိုဖော ဖရန်ကလင်က မေးလိုက်သည်။

"ဆေးပညာ လေ့လာသင်ကြားရေး ပညာရှင်တွေဟာ စမ်းသပ် ရှိပြီး နည်းလမ်းတွေထက် အသစ်သစ်နဲ့ စမ်းသပ်မှုတွေကို ပိုပြီး လိုလာ တယ်၊ ဘယ်လို အဖြေမျိုး ထွက်လာသလဲ ဆိုတာကို သိချင်ကြတယ်"



မစ်ချဲက ထုတ်ဖော်လိုက်သည်။

"လူနာကို အစမ်းသပ်ခံ သတ္တဝါ တစ်ကောင်မျိုး သဘောနဲ့လား"

ကရပ်ထရီး ထိုင်ရာမှ ထလိုက်သည်။ ယခုတစ်ကြိမ်တွင် တရားသူကြီး သူ၏ ကန့်ကွက်မှုကို လက်ခံလိုက်သည်။ ဖရန်ကလင်က သူ၏ မှတ်ချက် တွက် တောင်းပန်လိုက်ပြီးနောက် ဆက်မေးသည်။

"ဆရာဝန် အချို့ဟာ ဘာဖြစ်လို့ ဒီလိုမျိုး လုပ်ကြပါသလဲ ခင်ဗျာ"

"ဘာဖြစ်လို့လဲ ဟုတ်လား၊ လူငယ်တွေဟာ သူတို့ နာမည် ထင်ပေါ် အောင် တခြား ဘာနည်း ရှိသေးသလဲ၊ သူတို့ဟာ လေ့လာ စမ်းသပ်မယ်၊ တမ်းတွေ ရေးကြမယ်၊ ဆေးပညာ ဂျာနယ်တွေမှာ ဖော်ပြကြမယ်၊ သူတို့ရဲ့ ထူး တိုးတက်မှုဟာ လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်က သူတို့ ရေးခဲ့တဲ့ စာတမ်း ပေါ်မှာ တည်တယ်"

ကရပ်ထရီးက မကန့်ကွက်ခဲ့လျှင် ဒေါက်တာ မစ်ချဲသည် ဆက်ပြော ဦးမည် ဖြစ်သည်။

သို့သော် တရားသူကြီး ဗင်နွန်က ဤထွက်ဆိုချက်သည် ဆက်စပ်မှု လိုအပ်သည်ဟု ယူဆပြီး ဒေါက်တာ မစ်ချဲကို ဆက် ပြောခွင့် ပြုသည်။ န်ကလင်က ဆက် ပြောရန် တိုက်တွန်းသည်။

"ဒေါက်တာ ခင်ဗျား၊ ဒီအကြောင်းဟာ ကျွန်တော့် အနေနဲ့ စိတ်ဝင်စား လို ဂျူရော်လူကြီးများလည်း စိတ်ဝင်စားကြဘာမို့ ဆက်ပြီး ရှင်းပြပါ ခင်ဗျာ"

"ဆေးပညာကို လက်တွေ့ကုသနေတဲ့ လူတွေနဲ့ ဆေးပညာကို လေ့လာ ကြားနေတဲ့ လူတွေကြားမှာ ကွဲပြားခြားနားမှု ရှိတာဟာ သဘာဝကျပါတယ်၊ တို့ရဲ့ လိုအပ်ချက်တွေကလည်း ခြားနားနေကြတယ်၊ ကုသနေတဲ့ လူတွေက ချင်း ပြဿနာကို ဖြေရှင်းကြရတယ်၊ လူနာကို ကုသကြတဲ့ နေရာမှာလည်း နည်းချင်း မတူညီကြဘူး၊ ကျွန်တော်တို့က ပိုပြီး တိကျရတယ်၊ ပိုပြီး တ်ထားရတယ်၊ ကျွန်တော်တို့က အတွေ့အကြုံကို ပိုပြီး အားထားရတယ်၊ ကျွန်တော်တို့က ရှေးဆန်တယ်လို့ ပြောနိုင်တယ်၊ ဒါကို ရှင်းအောင် ပြောရမယ် ရင်တော့ ကျွန်တော်တို့က မှားသွားပါတယ် ဆိုတာထက် သေချာ စိတ်ချရ ကို လိုလားတယ်"

"အခု ကလေးကိစ္စမှာလည်း ဒီအတိုင်းပဲလား ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com







"ကံဆိုးရှာတဲ့ ဒီကလေးလေးကို ယုံကြည် စိတ်ချတဲ့ သွေးဖလှယ်နည်း နဲ့သာ ကုခဲ့လို့ ရှိရင် ကျွန်တော်တို့ဟာ အခုလို တရားခွင်မှာ ရောက်နေကြ မှာ မဟုတ်ပါဘူး၊ ဒီကလေးဟာလည်း ကျန်းမာသန်စွမ်းတဲ့ ပုံမှန်ကလေး တစ်ယောက် ဖြစ်နေမှာပဲ"

မစ်ချဲ ကြေညာလိုက်သည်။

"ကလေးလေး ဦးနှောက် ပျက်စီး ချွတ်ယွင်းရပြီ ဆိုတာကို ဒေါက် ဘယ်အချိန်မှာ ပထမဆုံးအကြိမ် စသိရပါသလဲ"

ဖရန်ကလင် မေးသည်။

"မစ္စတာ ရေးနိုးက ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး ကလေးကို လာကြ ပေးဖို့ ပြောတဲ့ နေ့မှာပါပဲ"

ထို့နောက် ဖရန်ကလင်သည် ဒေါက်တာ မစ်ချဲ၏ နာဗ်ကြောဆိုင် တွေ့ရှိချက်များကို တစ်ခုပြီးတစ်ခု အသေးစိတ် မေးမြန်းသည်။

"ဒီ တွေ့ရှိချက်က နေပြီး ဒေါက်တာ ဘာကောက်ချက် ချနိုင်ပါသ"

"ဒီ နေရာမှာ ဘာမှ သံသယ ဖြစ်နေစရာ မရှိတော့ပါဘူး၊ က ဟာ ဦးနှောက် ပျက်စီး ချွတ်ယွင်း နေပါပြီ"

"အဲဒီနောက်မှာ အခြေအနေ ပြောင်းလဲလာတာ ရှိပါသေးသလား"

"ပိုပြီး သိသာ ထင်ရှားလာပါတယ်"

ဖရန်ကလင်သည် ဒေါက်တာမစ်ချဲ အနီးသို့ တိုးကပ်သွားပြီးနော

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာရဲ့ နားလည် ကျွမ်းကျင်တဲ့ အမြင် ဒီကလေးဟာ ဘာကြောင့် အခုလို ဖြစ်ရပါသလဲ"

ဓာတ်ခွဲခန်း အစီရင်ခံစာတွေ၊ ဆရာဝန်တွေရဲ့ မှတ်တမ်းတွေ၊ မှတ်တမ်းတွေ၊ ကုသချက်တွေကို အခြေခံပြီး လေ့လာပြီး ပြောရရင် ဒီက အခုလို ဖြစ်ရတာဟာ ဒေါက်တာ ဂရန့်ရဲ့ အလင်းကုထုံးနည်းကြောင့်ပဲ ဖြ တယ်"

"ဒေါက်တာ ဘာဖြစ်လို့ အခုလို သေသေချာချာ တိတိကျကျ ပြောနိုင်ရတာလဲ"

"ဘာဖြစ်လို့ ပြောနိုင်သလဲဆိုတော့ ဗီလီရူဗင် မှတ်တမ်းဟာ အချိန်မှာမှ တစ်ရာ မီလီမီတာ အချိုးမှာ တစ်ဆယ့်ခြောက် မီလီမီတာ မပိုခဲ့ဘူး၊ မွေးရက်မတိုင်မီ နှစ်ပတ်အလိုမှာ မွေးတဲ့ ကလေးတစ်ယောက်

ကိုယ်အလေးချိန် နှစ်ထောင့်ခြောက်ရာဂရမ် ရှိပြီး ဗီလီရူဗင် နှစ်ဆယ်ရာခိုင် နှုန်း အထိ မတက်ခဲ့တဲ့အတွက် ဘယ်နည်း နဲ့မှ ဦးနှောက် ထိခိုက် ပျက်စီးစရာ ရှိဘူး"

"ဒေါက်တာ ခင်ဗျား၊ ကလေးရဲ့ အလေးချိန်နဲ့ ရက်စောမှုဟာ နှစ်ပတ် ရှိတယ် ဆိုတာကို ဒေါက်တာ ဘာဖြစ်လို့ အလေးထားပြီး ပြောနေရပါသလဲ"

ဖရန်ကလင်က ဒေါက်တာ မစ်ချဲ ခင်းပေးသော လမ်းကို နင်းလျှောက် သည်။

"နေ့စေ့လစေ့ မဟုတ်တဲ့ ကလေး တစ်ယောက်ဟာ ကိုယ်အလေးချိန် စ်ထောင့်ငါးရာဂရမ်ပဲ ရှိခဲ့လို့ ရှိရင် ဗီလီရူဗင် နှစ်ဆယ်ရာခိုင်နှုန်းလောက် ကိုပဲ ဦးနှောက် ထိခိုက်ပျက်စီးနိုင်တဲ့ သဘော ရှိပါတယ်၊ ဆင်ပဆန် ဘာဂီမှာတော့ ဒီလိုမျိုး မဖြစ်နိုင်ပါဘူး"

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ ဆင်ပဆန် ဘာဂီကို ဒေါက်တာ ဂရန့် ကုသနေတဲ့ အချိန်မှာ ဒေါက်တာရဲ့ အကြံဉာဏ်ကို တောင်းခံလာခဲ့လို့ ရှိရင် က်တာဟာ အလင်းကုထုံးနည်းကို သဘောတူပါမည်လား"

"မတူပါဘူး"

ဒေါက်တာ မစ်ချဲ အခိုင်အမာ ပြောလိုက်သည်။

"ကလေးရဲ့ သွေးကို အခြား သွေးနဲ့ ဖလှယ်ပြီး ကုဖို့ ဒေါက်တာ ကြံ ပေးပါမည်လား"

"ပေးပါမယ်"

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ ဒေါက်တာရဲ့ အမြင်မှာ အလင်းကုထုံး ည်းဟာ ကောင်းမွန်သော ကုသမှုကနေ ခွဲခွာသွားမှု ရှိတယ်လို့ ယူဆပါ လား"

ဖရန်ကလင်က အသံ ပို၍ ကျယ်ကျယ်ကလေးနှင့် မေးလိုက်သည်။

လော်ရာ ခါးစန့်သွားသည်ကို ခရစ် သတိပြုလိုက်မိသည်။ လွဲမှားစွာ သည်ဟု အစွပ်စွဲ ခံရသော အမှုများတွင် အဓိကအချက်မှာ အစွပ်စွဲခံရသူ ည် ကောင်းမွန်သော ကုသမှုမှ ခွဲခွာသွားခြင်း ရှိမရှိပင် ဖြစ်သည်ဟု သူတို့၏ နွေးပွဲများတွင် လော်ရာက သူ့ကို ပြောခဲ့ဖူးသည်။ သည်မေးခွန်းကို လာပြီး အဖြေကလည်း ဟုတ်ပါသည်ဟု ဆိုလျှင် ခရစ်အဖို့ ဒုရော်ကြီး





www.burmeseclassic.com

www.burmeseclassic.com



များနှင့် ခေါင်းသော အလားပင် ဖြစ်တော့သည်။ မစ်ချဲ၏ အဖြေကို
စောင့်မျှော် နားထောင်သည်။

"ကျွန်တော့်သဘော ပြောရရင်တော့ ဒီကုသမှုမှာ အလင်းကုထုံးနည်း
ကို သုံးခြင်းဟာ ကောင်းမွန်သော ကုသမှုကနေ သေသေချာချာ ခွဲထွက်သွား
တာပဲ"

မစ်ချဲက ခိုင်မာစွာ ထုတ်ဖော်လိုက်သည်။

"နောက်တစ်ခု မေးပါရစေဦး ဒေါက်တာ၊ အခုလို ကုသရတဲ့ အ
အနေမျိုးမှာ အလင်းကုထုံးနည်းကို အသုံးပြုမယ် ဆိုရင် ကုသတဲ့ ဆရာဝန်
ကလေးရဲ့ မိဘများ ထံက ဖြစ်စေ အုပ်ထိန်းသူ ထံက ဖြစ်စေ အသိ
သဘောတူညီမှု ရယူထားဖို့ လိုအပ်တယ်လို့ ဒေါက်တာ ယူဆပါသလား"

"ဘယ်ကုသမှုမျိုးမှာမဆို သူ့ကြောင့် ဖြစ်ပေါ်နိုင်တဲ့ ဘေးအန္တရာ
တွေကို ကြိုတင် အသိပေးပြီး သဘောတူညီချက် ရယူသင့်ပါတယ်၊ အခု
မှာ အသိပေး သဘောတူညီမှု ယူတာ လုံးဝ မရှိခဲ့ပါဘူး"

မစ်ချဲ ကြေညာလိုက်သည်။

"နောက်ဆုံး စကားပိုဒ်ကို ဖျက်ပေးပါ"

ကရပ်ထရီးက ပြောလိုက်သည်။

"ဖျက်ပါ"

တရားသူကြီးသည် ကန့်ကွက်ချက်ကြောင်း အနည်းငယ် စနိုးစ
ဖြစ်သွားဟန် ရှိသော်လည်း ပယ်ဖျက်ရန် ဆုံးဖြတ်လိုက်သည်။

"ဒါပါပဲ၊ ပြီးပါပြီ ဒေါက်တာ"

ဖရန်ကလင် အေးဆေးစွာ ပြောလိုက်သည်။ သို့သော် သူသည် ဤ
အတွက် အခြေခံအုတ်မြစ် နှစ်ခု ချလိုက်နိုင်သဖြင့် ကျေနပ် အားရနေသည်
ကား သိသာ ထင်ရှားလှသည်။ မှားယွင်းစွာ ကုသမှုနှင့် သဘောတူညီ
ရယူရန် ပျက်ကွက်မှုတို့ပင် ဖြစ်သည်။

ဤအချက်ကို ကရပ်ထရီးလည်း သတိပြုမိသည်။ သို့ဖြင့် သူသ
ဒေါက်တာ မစ်ချဲကို ပြန်လှန် မေးခွန်း ချက်ချင်း ထုတ်ရမည့်အစား အမှုသ
နှင့် တိုင်ပင် ဆွေးနွေးရန် အတွက် ခေတ္တမျှ အနား ပေးရန် တောင်းခံသည်
ကရပ်ထရီး ဤသို့ ပြုလုပ်သည်မှာ အကြောင်းများစွာ ရှိသည်။ ခရစ်နှင့်လည်း
သူ တိုင်ပင် ဆွေးနွေးလိုသည်။ ဒေါက်တာ မစ်ချဲကိုလည်း ခေါင်းအေးသ



...ောင် အချိန်ပေးချင်သည်။ အချို့သော သက်သေများသည် သက်သေခံ
...က်ဆိုရာတွင် စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်တတ်သည်။ သူတို့ကို အနားပေး
...ိုက်ခြင်းသည် သူတို့၏ အရှိန်ကို နှေးကွေး သွားစေပါသည်။ ထိုအခါတွင်
...သူတို့ကို ကိုင်တွယ်ရသည်မှာ လွယ်ကူပါသည်။

ကရပ်ထရီး၊ ဝေါလာ၊ ခရစ်နှင့် လော်ရာတို့သည် အမှုစစ်ဆေးသည့်
...ခန်း အပြင်ဘက်ရှိ စင်္ကြံ တစ်ဖက်ထိပ်တွင် ခေါင်းချင်းရိုက်ကြသည်။

"မစ်ချဲကို ဆေးပညာ ထောင့်ကနေ တိုက်ခိုက်နိုင်သလား"

ကရပ်ထရီးက မေးသည်။

"တိုက်နိုင်တယ်၊ အလင်းကုထုံးနည်းနဲ့ ပတ်သက်လို့ ကျွန်တော် ဆေး
...းတဲ့ စာတမ်းတွေကို ကြည့်ပါ၊ အလင်းကုထုံးနည်းတွေကို ဘယ်ဆေးရုံတွေ
... သုံးတယ်၊ အောင်မြင်တဲ့ ကုသမှု စာရင်းတွေကို ကြည့်ပါ"

ခရစ် ပြောသည်။

"ဒါတွေ အားလုံး ကျွန်တော် သိထားပြီးပြီ၊ ကျွန်တော် သိချင်တာက
... ပြောသွားတဲ့ အထဲမှာ ဆေးပညာနဲ့ ပတ်သက်လို့ မှားတာ ရှိသလား၊ သူ
...ကြံပေးသွားတဲ့ ကုထုံးနည်းကို တိုက်နိုင်သလား ဆိုတာပဲ"

"သွေးဖလှယ်တဲ့ ကုထုံးနည်း အကြောင်း အချက်အလက်တွေ ကျွန်မ
... ပေးထားတာပဲ၊ အဲဒီ အချက်အလက်တွေနဲ့ သူ့ကို တိုက်နိုင်တာပဲ"

လော်ရာက ပြောသည်။

ဒေါက်တာ မစ်ချဲ ပြောသွားသည့် အထဲတွင် အချက်အလက် မှားယွင်းမှု
...သည်ကို မတွေ့ရသောအခါ ခရစ်သည် ဂိုဏ်းနှစ်ဂိုဏ်း ဆေးပညာ အတွေး
...ခေါ် အယူအဆ မတူညီကြပုံကို ရှင်းပြသည်။

ကရပ်ထရီးက သူ့ စကားကို ကြားဖြတ်ပြီး–

"ဒါတွေ အားလုံး ကျွန်တော် သိပါတယ်၊ ဒါလောက်နဲ့ မလုံလောက်ဘူး၊
...ဏ်းနှစ်ဂိုဏ်း အတွေးအခေါ် မတူညီကြဘူး ဆိုရင် ဆရာဝန် တစ်ယောက်ဟာ
...ဘက်ကို ဖြစ်စေ သည်ဘက်ကို ဖြစ်စေ လိုက်မှာပဲ၊ အဲဒါအတွက် မစ်ချဲကို
...လ်ရေးရာ အရရော လုပ်ငန်း အရရော ဘာမှ ပြစ်ချက် မတင်နိုင်ဘူး၊
...ကျွန်တော် သူ့ကို ထောင်ဖမ်းလို့ မိနိုင်တဲ့ အချက်မျိုး လိုတယ်၊ ဘာဖြစ်လို့တုံး
...ဆိုတော့ သူ့ကြောင့် ကျွန်တော်တို့ ဘက်မှာ အများကြီး နာနေတယ်"

ဤတွင် လော်ရာက စဉ်းစဉ်းစားစားဖြင့်–



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်မတို့မှာ လူနာမှတ်တမ်း ရှိတယ်၊ ဒါပေမဲ့ ကိုးမင်းက ပြောတော့ မစ်ချဲက အကြံပေးလို့ ကလေးကို လွှဲပို့ရတယ်လို့ ဆိုတယ်၊ အဲဒီမှာ တစ်ခါ မစ်ချဲက ပြောတော့ ကိုးမင်းက သူ့ ဆီကို ဖုန်းဆက်ပြီး အကြံဉာဏ် တောင်း တယ်လို့ ပြောတယ်"

"အဲဒါ ဟုတ်တယ်"

ခရစ် ထောက်ခံလိုက်သည်။

"အဲဒီကိစ္စကို ကျွန်တော် သေသေချာချာ ပြန်စစ်ကြည့်ဦးမယ်၊ အဲ အချိန်မှာ မစ်ချဲက သိပ် အားကောင်းနေတယ်၊ ကျွန်တော် အရှုံး တစ်ယော အဖြစ် မခံနိုင်ဘူး"

စာရေးက ရုံးခန်း အတွင်းသို့ ပြန်လာကြရန် နှစ်ဖက် အဖွဲ့ကို ဆင့်ခေါ် သည်။ ရုံးခန်း တံခါးဝသို့ သူတို့ မရောက်ခင်တွင် ခရစ်နှင့် လော်ရာအားတွေ့ သတင်းထောက် ဂျူအန်မာလက် ရောက်ရှိလာသည်။

"ဒေါက်တာ ခရန့်"

မာလက် စကားစသည်။

"ဘာမှ မဝေဖန်နဲ့"

လော်ရာ ကြားဝင်သည်။

မာလက် ပြုံးလိုက်ပြီး–

"အဲဒီစကားက ဒေါက်တာ အတွက်တော့ ဟုတ်ပါတယ်၊ ဒါပေ ကျွန်တော့် အတွက်တော့ မဟုတ်ဘူး"

"ကျွန်မတို့ အထဲကို ဝင်ရတော့မယ်"

"ဒီမယ် အစ်မ၊ ကျွန်တော် ဒီကို ရောက်လာရတာ ကျွန်တော်ရဲ့ အပိုင်းက မိခင်လောင်းတွေက ဆရာဝန်ကလေး အကြောင်းကို မေးကြ မြန်ကြ လို့ပဲ၊ သူတို့ ကလေးတွေကို ဆရာဝန်ကလေးက ကုသပေးဖို့ သူတို့ အားလုံးမှာ ဆန္ဒရှိနေကြတယ်၊ ဆရာဝန်ကလေးဟာ ဆေးရုံမှာ မရှိဘဲ ရုံးမှာ တရား ခံနေရတယ် ဆိုတာ သိသွားတယ်၊ သူတို့ အားလုံး စိတ်မကောင်း ဖြစ်ကုန်ကြ တယ်၊ သူတို့ စိတ်ကျေနပ်အောင် ကျွန်တော် အခု ဒီကို ရောက်လာတာပါ ဒါပေမဲ့ ဒေါက်တာမှာ အများကြီး အခက်အခဲ ရှိနေတယ် ဆိုတာ ကျွန်တော် သိပါတယ်၊ အဲဒါကို ကျွန်တော် ဘယ်နည်းနဲ့ ကူညီပေးရမလဲ ဆိုတာ"

သူ ကမ်းလှမ်းသည်။





"ကျွန်မတို့ အထဲကို ဝင်ရမယ်"

လော်ရာက ပြောသည်။

"ကောင်းပါပြီ၊ ကျွန်တော် ပြောတဲ့ စကားကိုသာ မှတ်ထားပါ"

*

...ါက်တာ မစ်ချဲ ဖြေဆိုရန် အသင့် ရှိသည်။ ကရပ်ထရီး လက်ထဲတွင် စာ ...ာ်များ ကိုင်လျက် သူနှင့် ရင်ဆိုင်ရန် ထရပ်သည်။ ရုံးခန်း အတွင်း ငြိမ်သက် ...ိတ်ဆိတ်သွားအောင် သူ ခေတ္တမျှ စောင့်ဆိုင်းရသည်။ လာရောက် နားထောင် ...ူတွေ များသည်ထက် များလာ၍ ဖြစ်သည်။

ရုံးခန်းအတွင်း ငြိမ်သက် တိတ်ဆိတ်ကြရန် တရားသူကြီးက အမိန့် ...းသည်။

"အားလုံး နားထောင်ကြပါ၊ ခင်ဗျားတို့ ဒီမှာ ရုပ်မြင်သံကြား ကြည့်နေ ...တာ မဟုတ်ဘူး၊ အမှု စစ်ဆေးနေတုန်းမှာ ဘယ်သူမှ စကားပြောခွင့် မရှိ ...ူး ဘယ်သူမှ မတ်တတ်ရပ်ခွင့် မရှိဘူး၊ ဘီယာ သောက်ခွင့် မရှိဘူး၊ အာလူး ...ကြော် စားခွင့် မရှိဘူး၊ အာလူးကြော် စားတဲ့အသံက သိပ်ပြီး ဆူညံတယ်၊ ...ဒီတော့ အားလုံး နေရာယူကြပါ၊ ဒါမှမဟုတ်ရင် ဒီအခန်းကို ကျုပ် အမြန် ...း ရှင်းပစ်ရလိမ့်မယ်"

ကရပ်ထရီးသည် ယခု ချက်ချင်းမှာပင် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက် ...ည်။ မစ်ချဲကို ကွင်းဖွင့်ဖွင့်ချင်း ကိုင်လှုပ်ထားနိုင်လျှင် ပြန်လှန်မေးခွန်း ...စ်လျှောက်လုံးတွင် မိမိဘက်မှ အခွင့်အလမ်း ရှိနေမည် ဖြစ်သည်။ သို့ဖြင့် ...သည် လက်ထဲမှ မှတ်စု စာရွက်များကို ကြည့်လိုက်ပြီးနောက်–

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ ဆင်ပဆန် ဘေဘီ ကုသရေးအတွက် ...ါက်တာနဲ့ ဒေါက်တာ ကိုးမင်းတို့ ညှိနှိုင်း ဆွေးနွေးကြတဲ့ အခါတိုင်းမှာ ...မြဲတမ်းပဲ သဘောတူညီမှု ရကြပါသလား"

"ရပါတယ်၊ ကုသပုံ ကုသနည်းကို သိရတဲ့ အခါမှာ ကျွန်တော်တို့ ...ယောက်စလုံး တုန်လှုပ်ချောက်ချား ကြရပါတယ်၊ ဒေါက်တာ ဂရန့် လုပ်ပုံ ...ာ အင်မတန် ကြောက်စရာ ကောင်းပါတယ်"

"ဒေါက်တာတို့ နှစ်ယောက် ဘယ်အချိန်မှာမှ သဘောကွဲပြားမှု မရှိခဲ့ ...း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်မှာမှ မရှိပါဘူး၊ ကလေးကို လွှဲပြောင်းပေးဖို့ ကိစ္စမှာလည်း မကွဲပြားပါဘူး၊ အလင်းကုထုံးနည်း အကြောင်း သိရတဲ့ အခါမှာလည်း မကွဲပြားပါဘူး၊ ထပ်ပြီး ပြောရမယ် ဆိုရင် အဲဒီနောက်ပိုင်း ကျွန်တော်တို့ ပြောကြတဲ့ အခါတိုင်းမှာလည်း မကွဲပြားကြပါဘူး"

မစ်ချဲ၏ အဖြေများသည် မေးသည်ထက် ပိုနေသော်လည်း ကရပ်ထရီး မကန့်ကွက်ပါ။ မစ်ချဲအဖို့ ယခုအချိန်တွင် ပြတ်သားလေသမျှသည် နောက်ပိုင်းတွင် ကတိမ်းကပါး ဖြစ်ရပေလိမ့်မည်။

"ဒေါက်တာ မိုက်ဆိုဗိုကို ဒေါက်တာ သိတာ ကြာပါပြီလား"

"နှစ်ပေါင်းများစွာ ကြာပါပြီ" မစ်ချဲ ဖြေသည်။ ထို့နောက် ဖြည့်စွက်ပြောသည်။ "ဆေးပညာနယ်မှာတော့ အင်မတန် ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦး ပါပဲ၊ ဒေါက်တာ ဂရန့်လို လူမျိုး တစ်ယောက်ကို သူက ကျောထောက်နောက်ခံ ပြုပေးနေတယ် ဆိုတာ ကျွန်တော် ဘယ်လိုမှ ယုံလို့ မရနိုင်ဘူး"

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာ ဆိုဗိုရဲ့ လက်အောက်မှာ ဒေါက်တာ ဂရန့် ရှိနေတယ် ဆိုတာ သိရင် မက်ထရိုပိုလီတန် ဆေးရုံကြီးကို ဆင်ပဆန် ဘေဘီ လွှဲပြောင်းပေးရေးကိစ္စ အခုလောက် မြန်မြန် အကြံပြုပါမည်လား"

"ဆင်ကဆန် ဘေဘီ လွှဲပေးရေးကိစ္စကို ကျွန်တော် အကြံမပေးပါဘူး ဒေါက်တာ ကိုးမင်း အကြံပေးတာကို ကျွန်တော်က သဘောတူတာပါ"

ဒေါက်တာ မစ်ချဲက ကရပ်ထရီး၏ အမှားကို ပြင်ပေးသည့် အနေဖြင့် ထွက်ဆိုလိုက်သည်။

"အဲဒါ ထူးဆန်းတယ်"

ကရပ်ထရီးက လက်ရေးတို စာရေးဘက်သို့ လှည့်ကြည့်ကာ ပြောလိုက်သည်။

"မစ္စတာ ဗလော၊ ဒေါက်တာ ကိုးမင်းရဲ့ အစစ်ခံချက်မှာ ကျွန်တော် အမှတ်ခိုင်းထားတဲ့ အမေးအဖြေ အပိုဒ်ကို တစ်ဆိတ် ဖတ်ပြပေးပါလား"

ထိုအခါ လက်ရေးတို စာရေးသည် တရားသူကြီး ဗင်နွန်ကို မော့ကြည့်လိုက်သည်။ တရားသူကြီးက ခေါင်းညိတ်လိုက်သည်။

"မစ္စတာ ဖရန်ကလင်၏ အမေး၊ အဲဒီတော့ ဒေါက်တာ ဘာလုပ်သလဲ၊ ဒေါက်တာ ကိုးမင်း၏ အဖြေ၊ ဒေါက်တာ မစ်ချဲရဲ့ အိမ်ကို ဖုန်းဆက်ပြီး ကျွန်တော် တွေ့ရှိတာကို ပြောပြပါတယ်၊ အဲဒီအခါမှာ ဆင်ပဆန် ဘေဘီ





က်ထရိုပိုလီတန် ဆေးရုံကြီးကို အမြန်ဆုံး လွှဲပြောင်းပေးဖို့ သူက အကြံဉာဏ်ပေးပါတယ်"

"ကျေးဇူးတင်ပါတယ်"

ကရပ်ထရီးက ပြောလိုက်သည်။

ဒေါက်တာ မစ်ချဲ၏ မျက်နှာ ပန်းနုရောင်မှ ရဲရဲနီလာသည်။

"ဒေါက်တာ ကိုးမင်းရဲ့ ထွက်ဆိုချက်မှာ ကလေးကို လွှဲပြောင်းပေးဖို့ ဒေါက်တာက အကြံပြုတယ်လို့ ထွက်ဆိုထားပါတယ်၊ ဒေါက်တာ ကိုးမင်းက အကြံပြုတယ် ဆိုတဲ့ ဒေါက်တာရဲ့ ထွက်ချက်ဟာ အမှန်ပဲလား"

"ကျွန်တော်... ကျွန်တော် မှတ်မိသမျှ ပြောရရင်တော့ ကိုးမင်းရဲ့ အကြံပြုချက် ဆိုတာ အသေအချာပါပဲ၊ ဒါပေမဲ့"

မစ်ချဲ ဆက်မပြောဘဲ ရပ်သွားသည်။

"ဒါပေမဲ့"

ကရပ်ထရီးက ထောက်လိုက်သည်။ သူ ဆင်ထားသော အကွက်ကို နေပြီ ဖြစ်သည်။ ဒေါက်တာ မစ်ချဲက ဆက်မပြောသောအခါ သူက ထပ်ပြောလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ ဒေါက်တာ"

"ဒါပေမဲ့ ဒီနေရာမှာ ဘာမှ ကွဲပြားခြားနားတယ်လို့ ကျွန်တော် မထင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအလုပ်သာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်လို့ ကျွန်တော်တို့ နှစ်ယောက်စလုံး သဘောတူညီထားကြတာပဲ"

"ဆင်ပဆန် ဘေဘီ ကိစ္စမှာ ဒေါက်တာနဲ့ ဒေါက်တာ ကိုးမင်းတို့ဟာ နေရာမှာ သဘောတူညီမှု ရှိကြတယ်လို့ စောစောက ဒေါက်တာ ထွက်ဆိုထားတဲ့ အချက်ကို ကျွန်တော် အတည်ပြု ပြောဆို နေတာပါ၊ အခု နေရာမှာ မတူညီမှု ရှိသွားတယ်လို့ ပြောနိုင်ပါသလား"

"အဲဒီလို ပြောတဲ့အတွက် ရှေ့နေကြီး ကျေနပ်တယ် ဆိုရင် ပြီးတာပါပဲ"

သူက ဤကိစ္စ ဘာမျှ အရေးမကြီးဟန်ဖြင့် အလျှော့ပေးလိုက်သည်။ သော် အဘိုးကြီး တုန်လှုပ်သွားကြောင်းကို ကရပ်ထရီး သိမြင်သည်။

"ဒေါက်တာ မစ်ချဲ ခင်ဗျား၊ အလင်းကုထုံးနည်းနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ဒေါက်တာ ကောင်းကောင်း သိပါသလား"

"အသစ်ဖြစ်ထွန်းမှုတွေ အားလုံးကို ကျွန်တော် မျက်ခြည်မပြတ်ပါ ယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလင်းကုထုံးနည်းကို ဆေးရုံပေါင်း ဘယ်၍ ဘယ်မျှမှာ အသုံးပြု နေပြီ ဆိုတာကို ဒေါက်တာ ခန့်မှန်းထားတာ ရှိရင် ပြောနိုင်ပါသလား"

မစ်ချဲ ခေါင်းမော့ကာ အတန်ငယ် ငေးစိုက်နေပြီးနောက်–

"ရာပေါင်းများစွာ ရှိပါတယ်"

"ကျွန်တော်တို့ ပိုပြီး တိတိကျကျ ပြောကြရအောင်၊ ရာပေါင်းများ ဆိုတာ ဘယ်လောက်လဲ နှစ်ရာလား၊ သုံးရာလား၊ လေးရာလား၊ ငါးရာလား"

"ရာပေါင်း များစွာပဲ၊ ဒါပေမဲ့ တိတိကျကျ ပြောပါ ဆိုရင် သုံးလေး ပေါ့"

"အလင်းကုထုံးနည်းကို အသုံးပြုနေတဲ့ ဆေးရုံပေါင်း တစ်ထောင်ကျော် ရှိတယ်လို့ ပြောရင် ဒေါက်တာ အံ့ဩမလား"

"မအံ့ဩပါဘူး၊ ပြီးတော့ အထင်လည်း မကြီးဘူး၊ အမှား တစ်ခု ထပ်တလဲလဲ ဖြစ်ပေါ်တဲ့အတွက် ဆေးပညာမှာ နေရာ မရနိုင်ပါဘူး၊ အ သော ဆေးဝါးတွေနဲ့ ကုသမှုတွေဟာ ကမ္ဘာပေါ်မှာ အကြိမ်တစ်ရာ ဟိုးလေးတကျော် လက်ခံပြီး နောက်ကျမှ အန္တရာယ် ရှိကြောင်း တွေ့ ရတာတွေ အများကြီး ဆိုတာ ကျွန်တော် ပြောပြနိုင်ပါတယ်"

"ကုထုံးသစ်တွေ ဆေးဝါးသစ်တွေကို လက်ခံတဲ့ နေရာမှာ ဒေါက် ဟာ အမြဲတမ်း ရှေးဆန်တတ်ပါသလား"

ပြန်လှန် မေးခွန်း ကာလတွင် ဒေါက်တာ မစ်ချဲ ပထမဆုံးအကြိ အဖြစ် ပြုံးလိုက်ပြီး–

"ဝါရင့်ဆရာကြီးတွေမှာ ဥပဒေ တစ်ခု ရှိပါတယ်၊ ဆေးဝါးသစ် တ ကို ပထမဆုံး သူစိမ်းတွေမှာ သုံးကြည့်ပါ၊ ပြီးမှ ကိုယ့်လူနာတွေမှာ သုံးကြည့် အဲဒီ အုပ်စု နှစ်ခုစလုံး မသေဘူး၊ အသက်ရှင်တယ် ဆိုတော့မှ ကိုယ့်မိသား မှာ သုံးကြည့်ပါတဲ့"

ဇူရော်လူကြီးများ အပါအဝင် တစ်ရုံးလုံး ရယ်မောကြသည်။ တရား ကြီး ဗင်နွန်သည် လူအုပ်ကြီးကို မျက်လုံးပြူးပြီး ကြည့်လိုက်သော်လည တိတ်ဆိတ်စေရန်ကား အားမထုတ်ပါ။ ကရုပ်ထရီးသည်လည်း အများ ဆန့်ကျင်မှု မပြုဘဲ အားရပါးရကြီး ပြုံးလိုက်ပြီးနောက်–

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာ့မှာ နောက်ထက် ဥပဒေသစ် တ ရှိရင် ပြောပါဦး၊ ကုထုံးသစ်တွေနဲ့ ဆေးဝါးသစ်တွေကို လူငယ်ဆရာဝန်များ





တွေ့အကြုံ ရင့်ကျက်တဲ့ ဆရာဝန်ကြီးတွေထက် ပိုပြီး အသုံးပြုတတ်ပါ သလား"

"အတွေ့အကြုံ ပိုပြီး ရင့်ကျက်တဲ့ ဆရာဝန်ကြီးတွေဟာ ပိုပြီး ဝေဖန် ခြား တတ်ပါတယ်၊ လူငယ်တွေကတော့ သူတို့ရဲ့ နေရာကို ရှာနေကြရတော့ သစ် ကို ပိုပြီး လက်ခံချင်ကြတာပဲ၊ အထူးသဖြင့် ဒီခေတ်ကြီးမှာပေါ့"

နောက်ဆုံး စကားပိုဒ်ကို ကရုပ်ထရီး အာရုံစိုက်မိသဖြင့်–

"ဒီခေတ်ကြီးမှာ ဆိုတာက ဘာကို ပြောတာပါလဲ ဒေါက်တာ"

"ကမ္ဘာကြီးမှာ လှုပ်ရှားမှုတွေ အင်မတန်များနေတော့ ဆရာဝန်ကလေး ဟာလည်း နိုင်ငံရေး ဘောင်ထဲ ဝင်နေကြတော့တာပေါ့၊ ဆေးရုံမှာ သူတို့ ယ် သူတို့ ထင်ရှားအောင် ဆံပင်ရှည်ကြီးတွေ ထားကြတယ်၊ ဒါမှမဟုတ် ည်း မုတ်ဆိတ်မွေးတွေ မရိတ်ဘဲနဲ့ပေါ့"

"ဆရာဝန်တွေ မုတ်ဆိတ်မွေး ထားတာကို ဒေါက်တာ ကန့်ကွက်ပါ လား"

ကရုပ်ထရီးက မေးလိုက်သည်။

"ကျွန်တော်ကတော့ ကန့်ကွက်တယ်၊ ဆရာဝန် တစ်ယောက်ရဲ့ ရုပ် ဏာဟာ သူ့ လုပ်ငန်း လက္ခဏာရဲ့ တစ်စိတ် တစ်ဒေသပဲ၊ ဆရာဝန်ရဲ့ လက္ခဏာဟာ လူနာရဲ့ ယုံကြည်ကိုးစားမှုကို ရရှိနေနိုင်တယ်"

"မုတ်ဆိတ်မွေးထားတဲ့ အစိကရ ဆရာဝန်ကြီးတွေလည်း ရှိတယ် တ်လား၊ ဥပမာ ဆစ်ဂမန်ဖရွိုက်"

"ကျွန်တော်ရဲ့ လူနာတွေကိုတော့ ဆစ်ဂမန်ဖရွိုက်နဲ့ ဘယ်တော့မှ နိုင်ဘူး၊ သူ့ရဲ့ ကုသမှု မှတ်တမ်းကလည်း ဘာမှ မထင်ရှားဘူး"

ကရုပ်ထရီး ပြုံးလိုက်ပြီး–

"ဒေါက်တာ ခင်ဗျား၊ လူငယ်ဆရာဝန်တွေကို ဒေါက်တာ သဘောမကျ သူတို့ရဲ့ ပုံပန်းသဏ္ဌာန်ကြောင့်လား၊ ဒါမှမဟုတ် ကုသမှုနည်းလမ်းသစ် တို့ သူတို့ လက်ခံကြတဲ့ အတွက်လား"

"ဒုတိယအချက်ကြောင့် ဆိုရင် မှန်ပါတယ်"

"အခု ကုသမှုမှာ အသုံးပြုထားတဲ့ အလင်းကုထုံးနည်းကိုလည်း တ်တာ ဒီလိုပဲ သဘောထားပါသလား"

"အမှန်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်း ဆိုသလို ကရပ်ထရီး လမ်းကြောင်း ပြောင်းလိုက်ပြီး–

"ဒေါက်တာ ခင်ဗျား၊ သွေးဖလှယ်ခြင်းဟာ အင်မတန် စိုးရိမ်စ… ကောင်းတဲ့ ရောဂါ ဆင့်ပွားမှုတွေကို ဖြစ်စေနိုင်တယ် ဆိုတာ ဒေါက်တာ… သိပါသလား"

"သိပါတယ်"

"ဘယ်လို ရောဂါ ဆင့်ပွားမှုတွေ ဖြစ်နိုင်တယ် ဆိုတာ ဂျူရော်လူ… တွေကို ဒေါက်တာ ရှင်းပြပေးနိုင်မလား"

"ရှေ့နေကြီး ပြောစေချင်ရင် ပြောပါ့မယ်၊ တစ်ခါတလေမှာ သွေး… ဖလှယ်ခြင်းကြောင့် ကူးစက်ခြင်း ဒါမှမဟုတ် သွေးလန့်ခြင်း ဖြစ်နိုင်ပါတယ်… ဒါပေမဲ့ အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့ အခြေအနေကတော့ အင်မ… အင်မတန်ကို နည်းပါးပါတယ်"

"အဲဒီလို ဆိုရင် အခု ကုသမှုမှာ ဆရာဝန်ကြီး ထောက်ခံထား… သွေးဖလှယ်တဲ့ နည်းဟာ အရေးကြီးတဲ့ ရောဂါဆင့်ပွားမှုတွေ ဖြစ်နိုင်တယ်… ဟုတ်လား"

ကရပ်ထရီးက မစ်ချဲကို အမိဖမ်းရန် ကြိုးစားလိုက်သည်။

"ဘယ်ကုသမှုမျိုးမဆို ရောဂါ ဆင့်ပွားမှု ရှိနိုင်ပါတယ်၊ ဒါပေမဲ့ သွေး… ဖလှယ်တဲ့ ကုသနည်းဟာ အထိရောက်ဆုံး ဖြစ်ပြီး အန္တရာယ်လည်း အနည်း… ဆုံး ဖြစ်ပါတယ်"

"ဒေါက်တာ ခင်ဗျား၊ လူငယ်ဆရာဝန် တစ်ယောက်ဟာ အလ… ကုထုံးနည်းကို အသုံးပြုတဲ့အတွက် ကလေး တစ်ယောက်မှာ ကူးစက်မှု ဖြစ်… ပါသလား"

"ကူးစက်မှု ဟုတ်လား၊ ဒီမေးခွန်းက ဘာမှ ဆက်စပ်မှု မရှိပါကလား"

မစ်ချဲ ကန့်ကွက်သည်။

ဖရန်ကလင် ထိုင်ရာမှ ထပြီး–

"တရားသူကြီးမင်း ခင်ဗျား၊ ဆရာဝန်ကြီး ပြောတဲ့ စကားဟာ ဥ… သဘော ခိုင်မာတယ်၊ မေးခွန်းဟာ ဆက်စပ်မှု မရှိပါဘူး"

ဗင်နွန် ခေါင်းညိတ်လိုက်ပြီး ကရပ်ထရီး ဘက်သို့ အပြစ်တင်… လှည့်လိုက်သည်။ သို့သော် တရားခံ ရှေ့နေက သူ၏ ချေပမှုကို လျင်မြန်… ပြုလုပ်သည်။





"တရားသူကြီးမင်း ခင်ဗျား၊ ဒီအမှုရဲ့ အဓိကအချက်က ကလေးကို ကုသတဲ့ ဆေးပညာကုထုံးနည်းပဲ ဖြစ်ပါတယ်၊ တရားခံဟာ သူ့ရဲ့ လုပ်ငန်းနဲ့ …တ်သက်တဲ့ အဆုံးအဖြတ်ကို ချမှတ်ရာမှာ အခြား ဘယ်လို ကုသနည်းတွေ …ရှိတယ် ဆိုတာလည်း သိဖို့ ဆက်စပ်နေပါတယ်"

ဗင်နွန် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်–

"ခွင့်ပြုတယ်"

"ဒေါက်တာ ခင်ဗျား၊ မေးခွန်းကို ဒေါက်တာ မေ့နေမှာ စိုးတဲ့အတွက် …ခွန်းတော် ထပ်မေးပါ့မယ်၊ ဆရာဝန် တစ်ယောက်ဟာ ကလေး တစ်ယောက်ကို …အလင်းကုထုံးနည်းနဲ့ ကုသတဲ့ အတွက် အဲဒီကလေးမှာ ရောဂါ ကူးစက်မှု …ဖြစ်နိုင်ပါသလား"

"မဖြစ်နိုင်ပါဘူး"

"အလင်းကုထုံးနည်းကြောင့် ကလေး တစ်ယောက်ဟာ တက်တာ …က်တာ ဖြစ်နိုင်ပါသလား"

"မဖြစ်နိုင်ပါဘူး"

"နလုံးခုန် မမှန်တာကော"

"မဖြစ်နိုင်ပါဘူး"

"စောစောက ပြောခဲ့တဲ့ ရောဂါ ဆင့်ပွားမှုတွေဟာ သွေးဖလှယ်ခြင်း …ကြောင့် ဖြစ်ပေါ်နိုင်တဲ့ ရောဂါ ဆင့်ပွားမှုတွေပဲ၊ ဟုတ်တယ် မဟုတ်လား"

"သွေးဖလှယ်ခြင်းကို မှန်မှန်ကန်ကန် လုပ်ရင် မဖြစ်နိုင်ပါဘူး၊ သင့် …သင့်မှန်ကန်တဲ့ သွေးဖလှယ်ခြင်းကို တဖြည်းဖြည်းချင်း လုပ်ရပါတယ်၊ ကလေး … တစ်ခုခု ဖြစ်လာရင် အရေးကြီးတဲ့ အရိပ်လက္ခဏာတွေ ပြလာရင် သွေး …လှယ်ခြင်းကို ချက်ချင်း ရပ်ပစ်ရပါတယ်"

"အဲဒီလို ဆိုရင် ဒေါက်တာ၊ ဒေါက်တာ ဂရန့်မှာ အလင်းကုထုံးနည်း … နောက်တစ်မျိုး ကုနိုင်တဲ့ နည်းလမ်းဟာ စွန့်စားမှုတွေ ရှိတယ် ဆိုရင် …လား၊ သွေးဖလှယ်တဲ့ နည်းဟာ အခု အသုံးပြုခဲ့တဲ့ အလင်းကုထုံး …ထက် စွန့်စားရမှုတွေ အများကြီး ပိုနေတယ် မဟုတ်လား"

"မဟုတ်ပါဘူး"

မစ်ချဲ အံ့အားသင့်ဖွယ်ရာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆော်စောက ဒေါက်တာ ထွက်ဆိုသွားခဲ့တာတွေ ရှိနေလင့်ကစား

"ဟုတ်ပါတယ်" မစ်ချဲ ခိုင်မာစွာ ပြောသည်။ "သွေးဖလှယ်

ကြောင့် ဖြစ်ပေါ်လာတဲ့ အခြေအနေတွေဟာ ချက်ချင်း ဖြစ်ပေါ်တာမို့ ဖြေ

နိုင်ပါတယ်၊ ဒါပေမဲ့ အလင်းကုထုံးနည်းကြောင့် ဖြစ်တာကို ဘာမှ မသိနိုင်

ဘူး၊ ပြဿနာတွေက အခုကိစ္စမှာလို နောက် ရက်ပေါင်းများစွာ လပေါင်း

များစွာ ကြာမှ ဖြစ်ပေါ်လာတတ်ပါတယ်"

"ကန့်ကွက်ပါတယ်" ကရပ်ထရီး ကန့်ကွက်လိုက်သည်။ "ဒီကဆေး

အခုလို ဖြစ်ရတာ အလင်းကုထုံးနည်းကြောင့် ဆိုတာ အခုထက်ထိ

သက်သေမှ မပြနိုင်သေးပါဘူး"

ဗင်နွန် ရှေ့သို့ ကိုင်းညွတ်ကာ ကရပ်ထရီးကို ပြုံးကြည့်လိုက်ပြီး

"မစ္စတာ ကရပ်ထရီး၊ လူကြီးမင်း ပြန်လှန် မေးခွန်း မေးတဲ့ နေရာ

ရုံးတော်က ဘောင် အကျယ်ကြီး ပေးထားပါတယ်၊ ဒီက ရလာတဲ့ အချ

အလက်တွေကို လူကြီးမင်း အနေနဲ့ စုစည်းဖို့ပဲ ဖြစ်ပါတယ်၊ ဒေါက်တာ

အဖြေကို အတည်ပြုပါတယ်"

ခရစ် တတ်နိုင်သမျှ ချုပ်တည်းထားရသည်။ လော်ရာက သူ့

လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် သတိပေးနေသောကြောင့် ဖြစ်သည်

မစ်ချဲ၏ ထွက်ဆိုချက်က ထိခိုက်လေလေ သူ့ အနေနှင့် မပေါက်ကွဲဖို့ လိုလေ

ဖြစ်သည်။ သို့မှသာလျှင် တရားသူကြီးနှင့်လည်း ထိပ်တိုက် မတွေ့ရ

ဖြစ်သည်။ ဂျူရော်လူကြီးများ၏ စိတ်တွင်လည်း ပြဿနာ မဆင့်မည် ဖြစ်သည်

ကရပ်ထရီးသည် သူ့ ဘာသူ ထောင်မိသော ထောင်ချောက် အတွင်

အောင်မြင်စွာ ပြန်လည် ဆုတ်ခွာသည်။

"ကျွန်တော်ရဲ့ အမှုသည် အစစ်ခံတဲ့ အချိန်မှာ ဒီအချက်ကို ပြန်လ

ဖြေကြားပါလိမ့်မယ် ဒေါက်တာ မစ်ချဲ"

"သူ ဘာပြောမယ် ဆိုတာကို ကျွန်တော် အင်မတန် နားထောင်ချ

နေပါတယ်"

မစ်ချဲက စိန်ခေါ်သည်။

ပြန်လှန် မေးမြန်းခြင်း ပြီးသွားသည်။

ဟယ်ရီဖရန်ကလင်သည် နောက်တိုက်ပွဲတွေ အတွက် ကျည်ချွေ

သည့် အနေဖြင့် သက်သေကို ဘာမျှ မမေးတော့ပါ။





နောက်ထပ် သက်သေတစ်ယောက် စစ်ဆေးရန် အချိန် မရှိတော့သဖြင့် တရားသူကြီး ဗင်နွန်က ဂျူရော်လူကြီးအဖွဲ့ကို အမှုအကြောင်း အချင်းချင်း သော်လည်းကောင်း၊ အခြားသူများနှင့် သော်လည်းကောင်း မဆွေးနွေးရန် သတိပေးစကား ပြောကြားပြီးနောက် ရပ်နားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၈

ဒုတိယနေ့ အမှုစစ်ဆေးခြင်း ငြိမ်သက်စွာ စတင်သည်။ ဟယ်ရီဖရန်ကလင်က ဆေးပညာ ပါရဂူ တစ်ဦးကို သက်သေအဖြစ် တင်ပြသည်။ ဒေါက်တာ ဝေါလတာလော်လား ဖြစ်သည်။ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် ကြီး အသားအရေ ကောင်းကောင်း မျက်လုံးညိုညိုတောက်တောက်နှင့် ဥပဓိရု ကောင်းမွန်သူ တစ်ဦး ဖြစ်သည်။ သူသည် ကလေးသူငယ်ဆိုင်ရာ နာဗ်ကြော ပါရဂူ တစ်ဦး ဖြစ်သည်။ ရုံးတော်က သူ့ကို ကန့်ကွက်ခြင်း မရှိ လက်ခံသည် ဖရန်ကလင်က သူ၏ ထွက်ဆိုချက်များကို ထုတ်ဖော်လေသည်။

"ဒေါက်တာ လော်လား ခင်ဗျား၊ ဂျွန်ရေးနီး အမည်ရှိတဲ့ ကလေး တစ်ယောက်ကို ဒေါက်တာ စမ်းသပ် ကြည့်ရှုဖူးပါသလား"

"ကြည့်ရှုဖူးပါတယ်"

"ဒေါက်တာ ဘာတွေ့ရပါသလဲ"

"ကလေးဟာ ဦးနှောက် ပျက်စီးနေပါတယ်၊ ကျွန်တော်ရဲ့ စမ်းသပ် စစ်ဆေးမှုတွေကို ပုံမှန်အတိုင်း တုံ့ပြန်ခြင်း မရှိပါဘူး"

"ဒေါက်တာ ခင်ဗျား ဒီကလေးဟာ ပျောက်ကင်းနိုင်သလား ဆိုတာ ဒေါက်တာရဲ့ အတွေ့အကြုံနဲ့ အတတ်ပညာအရ ပြောပြစေချင်ပါတယ်"

"မပျောက်ကင်းနိုင်ပါဘူး"

"ကုသမှု ကုထုံးသစ် တစ်ခု တွေ့ရှိခဲ့ရင်ကော"





"မဖြစ်နိုင်ပါဘူး၊ ဦးနှောက် တစ်သျှုးတွေဟာ အသစ် ပြန်မဖြစ်နိုင်ပါဘူး၊ တစ်ခါ ပျက်သုဉ်းသွားတယ် ဆိုရင် တစ်ခါတည်း ပြီးတော့တာပါပဲ၊ ပျောက်ကင်းနိုင်ဘူးလို့ ပြောရတဲ့ သဘောကတော့ ဘယ်လိုမှ မပြုပြင် ပြောင်းလဲနိုင်လို့ပါပဲ"

"ဒေါက်တာ ခင်ဗျား ကလေးတွေမှာ ဦးနှောက်ပျက်စီးရတဲ့ အကြောင်း ရင်းတွေကို ပြောပြနိုင်မလား"

"ပြောနိုင်ပါတယ်၊ မျိုးရိုးကြောင့်လည်း ပျက်စီးနိုင်ပါတယ်"

"အခု ကိစ္စဟာ မျိုးရိုးကြောင့်ပါလား"

"မဟုတ်ပါဘူး၊ မျိုးရိုးကြောင့်ဆိုရင် မွေးဖွားချိန်မှာ ရယူတဲ့ အက်ပဂါ စစ်ဆေးမှုဟာ ပုံမှန် မဖြစ်နိုင်ပါဘူး"

"အခြား အကြောင်းရင်းတွေကကော ခင်ဗျာ"

"အခြား ထိခိုက်မှုတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်၊ ဥပမာ ကိုယ်ဝန် ဆောင်စဉ်မှာ မိခင်ရဲ့ ရောဂါကြောင့် ဖြစ်နိုင်ပါတယ်၊ အထူးသဖြင့် ပထမ သုံးလ အတွင်းမှာပေါ့"

"အခု ကိစ္စမှာ အဲဒီလိုမျိုး ဖြစ်ပါသလား"

"မဖြစ်ပါဘူး၊ အဲဒါမျိုး ဖြစ်ခဲ့ရင် ပထမ အက်ပဂါ စစ်ဆေးမှုမှာ တွေ့ရတတ်ပါတယ်"

"ဦးနှောက် ပျက်စီးစေတဲ့ တခြား အကြောင်းတွေကော ရှိပါသေး သလား ဒေါက်တာ"

"မိခင် စားသုံးခဲ့တဲ့ ဆေးတွေကြောင့်လည်း ကလေးမှာ ထိခိုက်နိုင် တယ်၊ အခု နောက်ပိုင်းမှာ အဖြစ်အများဆုံးကတော့ သာလီဒိုမိုက်ပဲ"

"အခု ကိစ္စမှာကော ဆေးကြောင့် ဖြစ်နိုင်တယ်လို့ ဒေါက်တာ ထင် သလား"

"ထင်ပါတယ်၊ ဒါပေမဲ့ မှတ်တမ်းတွေကို ဖတ်ကြည့်တဲ့ အခါကျတော့ ခင်ကို ပြဿနာ ဖြစ်နိုင်တဲ့ ဘာဆေးမျိုးမှ တိုက်ကျွေးတာ မတွေ့ရဘူး"

"နောက်ဆုံး နိဂုံးချုပ်တော့ ဒေါက်တာ ဘာတွေ့ရပါသလဲ"

"အခု ကိစ္စမှာ ဦးနှောက် ပျက်စီးရခြင်းရဲ့ အကြောင်းရင်းကတော့ ဘာနှစ်တီးရပ်စ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကာနစ်တီးရပ်စ် ဆိုတာ ဘာပါလဲ ဒေါက်တာ၊ တစ်ဆိတ် ဇုရော် လုကြီးတွေကို ရှင်းပြပေးပါ"

ဒေါက်တာ လော်လားသည် ဇုရော်လုကြီးများကို မျက်နှာပေးလျက်

"ဒီဥစ္စာရဲ့ သဘောကတော့ သွေးထဲမှာ ဗီလီရူဗင်တွေ များနေတာ ဃဘုယျ သဘောပြောရရင် မီလီလစ်တာ တစ်ရာမှာ မီလီဂရမ် နှစ်ဆယ်ထ ပိုနေလို့ ရှိရင် ဦးနှောက်တိုင်နဲ့ ဆဲလ်တွေကို ဖျက်ဆီးတော့တာပဲ"

"ဂျွန်ရေးနီး ဆင်ပဆန်ကလေးဟာ မက်ထရိုပိုလီတန် ဆေးရုံကြီး မလွှဲပြောင်းခင်မှာ ဗီလီရူဗင် နှစ်ဆယ်ထိ ရောက်ခဲ့ပါသလား ဒေါက်တာ"

"မရောက်ပါဘူး"

"ဒီလိုဆိုလို့ ရှိရင် ကလေးဟာ အာရုံအိပ်ချ် မတည့်မှုကြောင့် အသ တွေ ဝါနေတဲ့အတွက် လွှဲပြောင်း ပေးလိုက်တာပဲပေါ့၊ အဲဒီအချိန်မှာ ဗီလီရူ နှုန်းအရ ပြောရရင် စိုးရိမ်စရာ အခြေအနေ မရှိဘူးပေါ့ ဟုတ်လား"

"အဲဒီအတိုင်း အမှန်ပါပဲ"

ဒေါက်တာ လော်လားက ဖြေသည်။

"အဲဒီတော့ ကလေးမှာ ရရှိတဲ့ ထိခိုက် ပျက်စီးမှုဟာ ကလေး လွှဲပြောင်း ပေးလိုက်ပြီးတဲ့ နောက်ပိုင်းမှာ ရရှိတာပဲပေါ့ ဟုတ်လား"

"ဒါကတော့ ဘာမှ သံသယ ရှိစရာ မလိုပါဘူး"

လော်လား၏ အဖြေများသည် ခိုင်မာသည်ထက် ခိုင်မာလာသည်။

"ကလေးဟာ ဗီလီရူဗင် နှစ်ဆယ် အထက်မှာ ရှိနေကြောင်း ဓာတ် ခန်း အစီရင်ခံစာမှာ မပါရှိတာ ဒေါက်တာ့အဖို့ အရေးကြီးပါသလား"

"ဒါလောက် အရေးမကြီးပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ဗီလီရူဗင် နှစ်ဆယ်အထိ မရောက်ဘဲ ဦးနှောက် ပျက်စီးခဲ့တဲ့ သာဓကတွေ ကျွန်တော်တို့မှာ ရှိနေလို့ပဲ၊ ဗီလီရူဗ တစ်ဆယ့်ငါး ကျော်ရင်ပဲ ကျွန်တော် စိုးရိမ်နေပြီ"

"ဗီလီရူဗင် တစ်ဆယ့်ငါး ဒါမှမဟုတ် တစ်ဆယ့်ခြောက်ကို ရောက် ရင် ဒေါက်တာ ဘာလုပ်ရမလဲ"

"ချက်ချင်း သွေးဖလှယ်ခိုင်းမယ်"





ဒေါက်တာ လော်လား ရှင်းရှင်းလေးပင် ပြောလိုက်သည်။

ခရစ်သည် ဒေါက်တာ လော်လားကို ငေးစိုက်ပြီး ကြည့်နေသည်။ အများ လေးစား ကြည်ညိုရသော လူ တစ်ယောက်၊ ကလေးသူငယ်ဆိုင်ရာ ဗ်ကြောပါရဂူ တစ်ဦး အဖြစ် ထင်ရှားကျော်ကြားသူ လော်လား၏ ထွက်ဆို က်သည် အထိခိုက်ဆုံး ဖြစ်သည်။ သူသည် ခရစ် ကုသမှုနှင့် ကလေးငယ်၏ နှောက် ပျက်ယွင်းမှုကို တိုက်ခိုက်ပြီး ဆက်စပ်ပေးနေသည်။ လွှဲမှားစွာ သခြင်း အမှု တစ်ခုကို ဘယ်လို ဆင်ပြီး ဘယ်လို တင်ပြရမည်ကို ဟယ်ရီ နဲ့ကလင် ကောင်းကောင်း သိပေသည်။

လော်လား၏ ထွက်ဆိုချက် အရေးကြီးကြောင်း ဇုရော်လုကြီးများပင် တိပြုမိကြသည်။ သူတို့သည် သူ၏ ထွက်ဆိုချက်တို့ကို စိတ်ဝင်စားစွာ ထောင်လျက် ရှိကြသည်။ ဂျွန်စတူးဝပ် ရေးနီးလည်း လက်နှစ်ဖက် ပေါ်တွင် းတင်ပြီး ရှေ့သို့ ကိုင်းညွတ်ကာ နားထောင်နေသည်။

တစ်ခန်းလုံး တိတ်ဆိတ် စိတ်ဝင်စားလျက်ရှိသော အဖြစ်ကို အနှောင့် ယှက် မဖြစ်စေရန် ဟယ်ရီဖရန်ကလင်သည် အသံကို စောစောကထက်ပင် ၍ တိုးညင်းလျက်–

"ဒေါက်တာ ခင်ဗျား၊ အလင်းကုထုံးနည်းလို့ ခေါ်တဲ့ ဆေးပညာ ထုံးနည်း တစ်ခုကို ဒေါက်တာ အကျွမ်းဝင်ပါသလား ခင်ဗျား"

"ဝင်ပါတယ်"

"အသုံးပြုဖူးပါသလား"

"ပြုဖူးပါတယ်"

"ထိရောက်မှု ရှိပါသလား"

"အချို့ နေရာတွေမှာ ရှိပါတယ်"

"ဘယ်လို နေရာမျိုးတွေပါလဲ ခင်ဗျာ"

"အရေးပေါ် မဟုတ်တဲ့ အခါမျိုး၊ အသားဝါ အခြေအနေ သိပ်မဆိုးတဲ့ ါမျိုး၊ အဲဒီလို အခါမျိုးတွေမှာ အကာအကွယ် ပေးနိုင်ပါတယ်"

"အခု ကျွန်တော် ပြောနေတဲ့ ကိစ္စမှာ ဆိုရင်ကော အလင်းကုထုံးနည်း ဒေါက်တာ အသုံးပြုပါမည်လား"

"မသုံးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ပါလဲ"

"အခု ကိစ္စမှာက အခြေအနေကို အမြန်ဆုံး ထိန်းသိမ်းဖို့ လိုနေတ ဗီလီရှုဗင် တစ်ဆယ့်ခြောက်ပဲ ရှိပေမဲ့ အာရုံအိပ်ချိ ပြဿနာ ရှိနေတဲ့ အတ သွေးဖလှယ် ပေးရမယ်"

"ဒါဟာ ဒေါက်တာ လုပ်ဆောင်မယ့် အစီအစဉ်ပဲပေါ့"

"သွေးဖလှယ်မှုရဲ့ အကျိုးသက်ရောက်မှုက ချက်ချင်း သိသာတ အလင်းကုထုံးနည်းက ကြာတယ်"

"အဲဒီတော့ အလင်းကုထုံနည်းဟာ အခြားနေရာတွေမှာ အကျိုးသ ရောက်မှု ရှိနိုင်ပေမဲ့ အခု ကိစ္စမှာတော့ မှားယွင်းတဲ့ နည်းလမ်းလို့ ဒေါက် ယူဆတယ်ပေါ့"

"ဟုတ်ပါတယ်"

"ဒါဟာ ကလေးရဲ့ ဆေးမှတ်တမ်းကို ကြည့်ပြီး ဒေါက်တာ ပြော ပေါ့"

"ဟုတ်ပါတယ်၊ ပြီးတော့ နောက် တစ်ကြောင်းလည်း ရှိပါသေးတ"

"နောက် တစ်ကြောင်း ဆိုတာက ဘာပါလဲ"

"ကလေးရဲ့ လက်ရှိ အခြေအနေပါပဲ၊ အလင်းကုထုံးနည်း မှားယွ တယ် ဆိုတာကို သက်သေ ပြနေတာပါပဲ"

လော်လား အခိုင်အမာ ထွက်ဆိုသည်။ သူ့ သဘောထားကို ပြင် ရန်၊ ပြောင်းလဲရန် လုံးဝ မရှိသည့်အလား ဖြစ်သည်။

ခရစ် ဂရန့် ကုလားထိုင်ကို ပစ်မှီချလိုက်သည်။ သူ၏ ရှပ်အင် ချွေးတွေ ရွှဲစိုနေသည်။

သူ၏ ရင်ခုန်သံ မြန်နေသည်။ သူ၏ ရင်ခုန်သံကို အချက်တိ ကြားနေရသည်။

လော်လား၏ ထွက်ဆိုချက်သည် ခိုင်မာလှသဖြင့် ကရပ်ထရီ ပြန်လှန် မေးခွန်းထုတ်မှုသည် အရေးကြီးလှပေသည်။ ယခု သက်သေ ကလေးကို ကုသခဲ့သော ဆရာဝန် နှစ်ဦး မဟုတ်ဘဲ လွတ်လပ်ပြီး ထင်ရှား ပါရဂူ တစ်ဦး ဖြစ်သောကြောင့်တည်း။

ကရပ်ထရီး လျှင်မြန်စွာ ထလိုက်သည်။





"ဒေါက်တာ ခင်ဗျား၊ မှတ်တမ်းမှာ ပါတဲ့ အချက်အလက်တွေကို တွေ့ရတဲ့အခါမှာ ဒေါက်တာဟာ သွေးဖလှယ်တဲ့ နည်းကို အသုံးပြုမယ်လို့ ပြောခဲ့တယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

လော်လား ပြောသည်။

"အဲဒီလို ဆိုရင် ကျွန်တော် မေးပါရစေဦး၊ ဒေါက်တာ ဂရန့် လက်ထဲ ပထမဆုံး ရောက်လာတဲ့ မှတ်တမ်းတွေကို တွေ့ရင်တော့ ဒေါက်တာ အတိုင်းပဲ ဆုံးဖြတ်မှာပဲလား"

"အမှန်ပဲ"

"ဒေါက်တာ ဂရန့် လက်ထဲကို ရောက်ရှိတဲ့ အချက်အလက်တွေဟာ ာတွေမှန်း မသိဘဲနဲ့ကိုပဲပေါ့"

"သူတို့ အတူတူပဲ ဖြစ်မှာပဲ၊ ဓာတ်ခွဲခန်း အစီရင်ခံစာတွေနဲ့ ရောဂါ ကွေဏာတွေ"

"ဟောဟို ဖိုင်ထဲမှာ ပါတဲ့ အချက်တွေနဲ့ ဒေါက်တာ ဂရန့် လက်ထဲကို ောက်သွားတဲ့ အချက်တွေဟာ အတူတူပဲ ဟုတ် မဟုတ် ဒေါက်တာ သိပါ လား"

"မသိပါဘူး"

"အဲဒီလိုဆိုရင် ဒေါက်တာဟာ ဖြစ်နေတဲ့ အခြေအနေကို မသိဘဲနဲ့ ဒီ အခြေအနေမှာ ဘာလုပ်မယ်လို့ ဆုံးဖြတ်တာဟာ မှန်ပါ့မလား"

"ကျွန်တော် မြင်တွေ့ရတာနဲ့ ဆေးအစီရင်ခံစာတွေမှာ ဖတ်ရတာတွေ အခြေခံပြီး ကျွန်တော် ဆောင်ရွက်တာပဲ"

"ဖိုင်တွဲထဲက စစ်ဆေးမှုတွေမှာ ဗီလီရှုဗင် နှစ်ဆယ်ထက် ကျော်တာ ပါသလား"

"တစ်ဆယ့်ခြောက်ဟာ အမြင့်ဆုံး ဗီလီရှုဗင်ပဲ"

"ဗီလီရှုဗင် တစ်ဆယ့်ခြောက် အမြင့်ဆုံး ရှိတဲ့ ကလေး တစ်ယောက်ကို ထူး စိုးရိမ်ဖွယ်ရာ ကောင်းတယ်လို့ ဒေါက်တာ သတ်မှတ်ပါမည်လား"

"ရှေ့နေကြီးရဲ့ စကားလုံးတွေကို ကျွန်တော် နားမလည်တော့ဘူး"

"ကလေးမှာ စိုးရိမ်ဖွယ်ရာ အန္တရာယ် ရှိတယ်လို့ အဲဒီ မှတ်တမ်းတွေ ာ ဖော်ပြထားပါသလား"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို ဖော်ပြထားရင် ဆရာဝန် တစ်ယောက်ရဲ့ ဆန္ဒစွဲ ဖော်ပြ[...]ပဲ ဖြစ်မှာပေါ့"

"ဗီလီရှုဗင်နွန်း စိုးရိမ်ဖွယ်ရာ မရှိဘူးလို့ ခေတ်ခွဲခန်း အစီရင်ခံစာ[...] သိရတဲ့ အခါမှာ အဲဒီအကြောင်းဟာ ကုသမှုကို သတ်မှတ်ပိုင်းခြားတဲ့ နေရာ[...] တစ်စိတ်တစ်ပိုင်း မပါဝင်ပေဘူးလား"

"ပါဝင်ပါတယ်" လော်လား ဝန်ခံလိုက်သည်။ ထို့နောက် ဆက်[...] ပြောသည်။ "တစ်ခုတော့ ရှိတယ်ပေါ့"

ကရပ်ထရီးသည် နောက်ဆက်တွဲ စကားရပ်များကို ချန်ထားခဲ့[...] စိတ်ကူးမိသည်။ သို့သော် ဤအချက်ကို ဇူရော်လူကြီးတွေကလည်း အမှ[...] နေပေလိမ့်မည်။ ဖရန်ကလင်ကလည်း တစ်ကျော့ ပြန်မေးသည့်အခါ[...] ဤအချက်ကို ဖော်ထုတ်ပေလိမ့်မည်။ ထို့ကြောင့် ကရပ်ထရီးလည်း မေးလို[...] သည်။

"တစ်ခုတော့ ရှိတယ် ဆိုတာ ဘာပါလဲ ဒေါက်တာ"

"ကလေးဟာ တခြား ဆေးရုံ တစ်ခုကနေ လွှဲပေးလိုက်တယ်၊ ယုံ[...] ကိုးစားဖွယ်ရာ ရှိတဲ့ ဆရာဝန် တစ်ယောက်ကနေ လွှဲပေးတယ်၊ အဲဒီအ[...] တစ်ခုတည်းနဲ့ပဲ ကျွန်တော့်ကို သတိပေးနေပြီ၊ အရေးပေါ် ဘေးအန္တရာ[...] တစ်ခု ရှိနေပြီလို့ ကျွန်တော် တွက်ရပြီ၊ ဒါမှမဟုတ် ရှိနိုင်တယ်လို့ ယူဆ[...] ပြီ၊ ခေတ်ခွဲခန်း အစီရင်ခံစာတွေကို တွက်နေစရာ မလိုတော့ဘူး၊ ကျွန်တော်[...] ချက်ချင်း ထိရောက်မယ့် ကုသမှု တစ်ခုကို လုပ်ဖို့ လိုအပ်နေပြီ"

ပထမ မေးခွန်းများဖြင့် ရရှိထားသော အောင်မြင်မှုများ အားလုံး[...] သို့ဖြေရှင်းချက်တွင် လွင့်ပြယ် သွားရတော့သည်။ သို့ဖြင့် သူ့ကို မြန်နိုင်သ[...] မြန်မြန် ဆက်ပြီး တိုက်ခိုက်နိုင်ဖို့ လိုအပ်လာတော့သည်။

"ဒေါက်တာ ခင်ဗျား၊ သွေးဖလှယ်တဲ့ နည်းက ထိရောက်မှု မြန်ဆ[...] အလင်းကုထုံးနည်းဟာ အချိန်ကြာတာတယ်လို့ ဒေါက်တာ တွက်ဆိုခဲ့ပါတ[...] ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အလင်းကုထုံးနည်းကြောင့် နာရီပိုင်း အတွင်းမှာ အကျိုးသက်ရော[...] ကောင်းမွန်သွားတဲ့ အကြောင်းတွေကို ဒေါက်တာ တစ်ခါမှ မကြားဖူးဘူးလာ[...]

"အစီရင်ခံစာထဲမှာ ပါတာတွေ တွေ့ရပါတယ်"





"နည်းသလား၊ များသလား"

"အဲဒီမေးခွန်းကို ကျွန်တော် ဘယ်လို ဖြေရမလဲ မသိပါဘူး"

"ကလေးသူငယ် ဆိုင်ရာ ဆေးပညာ ဂျာနယ်တွေမှာ ပါတဲ့ စာတမ်း[...]ထဲက အချက်အလက်တွေကို ကျွန်တော် တင်ပြပေးရမလား"

"အလင်း ကုထုံးနည်းကြောင့် မြန်မြန်ဆန်ဆန် ပျောက်သွားတဲ့[...]ကြောင်းတွေကို ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ သွေးဖလှယ်တဲ့ နည်း[...]ောက်တော့ မမြန်ကြပါဘူး"

ဒေါက်တာ လော်လား၏ နောက်ဆက်တွဲစကားကို ကရပ်ထရီး သိပ်[...]လေးမထားပါ။ သူသည် ခိုင်မာလှသော ဆရာဝန်ကို အနည်းငယ် နောက်ပြန်[...]တ်သွားစေပြီ ဖြစ်သည်။ သူသည် စောစောကလောက် မမာတော့ပါ။ ကရပ်[...]ရီးသည် ဤအခွင့်အရေးကို ဆက်ပြီး အသုံးချရန် ဆုံးဖြတ်လိုက်သည်။

"ဒေါက်တာ လော်လား ခင်ဗျား၊ ဆရာဝန် တစ်ယောက်ဟာ အခြေ[...]နေ တစ်ရပ်မှာ သူ့ရဲ့ လူနာနဲ့ ပတ်သက်ပြီး ဘာကို လုပ်ဖို့ တာဝန် ရှိပါသလဲ"

"ဘာရောဂါလဲ ဆိုတာ သိအောင် ရှာရမယ်၊ တွေ့ရင် ကုသရမယ်၊ [...]နိုင်သမျှ မြန်မြန် လုပ်ရမယ်"

"ဒေါက်တာ ဂရန့်ဟာ ဒေါက်တာ ပြောသွားတဲ့အတိုင်း မဟုတ်ဘူးလို့ [...]ါက်တာ ယူဆပါသလား"

"ဖြစ်ပေါ်လာတဲ့ အခြေကို ကြည့်ပြီး ပြောရရင် သူဟာ အကောင်းဆုံး [...]ုထုံးနည်းကို မရွေးချယ်ခဲ့ဘူး"

"ကျွန်တော် မေးတာ အဲဒါ မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်တော် [...]တာက စောစောက ဒေါက်တာ ပြောသွားတဲ့အတိုင်း ဒေါက်တာ ဂရန့်ဟာ [...]ဂါကို သိအောင် အတတ်နိုင်ဆုံး မရှာဖွေခဲ့ဘူးလား၊ နောက်ပြီးတော့ [...]ကုသခဲ့ဘူးလား၊ နောက်ပြီးတော့ မြန်နိုင်သမျှ မြန်မြန် မလုပ်ခဲ့ဘူးလား"

"အဖြေက မလုပ်ခဲ့ဘူးလို့ ပြနေတယ်"

"ဒေါက်တာက အခု ထွက်လာတဲ့ အဖြေကို အခုမှ သိရလို့ အဲဒီတုန်းက [...]ုထုံးနည်းကို မကြိုက်ဘူးလို့ ပြောတာ မဟုတ်လား"

လော်လား ဘာမှ ပြန်မပြောဘဲ တုံ့ဆိုင်းနေသည်။

"လူ တစ်ယောက်ဟာ ဒေါက်တာနဲ့ အယူအဆ မတူလို့ ရှိရင် ဒါမှ[...]ဟုတ် ဒေါက်တာနဲ့ ကုထုံးနည်း မတူခဲ့လို့ ရှိရင် မှားတယ်လို့ ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဲဒီလို မပြောပါဘူး"

"ကောင်းပြီ၊ အချက်အလက်တွေ ရှင်းသွားအောင် ကျွန်တော့် မေးခွန်းကို ပြန်မေးပါ့မယ်၊ ရောဂါ တစ်ခုကို ကုသတိုင်း ပျောက်ကင်းဖို့ဟာ ဆရာဝန် တစ်ယောက်ရဲ့ တာဝန်လား၊ ဒါမှမဟုတ် သူ့ အနေနဲ့ အကောင်းဆုံး စဉ်းစား ဆုံးဖြတ်မယ်၊ ပြီးတော့ အလုပ်ဝတ္တရား ကျေပွန်စွာနဲ့ သတ်မှတ်ထားတဲ့ ကုထုံးနည်းတွေနဲ့ ကုသဖို့က သူ့ တာဝန်လား"

ဒေါက်တာ လော်လား ခေတ္တမျှ စဉ်းစားပြီးနောက်–

"ရှေ့နေကြီး ပြောတာကို ကျွန်တော် လက်ခံပါတယ်"

"အဲဒီလိုဆိုရင် ဒေါက်တာ့ကို ကျွန်တော် မေးပါရစေ၊ ဒေါက်တာဟာ အဲဒီအချိန်က လူနာကို မစစ်ဆေးရဘဲနဲ့ မှတ်တမ်းဖိုင်ထဲက အချက်အလက်တွေကို ကြည့်ရုံနဲ့ ဒေါက်တာ ဂရန့်ဟာ လုပ်ငန်းတာဝန်ကို ကျေပွန်အောင် မဆောင်ရွက်ဘူး၊ သတ်မှတ် လက်ခံထားတဲ့ ကုထုံးနည်းနဲ့ မကုဘူးလို့ ပြောနိုင်ပါမလား"

"ရှေ့နေကြီးဟာ စကားလုံးတွေနဲ့ ကစားနေတာပဲ"

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာဟာ တယ်လီဖုန်းနဲ့ ပြောပြီး ဆေးကုတတ်ပါသလား"

ကရပ်ထရီး ရုတ်ခြည်း ကောက်ကာ ငင်ကာ မေးလိုက်ပါသည်။

"တစ်ခါတလေ ကုပါတယ်"

"ညသန်းခေါင်ကြီးမှာ ဒေါက်တာ့ဆီကို ကျွန်တော် ဖုန်းဆက်ပြီး ကလေး တစ်ယောက်ရဲ့ အခြေအနေကို ပြောပြမယ်၊ ဒေါက်တာ တယ်လီဖုန်းက နေပြီး ဘာလုပ်ရမယ်လို့ အကြံပေးမလား"

"အဲဒီကလေးကို ကျွန်တော် သိခဲ့ရင်ပေါ့"

"ဒါပေမဲ့ ဒေါက်တာဟာ ဆင်ပဆန် ဆောဘီကို တစ်လောကလေးက မြင်ဖူးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ဒေါက်တာ လော်လား ဝန်ခံသည်။

"အဲဒါဆိုရင် လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ဆင်ပဆန် ဆောဘီကို ဒေါက်တာ ကိုယ်တိုင် မစမ်းသပ် မစစ်ဆေးရဘဲနဲ့ ဘယ်လို ကုသမယ်ဆို ဒေါက်တာ ပြောတာဟာ မှန်းဆချက်ပဲ ဖြစ်မနေဘူးလား"



ကရပ်ထရီး တိုက်စစ်ဆင်သည်။

"ကန့်ကွက်ပါတယ်"

ဖရန်ကလင် အော်လိုက်သည်။ လိုအပ်သည့် အခါတွင် သူ့မှာ အသံ ဩဇာ အပြည့်ရှိကြောင်း ပြလိုက်ခြင်းပင် ဖြစ်သည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

တရားသူကြီး အဆုံးအဖြတ်ပေးသည်။ ထို့နောက် ဒေါက်တာ လော်လား ဘက်မှ ကာကွယ်သောအားဖြင့်–

"ဝတ်လုံတော်ရမင်းဟာ မေးခွန်းတွေ ထုတ်ဖို့ပဲ ဖြစ်တယ်၊ ဝေဖန်ချက် ပေးဖို့ မဟုတ်ပါဘူး"

ကရပ်ထရီးသည် မိမိကို ကာကွယ်ရန် ကြိုးစားရုံမျှမက အရည်အသွေး ပြည့်ဝသူ တစ်ဦး ဖြစ်ကြောင်းကို ခရစ် ဂရန့် ပထမဆုံးအကြိမ် သတိပြုမိသည်။ ဘ်ရာကို သူ လှမ်းကြည့်လိုက်သည်။

အမျိုးသမီးကလည်း သူ့ကဲ့သို့ ယူဆလျက် ရှိကြောင်း သိမြင်ရသည်။

ဤအချိန်တွင် ကရပ်ထရီးသည် သူ၏ မေးခွန်းကို ပြန်ပြီး စကားလုံး ပြင်သည်။

"ဒေါက်တာ လော်လား ခင်ဗျား၊ လူနာကို ကိုယ်တိုင် စမ်းသပ်ရတဲ့ ဆရာဝန် တစ်ယောက်ဟာ လူနာကို စမ်းသပ်ခြင်း မပြုရတဲ့ ဆရာဝန်ထက် အဲဒီလူနာကို ကုသဖို့ ဆုံးဖြတ်ရာမှာ ပိုပြီး အခွင့်အလမ်း သာနိုင်တယ် မဟုတ်လား"

"ယေဘုယျ သဘောအရ မှန်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ မှားတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိစ္စမှာ အဖြေကို ကျွန်တော်တို့ သိနေရလို့ အဖြေဟာလည်း အင်မတန် ဆိုးရွား နစ်နာတယ်"

"ဒေါက်တာ လော်လား ခင်ဗျား၊ ဒေါက်တာရဲ့ ဆေးကုသလာတဲ့ တမ်း တစ်လျှောက်မှာ မှားယွင်းမှုများ ကြုံတွေ့ခဲ့ရပါသလား၊ ရိုးသား မှားယွင်းခြင်းပေါ့"

ဒေါက်တာ လော်လား တုံ့ဆိုင်းနေသည်ကို တွေ့ရသောအခါ ကရပ်ထရီးက ဆက်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ဟာ လူသား တစ်ယောက်ပဲ ဖြစ်တယ် ဆိုတာကို ဒေါက်တာ… ဝန်ခံနိုင်တယ်၊ ဆရာဝန်တွေဟာ အမှားအယွင်း မရှိ ပြီးပြည့်စုံတယ်လို့ ဒေါက်တာ မပြောနိုင်ပါဘူး"

ကရပ်ထရီးသည် ဒေါက်တာ လော်လား ထံမှ သဘောကိုက်ညီ… ရအောင် ပျော့ပျောင်းစွာ ချဉ်းကပ်လိုက်ခြင်း ဖြစ်သည်။

"ဆရာဝန်တွေဟာ ပြီးပြည့်စုံတယ်လို့ ဘယ်တော့မှ ဟန်မဆောင်… ဘူး"

ဒေါက်တာ လော်လား ပြောသည်။

"ဆရာဝန်တွေဟာ သူတို့ရဲ့ အသိဉာဏ်ပညာအရ သူတို့ရဲ့ လုပ်ငန်း… ဝတ္တရားကျေပွန်စွာ ထမ်းဆောင်ကြရတယ် မဟုတ်လား၊ မှန်ကန်တဲ့ ကုသ… နဲ့ ညီညွတ်စေရတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတော့ ဆရာဝန် တစ်ယောက်ရဲ့ ကုသမှု မှန် မမှန်ကို သူ ကုသ… လူနာကို စစ်ဆေး ကြည့်ရှုခွင့်ရတဲ့ အခြား ဆရာဝန် တစ်ယောက်က… ဆုံးဖြတ်နိုင်မယ် မဟုတ်လား"

ကရပ်ထရီးသည် ဒေါက်တာ လော်လားကို အပိုင်ချည်မိပြီ ဟူ… ယုံကြည်ချက်ဖြင့် မေးလိုက်သည်။

သို့သော် လော်လား၏ အဖြေကို ကြားရသောအခါ သူ အံ့သြ… သည်။

"အခုကိစ္စမှာတော့ မဟုတ်ဘူး"

ဆရာဝန်၏ အဖြေ ဖြစ်သည်။

"ဘာဖြစ်လို့ပါလဲ"

"ကုသနည်းကို ရွေးချယ်တဲ့ နေရာမှာ သူဟာ နည်းအမှားကို ရွေး… တယ်၊ ကြာတဲ့ နည်းကို ရွေးခဲ့တယ်၊ မသေချာတဲ့ နည်းကို ရွေးခဲ့တယ်၊ ဒီ… အခြေအနေမျိုးမှာ ဆရာဝန် တစ်ယောက်ဟာ ကလေး တစ်ယောက်ရဲ့ အသ… နဲ့ အလောင်းအစား မလုပ်သင့်ဘူး"

ဒေါက်တာ လော်လားက အခိုင်အမာ ပြောကြားလိုက်သည်။

ကရပ်ထရီး အသေအချာ တည်ဆောက်ထားသော အခြေအနေ အ… ရပ်သည် အဖြေ တစ်ခုတည်းဖြင့် လွင့်ထွက်သွားတော့သည်။





သို့သော် သူသည် ရှေ့ဆက်ရပေမည်။

"ဒေါက်တာ ခင်ဗျား၊ ဆရာဝန် တစ်ယောက်ဟာ မှားယွင်း ကုသမှု မဟုတ်ဘဲနဲ့ အမှား တစ်ခု မဖြစ်နိုင်ဘူးလား"

သို့သော် ဤမေးခွန်းကို ဒေါက်တာ လော်လား မဖြေကြားရမီမှာပင် ခရစ် ဂရန့်သည် လော်ရာ တားနေသည့်ကြားမှ ထရပ်လိုက်ပြီး–

"ဒီရှေ့နေကြီးက ဘာပဲ ပြောပြော ကျွန်တော့် အနေနဲ့ကတော့ ကျွန်တော် မှားတယ်လို့ မပြောနိုင်ဘူး၊ သူဟာ ကျွန်တော့် ရှေ့နေ မဟုတ်ဘူး၊ အာမခံကုမ္ပဏီက ငှားထားတဲ့ လူ တစ်ယောက်ပဲ၊ ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာဝန်ခံချက်မှ သူ မပေးနိုင်ဘူး"

တရားသူကြီး ဗင်နွန်သည် အမိန့်ပေး တူကို ထုပြီးနောက် အောက်ဘက်သို့ စူးစူးဝါးဝါးကြီး စိုက်ကြည့်လိုက်သည်။

"သူငယ်ကလေး ထိုင်ပါ၊ ကိုယ့် ကိုယ် ကိုယ် ထိန်းထားပါ၊ အခု ကျုပ်တို့ အသင်ရဲ့ နှောင့်ယှက်မှုကို ဝေဖန် စဉ်းစားကြမယ်၊ ဝတ်လုံတော်ရမင်းများ ရှေ့ကို ခဏကြွပါ"

ကရပ်ထရီး၊ ဝေါလာ၊ ဖရန်ကလင်နှင့် ဟိန်ဖယ်ဒင်တို့ တရားသူကြီး ရှေ့မှောက်သို့ သွားရောက်ကြသည်။ တီးတိုးတိုင်ပင် ညှိနှိုင်းကြသည်။ ဤအမှုတွင် အာမခံကုမ္ပဏီ ပါဝင်နေသည် ဆိုသည့် အချက်ကပင် အမှု စစ်ဆေးမှုကို ပျက်ပြယ်စေနိုင်သည်။ ဂျူရော်လူကြီးများသည် ကုမ္ပဏီကြီးများ အပေါ်တွင် အာဃာတ ရှိနိုင်သည်။ သူတို့သည် လျော်ကြေးငွေ အများအပြား ပေးရန် တောင်းခံ ဆုံးဖြတ်နိုင်သည်။ သို့သော် ကရပ်ထရီးသည် အမှုကို အသစ်တစ်ဖန် ပြန်လည် စစ်ဆေးပေးသည့်အတွက် ရနိုင်သည့် အကျိုး အပြစ်တို့ကိုလည်း တစ်ဖက်တွင် တွက်ချက် စစ်ဆေးရသည်။ အသစ် ပြန်လည် စစ်ဆေးခြင်းဖြင့် ဘာမျှ အကျိုး မရှိနိုင်ပါ။ သို့ဖြင့် သူသည် အမှုကို အသစ် ပြန်စစ်ရန် မတောင်းခံပါ။

ဖရန်ကလင်ကလည်း အနည်းငယ် တုံ့ဆိုင်းပြီးနောက် အမှုကို ယခု အတိုင်း ဆက်စစ်သွားရန် သဘောတူလိုက်သည်။ အကြောင်းမှာ သူ့ အတွက် အများကြီး အကျိုးရှိနိုင်သောကြောင့် ဖြစ်သည်။ ခရစ် ဂရန့်သည် အင်မတန် စိတ်လှုပ်ရှားတတ်ပြီး လူငယ်ဆန်လှသဖြင့် ထိုးနှက် တိုက်ခိုက်၍ ရနိုင်သော သက်သေ တစ်ယောက် ဖြစ်သည်။ သူသည် ခရစ် ဂရန့်ကို ပြန်လှန် မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



များ မေးမြန်းစဉ်မှာပင် ဤအမှုကို အနိုင်ရရှိမည် ဖြစ်လေသည်။ ယင်းကြောင့် ဖရန်ကလင်သည် အမှု စစ်ဆေးမှုကို မပျက်ပြယ်စေလိုပါ။

ကရပ်ထရီးသည် ပြန်လှန် မေးခွန်းထုတ်ခြင်းကို ပြန်လည် စတင်သည်၊

"ဒေါက်တာ လော်လား ခင်ဗျား၊ အရေးကောင်း ဒိန်းဒေါင်း ဖျက်လို့ ကျွန်တော့် စကား ဘယ် ရောက်သွားသလဲတောင် မသိတော့ပါဘူး"

သက်သေပြုံးသည်။ ဂျူရော်လူကြီး အချို့ ရယ်မောသည်။ ခရစ် ဂရုစိုက်ဟန် အမူက် ဒေါသ ထွက်လာသည်။ သို့သော် လော်ရာက သူ့ကို ထိန်းထားသည်။

"ဩော် မှတ်မိပြီ၊ ဆရာဝန် တစ်ယောက်ရဲ့ အမှား တစ်ခုကို မှားယွင်း ကုသမှုလို့ အမြဲတမ်း သတ်မှတ်ပါသလားလို့ ကျွန်တော် မေးထားပါတယ်"

"မသတ်မှတ်ပါဘူး၊ အမြဲတမ်း မဟုတ်ပါဘူး"

"အဲဒီလိုဆိုရင် လူငယ် တစ်ဦးဟာ လုပ်ငန်းသဘောအရ အမှန်ကန်ဆုံး ဆုံးဖြတ်ပြီး ထုံးတမ်းစဉ်လာနဲ့အညီ ကုသရင်း တစ်စုံတစ်ခု မှားယွင်းသွားရင် သူ့ကို အပြစ်တင်ထိုက်ပါသလား"

ကရပ်ထရီးသည် အကောင်းဆုံး နိဂုံးချုပ်ကို ရရှိအောင် ကြိုးပမ်းလျက် ရှိသည်။

သို့ရာတွင် ဒေါက်တာ လော်လားက–

"ယေဘုယျသဘော ဆိုရင် အပြစ် မတင်ထိုက်ပါဘူး၊ ဒါပေမဲ့ အခု ကိစ္စမှာတော့ အပြစ်တင်ထိုက်ပါတယ်"

"ဒီကုသနည်းနဲ့ ပတ်သက်လို စာတမ်းတွေ အများကြီး ရှိနေတဲ့ တိုင်အောင်၊ အောင်မြင် ပျောက်ကင်းတဲ့ သာဓကတွေ တစ်ပုံကြီး ရှိနေတဲ့ တိုင်အောင် ဒီအလင်းကုထုံးနည်းကို ဆေးရုံကြီးတွေမှာ နေ့စဉ် နေ့တိုင်း အသုံးပြု ကုသနေတဲ့ တိုင်အောင်ပဲလား"

ကရပ်ထရီးသည် ဒေါက်တာ လော်လားနှင့် အလျှောအတင်း လုပ်လျက် ရှိသည်။

"ကုထုံးနည်း တစ်ခုကို အများ လက်ခံပြီး အသုံးပြုနေကြပေမဲ့ အဲဒီနည်းကို တစ်စုံတစ်ခုသော အခြေအနေမှာ အသုံးပြုရမယ်လို့ မဆိုလိုပါဘူး အထူးသဖြင့် အခုကိစ္စမှာ သုံးတာဟာ မှားပါတယ်၊ အင်မတန် ကြေကွဲစရာ ကောင်းပြီး တန်ဖိုး ကြီးမားလှတဲ့ အမှား တစ်ခုပါပဲ"





မိမိ၏ စွမ်းဆောင်မှု အရှိန်အဟုန် ပျက်ပြားသွားပြီ ဖြစ်ကြောင်း တရားခံဆရီး သဘောပေါက် ရတော့သည်။ ငါးများချိတ်တွင် မိနေသော ငါး တစ်ကောင်ကို ဆွဲဖြုတ်လိုက်၍ လွတ်သွားသည့်အလား သက်သေသည်လည်း သူ့ လက်ချောင်းများ အကြားမှ လွတ်ထွက်သွားပြီ ဖြစ်သည်။ သူသည် ခရစ်၏ ခင်ရောက် နှောင့်ယှက်မှုကို စိတ်ထဲမှ ကျိန်ဆဲ လိုက်မိသည်။

တစ်နေ့တာ အမှု စစ်ဆေးမှု ပြီးဆုံးသွားသည်။ တရားလို စားပွဲဘက်တွင် ကျေနပ် အားရသည့် အသွင်များ တွေ့ရသည်။ ဗွန်ရေးနီးနှင့် ဟယ်ရီဖရန်ကလင်တို့ တစ်စုံတစ်ခု ပြောဆိုနေကြသည်ကို ခရစ် တွေ့ရှိရသည်။ သူတို့ နှစ်ယောက်သည် ထူးဆန်းသော အတွဲ တစ်ခုပင် ဖြစ်သည်။ ရေးနီးက ခရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း ဖြစ်ပြီး ဖရန်ကလင်က ပုပုပိန်ပိန် ဖြစ်သည်။ မိမိ ရင်ဆိုင်ရသည့်သူမှာ ဤပုပုသေးသေး လေးသာ ဖြစ်ကြောင်း ခရစ် နားလည်ရသည်။ သူ့ စိတ်ထဲတွင် ဤလူပု လေးကို ကြောက်ရွံ့စ ပြုလာသည်။

တရားခံ စားပွဲ ဘက်တွင်ကား ကရပ်ထရီးနှင့် ဝေါလာတို့သည် ဘာ စကားမျှ မပြောကြချေ။ သို့သော် သူတို့၏ စာရွက်စာတမ်းများကို အစီအစဉ်ကျ သိမ်းဆည်းနေကြပုံကို ထောက်ချင့်ခြင်းအားဖြင့် သူတို့ အတွက် နေ့ တစ်နေ့ ဆိုးရွားစွာ ဆုံးရှုံးသွားကြောင်း ပေါ်လွင်လျက် ရှိသည်။ ကရပ်ထရီးက ဒေ စာကြည့်တိုက်သို့ သွားရောက်ရန် ရှိသည်ဟု ဆိုသည်။ ဝေါလာက လည်း သူ့မှာ ကိစ္စ တစ်ခု ရှိသည် ဆိုပြီး ထွက်သွားသည်။ သို့ဖြင့် ခရစ်နှင့် လော်ရာတို့ နှစ်ယောက်တည်းသာ တရားရုံး လှေကားထစ်များ ထိပ်တွင် ကျန်ရှိခဲ့သည်။

"ကိုယ် ဆေးရုံကို သွားရမယ်၊ ကိုယ် ကြည့်စရာ လူနာ နှစ်ယောက် ရှိတယ်"

ခရစ်က ပြောလိုက်သည်။

လော်ရာ ခေါင်းညိတ်သည်။ သူမ နားလည်သည်။

"ညီမ စောင့်မယ် ဆိုရင်တော့ ကိုယ်တို့ နည်းနည်း နောက်ကျပြီး မှ စားကြမယ်၊ ဒါမှမဟုတ် ညီမ ကိုယ်နဲ့အတူ ဆေးရုံကို လိုက်ခဲ့မလား"

"ဟင့်အင်း၊ ညီမမှာလည်း လေ့လာစရာတွေ ရှိသေးတယ်"

"ဒါဖြင့် ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ဆက်အနမ်း နမ်းရန် သူမ၏ မျက်နှာ ပေါ်သို့ ကုန်းငုံ့လိုက် သည်။ သူမက သူ့ကို ရုတ်တရက် ဆုပ်ကိုင်လိုက်သည်။ တင်းကျပ်စွာ ဖက်ထား လိုက်သည်။ သို့သော် သူ၏ နှုတ်ခမ်းများကိုတော့ ရှောင်လွှဲလိုက်သည်။

"လော်ရာ"

သူ စူးစမ်းလိုက်သည်။

"အို ညီမ ဘာဖြစ်လို့ လုပ်လိုက်မိမှန်း မသိဘူး"

မိန်းကလေး ဝန်ခံလိုက်သည်။ ထို့နောက် သူ၏ နှုတ်ခမ်းများကို သူမက နမ်းလိုက်သည်။ လှေကားထစ်များ အတိုင်း သူမ ပြေးဆင်းသွားပြီး အငှားကား တစ်စီး ပေါ်သို့ တက်သွားသည်ကို သူ ငေးကြည့်နေမိသည်။ တစ်စုံတစ်ခုတော့ ပြောင်းလဲချေပြီ။ သို့သော် သူမတွင် ပြောင်းလဲသည်လား မိမိတွင် ပြောင်းလဲသည်လားတော့ သူ မသေချာပါ။



# ၁၉

လ်ကရပ်ထရီးသည် သူ၏ ရုံးခန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တယ်လီ း ဆက်သည်။ မက်ထရိုပိုလီတန် အထွေထွေဆေးရုံကြီး အုပ်ချုပ်မှုအဖွဲ့ ၌ တွန်ဗရက်ဒီ ထံသို့ ဆက်ခြင်း ဖြစ်သည်။

နောက် သုံးနာရီ အကြာတွင် ဆေးရုံကြီး၏ အစည်းအဝေး ခန်းမ င်း၌ ကရပ်ထရီး၊ ဗရက်ဒီ၏ အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများ စုဝေးကြ ည်။ ကရပ်ထရီးက နေ့ခင်းက ရုံးတွင် ဖြစ်ပျက်ခဲ့သော မချမ်းမြေ့ဖွယ်ရာ ဖြစ်အပျက်ကို ပြန်လည် ပြောပြပြီး ရေးနိုး၏ ဥပဒေအဖွဲ့နှင့် စေ့စပ် ဆွေးနွေး ပြန်လည် ပြုလုပ်ရန် အကြံပေးသည်။

"ဒေါက်တာ ဆိုပိုနဲ့ ဒေါက်တာ ဂရန့် တို့ကို ထည့်မတွက်ဘဲနဲ့လား"

"မက်ထရိုပိုလီတန် ဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာနဲ့ အနာဂတ်က လွဲရင် များ ဘာကိစ္စကိုမှ ထည့်မတွက်ဘဲနဲ့ပဲ"

ကရပ်ထရီး တင်ပြသည်။ အက်ဗရိဝေါလာ သဘောတူသည်။ အမှုကို င်လက် စစ်ဆေးနေလျှင် အကျိုးနည်းဖွယ်ရာသာ ရှိသည်ဟု သူ သိမြင်နေ ည်။

ဗရက်ဒီကမူ ဤကိစ္စကို ဒေါက်တာ ဆိုပိုနှင့် တိုင်ပင် ဆွေးနွေးလိုသည်။ ဝင် အချို့ကလည်း သူ့ကို ထောက်ခံကြသည်။ သို့သော် ကရပ်ထရီးက တ် ဆန့်ကျင်သည်။

"သူ ကျွန်တော်တို့ကိုပါ လမ်းလွဲအောင် လုပ်ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဖော့စတာက ဒေါက်တာ ဆိုဖို ဘက်မှ ခုခံ ကာကွယ်သည်။

"ကျွန်မ သဘောမတူဘူး၊ ကျွန်မ သိသလောက်တော့ ဒေါက် ဆိုဖိုဟာ လေးစား ကြည်ညိုဖွယ်ရာ အကောင်းဆုံး လူ တစ်ယောက်ပဲ၊ ကျွ သမီး အီမီလီ ကိုယ်ဝန်ရှိတုန်းက သူပဲ တာဝန်ယူပြီး စောင့်ရှောက်ခဲ့တ တခြား ဆရာဝန်တွေက ကိုယ်ဝန်ကို မယူဖို့ ပြောခဲ့ကြတယ်၊ သူနဲ့ သာ ဆရာဝန်က သမီးကို ချောချောမောမော မီးဖွားစေခဲ့တယ်၊ ကျွန်မ မြေးက ကို ကျွန်မ သိပ်ရတဲ့ ညတိုင်းမှာပဲ သူဟာ မိုက်ဆိုဖိုကြောင့်သာ ဒီလောက ထဲကို ရောက်လာတဲ့ အကြောင်း စဉ်းစားမိတယ်"

ကရုပ်ထရီးသည် မကျေနပ်ဟန်ဖြင့် ကုလားထိုင်ကို ကျောမှီလို သည်။ မစ္စက် ဖော့စတာသည် ယင်းကို အထူးပင် မနှစ်သက် ဖြစ်သွားသ

"ကျွန်မ အခု ပြောနေတာဟာ ဆန္ဒစွဲ တစ်ခုတည်းနဲ့ ပြောနေ မဟုတ်ပါဘူး၊ သူဟာ လူကောင်း တစ်ယောက်ပဲ၊ ကျွန်မတို့ဟာ ကျွန် ဆေးရုံမှာ အမှုထမ်းနေတဲ့ လူငယ်ကလေးတွေကို အရေးကြုံတဲ့ အခါမှာ မ ကွယ်ဘူး ဆိုရင် ကျွန်မတို့ ဆေးရုံကြီးရဲ့ အနာဂတ်ဟာ အများကြီး ထိခိုက် တယ်လို့ သူ ထောက်ပြခဲ့တယ်"

ကရုပ်ထရီးသည် ဥက္ကဋ္ဌ ဘက်သို့ လှည့်လိုက်ပြီးနောက်–

"မစ္စတာ ဖရက်ဒီ ခင်ဗျာ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောရမလ

"ပြောပါ၊ ဒီအချိန်မှာ ဘာမှ ခွင့်တောင်းနေစရာ မလိုပါဘူး"

"ရှေ့နေ တစ်ယောက်ဟာ သူ့ဘက်က အချက်အလက်တွေနဲ့ တစ် က တင်ပြတဲ့ အချက်အလက်တွေကို ကြည့်ပြီး အမှုကြီး တစ်ခုလုံးရဲ့ အ အထားကို သူ ရှင်းရှင်းကြီး သိမြင်နိုင်ပါတယ်"

"ပြီးခဲ့တဲ့ အစည်းအဝေးတုန်းက ကျွန်တော်ဟာ ဒေါက်တာ ဆို စကားကို အများကြီး နားဝင်ခဲ့တယ် ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ က မနက် ရုံးခန်း ထဲမှာ တွေ့ရတဲ့ အတွေ့အကြုံအရ၊ ဆရာဝန်ကြီးတွေရဲ့ အ ချက်တွေအရ ကြည့်လိုက်တဲ့ အခါမှာ မြင်ကွင်း တစ်ခုလုံးဟာ အထင်း ပေါ်လာတယ်၊ ဒေါက်တာ ဂရန့်ဟာ သူ့ အပေါ်မှာ စွဲဆိုချက်တွေကို ဘယ် မတုံ့ပြန် မတွန်းလှန်နိုင်ပါဘူး၊ ကနေ့ အထူး ဂရုပြုနေတာကတော့ ဒေါက် ဂရန့်ပဲ၊ ဒါပေမဲ့ နက်ဖြန် သန်ဘက် ဆိုရင် သူ မဟုတ်တော့ဘဲ မက်ထ တန် ဆေးရုံကြီး ဖြစ်လာလိမ့်မယ် အဲဒီတော့ ကျွန်တော်တို့ဟာ သူ့ကို အတွက် ကာကွယ်နေကြသလဲ။





"ကျွန်တော်တို့ ဘယ်လို လုပ်ပြီး သိနိုင်ကြမလဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ စစ်ခါစတုန်းက တရားရုံး ခန်းမဘက်မှာ နားထောင်တဲ့ လူ ဘယ်သူမှ ဘူး၊ ဒါပေမဲ့ ကနေ့ ဆိုရင် အပြင်ဘက် စင်္ကြံမှာကို ပြည့်လျှံနေပြီ၊ အဲဒီ ထဲမှာ သတင်းစာ ဆရာတွေလည်း အများကြီးပဲ၊ ကျွန်တော်တို့ဟာ သိပ်ပြီး ခြေအနေ မရှိတဲ့ ဆရာဝန်တွေကို အကာအကွယ် ပေးရင်း ပေးရင်းနဲ့ ဒီ ဆေးရုံကြီးဟာ သံသယ ဖြစ်ဖွယ်ရာရှိတဲ့ ကုထုံးနည်းတွေကို အသုံးပြုနေတယ် ပရိသတ်ကြီးက ပြောလာလိမ့်မယ်"

"အဲဒီကိစ္စ ဒေါက်တာ ဆိုဖိုနဲ့ ဘယ်လို သက်ဆိုင်သလဲ"

"အင်မတန် သိမ်မွေ့ပြီး၊ အင်မတန် ပညာတော်ပြီး၊ အင်မတန် စရာ ကောင်းတဲ့ လူကြီးဟာ မရည်ရွယ်ဘဲနဲ့ ကျွန်တော်တို့ကို တစ်ခါ မ်းများကို ခေါ်သွားခဲ့ပြီ၊ ဒါပေမဲ့ ကနေ့ ဖြစ်ပျက်ရတဲ့ အခြေအနေတွေကို စကားအရ ကြည့်မယ် ဆိုရင်ကိုပဲ ကျွန်တော်တို့ဟာ ဒီအမှုကို အမြန်ဆုံး တန်းက ရပ်သင့်တယ်၊ ကျွန်တော်တို့ဟာ ဒေါက်တာ ဂရန့်ကို မကာကွယ်ခဲ့ ရှိရင် အလားအလာရှိတဲ့ ဆရာဝန်တွေဟာ ဒီဆေးရုံကြီးကို လာကြမှာ ဟုတ်ဘူးလို့ ဒေါက်တာ ဆိုဖိုက ပြောခဲ့တယ်၊ အဲဒီတော့ ကျွန်တော်က ဝင် လူကြီးများ ကို မေးပါရစေ၊ ကျွန်တော်တို့ ဆေးရုံကြီးရဲ့ ဂုဏ်သိက္ခာ ပေါ်း ပျက်စီး သွားခဲ့လို့ ရှိရင်ကော သူတို့ဟာ လာချင်ကြပါဦးမလား"

ဖရက်ဒီ စိတ်ထဲမှာ ရှုပ်ထွေးသွားသည်။ သူသည် ကရုပ်ထရီး၏ တင်ပြ ခိုင်လုံလှသည်ကို တွေ့ရှိရသော်လည်း နောက် ဖြစ်ပေါ်လာမည့် အခြေ များအတွက် စိုးရိမ်မကင်း ရှိသဖြင့်–

"ကျွန်တော်တို့ တစ်ခုခု မလုပ်ခင် ဒေါက်တာ ဆိုဖိုနဲ့ အလျင် ဆွေးနွေး မကောင်းဘူးလား"

ဤတွင် ဝေါလာ ကြားဖြတ်ပြီး ပြောသည်။

"အဲဒီအဆိုကို ကျွန်တော် သဘောမတူဘူး၊ လူကြီးမင်းတို့ဟာ ဒီ ဆေးရုံကြီးကို အုပ်ချုပ်ဖို့ အာဏာရထားတဲ့ လူတွေပဲ၊ လူကြီးမင်းတို့ကို ဆေးရုံ ရဲ့ ဝန်ထမ်း တစ်ဦးသာ ဖြစ်တဲ့ လူ တစ်ယောက်က ဘယ်လိုမှ ဦးဆောင် အကြောင်း မရှိဘူး၊ ဒီအစည်းအဝေးကြီးက ဆုံးဖြတ်ချက် တစ်ခု ချမှတ် မြန်လေ ကောင်းလေပဲ"

ပတ်ဝန်းကျင်ကို ဝေါလာ ကြည့်လိုက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းတို့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်ဖို့ အတွက် ကျွန်မ တို့ အပြင် ထွက်ပေးပါ ဆိုရင် ထွက်ပေးပါ့မယ်၊ အဲဒီတော့ ကျွန်တော် အနေနဲ့ ဘာအကြံများ တင်ပြပေးဖို့ ရှိပါသေးသလဲ"

မစ္စက် ဖော့စတာ လက်ထောင်လိုက်ပြီး–

"မိုက်ဆိုဗိုက သူ နုတ်ထွက်မယ် ဆိုရင် ကျွန်မတို့ ဘာလုပ်ကြမ

"ဒါကတော့ မကောင်းတဲ့ အကြောင်း တစ်ခုပဲ၊ ဒါပေမဲ့ လူတွေ ပြော နေလည်း ဆေးရုံကြီးကတော့ အစွန့်ရှည်နေမှာပဲ"

ဝေါလာက ပြောလိုက်သည်။

ဗရက်ဒီ၏ မေတ္တာ ရပ်ခံချက်အရ ရှေ့နေ နှစ်ယောက် အခန်း ထွက်သွားကြသည်။

အမှုကို အမြန်ဆုံး ပြေလည် ပြီးစီးရေးအတွက် ဆွေးနွေးရန် ဝေ ကရပ်ထရီးနှင့် အက်ဗရီဝေါလာတို့အား အခွင့်အာဏာ ပေးအပ်ကြောင်း ညသန်းခေါင်ကျော် အချိန်တွင် အစည်းအဝေးက မဲခွဲ ဆုံးဖြတ်လိုက်သည် မစ္စက်ဖော့စတာမှ တစ်ပါး အားလုံး ထောက်ခံမဲ ပေးကြသည်။ မစ္စက်ဖော့စ မဲမပေးဘဲ ကြားနေသည်။ ယင်း မဲခွဲ ဆုံးဖြတ်သည့် အကြောင်းကို မိုက်ဆို ခရစ် ဂရန့်တို့ တော်တော်နှင့် သိရှိကြဦးမည် မဟုတ်ချေ။

နောက်တစ်နေ့ နံနက် အမှု မစစ်ဆေးမီတွင် ပေါလ်ကရပ်ထရီး တရားသူကြီး ဗင်နွန်နှင့် တွေ့ဆုံပြီးနောက် အမှုကို အကျေအလည် ဆွေးနွေး၍ ပြီးစီးနိုင်ကြောင်း တင်ပြရာ ဗင်နွန်က ထိုသတင်းကို ခေါင်းညိတ် လက်ခံသည်။ သူ့ ရုံး၏ သိက္ခာကို သူ ထိန်းသိမ်းရမည် ဖြစ်သည်။

ထိုနေ့ နံနက်အတွက် ပထမဆုံး သက်သေကို ဟယ်ရီဖရန်ကလင် ရုံးတော်သို့ တင်သွင်းစဉ်တွင် တရားသူကြီး ဗင်နွန်၏ အတွင်းရေးမှူး စာရွက်ခေါက်ကလေး တစ်ခုကို ကရပ်ထရီး၏ စားပွဲပေါ်တွင် တင်လာသည် ကရပ်ထရီးနှင့် ဝေါလာတို့ကို မြို့မ အားကစား ကလပ်သို့ နေ့လယ်စာ သောက်ရင်း တွေ့ဆုံ ဆွေးနွေးရန် ဖိတ်ကြားခြင်း ဖြစ်သည်။ တွေ့ဆုံ ဆွေး ရန် ချိန်းဆိုထားသည့် အလျောက် ဟယ်ရီဖရန်ကလင်သည် သူ၏ လုပ်ငန်း အေးဆေးစွာပင် ဆက်လက် လုပ်ဆောင်လျက် ရှိသည်။ မည်သည့် အကြော ကြောင့်ပင် ဖြစ်စေ လူဖလံကလေးသည် ကနေ့ မနက်တွင် အချိန်ဆွဲ ရှိသည်ကား အမှန်ပင်။





ယနေ့နံနက် အစစ်ခံသည့် ပါရဂူမှာ ဗာလတီမိုး ဆေးရုံကြီးမှ ထင်ရှား ကျော်ကြားသော ဒေါက်တာ အီယိယော့ဘောကာ ဖြစ်သည်။ သူသည် ကလေး သူငယ် ဆိုင်ရာ ပါရဂူ တစ်ဦး ဖြစ်သည်။ မွေးကင်းစ ဌာနမှူး ဖြစ်သည်။ ဖရန်ကလင်သည် သူ ရေးသားခဲ့သော စာတမ်းနှင့် ကျမ်းများ အကြောင်းကို နာရီဝက် ကျော်ကျော်မျှ မိတ်ဆက် တင်ပြရသည်။ ဒေါက်တာ ဘောကာသည် လူတွေ ထင်မှတ်ထားကြသည်ထက် ငယ်ရွယ်သည်။ သို့သော် သူသည် အရည် အချင်း ပြည့်ဝသော ပါရဂူ အဖြစ် အားလုံး၏ စိတ်အာရုံတွင် ထင်ရှားလျက် ရှိသည်။

ဘောကာ၏ အစစ်ခံချက်သည် ယမန်နေ့က အစစ်ခံသွားသော ဒေါက်တာ လော်လား၏ အစစ်ခံချက်နှင့် အနည်းငယ်မျှသာ ကွဲပြား ခြားနား သည်။ သူသည် ဆင်ပဆန် ဘေဘီကို စစ်ဆေး ကြည့်ရှုရပြီး ဦးနှောက် ပျက်ယွင်းလျက် ရှိကြောင်းကို တွေ့ရှိရသည်။ ထို့အပြင် လူနာမှတ်တမ်းများ နှင့် စောစောပိုင်း စစ်ဆေးချက်များကို ကြည့်ရှုရခြင်းအားဖြင့် ကလေးငယ်သည် မွေးဖွားစ အချိန်တွင် ကျန်းမာကြောင်းလည်း သူ သိရှိထားသည်။ ကလေး ငယ်၏ ဦးနှောက် ပျက်ယွင်းရခြင်းသည် မွေးဖွားပြီး နောက်ပိုင်းတွင် မှားယွင်း သော ကုသမှုများကြောင့်သာ ဖြစ်မည်ဟု ယူဆရသည်။

ဒေါက်တာ ဘောကာသည် အလင်းကုထုံးနည်း ပေါ်တွင် အတော် ကလေးပင် အကောင်းမြင် ရှိသည်။ ယင်းကုသနည်းကို သူ၏ ဆေးရုံတွင် အသုံးပြုသည်။ သူ ကိုယ်တိုင်လည်း ကုသမှု တော်တော်များများတွင် အသုံးပြု ခဲ့သည်။ သို့သော် သူသည် ဤကုသနည်း တစ်ခုတည်း အပေါ်တွင်ကား အားထားခြင်း မပြုချေ။

ဒေါက်တာ ဘောကာ၏ အစစ်ခံချက် တစ်လျှောက်လုံးကို ခရစ်နှင့် လော်ရာက အာရုံစူးစိုက်၍ နားထောင်ကြသည်။ ဒေါက်တာ ဘောကာ ထွက်ဆို သွားသည့် အချက် တော်တော်များများကို ခရစ် သဘောတူညီသည်။ ဘောကာ သည် တရားလိုဘက်က တင်သွင်းသော သက်သေ တစ်ဦး ဖြစ်သော်လည်း ဘက်လိုက်ခြင်း အလျှင်း မရှိချေ။ ဖရန်ကလင်ကလည်း ဤသက်သေကို သူ လိုချင်သည့် ဘက်သို့ ရောက်အောင် ဆွဲခေါ်သွားခြင်း မရှိချေ။

ဖရန်ကလင်သည် ဒေါက်တာ ဘောကာ အနေနှင့် ဒေါက်တာ လော် လား၏ ထွက်ဆိုချက်အား ထောက်ခံသည်ကိုပင်လျှင် ကျေနပ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် ယင်းသို့ သိရှိနေရာမှ ရုတ်တရက် ဆိုသလို မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ဒေါက်တာ ဘောကာ ခင်ဗျား၊ ဖုံးကွယ်လက္ခဏာ ဆိုတာ ဆေးပညာမှာအထူး အဓိပ္ပာယ် ရှိပါသလား"

"ရှိပါတယ်"

"လူအများ နားလည်အောင် ရှင်းပြနိုင်ပါသလား"

"အင်း... အဲဒီ သဘောကတော့ ကုသမှု တစ်ခုကြောင့် ရောဂါလက္ခဏာဟာ ပျောက်ကွယ်သွားပြီး ရောဂါ အမှန်ကို သိရှိဖို့ ခက်ခဲသွားတာမျိုးပါ"

"နမူနာ တစ်ခုလောက် ပြပါလား"

"အလွယ်ကူဆုံး ပုံစံကတော့ နာကျင်ကိုက်ခဲမှုကို ပျောက်ကင်း သွားအောင် လုပ်လိုက်တာမျိုးပဲ၊ နာကျင် ကိုက်ခဲမှုဟာ တစ်ခါတစ်ခါမှာ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်နိုင်ဖို့ အတွက် လိုအပ်တယ်၊ ဒါပေမဲ့ နာကျင် ကိုက်ခဲမှုကို သက်သာသွားအောင် ဆေးပေးလိုက်တဲ့အတွက် ဆရာဝန်ကို လမ်းလွဲ သွားစေနိုင်ပါတယ်၊ ရောဂါ အခြေအနေကို အမှန်ထက် လျှော့ပြီး တွက်စေနိုင်တယ်"

"အလင်းကုထုံးနည်းကကော ဒီသဘောကို ဆောင်ပါသလား"

"ဆောင်ပါတယ်၊ အလင်းကုထုံးနည်းဟာ သွေးထဲမှာ ရှိနေတဲ့ ဗီလီရူဗင်တွေကို လျော့နည်းသွားစေတယ်၊ အဲဒီလို လျော့နည်းသွားတဲ့ အတွက် အခြေအနေအမှန်ကို ဖုံးကွယ်သွားတယ်"

"ယခု ကိစ္စမှာကော ဒီသဘောမျိုး ဖြစ်နိုင်တယ်လို့ ဒေါက်တာ ယူဆပါသလား"

"အများကြီး ဖြစ်နိုင်ပါတယ်၊ ဒီအတိုင်း ဖြစ်တယ်လို့ ပြောနိုင်ပါတယ်၊ အထူးသဖြင့် အတွေ့အကြုံ နည်းပါးသေးတဲ့ လူငယ်တွေဟာ..."

ကရပ်ထရီး ကန့်ကွက်သည်။ သူ၏ ကန့်ကွက်ချက်ကို တရားသူကြီးက လက်ခံသည်။ ဖရန်ကလင်က ဆက်ပြီး တိုက်သည်။

"ဒေါက်တာ ဘောကာ ခင်ဗျာ၊ လူနာမှတ်တမ်းမှာ ပါရှိတဲ့ အချက်အလက်တွေအရ၊ ဗီလီရူဗင် တစ်ဆယ့်ခြောက် ရှိပြီး အာရ်အိပ်ချ် မတည့်မှု ရှိနေချက်အရ အဲဒီလူနာကို ဘယ်နည်းနဲ့ ကုသရမယ်လို့ ဒေါက်တာ ယူဆပါသလဲ"





"တစ်နည်းပဲ ရှိတယ်၊ အမြန်ဆုံး သွေးဖလှယ် ရပါမယ်"

ပြန်လှန် မေးခွန်း ထုတ်ရန် ကရပ်ထရီး ထလိုက်သည်။ သို့သော် တရားသူကြီး ဗင်နွန်က ကြားဖြတ်လိုက်သည်။ နေ့လယ် ခွေးနွေးပွဲ ရှိသည်ကို အမှတ်ရသဖြင့် ဗင်နွန်က–

"မစ္စတာ ကရပ်ထရီး၊ ဒေါက်တာ ဘောကာကို နေ့လယ်ပိုင်း နားပြီး ပြန်စတော့မှ ပြန်လှန် မေးခွန်း ထုတ်ရင် မကောင်းဘူးလား"

"ကောင်းပါတယ် တရားသူကြီးမင်း"

ကရပ်ထရီးက အလွယ်တကူပင် သဘောတူလိုက်သည်။ ခရစ်က ဒေါသဖြင့် ဝေါလာကို ပြောလိုက်သည်။

"သူ ပြောတဲ့ စကားတွေ ဇူရော်လူကြီးတွေရဲ့ ခေါင်းထဲမှာ ပူပူနွေးနွေး ရှိနေတုန်း သူ့ကို မေးစရာ ရှိတာ မေးပါ"

"ကျွန်တော့် နည်းနဲ့ ကျွန်တော် လုပ်နေတာပဲ ဒေါက်တာ"

ကရပ်ထရီးက ခရစ်ကို ပြန်ပက်လိုက်သည်။ ထို့နောက် တရားသူကြီးက လှည့်လျက်–

"နေ့လယ်ပိုင်း စောစော နားဖို့ ကျွန်တော်တို့ သဘောတူပါတယ်၊ ဒါပေမဲ့ ကနေ့ညနေပိုင်း အမှု စစ်ချိန်မှာ ဒေါက်တာ ဘောကာ အသင့် ရှိနေဖို့တော့ ကျွန်တော်တို့ တောင်းဆိုပါတယ်"

ဒေါက်တာ ဘောကာက အဆင်သင့် ရှိနေပါမည်ဟု သဘောတူသော အခါ အမှုစစ်ဆေးခြင်းကို နေ့လယ် တစ်နာရီခွဲ အထိ ရွှေ့ဆိုင်းလိုက်သည်။

*

သူတို့သည် အမှု ယှဉ်ပြိုင်ဘက်များ အဖြစ်နှင့် တရားရုံးမှ ထွက်ခွာသွားကြသော်လည်း ဖရန်ကလင်၊ ရေးနီး၊ ကရပ်ထရီးနှင့် ဝေါလာတို့သည် မြို့မအားကစား ကလပ် ယမကာဆောင် အတွင်းရှိ ရေးနီး၏ သီးသန့် စားပွဲတွင် အမြန်ဆုံး ပြန်လည် စုဝေးကြသည်။ သူတို့သည် ယမကာ သောက်ရင်း အမှုကိစ္စမှအပ အကြောင်းအရာမျိုးစုံကို စပ်မိစပ်ရာ ပြောဆိုနေကြသည်။ ခေါ်သီးရိုက်သည့်အကြောင်း၊ အိမ်က မိန်းမများအကြောင်း၊ အစိုးရအကြောင်း စသည့် ယံစရာ မောစရာ ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်း တာဝန်ခံသည် ရေးနီး အနီးသို့ ရောက်ရှိလာပြီး တီးတိုး စကားပြောသည်။ ရေးနီး ခေါင်းညိတ်လိုက်ပြီး သူ၏ ဧည့်သည်များကို သီးသ ထမင်းစားခန်း ဆီသို့ ခေါ်ဆောင်သွားသည်။ ထမင်းစားပွဲတွင် လေးယောက်စာ အသင့် ပြင်ဆင်ထားသည်။ မစ္စတာ ရေးနီးက ကလပ်၏ အကောင်းဆုံး ဟင်းလျာများကို မှာကြားသည်။ မည်သည့် ဟင်းလျာများကို မည်သို့ ပြုလုပ်ရန် လည်း အသေးစိတ် ညွှန်ကြားသည်။ သို့သော် သူ့ အတွက်ကာ ဘာတစ်ခုမျှ မမှာကြားချေ။ သူက ကော်ဖီပဲသောက်မည် ဖြစ်သည်။ ယင်းသို့ စီစဉ်သည့် အကြောင်းကလည်း နောက်ပိုင်းတွင် အဖြေထွက်လာသည်။ ဖရန်ကလင်၊ ကရပ်ထရီးနှင့် ဝေါလာတို့ စားသောက်နေကြစဉ်တွင် သူက စကားပြောသည်။

"လူကြီးမင်းတို့ ဥပဒေကိစ္စ အဝဝကို မပြောကြခင်မှာ ကျွန်တော် အလျင် ပြောချင်တာ တစ်ခု ရှိတယ်၊ အဲဒါကတော့ နောက်ဆုံးပိတ် ဆုံးဖြတ် ချက်ကို ပေးနိုင်မယ့် လူကတော့ ကျွန်တော့် သမက်ပဲ ဖြစ်ပါတယ်၊ ဘာဖြစ်လို့ လဲ ဆိုတော့ သူက သူ့ အတွက်နဲ့ ကျွန်တော့် မြေးအတွက် တရားစွဲဆိုတဲ့ တရားလို ဖြစ်လို့ပါပဲ"

ကရပ်ထရီးနှင့် ဝေါလာတို့သည် ရေးနီး၏ ဆိုလိုရင်းကို သဘော မပေါက်ဟန်ဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ကျွန်တော်ရဲ့ သမက်ဟာ ကျွန်တော် ပေးတဲ့ အကြံဉာဏ်အတိုင်း လိုက်လုပ်မယ် ဆိုတာတော့ ကျွန်တော် သံသယ မရှိဘူး"

ထို အခန်းထဲရှိ မည်သူကမျှလည်း သံသယ မရှိပါ။ ကရပ်ထရီးသည် ကစ်စုံတစ်ရာ သဲလွန်စ ရလိုရငြား ဟူသော သဘောဖြင့် ဖရန်ကလင်ကို လှမ်းကြည့်လိုက်သည်။ သို့သော် ဖရန်ကလင်သည် နေ့လယ်စာကိုသာ အား ပါးရ မြိန်ရေရှက်ရေ စားနေသည်။

"ကျွန်တော်တို့ အချက်တစ်ချက်ကို နားလည် ရှင်းလင်းထားတယ် ဆိုရင်တော့ ဈေးဆစ်တဲ့ အလုပ် အများကြီး သက်သာသွားလိမ့်မယ်၊ အဲ ကတော့ ဂရန့်နဲ့ ပတ်သက်ပြီး ဘယ်လိုမှ ကျေအေးမှု မပြုနိုင်ဘူး ဆိုတဲ့ အချက်ပဲ၊ ရှင်းသလား"

ရေးနီးက ပြောလိုက်သည်။

ဝေါလာနှင့် ကရပ်ထရီး စားသောက်မှု ရပ်တန့်သွားသည်။ ယ အချိန်အထိ သူနှင့် ဘာမျှ မဆိုင်သလို ရှိနေသော ဖရန်ကလင်ကို ကရပ်ထ





ည့်ကြည့်လိုက်ပြန်သည်။ ယင်း၏ အဓိပ္ပာယ်မှာ ရေးနီးသည် စေ့စပ်ဆွေးနွေး ၎င်း ပတ်သက်ပြီး သူ့ ရှေ့နေနှင့် တိုင်ပင်ပြီးပြီ ဟူသည့် သဘောပင် ဖြစ်သည်။ ရန်ကလင်သည် ရေးနီး ဘာ ဆိုလိုချင်ကြောင်းကို အတိအကျ သိရှိပြီး သဘောတူညီပြီး ဖြစ်သည်။ သို့ဖြင့် သူတို့တွင် တကယ့် တကယ် စေ့စပ် ဆွေးနွေးရန် သောင်ကျဉ်းကျဉ်းကလေးသာ ရှိသည်။ သို့သော် ကရပ်ထရီး သည် အာမခံကုမ္ပဏီ၏ ရှေ့နေဖြစ်သဖြင့် ပြောစရာ ရှိသည်ကိုတော့ ပြောရ လိမ့်မည်။

"ကျွန်တော်တို့ရဲ့ အနေအထားကို မစ္စတာ ရေးနီး နားလည်ပါလိမ့်မယ်၊ ဆေးရုံကြီးနဲ့ ပတ်သက်ပြီး ထားတဲ့ အာမခံစာချုပ်အရ ကျွန်တော်ရဲ့ အမှုသည် ဟာ ဆေးရုံကြီးနှင့်တကွ ဆေးရုံ အမှုထမ်းတွေကို ကာကွယ်ပေးဖို့ တာဝန် ရှိပါတယ်"

မစ္စတာ ရေးနီး ခေါင်းညိတ်လိုက်သည်။ ကရပ်ထရီး၏ စကားကို ဆက်ပြီး ပြောစေခြင်းပင် ဖြစ်သည်။

"ကျွန်တော်တို့ဟာ ဂရန့်နဲ့ ပတ်သက်ပြီး မဖြေရှင်းနိုင်သလို အလား ဆေးရုံကြီးနဲ့ ဒေါက်တာ ဆိုဗိုနဲ့ ပတ်သက်ပြီး စေ့စပ်ဆွေးနွေးမှု မလုပ်နိုင် ကျွန်တော်တို့ရဲ့ အခြေအနေဟာ တိုးတက် ကောင်းမွန်လာစရာ မရှိပါဘူး၊ န်တော်တို့ ကုမ္ပဏီဟာ အခုအချိန်အထိ ဂရန့်ကို ကာကွယ်ပေးဖို့ တာဝန် ပါတယ်၊ ဘယ်လောက်ပဲ တန်ဖိုးကြီးကြီးပေါ့၊ အဲဒီအခြေအနေအရ ပြောရ တော့ ကျွန်တော်တို့ဟာ စေ့စပ် ဆွေးနွေးဖို့ မဖြစ်နိုင်ပါဘူး၊ ဆေးရုံကြီးကို ည်း စေ့စပ် ကျေအေးဖို့ ကျွန်တော် အကြံပေးနိုင်မှာ မဟုတ်ပါဘူး"

ရေးနီးက ဖရန်ကလင်ကို လှမ်းကြည့်လိုက်သည်။ ဖရန်ကလင်သည် ပ်ကို လက်သုတ်ပဝါကြီး တစ်ထည်ဖြင့် သုတ်ပြီး လည်ချောင်း ရှင်းလိုက် သည်။ ယခုအခါတွင် သူသည် တရားရုံး အတွင်း၌ ဂျူရော်လူကြီးများကို သလို အသံပျော့ပျော့နှင့် မပြောဘဲ အသံပြည့်ပြည့်ဖြင့်ပင် ပြောဆိုလေ သည်။

"မစ္စတာ ရေးနီးရဲ့ စိတ်ထဲမှာ ရှိနေတဲ့ အချက်ကို ရှင်းပြပါမယ်၊ ဒေါက်တာ ဆိုဗိုကိုရော၊ မက်ထရိုပိုလီတန် ဆေးရုံကြီးကိုရော ဘယ်လို ယာတတရား မရှိပါဘူး၊ ဒါပေမဲ့ သူဟာ ပြည်သူလူထု တစ်ရပ်လုံးကို အကွယ်ပေးတဲ့ အနေနဲ့ ဒေါက်တာ ဂရန့်လို ပေါ့ပေါ့ဆဆနဲ့ အမှားမှား



www.burmeseclassic.com

www.burmeseclassic.com



အယွင်းယွင်း ကုသတဲ့ ဆရာဝန်မျိုး အပေါ်မှာတော့ သူ အလေးအနက် ထား
တားပါတယ်"

"ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီတရားခံတွေကို ဘယ်လို လုပ်ပြီး ခွဲ
မလဲ"

ကရပ်ထရီးက မေးလိုက်သည်။

ဖရန်ကလင်က သူ့ လက်ထဲမှ ခက်ရင်းကို ဆော့ကစားရင်း–

"တကယ်လို့ အာမခံကုမ္ပဏီက ကျေအေးဖို့ ဆုံးဖြတ်ခဲ့ရင် ဆေးရုံ
ကလည်း မလွဲသာ မရှောင်သာ ကျေအေး..."

"ဒါအတွက်တော့ အရေးမကြီးပါဘူး၊ ကျွန်တော် ပွင့်ပွင့်လင်းလင်း
ပြောပါ့မယ်၊ ကျွန်တော်တို့က ကျေအေးဖို့ အသင့် ရှိပါတယ်"

ဝေါလာက ကြားဖြတ်ပြီး ပြောလိုက်သည်။

"အဲဒါဆိုရင်လည်း ဆိုဗိုနဲ့ ဂရန့် ကျန်နေသေးတယ်၊ ကျွန်တော်
ငါးမျှားချိတ်မှာ ငြိနေတုန်းပဲ"

ကရပ်ထရီးက သတိပေးလိုက်သည်။

"တကယ်လို့"

ဖရန်ကလင် စကားစလိုက်သည်။ ထို့နောက် ဆက်မပြောဘဲ ...
ကို သောက်နေသည်။

"တကယ်လို့ ဘာဖြစ်သလဲ"

ကရပ်ထရီးက စကားဆက် တောင်းခံလိုက်သည်။

"ဒီမယ် ကရပ်ထရီး၊ အာမခံစာချုပ်ကို ကျွန်တော် သေသေချာချာ
လေ့လာပြီးပြီ၊ စာချုပ်ပါ အချက်အလက်တွေအရ ဆိုရင် အာမခံကုမ္ပဏီ
ကျေအေးချင်လို့ ရှိရင် ဆေးရုံကြီးကလည်း ကျေအေးမှ ဖြစ်မယ်"

"ဆေးရုံကြီးကတော့ ကျေအေးဖို့ အသင့် ရှိနေတာပဲ"

ဝေါလာက ပြောလိုက်သည်။

"ဒီမယ်" ဖရန်ကလင်က သူ့ ရုံးမှာ လက်အောက်ငယ်သားများ
အပြစ်တင် ပြောဆိုသည့် သဘောမျိုးဖြင့်–

"ကျွန်တော် ပြောနေတဲ့ အချက်က အာမခံကုမ္ပဏီက စာချုပ်ထား
လူဟာ ဂရန့် မဟုတ်ဘူး၊ စာချုပ်ပါ အချက်အလက်တွေမှာ အကျုံး မဝင်
ဆိုလိုတာက သူ့မှာ ကျေအေးဖို့ တာဝန် မရှိဘူး၊ နောက်ပြီးတော့ သူ့





...ဆေးရုံကြီးနဲ့ မပတ်သက်တော့ဘူး ဆိုရင် သူ့ကို ခင်ဗျားတို့ ဘာမှ အလာ
...ကွယ် ပေးနေစရာ မလိုတော့ဘူး၊ အတိုချုပ် ပြောရရင် ဆေးရုံကြီးက
...စပ် ကျေအေးချင်ပြီး ဂရန့်က မကျေအေးချင်ဘူး ဆိုရင် သူဟာ ဘာမှ
...ဆိုင်တော့ဘူး"

"ဟုတ်ပြီ၊ ဒါပေမဲ့ ဂရန့်ဟာ အမှုကို သူ တစ်ယောက်တည်း ဆက်ပြီး
...ဆိုင်မယ့် အစား ကျေအေးမယ် ဆိုရင် ဘယ့်နှယ် လုပ်မလဲ"

ဝေါလာက မေးလိုက်သည်။

ဖရန်ကလင်က ရေးနီးကို ကြည့်လိုက်သည်။ ထိုအခါ ရေးနီးက–

"ကျွန်တော် ပြောမယ် လူကြီးမင်းတို့၊ ကျွန်တော်ဟာ စီးပွားရေး
...ပင်န်းမှာ ကျွမ်းကျင်လို့ ချမ်းသာ ကြွယ်ဝလာတယ်လို့ လူတွေက ထင်နေကြ
...ယ်၊ အဲဒါ မဟုတ်ဘူး၊ တကယ်တော့ ကျွန်တော်ဟာ လူတွေရဲ့ သဘာဝကို
...လည်လို့ ကြီးပွားလာခဲ့တာပဲ၊ ဂရန့် မကျေအေးပါဘူး၊ ဒီလို ဒေါသကုမ္ပာရ
... ဘယ်တော့မှ မကျေအေးပါဘူး၊ ကျွန်တော် ကောင်းကောင်းကြီး လောင်းရဲ
...တယ်"

ဤအခါတွင် ကရပ်ထရီးသည် သူ၏ လိုလားချက်ကို ရှင်းလင်းအောင်
...ပြောဆိုသည်။

"ကနေ့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့ အကြောင်းတွေကို ကုမ္ပဏီမှာ
...ကျွန်တော် ပြန်ပြီး တင်ပြရပါမယ်၊ အဲဒီအခါမှာ အချက်တစ်ချက်ဟာ ရှင်းလင်း
...ဖို့ လိုပါတယ်၊ အဲဒါကတော့ ဒေါက်တာ ဂရန့်ဟာ အမှုကို သူ တစ်ယောက်
...တည်း ဆက်ပြီး ရင်ဆိုင်သည် ဖြစ်စေ၊ ရင်မဆိုင်သည် ဖြစ်စေ လူကြီးမင်းတို့
... အမှုကို စေ့စပ် ကျေအေးချင်တယ်၊ ကျွန်တော်တို့ ဆွေးနွေး ညှိနှိုင်းလို့
... သဘောတူညီချက်ဟာ အပြီးသတ် ဖြစ်စေရမယ်၊ ကျွန်တော် ဆိုလိုတာက
...ဒေါက်တာ ဂရန့် အမှုကို ဆက်ပြီး ရင်မဆိုင်တော့တဲ့ အတွက် သဘောတူညီမှု
...ပျက်ပြားရဘူး"

သည်အခါ ရေးနီး ပြုံးလိုက်ပြီး–

"အဲဒီ အလောင်းအစားကို ကျွန်တော် ကောင်းကောင်းကြီး လက်ခံ
...တယ်၊ အဲဒီ သူငယ်ကလေးကို ရုံးမှာ တစ်ယောက်တည်း ကျွန်တော် တွေ့ချင်
...တယ်"

"ဆိုဗို ကိစ္စကော"



www.burmeseclassic.com

www.burmeseclassic.com



ဝေါလာက မေးလိုက်သည်။

"ဆိုဖိုအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ သူ ပြဿနာ သူ့ဲ ဆုံးဖြတ်ပါလိမ့်မယ်"

ရေးနိုးက ပြောလိုက်သည်။

"ဟုတ်ပြီ၊ ဒါဆိုရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ အမှုသည်တွေ ပြန်လည် တင်ပြဖို့ တိကျ ခိုင်မာတဲ့ အဆိုပြုချက် ရရှိပြီပေါ့"

ဝေါလာက ရှင်းလင်းလိုက်သည်။

"ဒါပေမဲ့ ကျွန်တော်တို့ ကိန်းဂဏန်း ကိစ္စ ဘာမှ မပြောကြရသေးဘူး"

ကရပ်ထရီးက တင်ပြသည်။

"အဲဒါအတွက် ဘာမှ မစိုးရိမ်ကြပါနဲ့၊ ကျေအေးတဲ့ ကိစ္စကို ကျွန်တော် အမြန်ဆုံး ဖြစ်ချင်တယ်"

ရေးနိုးက ပြတ်ပြတ် ပြောလိုက်သည်။ ငွေကြေးကိစ္စ သူ့ ခေါင်းထဲ မရှိပါ။

နေ့လယ်စာ စားပွဲကြီး ပြီးဆုံးပြီ ဖြစ်သည်။

*

စေ့စပ် ကျေအေးရေးအတွက် အပြီးသတ် သဘောတူညီမှု ရရှိရန် နှစ်ရက် ကြာရှိသည်။ ဤနှစ်ရက် အတွင်း အမှုကို ဆက်လက် စစ်ဆေးလျက် ရှိသည် သို့သော် တက်တက်ကြွကြွ မရှိလှဘဲ ခပ်အေးအေးသာ ဖြစ်သည်။ ဖရန်ကထ က ဆေးပါရဂူများကို သက်သေ အဖြစ် တင်ပြသည်။ သူတို့၏ ထွက်ဆိုချ များ အားလုံးသည် ဒေါက်တာ လော်လား၏ အဆိုကို ထောက်ခံမှု ပြုကြသည် ကရပ်ထရီးက ပြန်လှန် မေးခွန်းများ ထုတ်သည်။ လော်ရာ၏ ဖိအားပေး ကြောင့် သူသည် သက်သေများကို ဖိပြီး မေးသော်လည်း ဂျူရော်လူကြီးများ ခေါင်းထဲတွင် အားပြိုင်မှု မရှိဘဲ ဖြစ်နေသည်။

တတိယနေ့ နံနက်ပိုင်း ခေတ္တ နားချိန်တွင် ခရစ်သည် လော်ရာ ရုံးခန်း အပြင်ဘက်ရှိ စင်္ကြံလမ်းထောင့် တစ်ထောင့်သို့ ခေါ်သွားသည်။

"ဘာတွေ ဖြစ်နေတာလဲ၊ ဘယ်သူမှ ဘာမှ သေသေချာချာ လု မရဘူး"





"ဟုတ်တယ်၊ ညီမ သိတယ်"

သို့သော် သူမ၏ စိတ်ထဲတွင် စိုးရွံ့နေမိသော အချက်ကို လော်ရာ ထုတ်မပြောရဲပါ။ သူမ၏ စိုးရွံ့မှုက ခရစ်ထက် ပိုလွန်ပါသည်။ ကရပ်ထရီး၏ လုပ်ဆောင်ချက်သည် သူ၏ အဓိက အမှုသည် ဖြစ်သော အာမခံကုမ္ပဏီ အတွက်ပင် ထက်သန်မှု မရှိပါ။ သူ၏ အပြုအမူများသည် သံသယ ဖြစ်ဖွယ်ရာ ကောင်းလှသည်။

ထိုနေ့ ညနေဘက်တွင် ဖြစ်သည်။ တရားသူကြီး ဗင်နွန်က အမှု စစ်ဆေးခြင်းကို မနက်ဖြန် နံနက်သို့ ရွှေ့ဆိုင်းကြောင်း ကြေညာလိုက်သော အခါ ကရပ်ထရီးသည် စာရွက်စာတမ်းများကို သိမ်းဆည်းနေရင်းမှ လော်ရာကို ပြော လိုက်သည်။

"ကျွန်တော်တို့ အစည်းအဝေး တစ်ခု လုပ်ကြရင် ကောင်းမယ်"

"ကျွန်မလည်း အဲဒီလိုပဲ သဘောရတယ်"

လော်ရာက ချက်ချင်းပင် သဘောတူလိုက်သည်။

"ကျွန်တော် ပြောတာ ကျွန်တော်တို့ အားလုံး ဆုံကြဖို့ပါ၊ ခင်ဗျားရယ်၊ ဂရန့်ရယ်၊ ဝေါလာရယ်၊ ကျုပ်ရယ်ပေါ့"

"ဒါမှ ကျွန်မတို့ စုစုစည်းစည်း ရှိမှာပေါ့"

သူမက ထောက်ပြလိုက်သည်။

ကရပ်ထရီး သူမကို ငေးကြည့်သည်။ သူမ၏ စကားကို ချေပရမည် လား၊ သို့မဟုတ် ပြုံးရုံပဲ ပြုံးရမည်လား၊ သူ စဉ်းစားနေဟန် ရှိသည်။

သို့သော် ထိုနှစ်ခုကို တစ်ခုမျှ မပြုလုပ်ဘဲ–

"ကျွန်တော့် ရုံးခန်းကို သွားကြမယ်"

ကရပ်ထရီး၏ ရုံးခန်းတွင် သူတို့ အားလုံး ထိုင်မိကြသောအခါ ကရပ် ထရီးက အမှုအကြောင်း သုံးသပ်သည်။ သူ့ အဖြစ်ကို ရှင်းပြသည်။ ဂျူရော် လူကြီးများ၏ အနေအထားကို တင်ပြသည်။ သို့သော် ယင်းတို့မှာ နိဒါန်းဆင် နေခြင်းမျှသာ ဖြစ်သည်။ နောက်ဆုံးတွင် အဓိက စကားကို သူ ပြောဆို သည်။

"အဲဒီတော့ ကျွန်တော်တို့ အားလုံး သဘောတူညီမှု ရတာကတော့ အမှုကို စေ့စပ်ကျေအေး ကြဖို့ပဲ၊ ဒါနဲ့ ပတ်သက်လို့ တစ်ဖက်ကိုလည်း ကျွန်တော်တို့ တီးခေါက်ပြီးပြီ၊ သူတို့ဘက်က တုံ့ပြန်ချက်လည်း ရပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် အခြေအနေကတော့ ကိန်းဂဏန်းကိစ္စ ပြောဖို့လောက်ပဲ ကျန်တော့တယ်"

"ကျွန်မတို့ကို ဘာမှ မပြောဘဲနဲ့ လုပ်ကြတာလား"

လော်ရာ ဒေါသဖြင့် မေးလိုက်သည်။

"ဒီအမှုမှာ ခင်ဗျားတို့ဟာ တရားဝင် ရပ်တည်မှု မရှိတဲ့အတွက် ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်အရ ကျွန်တော်တို့ လုပ်ခဲ့ကြတာပဲ၊ ဒါပေမဲ့ အခု ကျွန်တော်တို့ ဆုံးဖြတ်ချက် ချပြီးပြီလို့ ခင်ဗျားတို့ကို အကြောင်းကြား တာပဲ"

"ဆေးရုံကကော သဘောတူသလား"

ခရစ် မေးလိုက်သည်။

"တူတယ်"

ဝေါလာ ပြတ်သားစွာ ဖြေလိုက်သည်။

"မိုက်ဆိုဗိုကော"

"ဒေါက်တာ ဆိုဗိုရဲ့ အနေအထားက ဒေါက်တာနဲ့ အတူတူပါပဲ ကျွန်တော်တို့ အားလုံး သဘောတူကြမယ် ဆိုရင်တော့ အများကြီး ကောင်းတာပဲ၊ ဒါပေမဲ့ ဥပဒေကြောင်းအရ ဆိုရင်တော့ အဓိက မဟုတ်ပါဘူး"

ကရပ်ထရီး ပြောလိုက်သည်။

ခရစ်က လော်ရာကို ကြည့်လိုက်သည်။ လော်ရာက ကရပ်ထရီး၏ ပြောဆိုချက် မှန်ကန်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီတော့ ဒေါက်တာ့ အနေနဲ့ ဒီအခွင့်အရေးကို အသုံးချနိုင်မယ် ဆိုရင် အင်မတန် ဝမ်းနည်းဖွယ်ရာ ကောင်းတဲ့ အဖြစ်အပျက်ကြီး တစ်ခုကို ပြည်ဖုံးကား ချနိုင်ပါလိမ့်မယ်"

ကရပ်ထရီးက အကြံပေးသည်။

သို့သော် ခရစ်သည် သူ့ စကားကို ဆုံးအောင် နားမထောင်ဘဲ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

"ဂရန့်"

ဝေါလာက စူးစမ်းလိုက်သည်။

"ကျုပ် အဖြေကို ခင်ဗျားတို့ သိရမယ်"

သူ အခန်းထဲမှ တစ်ရှိန်ထိုး ထွက်သွားသည်။ တံခါးကို တအား ဆောင့်ပိတ်သွားသည်။





လော်ရာကလည်း စကား တစ်ခွန်း ပြောရန်အတွက် ခေတ္တမျှ ရပ်တန့်နေသည်။ သူမ ပြောလိုက်သည့် စကားက–

"ရှင်တို့ လူယုတ်မာတွေ"

ထို့နောက် ခရစ် နောက်သို့ သူမ ပြေးလိုက်သည်။ ဓာတ်လှေကား အတွင်း ခရစ် ဝင်ရောက်စဉ်တွင် သူမ လိုက်မီသည်။

ရုံးခန်းထဲတွင် ကရပ်ထရီးနှင့် ဝေါလာတို့ ပြန်ပြီး ထိုင်နေကြသည်။ လော်ရာ ပြောသွားသည့် စကားလုံးအတွက် သူတို့ အနည်းငယ်မျှ အနှောင့်အယှက် ဖြစ်ဟန် မရှိပါ။

"ဂရန့် သဘောတူမယ် ထင်သလား"

ဝေါလာ မေးသည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် သူ သဘောတူတာ မတူတာကို ကျုပ် ဂရုမစိုက်ဘူး"

ကရပ်ထရီး ပြောလိုက်သည်။

"သူ ဒါလောက် မိုက်လိမ့်မယ်လို့တော့ ကျုပ် မထင်ဘူး"

"မိုက်မယ့်လူပဲ၊ သူနဲ့ ပတ်သက်ပြီး ရေးနိုး ပြောတာ မှန်တယ်၊ အင်မတန် ခေါင်းမာတယ်၊ ကြိုးကွင်း ထဲကို ခေါင်းလျှိုမယ့် လူစားမျိုးပဲ"

*

ဒေါက်တာ ဆိုဗိုသည် ဆေးရုံကြီး၏ အစည်းအဝေး ခန်းမ ထဲတွင် ပြုလုပ်သော အစည်းအဝေးကလေးတွင် ထိုသတင်းကို သိရှိရလေသည်။ သူသည် ဓာတ်ခွဲခန်း ဝတ်ရုံဖြူကြီးကို ဝတ်ဆင်ထားလျက် ရှိသည်။ တွန်ဗရက်ဒီ၊ အက်ဗရီ ဝေါလာနှင့် ဆိုင်းရိုဆင်တီတို့ ပါဝင်သော ကော်မတီကလေးက ဆင့်ခေါ်သော ကြောင့် သူ ဆေးကုသရာ ဌာနမှ ရောက်ရှိလာရခြင်း ဖြစ်သည်။

မိုက် တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိဘဲ နားထောင်သည်။ သူသည် သူတို့ ပြောတာကို သဘောမပေါက်နိုင်သောကြောင့်လည်း ဖြစ်နိုင်သည်။ ပြင်းပြင်းထန်ထန် တုံ့ပြန်ရန် နွမ်းနယ်နေသောကြောင့်လည်း ဖြစ်နိုင်သည်။

"ဂရန့်ကော ဘယ်မှာလဲ"

သူတို့ စကား ဆုံးသွားသောအခါတွင်မှ ဤမေးခွန်းကိုသာ သူ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ မသိဘူး၊ သူ ဆေးရုံကို အခုအထိ ပြန်မလာသေးဘူး"

"သူ့ကို အလုပ်က ထုတ်ပစ်လိုက်တာတော့ မဟုတ်သေးပါဘူးနော်"

"မဟုတ်ပါဘူး"

ဇရက်ဒီ အာမခံသည်။

"ကျွန်တော်တို့ စေ့စပ် ကျေအေးတာကတော့ ဒီကိစ္စကြီး မြန်မြန် ပြီးသွားရင် ဂရန့် အပါအဝင် ဖြစ်တဲ့ ဆေးရုံကြီးရဲ့ လုပ်ငန်းတွေကို ဆက်လက် ဆောင်ရွက်နိုင်ဖို့ပါပဲ"

သို့သော် ဤအာမခံချက်က ဒေါက်တာ ဆိုဖို ဘဝင်ကျစေရန် လွယ်ကူ လွန်းသော အာမခံချက် ဖြစ်နေသည်။

"မိုက်၊ ခင်ဗျားကသာ နမူနာ ပြနိုင်ရင် ဂရန့်လည်း မှန်ကန်တဲ့ ဆုံးဖြတ် ချက်ကို ချနိုင်မယ်လို့ ကျွန်တော်တို့ ယူဆတယ်၊ အဲဒီတော့ ကျွန်တော်တို့ အစိက ထားနေတာက ခင်ဗျားပဲ မိုက်၊ အားလုံး ခင်ဗျား အပေါ် တည်နေတာ ပဲ"

ရှီဆင်တီက ကြားဖြတ်ပြီး ပြောသည်။

ဆိုဖို ခေါင်းညိတ်သည်။ စဉ်းစားထိုက်သော အကြောင်း ဖြစ်ကြောင်း ဝန်ခံလိုက်ခြင်းပင် ဖြစ်သည်။

"အခြေအနေက မလွယ်ဘူး ဆိုတာ ကျွန်တော်တို့ သိပါတယ် ဆိုဖို"

ဝေါလာက ပြောသည်။

"ကျွန်တော်တို့ ရုံးမှာလည်း အဲဒီ အတိုင်းပါပဲ၊ လူငယ်ကလေးတွေ ရောက်လာကြတယ်၊ သူတို့ကို ကျွန်တော်ရဲ့ သားလေးတွေလိုပဲ သဘော ထားတယ်၊ သူတို့ကို အကြံဉာဏ်တွေ ပေးရတယ်၊ သူတို့ တည့်မတ်အောင် ထိန်းကျောင်းပေးရတယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ သူတို့ ဘဝကို သူတို့ ဆုံးဖြတ်သွားကြတာပဲ"

"ကျုပ် အနေနဲ့ ဆုံးဖြတ်ချက်ချရမယ့် အချိန်မှာ ဘာဖြစ်လို့ အဓိပ္ပာယ် မရှိတဲ့ စကားတွေကို ကျုပ်ကို လာပြောနေကြရသလဲ" ဟု ဒေါက်တာ ဆိုဖို စိတ်ထဲတွင် ပြောလိုက်သည်။ ထို့နောက် အသံထွက်ပြီး–

"ကျုပ်... ကျုပ် စဉ်းစားပါ့မယ်"

"မိုက်၊ ဒီကိစ္စဟာ မလွယ်ဘူး ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ ခင်ဗျားမှာ တင်ရှိနေတဲ့ ကျေးဇူးတရားတွေ အားလုံးကိုတော့ ထည့်သွင်း ပြီး စဉ်းစားစေချင်တယ်"





ဇရက်ဒီ ဖိအားပေးလိုက်သည်။

"ဘာကို ဆိုလိုတာလဲ"

မိုက်ဆိုဖိုက အဓိပ္ပာယ် တောင်းခံလိုက်သည်။

"ခင်ဗျား အနေနဲ့ ဒီဆေးရုံကြီး အပေါ်မှာ ထောက်ထားရမယ့် ကျေးဇူး တရားတွေ အများကြီး ရှိနေပါတယ်"

"အဲဒီ ကိစ္စအတွက် ကျွန်တော်က လူကြီးမင်းတို့ကို ဘယ်တုန်းကများ အသိ ရှိစေခဲ့ဖူးလို့လဲ"

"မိုက်၊ ခေါင်းအေးအေး ထားပါ"

ရှီဆင်တီက ပြောသည်။

"ဒီမယ် လူကြီးမင်းတို့၊ ကျွန်တော့်မှာ ဆောင်သိရမယ့် ကျေးဇူးတရား တွေ ရှိတယ် ဆိုတာရယ်၊ တာဝန်တွေ ရှိတယ် ဆိုတာရယ်ကို ကျွန်တော် ကောင်းကောင်း နားလည်ပါတယ်၊ ကျွန်တော် အဲဒါတွေကို စဉ်းစားပြီး ဆုံးဖြတ် ချက် တစ်ခု ချပါမယ်"

"မြန်မြန်ကလေး ဆိုရင် ကောင်းမယ်"

ဝေါလာက ပြောသည်။

"မြန်မြန်ပါပဲ၊ မြန်မြန်ပါပဲ"

သူ ကတိပေးသည်။

"အဖြေကို မနက်ဖြန် မနက် သိရရင် အများကြီး အဆင်ပြေမယ်"

ဇရက်ဒီက ပြောသည်။

"ကောင်းပြီ၊ မနက်ဖြန် မနက်ပေါ့"

ဆိုဖို သဘောတူလိုက်သည်။

ဇရက်ဒီနှင့် ဝေါလာတို့ နှုတ်ဆက်ပြီး ထွက်သွားကြသည်။ ရှီဆင်တီ သွားသေးဘဲ အချိန်ဆွဲနေသည်။ သူတို့ နှစ်ယောက်တည်း ကျန်သည်နှင့် တစ်ပြိုင်နက် ရှီဆင်တီက လေသံ ပျော့ပျော့ဖြင့် ပြောသည်။

"မိုက် ကျေအေးလိုက်ပါ၊ ဂရန့်ကို ကျေအေးဖို့ ပြောလို့ မရရင် သူ့ နိုက်နဲ့ သူ့ ကံ ရှိပါစေ၊ ခင်ဗျား တတ်နိုင်သမျှ လုပ်ပေးပြီးပြီပဲ၊ ဂရန့်လို အပြင်လူ တစ်ယောက်အတွက် ခင်ဗျားရဲ့ အခြေအနေကို မပျက်စီးပါစေနဲ့"

"အပြင်လူ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရဟူဒီ လူမျိုး မဟုတ်တဲ့ လူ တစ်ယောက် အနေနဲ့ သူဟာ တခြ တစ်နေရာရာမှာ အလုပ်လုပ်နိုင်တယ်၊ နောက်ဆုံးမှာ အခြေအနေ ကောင်းသွ နိုင်ပါတယ်၊ ကိုယ်ပိုင် ဆေးခန်းတွေမှာ သူ လုပ်နိုင်တယ်၊ သူ့ အနေနဲ့ ဘာ ပူစရာ မရှိပါဘူး"

"ဆရာဝန် တစ်ယောက်ဟာ ရဟူဒီ လူမျိုး ဟုတ်ဟုတ် မဟုတ်ဟု သူ့ရဲ့ မှတ်တမ်းမှာ ဒီအမည်းစက် ရှိနေလို့ ရှိရင် သူ့ကို အမြဲတမ်း ဒုက္ခပေး မှာပဲ သုတေသန လုပ်ငန်းကြီးတွေ လုပ်နေတဲ့ ဘယ်ဆေးရုံကမှ သူ့ကို လက် မှာ မဟုတ်ဘူး"

ဆိုဗိုက ပြောလိုက်သည်။ သူ ခေတ္တမျှ ရပ်နားနေပြီးနောက် မော နှမ်းနယ်စွာဖြင့် ဆက်ပြောသည်။

"ဆိုင်း၊ ကျုပ်ကို တစ်ခု ကူညီပါ၊ ဒီအကြောင်း ကျန်တော့်ကို နော ထပ် ဘာမှ ခပြောနဲ့တော့"

"မှုတ်"

"ထွေးင် ဘာကယ် ပြောတာပါ၊ ကျုပ်ဟာ ဒီလောကကြီးမှာ မျက်နှာ မလှ ဖြစ်နေရတဲ့ဟာကတော့ ကျုပ်ဟာ ရဟူဒီ တစ်ယောက် ဖြစ်နေတာ ဒါပေမဲ့ ဒီလောကကြီးမှာ ဆရာဝန် နှစ်မျိုးပဲ ရှိပါတယ်၊ ရဟူဒီ ဖြစ် ရဟူဒီ မဟုတ်တဲ့ လူပဲ ဖြစ်စေ ကောင်းတဲ့ ဆရာဝန်နဲ့ မကောင်းတဲ့ ဆရာဝ ရှိပါတယ်"

ဆိုဗို လေးတွန့်စွာဖြင့် လှည့်ထွက်သွားသည်။

"မနက်ဖြန်ကျရင် ကျုပ် ဆီက အဖြေကို ခင်ဗျားတို့ သိရမယ်"

## ၂၀

ချစ်ဂရန့်နှင့် လော်ရာဝင်းတားတို့ ညစာစားရန် လာရောက်ကြလိမ့်မည်။ ဒွယ်လွန်သူ သူ၏ ဇနီး ရို့စ် ပြင်ဆင်လေ့ ရှိသော ညစာမျိုး ပြင်ဆင်ရန် အတွက် သူသည် နှစ်နာရီ လုံးလုံး ဈေးဝယ် ထွက်ရသည်။ ဟိုအလျင်တုန်းက ရို့စ် တစ်ယောက် ညစာပွဲ ပြင်ဆင်သည်ကို သူ ကြည့်ခဲ့သည်။ သူသည် ဘာသာရေးပွဲတော် ရက်များတွင် အမြဲ့မြဲ့ အနယ်နယ်ရှိ သူ၏ ရဟူဒီ တပည့် များ၊ အလုပ်သင် ဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ အားလုံးကို ဖိတ်ကြားခဲ့သည်။ ရံဖန်ရံခါတွင် ရို့စ်သည် လူ နှစ်ဆယ့်ငါးယောက်လောက်၏ ဘာဝန်ကို ယူခဲ့ရသည်။ သူတို့ အားလုံးသည် ငယ်ရွယ်သူများ ဖြစ်ကြသည်။ အိမ်မှာ ချက်ပြုတ်သော ဟင်းလျာကို အာသာငမ်းငမ်း တမ်းတနေသူများ ဖြစ်ကြသည်။

ထိုစဉ် ကာလများက ဆိုလျှင် မိုက်သည် ရို့စ်ကို ကူညီရန် အတွက် ဆေးရုံက အချိန်နည်းနည်းကလေး စောပြီး ပြန်လာလေ့ ရှိသည်။ ရို့စ်က သူ့ကို ကူညီ လုပ်ဆောင်ခွင့် ပေးသည်။ သို့သော် သူသည် ဘာမျှ မလုပ်တတ် မကိုင်တတ်ပင် ဖြစ်သည်။ သုတေသန ဓာတ်ခွဲခန်းများတွင် လည်နေသူ တစ်ဦးသည် ဘယ်လို လုပ်ပြီး မီးဖိုချောင်ထဲတွင် လုပ်တတ် ကိုင်တတ် မည်နည်း ဟု ရို့စ်က သူမ၏ စိတ်ထဲတွင် ပြောဆိုခဲ့ပေလိမ့်မည်။

သို့သော် ဆင်ပဆန်နှင့် မက်ထရိုပိုလီတန် ဆေးရုံကြီး၊ ချစ်ဂ ရန့်၊ မိုက်ဆိုဗိုတို့ အမှုကြီး စတင် စစ်ဆေး၍ လေးရက်မြောက် နေ့တွင်





www.burmeseclassic.com

www.burmeseclassic.com



မိုက်ဆိုဗိုသည် ဇနီးသည် မရှိသည့် နောက်ပိုင်းတွင် တတိယအကြိမ်မြောက် ဧည့်သည်ကို ညစာ တည်ခင်း ကျွေးမွေးရမည် ဖြစ်သည်။ ဤပွဲသည် အထိမ်း အမှတ်ပွဲ တစ်ခု ဖြစ်သဖြင့် မိုက်သည် တကယ်ပင် တူတူတန်တန် ရှိသော အိမ်ညစာပွဲ တစ်ခု ပြုလုပ်ရန် သန္နိဋ္ဌာန် ချထားသည်။

ပထမဆုံး မှိုနှင့် မုယောစွပ်ပြုတ် တိုက်မည်။ သည်ဟင်းလျာကို မလု နိုင်သဖြင့် ဆိုင်မှ ဝယ်မည်။ ဟင်းသီးဟင်းရွက် ကောင်းကောင်း လတ်လတ် ဝယ်မည်။ ထို့အပြင် ဆေးရုံ အနီးက မုန့်တိုက်တွင် သစ်သီးကိတ် ဝယ်မည် သို့သော် အဓိက ဟင်းလျာ ဖြစ်သော နွားကလေးသားကြော်နှင့် အာလူးကြော် ကိုယ်တိုင် အိမ်မှာ ပြုလုပ်ရပေမည်။

အားလုံးပင် အဆင်ပြေ ကောင်းမွန်သည်။ ရိုဇ်၏ စားပွဲခင်းများ ယက်သုတ်ပဝါများ၊ ငွေဇွန်း၊ ငွေခက်ရင်း၊ ငွေပန်းကန်များဖြင့် ညစာစားပွဲ လှလှပပ ခြင်းဆင်ထားသည်။

အဓိက ဟင်းလျာကို စားသောက်၍ တစ်ဝက်ကျိုးစဉ်တွင်လောက် မိုက် ရုတ်တရက် ရေရွတ်လိုက်သည်။

"အို... ဘုရားသခင်"

"ဘာဖြစ်လို့လဲ ဆရာကြီး၊ ဆရာကြီး နေမကောင်းလို့လား"

လော်ရာ စိုးရိမ်သဖြင့် မေးလိုက်သည်။

"ဟင်းသီးဟင်းရွက်တွေကို ရေခဲသေတ္တာ ထဲက ယူဖို့ မေ့နေတယ်"

မိုက် တောင်းပန်သည်။

"အဲဒါ စေလည်း ကျွန်မတို့ အသက်ရှင် နေနိုင်ပါတယ်၊ အသီးအရွက် တွေ စားရလွန်းလို့ ကျွန်မတို့ ငြီးငွေ့နေပါပြီ"

သူမက ပြောလိုက်သည်။

"ရိုဇ်ရဲ့ ပုံစံပဲ၊ ကိုယ် အခု လုပ်တာတွေဟာ သူ့ နည်းပဲ၊ သူ မာတုဗေဒ အဓိကနဲ့ အောင်လာတဲ့ လူ ဆိုတော့ အားလုံးကို လေ့လာ စမ်းသပ် တဲ့ အနေနဲ့ စာရွက်မှာ ရေးမှတ်ထားတယ်"

မိုက် ရှင်းပြသည်။

ညစာ စားသောက်စဉ်တွင် ခရစ် စကား မပြောသလောက်ပင်။ ညစာ စားပြီး၍ ကော်ဖီသောက်ကြစဉ်တွင် လော်ရာက စီးကရက် တစ်လိပ် မီးညှိ လိုက်သောအခါတွင်မှ သူ စကားပြောတော့သည်။





"လော်ရာ၊ မသောက်ပါနဲ့"

လော်ရာသည် အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိဘဲ စီးကရက်ကို အားရ ပါးရ ရှိုက်ဖွာလိုက်သည်။ ထိုအခါ ခရစ်သည် အကူအညီ တောင်းသည့် အနေဖြင့် မိုက်ကို ကြည့်လိုက်ပြီး–

"ဆရာကြီး သူ့ကို ပြောပါဦး"

"အမျိုးသမီးတွေကို နောက်ဆုံးထားပြီး ပြောရမယ့် စကားကတော့ အကျိုးသင့် အကြောင်းသင့် စကားပဲ ဆိုတာ လော်ရာ နားလည်ဖို့ ကောင်းပြီ"

မိုက်က ထိုသို့ ပြောလိုက်ပြီး လော်ရာကို ပြုံးပြီး ကြည့်သည်။ လော်ရာ က ပြန်ပြီး ပြုံးပြသည်။ ထို့နောက်တွင်ကား သူတို့တွင် အပြုံးများ မရှိကြ တော့ပါ။ သူတို့သည် အမှုအကြောင်းကို ပြောလျှင်ပြော၊ မပြောလျှင် ဘာမျှ မပြောဘဲ နေကြရုံသာ ရှိတော့သည်။

နောက်ဆုံးတွင် လော်ရာက ပြောလိုက်သည်။

"ဆရာကြီးတို့ ယောကျ်ားတွေ စကားပြောနေကြတုန်း ကျွန်မ စားပွဲ သိမ်းပြီး ပန်းကန်တွေ ဆေးလိုက်မယ်"

"ကိုယ့် အိမ်မှာ ဘယ်ဧည့်သည်မှ ပန်းကန်မဆေးရဘူး၊ ဒါပေမဲ့ လုံးဝ ကူညီရဘူးလို့ ပြောတာတော့ မဟုတ်ဘူး၊ ကိုယ်တို့ အားလုံး အတူတူ သွားပြီး ဆေးကြမယ်"

မိုက်က ပြောလိုက်သည်။

သူတို့ ပန်းကန်တွေ ဆေးပြီး ဧည့်ခန်းတွင် ပြန်ပြီး ထိုင်မိကြသောအခါ မိုက်က သူနှင့် ဗရက်ဒီ၊ ဝေါလာ၊ ရှိဆင်တီတို့ တွေ့ကြသည့် အကြောင်းကို ပြောပြလိုက်သည်။

"အဲဒီတော့"

ခရစ် မေးသည်။

"အဲဒီတော့" မိုက်က အဲဒီတော့ ဆိုသည့် စကားလုံးကို တစ်လုံးစီ ခွဲ၍ ပြောလိုက်ပြီးနောက် "ရှီကာဂိုမြို့မှာ ရှိတဲ့ ကိုယ့် ညီ ဆီကို ဖုန်းဆက် တယ်၊ သူက ရှေ့နေ တစ်ယောက်ပဲ၊ လူတော်ကြီး တစ်ယောက်ပဲ၊ အဲဒီတော့ သူက ပြောတယ်၊ သူတို့ ပြောတဲ့ စကားတွေဟာ လိမ်တာညာတာ မဟုတ်ဘူး တဲ့၊ ကိုယ်တို့ သဘောတူညီချက် မပါဘဲ သူတို့ ဘာသာ ဈေးစပ် ကျွေးမွေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ်တို့ ဆုံးဖြတ်ရမှာကတော့ အမှုကို ကိုယ်တို့ ဘာသာ ရင်ဆိုင်ကြမလား၊ ဒါမှမဟုတ် နောက်ဆုတ်ကြမလား ဆိုတာပဲ၊ တကယ်လို့"

"တကယ်လို့ ဘာဖြစ်သလဲ"

လော်ရာ မေးသည်။ အခြား ရှေ့နေ တစ်ဦး၏ ပြောကြားချက်ကို ရှေ့နေ တစ်ယောက်က စိန်ခေါ်ခြင်းမျိုး ဖြစ်သည်။

"တကယ်လို့ ရေးနိုးက ကိုယ်တို့ အပေါ် အမှု မလုပ်ဘဲ ရုပ်သိမ်းသွားရင်ပေါ့"

"သူ ဘယ်တော့မှ မရုပ်သိမ်းဘူး"

ခရစ်က ခါးသီးစွာ ပြောလိုက်သည်။

"ဟုတ်တယ်၊ ဂျွန်ရေးနိုးဟာ မောင်ရင့်အပေါ် စွဲထားတဲ့ အမှုကို မရုပ်သိမ်းဘူး၊ သူဟာ မကောင်းဆိုးဝါး ပူးနေတဲ့ လူ တစ်ယောက်ပဲ၊ ကိုယ် သူ့ကို သိခဲ့တာ နှစ်ပေါင်းများလှပြီ၊ သူဟာ လက်တွေ့သမား တစ်ယောက်ပဲ၊ သူဟာ အင်မတန် ခေါင်းမာတယ်၊ ဒါပေမဲ့ နောက်ဆုံးကျရင်တော့ လက်တွေ့ကျတယ်၊ လောလောဆယ်မှာ ကိုယ်ဟာ သူရဲ့ သဘောထားကို နားမလည်နိုင်ဘူး၊ လက်ရှိ အဖြစ်အပျက်ဟာ သူ့ကို အများကြီး ထိခိုက်တယ် ဆိုတာ ကိုယ် နားလည်ပါတယ်၊ ဒီမယ် ခရစ်၊ သူဟာ ဒီလောကကြီးမှာ အလိုချင်ဆုံးဟာ သား တစ်ယောက်ပဲ၊ သူ့ သမီးကို မောင်ရင် တွေ့ဖူးသလား"

"ဟင့်အင်း၊ မတွေ့ဖူးဘူး"

"သူ့ သမီးကို တွေ့ဖူးရင် ကိုယ် ပြောတဲ့ စကားကို မောင်ရင် နားလည်မယ်၊ သူ့ ခများ ဒီလောကကြီးကို လမ်းမှားပြီး ရောက်လာတဲ့ လူ တစ်ယောက်လိုပဲ အနေကျုံ့ရှာပါတယ်၊ သနားစရာ ကောင်းပါတယ်၊ မိန်းကလေး မိန်းမကောင်းလေး တစ်ယောက်ပါပဲ၊ ဒါပေမဲ့ သူ့ ကိုယ်သူ သိမ်ငယ်နေတော့ ပုံပျက်နေတော့တာပေါ့၊ အဲဒီသဘောက ရေးနိုးဟာ သား တစ်ယောက် ဘယ်လောက် လိုချင်သလဲ ဆိုတာ ပြနေတာပဲ၊ ဘာဖြစ်လို့ သားယောက်ျား တစ်ယောက် မရသလဲ ဆိုတာတော့ ကိုယ် မသိဘူး၊ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူဟာ မြေးယောက်ျားကလေး ဘက်ကို လှည့်လာတယ်၊ ဘာဖြစ်လို့လဲ အင်မတန် သဘာဝကျတဲ့ အလုပ်ပဲ"

မိုက် စကား ပြောနေစဉ်အတွင်း ခရစ် သူ့ ကိုယ်သူ မေးနေမိသည်။ သည်အဘိုးကြီး သူ့ အကြောင်းတွေ သူ ပြောနေတာ မဟုတ်လား၊ သူ့သား





ဘယ်မှာလဲ၊ သူ့ မြေး ဘယ်မှာလဲ။ သို့သော် ခရစ်ကား စကား ဖြတ်ပြီး မမေးပါ။

မိုက် ဆက်ပြောသည်။

"အခု ဖြစ်ပျက်ခဲ့တဲ့ စိတ်မချမ်းသာစရာ အဖြစ်ဟာ လူ တစ်ယောက်ကို အများကြီး စိတ်ထိခိုက် စိတ်ဆင်းရဲစေတယ်၊ ဒါပေမဲ့ အခုလို လက်စားချေတာကတော့ မဟုတ်ဘူး"

"အဲဒီနေ့က ဆေးရုံမှာ သူ့ မြေးအတွက် သူ ထားတဲ့ ရည်မှန်းချက်တွေကို သူ ပြောခဲ့တယ်၊ တစ်နေ့ကျရင် အမေရိကန်ပြည်ထောင်စု သမ္မတနိုင်ငံရဲ့ သမ္မတကြီး ဖြစ်ရမယ်တဲ့၊ ဒီစကားဟာ ဘိုးအေ တစ်ယောက်ရဲ့ စိတ်ကူးယဉ်ချက် မဟုတ်ဘူး၊ သူ တကယ့်ကို ရည်မှန်းတာ"

"အင်း ဒီခေတ်ကြီးက ပိုက်ဆံ ရှိတဲ့ လူတွေမှ ရွေးကောက်ပွဲ ဝင်နိုင်တာ မဟုတ်လား၊ ရေးနိုးမှာက လိုအပ်တဲ့ ပိုက်ဆံ အပြည့်အစုံ ရှိတယ်၊ ဘာပဲ ဖြစ်ဖြစ်လေ၊ ဘာ အကြောင်းကြောင့်ပဲ ဖြစ်ဖြစ်ပေါ့၊ ရေးနိုးဟာ မောင်ရင့်ကို ဖျက်စီး ဆုံးရှုံးစေချင်တာကတော့ အမှန်ပဲ၊ အဲဒီတော့ ပြဿနာက မောင်ရင် သူ့ကို တိုက်မလား၊ ဒါမှမဟုတ် သူ လိုချင်တဲ့ စကားကို ပြောမလား၊ ကျွန်တော် မှားပါတယ် ခင်ဗျား၊ ကျွန်တော့်မှာ အပြစ် ရှိပါတယ်လို့"

ခရစ် ဘာမှ ပြန်မပြောပါ။ မိုက် ဆက်ပြောသည်။

"မနေ့ ကတည်းက ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ကိုယ် အများကြီး စဉ်းစားခဲ့တယ်၊ ဒီပြဿနာက အခြေခံမှု ကိစ္စ ရှိနေသလို လက်တွေ့ ပြဿနာလည်း ရှိနေတယ်၊ ကိုယ်တို့ ဘယ်လို ခုခံ ကာကွယ်ကြမလဲ၊ အာမခံကုမ္ပဏီက ငွေကြေးကိစ္စကို တာဝန် မယူတော့ဘူး ဆိုရင် မောင်ရင်ဟာ ပိုက်ဆံတွေ ရေမတွက်နိုင်အောင် ချမ်းသာတဲ့ လူရှူး တစ်ယောက်ကို ဆန့်ကျင်ဖို့ မောင်ရင်ရဲ့ အနာဂတ် တစ်ခုလုံးကို ပေါင်နှံ ရလိမ့်မယ်"

"ဒီအမှုကို ခုခံ လျှောက်လဲဖို့ အတွက် ကျွန်မဟာ အရည်အချင်း ပြည့်တဲ့ ရှေ့နေ တစ်ယောက်ပဲ"

လော်ရာက ပြတ်သားစွာ ပြောလိုက်သည်။

မိုက်သည် လော်ရာ ဘက်သို့ လှည့်လျက် သူမ၏ လှပသော၊ ပွင့်လင်းသော၊ ခိုင်ကျည်သော မျက်နှာကလေးကို ကြည့်လျက်–



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တစ်အုပ်လုံးကို ညည်း တစ်ယောက်တည်းနဲ့ တိုက်မှာလား ရေးနိုးရဲ့ ဥပဒေ တစ်ဖွဲ့လုံးကို မိန်းကလေး တစ်ယောက်တည်းနဲ့ တိုက်မှာလား ဒင်နှံ့ကလင် ဆိုတဲ့ အဲဒီ နှုတ်သီးကောင်း လျှာပါး သတ္တဝါကို တိုက်မှာလား အဲဒီ သတ္တဝါဟာ သူ လုပ်ချင်ပြီ ဆိုရင် မတရားတာတွေ မဟုတ်တာတွေကို နည်းနည်းမှ ဂရုစိုက်တတ်တဲ့ လူ မဟုတ်ဘူး"

လော်ရာက ပြုံးလိုက်ပြီး–

"သက်သေ တစ်ယောက်ကို တစ်ကြိမ်မှာ ရှေ့နေ တစ်ယောက်သာ မေးမြန်းခွင့် ရှိတဲ့အတွက် သူတို့မှာ လူတွေ ဘယ်လောက် များများ ကျွန်မ ဂရုမစိုက်ပါဘူး၊ နောက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောရလို့ ရှိရင် အခု အမှုမှာ ကျွန်မဟာ ကရုပ်ထရီး လုပ်တာထက် ဆယ်ဆလောက် ပိုပြီးတော့ လုပ်နိုင်ပါတယ်၊ အဲဒါက မိန်းမ သူ့ရဲကောင်း ဝါဒတော့ မဟုတ်ပါဘူး"

မိုက် ပြုံးသည်။

"ရီ့စ် ပြောတဲ့ စကားမျိုးပဲပေါ့၊ ဒါပေမဲ့ လော်ရီ သမီး. . .၊ ဒါပေမဲ့ သမီးကိုယ် သမီး ပြန်ထိန်းပြီး ပြဿနာ တစ်ခုကို ခမ္မခိဋ္ဌာန်ကျကျ ဆုံးဖြတ်ပေးနိုင်မလား"

"ကျွန်မ ဆုံးဖြတ်ပါ့မယ်"

"ဒီအမှုကို ညည်း ရိုးရိုးသားသား ဆုံးဖြတ်နိုင်မလား၊ ကိုယ်တို့ဟာ လူ တစ်ယောက်ရဲ့ ဆုံးဖြတ်မှုကို ပြောနေကြရတယ်၊ ခရစ်ရဲ့ ဆုံးဖြတ်မှုဟာ မှန်သလား မှားသလား၊ သူဟာ ကောင်းမွန် မှန်ကန်တဲ့ ကုသမှု လမ်းကြောင်းကို မလိုက်ဘူးလို့ ညည်း အခု ယူဆနေသလား၊ ရှေ့နေ တစ်ယောက် အနေနဲ့ ညည်းကိုယ်ညည်း မေးကြည့်စမ်းပါ၊ ဒီအမှုဟာ မကောင်းတဲ့ အမှု တစ်ခုလား"

"အကောင်းဆုံး တစ်ခု မဟုတ်တာတော့ အမှန်ပဲ"

"ဟုတ်ပြီ၊ ဒါဆိုရင် တို့ဟာ အခြေတည်မိသွားပြီ၊ ဒီအမှုဟာ အကောင်းဆုံး တစ်ခု မဟုတ်ဘူး ဆိုရင် ခုခံ ကာကွယ်လို့ကော ရနိုင်မလား"

သူမ တုံ့ဆိုင်းနေသည်။ ခေတ္တမျှ အချိန်ယူပြီးမှ–

"ရနိုင်ပါတယ်"

"ကဲ နောက်ဆုံး မေးခွန်း မေးမယ်၊ အခြေအနေ အလားအလာ ဘယ်လို ရှိသလဲ"

"အကောင်းဘက်က နည်းတယ်"

သူမ ဝန်ခံလိုက်သည်။

မိုက်သည် ခရစ် ဘက်သို့ လှည့်လျက်–

"အဲဒါကို တို့ အခြေခံထားပြီး ဆုံးဖြတ်ရမယ့် အချက်ပဲ"

ခရစ်သည် သူ၏ လက်ကို လော်ရာ ဆုပ်ကိုင်ထားရာမှ ဖယ်လိုက်သည်။ သူ၏ အရပ် ခြောက်ပေနှင့် တစ်လက်မကို မတ်မတ်ကြီး ဖြစ်အောင် ထိုင်လိုက်သည်။ ထို့နောက် မိုက်ကို ငုံ့ကြည့်ပြီးနောက်–

"ကျွန်တော်တို့မှာ ထည့်ပြီး စဉ်းစားစရာ တခြား အကြောင်း တစ်ခု ရှိသေးတယ်"

"ဂုဏ်သိက္ခာလား"

မိုက်ဆိုဗို မှန်းချက် ထုတ်လိုက်သည်။

"တို့လည်း အဲဒီကိစ္စကို စဉ်းစားပြီးပြီ၊ ခရစ် စေ့စပ် ကျေအေးလိုက်မယ် ဆိုရင် ပြဿနာဟာ တစ်သက်လုံး သံသယကြီး အဖြစ် ရှိသွားမှာပဲ၊ ထပ်ပြီး လို့ ရှိရင်လည်း အမည်းစက်ကြီးဟာ တစ်သက်လုံး ရှိသွားမှာပဲ၊ ဒါဟာ ငယ် တစ်ယောက်အတွက် ထည့်ပြီး စဉ်းစားရမယ့် အချက်ပဲ"

"ကျွန်တော် ပြောတာက အဲဒါ မဟုတ်ဘူး မိုက်"

ခရစ်က အသံပြတ်ပြတ်နှင့် ပြောလိုက်သည်။ အဘိုးကြီး မော့ကြည့်ပြီးနောက်–

"ဒါဖြင့် ဘာလဲ"

"ဒီအမှုကို ဆက်ပြီး ရင်ဆိုင်သွားဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ၊ ဒါပေမဲ့ ဆရာကြီး အနေနဲ့တော့ ကျေအေး စေချင်တယ်"

"ဘာဖြစ်လို့လဲ"

အဘိုးကြီးက မေးလိုက်သည်။

"ကျွန်တော် စဉ်းစားကြည့်တယ် ဆရာကြီး၊ ဆရာကြီးဟာ ကျွန်တော် ရောက်ခင် ပဝေသဏီ ကတည်းက ဒီဆေးရုံကြီးကို ရောက်နေတာပဲ၊ ဒီဌာနကို ဆရာကြီး တည်ဆောက်ခဲ့တာပဲ၊ ကျွန်တော် ဘာပဲ ဖြစ်သွားသွား ဒီဌာနကို ဆရာကြီး အနေနဲ့ ထိန်းထားနိုင်တယ်၊ ဆရာကြီးဟာ ဌာန အဖွဲ့အစည်းကြီးပဲ"

"သြော် ကိုယ်က ဌာန အဖွဲ့အစည်းကြီး ဟုတ်လား၊ အဆောက်အအုံ ကောင်းကြီး တစ်ခု လိုပဲပေါ့ ဟုတ်လား၊ ကိုယ်ကပဲ သက်ဆိုင်တယ် မောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



က မသက်ဆိုင်ဘူး ဟုတ်လား၊ မောင်ရင်ဟာ အတော် နောက်တဲ့ သတ္တ ကလေးပဲ၊ ဒီမယ် ကိုယ်က အတိတ်၊ မောင်ရင်က ပစ္စုပ္ပန်၊ အဲဒါကို မောင် ထည့်တွက်ပါ၊ ကိုယ်တို့ နှစ်ယောက်စလုံး ကျေအေးကြမလား၊ ဒါမှမဟုတ် နှစ်ယောက်စလုံး တိုက်ကြမလား၊ ဒါပဲ"

"ဆရာကြီး လက်တွေ့ကျကျ စဉ်းစားပါ"

"အို ကိုယ် လက်တွေ့ကျပါတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ကိုယ် ဒါတွေ အားလုံး ရှင်းရှင်းလင်းလင်း စဉ်းစားပြီးပြီ၊ တို့ အသက် ခြောက်ဆယ့်လေး ရှိပြီ၊ တို့မှာ အချိန် များများ မရှိတော့ဘူး၊ ကလေးသူငယ် ဆိုင်ရာ အင် နယ်တွေ အားလုံးမှာ ဒါလောက် မြန်မြန်ကြီး တိုးတက် ပြောင်းလဲနေ အချိန်မှာ တို့လို အသက်အရွယ် အဘိုးကြီး တစ်ယောက်ကို ဘယ်ဆေးရုံ ဌာနမှူး မခန့်ချင်တော့ဘူး၊ ဘယ်ဆေးဝါး ကုမ္ပဏီကမှလည်း ဒီလို သက် ရွယ်အို တစ်ယောက်ကို သုတေသန လုပ်ငန်းမှာ ဦးမဆောင်စေချင်ဘူး၊ ကို သိတယ်၊ ကိုယ် စုံစမ်းမှုတွေ လုပ်ကြည့်ပြီးပြီ"

မိုက် ဝန်ခံလိုက်သည်။

လော်ရာနှင့် ခရစ် တစ်ယောက်ကို တစ်ယောက် စကား မပြော အပြန်အလှန် ငေးစိုက်ပြီး ကြည့်နေမိကြသည်။

"လွန်ခဲ့တဲ့ အပတ်တွေက မိတ်ဆွေဟောင်းတွေ ဆီကို ကိုယ် တီး ခေါက်တဲ့ အလုပ်တွေ လုပ်ကြည့်ခဲ့တယ်၊ မိုက် အလုပ် ပြောင်းမယ် စိတ်ကူး ကျွန်တော်တို့ကို အလျင် အသိပေးပါလို့ ပြောခဲ့တဲ့ မိတ်ဆွေတွေ ဆီကို က ကောင်းပြီ၊ မိုက် အခု အလုပ်ပြောင်းတော့မယ်လို့ ကြေညာလိုက်တ သူတို့ကို အသိပေးလိုက်တယ်၊ ဒီအခါမှ စကားလုံး လှလှကလေးတွေနဲ့ ရေး တဲ့ စာတွေ သူတို့ ဆီက ပြန်လာတယ်၊ စာရဲ့ အဓိပ္ပာယ်ကတော့ ဟင့်အင် တစ်နေ့မှာ အဲဒီစာတွေကို တစ်ယောက်ယောက် ပုံနှိပ်ခဲ့ရင် ဟင့်အင်း ဆို စကားလုံး တစ်လုံးမှ မပါတဲ့ ဟင့်အင်းစာပေါင်းချုပ် ဖြစ်လိမ့်မယ်"

"အဲဒါဟာ ဆရာကြီး အနေနဲ့ ကျေအေးသင့်တဲ့ အကြောင်းရင်းပဲ"

ခရစ်က ပြောလိုက်သည်။

"အကြောင်းရင်း ဟုတ်လား၊ ကိုယ်တို့ဟာ ဆုံးဖြတ်ချက် တစ်ခု ချတော့မယ် ဆိုရင် လုပ်သင့်တဲ့ အကြောင်းရင်းတွေနဲ့ မလုပ်သင့်တဲ့ အကြော အရင်းတွေကို ချပြီး စဉ်းစားကြတယ်၊ ပြီးတော့မှ ဆုံးဖြတ်ကြတယ်၊ အကြော ရင်းတွေ အပေါ်မှာ အခြေခံပြီး ဆုံးဖြတ်သလား၊ ဝေးသေးတယ်၊ ကိုယ်တို့ဟာ စိတ်ထဲမှာ သိရှိ ခံစားမှုအရ ဆုံးဖြတ်ကြတယ်၊ အခု ကိုယ် ဆုံးဖြတ်သလိုမျိုး ပဲပေါ့"

"စဉ်းစားပါဦး"

ခရစ်က ပြောလိုက်သည်။

"မောင်ရင်တို့ မလာခင် မီးဖိုထဲမှာ ကိုယ် တစ်ယောက်တည်း ချက် ပြုတ်နေရင်း ရီ့စ်ကို ကိုယ် သတိရနေမိတယ်၊ လက်ရှိ အခြေအနေကို သူ ဘာပြောမလဲ ဆိုတာကို ကိုယ် သိတယ်၊ မိုက် အဲဒီ သူငယ်ကလေးဟာ အကူ အညီ သိပ်လိုနေတယ်၊ အစ်ကိုကြီးဟာ သူ့ ဘေးမှာ ရှိနေရမယ်၊ နောက်ပိုင်းမှာ ပြဿနာတွေ တက်လာတော့ကော ဘာဖြစ်သလဲ၊ တစ်နေ့ကျရင် ကျွန်မတို့ဟာ ဖလော်ရီဒါ ပြည်နယ်မှာ သွားပြီး အနားယူကြမှာ မဟုတ်လား၊ အဲဒီအခါကျရင် အစ်ကိုကြီး ချမ်းသာတဲ့ မုဆိုးမကြီး တစ်ယောက်ကို တွေ့လိမ့်မယ်"

မိုက်က သူ့ စကား အဆုံးတွင် ပြက်လုံး ထုတ်ရန် ကြိုးစားလိုက်သည်။ သို့သော် သူ ပြက်လုံး မထုတ်ဖြစ်ပါ။ တစ်ခုပဲ သူ သိသည်။ သူ လုပ်ရမည့် အလုပ်ကို သူ လုပ်ခြင်းပင် ဖြစ်သည်။

"မိုက်၊ သမီးကို ရိုးရိုး ပြောစမ်းပါ၊ ဆရာကြီးရဲ့ ကံကြမ္မာကို မိန်းမ တစ်ယောက်ရဲ့ လက်ထဲ ဝကွက် အပ်ရမှာကို မစိုးရိမ်ဘူးလား"

လော်ရာက မေးလိုက်သည်။

ထိုအခါ သူ ပြုံးလိုက်ပြီး-

"မိန်းမတွေရဲ့ စွမ်းပကား ဘယ်လောက် ရှိတယ် ဆိုတာကို ဂျူးအဘိုး ကြီး တစ်ယောက်ကို ဘယ်တော့မှ မပြောပါနဲ့၊ ရဟူဒီ မိခင်ဘက်က စတယ် ဆိုတဲ့ ပုံပြင်ကို သမီး ဘယ်သွားထားမလဲ၊ ကဲလာ၊ အရက်သောက်ပြီး ဆုတောင်းကြရအောင်"

သူ ရုတ်တရက် ပြောလိုက်သည်။ သူ့ မျက်နှာ ရုတ်ခြည်း ကြည်လင် လာသည်။ သူ့ မျက်လုံးများ ရုတ်ခြည်း တောက်ပလာသည်။

သူသည် မီးဖိုထဲသို့ ဝင်သွားပြီး ဝိုင်အရက် ပုလင်း တစ်လုံး ယူပြီး ပြန်လာသည်။

"ယမကာ ပွဲတော်အတွက် ကိုယ်နဲ့ ရီ့စ် ဝယ်ထားတဲ့ နောက်ဆုံး လက်ကျန် ပုလင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဖန်ခွက် သုံးခွက် ထဲသို့ သူ ငှဲ့ထည့်သည်။ ထို့နောက် သူ၏ ဖန်ခွက်ကို မြှောက်ကိုင်လိုက်ပြီး–

"အကျိုးအကြောင်း မဆင်မခြင်ဘဲ အမှားအယွင်းတွေ လုပ်တတ်တဲ့ ကမ္ဘာပေါ်က လူမိုက်ကြီးတွေ အားလုံးအတွက် သောက်လိုက်ကြရအောင်"



## ၂၁

"ဗွန်စတူးဝပ် ရေးနိုး"

ရှေ့ဖတ် စာရေးက ဆက်လက် ထွက်ဆိုမည့် သက်သေ၏ အမည်ကို ဆင့်ခေါ်လိုက်သည်။

ပြည့်ကျပ်နေသော ရုံးခန်း တစ်ခုလုံး စိတ်ဝင်စားမှုဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သို့သော် လော်ရာဝင်းတားလောက် မည်သူမျှ တုန်လှုပ်ချောက်ချားခြင်း မဖြစ်ပါချေ။ သူတို့မှာ သည်အတွက် ကြိုတင် ပြင်ဆင်ထားခြင်း မရှိခဲ့ပါ။

ဤအမှုတွင် ဟယ်ရီဖရန်ကလင်က ဗွန်စတူးဝပ် ရေးနိုးကို သက်သေခေါ်နိုင်း လိမ့်မည်ဟု လုံးဝ မထင်ခဲ့ပါ။

ခရစ်နှင့် မိုက်ဆိုဗိုတို့ဘက်က ခုခံ လျှောက်လဲရန် လော်ရာ တစ်ဦးတည်း တာဝန်ယူလိုက်သောအခါ ဖရန်ကလင်သည် နားလည်မှု များစွာ ရှိခဲ့သည်။ သူမ အနေနှင့် လေ့လာ ပြင်ဆင်ရန် အချိန် သုံးရက် တောင်းသည်ကို ဖရန်ကလင်က အလွယ်တကူပင် သဘောတူ လိုက်လျောခဲ့သည်။ ယနေ့ မနက် အမှုစစ်ဆေးမှု ပြန်စသော အချိန်တွင်လည်း အကျိုးဆောင် အပြောင်းအလဲ ဖြစ်သည့်အတွက် ဂျူရော်လူကြီးများသည် မည်သို့မျှ မတွေးဆကြရန် တရားသူကြီး ဗင်နွန်က ပြောသည်ကိုလည်း သူ သဘောတူခဲ့သည်။ ဖရန်ကလင်သည် သူမနှင့် ပတ်သက်ပြီး ဖခင် တစ်ယောက်ကဲ့သို့ ပြုမူသည့်သဘောပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖရန်ကလင် အနေဖြင့် အမှုကို အထောက်အကူ ပြုစေရန်အတွက် ကျွမ်းကျင်သော ဆရာဝန်ကြီးများကို တစ်ယောက်ပြီး တစ်ယောက် သက်သေအဖြစ် တင်ပြလိမ့်မည်ဟု လော်ရာတို့ မျှော်လင့်ခဲ့ကြသည်။

သို့ဖြင့် လော်ရာသည် ထိုဆရာဝန်ကြီးများနှင့် ငြင်းခုံရန် ပြန်လှန်မေးခွန်း ထုတ်ရန် ထိုပါရဂူ လူကြီးများ၏ ထွက်ဆိုချက်တို့ကို ချေမှုန်းပစ်နိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ သူမသည် ထိုမေးခွန်းများအတွက် ပြီးခဲ့သည့် သုံးညလုံးလုံးပင် ခရစ်နှင့် မိုက်ဆိုဗိုတို့နှင့် ညှိနှိုင်း ပြင်ဆင်ခဲ့သည်။ သို့သော် သူမ အနေနှင့် ယခုအခါတွင် သက်သေခြံကလေး အတွင်း၌ ကျမ်းသစ္စာ ကျိန်ဆိုနေသော သက်သေ အတွက်ကား တစ်စုံတစ်ရာ ပြင်ဆင်ခဲ့ခြင်း မရှိပါချေ။

သို့ဖြင့် သူမက ခရစ်ကို ပြောလိုက်သည်။

"ဖုန်းဆက်စမ်းပါ၊ မိုက်ကို ချက်ချင်း လာခဲ့ပါလို့"

ခရစ် တယ်လီဖုန်း ဆက်ပြီး ပြန်ရောက်လာချိန်တွင် ဖရန်ကလင်သည် ဂျွန်ရေးနိုး၏ ငယ်စဉ်က ဘဝ နောက်ကြောင်းကို မေးမြန်းလျက် ရှိသည်။ လော်ရာ တစ်စုံတစ်ရာ မကန့်ကွက်ဘဲ စောင့်ကြည့်လျက် ရှိသည်။ ဤအမှုကြီးကို သူမ တစ်ယောက်တည်း တာဝန်ယူရသည့် အချိန်အထိ ဂျွန်ရေးနိုးကို ဖရန်ကလင်က အဘယ်ကြောင့် သိမ်းထားခဲ့ပါသနည်းဟု လော်ရာ အံ့သြနေသည်။

ဖရန်ကလင်က သူ၏ တိုးညင်း ပျော့ပျောင်းသော လေသံဖြင့် ဂျွန်ရေးနိုး၏ နောက်ကြောင်းကို ပြည့်စုံ ပေါ်လွင်အောင် မေးမြန်းလျက် ရှိသော အခါ ရေးနိုးက သူသည် ဆင်းရဲသော မိသားစု တစ်ခု၊ လူဦးရေ များပြားသော မိသားစု တစ်ခုမှ ပေါက်ဖွားလာရကြောင်း ထုတ်ဖော်သည်။ ဖရန်ကလင်က ထိုအချက်ကို ဂျူရော်လူကြီးများက စွဲမှတ်သွားအောင် လုပ်ဆောင်သည်။ ရေးနိုးသည် ဆောက်လုပ်ရေး အလုပ်သမား တစ်ဦး အဖြစ် လုပ်ဆောင်ခဲ့ရာမှ ထရပ်ကား တစ်စီး ပိုင်ဆိုင်သော ဆောက်လုပ်ရေး ကန်ထရိုက်တာကလေး ဘဝသို့ ရောက်ရှိခဲ့သည်။ စီးပွားရေး ပျက်ကပ်ကြီး ဆိုက်ရောက်သောအခါ ကန်ထရိုက်တာကြီးများသည် စရိတ်စက ကုန်ကျမှု များပြားခြင်းကြောင့် ပျက်စီး ဆုံးရှုံးကြရပြီး ရေးနိုးတို့၏ လုပ်ငန်း ကလေးများက ကြီးထွား လာကြရတော့သည်။ စီးပွားရေး ပျက်ကပ်ကြီး ပြီးဆုံးသွားသောအခါတွင်ကား သူ၏ လုပ်ငန်း အောင်မြင်မှုသည် ထိပ်ဆုံးသို့ ခုန်တက်လျက် ရှိတော့သည်။





ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတွင် သူသည် တိုင်းပြည်ကို ချစ်သော မျိုးချစ်တစ်ဦး အနေဖြင့် သင်္ဘောနှင့် လေယာဉ်ပျံ အစိတ်အပိုင်းများကို အကြီးအကျယ် ထုတ်လုပ်ပေးခဲ့သည်။ သူသည် စစ်ကြီး ပြီးဆုံးသည်အထိ သူ၏ စက်ရုံမှ နေ၍ ဘီ ၁၇ ဗုံးကြဲ လေယာဉ်ကြီးများ၏ ပန်ကာများ၊ တော်ပီဒို၊ ဗုံးစနက်တံများနှင့် အခြား စစ်ပစ္စည်း အမျိုးပေါင်း သုံးရာကျော်တို့ကို ထုတ်လုပ်ပေးခဲ့သည်။ စစ်ကြီးပြီးသောအခါတွင်ကား ရေးနိုး၏ စီးပွားရေး လုပ်ငန်းသည် ခိုင်ခံ့ တောင့်တင်းလျက် ရှိပြီး တစ်ဆင့်ထက် တစ်ဆင့် တိုးတက်ကာ သန်းပေါင်း ရာပေါင်းများစွာ ချမ်းသာသော အဆင့်သို့ ရောက်ရှိသွားတော့သည်။

ဟယ်ရီဖရန်ကလင်က ဂျွန်ရေးနိုးသည် ထင်ရှား ကျော်ကြားသော စီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ဦး ဖြစ်သည်သာမက မျိုးချစ်စိတ် ရှိသော ပုဂ္ဂိုလ်ကြီး တစ်ဦးအဖြစ် ပေါ်လွင်အောင် သူ၏ မေးခွန်းများကို စနစ်တကျ မေးမြန်းလျက် ရှိသည်။ ထို့အပြင် ရေးနိုး၏ မြေးကလေးသည် ရေးနိုး၏ အလှူငွေတွေ အမြောက်အမြား ပါရှိသော ဆေးရုံကြီးတွင် တက်ရောက် ကုသရသော အဖြစ်ကိုလည်း ပေါ်လွင်စေသည်။

တရားရုံး တစ်ခုလုံးသည် သတင်းစာ ဆရာများ၊ အမှုတွင် စိတ်ပါဝင်စားသူများဖြင့် ပြည့်ကျပ်လျက် ရှိသော်လည်း ရေးနိုး ထွက်ဆိုသွားစဉ် တစ်လျှောက်လုံးတွင် ဘာသံမျှ မကြားရပါ။ ဂျူရော်လူကြီးများ အားလုံးပင် ကိုယ်ကို ရှေ့သို့ တိုးငိုက်ကာ အထူး အာရုံပြုပြီး နားထောင်နေကြသည်။ ဂျူရော်လူကြီး ဆယ့်လေးယောက် စလုံးပင် ဤမျှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးကို ယခင်က သူ့ အကြောင်း ကြားသာ ကြားဖူးခဲ့ပြီး ယခုမှ လူကိုယ်တိုင် နီးနီးစပ်စပ် မြင်ဖူးကြရခြင်း ဖြစ်သည်။ သည်ပုဂ္ဂိုလ်ကြီးသည် သူတို့ တွေးထင်ထားသကဲ့သို့ မာကျော ခက်ထန်ခြင်း မရှိဘဲ ပျော့ပျောင်း ဖော်ရွေခြင်း ရှိသည်ကိုလည်း တွေ့ရှိကြရသည်။ သည်ပုဂ္ဂိုလ်ကြီးသည် သူတို့လိုပင် ရိုးသားသော ဘဝမှ လာသူ တစ်ဦး ဖြစ်သည်။ သူသည် သူဌေးကြီး တစ်ယောက် မဟုတ်ဘဲ လူသား တစ်ယောက်သာ ဖြစ်သည်။ သူသည် လုပ်ငန်းရှင်ကြီး တစ်ဦး မဟုတ်ဘဲ ဘိုးအေ တစ်ဦးသာ ဖြစ်နေသည်။

လော်ရာ အနေနှင့် တစ်စုံတစ်ရာ မေးမြန်းလိုစိတ် ကန့်ကွက်လိုစိတ် ရှိစေကာမူ ဂျူရော်လူကြီးများ၊ သတင်းစာ ဆရာများနှင့် ကဏ္ဍကောစ မဖြစ်လို



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဘာမျှ မပြောမဆိုဘဲ ဖရန်ကလင် မေးမြန်းနေသည်ကို ခွင့်ပြုထားရ သည်။

ဌာန်ရေးနိုးက အမှုနှင့် တိုက်ရိုက် ပတ်သက်သော အချက်များကို မကြား တွက်ဆိုတော့မည့် အချိန်မှာပင် မိုက်ဆိုပို ရောက်လာသည်။ ဆရာဝန် ကြီးသည် ခရစ်၏ အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးနောက် အဆိုးဆုံး အခြေအနေကို မျှော်လင့် စောင့်စားနေတော့သည်။

"မစ္စတာ ရေးနိုး ခင်ဗျား၊ ဒီအမှုကြီးကို ဖြစ်ပေါ်လာစေတဲ့ စိတ်မချမ်း သာစရာ အကြောင်းတွေကို ကျွန်တော် ပြန်လည် ထုတ်ဖော်ပြီး မေးလာရတဲ့ အတွက် လူကြီးမင်းကို ပထမဆုံး တောင်းပန်ပါရစေ"

ဖရန်ကလင်က ယင်းသို့ နိဒါန်းပျိုးလိုက်ပြီးနောက် သူ့ မြေးကလေး မွေးဖွားစဉ်က အခြေအနေများကို စတင် မေးမြန်းတော့သည်။

"မစ္စတာ ရေးနိုး ခင်ဗျား၊ လူကြီးမင်း အနေနဲ့ ဒီမြေးကလေး မွေးဖွား လာမှာကို မျှော်လင့်တောင့်တ ထားပါသလား"

"အမှန်ပါပဲ ခင်ဗျား၊ လူတွေဟာ ပိုက်ဆံ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ သူ့ရဲ့ ပင်မ မူလ ခံစားမှုကိုတော့ မပြောင်းလဲနိုင်ပါဘူး၊ ကျွန်တော် ဟာ သားတွေကို လိုချင်ပါတယ်၊ ပြီးတော့ မြေးယောကျ်ားကလေးတွေ လိုချင် ပါတယ်၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ မျှော်လင့် တောင့်တထားပါတယ် အများကြီးကိုပဲ မျှော်လင့် တောင့်တထားပါတယ်၊ အများကြီးကိုပဲ မျှော်လင့် ထားပါတယ်"

"လူကြီးမင်းရဲ့ သမီး ကိုယ်လေးလက်ဝန် ရှိတဲ့ အခါမှာရော အလေး ထား ဂရုစိုက်ခဲ့ပါသလား"

ဖရန်ကလင်က မေးလိုက်သည်။

လော်ရာ ကန့်ကွက်မည် စိတ်ကူးသေးသည်။ သို့သော် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုကို တွက်ဆပြီး မကန့်ကွက်တော့ပါ။

"ကျွန်တော် အထူးပဲ ဂရုစိုက်ပါတယ်၊ ဒေါက်တာ မစ်ချဲကို ကျွန်တော် အပတ်တိုင်းလောက်ပဲ မေးကြည့်ပါတယ်၊ သူက အားလုံး ပုံမှန်အတိုင်း ကောင်း မွန်တယ်လို့ ပြောပါတယ်"

"မစ္စတာ ရေးနိုး ခင်ဗျား၊ ဒေါက်တာ မစ်ချဲက လူကြီးမင်းရဲ့ သမီးကို သတိပေး…"

လော်ရာ ထပြီး–





"ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းက တစ်ဆင့် စကားကို ပါတယ်"

"ကန့်ကွက်ချက်ကို လက်ခံတယ်"

ဗင်နွန်က ပြောလိုက်သည်။

ထိုအခါ ဖရန်ကလင်က သူ့ မေးခွန်းကို ပြင်ပြီး မေးသည်။

"မစ္စတာ ရေးနိုး ခင်ဗျား၊ လူကြီးမင်းရဲ့ သမီးနဲ့ ဒေါက်တာ မစ်ချဲတို့ စကား ပြောဆိုနေကြတဲ့ အချိန်မှာ လူကြီးမင်းဟာ သူတို့ အနားမှာ ရှိနေပါ သလား"

"ရှိပါတယ်"

"လူကြီးမင်းရဲ့ သမီးဟာ ပုံမှန် မွေးဖွားမှု ဖြစ်နိုင်စရာ အကြောင်းမရှိ ဘူးလို့များ ဒေါက်တာ မစ်ချဲက လူကြီးမင်းရဲ့ သမီးကို ပြောတာများ ကြားမိ ပါသလား"

"အဲဒီလိုမျိုး သူ မပြောပါဘူး၊ သမီးရဲ့ အခြေအနေကို သူ အများကြီး စိုးရိမ်ပူပန်ပြီး အားရ နေပါတယ်၊ ကောင်းကောင်းမွန်မွန်ပဲ မီးဖွားလိမ့်မယ်လို့ သူ ယုံကြည်နေပါတယ်"

"ကလေးရဲ့ အခြေအနေ ကောင်းမွန်မှု မရှိတာကို လူကြီးမင်း ဘယ် အချိန်မှာ ပထမဆုံး သိရပါသလဲ"

"ဒေါက်တာ ကိုးမင်း ဖုန်းဆက်တော့ သိရပါတယ်"

ရေးနိုး ဖြေသည်။

"အဲဒီ ဖုန်းဆက်တုန်းက အကြောင်းကို အသေးစိတ် ပြောပြနိုင်မလား၊ လူကြီးမင်း မှတ်မိပါသလား"

"အဲဒါကို ကျုပ် ဘယ်လိုမှ မမေ့နိုင်ပါဘူး"

ရေးနိုး ဖြေလိုက်သည်။ သူ့ အသံတွင် ပထမဆုံးအကြိမ် အဖြစ်နှင့် ဒေါသကျာမှု ပါဝင်လာသည်။

"အဲဒီနေ့က ဆေးရုံကို ကျွန်တော် ဒုတိယအကြိမ် အဖြစ် သွားရပါ တယ်"

ဖရန်ကလင် ကြားဖြတ်ပြီး–

"မစ္စတာ ရေးနိုး ခင်ဗျား၊ လူကြီးမင်းဟာ သမီးအတွက် ဒါမှမဟုတ် မြေးအတွက် စိုးရိမ်မကင်း ရှိနေပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံကို တစ်နေ့တည်း နှစ်ခေါက် သွားတဲ့အတွက် ဒီမေးခွန်း မေးတာလား" ရေးနိုးက ပြန်မေးလိုက်သည်။ ထို့နောက် "အဲဒီလိုမျိုး မဟု ပါဘူး၊ ကျွန်တော့်သမက် ခရီးသွားနေပါတယ်၊ နောက်ပြီးတော့ သမီး အ ဒီလို ရက်စောပြီး မီးဖွားလိမ့်မယ်လို့ ကျွန်တော်တို့ မမျှော်လင့်ခဲ့ကြပါ ကျွန်တော့်သမက် မရှိတဲ့အတွက် ကျွန်တော် သူ့ ကိုယ်စား သွားနေရတာ

"ဆေးရုံက ပထမဆုံးပေးတဲ့ သတင်းက ဘာပါလဲ"

"ကျွန်တော့်သမီး ကျန်းမာတယ်လို့ ပြောပါတယ်၊ ရက်နည်း စောပြီး မွေးခဲ့ပေမဲ့ ကလေးရဲ့ အခြေအနေ ကောင်းမွန်တယ်လို့ ပြောပါတ

"ပထမဆုံး အခြေအနေ မကောင်းတဲ့ အရိပ်လက္ခဏာက ဘာပါ

"နောက်တစ်နေ့ မနက် ဆေးရုံကို ကျွန်တော် သွားတဲ့အခါကျ တာဝန်ခံ ဆရာမက ဒေါက်တာ ကိုးမင်းကို သူ ဖုန်းဆက်ပြီး ခေါ် အကြောင်း ပြောပါတယ်"

"အဲဒီတုန်းက ဒေါက်တာ ကိုးမင်းနဲ့ မစ္စတာ ရေးနိုး စကားပြော သလား"

"မပြောပါဘူး၊ သူ ဖုန်းဆက်မှပဲ ပြောရပါတယ်၊ ခတ်ခွဲခန်းက အ ခံစာ တစ်ခုအတွက် သူ စိတ်အနှောင့်အယှက် ဖြစ်နေပုံရပါတယ်၊ ကလေ မက်ထရိုပိုလီတန် ဆေးရုံကြီးကို ပို့ရရင် ကောင်းမယ်လို့ သူ ပြောပါတယ်

"ကလေးကို ဆေးရုံပြောင်းဖို့ မစ္စတာ ရေးနိုး သဘောတူပါသလ

"တူပါတယ်၊ မိုက်ဆိုဗိုကို ကျွန်တော် ဖုန်းဆက်တာပဲ၊ ဒေါက် မိုက်ဆိုဗိုပါ"

"မစ္စတာ ရေးနိုး ခင်ဗျား၊ အဲဒီ မိုက်ဆိုဗိုဟာ အခု အမှုမှာ တ ဖြစ်နေတဲ့ ဒေါက်တာ မိုက်ဆိုဗို ပဲလား"

"ဟုတ်ပါတယ်"

တရားခံ စားပွဲဆီသို့ သူ လှမ်းကြည့်လိုက်ရင်း ဖြေသည်။

"ဒေါက်တာ ဆိုဗိုကို မစ္စတာ ရေးနိုး ဖုန်းဆက်တဲ့ အခါကျတော့"

"ကျွန်တော် သူနဲ့ အလျင် စကားပြောပါတယ်၊ ကျွန်တော်တို့ ယောက်ဟာ မိတ်ဆွေတွေ ဖြစ်ကြလို့ပါပဲ၊ တကယ် မိတ်ရင်းဆွေရင်း ပြီးတော့မှ ရောဂါ အခြေအနေကို ရှင်းပြဖို့ ဒေါက်တာ ကိုးမင်းကို ဖုန်းပေး ပါတယ်"





"ဒေါက်တာ ဆိုဗို ပြန်ပြောတာကို မစ္စတာ ရေးနိုး ကြားရပါသလား"

"သူက လူနာတင်ကား အခုချက်ချင်း လွှတ်လိုက်မယ်လို့ ပြောပါတယ်၊ နောက်ပြီးတော့ သူက ကျွန်တော်နဲ့ ကျွန်တော့် မိသားစု အတွက်ဆိုရင် ဘာမဆို လုပ်ပေးမယ့် အကြောင်း ပြောပါတယ်"

"ပက်ကဆိုက် ဆေးရုံကို လူနာတင်ကား ဘယ်လောက်ကြာမှ ရောက် ဘာပါသလဲ"

"မိနစ်လေးဆယ်"

"မစ္စတာ ရေးနိုး ဘယ်လိုလုပ်ပြီး သိပါသလဲ"

"ကားကို ကျွန်တော် စောင့်နေပြီး ကားနဲ့ တစ်ခါတည်း ကျွန်တော် လိုက်သွားလို့ပဲ"

"မက်ထရို ပိုလီတန် ဆေးရုံကြီးကို ရောက်တဲ့အခါ ကျတော့ကော"

"ဒေါက်တာ ဆိုဗိုက ကျွန်တော်တို့ကို လူနာတင်ကား ရပ်တဲ့နေရာ နေ စောင့်ကြို နေပါတယ်"

"အဲဒီအခါမှာ ဒေါက်တာ ဆိုဗို ဘာလုပ်ပါသလဲ"

"ကျွန်တော့်မြေးနဲ့ အတူပါလာတဲ့ လူနာမှတ်တမ်း မိတ္တူကို သူ ကြည့် တယ်၊ ပြီးတော့ ကလေးကို စစ်ဆေးကြည့်ရှုပါတယ်"

"အဲဒီလို စစ်ဆေး ကြည့်ရှုပြီးတဲ့အခါမှာ သူ ဘာလုပ်ပါသလဲ"

ဖရန်ကလင် ဆက်ပြီး မေးသည်။

"လူနာမှတ်တမ်း မိတ္တူကို သူ ပြန်ကြည့်ပြန်တယ်၊ အဲဒီ အချိန်တုန်းက ဖြစ်တယ် ဆိုတာကို…"

လော်ရာ ကန့်ကွက်သည်။

တရားသူကြီးက ကန့်ကွက်ချက်ကို လက်ခံကြောင်း ပြောကြားပြီး တာ ရေးနိုးကို သတိပေးလိုက်သည်။

"သက်သေဟာ အဲဒီအချိန်မှာ သူ တကယ် မြင်တွေ့တာကိုပဲ ထွက်ဆ ပါတယ်"

ဖင်နွန်သည် နောက်ပိုင်းတွင် လော်ရာဝင်းတားကို အကြော သိပ်မပေး ည့် အလျှောက် ဤ တစ်ကြိမ်တွင် ပေါ်ပေါ်လွင်လွင်ကြီး အသာပေးလိုက် ဒါမှ နောက်ပိုင်းတွင် သူ၏ ငြင်းဆန်မှုများသည် အဂတိ လိုက်စားခြင်း တ်ကြောင်း ပြဆိုနိုင်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဆိုဗိုက လူနာမှတ်တမ်း မိတ္တူကို စစ်ဆေးကြည့်ရှုပြီး... အခါမှာ ဘာလုပ်ပါသလဲ ခင်ဗျား"

ဖရန်ကလင် ဆက်ပြီး မေးသည်။

"ကလေးကို ကလေး အထူးကုဆောင်ကို ပို့ပါတယ်၊ နောက်ပြီးတော့ ဆရာကောင်း တစ်ယောက်ရဲ့ လက်ကို အပ်မယ်လို့ ပြောပါတယ်၊ ဒေါက်တာ ဂရန့်ကို သူ ဖုန်းဆက်ပြီး ခေါ်ပါတယ်၊ သူ့ကို ကျွန်တော် နားလည်တာက..."

လော်ရာဝင်းတား ကန့်ကွက်မည်ကို သိမြင်သဖြင့် ဖရန်ကလင်က

"တကယ်မြင်တာ တကယ်ကြားတာကိုပဲ ပြောပါခင်ဗျား"

"ဒေါက်တာ ဂရန့်ကို သုတေသန လုပ်နေရာက ခေါ်ယူရတဲ့အတွက် ဒေါက်တာ ဆိုဗိုက တောင်းပန် နေပါတယ်၊ အဲဒီတော့ ကျွန်တော် ယူဆ တာက..."

ဖရန့်ကလင် ကြားဖြတ်ပြီး

"ယူဆချက်ကို မပြောပါနဲ့ လူကြီးမင်း၊ ဒေါက်တာ ဆိုဗို တောင်းပန် တာကို လူကြီးမင်း တကယ်ပဲ ကြားပါသလား"

"ကြားပါတယ်"

ရေးနီးဖြေသည်။

"အဲဒီအခါမှာ ဆေးရုံကြီး တစ်ခုက ဌာနမှူး တစ်ယောက်ဟာ ... လက်အောက်က ဆရာဝန် တစ်ယောက်ကို သုတေသန လုပ်နေရာက လူနာ တစ်ယောက်ကို ကြည့်ရှုဖို့ ခေါ်မိတဲ့အတွက် တောင်းပန် နေတာ လူကြီးမင်း အနေနဲ့ ထူးဆန်းတယ်လို့ ယူဆမိပါသလား"

ဖရန်ကလင် မေးလိုက်သည်။

လော်ရာ ထရပ်လိုက်ပြီး–

"ကန့်ကွက်ပါတယ်"

"ဘယ် အကြောင်းပြချက်နဲ့ ကန့်ကွက်ပါသလဲ"

တရားသူကြီးက မေးလိုက်သည်။

"အကြောင်းပြချက်ကတော့ မစ္စတာ ရေးနီးဟာ ဆေးပညာရှင် မဟုတ် တဲ့ လူ တစ်ယောက် ဖြစ်လို့ပါ၊ ဆရာဝန် နှစ်ယောက်ရဲ့ လုပ်ဆောင်ချက်... ပတ်သက်ပြီး သူ့မှာ ဘာမှ ဝေဖန်ပိုင်းခြားနိုင်တဲ့ သဘော မရှိပါဘူး၊ ဒီ... အမှုဟာ မထူးဆန်းဘူး၊ ထူးဆန်းတယ် ဆိုတာကို ဆုံးဖြတ်နိုင်တဲ့ အရည်အချင်း သူ့မှာ မရှိပါဘူး"





မစ္စတာ ရေးနီး၏ အဖြေမှာ တရားမဝင်ကြောင်း သူမက သူနှင့် ဖရန်ကလင်တို့ကို မတုံ့ပြန်နိုင်အောင် ပြောဆိုသွားသဖြင့် တရားသူကြီးမှာ စိတ်မချမ်းမသာ ဖြစ်ရတော့သည်။

"အကျိုးဆောင် မင်းက ဒီမေးခွန်းကို တစ်မျိုး ပြင်ပြီး မမေးခဲ့လို့ ရှိရင် ကျွန်ုပ် ခွင့်မပြုနိုင်ပါဘူး"

သူ ပြောလိုက်ရသည်။

ထိုအခါ ဖရန်ကလင်က–

"မစ္စတာ ရေးနီး ခင်ဗျား၊ သူ့ရဲ့ သုတေသန လုပ်ငန်းကို နှောင့်ယှက် မိတဲ့အတွက် ဒေါက်တာ ဆိုဗိုက ဒေါက်တာ ဂရန့်ကို တောင်းပန်တာ လူကြီး မင်း ကြားပါသလား"

"ကြားပါတယ်"

"၄၈ နာရီ မပြည့်တတ်သေးတဲ့ ကလေး တစ်ယောက်ကို ကြည့်ရှု ပေးအောင် ခေါ်တဲ့ အတွက်ပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော့် စိတ်ထဲမှာ မယုံနိုင်ပါဘူး၊ ဒါပေမဲ့..."

"လူကြီးမင်းရဲ့ ခံစားမှုဟာ ဘယ်လောက် မှန်ကန်သည်ပဲ ဖြစ်ပါစေ ဆက်မပြောဖို့ ကျွန်တော် သတိပေးပါတယ်"

ဖရန်ကလင် ပြောလိုက်သည်။ လော်ရာ ကန့်ကွက်ထားသည့် ကြားထဲ ကပင် သူ လိုချင်သည့် အချက်ကို ရရှိသွားသည်။

"နောက်ပြီးတော့ ခင်ဗျား၊ ဒေါက်တာ ဂရန့် ရောက်ရှိလာတဲ့ အခါမှာ သူ့ရဲ့ အနေအထားက ဘယ်လို ရှိပါသလဲ"

သူ ထပ်ဆင့်ပြီး မေးလိုက်ပြန်သည်။

"သူ့ကို ကြည့်ရတာ မကျေနပ်တဲ့..."

"ကန့်ကွက်ပါတယ်"

လော်ရာ ဟစ်အော်လိုက်သည်။

ထိုအခါ ဖရန်ကလင်သည် တရားသူကြီး၏ အဆုံးအဖြတ်ကို စောင့် မနေတော့ဘဲ သူ၏ မေးခွန်းကို ပြင်ပြီးမေးလိုက်သည်။

"ဒေါက်တာ ဂရန့်နဲ့ လူကြီးမင်း ပထမဆုံးအကြိမ် တွေ့တဲ့အခါမှာ သူက ဘာပြောသလဲ"

"ကျွန်တော့်ကို ဘာမှ မပြောပါဘူး၊ သူက ကျွန်တော့်ကို လုံးလုံး ဂရုမစိုက်ပါဘူး၊ သူဟာ ဒေါသ ဖြစ်နေတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ဖရန်ကလင် အသံမြှင့်လိုက်ပြီး

"မစ္စတာ ရေးနီး ခင်ဗျား၊ ဖြစ်တာကိုပဲ ပြောပါ၊ ဒေါက်တာ ဂရန် ဘာလုပ်ပါသလဲ"

"လူနာမှတ်တမ်း မိတ္တူကို ကြည့်ပါတယ်၊ ပြီးတော့ လူနာခန်းထဲကို ဒေါက်တာ ဆိုဗို ဝင်သွားပါတယ်၊ သူ လိုက်သွားပါတယ်၊ ကျွန်တော်လည်း သူ့ နောက်က လိုက်ပါတယ်၊ ဒါပေမဲ့ သူက ကျွန်တော့်ကို တံခါးဝမှာ ပိတ်ထား ပါတယ်"

ရေးနီး ထွက်ဆိုသည်။

"သူက လူကြီးမင်းကို လူနာခန်း ထဲသို့ ဝင်ခွင့် မပေးဘူးပေါ့"

"ဟုတ်ပါတယ် ခင်ဗျား"

"လူကြီးမင်းရဲ့ နေမကောင်းနေတဲ့ မြေးကလေး အထဲမှာ ရှိနေတာ တောင်မှပေါ့"

"ဟုတ်ပါတယ် ခင်ဗျား"

"ဒီတော့ လူကြီးမင်းက ဘာပြောပါသလဲ"

"ကျွန်တော်က ပြောပါတယ်၊ ဒါ ကျုပ် မြေးပါ၊ သူ့ကို ဘာလုပ်တယ် ဆိုတာ ကျုပ်မှာ သိပိုင်ခွင့် ရှိတယ်လို့"

ရေးနီး ပြောသည်။

ဓူရော် လူကြီး အများအပြားကပင် သဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြသည်။

"ဒေါက်တာ ဂရန့်က ဘာပြန်ပြောသလဲ"

"သူပြောတဲ့ စကားလုံးတွေကိုတော့ ကျွန်တော် မမှတ်မိဘူး၊ ဒါပေမဲ့ မလိုက်လျောဘူး၊ မယဉ်ကျေးဘူး'

"မယဉ်ကျေးဘူး ဆိုတဲ့ စကားလုံးကို ကန့်ကွက်ပါတယ်"

လော်ရာ ပြောလိုက်သည်။

"သူ ပြောတဲ့ စကားက လိုက်လျောမှု မရှိဘူး"

ဒါဖြင့်ရင် ဒေါက်တာ ဂရန့်က လူကြီးမင်းကို လူနာခန်းထဲ ဝင်ခွင့် မပြုဘူး၊ နေမကောင်းနေတဲ့ မြေးကလေးကို ဘာလုပ်တယ် ဆိုတာလည်း ကြည့်ခွင့် မပြုဘူးပေါ့"





"ဟုတ်ပါတယ်၊ ကျွန်တော် အပြင်ဘက်မှာ ရပ်ပြီး မှန်ပြတင်းပေါက် ကြီးကနေပဲ ကြည့်နေရပါတယ်"

"မစ္စတာ ရေးနီးခင်ဗျား၊ လူကြီးမင်းဟာ ဒေါက်တာဂရန့် စိတ်ကြိုး အောင် တစ်ခုခုများ ပြောဆိုမိပါလား"

ဖရန်ကလင် တိုးတိုးကလေး မေးလိုက်သည်။ ဓူရော် လူကြီးများ အားစိုက်ပြီး နားထောင်ကြရသည်။

"သူ့ကို ဒီအလျင်တုန်းက ကျွန်တော် တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး"

"အဲဒီနေ့ကကော သူ့ စိတ်ဆိုးစရာ တစ်ခုခုများ ပြောခဲ့မိပါသလား၊ လုပ်ခဲ့မိပါသလား"

"မပြောခဲ့ မလုပ်ခဲ့ပါဘူး"

ဖရင်ကလင် အတိုင်းပင် ခပ်တိုးတိုး ပြန်ဖြေသည်။

"သူ ဘာပြုလို့ အခုလို မလိုမလား ဖြစ်ရတယ် ဆိုတာကော လူကြီးမင်း တွေးလို့ ရပါသလား"

"ကျွန်တော် ထင်တာကတော့ သူ့ကို သုတေသန လုပ်နေရာကနေ ခေါ်လိုက်တဲ့အတွက်..."

လော်ရာ ထရပ်လိုက်ပြီး–

"ဒီမေးခွန်းက သက်သေရဲ့ ထင်မြင်ချက် သက်သက်ကို မေးတာပဲ ဖြစ်ပါတယ်"

ဗင်နွန်က သူမ၏ ကန့်ကွက်ချက်ကို စိတ်မရှည်ဟန်ဖြင့် လက်ခံလိုက် သည်။ ဖရန်ကလင် ပြုံးလိုက်သည်။ ထို့နောက် ရေးနီးဘက်သို့ လှည့်ကာ–

"မစ္စတာ ရေးနီး ခင်ဗျား၊ ဒေါက်တာ ဂရန့်ဟာ သူ့ရဲ့ သဘောထားကို ဖော်ပြတဲ့ စကားမျိုး အဲဒီတုန်းက ဘာများ ပြောခဲ့ပါသလဲ"

"အင်း အဲဒီတုန်းကတော့ ဒီစကားဟာ သိပ်ပြီး အရေးကြီးတယ်လို့ ကျွန်တော် မထင်ခဲ့ဘူး၊ ကျွန်တော်ဟာ လိုအပ်လို့ ရှိရင် တစ်ညလုံး ဆေးရုံမှာ စောင့်နေဖို့ ဆုံးဖြတ်ထားတဲ့အတွက် ဒေါက်တာ ဂရန့်နဲ့အတူ ဆေးရုံ စား သောက်ဆိုင်ကို လိုက်သွားပါတယ်၊ အဲဒီမှာ သူ ပြောတဲ့ စကား တစ်ခုက အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်"

လော်ရာက ခရစ်ကို လှမ်းကြည့်လိုက်သည်။ ခရစ်က သူ ဘာမှ မှတ်မိဟန်ဖြင့် ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သူနဲ့အတူ ထမင်းစားခန်းကို လိုက်နိုင်သလားလို့ မေးတော့ သူက ကိုယ့်ဗန်းကို ကိုယ် သယ်ရလိမ့်မယ်လို့ ပြောပါတယ်"

"အဲဒီစကားရဲ့ အဓိပ္ပာယ်ကို လူကြီးမင်း ဘယ်လို နားလည်ပါသလဲ"

"သူဟာ ကျွန်တော့်ကို ပိုက်ဆံရှိတဲ့လူ တစ်ယောက် အနေနဲ့ အာဃာတ ရှိနေတာပဲပေါ့၊ သူဟာ ဆေးပညာကို သိပ္ပံပညာရပ် အဖြစ် သဘောမထား နိုင်ဘဲ နိုင်ငံရေး လက်နက်အဖြစ် သဘောထားတဲ့ ဆရာဝန်ကလေး တစ်ယောက်ပဲလို့ ကျွန်တော် နားလည်လိုက်တယ်"

လော်ရာ ထပြီး ကန့်ကွက်သည်။

"ဒီမေးခွန်းဟာ ဒီအမှုနဲ့ ဘယ်လိုမှ ပတ်သက်ခြင်း၊ ဆက်စပ်ခြင်း မရှိပါဘူး၊ ဒါကြောင့်မို့လို့ ဒီအဖြေကို ဂျူရော်လူကြီးများက ထည့်ပြီး မစဉ်းစားဖို့ ပြောပေးပါ"

ဖရန်ကလင်သည် ခဏခဏ ကန့်ကွက် ခံနေရသည်ကို စိတ်မရှည် တော့ဟန်ဖြင့် တရားသူကြီး ဘက်သို့ လှည့်ကာ-

"တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့်ရဲ့ မေးခွန်းများ မပြီးမဆုံးမချင်း ဒီကန့်ကွက်ချက်နဲ့ ပတ်သက်ပြီး အဆုံးအဖြတ် မပေးသေးဘဲ ဆိုင်းငံ့ ထားစေ ချင်ပါတယ်"

"ဆက်မေးပါ မစ္စတာ ဖရန်ကလင်"

"မစ္စတာ ရေးနိုး ခင်ဗျား၊ ဒေါက်တာ ဂရန့်ဟာ လူကြီးမင်းရဲ့ ချမ်းသာမှု အပေါ်မှာ အာဃာတထားတဲ့ သဘောရှိပြီးတဲ့ နောက်မှာ သူရဲ့ သဘောထား ကို ဖော်ပြတဲ့ အနေနဲ့ တခြား ဘာများ ဖြစ်ပါသေးသလဲ"

"ဖြစ်ပါတယ် ခင်ဗျား၊ ကျွန်တော့် မြေးကလေး အသည်းအသန် ဖြစ်နေ တဲ့ အချိန်မှာ သူဟာ မြေးကလေးကို ပစ်ပြီး တခြားကို ထွက်သွားပါတယ်"

"သူ ဘယ်သွားမယ်လို့ကော ပြောပါသလား"

"ပြောပါတယ်၊ ရစ်ဗီစကွဲယားမှာ ဟောပြောပွဲ တစ်ခု ရှိလို့ သွားမယ် တဲ့၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကို ဟောပြောရမှာတဲ့"

"လူကြီးမင်းက သူ မသွားဖို့ ပြောပါသေးသလား"

"ပြောပါတယ်၊ ဒါပေမဲ့ သူ သွားတာပဲ"

"မစ္စတာ ရေးနိုး ခင်ဗျား၊ လူကြီးမင်းဟာ လူနာဆောင်ရဲ့ အပြင်ဘက် မှာ ရပ်နေခဲ့ရပြီး မှန်ပြတင်းပေါက်ကြီးကနေ ရပ်ပြီး ကြည့်နေခဲ့ရတယ်လို့ ထွက်ဆို သွားပါတယ်၊ မှန်ပါသလား"





"မှန်ပါတယ်"

"အဲဒီအခါမှာ လူကြီးမင်း ဘာတွေ မြင်ရပါသလဲ"

ဖရန်ကလင် မေးလိုက်သည်။

"ဒေါက်တာ ဂရန့်က ကျွန်တော့် မြေးကလေးကို စမ်းသပ် ကြည့်ရှု ပါတယ်၊ ပြီးတော့ သွေးနမူနာ ထုတ်ယူပြီး ဆရာမ တစ်ယောက်ကို ပေးလိုက် ပါတယ်၊ ဆရာမ အပြင်ကို ထွက်လာတဲ့ အခါမှာ ကျွန်တော်က ဆရာမ ဘယ်သွားမှာလဲလို့ မေးတော့ ဆရာမ ဓာတ်ခွဲခန်းကို သွားမယ်လို့ ပြောပါ တယ်"

"နောက်ကော ဘာတွေ့ရသေးသလဲ"

"မှန်ထဲက နေပြီး ကျွန်တော် မြင်နေရပါတယ်၊ ဒေါက်တာ ဂရန့်ဟာ သွေးကြောသွင်းတဲ့ ပိုက်ကို တပ်လိုက်ပါတယ်၊ နောက်ပြီးတော့ အခြား ကိရိယာ တွေကို ဟိုလှည့် ဒီလှည့် လုပ်ပါတယ်၊ နောက်ပြီးတော့မှ အင်မတန် ဆန်းကြယ် တဲ့ ကိစ္စ တစ်ခုကို သူ လုပ်ပါတယ်"

"ကန့်ကွက်ပါတယ်"

ထိုအခါ တရားသူကြီးက-

"သက်သေဟာ နာမဝိသေသနတွေကို မသုံးဘဲ ပြောစေချင်ပါတယ်"

"ဟုတ်ကဲ့၊ ဒေါက်တာ ဂရန့်ဟာ တစ်စုံတစ်ရာကို ရွှေ့ပါတယ်၊ အဲဒါကို ဘာခေါ်မှန်း ကျွန်တော် မသိပါဘူး"

"ပုံစံ ပြောပြနိုင်ပါသလား"

"တောက်ပြောင်နေတဲ့ သတ္တုပစ္စည်း တစ်ခုပဲ၊ ကလေး ရှိနေတဲ့ ပလတ် ဖောင်တစ် အိမ်ကလေးထက် မြင့်တယ်၊ အဲဒီပစ္စည်းကို သူ ရွှေ့တယ်၊ အဲဒီပစ္စည်း ရဲ့ ထိပ်ပိုင်းက ပလတ်စတစ် အိမ်ကို မိုးထားတယ်"

"အဲဒီပစ္စည်းမှာ ဘာများ ထူးခြားတာ တွေ့ရသလဲ"

"ဟုတ်ကဲ့၊ အဖုံးရဲ့ အောက်မှာ မီးချောင်းတွေ ရှိပါတယ်"

"မီးချောင်း ဘယ်နှချောင်းလောက် ရှိပါသလဲ"

"ဆယ်ချောင်း၊ ဆယ့်နှစ်ချောင်းလောက် ရှိမယ် ထင်ပါတယ်" ထို့ နောက် သူ့ လက်နှစ်ဖက်ကို ဆန့်ကားကာ "ဒါလောက် ရှည်ပါတယ်"

"နောက်ပြီးတော့ကော ခင်ဗျာ"

"ခလုတ် တစ်ခုကို သူ ဖွင့်လိုက်ပြီး မီးချောင်းတွေ လင်းလာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းရဲ့ မြေးကလေး အပေါ်မှာ မီးချောင်းတွေ ဖွင့်လိုက်တာ ပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

ဖရန်ကလင် ခေါင်းကို မသိမသာ ယမ်းခါလိုက်သည်။ ဂျူရော်လူကြီး များကို မျက်စိထောင့်ကပ်ပြီး ကြည့်လိုက်သည်။

"ဒေါက်တာ ဂရန့်ဟာ လူကြီးမင်းရဲ့ မြေးကလေး ကိုယ်ပေါ်မှာ မီးချောင်းတွေ မဖွင့်ခင် သူ ဘာလုပ်မယ် ဆိုတာကို လူကြီးမင်းကို ပြောခဲ့ သလား"

"မပြောပါဘူး"

"လူကြီးမင်း ဆီမှာ ခွင့်ကော တောင်းပါသလား"

"မတောင်းပါဘူး"

"အဲဒီ ကုသမှုမှာ ဘေးအန္တရာယ် ရှိနိုင်တယ် ဆိုတာကိုကော လူကြီး မင်းကို သူ ပြောပါသလား"

"မပြောပါဘူး"

"အဲဒီလို သူ မလုပ်ခင် ဒါမှမဟုတ် လုပ်နေတုန်း ဒါမှမဟုတ် လုပ်ပြီး တဲ့နောက် တစ်ချိန်ချိန်မှာ အဲဒီ ကုသမှုအတွက် လူကြီးမင်း ဆီမှာ သူ ခွင့် တောင်းခံပါသလား"

"မတောင်းခံပါဘူး"

လော်ရာ တစ်ကိုယ်လုံး တောင့်သွားသည်။ ဒေါက်တာ ဂရန့်သည် အရေးကြီးသော ကုသမှု တစ်ခု ပြုလုပ်ရာတွင် သက်ဆိုင်ရာ လူနာရှင် ထံမှ သဘောတူညီမှု တောင်းခံခြင်း မရှိကြောင်းကို ဖရန်ကလင်က မီးမောင်းထိုး နေသည်ကို သူမက မည်သို့မျှ မတားဆီးနိုင်ဘဲ ရှိနေသည်။ ဘေးအန္တရာယ် ရှိနိုင်သော ကုသနည်းများတွင် ကြိုတင် သဘောတူညီချက် မရယူခြင်းသည် လွဲမှားသော ကုသခြင်းပင် ဖြစ်သည်။

"မစ္စတာ ရေးနိုး ခင်ဗျား၊ အဲဒီ ကုသမှုမျိုးမှာ ဘေးအန္တရာယ် ရှိနိုင် တယ် ဆိုတာကို အဲဒီနောက်ပိုင်းမှာ သိရှိပါသလား"

ဖရန်ကယင် ဆက်မေးသည်။

"သိပါတယ်"

"မစ္စတာ ရေးနိုး ခင်ဗျား၊ လူကြီးမင်းဟာ အလင်းကုထုံးနည်း အခု သိသလို အဲဒီတုန်းက သိခဲ့လို့ ရှိရင်..."





"ကန့်ကွက်ပါတယ်"

လော်ရာ ကန့်ကွက် လိုက်ပြန်သည်။ ယခု တစ်ကြိမ်တွင် မတ်တတ် ရပ်လိုက်သည်။

"ဘာကြောင့် ကန့်ကွက်ပါသလဲ"

ဗင်နွန်က မေးလိုက်သည်။ အမှုတစ်ခုကို စနစ်တကျ စစ်ဆေးနေစဉ် တွင် မလိုအပ်သော နှောင့်ယှက်မှုမျိုးကို ခံနေရသည်မျိုး ဖြစ်သည်။

"ဒေါက်တာ ဂရန့်က လူနာရဲ့ ဆွေမျိုး တစ်ယောက်ယောက်ကို အလင်း ကုထုံးနည်း အကြောင်း ရှင်းပြတယ် ဆိုတဲ့ အထောက်အထား မရှိခဲ့တဲ့ အတွက် ပဲ"

သူမ၏ လျှောက်လဲချက် အချက်ကျနေသဖြင့် တရားသူကြီးသည် သူမကို အနိုင်ပေးရတော့သည်။

ဖရန်တလင် သူ့ မေးခွန်းကို ပြန်ပြီး မေးသည်။

"မစ္စတာ ရေးနိုး ခင်ဗျား၊ ဘေးအန္တရာယ် ရှိနိုင်တဲ့ အကြောင်း လူကြီး မင်းကို အသိပေးခဲ့လို့ ရှိရင်..."

"ကန့်ကွက်ပါတယ်"

လော်ရာ ဟစ်အော်လိုက်ပြန်သည်။

တရားသူကြီး ကသိကအောက် ဖြစ်သွားဟန်ဖြင့်–

"တစ်ဖက် အကျိုးဆောင် ကန့်ကွက်နိုင်တဲ့ စကားလုံးတွေ မပါအောင် လူကြီးမင်း မမေးနိုင်ဘူးလား မစ္စတာ ဖရန်ကလင်"

ဖရန်ကလင် သက်ပြင်း ချလိုက်ပြီး–

"မစ္စတာ ရေးနိုး ခင်ဗျား၊ အဲဒီရက် နောက်ပိုင်းမှာ လူကြီးမင်းဟာ အလင်းကုထုံးနည်း အကြောင်း လေ့လာမိပါသလား"

"လေ့လာမိပါတယ်"

"ဘယ်လိုမျိုး လေ့လာပါသလဲ"

"တခြား ဆရာဝန်တွေကို မေးပါတယ်၊ ကိုယ်တိုင်လည်း သုတေသန လုပ်ပါတယ်"

"အဲဒီလို သုတေသန လုပ်တဲ့အခါမှာ ဘာတွေ့ရပါသလဲ"

"ကန့်ကွက်ပါတယ်"

ယခု တစ်ကြိမ်တွင် တရားသူကြီးက–



www.burmeseclassic.com

www.burmeseclassic.com



"သက်သေ ဖြေပါ"

"ကျွန်တော် တိုင်ပင်တဲ့ ဆရာဝန်တွေနဲ့ ကျွန်တော် ဖတ်တဲ့ စာတွေ တူညီတာ တစ်ခု တွေ့ရပါတယ်၊ အလင်းကုထုံးနည်းဟာ နောက်ပိုင်း မသိနိုင်တဲ့ အကျိုးဆက်တွေ အများကြီး ဖြစ်ပေါ်နိုင်တဲ့ အတွက် အသုံးပြု အင်မတန် စဉ်းစားစရာ ကောင်းတဲ့ ကုထုံးနည်း တစ်ခု ဖြစ်တယ် ဆိုတာပါ

"ဒီအဖြေ တစ်ခုလုံးကို ဖျက်ပစ်ဖို့ ကျွန်မ တောင်းဆိုပါတယ်"

ဗင်နွန် ဒေါသ ထွက်သွားဟန်ဖြင့် သူမ ဘက်သို့ လှည့်ပြီး-

"ဘာကြောင့်လဲ မိန်းကလေး"

"ဟုတ်ကဲ့ အဘိုးကြီး၊ ဘာကြောင့်လဲ ဆိုတော့..."

လော်ရာ ရှေ့ဆက် မပြောရမီတွင် ရယ်မောသံများ ထွက်ပေါ်လာ သည်။ ဗင်နွန် မျက်နှာကြီး နီရဲသွားပြီး တရားသူကြီး၏ လက်စွဲ မောင်းထု ပုတ်ကလေးကို ထုလိုက်သည်။

"အကျိုးဆောင်၊ အကျိုးဆောင်ရဲ့ လုပ်ဆောင်ချက်ဟာ ဤရုံးတော် မထိမဲ့မြင် လုပ်ရာ ရောက်ပါတယ်၊ နောက်ထပ် ဒီလိုမျိုး ပြောဆိုသုံးနှုန်း လာလို့ ရှိရင် ဤရုံးတော်က အမြန်ဆုံး အရေးယူရပါလိမ့်မယ်"

သူမ၏ မျက်နှာ နီရဲမသွားဘဲ ဖြူဖွေးသွားသည်ကို ခဏစ် တွေ့လိုက် သည်။ သူမ ချုံးပွဲချပြီး ငိုချတော့မလားဟု သူ အောက်မေ့မိသည်။ သို့သော် သူမသည် ခေတ္တမျှ အချိန်ယူလိုက်ပြီးနောက် အသံမာမာ ငြိမ်ငြိမ်ဖြင့်-

"ဤအမှု စစ်ဆေးနေစဉ် အတွင်းမှာ ကျား မ ခွဲခြားပြီး ပြောဆိုခြင်း အသက်အရွယ် ခွဲခြားပြီး ပြောဆိုခြင်းများ မပြုလုပ်ရန် ဤအကျိုးဆောင် လိုလားပါတယ်"

ထိုအခါ စိန်ခေါ်ခြင်း ခံလိုက်ရသော တရားသူကြီးက အသံ ခြော ခြောက်ဖြင့် ဤသို့သာ ပြန်ပြောပါသည်။

"အကျိုးဆောင်မင်းက သူ့ရဲ့ ကန့်ကွက်ချက် အခြေခံ အကြောင်းရင်း ကို တင်ပြနိုင်ရင် ဤရုံးတော်က စဉ်းစား ဆုံးဖြတ်ပါမယ်"

"မစ္စတာ ရေးနီးဟာ ပါရဂူ တစ်ယောက် မဟုတ်တဲ့ အတွက် ဆေး ပညာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သူ့ အနေနဲ့ ထုတ်ဖော် ပြောဆိုဖို့ လုံးဝ မသင့်လျော်ပါဘူး"

လော်ရာ ပြောလိုက်သည်။





"ဒါပေမဲ့ သူ့ကို ဆရာဝန်တွေက ဘာပြောတယ် ဆိုတဲ့ အကြောင်းကို တော့ သူ ပြောနိုင်ပါတယ်"

ဖရန်ကလင် ကြားဝင်ပြီး ပြောသည်။

"မစ္စတာ ရေးနီးကို ပြောကြားတဲ့ ဆရာဝန် ကိုယ်တိုင် ဤရုံးတော်မှာ ထွက်ဆိုတာကိုပဲ ကျွန်မတို့ လက်ခံပါတယ်၊ ကျွန်မတို့ အနေနဲ့ ပြန်လှန် မေးခွန်း ထုတ်နိုင်တဲ့ သက်သေရဲ့ ထွက်ဆိုချက်ကိုပဲ လက်ခံနိုင်ပါမယ်"

ဗင်နွန်သည် ဖရန်ကလင်ကို ကြည့်လိုက်ပြီး-

"အကျိုးဆောင်ရဲ့ မေးခွန်းကို ပြင်ပြီး မေးမလား၊ ဒါမှမဟုတ် ရုပ်သိမ်း မလား"

"အကျိုးဆောင်ရဲ့ မေးခွန်းဟာ တစ်ဆင့် စကားကို မေးတာ ဖြစ်နေရင် ကျွန်မတို့ ကန့်ကွက်မှာ ဖြစ်ပါတယ်"

လော်ရာ လျင်မြန်စွာ ပြောလိုက်သည်။

ဖရန်ကလင် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် မစ္စတာ ရေးနီး ဘက်သို့ လှည့်လိုက်သည်။ မစ္စတာ ရေးနီးမှာလည်း အရေးကြီးသည့် မေးခွန်းကို မဖြေ ရသဖြင့် ကသိကအောက် ဖြစ်နေဟန် ရှိသည်။

"မစ္စတာ ရေးနီး ခင်ဗျား၊ အဘိုး တစ်ယောက် အနေနဲ့ ပြောစမ်းပါ၊ အလင်းကုထုံးနည်း အကြောင်း တခြား ဆရာဝန်များက လူကြီးမင်းကို ရှင်းပြ သလို ဒေါက်တာ ဂရန့်က လူကြီးမင်းကို ရှင်းပြခဲ့ရင် လူကြီးမင်းရဲ့ မြေးကို အဲဒီ ကုထုံးနည်းနဲ့ ကုသခွင့် ပြုပါမည်လား"

"မပြုပါဘူး"

"မစ္စတာ ရေးနီး ခင်ဗျား၊ လူကြီးမင်းရဲ့ မြေးအခြေအနေကို ကျွန်တော် တို့ကို ပြောပြနိုင်ပါမလား"

"ကန့်ကွက်ပါတယ်"

လော်ရာ ကန့်ကွက်လိုက်သည်။

သို့သော် ဗင်နွန်က-

"အဘိုး တစ်ယောက်ဟာ သူ့မှာ ပါရဂူ တစ်ယောက်ရဲ့ အရည်အချင်း မရှိပေမဲ့ သူ့ မြေးရဲ့ အခြေအနေကို ဖော်ပြောနိုင်ခွင့် ရှိတယ်"

"ကလေးရဲ့ အခြေအနေဟာ ဆေးပညာနဲ့ ပတ်သက်နေတာမို့ ကျွမ်း ကျင် နားလည်သူများကသာ ပြောဆိုသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လော်ရာ စာဒက တက်လိုက်သည်။

ရေးနိုးသည် ဗုရော်လူကြီးများ ဘက်သို့ လှည့်လျက်–

"အခြေအနေ ပြောင်းလဲတာကို တွေ့မြင်ရတာ အင်မတန် စိတ်ထိခိုက်စရာ ကောင်းပါတယ်၊ အထူးသဖြင့် ဟိုဆရာဝန် နှစ်ယောက်က ကျွန်တော့်ကို သတိပေးပြီးကြတဲ့ နောက်ပိုင်းမှာပေါ့" သူက ခရစ်နှင့် မိုက်တို့ကို လှမ်းကြည့်လိုက်ရင်း ပြောသည်။ "သူတို့က ကလေး နေကောင်းသွားပြီ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး ဆိုပြီး ကလေးကို ပြန်အပ်လိုက်ကြတယ်၊ ကျွန်တော်ကလည်း အိမ်ခေါ်သွားပြီး သူ့ အမေ လက်ထဲကို အပ်လိုက်တယ်၊ ကလေး နေကောင်းသွားပြီး ဆိုတဲ့အခါ သူ့ အမေရဲ့ မျက်နှာဟာလည်း…"

ရေးနိုးက ထိုစကားကို ဆုံးအောင် ဆက်မပြောဘဲ ဒီအတိုင်း ထားလိုက်သည်။ ပြီးတော့မှ–

"တစ်လ နှစ်လတော့ ဒီအတိုင်းပဲ ပျော်နေကြတယ်၊ အဖေ အမေ အဘိုး အဘွား ဆိုတာ ကလေး နေကောင်းနေတာ ကျန်းမာနေတာ တွေ့ရရင် အားလုံး ပျော်နေကြတာပဲ"

လော်ရာ ဒေါသ ဖြစ်နေသည်။ ဖရန်ကလင်သည် ဥပဒေ သဘောအရ မလုပ်ဆောင်ဘဲ ဗုရော်လူကြီးများ၏ သနားကြင်နာမှုကို ရရှိအောင် အောက်လမ်းနည်းကို အသုံးပြုလျက် ရှိသည်။ ရေးနိုး၏ ထိုးနှက်ချက်ကို မည်သို့ တုံ့ပြန်ရမလဲဟု သူမ စဉ်းစားနေသည်။ လွယ်တော့ မလွယ်ပါ။

"ကျွန်တော်တို့ ကလေးနဲ့အတူ ကစားကြတယ်၊ အမေရယ် အဖေရယ်၊ အဘိုးရယ် အဘွားရယ်ပေါ့၊ ကျွန်တော် ခရီးသွားစရာ ရှိရင် သူ့ကို နှုတ်ဆက်ပြီးမှ သွားတယ်၊ ခရီးက ပြန်လာရင်လည်း သူ့ကို အလျင်ဆုံး နှုတ်ဆက်တယ်"

"အဲဒီတော့ ကလေးကို အဘက်ဘက်က ကြည့်ရတာ ကျန်းမာ သန်စွမ်းနေတယ်ပေါ့"

ရေးနိုး လမ်းစပျောက်မှာ စိုးသဖြင့် ဖရန်ကလင်က ထိန်းကျောင်းပေးလိုက်သည်။

"ပထမတော့ ဒီအတိုင်းပဲ ထင်ရပါတယ်၊ ဒါပေမဲ့ သုံးလေးလလောက်ကြာတဲ့အခါကျတော့ ပြောင်းလဲမှုကလေးတွေ ရှိလာတာကို တွေ့ရတယ်၊ ပထမတော့ သိပ်ပြီး မသိမသာလှဘူး၊ ကလေးဟာ သိပ်ပြီး မပြုံးတော့ဘူး၊ သိပ်ပြီးတော့လည်း မတုံ့ပြန်တော့ဘူး၊ အဲဒီလိုနဲ့ သတိထားမိလာရတာကတော့





ကလေးဟာ ဖွံ့ဖြိုးမလာဘဲ နောက်ကို ပြန်ဆုတ်နေတယ် ဆိုတာပဲ၊ ဒါပေမဲ့ အဲဒါကို ဘယ်သူ့ကိုမှ မပြောရဲဘူး၊ မမေးရဲဘူး"

ရေးနိုး ရပ်လိုက်သည်။ ခေါင်းကို မသိမသာ ယမ်းခါသည်။ ပြီးမှ ဆက်ပြီး ပြောသည်။

"နောက်ဆုံးကျမှ ကျွန်တော်ဟာ ဆရာဝန်များအသင်း စာကြည့်တိုက်ကို သွားပြီး ဒီအကြောင်းကို ရှာဖတ်ရတော့တာပဲ၊ ကျွန်တော်ဟာ ဆရာဝန် တစ်ယောက် မဟုတ်ပေမဲ့ ဦးနှောက် ပျက်ယွင်းတယ် ဆိုတဲ့ အကြောင်းကိုတော့ ကောင်းကောင်း နားလည်ပါတယ်၊ ရောဂါ လက္ခဏာတွေကိုလည်း ကျွန်တော် တွေ့လာရတယ်၊ ကျွန်တော် စာများများ ဖတ်လေ ဒီအကြောင်းကို များများ နားလည်လေပဲ၊ နောက်ဆုံးမှာ ကျွန်တော်ဟာ ကလေးကို နာဗ်ကြော ပါရဂူ တစ်ဦး ဆီကို ခေါ်သွားပြီး ပြကြည့်တော့ အဖြေကို တိတိကျကျ သိရတော့တာပဲ"

ရေးနိုး ရပ်နားလိုက်ပြန်သည်။ အင်မတန် စိတ်လှုပ်ရှားနေဟန် ရှိသည်။ တရားရုံး တစ်ခုလုံး တိတ်ဆိတ်နေသည်မှာလည်း အဝေးကြီးက အသံကိုပင် ကြားနိုင်သည်။ ဖရန်ကလင်က သူ့ သက်သေကို ရေတစ်ခွက် ပေးသည်။ ရေးနိုး ရေကို သောက်သည်။

တစ်မိနစ်ခန့် ကြာသွားသောအခါ တရားသူကြီးက–

"ခဏ နားပေးရမလား"

ရေးနိုး မော့မကြည့်ဘဲ ခေါင်းကို ယမ်းခါသည်။ ထို့နောက် ဆက်ပြောသည်။

"အဲဒီတော့ ကျွန်တော် ဘယ်လိုမှ မတတ်နိုင်တော့ဘူး၊ ဒေါက်တာ မစ်ချဲ ဆီကို သွားရတော့တာပဲ၊ ပထမတော့ ဒေါက်တာ မစ်ချဲက ကျွန်တော့်ကို စိတ်မပူဖို့ ပြောပါတယ်၊ ဒါပေမဲ့ ကလေးကို သူ ကိုယ်တိုင် စမ်းသပ်ပြီးတဲ့အခါမှာတော့ သူလည်း ဒီအတိုင်းပဲ ကောက်ချက် ချရပါတော့တယ်၊ ဒီမှာ ပါရဂူတွေကို ကျွန်တော်တို့ ခေါ်ပြပါတယ်၊ ဒေါက်တာ မစ်ချဲဟာ တတ်ကျွမ်းတဲ့ ဆရာဝန်ကြီး တစ်ယောက်ပါပဲ၊ ဒါပေမဲ့ ဒီလို အခြေအနေမျိုးကို ဘယ်သူမှ အလွယ်တကူ လက်မခံချင်ပါဘူး၊ ကျွန်တော့် မြေးကို ပါရဂူ လေးယောက်က စစ်ဆေးပြီးတော့ ဦးနှောက် ပျက်ယွင်းနေပြီ ဆိုတာကို တညီတညွတ်တည်း ပြောကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရေနိုး အသက်ရှူ မြန်နေသည်။

"ဒေါက်တာ ဂရန့်က ဘယ်လိုပဲ ကတိ ပေးလိုက်ပေမဲ့ မွေးတုန်းက ကျန်းမာ သန်စွမ်းတဲ့ ကလေးဟာ အခု မကောင်းတော့ပါဘူး၊ နောက်လည်း ဘယ်တော့မှ မကောင်းတော့ပါဘူး"

ရေနိုး၏ စကား ဆုံးသွားပြီး အတန်ကြီး ကြာသည်အထိ မည်သူမှ မလှုပ်ရှားပါ။ ခရစ် ကိုယ်တိုင်ပင်လျှင် စိတ်မကောင်း ဖြစ်နေဟန် ရှိသည်။ သူ့ ခေါင်း အပေါ်တွင် သူ အဘယ်မျှ မျှော်လင့်ချက် ထားသည်ကို ခရစ် အသိ ဆုံးသင်။

ဟယ်ရီဖရန့်ကလင်သည် သူ့မှာ ရှိနေသော အကြီးဆုံး အခက်ခဲကြီးကို ဖြေရှင်းရာ ပျောက်လွင့်သွားခြင်း ဖြစ်ကြောင်း လော်ရာ သိရှိသည်။ ဖြစ်နိုင်ဖွယ်ရာ မရှိသော အလုပ် တစ်ခုကို သူ လုပ်ဆောင်သွားခြင်းပင် ဖြစ်သည်။ အင်မတန် ချမ်းသာ ကြွယ်ဝသော သူဌေးကြီး တစ်ယောက်ကို လူအများက သနားအောင် လုပ်သွားခြင်းသာ ဖြစ်သည်။

အညီအချိန်တွင် လော်ရာက သူ့ကို ပြန်လှန် မေးခွန်းများများ မေးခဲ့လျှင် ရှေ့နေလူကြီးများသည် သူမကို မုန်းတီးကြပေလိမ့်မည်။

သို့ဖြင့် သူမသည် တခြား ရွေးချယ်ရန် နည်းလမ်း မရှိတော့သဖြင့်-

"တရားသူကြီးမင်းက သဘောတူ ခွင့်ပြုမယ် ဆိုရင် သက်သေကို အခုအချိန်မှာ ကျွန်မတော ပြန်လှန် မေးခွန်းများ မမေးတော့ပါဘူး၊ ဒါပေမဲ့ နောက်ပိုင်းမှာ ကျွန်မ ခေါ်မြန်းချင်တဲ့ အခါမှာ မေးမြန်းပိုင်ခွင့် ရှိစေချင်ပါတယ်"

တရားသူကြီးက သဘောတူလိုက်သည်။



## ၂၂

လော်ရာ အိပ်ရာ ပေါ်တွင် ထထိုင်ပြီး စီးကရက် တစ်လိပ် မီးညှိလိုက်သည်။ ထို့နောက် ခေါင်းအေးအေးထားပြီး အခြေအနေကို သုံးသပ်သည်။

သေချာတာ တစ်ခု ရှိသည်။ ဤအမှုတွင် သူတို့ ရှုံးနိမ့်ခဲ့လျှင် အယူခံ ရှိတော့ပါ။ အယူခံ ဝင်နိုင်ရန် သူတို့မှာ အင်အား မရှိပါ။ သည်ထက် ပိုပြီး ဆိုးသည်ကတော့ ခရစ်တွင် ဆေးလောကနှင့် ပတ်သက်ပြီး အနာဂတ် ရှိသေးသည် ဆိုလျှင်လည်း ဝေးခေါင်သော အရပ်ဒေသ တစ်ခုတွင်သာ ဖြစ်ပေလိမ့်မည်။ ယင်းအတွက် သူတို့ နှစ်ယောက်သည် ဘဝ တစ်ခုကို အတူ ထူထောင်ကြမည် ဆိုလျှင် သူမသည် ဤမှာ ရှိသော လုပ်ငန်းများကို စွန့်လွှတ်ပြီး တခြား တစ်နေရာတွင် အသစ် တစ်ဖန် ပြန်စရပေမည်။ အချစ်ဟူသော အရာကို ဤမျှ တန်ဖိုးကြီးကြီး ပေးနိုင်ပါမည်လောဟု သူမ စဉ်းစားနေမိသည်။

ညဥ့်နက် သန်းခေါင်ကြီးတွင် သူမကိုယ် သူမ ဝန်ခံမိပါသည်။ သူမ အနေနှင့် ခရစ်ကို လက်ထပ်လိုပါသည်။ ကလေးတွေ ရလိုပါသည်။ သို့သော် ဘဝသည် သူမ၏ လုပ်ငန်းဘဝ မဟုတ်နိုင်တော့။ အကယ်၍ ရှေ့နေလူကြီးများက သူမတို့ကို အရှုံးပေးခဲ့လျှင် သူမ အနေနှင့် နှစ်ခုအနက် တစ်ခုခုကို ရွေးချယ်ရပေမည်။

သူမ တစ်ခု ဆုံးဖြတ်လိုက်သည်။ သည်က ရှေ့တွင် သူမသည် ခရစ်၏ ရှေ့နေ အဖြစ်နှင့်သာ ရပ်တည်မည်။ ချစ်သူ အဖြစ်နှင့် မနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုကတော့ ဘာကြီးပဲ ဖြစ်ဖြစ် သူမသည် ခရစ်ကို သက်သေ အဖြစ် တင်သွင်းရပေမည်။ ဆေးပညာ ပါရဂူကြီးများက ဘယ်လောက်ပင် သူတို့ဘက်က ခုခံပြီး ထွက်ဆိုစေ ဤအမှု၏ အရင်းအမြစ်မှာ ခရစ်သာလျှင် ဖြစ်ပေသည်။ အမှု၏ အမှားအမှန်ကို သူ တစ်ယောက်သာလျှင် ဖော်ဆောင် နိုင်ပေမည်။

လော်ရာသည် ခရစ်ကို သက်သေအဖြစ် တင်သွင်းရန် အကွက်ချ စဉ်းစားရင်း အိပ်ပျော်သွားလေတော့သည်။

*

"မိုက်ကယ် ဆိုဗို"

ရှေ့ဖတ်စာရေးက ဆင့်ခေါ်လိုက်သည်။

မိုက် ကျမ်းကျိန်ပြီးနောက် သက်သေ ကုလားထိုင်တွင် ထိုင်လိုက်သည်။ လော်ရာက သူ့ကို မေးခွန်းများ မေးမြန်းသောအခါ အမှု အခြေအနေ ဆိုးရွား ခြင်းသာ မရှိပါက သူသည် ရယ်မိမည်မှာ အမှန်ပင် ဖြစ်သည်။ တစ်ချိန်တုန်း က သူ့ မျက်စိအောက်တွင် ဆော့ကစား နေခဲ့သော ကလေးမကလေး တစ်ယောက် က သူ့ကို မေးခွန်းတွေ မေးမြန်းနေသည်။ သူ၏ ပညာရေး၊ သူ၏ နောက် ကြောင်း ရာဇဝင်၊ သူ၏ ဆေးလောက လုပ်ငန်း တာဝန်များ။

လော်ရာသည် သူ့ကို တစ်စစနှင့် ပါရဂူကြီး တစ်ဦး အဖြစ် ထင်ရှား လာစေသည်။ သူ၏ အရည်အချင်းများကို အမွှမ်းတင်၍ မဆုံးနိုင် ရှိသောအခါ ဖရန်ကလင် ထိုင်ရာမှ ထပြီး–

"ယခု သက်သေ၏ အရည်အချင်းများကို လိုအပ်ရင် တရားလိုဘက်က ထောက်ခံ ဝန်ခံ ထောင်းဆိုပါမယ်"

တရားသူကြီး ဗင်နွန်ကလည်း ထိုအချက်ကို လိုက်လျောလိုသည်။

သို့သော် လော်ရာက လက်မခံပါ။ မိုက်၏ အရည်အချင်းများနှင့် လုပ်ဆောင်မှုများ အားလုံးကို ဂျူရော်လူကြီးများ သိရှိစေချင်သည်။ တရားခွင် မှတ်တမ်းတွင် မော်ကွန်းတင်ပြီး ဖြစ်စေချင်သည်။

ထိုအချက်များကို အပြည့်အစုံ ထင်ရှားပြီးစေသော အခါမှပင် သူမသည် ထိုကလေး အကြောင်း၊ မိုက် ပထမဆုံး သိရှိသည့် အကြောင်း၊ လူနာတင်ကား လွှတ်လိုက်ရန် ကတိပြုသည့် အကြောင်းတို့ကို ပြန်လည် ပေါ်လွင်စေသည်။





ပြီးမှ–

"ဒေါက်တာ ဆိုဗိုရှင့်၊ ကလေးကို လူကြီးမင်း အနေနဲ့ ပထမဆုံး စစ်ဆေးရတဲ့ အချိန်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေမှာ ရှိပါသလား"

"သိပ် စိုးရိမ်စရာ အခြေအနေတော့ မရှိပါဘူး၊ ဒါပေမဲ့ သတိထားရမယ့် အနေအထားမှာ ရှိနေပါတယ်"

"အဲဒီ အခြေအနေမျိုးမှာ ဆရာကြီးတို့လို အတွေ့အကြုံ ကြီးမားတဲ့ ဆရာဝန်ကြီး တစ်ယောက်ဟာ ဘာလုပ်ပါသလဲ"

"ကျုပ် လုပ်ခဲ့တဲ့ အတိုင်းပါပဲ၊ ကလေးကို ကျုပ် အင်မတန် ယုံကြည် စိတ်ချတဲ့ ဒေါက်တာ ဂရန့်ရဲ့ လက်ကို လွှဲအပ်လိုက်ပါတယ်"

"သူ့ကို ဘာတွေ ဘာတွေ လုပ်ရမယ်လို့ ညွှန်ကြားပါသလား"

"ဘာမှ ညွှန်ကြားစရာ မလိုပါဘူး"

"ကန့်ကွက်ပါတယ်"

ဖရန်ကလင် ကန့်ကွက်သည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

တရားသူကြီးက အလျင်အမြန်ပင် လက်ခံလိုက်သည်။

"ဆရာကြီးရှင့်၊ ကျွန်မ မေးတဲ့ မေးခွန်းကို မေးတဲ့ အတိုင်းပဲ ဖြေစေ လိုပါတယ်၊ သူ့ကို ဆရာကြီးက ဘာများ ညွှန်ကြားပါသလဲ"

"ဘာမှ မညွှန်ကြားပါဘူး"

မိုက်ဆိုဗို ရှင်းရှင်းပင် ပြန်ဖြေသည်။

"ဒေါက်တာ ဆိုဗိုရှင့်၊ ကလေးကို ဘာဖြစ်လို့ လူကြီးမင်း ကိုယ်တိုင် မကုသပါသလဲ"

"အင်း... မင်း သိတဲ့ အတိုင်းပဲ"

ဖရန်ကလင် ကန့်ကွက်ရန် လက်ညှိုး ထောင်လိုက်သည်။ တရားသူ ကြီးက ခွင့်ပြုလိုက်သည်။

"သက်သေရဲ့ အကျိုးဆောင်က သိမှာ အမှန်ပါပဲ၊ ဒါပေမဲ့ ရုံးတော်နဲ့ ဂျူရော်လူကြီးများကတော့ ဘာမှ မသိကြပါဘူး၊ ဒါကြောင့်မို့လို့ သက်သေက အချက်အလက်တွေကို ဖော်ပြောစေချင်ပါတယ်"

မိုက်ဆိုဗို မျက်နှာ နီရဲသွားပြီး–

"ကလေးကို ဒေါက်တာ ဂရန့်ရဲ့ လက်ကို ကျုပ် လွှဲပြောင်းပေးရတဲ့ အကြောင်း နှစ်ကြောင်း ရှိပါတယ်၊ ပထမ အကြောင်းကတော့ ကျုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စာပြစရာ ရှိနေတယ်၊ ဒုတိယ အကြောင်းနဲ့ ပိုပြီး အရေးကြီးတဲ့ အကြောင်းက သော့ ဒေါက်တာ ဂရန့်ရဲ့ အဆုံးအဖြတ်နဲ့ ကုသမှုကို ကျုပ် ကိုယ်တိုင် ကုသ နည်းတူ စိတ်ချ ယုံကြည်လို့ပဲ"

"ဒေါက်တာ ဆိုဖိုရှင့်၊ ကလေးငယ်ရဲ့ လက္ခဏာများ၊ ဓာတ်ခွဲ အစီရင်ခံစာများ၊ လူနာမှတ်တမ်း မိတ္တူမှာပါတဲ့ အချက်အလက်များ ကလေးကို လူကြီးမင်း ကိုယ်တိုင် စမ်းသပ်ချက်အရ အဲဒီကလေးကို အခြားနည်း နဲ့ ကုသနိုင်တယ်လို့ ဆရာကြီးအနေနဲ့ ထင်မြင်ပါသလား"

"အဲဒီတုန်းက ရှိနေတဲ့ အခြေအနေတွေကို မှတည်ပြီး ကျုပ်ကို ဆုံးဖြတ် ပေးပါ ဆိုရင် တခြား တစ်နည်း ပြောင်းပြီး ဆုံးဖြတ်စရာ မရှိပါဘူး"

ဆိုဖို ကြေညာလိုက်သည်။

"ဒေါက်တာ ဂရန့်ရဲ့ ကုသမှုဟာ ကောင်းမွန် မှန်ကန်သော ကုထုံး ညီညွတ်တယ်လို့ ဆရာကြီး ထင်ပါသလား"

"နည်းနည်းကလေးမှ သံသယ မရှိပါဘူး"

ထို့နောက် လော်ရာသည် တရားခံ သက်သေတို့၏ ထွက်ဆိုချက်များ ပြန်လည် ဖတ်ပြီး သဘောတူမတူ မေးမြန်းသည်။ ယင်းသို့ ပြုလုပ်ခြင်းသည် အချိန် ကုန်ဆုံးလှသော်လည်း အကျိုးသက်ရောက်မှုကား ရှိပါသည်။ ဖရန် ကလင် တည်ထောင်ထားခဲ့သော အချက် အချို့ကို ချေဖျက်ပစ်နိုင်သည် မိုက်ဆိုဖို၏ ထွက်ဆိုချက်ကို ဂျူရော်လူကြီးများက ယုံကြည်ကြသည်။

လော်ရာ ပြီးဆုံးသောအခါ ဖရန်ကလင် စိန်ခေါ်ရန် ထသည်။ သူသည် မိုက်ဆိုဖိုထံ တဖြည်းဖြည်းချင်း လျှောက်သွားပြီး တိုးညင်းစွာ မေးလိုက်သည်

"ဒေါက်တာ ခင်ဗျာ၊ ကလေး တစ်ယောက်မှာ ဘောဘီ ဆင်ပ အတိုင်း ထပ်တူညီမျှ တူညီတဲ့ ရောဂါ လက္ခဏာတွေ ရှိနေရင် ဒီပုံစံအတိုင်း ကုသမယ်လို့ လူကြီးမင်း ထွက်ဆိုခဲ့တယ်လို့ ကျွန်တော် နားလည်ပါတယ် ဟုတ်ပါသလား"

"အဲဒါ မဖြစ်နိုင်ပါဘူး"

ဆိုဖိုက ပြောလိုက်သည်။

"ဒေါက်တာ ဆိုလိုတာက အခုအဖြစ်နဲ့ ထပ်တူညီမျှတဲ့ အဖြစ် နောက်တစ်ခု မဖြစ်နိုင်ဘူးလို့ ပြောတာလား"

ဖရန်ကလင် စိတ်ရှုပ်ထွေးသွားဟန်ဖြင့် မေးလိုက်သည်။





"မဟုတ်ပါဘူး၊ ကျုပ် ဆိုလိုတာက ကလေးတစ်ယောက်မှာ ရောဂါ လက္ခဏာ မရှိနိုင်ဘူးလို့ ပြောတာပါ"

ဖရန်ကလင် မျက်နှာ ရဲသွားပြီး-

"ဒေါက်တာ ဆိုလိုတာက ကလေး တစ်ယောက်မှာ ရောဂါ လက္ခဏာ ရှာလို့ မရနိုင်ဘူးလို့ ပြောတာလား"

"မဟုတ်ပါဘူး ခင်ဗျား၊ ရောဂါလက္ခဏာ **Symptoms** ဆိုတာက လူနာတွေက သူတို့ဘာဖြစ်နေတယ်လို့ ပြောကြားတဲ့ အချက်တွေပါ၊ အဲဒီတော့ နို့စို့ကလေးတစ်ယောက်က ရောဂါလက္ခဏာကို မဖော်ပြနိုင်ပါဘူး"

"ဒါ ဆရာ စကားကို တမင်လှည့်ပြီး ပြောနေတာပဲ"

"မဟုတ်ပါဘူး မစ္စတာ ဖရန်ကလင်၊ ကျွန်တော်က ခင်ဗျား ရှုက်သွားမှာ စိုးလို့ ထိန်းပြီး ပြောနေတာပါ၊ လူနာတွေက သူတို့ ဘာဖြစ်တယ် ညာဖြစ် တယ်လို့ ပြောတာကို ရောဂါလက္ခဏာ Symptoms လို့ ခေါ်တယ်၊ ဆရာဝန် တွေ စမ်းသပ် တွေ့ရှိတာကို အရိပ်လက္ခဏာ Signs လို့ ခေါ်ပါတယ်၊ ကလေးတွေကို ကုသတဲ့ နေရာမှာ ကျုပ်တို့ဟာ အရိပ်လက္ခဏာ တစ်ခုတည်း နဲ့ပဲ ကုသကြရပါတယ်"

ထိုအခါ ဖရန်ကလင်သည် ဒေါသကို မျိုသိပ်ပြီး သူ၏ မေးခွန်းကို ပြန်ပြင်ကာ မေးသည်။

"ဒေါက်တာ ဆိုဖို ခင်ဗျာ၊ အခြေအနေတူခဲ့ရင်၊ အရိပ်လက္ခဏာ တူခဲ့ ရင် လူကြီးမင်းဟာ ဒေါက်တာ ဂရန့် ကုသတဲ့ အတိုင်း ကုသမယ်လို့ ထွက်ဆို ခဲ့ပါသလား"

"အမှန်ပါပဲ"

"အလင်းကုထုံးနည်းပေါ့"

"အဲဒီလို ကျုပ် မပြောပါဘူး"

"ဒေါက်တာ ဂရန့် အသုံးပြုခဲ့တာ အလင်းကုထုံးနည်းပဲ မဟုတ်လား"

"သူ့ ကုသမှုရဲ့ တစ်စိတ်တစ်ဒေသပါ"

"အဲဒီကလေးကို အလင်းကုထုံးနည်းနဲ့ သူ မကုသဘူးလား၊ ဒါမှ မဟုတ် ကုသပါသလား"

"မစ္စတာ ဖရန်ကလင် လိုချင်တာက မေးခွန်းရဲ့ အဖြေလား၊ ဒါမှ မဟုတ် အမှန်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



မိုက်ဆိုဗိုက ပြန်မေးလိုက်သည်။

"အမှန်ကို ကျွန်တော်တို့ စိတ်ဝင်စားပါတယ်"

ဖရန်ကလင် မလွှဲသာဘဲ ပြန်ပြောလိုက်ရသည်။

"ဒါဆိုရင် ကောင်းပါပြီ၊ ကျွန်တော်တို့ ဆေးပညာကုသမှုမှာ ရောဂါ ကြိုတင် ခန့်မှန်းချက် မသေမချာ ဖြစ်နေတဲ့ အခါမှာ လိုက်နာရမယ့် အခြေခံ စည်းကမ်း တစ်ခု ရှိပါတယ်၊ ဘာဖြစ်တယ် ဆိုတာ သေသေချာချာ မသိသေး တဲ့ အချိန်မှာ ကုသင့်တာကို ကုထားဖို့ပါပဲ၊ အခုကိစ္စမှာလည်း ကလေးမှာ အရိပ်လက္ခဏာတွေ ပြနေတယ်၊ အဲဒီ အရိပ်လက္ခဏာတွေဟာ အာရ်အိပ်ချ် သွေးမတည့်မှုကြောင့်လည်း ဖြစ်နိုင်တယ်၊ ဟုတ်ချင်မှလည်း ဟုတ်မယ်၊ အဲဒီ အခါမှာ ကျွန်တော်တို့ဟာ ဖြစ်နိုင်စရာ ရှိတဲ့ အကြောင်းတွေ အားလုံးအတွက် ကုသထားရမယ်၊ အဲဒီအတွက် ဒေါက်တာ ဂရန့်ဟာ ကလေးကို အကြောသွေး သွင်းပေးတာပဲ၊ အကြောထဲကို ဆေးသွင်းပေးတာဟာ ကလေး အားရှိအောင် တင် မဟုတ်ဘူး၊ ကလေးရဲ့ အသားဝါဟာ ကူးစက်မှုကြောင့် ဆိုရင် ပိုးသေ သွားအောင် ဆိုပြီး ပဋိဇီဝ ဆေးသွင်းပေးတာပဲ၊ တစ်ချိန်တည်းမှာပဲ လိုအပ်တဲ့ စစ်ဆေးမှု လုပ်ရအောင် သွေးနမူနာ ထုတ်ယူတယ်၊ နောက်ပြီးတော့ ကြိုတင် ကာကွယ်တဲ့ အနေနဲ့ အလင်းကုထုံးနည်းကို သုံးတယ်၊ အဲဒါဟာ ဓာတ်ခွဲခန်း အဖြေ မရခင်မှာ ကုသစရာ ရှိတာတွေကို စတင် ကုသနေတာပဲ"

"အခု ဒေါက်တာ ပြောသွားတာတွေ အားလုံးကို သွေးဖလှယ်တဲ့ နည်းနဲ့ အစားထိုးလို့ မရဘူးလား"

"ကျုပ်တော့ ဘယ်လိုမှ ရနိုင်စရာ မမြင်မိဘူး"

"အထူးတလည် အရည်အချင်း ပြည့်ဝတဲ့ ပါရဂူကြီး တော်တော် များများကတော့ အဲဒီလို အခြေအနေမျိုးမှာ သွေးဖလှယ်တဲ့ ကုသမှုကို အမြန် ဆုံး ပြုလုပ်မှာပဲလို့ ထွက်ဆိုသွားကြပါတယ်၊ ဒေါက်တာ သူတို့နဲ့ သဘော မတူညီဘူးလား"

"တကယ်လို့ အသားဝါ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းဟာ ကူးစက်မှု ကြောင့် ဆိုရင် သူတို့ ဘာလုပ်မလဲလို့ သူတို့ကို အကျိုးဆောင်မင်း မေးကြည့် စမ်းပါလား"

ဖရန်ကလင်သည် တရားသူကြီး ထံသို့ ဦးမော့လျက်–





"မေးတဲ့ မေးခွန်းတွေကိုသာ ဖြေဖို့ သက်သေကို တရားသူကြီးမင်း ညွှန်ကြားပေးပါခင်ဗျာ"

ဗင်နွန် ရှေ့သို့ ကုန်းငုံ့လျက်–

"ကျွန်တော်တို့ဟာ မေးခွန်းကို မေးခွန်းနဲ့ မဖြေကြပါဘူး ဒေါက်တာ ဆိုဗို၊ ကျေးဇူးပြုပြီး မစ္စတာ ဖရန်ကလင်ရဲ့ မေးခွန်းကို တိုက်ရိုက် ဖြေကြားစေ လိုပါတယ်"

"ကျွန်တော် ကြိုးစားပါမယ်"

ဒေါက်တာ ဆိုဗိုက ခေါင်းပြောင်ပြောင်ကြီးကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပြန်ဖြေသည်။

"အမြန်ဆုံး သွေးဖလှယ်မယ်လို့ ထွက်ဆိုသွားကြတဲ့ အခြား ပါရဂူ ကြီးများရဲ့ အယူအဆကို ဒေါက်တာ သဘော မတူဘူးလား"

ဖရန်ကလင် မေးသည်။

"ရောဂါ အခြေအနေ မသေချာသေးတဲ့ အချိန်မှာ အဲဒီကုသမှုမျိုးဟာ အစွန်းရောက်လွန်းရာ ကျပါတယ်၊ အဲဒါရဲ့ အကျိုးတရားဟာ..."

"မေးတာကိုပဲ ဖြေပါ ဒေါက်တာ"

ဖရန်ကလင် ကြားဖြတ်ပြီး ပြောလိုက်သည်။

ပြီးမှ ဆက်မေးသည်။

"ဗီလီရူဗင် တစ်ဆယ့်ခြောက် ရှိတဲ့ အသက် ၄၈ နာရီ သား အရွယ် ကလေး တစ်ယောက်မှာ အာရ်အိပ်ချ် မတည့်မှုဟာ အရေးကြီးတဲ့ ပြဿနာ တစ်ခုလို့ ဒေါက်တာ ယူဆပါသလား"

"ဆရာဝန်တိုင်းက ဒီအတိုင်းပဲ ယူဆပါတယ်"

"ဒေါက်တာ အနေနဲ့ ယူဆ မဆ ကျွန်တော် မေးနေတာပါ"

"သိပ် အရေးကြီးနိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်"

"အဲဒီလိုဆိုရင် အင်မတန် သေချာတဲ့ ကုထုံးနည်း ဖြစ်တဲ့ သွေးဖလှယ် ခြင်း အစား အလင်းကုထုံးနည်းနဲ့ ကုသတာဟာ လုံလောက်တယ်လို့ ဒေါက်တာ ယူဆပါသလား"

"ဒါက အခြေအနေပေါ် မူတည်တာပဲ"

"ဒေါက်တာ ကွေ့လည်ကြောင်ပတ် လုပ်နေတာပဲ"

"အကျိုးဆောင်မင်းက တလွဲကို လမ်းခင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗင်နွန် ရှေ့သို့ ကုန်းငုံ့လိုက်ပြီး–

"ဒေါက်တာ ဆိုဗို၊ ရုပ်မြင်သံကြားမှာ မြင်နေရတာက တခြားပဲ ကျွန်တော်တို့ တရားရုံးမှာတော့ ဖော်ကားတဲ့ စကားတွေ ပြောလို့ မရပါဘူး"

ဤတွင် လော်ရာ မတ်တတ်ရပ်လိုက်ပြီး–

"တရားသူကြီးမင်းရှင့်၊ ကျွန်မရဲ့ သက်သေဟာ ကြိုးစားပြီး ဖြေနေပါတယ်၊ ဒါပေမဲ့ ဆေးပညာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ဖြေတဲ့အခါမှာ မစ္စတာ ဖရန်ကလင် လိုလားသလို တိုတိုတုတ်တုတ်နဲ့ ဖြေလို့ မရနိုင်ပါဘူး ဆောင်ကျယ်ကျယ်ကလေး ထားပြီး ဖြေခွင့် ပြုမှသာလျှင် အချိန်ကုန် သက်သာပါလိမ့်မယ်၊ အပြန်အလှန် ပြောနေရတဲ့ အလုပ်တွေ သက်သာ သွားပါလိမ့်မယ်"

သူ့ကို အမျိုးသမီး တစ်ယောက်က ညွှန်ကြားနေသည်ကို မကျေနပ်သော်လည်း တရားသူကြီး ဗင်နွန်သည် ယင်းအချက်ကို သဘောတူညီရသည်။

"သက်သေ အနေနဲ့ လိုအပ်တဲ့ နေရာမှာ ပြည့်ပြည့်စုံစုံ ထွက်ဆိုရန် ခွင့်ပြုတယ်"

"ဒေါက်တာ ခင်ဗျား၊ ကုသမှု နှစ်ခု ရှိတဲ့အနက်မှာ..."

ဖရန်ကလင် ဆက်လက် မေးမြန်းသည်။ သို့သော် သူ့ မေးခွန်း မဆုံးခင် ဒေါက်တာ ဆိုဗိုက ကြားဖြတ်ပြီး–

"ကျုပ် အနေနဲ့ ဖြေစရာ တချို့ ကျန်နေပါသေးတယ်"

"ဘာတွေများလဲ"

"ဘာတွေများလဲ ဆိုတော့ လူကြီးမင်းရဲ့ သက်သေတွေနဲ့ ကျုပ် သဘောတူညီသလား ဆိုတဲ့ မေးခွန်း၊ မတူညီပါဘူး၊ မတူညီရတဲ့ အကြောင်း တစ်ကြောင်းကတော့ သူတို့ဟာ အဲဒီအချိန်က အဲဒီမှာ မရှိကြပါဘူး၊ ကျုပ်က ရှိနေတယ်၊ သူတို့က ပြဿနာ ဖြစ်ပြီးတဲ့ နောက်ကျမှ ဆုံးဖြတ်ကြတာ၊ ကျုပ်က မဖြစ်ခင်မှာ ဆုံးဖြတ်တာ၊ ကျုပ် သဘောပြောရရင် ဆရာဝန် တစ်ယောက်ဟာ ဗီလိုရှဗင် တစ်ဆယ့်ခြောက် အရိုပ်လက္ခဏာတွေ ပြနေတဲ့ ကလေး တစ်ယောက်ကို သွေးဖလှယ်ဖို့ စဉ်းစားရမှာပါပဲ၊ ဒါပေမဲ့ နောက်တစ်ကြိမ် ဓာတ်ခွဲခန်း အစီရင်ခံစာမှာ ဗီလီရူဗင် ကျသွားတာကို တွေ့ရတဲ့ အခါမှာ ဘယ်ဆရာဝန်က သွေးဖလှယ်ဖို့ ပြောမှာ မဟုတ်ဘူး၊ အဲဒီတော့ ဒီနည်းဟာ ဘေးကင်းတဲ့ နည်း ဖြစ်တယ်၊ နောက်အစီရင်ခံစာမှာ ဗီလီရူဗင် သိသိသာသာကြီး ကျသွားတာ အကျိုးဆောင်မင်း သတိထားမိမှာပေါ့၊ လမ်းမှန်ကမ်းမှန် ကုသတဲ့ နေရာမှာ ဘယ်တော့မှ ရှေ့လောတကြီး မလုပ်ရဘူး"





ရှင်းလင်းချက်က ပြည့်စုံလှသည်။ ဖရန်ကလင် တိုက်ကွင်း ပြင်သည်။

"ဒေါက်တာရဲ့ အမြင်ဟာ မှန်တယ်လို့ ဆိုရင် ကလေး အခုလို စိတ်မကောင်းစရာ ဖြစ်သွားတာကို ဘယ်လို ပြောမလဲ"

"ဒီမေးခွန်းကို ကျုပ်လည်း မဖြေနိုင်ပါဘူး၊ ဦးနှောက် ပျက်ယွင်းသွားရတာဟာ ဘာအကြောင်းကြောင့် ဆိုတာကို အမြဲတမ်း မပြောနိုင်ပါဘူး"

"လူကြီးမင်း အနေနဲ့ ဖြေနိုင်စွမ်း မရှိဘူးလို့ ပြောတာလား"

"ကျုပ် ဆိုလိုတာက အဲဒီကလေး ဦးနှောက်ပျက်ယွင်းရတာဟာ ဘာကြောင့် ဆိုတာကို ဘယ်ဆရာဝန်ကမှ အတိအကျ မပြောနိုင်ဘူးလို့ ဆိုလိုတာပါ"

"ဒီရုံးတော်မှာ ထွက်ဆိုသွားတဲ့ ပါရဂူကြီးတွေရဲ့ အယူအဆကတော့ ဒေါက်တာနဲ့ ဆန့်ကျင်ဘက်ပါလား၊ သူတို့ကတော့ အခုလို ဖြစ်ရတာ ကုသမှု အားယွင်းလို့လို့ ယူဆကြတယ်၊ ကလေးကို ကုသလိုက်တဲ့ ကုထုံးဟာ ကလေးကို ရောဂါ ပျောက်ကင်းစေဖို့ထက် ဘေးအန္တရာယ် ဖြစ်ဖို့က ပိုများနေတယ်လို့ ဆိုကြတယ်"

"ပါရဂူတွေ ဟုတ်လား၊ ဒီမှာ ကျုပ် ပြောမယ်၊ အကြောင်းရင်းကို ဘယ်သူမှ မသိဘူး၊ သူတို့ အားလုံးဟာ အထင်ကို ပြောနေကြတာပဲ"

"ဒေါက်တာ ခင်ဗျား၊ ဂျွန်ရေးနိုး ဆင်ပဆန် ဆိုတဲ့ ကလေးလေး ဦးနှောက် ပျက်ယွင်းနေတယ် ဆိုတာကို ဒေါက်တာ လက်ခံပါသလား"

"လက်ခံပါတယ်"

"အခုလို ဖြစ်ရတာဟာ မလျော်ကန်တဲ့ ကုသမှုကြောင့် ဆိုတဲ့အပြင် ခြား အကြောင်းကြောင့် ဖြစ်တယ် ဆိုတာကော လူကြီးမင်း သိပါသလား"

"အကြောင်း ဟုတ်လား၊ အကြောင်းတွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ အခုကလေး ဖြစ်ရတာ... ဘာအကြောင်းကြောင့် ဆိုတာတော့ ကျုပ် မသိဘူး"

ဆိုဗို ဝန်ခံလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဖရန်ကလင် နိဂုံးချုပ်လိုက်သည်။

ဖရန်ကလင်၏ တိုက်ခိုက်မှုမှာ ထိခိုက်လှသဖြင့် လော်ရာသည် ပြန်လည် ဆယ်တင်ရန် ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဆိုဗိုရှင့်၊ ဦးနှောက် ပျက်ယွင်းရတဲ့ အကြောင်းရင်းတွေ အများကြီး ရှိတယ်လို့ ဒေါက်တာ ပြောသွားပါတယ်၊ အဲဒါတွေဟာ ဘာတွေ ပါလဲ"

"ကိုယ်ဝန်ဆောင်နေစဉ်အတွင်း မိခင် သုံးစွဲခဲ့တဲ့ ဆေးဝါးများကြောင့် လည်း ဖြစ်နိုင်ပါတယ်၊ သန္ဓေ ကာလအတွင်းမှာ သန္ဓေသားကို ဗိုင်းရပ်စ် ရောဂါပိုး ကူးစက်တာကြောင့်လည်း ဖြစ်နိုင်တယ်၊ နောက်ပြီးတော့ အခုအချိန် အထိ ကျုပ်တို့ မသိသေးတဲ့ အကြောင်း တစ်ခုကြောင့်လည်း ဖြစ်နိုင်တယ်"

"အဲဒီလိုဆိုရင် ဌါန်ရေးနီး ဆင်ပဆန် ကလေး ဦးနှောက် ပျက်ယွင်း ရတာဟာ အကြောင်းရင်းတွေ အများကြီး ရှိနိုင်တာပေါ့"

"မှန်ပါတယ်"

သည်အချိန်တွင် ဖရန်ကလင် ထရပ်ပြီး လျှင်မြန်စွာ မေးသည်။

"ဒေါက်တာ ဆိုဗို ခင်ဗျား၊ လူကြီးမင်းရဲ့ ထွက်ဆိုချက် အရရော အခြား ထွက်ဆိုချက်များ အရရော ကလေး ကလေး အခုလို ဦးနှောက် ထိခိုက် ပျက်ယွင်းရသည့် တိုင်အောင် အခုကိစ္စမှာ အလင်းကုထုံးနည်းဟာ မှန်ကန်တဲ့ ကုထုံးနည်းလို့ အခုအထိ ဒေါက်တာ ယူဆပါသလား"

မိုက်ဆိုဗို ချွေးတွေ ပြန်ပြီး မျက်နှာကြီး နီရဲလျက် အသံ တိုးတိုးသဲ့သဲ့ ကလေးဖြင့် ပြောသည်။

"အင်း... အင်း... အခုအထိ ကျုပ် ယူဆပါတယ်"

ဖရန်ကလင် ဆက်မမေးတော့ပါ။ မေးရန်လည်း မလိုတော့ပါ။



## ၂၃

မိုက်ဆိုဗို ပြီးသည့်နောက်တွင် လော်ရာသည် ကျွမ်းကျင်သူ ပါရဂူ အများအပြား ကို သက်သေ အဖြစ် တင်ပြသည်။ ထင်ရှား ကျော်ကြားသော ဆရာဝန်ကြီး အများအပြားသည် တရားခံများဘက်မှ လိုက်ပါ ထွက်ဆိုကြသည်။ သူတို့၏ ထွက်ဆိုချက်များသည် တန်ဖိုး ကြီးမားလှသည်။ သို့သော် သူတို့၏ ခုခံ ကာကွယ်မှု အတွက် အဓိက ထွက်ဆိုချက်မှာ ခရစ်၏ ထွက်ဆိုချက်သာ ဖြစ်ရမည် ဖြစ်ကြောင်းကို လော်ရာ သိရှိသည်။ ထို့အတူ ခရစ်ကို ပြန်လှန် မေးခွန်း မေးရန်အတွက် ဖရန်ကလင်၏ လက်သို့ အပ်ရမည်မှာလည်း အန္တရာယ်ကြီးလှကြောင်းကို သူမ သိရှိပါသည်။ သို့သော် မတတ်နိုင်ပါ။ သည်မျှ တော့ သူမ စွန့်စားရပေမည်။

လော်ရာသည် ခရစ်၏ ဆေးပညာ သင်ကြားမှု၊ သူ၏ နောက်ကြောင်း ရာဇဝင်နှင့် မက်ထရိုပိုလီတန် ဆေးရုံကြီးတွင် သူ အလုပ်လုပ်ပုံတို့ကို ထင်ရှား ပေါ်လွင်အောင် မေးမြန်းပြီးနောက်၊ အလင်းကုထုံးနည်းတွင် သူ၏ အတွေ့ အကြုံများ၊ မက်ထရိုပိုလီတန် ဆေးရုံကြီးတွင် အလင်းကုထုံးနည်း တိုးတက် အောင် ဆောင်ရွက်ပုံ၊ အလင်းကုထုံးနည်း၏ နည်းစနစ်၊ အကျိုးသက်ရောက် မှုနှင့် ကျေးဇူးရလဒ်တို့ကို မေးမြန်းသည်။

သူမ၏ အကြံအစည်က အလင်းကုထုံးနည်းသည် ကောင်းမွန် ခိုင်မာ သော ကုထုံးနည်း တစ်ခုဖြစ်ကြောင်း ဂျူရော်လူကြီးများက လက်ခံလာစေရန် ဖြစ်သည်။ ထို့အပြင် ခရစ် အနေနှင့် ပြန်လှန် မေးခွန်းများကို ရင်မဆိုင်မီတွင် သက်သေထိုင်ခုံနှင့် နေသားကျသွားစေရန်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဖရန်ကလင်သည် ကန့်ကွက်မှု အနည်းငယ်မျှကိုသာ ပြုလုပ်သည်။ သူသည် သူမကို အေးဆေးစွာ လုပ်ဆောင်ခွင့်ပေးလျက် ရှိရာ သူ၏ နည်းပရိယာယ်သည် ဘာဖြစ်ချေမည်နည်းဟု လော်ရာ စိတ်စနိုးစနောင့်ဖြင့် စဉ်းစားနေရတော့သည်။

နေ့ခင်းပိုင်းသို့ ရောက်သောအခါတွင်ကား လော်ရာသည် ခရစ်၏ အလင်းကုထုံးနည်း အကြောင်း ယေဘုယျ မေးမြန်းနေရာမှ ဆင်ပဆန် ကိစ္စကို အထူးပြုပြီး မေးမြန်းတော့သည်။

"ဒေါက်တာရှင့်၊ ကလေး တစ်ယောက်ဟာ ဗီလီရှုဗင် တစ်ဆယ့်ခြောက် ရှိပြီး အာရ်အိပ်ချ် မတည့်မှု ရှိနေတာကို တွေ့ရရင် ဆရာ့ အနေနဲ့ အလျင်ဆုံး ဘာလုပ်မယ် စိတ်ကူးထားပါသလဲ"

"ဗီလီရှုဗင် ဆက်ပြီး တက်မတက်ကို သေချာအောင် လုပ်ပါ့မယ်"

"အဲဒီအချိန်မှာ ဒေါက်တာ အနေနဲ့ ကုသဖို့ ဘယ်လို နည်းလမ်းတွေ ရှိနေပါသလဲ"

"ဒီတရားရုံးမှာ ဆွေးနွေးနေကြတဲ့ နည်းနှစ်နည်း ပါပဲ၊ သွေးဖလှယ်တဲ့ နည်းနဲ့ အလင်းကုထုံးနည်းပဲပေါ့"

"ကျွန်တော့်ဟာတွေ ဘာမှ လုပ်မနေဘဲ သွေးဖလှယ်လိုက်ကြရအောင်လို့ ပြောရင် မလွယ်ကူဘူးလား ဒေါက်တာ"

"အဲဒီလို လုပ်ရင် သံမှိုကလေးကို ပန်းပဲတူကြီးနဲ့ ထုသလို ဖြစ်တော့မှာပေါ့"

"ဒေါက်တာရဲ့ စကားကို ဂျူရော်လူကြီးတွေ သိသာအောင် ရှင်းပြပေးမလား ရှင်"

"ဆရာဝန် တစ်ယောက်ဟာ လူနာရဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ကုသနည်းကို ရွေးချယ်ရပါတယ်"

"ဆင်ပဆန် ဘောဘီဟာ အဲဒီအချိန်တုန်းက သွေးဖလှယ်ဖို့ မလိုအပ်ဘူးလို့ ဒေါက်တာ ယူဆတယ်ပေါ့"

"မှန်ပါတယ်"

"ဘာကြောင့်ပါလဲရှင်"

"ကလေးမှာ ဗီလီရှုဗင် တစ်ဆယ့်ခြောက် ရှိနေတဲ့ အခါမှာ ဗီလီရှုဗင် နှုန်းဟာ ဆက်ပြီး တက်သွားနေသလား၊ ဒါမှမဟုတ် ပြန်ပြီး ကျလာသလား





ဆိုတာကို လေ့လာဖို့ လိုပါတယ်၊ များသောအားဖြင့်တော့ ဗီလီရှုဗင်ဟာ တက်သည် ဖြစ်စေ ကျသည် ဖြစ်စေ တက်နှုန်းကျနှုန်းဟာ အတော်ကလေး နှေးကွေးတတ်ပါတယ်၊ ဒါကြောင့်မို့ ဗီလီရှုဗင် အတက်အကျကို နှစ်နာရီ လောက် အချိန်ခြားပြီးမှ စစ်ဆေးရပါတယ်"

"အဲဒါဆိုရင် ကလေးရဲ့ အခြေအနေမှန်ကို သိရအောင် အချိန်နာရီ တော်တော်ကလေး ယူရမှာပေါ့"

"ဟုတ်ပါတယ်"

"အဲဒီလို အချိန်တွေ စောင့်မနေဘဲ အမြန်ဆုံး သွေးဖလှယ်လိုက်တာက ပိုမကောင်းဘူးလား"

ဖရန်ကလင် မေးမည့် မေးခွန်းကို သူမက ကြိုပြီး မေးလိုက်သည်။

"အဲဒီလို လုပ်ဖို့ မလိုအပ်ပါဘူး၊ ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်တဲ့ ဆရာဝန် တစ်ယောက်ဟာ တစ်ခုခုကို ရှေ့လောပြီး လုပ်တတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ သွေးဖလှယ်တဲ့ လုပ်ငန်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါတယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ အန္တရာယ် ကြီးလွန်းလို့ပဲ"

"ဒီတရားရုံးမှာ ထွက်ဆိုသွားကြတဲ့ ဆရာဝန်တွေကတော့ လူ တစ်ရာမှာ တစ်ယောက်လောက်ပဲ အသက်အန္တရာယ် ဖြစ်နိုင်တယ်လို့ ထွက်ဆိုသွားကြပါကလား"

"ကလေး တစ်ယောက်ရဲ့ အသက်နဲ့ ပတ်သက်တဲ့ အချိန်မှာ ရာခိုင်နှုန်းတွေ ပြောနေလို့ မဖြစ်နိုင်ပါဘူး၊ နှစ်ရက်သား ကလေးကို သွေးဖလှယ်ပေးရင်းနဲ့ ဆုံးပါးသွားတဲ့ အခါမှာ ဝမ်းနည်းပါတယ် သားရယ်၊ သားဟာ တစ်ရာမှာ တစ်ယောက်ပဲ ဖြစ်ရတာပါလို့ ပြောလို့ မဖြစ်နိုင်ဘူး"

ထို့နောက် ခရစ်သည် အမှတ်မထင် ဆိုသလို ဂျူရော်လူကြီးများ ဘက်သို့ လှည့်လိုက်ပြီး-

"ကလေး အထူးဆောင်မှာ မွေးခါစ ကလေးကလေးတွေကို လူကြီးမင်းတို့ မြင်ဖူးကြမှာပေါ့၊ သူတို့လေးတွေဟာ လက်တစ်ဆုပ်စာတောင် မရှိဘူး၊ ပိစိညှပ်ကွေး နီတာရဲကလေးတွေပဲ၊ အမိဝမ်းထဲက ထွက်လာတဲ့ အမှတ်အသားတွေ ရှိနေတုန်း၊ အသက်ကို မရှူတတ် ရှူတတ် ရှူနေကြတုန်း၊ အသက်ရှင်ဖို့ ကြိုးစားနေကြတုန်း၊ သူတို့ဟာ လှောင်အိမ်ကလေးတွေထဲမှာ အထီးကျန် ဖြစ်နေကြရရှာတယ်၊ အစာ ဆာလို့ တွန့်လိမ်နေကြတယ်၊ ပုံမှန် ဆိုရင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာ မိခင်ရဲ့ ရင်ခွင်ထဲမှာ ရှိနေကြရမယ်၊ ဒီကလေးတွေဟာ လူဖြစ်လာရေး အတွက်၊ အသက်ရှင် တည်တံ့နေရေးအတွက် အသည်း တထိတ်ထိတ်နဲ့ ရုန်းကန်နေကြရတယ်"

ဖရန်ကလင် လှုပ်လှုပ်ရွရွ ဖြစ်နေသည့် အသံကို လော်ရာ ကြားရသည်။ ကောင်းသည့် လက္ခဏာ တစ်ခု ဖြစ်သည်။ ဖရန်ကလင် မတည်မငြိမ် ဖြစ်နေခြင်းသည် ခရစ်နှင့် ဇူရော်လူကြီးများ အပေးအယူ သင့်နေသည့် သဘောပင် ဖြစ်သည်။ အချိန်မရွေး ကန့်ကွက်သံ ကြားရနိုင်သည်။ လော်ရာက ခရစ် ပြောချင်သလောက် ပြောပါစေဟု လွှတ်ထားသည်။

"ဒီမှာ ကလေးသူငယ် ဆိုင်ရာ ဆရာဝန်တွေဟာ လူဖြစ်ခါစ ကလေးတွေ အပေါ်မှာ ထားတဲ့ သဘောထားဟာ တခြား လူတွေနဲ့ ခြားနားတယ်။ ကျွန်တော်တို့က ကျန်းမာ သန်စွမ်းတဲ့ ကလေးလေးတွေနဲ့ ဆက်ဆံနေရတာ မဟုတ်ဘူး၊ ကျွန်တော်တို့က အင်မတန် သနားစရာ ကောင်းတဲ့ ချူနာသည် ကလေးတွေကို တွေ့နေကြရတာ၊ ကံဆိုးမိုးမှောင်ကျလို့ သူတို့လေးတွေ ဓာတ်ခွဲခန်း နမူနာ ဖြစ်သွားတဲ့ အခါမှာလည်း ကျွန်တော်တို့ပဲ တွေ့ကြရတယ်"

သည်နေရာတွင် ဖရန်ကလင် ထရပ်လိုက်ပြီး–

"ကန့်ကွက်ပါတယ်၊ သက်သေရဲ့ ထွက်ဆိုချက်တွေဟာ ဘောင်ကျော်လွန်းသွားပါပြီ"

ဗင်နွန်သည် ခရစ်၏ ပြောဆိုချက်တွင် ငြိတွယ်လျက် ရှိသော်လည်း ဖရန်ကလင်၏ ကန့်ကွက်ချက် မှန်ကန်သည်ကို သတိမူလျက်–

"သက်သေဟာ ဒီအမှုနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကိုပဲ ထွက်ဆိုစေချင်ပါတယ်"

ကန့်ကွက်ချက်နှင့် ဆုံးဖြတ်ချက်တို့ကို လော်ရာ ကြိုဆိုသည်။ ဤအချက်က ခရစ် အနေနှင့် ဓာတ်လမ်းတစ်ခုလုံး ပြည့်ပြည့်စုံစုံ ပြောဆိုခွင့် မရရှာဟု ဇူရော်လူကြီးများက မှတ်ယူကြမည်။ လော်ရာ ယုံယုံကြည်ကြည်ဖြင့် ရှေ့ဆက်သည်။

"ဒေါက်တာရှင့်၊ သွေးဖလှယ်တဲ့ အခါမှာ တွေ့ရတတ်တဲ့ အန္တရာယ်တွေအကြောင်း ပြန်သွားကြရအောင်၊ အဲဒီ အန္တရာယ်တွေကို ဒေါက်တာ ပြောပြပါလား"

"အရေးအကြီးဆုံးကတော့ သွေးဖလှယ်နေတဲ့ အချိန်မှာ ဘယ်လောက်ပဲ ဂရုစိုက်ပြီး လုပ်လုပ် ရောဂါပိုး ကူးစက်နိုင်တာပဲ"





"နောက် တခြား အန္တရာယ်တွေကကော"

"သွေးဖလှယ်နေစဉ် အတွင်းမှာ နှလုံးကို ဆိုးဆိုးရွားရွား ထိခိုက်နိုင်တာပဲ၊ သွေးဖလှယ်တဲ့ အချိန်ဟာ တစ်နာရီ ကျော်ကျော် ကြာတတ်တာမို့ အဲဒီ အချိန်အတွင်းမှာ ကလေးရဲ့ နှလုံး တုံ့ပြန်မှု အခြေအနေ သိပ်ဆိုးသွားတတ်ပါတယ်"

"အဲဒီအခါမှာ ဆရာဝန်က ဘာလုပ်ပါသလဲ"

"သွေးဖလှယ် နေတာကို ချက်ချင်း ရပ်ပစ်ရပါတယ်"

"နောက်ပြီးတော့ကော"

"နှလုံး အခြေအနေနဲ့ သွေးဖိအား အခြေအနေတို့ကို သေသေချာချာ ခစ်ဆေးပြီးမှ စိတ်ချရတဲ့ အခြေအနေရှိမှ ဆက်ပြီး သွေးဖလှယ်ရပါတယ်၊ ဒါမှမဟုတ် သွေးဖလှယ်တဲ့ လုပ်ငန်းကို တစ်ခါတည်း စွန့်လွှတ်လိုက်ရပါတယ်၊ ကလေးတိုင်းကို သွေးဖလှယ်လို့ မရနိုင်ပါဘူး၊ သွေးဖလှယ်တိုင်း အသက်ရှင်နိုင်ပါဘူး"

ခရစ် ကြေညာလိုက်သည်။

"ဒေါက်တာရှင့်၊ ဒေါက်တာ အနေနဲ့ သွေးဖလှယ်တဲ့ လုပ်ငန်းကို သုံးဝ ရပ်ပစ်လိုက်ရတဲ့ အခါမျိုး ကြုံဖူးပါသလား"

"ကလေး ဆရာဝန်တိုင်း ဒါမျိုး ကြုံဖူးပါတယ်"

"အဲဒီအခါမှာ ဘာဆက်လုပ်ပါသလဲ"

"ဒီအခါမှာ ဘာမှ ရွေးစရာလမ်း မရှိတော့တဲ့ အတွက် ကလေးကို အလင်းရောင် အောက်မှာပဲ ထားရတော့တယ်၊ ဒါပေမဲ့ အဲဒီအချိန်ကျမှ အလင်းကုထုံးနည်းကို သုံးတဲ့အတွက် ရလဒ်တော့ သိပ်မကောင်းနိုင်တော့ဘူး"

"ဒေါက်တာရှင့်၊ ဓာတ်ခွဲခန်း နမူနာ ဖြစ်ရတဲ့ ကလေးတွေအကြောင်း ဆာစောက ဒေါက်တာ ပြောသွားပါတယ်၊ အဲဒါ ဘာကို ဆိုလိုပါသလဲ"

"မွေးဖွားပြီး ပထမ အပတ် အတွင်းမှာ တစ်ကြောင်းမဟုတ် တစ်ကြောင်းကြောင့် သေဆုံးသွားရတဲ့ ကလေးတွေ ရှိပါတယ်၊ အဲဒီအခါမှာ ကလေးတွေကို ခွဲစိတ်ကြည့်ဖို့ ကလေးတွေရဲ့ မိခင်တွေကို ကျွန်တော်တို့ တတ်နိုင်သမျှ မေတ္တာရပ်ခံပါတယ်"

"ဗီလီရူဗင်နွန်း များများနဲ့ သေဆုံးသွားတဲ့ ကလေးတွေမှာ ဒေါက်တာ ဘာကို ရှာဖွေ ကြည့်ရှုပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗီလီရှုဗင်နွန်း ဘယ်လောက်မြင့်တဲ့ အချိန်မှာ သည်းခြေရည်စွဲပြီး ဦးနှောက် ပျက်ယွင်းမှု ဖြစ်သလဲ ဆိုတာကို ကြည့်ပါတယ်"

"အဲဒီလို နမူနာ တော်တော်များများကို ခွဲစိတ် ကြည့်ရှုဖူးပါသလား"

"တစ်ထောင်လောက် ခွဲစိတ်ဖူးပါတယ်"

"ဒေါက်တာ ဂရန့်ရှင့်၊ အဲဒီလိုမျိုး စိတ်မချမ်းမြေ့စရာ အတွေ့အကြုံ ရှိတဲ့ လူ တစ်ယောက်ဟာ ဗီလီရှုဗင်နွန်း မြင့်တက်နေတဲ့ ကလေး တစ်ယောက်ကို ကုသတဲ့ နေရာမှာ အထူး သတိထားပြီး ကုသပါမည်လား၊ ဒါမှမဟုတ် ခပ်ပေါ့ပေါ့ပဲ သဘောထားပါမည်လား"

"ကန့်ကွက်ပါတယ်၊ အဖြေဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာပဲ ဖြစ်ပါမယ်"

ဖရန်ကလင် ကန့်ကွက်သည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

ဗင်နွန် ဆုံးဖြတ်သည်။

သို့ဖြင့် လော်ရာသည် အရေးကြီးသော ပြဿနာ တစ်ရပ်ကို ပြောင်းလဲ မေးမြန်းသည်။ ခရစ်သည် ဤကလေးကို ကုသရာတွင် အာဃာတဖြင့် ဆောင် ရွက်သည် ဟူသော ရေးနိုး၏ စွပ်စွဲချက်ကို ချေပရန်ပင် ဖြစ်သည်။

"ဒေါက်တာ ဂရန့်ရှင့်၊ ဂျွန်စတူးဝပ် ရေးနိုးက အစစ်ခံသွားပါတယ်၊ ဒေါက်တာဟာ သူ့ မြေးကို ကုသတဲ့ နေရာမှာ သူ့ အပေါ်မှာ ရှိတဲ့ အာဃာတ နဲ့ လုပ်ဆောင်သွားပါတယ်တဲ့၊ အဲဒါ မှန်ပါသလား"

"မမှန်ပါဘူး၊ ပထမ အချက်ကတော့ မစ္စတာ ရေးနိုး အပေါ်မှာ ကျွန်တော် အာဃာတ မရှိပါဘူး၊ ဒုတိယ အချက်ကတော့ သူဟာ လူနာ မဟုတ်ပါဘူး၊ တတိယ အချက်ကတော့ ကျွန်တော့်အနေနဲ့ အခြား လူ တစ်ယောက် အပေါ်မှာ ဘယ်လိုပဲ သဘောထားရှိရှိ အဲဒီအတွက် ကလေးလေး တစ်ယောက် အပေါ်မှာ လက်စားမချေပါဘူး"

ဖရန်ကလင် မှတ်စု ရေးမှတ်သည်။

"ဒေါက်တာရှင့်၊ ဒေါက်တာဟာ မစ္စတာ ရေးနိုး အပေါ်မှာ ဘာမှ အာဃာတ မရှိပါဘူးလို့ ထွက်ဆိုသွားပါတယ်၊ ဒါပေမဲ့ ဒေါက်တာ ရေးသားတဲ့ စာတမ်းတွေဟာ လူ့ အဖွဲ့အစည်းကြီး အပေါ်မှာ အာဃာတ ရှိနေတယ်၊ အထူးသဖြင့် ချမ်းသာတဲ့ လူတွေ အပေါ်မှာ အာဃာတ ရှိတယ်လို့ မစ္စတာ ရေးနိုးက ထွက်ဆိုထားပါတယ်၊ အဲဒါကို ဒေါက်တာ ရှင်းပြပေးနိုင် မလား"





"ကျွန်တော် ခွဲစိတ် လေ့လာရတဲ့ ကလေးငယ် အများစုဟာ ဆင်းရဲတဲ့ မိခင်များနဲ့ ကိုယ်ဝန်ဆောင်နေစဉ်မှာ အားရှိအောင် စားရမယ် ဆိုတာကို နားမလည်တဲ့ မိခင်များက မွေးခဲ့တဲ့ ကလေးတွေပဲ ဖြစ်ပါတယ်၊ အဲဒီရဲ့ အဖြေကတော့ မွေးလာတဲ့ ကလေးဟာ ဦးနှောက် အင်အား နည်းပါးတာပဲ၊ သူတို့ရဲ့ ဦးနှောက်တွေဟာ ကောင်းကောင်းမွန်မွန် မဖွံ့ဖြိုးတော့ဘူး၊ တကယ်လို့ သူတို့ဟာ မသေလို့ အသက်ရှင်နေရင်လည်း ခွဲစိတ်ခန်းမှာ နမူနာကလေးတွေ ဖြစ်ကြရတာပဲ၊ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ဆရာဝန်တွေဟာ လူ မသိသစ္စာ နှုတ်ဆိတ်နေကြမယ့် အစား လမ်းမှန်ကို ရောက်အောင် ပြုပြင်ပေး ကြဖို့ပဲ၊ ဆရာဝန် တစ်ယောက် အနေနဲ့ ဒီလိုမျိုးတွေ မဖြစ်အောင် တားနိုင်မယ် ဆိုရင်၊ တားနိုင်မယ့် စိတ်ကူးတွေ ရှိနေရင်၊ လူ့ လောကကြီးကို ကောင်းကျိုး ပေးနိုင်မယ့် စိတ်ကူးတွေ ရှိနေလို့ ရှိရင် အဲဒီ စိတ်ကူးတွေကို ဖော်ထုတ် ပြောလိုက်ဖို့ပဲ ရှိတယ်၊ ဒီလိုမျိုး မလုပ်ဘဲ နှုတ်ပိတ်ရေငုံ နေလို့ ရှိရင် ရာဇဝတ်မှု ကျူးလွန်တာနဲ့ အတူတူပဲ"

"ဒေါက်တာဟာ လူ့ အဖွဲ့အစည်းကြီးကို ဝေဖန်တဲ့ နေရာမှာ လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ကို ရည်ရွယ်တာများ ရှိသလား"

"မရှိပါဘူး၊ ကျွန်တော်တို့ လူ့ အဖွဲ့အစည်းကြီးမှာ ယေဘုယျ ဖြစ်ပျက် နေတဲ့ သဘောတွေကို တင်ပြတာပါပဲ"

"အဲဒီတော့ ဒေါက်တာဟာ ပုဂ္ဂလဓိဋ္ဌာန် ဘယ်သူ့ကိုမှ မရည်ရွယ်ဘူး ပေါ့"

"မရည်ရွယ်ပါဘူး"

လော်ရာ သူ့မ နေရာသို့ ပြန်သည်။

ဟယ်ရီဖရန်ကလင်သည် ပြန်လှန်မေးခွန်းများကို ဒလဟော မေးမြန်း မည့်အစား အချိန်နောက်ကျနေပြီကို အကြောင်းပြပြီး နောက်တစ်နေ့သို့ ရွှေ့ဆိုင်းရန် လျှောက်ထားသည်။ တရားသူကြီးက လျင်မြန်စွာပင် ခွင့်ပြုလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၄

နောက်တစ်နေ့ နံနက်တွင် လော်ရာ၊ ခရစ်နှင့် မိုက်ဆိုဗိုတို့ တရားခံမျှ စားပွဲတွင် နေရာယူချိန် အထိ တရားလို ဘက်မှ တစ်ယောက်မျှ မရောက်ရှိသေး ချေ။ လော်ရာ စာရွက်စာတမ်းများကို ထုတ်ယူနေစဉ်တွင် တံခါးပေါက် ဆီမှ ရုတ်ရုတ်သဲသဲ အသံများ ကြားရသည်။

ဂျွန်စတူးဝပ် ရေးနိုး၊ သူ့ ဇနီးနှင့် မိန်းမငယ်ကလေး တစ်ဦး ဝင်ရောက် လာစဉ်တွင် တိုးဝေ့ ကြည့်ရှုကြသော ပရိသတ်ကြီးကို ရုံးအကူက အတင်း တွန်းဖယ်လျက် ရှိသည်။ ဟယ်ရီဖရန်ကလင်က ဂျွန်ရေးနိုးတို့ကို ရှေ့ဆောင်ပြီး ခေါ်လာသည်။

"သူတို့က ဘယ်သူတွေလဲ"

လော်ရာ မေးလိုက်သည်။ ခရစ်က မစ္စက် ရေးနိုးကို သိသည်။ သို့သော် မိန်းကလေးကလေးကိုမူ မသိချေ။ ဤတွင် မိုက်က–

"အယ်လင်း ဆင်ပဆန် ရေးနိုးရဲ့ သမီး"

"ကလေး အမေလား"

လော်ရာ၏ နှုတ်မှ အမှတ်မထင် ထွက်သွားသည်။ အဘယ်ကြောင့် ဤမိန်းကလေးကို ဤလို အခြေအနေတွင် တရားရုံးသို့ ခေါ်လာကြသနည်းဟု လော်ရာ အံ့သြနေမိသည်။ ဟယ်ရီဖရန်ကလင်၏ ဉာဏ်ပဲ ဖြစ်ရမည်။ ဤအခါ လော်ရာသည် စိတ်ထဲတွင် ပိုပြီး လေးလံသွားရတော့သည်။





တရားသူကြီး ဗင်နွန် တော်တော်ကလေး နောက်ကျသည်။ ရုံးခန်း ထဲသို့ ဝင်လာသော အချိန်တွင် သူသည် တရားသူကြီး ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ရင်း တန်းလန်း ဖြစ်သည်။ သူသည် နောက်ကျသည့် အတွက် တိုတို တုတ်တုတ်ပင် တောင်းပန်လိုက်ပြီးနောက် ရှေ့ဖတ် စာရေးကို အမှု စစ်ဆေး ခြင်း စတင်ရန် အချက်ပြလိုက်သည်။

သက်သေ ကုလားထိုင်တွင် ခရစ် ထိုင်သည်။ ဖရန်ကလင်က သူ၏ စာရွက်များကို စုစည်းနေစဉ်တွင် အယ်လင်း ဆင်ပဆန်ကို လော်ရာ ကြည့်ရှု လေ့လာခွင့်ရသည်။ သူမက သေးသေးသွယ်သွယ် ဖြစ်သည်။ မိခင်နှင့် တူသည်။ သူမ၏ မျက်နှာက သနားစဖွယ်လေး ဖြစ်သည်။ ထို့ပြင် သူမကို ကြည့်ရသည် မှာ အများကြီး ငယ်ရွယ်သေးသည်။ သူမ၏ ရင်သွေးကလေး ဦးနှောက် ပျက်ယွင်းသွားသည်ကို ခံနိုင်အား မရှိသလောက်ပင် ဖြစ်သည်။ ဟယ်ရီဖရန် ကလင်သည် သူမကို ဂျူရော်လူကြီးများ တွေ့မြင်စေရန် ပွဲထုတ်လာခြင်းပင် ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် အများကြီး အကျိုးသက်ရောက်ကြောင်း လော်ရာ ဝန်ခံရမည် ဖြစ်သည်။ ဂျူရော်လူကြီးများသည် သူမကို ငေးကြည့်လျက် ရှိကြသည်။

ဖရန်ကလင်သည် အယ်လင်းကို ဂျူရော်လူကြီးများ ကောင်းစွာ သတိပြု မိသည်အထိ အချိန်ဆွဲနေပြီးမှ သူ၏ တိုက်ပွဲကို စတင်သည်။

"ဒေါက်တာ ဂရန့် ခင်ဗျား၊ တရားခံ အကျိုးဆောင် နောက်ဆုံး မေးသွားတဲ့ မေးခွန်းကလေးနဲ့ ကျွန်တော်တို့ ပြန်စကြရအောင်၊ တစ်ဆိတ် ကျေးဇူးပြုပြီး တရားရုံး လက်ရေးတို စာရေးက အကျိုးဆောင်ရဲ့ မေးခွန်းနဲ့ သက်သေရဲ့ အဖြေတို့ကို ပြန်ဖတ်ပြပေးပါ"

"ဆင်ပဆန် ဘောဘီလေးတုန်းက အတိုင်း အချက်အလက်တွေ ထပ်တူ ထပ်မျှ ရှိနေတာကို ကနေ့ အချိန်မှာ ကြုံတွေ့ရလို့ ရှိရင် ဒေါက်တာဟာ အခု ကုထုံးအတိုင်းပဲ ကုသမလား"

လက်ရေးတို စာရေးက ဖတ်ပြလိုက်သည်။

"ဒေါက်တာရဲ့ အဖြေကကော"

"အချက်အလက်တွေဟာ အတူတူဆိုရင် ကျွန်တော် အခုအတိုင်းပဲ ကုသပါမယ်"

လက်ရေးတို စာရေးက ဆက်ပြီး ဖတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူနာကလေးလေးရဲ့ စိတ်မကောင်းစရာ အဖြစ်ကို သိပြီး ရှေ့
တိုင်အောင်ပဲ ဒီနည်းကို သုံးဖို့ ဆုပ်ကိုင်ထားတုန်းပဲလား" ဖရန်ကလင်သည်
အယ်လင်း ဆင်ပဆန် ဘက်သို့ လှည့်လိုက်ပြီး "ကံဆိုးရှာတဲ့ ဒီမိခင်ရဲ့ ကလေး
လေးဟာ ဦးနှောက် ပျက်ယွင်းသွားပြီ ဆိုတာကို သိပြီးတဲ့ တိုင်အောင်လည်း
ဒီကုထုံးနည်းကို သုံးဦးမှာပဲလား"

လော်ရာနှင့် မိုက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"လူဆိုးပဲ"

မိုက် ရေရွတ်လိုက်သည်။

"ဘယ်လိုလဲ ဒေါက်တာ"

ဖရန်ကလင်က ဖိလိုက်သည်။

"အဲဒီအချိန်က ဖြစ်ပေါ်ခဲ့တဲ့ အချက်အလက်တွေ ပေါ်မှာ မူတည်ပြီး
ပြောရရင် ဟုတ်ပါတယ်လို့ပဲ ဖြေရပါမယ်၊ ကျွန်တော်ဟာ အဲဒီတုန်းက အတိုင်း
ပဲ ကုသရပါမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မှန်ကန်တဲ့ ကုထုံးကုနည်း ဖြစ်လို့ပါ"

"ဒေါက်တာဟာ ဒီအတွေ့အကြုံဆိုးကြီးကနေ ဘာမှ သင်ခန်းစာ
မယူဘူး ဆိုတဲ့ သဘောပဲပေါ့"

ဖရန်ကလင် ခေါင်းကို ယမ်းခါရင်း မေးလိုက်သည်။

"ကျွန်တော်ရဲ့ ကုသမှုဟာ အဲဒီတုန်းက အခြေအနေမှာ အသင့်လျော်
ဆုံးမို့ပဲ"

"နောက်ပိုင်းမှာ ဘာပဲ ဖြစ်ဖြစ်"

"နောက်ပိုင်းမှာ ဘာပဲ ဖြစ်ဖြစ်"

ခရစ် ခပ်မာမာပင် ဖြေလိုက်သည်။

"ကလေးကို အလင်းကုထုံးနည်းနဲ့ ကုသတဲ့ အချိန်မှာ တခြား
ဆရာဝန်တွေနဲ့ ဒေါက်တာ တိုင်ပင်ပါသေးသလား"

"မတိုင်ပင်ပါဘူး"

"ဒေါက်တာ ဆိုဗိုနဲ့တောင် မတိုင်ပင်ဘူးလား"

"ကျွန်တော် သူ့ကို ပြီးမှ ရှင်းပြပါတယ်၊ ကျွန်တော် ဘာလုပ်တယ်
ဆိုတာ သူ့ကို ပြောပြတယ်၊ ကျွန်တော် ရှေ့ဆက်ပြီး မကုသေးဘဲ ဓာတ်ခွဲခန်း
အစီရင်ခံစာတွေကို စောင့်နေတဲ့ အကြောင်း ပြောပြတယ်"

"ဒီကိစ္စကို ဒေါက်တာ ဆိုဗိုနဲ့ ဒေါက်တာ ဆွေးနွေးပါသလား"





"ကျွန်တော် သူ့ကို အစီရင်ခံပါတယ်"

"သူနဲ့ ဆွေးနွေးပါသလား"

ဖရန်ကလင် ထပ်ဆင့်ပြီး မေးသည်။

လော်ရာ ထပြီး ကန့်ကွက်သည်။

"တစ်ဖက် အကျိုးဆောင်က သက်သေကို လိုချင်တဲ့ စကားလုံးရအောင်
ဖိမေးနေပါတယ်၊ ဒေါက်တာ ဂရန့်က အစီရင်ခံတယ်လို့ ပြောတာကို ကျွန်မ
ကတော့ ဆွေးနွေးတာပဲလို့ ယူဆပါတယ်"

"ကျွန်တော်ကတော့ မယူဆဘူး" ဖရန်ကလင် ဒေါသမာန်ဖြင့်
ပြန်ပြောသည်။

"အကျိုးဆောင်ကို ဆက်ပြီး မေးခွင့်ပြုတယ်"

တရားသူကြီးက ဆုံးဖြတ်လိုက်သည်။

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာဟာ ကလေးကို အလင်းကုထုံးနည်းနဲ့
ကုတာကိုရော၊ ဓာတ်ခွဲခန်း အစီရင်ခံစာကို စောင့်နေတာကိုရော ဒေါက်တာ
ဆိုဗို ဆီက အကြံဉာဏ် မတောင်းခဲ့ဘူးလို့ ကျွန်တော် နားလည်တာ မှန်ပါ
သလား"

"သူ့ ဆီက အကြံဉာဏ်တောင်းစရာ မလိုပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်ရဲ့ ဆုံးဖြတ်ချက်ကို သူ သဘောတူ
မှာကြောင့်ပဲ၊ နောက်ပိုင်းမှာ သူ သဘောတူခဲ့တာပဲ"

"ဒေါက်တာ ခင်ဗျာ၊ အရေးကြီးတဲ့ အခြေအနေမျိုးမှာ တခြား
ဆရာဝန်တွေနဲ့ မတိုင်ပင်တာဟာ မှားယွင်းသော ကုသမှု ဖြစ်နိုင်တယ် ဆိုတာ
သိပါသလား"

"ဒီကိစ္စဟာ တိုင်ပင်ဖို့ လိုအပ်တဲ့ အခြေအနေမျိုး မရှိဘူးလို့ ကျွန်တော်
ယူဆပါတယ်"

ထိုအခါ ဖရန်ကလင်သည် ရုတ်ခြည်း ဆိုသလို အကြောင်းအရာ
ပြောင်းလိုက်သည့် အနေမျိုးဖြင့် –

"ဒေါက်တာ ခင်ဗျာ၊ ဂျွန်ရေးနိုးရဲ့ မြေးကလေးကို ပထမဆုံး စမ်းသပ်
ကြည့်ရှုတဲ့ အခါမှာ ဒေါက်တာ ဘာတွေ့ရှိပါသလဲ"

"လူနာမှတ်တမ်း မိတ္တူမှာ ပါတာနဲ့ ကျွန်တော် စမ်းသပ်လို့ သိရတာ
တွေကတော့ ကလေးဟာ အာရုံအိပ်ချို ပြဿနာ ရှိတယ်၊ နှစ်ပတ် စောပြီး



www.burmeseclassic.com

www.burmeseclassic.com



မွေးတယ်၊ ဒါပေမဲ့ ကိုယ်အလေးချိန် ပြည့်ဝတဲ့ အတွက် လမစေ့ဘဲ မွေးဖွားတာလို့ မပြောနိုင်ဘူး၊ ကလေးမှာ အသားဝါ ဖြစ်နေတယ် ဆိုတာကို သိသိသာသာကြီး မြင်တွေ့နေရတယ်၊ ပက်ကဆိုက် ဆေးရုံ ခွဲစိတ်ခန်း အစီရင်ခံစာအရ စီလီရှုဗင် တစ်ဆယ့်လေး ရှိတယ်"

"ဒေါက်တာဟာ ကလေးရဲ့ သွေးနမူနာ ထုတ်ယူတယ်၊ သွေးကြောသွင်းပိုက်ကို တပ်တယ်၊ ကလေးကို မီးရောင်အောက်မှာ ထားလိုက်တယ်လို့ မှတ်တမ်း ရေးနိုးက ထွက်ဆိုသွားပါတယ်၊ အဲဒါ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ အခြေအနေအရ လုပ်ရိုးလုပ်စဉ် လုပ်တာပါပဲ"

"အဲဒါတွေ အားလုံး လုပ်တဲ့အတွက် အချိန် ဘယ်လောက် ကြာပါသလဲ"

"အချိန် ဟုတ်လား" သူ စဉ်းစားသည်။ ဤကိစ္စကို ယခင်က တစ်ကြိမ်မျှ စဉ်းစားခဲ့ဟန် မရှိချေ။ "အဲဒါတော့ မပြောတတ်ဘူး"

"စိတ်ထဲမှာ နည်းနည်း မှန်းကြည့်လို့ ရမလား"

"မှန်းကြည့်ရရင်တော့ ငါးမိနစ် ဆယ်မိနစ်ပေါ့"

"အဲဒီတော့ ဒေါက်တာဟာ ကလေးကို စမ်းသပ်တယ်၊ သွေးနမူနာ ထုတ်ယူတယ်၊ အကြောဆေး သွင်းတယ်၊ ပြီးတော့ စဉ်းစား ဆုံးဖြတ်ပြီး ကလေးကို အလင်းကုထုံးနည်းနဲ့ ကုတယ်၊ အဲဒါတွေ အားလုံးကို ငါးမိနစ်ကနေ ဆယ်မိနစ် အတွင်းမှာ လုပ်တယ်၊ ဟုတ်လား"

"ခွဲစိတ်ခန်း အစီရင်ခံစာကို စောင့်နေတဲ့ အချိန်မှာ လက်ထဲမှာ ရှိထားတဲ့ အခြေအနေ အချက်အလက်တွေအရ ကိုယ် လုပ်စရာ ရှိတာကို မြန်မြန် လုပ်တာဟာ အကောင်းဆုံးပဲ"

"ကုနိုင်သမျှကို ကုသွားတယ်လို့ စောစောပိုင်းက ဒေါက်တာ ထွက်ဆိုသွားခဲ့ပါတယ်၊ အဲဒါ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒေါက်တာ ဘယ်လို စံနဲ့ အဲဒီလို မြန်မြန် လုပ်ပါသလဲ"

"လူနာကို တစ်စုံတစ်ရာ အန္တရာယ် မဖြစ်စေဘဲနဲ့ ဘယ်လောက်ပဲ အထောက်အကူ ဖြစ်ဖြစ်ပေါ့၊ ကျွန်တော်တို့ဟာ အချက်အလက် မခိုင်မာသေးတဲ့ အချိန်မှာ အန္တရာယ်ရှိတဲ့ ကုသနည်း၊ အစွန်းရောက်တဲ့ ကုသနည်းတွေကို မသုံးပါဘူး"





"အလင်းကုထုံးနည်းဟာ လူနာကို အန္တရာယ် မဖြစ်စေဘဲ တစ်စုံတစ်ရာ အထောက်အကူ ဖြစ်စေတယ်လို့ ဒေါက်တာ ယူဆပါသလား"

"ယူဆပါတယ်"

"အလင်းကုထုံးနည်းဟာ အန္တရာယ် မရှိနိုင်ဘူးပေါ့၊ ဟုတ်လား"

လော်ရာ၏ လက်များက စားပွဲစွန်းကို ဆုပ်ထားလျက် ရှိကြောင်း မိုက်ဆိုဗို သတိပြုမိသည်။

"ဘယ်ကုထုံးနည်းမှ အန္တရာယ် မရှိနိုင်ဘူးရယ်လို့ မရှိပါဘူး၊ ဒါပေမဲ့ ဖြစ်နိုင်တဲ့ အန္တရာယ်ဟာ မပြောပလောက်ဘူး ဆိုရင် လက်တွေ့လိုအပ်လို့ သုံးရတဲ့အခါ အန္တရာယ် မရှိဘူးလို့ပဲ ဆိုနိုင်ပါတယ်"

"ကိုယ်မှာ အဖုအပိန့်တွေ ထွက်လာတာဟာ အန္တရာယ် မဟုတ်ဘူးပေါ့"

"မကောင်းတဲ့ သဘောပဲ၊ ဒါပေမဲ့ ဆိုးရွားတဲ့ အဖြစ်တော့ မဟုတ်ဘူး"

"ကလေးရဲ့ အစာအိမ် ကမောက်ကမ ဖြစ်တာကော၊ ဥပမာ အော့အန်တာ ဝမ်းသွားတာ"

"ဒါလည်း အသေးအဖွဲတွေပါပဲ၊ ဆေးဖြစ်လောက်အောင် မဟုတ်ပါဘူး၊ နောက်ပြီးတော့ ကလေးကို အကြောဆေး သွင်းပေးထားတာလည်း ရှိပါတယ်"

"ဒါပေမဲ့ ဒါတွေဟာ အလင်းကုထုံးနည်းကြောင့် ဖြစ်တဲ့ နောက်ဆက်တွဲတွေ ဆိုတာတော့ ဒေါက်တာ ဝန်ခံသလား"

"နောက်ဆက်တွဲ မဟုတ်ပါဘူး၊ ဒွန်တွဲမှုပါ"

"ဒါပေမဲ့ အလင်းကုထုံးနည်းကြောင့် ဖြစ်တာပဲ မဟုတ်လား"

"ဖြစ်နိုင်တဲ့ ဒွန်တွဲမှုတွေပါ"

ဖရန်ကလင်သည် တစ်ဖက်သို့ လှည့်ပြီး စာရွက်ထပ်ကြီး တစ်ခုကို ယူလိုက်ကာ–

"ဆေးပညာဂျာနယ်ကို ဒေါက်တာ တွေ့ဖူးပါသလား"

"ဟုတ်ကဲ့၊ တွေ့ဖူးပါတယ်"

"၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက်နေ့ထုတ် အဲဒီဂျာနယ်မှာ ပါတဲ့ ပေးစာ တစ်စောင်ကို ကျွန်တော် ဖတ်ပြပါရစေ၊ မဖတ်ခင် ဒေါက်တာ အလျင် စစ်ဆေးကြည့်ပါဦး" ဖရန်ကလင်က ခရစ်ကို စာရွက်ထပ် တစ်ခု ကမ်းလိုက်သည်။ ခရစ် သေသေချာချာ စစ်ဆေး ကြည့်ရှုသည်။ "ဒေါက်တာ ခင်ဗျာ၊ ပေးစာ အဆုံးမှာ ပါတဲ့ နာမည် နှစ်ခုကို ဒေါက်တာ သိပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ အဲလဗတ်နဲ့ ဒေါက်တာ ရန်တလာ တို့ကို ကျွန်တော် ကြားဖူးပါတယ်"

"ဒေါက်တာ ကြားသိထားရသလောက်မှာ သူတို့ဟာ ဆရာဝန်ကောင်းတွေ ဖြစ်ပါသလား၊ သူတို့ရဲ့ နယ်မှာ ကျော်ကြား ထင်ရှားတဲ့ လူတွေ ဖြစ်ပါသလား"

"ဖြစ်ကြပါတယ်"

"ဒေါက်တာ ခင်ဗျာ၊ ကျွန်တော် ဒီကနေ ဖတ်ပြနေတုန်းမှာ ဒေါက်တာက လက်ထဲမှာ ရှိတဲ့ မိတ္တူနဲ့ တိုက်ကြည့်ပေးပါ"

ထို့နောက် ဖရန်ကလင်သည် ပေးစာကို ဖတ်ပြသည်။

"အယ်ဒီတာ ခင်ဗျာ၊ လွန်ခဲ့တဲ့ နှစ်များ အတွင်းက လူကြီးမင်းတို့ ဂျာနယ်မှာ ဖော်ပြခဲ့တဲ့ အလင်းကုထုံးနည်း အကြောင်း ဆောင်းပါးတွေဟာ အဲဒီ ကုထုံးနည်းကြောင့် ဖြစ်ပေါ်နိုင်တဲ့ ဘေးအန္တရာယ်တွေ အများအပြား မပါရှိဘဲ ကြွင်းကျန်နေခဲ့တာကို တွေ့ရှိရပါတယ်၊ ယင်းအတွက် အလင်းကုထုံးနည်းကြောင့် ဖြစ်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ကျွန်တော်တို့ စုဆောင်းပြီး ဖော်ပြလိုက်ပါတယ်"

"ဒီအထိ မှန်ပါသလား ဒေါက်တာ"

"ဒီအထိ မှန်ပါတယ်"

"ကျွန်တော် ဆက်ဖတ်ပါ့မယ်၊ တိရစ္ဆာန် ပြဆိုချက်၊ အဲဒါ ဘာအဓိပ္ပာယ်ပါလဲ ဒေါက်တာ"

"ဓာတ်ခွဲခန်းမှာ တိရစ္ဆာန်တွေကို စမ်းသပ်ကြည့်ရှုတဲ့ အခါမှာတွေ့ရတဲ့ အချက်တွေပါ"

ဖရန်ကလင် ဆက်ဖတ်သည်။

"တိရစ္ဆာန် ပြဆိုချက်"

"ကြွက်များတွင် ကြီးထွားမှု ဆုတ်ယုတ်ခြင်း"

"ဖယောင်းတိုင် ၃၀၀ အား အလင်းရောင်တွင် ဝက်ကလေးများ မျက်စိ ပျက်ယွင်းခြင်း"

"ဖယောင်းတိုင် ၄၀ အား အလင်းရောင်တွင် ကြွက်များ မြင်လွှာ ပျက်ယွင်းခြင်း"

"ယုန်များတွင် ပင်နီအယ်ဂလင်း ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း"





"ကြွက်များတွင် လိင်အင်္ဂါ ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း"

"မြေကြွက်များ၊ အိမ်ကြွက်များနှင့် မျောက်များတွင် အမြင်ပျက်ယွင်းခြင်း"

"ကြွက်များတွင် မျက်လုံး သွေးကြောများ ပြောင်းလဲခြင်း"

"ဖူရော်လူကြီးများရဲ့ ခေါင်းထဲမှာ ဆေးဝေါဟာရတွေ ရှုပ်ထွေးသွားမှာ စိုးတဲ့အတွက် ဒါလောက်နဲ့ပဲ ရပ်ထားကြပြီး ဒေါက်တာ့ကို မေးစရာ ရှိတာ တချို့ မေးပါရစေ၊ ဒေါက်တာ ခင်ဗျာ၊ ပေးစာထဲမှာ မျက်စိ ပျက်ယွင်းခြင်းနဲ့ မြင်လွှာ ပျက်ယွင်းခြင်းတို့ကို ဖော်ပြထားပါတယ်၊ အဲဒါ ဘာကို ဆိုလိုပါသလဲ"

နားလည်မှု လွဲမှားနိုင်သည့် အန္တရာယ် ရှိသဖြင့် ခရစ် အထူး ဂရုစိုက်ပြီး ရှင်းလင်းသည်။

"အလင်းရောင်ကို ဆက်တိုက် အသုံးပြုထားတဲ့ အတွက် လူနာဟာ တကယ်လို့သာ... ကျွန်တော် ထပ်ပြောပါ့မယ်၊ တကယ်လို့သာ အလင်းကုထုံးနည်းနဲ့ ကုနေတုန်းမှာ မျက်လုံးကို သေသေချာချာ အကွယ်အကာ လုပ်မထားခဲ့ရင် လူနာရဲ့ မျက်လုံးများ ထိခိုက် ပျက်ယွင်းနိုင်ပါတယ်၊ ဒါပေမဲ့ ဆင်ပဆန်ဆာဘီကလေး ကိစ္စမှာတော့ ကျွန်တော်ဟာ သူ့ မျက်လုံးတွေကို သေသေချာချာ ကျကျနန အကာအကွယ် ပေးထားတဲ့ အတွက် အမြင်အာရုံ ထိခိုက်မှု လုံးဝ မရှိနိုင်ပါဘူး၊ ဘယ်သူကမှလည်း ရှိတယ်လို့ မပြောခဲ့ပါဘူး"

"ကောင်းပါပြီ၊ ကျွန်တော်တို့ ပေးစာကို ဆက်ဖတ်ကြဦးစို့။ လူ ပြဆိုချက်"

"ဆရာဝန်ကြီး နှစ်ဦးက အောက်ပါ ဘေးအန္တရာယ်တွေကို စာရင်းပြုလုပ် ထားပါတယ်၊ ဘေးအန္တရာယ်ဆိုတဲ့ စကားလုံးက ကျွန်တော့် စကားလုံး မဟုတ်ပါဘူး၊ သူတို့ သုံးထားတဲ့ စကားလုံးပါ၊ အဲဒါတွေကို ကျွန်တော် ဖတ်ပြပါရစေ"

"အလင်းရောင်ကြောင့် အပူလွန်ခြင်း"

"အပူလွန်သဖြင့် အေးစိမ့်ခြင်း"

"ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း"

"ဆာကေဒီယမ် ရစ်သမ် ပြောင်းလဲခြင်း"

"လိင်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွင် ထိခိုက်ခြင်း"

"အဖုအပိန့်များ ထွက်ခြင်း"



www.burmeseclassic.com

www.burmeseclassic.com



"အလင်းရောင်ကြောင့် အသားဝါမှုကို ဖုံးကွယ်သွားခြင်း"

"မန်းတက်ခြင်းကြောင့် ရောဂါ အဖော်ရခက်ခြင်း"

"အပြာရောင်ကြောင့် အသားပြာမှုကို ဖုံးကွယ်သွားခြင်း"

"နောက်ဆုံး ဖော်ပြထားတဲ့ ဘေးအန္တရာယ်ကတော့ အမျိုးအမည် မသိ"

"ဒေါက်တာ ခင်ဗျာ၊ ဆရာဝန်ကြီး နှစ်ဦးက ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း လို့ ဖော်ပြထားတာဟာ ဘာကို ဆိုလိုပါသလဲ"

"လွန်ခဲ့တဲ့ ကိုးနှစ်၊ ဆယ်နှစ်လောက်က ထွက်ခဲ့တဲ့ စာတမ်း တစ်စောင် ရှိပါတယ်၊ အဲဒီစာတမ်းမှာ ဘာဖော်ပြထားသလဲ ဆိုတော့ အလင်းကုထုံးနည်း ကြောင့် ကုသခဲ့တဲ့ အတွက် ကလေးလူနာ အချို့ရဲ့ ခေါင်းဟာ ပုံမှန်ထက် သေးငယ်နေတယ်တဲ့၊ ဒါပေမဲ့ နောက်ပိုင်းမှာ စမ်းသပ်ချက်တွေ၊ တွေ့ရှိချက် တွေအရ ဒီအယူအဆဟာ မှားယွင်းကြောင်း တွေ့ရတယ်၊ အဲဒီ စာတမ်းကို ရေးခဲ့တဲ့ ဆရာဝန် ကိုယ်တိုင်ကလည်း သူရဲ့ သုံးသပ်ချက် မှားယွင်းကြောင်း နောက်ပိုင်းမှာ ဝန်ခံထားပါတယ်"

သို့သော် ဖရန်ကလင်သည် ယင်းအဖြေကို အမှုမထားဘဲ–

"ဒေါက်တာ ခင်ဗျား အသားပြာခြင်း ဆိုတာ ဘာကို ခေါ်ပါသလဲ"

"လူနာ တစ်ယောက်ဟာ အောက်ဆီဂျင် အလုံအလောက် မရရှိတဲ့ အခါမှာ အသားပြာလာပါတယ်"

"အသားပြာခြင်း ဖြစ်တာကို ပထမဆုံး ဘယ်လို တွေ့ရှိနိုင်ပါသလဲ"

"လူနာရဲ့ အရေပြားတွေ ပြာလာပါတယ်၊ နှုတ်ခမ်းတွေနဲ့ လက်ထိပ် တွေက စပြီး ပြာလာတတ်ပါတယ်"

"အဲဒီလိုဆိုရင် အလင်းကုထုံးနည်း ဖြစ်တဲ့ အပြာရောင် မီးချောင်း ရောင်ကြောင့် ကလေးမှာ အရေပြား ပြာနေတာကို ဖုံးကွယ်သွားနိုင်တယ်လို့ ဆရာဝန် နှစ်ယောက်က ပြောတဲ့ သဘောလား"

"ဟုတ်ပါတယ်၊ သူတို့ ဆိုလိုတာက ဒီသဘောပါပဲ၊ ဒါပေမဲ့ သူတို့မှာ အထောက်အထား မရှိဘူး ဆိုရင် ဒါဟာ ပြဿနာကို သက်သက် ဖော်ထုတ်တာပဲ"

"ဒေါက်တာ ခင်ဗျာ၊ လူ တစ်ယောက်ရဲ့ ဦးနှောက်ဟာ အချိန်အနည်း ကလေးလောက်ပဲ ဖြစ်ဖြစ် အောက်ဆီဂျင် မရှိဘဲ ဖြစ်သွားခဲ့ရင် ဘာဖြစ်နိုင်ပါ သလဲ"





ဖရန်ကလင် ဆင်သော ထောင်ကွက်ကို လော်ရာ ရိပ်မိသဖြင့် ယင်း ထောင်ချောက် အတွင်းသို့ ခရစ် မကျအောင် တားရန် ဆုံးဖြတ်လိုက်သည်။ လော်ရာ ချက်ချင်းပင် ထပြီး ကန့်ကွက်လိုက်သည်။

"ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းဟာ အထောက်အထားလည်း မရှိပါဘူး ဆက်စပ်မှုလည်း မရှိပါဘူး၊ ကလေး တစ်ယောက်ဟာ အောက်ဆီဂျင် လျော့ နည်းသွားတဲ့အတွက်၊ အသားပြာတဲ့အတွက် ပျက်စီး ဆုံးရှုံး ရတယ်လို့ ဘယ် ဆရာဝန် တစ်ယောက်ကမှ တွေ့ရှိမထားပါဘူး"

"ကျွန်တော် မေးနေတဲ့ အချက်ကလည်း ဒီအချက်ပဲ ဖြစ်ပါတယ်၊ အကျိုးဆောင် အခုလို ကူညီတဲ့ အတွက် ကျေးဇူးတင်ပါတယ်" ထို့နောက် တရားသူကြီး ဘက်သို့ လှည့်ပြီး "တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော် တင်ပြလိုတဲ့ အချက်ကတော့ အလင်းကုထုံးနည်းဟာ အသားပြာတဲ့ လက္ခဏာ တွေကို ဖုံးကွယ်နိုင်ပါတယ်၊ အဲဒီအတွက် ကလေး ဦးနှောက် ပျက်ယွင်းရတဲ့ အကြောင်းရင်းကို ဆရာဝန်တွေ ရှာမတွေ့ဘဲ ဖြစ်စေနိုင်ပါတယ်၊ အသားပြာတဲ့ လက္ခဏာတွေကို အပြာရောင် မီးချောင်းရောင်က ဖုံးကွယ် ပစ်လိုက်ပါတယ်"

"ဒါဟာ တမင်တကာ ဖော်စပ်ထားတဲ့ အယူအဆပဲ၊ ဖြစ်နိုင်တယ် ဆိုတဲ့ သဘောတရား ပေါ်မှာ အခြေခံပြီး တကယ် ဖြစ်တာ မရှိဘဲနဲ့ ဝမရှိ ဘဲနဲ့ ဝိလုပ်ထားတာပဲ"

ခရစ် ပေါက်ကွဲသည်။

ဖရန်ကလင် သူ့ ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး–

"မဟုတ်ဘူးလို့ ဒေါက်တာ ပြောတာလား"

"တစ်စုံတစ်ခုဟာ တကယ် မဖြစ်ဘဲနဲ့ သိပ္ပံနည်းကျ ဟုတ်ပါတယ်လို့ မပြောနိုင်ပါဘူး"

ဟယ်ရီဖရန်ကလင်သည် အချိန်ကျရောက်ပြီဟု ယူဆသဖြင့် အဖြေကို တင်လိုက်သည်။

"ဒေါက်တာ ခင်ဗျာ၊ ဆရာဝန် နှစ်ယောက် ပြောသွားတဲ့ ဖြစ်နိုင်တဲ့ ဘေးအန္တရာယ်တွေ ထဲမှာ နောက်ဆုံး ဖော်ပြထားတာကတော့ အမျိုးအမည် မသိဘဲ၊ ဒေါက်တာရဲ့ လက်ထဲမှာ ရှိတဲ့ မိတ္တူကို ကြည့်ပြီး အမျိုးအမည် မသိဆိုတဲ့ စကားလုံး နောက်မှာ ဘာအမှတ်လက္ခဏာများ ပါသေးသလဲ"

ခရစ် ငုံ့ကြည့်လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"အာမေဒိုတ် အမှတ်လက္ခဏာ ပြထားပါတယ်"

"တခြား ဖြစ်နိုင်တဲ့ အန္တရာယ်တွေ နောက်မှာ အာမေဒိုတ် လက္ခဏာ ပြထားပါသလား"

"မပြပါဘူး"

"အဲဒါကို ဒေါက်တာ့ အနေနဲ့ ဘယ်လို သဘောရပါသလဲ"

"နောက်ဆုံး အချက်ဟာ ပိုပြီး အရေးကြီးတယ်လို့ ဒေါက်တာ ရန်တလာနဲ့ အဲလဗတ်တို့က ယူဆကြပါတယ်"

"အထက်က ဖော်ပြထားတဲ့ ဘေးအန္တရာယ်တွေထက် ပိုပြီး အရေးကြီး တယ် ဆိုတဲ့ သဘောလား"

"အဲဒီလိုပဲ ကျွန်တော် ထင်ပါတယ်"

ဖရန်ကလင် ခေါင်းညိတ်လိုက်ပြီး အဖြေကို မျှဉ်းသား လိုက်သည်။ ဖရန်ကလင် ဆက်ပြီး မမေးရမီတွင် ခရစ်က–

"အကျိုးဆောင်ကြီး သိချင်တယ် ဆိုရင် ဒီဆောင်းပါးမှာ ပိုပြီး အရေး ကြီးတဲ့ အချက် တစ်ချက် ဖော်ပြထားတာ ရှိပါတယ်"

ဖရန်ကလင် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်–

"ဟုတ်ကဲ့ ဒေါက်တာ၊ အဲဒါက ဘာများပါလိမ့်"

ခရစ်သည် ဆောင်းပါး မိတ္တူကို ရှေ့ရော်လူကြီးများ ဘက်သို့ မြှောက်ပြ လိုက်ပြီး စာပိုဒ် တစ်ပိုဒ် ဖတ်ပြသည်။

"အလင်းကုထုံးနည်းကို မှန်မှန်ကန်ကန် သုံးစွဲခဲ့ရင် အန္တရာယ် ကင်း ရှင်းပြီး အကျိုးသက်ရောက်မှု ရှိကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါတယ်၊ အလင်း ရောင်ဖြင့် ကုသခဲ့တဲ့ လူနာ ငါးထောင်ကျော်ကို တစ်နှစ်ကနေ တစ်ဆယ့် နှစ်နှစ်အတွင်း စစ်ဆေးကြည့်ခဲ့ရာမှာ ဆိုးဆိုးရွားရွား ဘေးအန္တရာယ် ကျရောက်ကြောင်း ဖော်ပြထားချက် တစ်စုံတစ်ယောက်မျှ မရှိပါ"

ဤကုထုံးနည်းကို ရစရာ မရှိအောင် ဖရန်ကလင် တိုက်ခိုက်နေစဉ် အတွင်း ဤအချက်ကို ကြားသိလိုက်ရသောအခါ ရှေ့ရော်လူကြီးများ အားလုံး ထိတ်လန့် သွားကြဟန် ရှိသည်။ သို့သော် ဖရန်ကလင် တစ်စုံတစ်ရာ အနှောင့် အယှက် ဖြစ်ဟန် မရှိပါ။

"ခွင့်ပြုပါ ဒေါက်တာ၊ ဆောင်းပါး အောက်ဆုံး အပိုဒ်ကို မှတ်တမ်း ဝင်သွားအောင် ကျွန်တော် ဖတ်ပြပါရစေ၊ ဗီလီရူဗင် မြင့်မားခြင်းနဲ့ သွေးဖလှယ်





ခြင်းတို့မှာ ရှိပြီး သိနေရတဲ့ အန္တရာယ်တွေဟာ အထက် ဖော်ပြခဲ့တဲ့ ဖြစ်နိုင်တဲ့ သဘောတရားရှိတဲ့ အန္တရာယ်တွေထက် အများကြီး သာလွန်ပေမဲ့ တာဝန် ရှိတဲ့ ဆရာဝန် တစ်ယောက်ဟာ ကုထုံးနည်း အသစ်မှာရှိတဲ့ ဖြစ်နိုင်တဲ့ အန္တရာယ်တွေကို အထူး သတိပြုရပါမယ်၊ အထူးသဖြင့် ကလေးသူငယ် ကလေးတွေကို ကုသတဲ့ နေရာမှာ ပိုပြီး သတိထားရပါမယ်၊ ဒေါက်တာ ခင်ဗျာ၊ အထက်ပါ စာပိုဒ်ကို ကျွန်တော့် အနေနဲ့ လူပြိန်း တစ်ယောက် အဖြစ်နဲ့ပဲ ပြန်ပြောပါ့မယ်၊ မှားရင် ပြင်ပေးပါ"

ရှေ့ရော်လူကြီးများ ဘက်သို့ ဖရန်ကလင် လှည့်လိုက်ပြီး–

"ကျွန်တော် နားလည်ထားတဲ့အတိုင်း ပြောရရင် လေးစားအပ်တဲ့ ဆရာဝန်ကြီး နှစ်ယောက်က ပထမ ဘာပြောသလဲ၊ ဗီလီရူဗင် မြင့်မားခြင်းနဲ့ သွေးဖလှယ်ခြင်းတို့မှာ အတည်ပြုပြီး သိရှိပြီး ဘေးအန္တရာယ်တွေ ရှိတယ်တဲ့"

"အဲဒီ သိရှိပြီး ဘေးအန္တရာယ်တွေဟာ အလင်းကုထုံးနည်းရဲ့ မသိရှိ သေးတဲ့ ဘေးအန္တရာယ်တွေထက် ပိုပြီး သာလွန်တယ်တဲ့"

ခရစ် ကြားဖြတ်ပြီး ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ အဲဒီအချက်ဟာ ကျွန်တော် ဆက်ပြီး ပြောမယ့် အချက်ပါပဲ၊ မှန်ပါတယ်၊ ကျွန်တော်တို့ သိရသလောက်မှာ သွေး ဖလှယ်ခြင်းကြောင့် ဖြစ်တဲ့ သိရှိပြီး ဖြစ်တဲ့ ဘေးအန္တရာယ်တွေဟာ အလင်း ကုထုံးနည်းကြောင့် ဖြစ်တဲ့ မသိရှိရသေးတဲ့ ဘေးအန္တရာယ်တွေထက် ပိုပြီး သာလွန်ပါတယ်၊ ဒါပေမဲ့ ဒီဆရာဝန်ကြီး နှစ်ယောက်က ဆက်ပြီး ပြောထား တာက တာဝန်ရှိတဲ့ ဆရာဝန် တစ်ယောက်ဟာ ဒီကုထုံးနည်းကြောင့် ဖြစ်ပေါ် နိုင်တဲ့ ဘေးအန္တရာယ်တွေကို မကြည့်မြင်ဘဲ ကလေး တစ်ယောက်ကို အထူး သဖြင့် မွေးကင်းစ တစ်ယောက်ကို ဒီနည်းနဲ့ မကုသသင့်ဘူးတဲ့၊ မှန်ပါသလား ဒေါက်တာ"

"အဲဒီ ဆရာဝန်တွေ ကိုယ်တိုင် ဝန်ခံထားတာကတော့ အလင်းကုထုံး နည်းနဲ့ ကုသခဲ့တဲ့ လူနာ ငါးထောင်ကျော်မှာ တစ်ယောက်မှ ဘေးအန္တရာယ် မရှိခဲ့ဘူးတဲ့၊ တချို့ကို ဆိုရင် စောင့်ကြည့်နေခဲ့တာ တစ်ဆယ့်နှစ်နှစ်တောင် ရှိပြီတဲ့"

ခရစ်က တုံ့ပြန် တိုက်ခိုက်လိုက်သည်။ သို့သော် ဖရန်ကလင် အနှောင့် အယှက် မဖြစ်ဘဲ–



www.burmeseclassic.com

www.burmeseclassic.com



"ကုသမှု တစ်ခုအတွက် နောက်ဆက်တွဲ သက်ရောက်မှုဟာ တချို့ဆိုရင် အနှစ် နှစ်ဆယ်လောက် ကြာမှ ဖြစ်တတ်တယ် ဆိုတာ ဒေါက်တာ ကြားဖူးပါသလား၊ ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ယောက်ဟာ သူ သုံးခဲ့တဲ့ ဆေးအတွက် သူ့သမီး ကင်ဆာဖြစ်တာကို နောက် တစ်ဆယ့်ငါးနှစ်ကြာမှ တွေ့ရတဲ့ အကြောင်း တလောကပဲ ရေးထားတာ ဒေါက်တာ မဖတ်လိုက်ရဘူးလား"

"အဲဒါမျိုးတွေ ဖော်ပြထားတာ ရှိပါတယ်၊ အဲဒီအချက်တွေ မှန်မမှန် အခု စူးစမ်း လေ့လာ နေကြပါတယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ စာရင်း ချုပ်ကြရအောင် ဒေါက်တာ၊ ဒေါက်တာဟာ ဆင်ပဆန် ဘောဘီကို ပထမအကြိမ် စစ်ဆေးပြီးနောက် သိရှိပြီး သောအန္တရာယ်တွေရော မသိရှိသေးတဲ့ သောအန္တရာယ်တွေရော ရှိနေပေမဲ့ အလင်းကုထုံးနည်းနဲ့ ကုဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဟုတ်ပါသလား"

"အကျိုးဆောင်ကြီးက အမြင်မှားကို မေးနေတာပဲ"

"အဲဒါ ကျွန်တော်တို့ တာဝန် ရှိပါစေ၊ မေးခွန်းကိုသာ ဖြေပါ"

"ဟုတ်ကဲ့၊ အဲဒီ ကုထုံးနည်းနဲ့ ကျွန်တော် ကုခဲ့ပါတယ်"

"အဲဒီကလေးကို ဆယ်မိနစ်ပဲ ကြည့်ပြီးမှပေါ့"

"ဟုတ်ပါတယ်"

"ဒီကုသနည်းကြောင့် ဖြစ်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ကလေးရဲ့ အဘိုး၊ ကလေးရဲ့ အဖေနဲ့ ကလေးရဲ့ အမေတို့ကို ရှင်းမပြဘဲ ကုသခဲ့တာပေါ့"

"ရှင်းပြစရာ မလိုပါဘူး"

"ဒေါက်တာရဲ့ သဘောအရပေါ့"

"ကျွန်တော်ရဲ့ သဘောအရပါ"

"တချို့ ဆေးရုံတွေမှာ အလင်းကုထုံးနည်းကို မကုသခင်မှာ ကြိုတင်သဘောတူညီချက်ကို ရယူတာဟာ ပုံမှန် လုပ်ထုံးလုပ်နည်း တစ်ရပ် ဖြစ်တယ် ဆိုတာ ဒေါက်တာ သိပါသလား"

"ဟုတ်ကဲ့၊ အဲဒီလိုမျိုး ဆေးရုံ တချို့ ရှိပါတယ်၊ ဒါပေမဲ့ အများနဲ့ မဟုတ်ပါဘူး"

"ဒါပေမဲ့ ဒေါက်တာ အနေနဲ့ လိုအပ်တယ်လို့ မထင်ဘူးလား"





"ကလေး တစ်ယောက် နေမကောင်း ဖြစ်နေရင် အရေးကြီးတာက သူ့ကို အမြန်ဆုံး စပြီး ကုသနိုင်ဖို့ပါပဲ၊ ကလေးကို အလင်းရောင် ပေးထားပြီးတဲ့ နောက်ပိုင်းမှာ မစ္စတာ ရေးနီးကို ကျွန်တော် ရှင်းပြပါတယ်"

"ရှင်းပြတယ် ဟုတ်လား၊ အခု ကျွန်တော်တို့ ပြောသွားတဲ့ ဘေးအန္တရာယ်တွေ ဖြစ်နိုင်တဲ့ အကြောင်း သူ့ကို ရှင်းပြသလား"

"ဖြစ်နိုင်တဲ့ အန္တရာယ်တွေ အားလုံးဟာ ထင်မြင်ချက်တွေသာ ဖြစ်တဲ့ အတွက် ရှင်းပြလို့ ဘာမှ အကျိုး မရှိနိုင်ပါဘူး၊ ပြီးတော့ အချိန် သိပ်ကုန်မယ်"

"အချိန် သိပ်ကုန်မယ် ဟုတ်လား၊ အဲဒီ ကုန်မယ့် အချိန်ဟာ ကလေးရဲ့ ဘဝ တစ်သက်လုံးနဲ့ နှိုင်းယှဉ်နိုင်သလား"

"ကျွန်တော် အချိန် သိပ်ကုန်မယ်လို့ ပြောတာ အဲဒီတုန်းက အခြေအနေအရ ပြောတာပါ၊ အဲဒီ အချိန်တုန်းက အရေးကြီးနေတာက ကလေးရဲ့ အခြေအနေမှန်ကို ဖော်ထုတ်နိုင်ဖို့ပဲ"

သူ့အနေနှင့် အနိုင်ရတော့မည့် ဆဲဆဲ ရှိနေပြီကို သိသဖြင့် ဖရန်ကလင် က–

"ဒေါက်တာ ခင်ဗျား၊ ဒီမေးခွန်းကို အလျှင်ကလည်း တစ်ခါ ဒေါက်တာ ကို မေးခဲ့ပြီးပါပြီ၊ ဒါပေမဲ့ အခုနောက်ပိုင်း အချိန်မှာ ဒေါက်တာ စိတ်များ ပြောင်းသွားမလား ဆိုပြီး ထပ်မေးရတာပါ၊ ကနေ့ အချိန်မှာ ကလေး တစ်ယောက်ဟာ ဟိုတုန်းက ဆင်ပဆန်ဘောဘီ အတိုင်း အရိပ်လက္ခဏာတွေ ပြနေလို့ ရှိရင် ဒီကုသနည်းအတိုင်းပဲ ကုသမလား"

"ဟုတ်ကဲ့၊ ဒီအတိုင်းပဲ ကုပါမယ်"

ခရစ် အနည်းငယ် တုံ့ဆိုင်း နေပြီးနောက် ဖြေလိုက်သည်။

"ဘေးအန္တရာယ်တွေ ရှိနေတဲ့ တိုင်အောင်ပဲပေါ့"

ခရစ် ထိုင်ရာမှ ထလိုက်ပြီး–

"ဒီမှာ အစစ်ခံသွားတဲ့ ဘယ်သူတွေသိ ဘယ်ဆရာဝန်ကမှ အဲဒီ ကလေး ဦးနှောက် ပျက်ယွင်းရတာနဲ့ အလင်းကုထုံးနည်းနဲ့ ဆက်စပ်နေတယ်လို့ အစစ် မခံနိုင်ပါဘူး"

ဖရန်ကလင် မငြင်းပါ။ သူသည် ပြန်လှန် မေးခွန်းထုတ်၍ ပြီးဆုံးသည့် အနေမျိုးဖြင့် သူ့ စားပွဲ ဆီသို့ လျှောက်သွားသည်။ သို့ရာတွင် လမ်းတစ်ဝက်လောက် အရောက်တွင် ခရစ် ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ပင်နီအယ်ဂလင်း ဆိုတာ ဘယ်နေရာမှာ ရှိပါသလဲ"

"ဦးနှောက်မှာ ရှိပါတယ်"

"အလင်းကုထုံးနည်းဟာ ဦးနှောက်ထဲမှာ ရှိတယ်လို့ ဒေါက်တာ ပြောသွားတဲ့ ပင်နီအယ်ဂလင်းရဲ့ ဖွံ့ဖြိုးမှုကို ထိခိုက်စေတယ်လို့ ဒေါက်တာ ရန်တလာနဲ့ ဒေါက်တာ အဲလဗတ်တို့က သတိပေးမထားဘူးလား"

"ပင်နီအယ်ဂလင်းကို ထိခိုက်တယ် ဆိုတာက ဓာတ်ခွဲခန်းထဲက တိရစ္ဆာန်တွေကိုပဲ၊ လူတွေကို မဟုတ်ပါဘူး၊ အကျိုးဆောင်ကြီးဟာ ကောက်ချက် အမှားကို ကောက်နေတာပဲ"

ခရစ် ဒေါသဖြင့် ပြောလိုက်သည်။

"ကောက်ချက်ချရမယ့် အလုပ်က နူရော်လူကြီးတွေရဲ့ အလုပ်ပါ ဒေါက်တာ၊ ဓာတ်ခွဲခန်းမှာ စမ်းသပ်တဲ့ အခါမှာ ပင်နီအယ်ဂလင်းကို ထိခိုက် နိုင်ကြောင်း သူတို့က သတိ ပေးသလား မပေးဘူးလား၊ ဒေါက်တာ"

"ဟုတ်ကဲ့၊ သူတို့ သတိ ပေးပါတယ်"

"အလင်းကုထုံးနည်းကို မသုံးခင်မှာ ဒီအကြောင်း မစ္စတာ ရေးနီးကို သတိပေးဖို့ အရေးကြီးတယ် ဆိုတာ ဒေါက်တာ မတွေးမိဘူးလား"

နောက်ထပ် သူ ဘာတွေ မေးမြန်းမည်ကို ခရစ်ရော၊ သူ၏ အကျိုး ဆောင်ရော ခန့်မှန်းနိုင်ခြင်း မရှိကြသဖြင့် ဤအချိန်တွင် တရား စစ်ဆေးခြင်း ကို ခေတ္တ ရပ်နားဖို့ တောင်းခံလိုက်ခြင်းသည် အကောင်းဆုံး ဖြစ်မည်ဟု ဖရန်ကလင် မှတ်ယူလိုက်သည်။



## ၂၅

ခရစ်သည် ခေါင်းထဲတွင် လော်ရာ၏ ဆုံးမပဲ့ပြင်မှုများ အပြည့်အသိပ်ဖြင့် သက်သေအဖြစ် ပြန်လည် နေရာယူရသည်။

ဟယ်ရီဖရန်ကလင်သည် စာရွက်စာတမ်း အသစ်များ၊ သက်သေခံ အသစ်များကို လက်ထဲတွင် ကိုင်လျက် သက်သေ ဝက်ခြံ အနီးသို့ ချဉ်းကပ် လာသည်။

"ဒေါက်တာ ခင်ဗျား၊ ဆရာဝန် တစ်ယောက်ဟာ သုတေသန အလုပ် ကိုရော ဆေးကုသတဲ့ အလုပ်ကိုရော အလုပ် နှစ်ခုစလုံးကို တစ်ပြိုင်နက်တည်း လုပ်နိုင်တယ်လို့ ပြောပါမည်လား"

"ပြောပါတယ်"

"အဲဒါကြောင့် ဒေါက်တာ ဆိုဗိုက ဆင်ပဆန် ဘောဘီကလေးကို ကုသ ဖို့ ဒေါက်တာ့ကို သုတေသန ဓာတ်ခွဲခန်း ထဲကနေ ခေါ်လိုက်ရတဲ့ အတွက် ဆောင်းပန်ရတာပေါ့ ဟုတ်လား"

"အကျိုးဆောင်ကြီးဟာ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေကို အဓိပ္ပာယ် တလွဲ ကောက်နေတာပဲ"

သူ၏ စွပ်စွဲချက်ကို ဖရန်ကလင် မသိကျိုးကျွန် ပြုလုပ်လိုက်သည်။ ခရစ် ဒေါသ ဖြစ်လာသည်ကို သူ သဘောကျနေသည်။

"အဲဒါကို ဒေါက်တာ ရှင်းပြနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



လော်ရာ အနေဖြင့် ဤတောင်းဆိုချက်ကို ခရစ် မလိုက်လျောစေလိုပါ။ ပြဿနာ ရှုပ်ထွေးလာစေဖို့သာ ရှိပါသည်။ သို့သော် ခရစ်က ဖရန်ကလင်၏ *ထင်းလှမ်းမှုကို လက်ခံလိုက်သည်။*

"မက်ထရိုပိုလီတန် ဆေးရုံကြီးလို သင်ကြားမှုနဲ့ တွဲဖက်ထားတဲ့ ဆေးရုံမျိုးမှာ အလုပ်ဝင်တဲ့ ဆရာဝန် တစ်ယောက်ဟာ သုတေသန လုပ်ငန်းတို့ ပစ္စည်း ကိရိယာ ပြည့်ပြည့်စုံစုံနဲ့ လုပ်ချင်တဲ့ အတွက်ပဲ၊ ဒီလိုမျိုး မဟုတ်ရင် သူ ဘာမှ လုပ်စရာ အကြောင်း မရှိဘူး"

"အဲဒီလိုမျိုး ဆရာဝန် တစ်ယောက် အတွက် သုတေသန လုပ်ငန်းဟာ လူနာ ကုသမှုထက် ပိုပြီး အရေးကြီးတယ်လို့ ဒေါက်တာ ဆိုလိုတာလား"

"ကျွန်တော် ပြောတာ အဲဒီ အဓိပ္ပာယ် မဟုတ်ဘူး"

"ဆင်ပဆန် ဘောဘီကို ကုသတဲ့ အချိန်မှာ ဒေါက်တာဟာ ဘယ်လူနာကိုမှ ကုသချင်စိတ် မရှိဘူး မဟုတ်လား"

"အဲဒါ မဟုတ်ဘူး"

"ကလေးဆောင်ကို ရောက်သွားတဲ့ အချိန်မှာ ဒေါက်တာ ဘယ်သူ့ကို အလျင် တွေ့ပါသလဲ၊ လူနာကိုလား၊ မစ္စတာ ရေးနိုးကိုလား"

"မစ္စတာ ရေးနိုးပါ၊ ဘာဖြစ်လို့လဲ"

"တရားရုံးမှာ ရှေ့နေတွေကသာ မေးခွန်း ထုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ ဆိုဗိုက ဒေါက်တာ သုတေသန လုပ်နေတာကို နှောင့်ယှက်မိတဲ့ အတွက် တောင်းတောင်းပန်ပန်နဲ့ ခေါ်တဲ့ အချိန်မှာ ဒေါက်တာ ပထမဆုံး တွေ့ရတာ မစ္စတာ ရေးနိုးပဲပေါ့၊ သူဟာ ဒေါက်တာ မလိုမုန်းတီးနေတဲ့ အထက်လွှာက လူ တစ်ယောက်ပဲပေါ့"

"ကျွန်တော့်မှာ မလိုမုန်းတီးတဲ့ စိတ်ထား ရှိတယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး"

"ပြင်းထန်တဲ့ ဆန့်ကျင်ဘက် စိတ် ရှိတယ်လို့ ပြောရင်ကော"

"ဆရာဝန်ကောင်း တစ်ယောက်ဟာ သူ့မှာ ဆန့်ကျင်ဘက် စိတ်ထားထားဖို့ အချိန် မရှိပါဘူး၊ သူဟာ အဲဒီ အခြေအနေကို တိုက်ခိုက်တာပဲ ရှိပါတယ်"

"နိုင်ငံရေးသမား တစ်ယောက် အနေနဲ့ပေါ့"

"ကျွန်တော် နိုင်ငံရေးသမား မဟုတ်ပါဘူး"





"ဆေးဘက်ဆိုင်ရာ ညီလာခံတွေမှာ နိုင်ငံရေးအရ လုပ်ဆောင်ကြဖို့ အခြား ဆရာဝန်တွေကို ဒေါက်တာ မတိုက်တွန်းဘူးလား"

"ဆရာဝန် တစ်ယောက်ဟာ မကောင်းတဲ့ အခြေအနေနဲ့ မလိုလားအပ်တဲ့ အခြေအနေတွေကို တွေ့မြင်နေရရင် သူ့ တာဝန်က တွေ့တာမြင်တာကို ပြောဖို့ပဲ၊ အဲဒါကို ခင်ဗျား အနေနဲ့ ဘာတံဆိပ်ကြီးပဲ တပ်တပ် ကျွန်တော် ဂရုမစိုက်ဘူး"

လော်ရာနှင့် မိုက်ဆိုဗိုတို့ အတော်ကြီးပင် စိတ်ပျက်သွားကြောင်း ရှိသည်။ ထိုအခါ ခရစ်က ၎င်းတို့ ဘက်သို့ လှည့်ပြီး အော်လိုက်သည်။

"ဘာဖြစ်ကြတာလဲ၊ ကျုပ်က အမှန်ကို ထွက်ဆိုပါမယ်လို့ ကျိန်ဆိုထားတဲ့ သက်သေ တစ်ယောက်ဗျ၊ အခု ကျုပ် ပြောနေတာတွေက အမှန်တွေပဲ"

ဟယ်ရီ ဖရန်ကလင် ဣန္ဒြေကြီးနှင့် ဖြစ်သည်။ ပြုံးပင် ပြုံးနေသည်။ သူ ထွင်ထားသော အကွက်က ထင်ထားသည်ထက် ပိုပြီး ဝင်လာနေပြီ ဖြစ်သည်။ သူ့ အနေနှင့် နောက်ဆုံး တိုက်ပွဲကို ဆင်နွှဲရန်ပင် ဖြစ်သည်။

"နိုင်ငံရေးသမား တစ်ယောက်လား ဆိုတဲ့ မေးခွန်းအတွက် ဒေါက်တာရဲ့ အဖြေဟာ ဟုတ်ပါတယ်လို့ ကျွန်တော် မှတ်ယူရမလား"

"အဲဒီ မေးခွန်းကို ကျွန်တော် မဖြေဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် ပြောတဲ့ စကားလုံးတွေကို ရှေ့နေကြီးက ကိုယ်လိုသလို ဆွဲယူမှာကြောင့်ပဲ၊ အကျိုးဆောင်ကြီး ဆင်နေတဲ့ အကွက်က ကျွန်တော်ဟာ ဆင်ပဆန် ဘောဘီကို အာဃာတနဲ့ ကုတယ် ဆိုတာပဲ၊ အဲဒါ မဟုတ်ဘူး"

"ဒေါက်တာဟာ လူနာတိုင်းကို အခုလိုပဲ ဘက်မလိုက်ဘဲ သမာသမတ် ကျကျ ကုသပါသလား"

"ဒီမေးခွန်းက စော်ကားတဲ့ မေးခွန်းပဲ၊ စော်ကားရုံတင် မကဘူး အင်မတန် မိုက်မဲတဲ့ မေးခွန်းပဲ"

ဟယ်ရီဖရန်ကလင် ရုတ်ခြည်း ဆိုသလို လမ်းကြောင်း ပြောင်းလိုက်ပြန်သည်။ ခရစ် ဒေါသ ထွက်နေသလောက် သူက တည်တည်ငြိမ်ငြိမ် ညင်ညင်သာသာဖြင့် မေးသည်။

"ဒေါက်တာ ခင်ဗျား၊ သွေးဖလှယ်တဲ့ အကြောင်း ဒီမှာ ပြောဆိုသွားကြတာကို ကျွန်တော်တို့ ကြားရပါတယ်၊ သွေးဖလှယ်တဲ့ အလုပ်ကို ပုံမှန် လုပ်မယ် ဆိုရင် အချိန် ဘယ်လောက် ကြာမလဲ"



www.burmeseclassic.com

"စနစ်တကျ လုပ်ပြီး ဘာပြဿနာမှ မရှိဘူး ဆိုရင် တစ်နာရီလေ ဒ့ါထက် ပိုပြီး ကြာရင်လည်း နည်းနည်းပေါ့"

"တစ်နာရီ" ဖရန်ကလင် ခေတ္တမျှ စဉ်းစားနေဟန် ရှိပြီး "ဗီလီရှဗင် စစ်ဆေးတာကို နှစ်နာရီ တစ်ကြိမ် လုပ်ရတယ်လို့ စောစောပိုင်းက ဒေါက်တာ ထွက်ဆိုသွားပါတယ်၊ အဲဒါ ဟုတ်ပါသလား"

"အချိန်တိုတို အတွင်းမှာ သိသိသာသာ ပြောင်းလဲတာကို မတွေ့နိုင်ပါ ဘူး"

"အဲဒီတော့ ဆင်ပဆန် ဘောဘီကို ပထမအကြိမ် ဗီလီရှဗင် စစ်ဆေးတာ နဲ့ ဒုတိယအကြိမ် စစ်ဆေးတာ ကြားမှာ အချိန် နှစ်နာရီ ကုန်သွားမှာပေါ့"

"ဟုတ်ပါတယ်"

"အဲဒီ ကြားကာလ နှစ်နာရီမှာ ဒေါက်တာ ဘာတွေ လုပ်ပါသလဲ"

"မစ္စတာ ရေးနိုးနဲ့ စကားပြောပါတယ်၊ နောက်တစ်ကြိမ် ဗီလီရှဗင် စစ်ဆေးတာကို စောင့်ရမယ်လို့ သူ့ကို ကျွန်တော် ပြောပါတယ်"

"ဒါပဲလား ဒေါက်တာ"

"ဟုတ်ကဲ့၊ ဒါပါပဲ ခြော်… နေဦး၊ အဲဒီနေ့က ကျွန်တော် ဟောပြောပွဲ ရှိတဲ့ နေ့ပဲ"

"အဲဒီ ဟောပြောပွဲကို ဒေါက်တာ ဟောပါသလား"

"ဟုတ်ကဲ့၊ ဟောပါတယ်"

"သူ့မြေးကလေး အသည်းအသန် ဖြစ်နေတဲ့ အချိန်မှာ ဒေါက်တာ အပြင်ကို သွားတာကို မစ္စတာ ရေးနိုးက ကန့်ကွက်ပါသလား"

"သူ့ မြေးက အသည်းအသန် မဖြစ်ပါဘူး"

"ဒါပေမဲ့ မစ္စတာ ရေးနိုးက ဒေါက်တာ့ကို မသွားဖို့တော့ ပြောတယ် မဟုတ်လား"

"ပြောပါတယ်"

"ဒါပေမဲ့ ဒေါက်တာ သွားတာပဲလား"

"ကျွန်တော့်မှာ ဟောပြောပွဲ ချိန်းထားတယ်၊ နောက်ပြီးတော့ ဒုတိယ အကြိမ် ဗီလီရှဗင် မရမချင်း ကလေးကို ကျွန်တော် ဘာမှ လုပ်ပေးစရာ မရှိဘူး"





"ဘာမှ လုပ်ပေးစရာ မရှိဘူး၊ ဟုတ်လား၊ အဲဒါ တကယ် ပြောတာပဲ လား ဒေါက်တာ"

"ဟုတ်တယ်၊ တကယ် ပြောတာပဲ"

"သွေးဖလှယ်ပေးလို့ မရဘူးလား"

"အခြေအနေက သွေးဖလှယ်ပေးဖို့ မလိုပါဘူး"

"အခြေအနေက မလိုဘူး၊ ဟုတ်လား၊ ဒေါက်တာ့မှာ အချိန် မရှိတော့ တာကော မဟုတ်ဘူးလား၊ အချိန် တစ်နာရီလောက် အကုန်ခံပြီး သွေးဖလှယ် ပေးရရင် ဒေါက်တာ အင်မတန် တန်ဖိုးထားနေတဲ့ ဟောပြောပွဲကြီး လွတ်သွား မယ် မဟုတ်လား"

"အဲဒါ မဟုတ်ဘူး၊ တကယ်လို့ ကလေးကို သွေးဖလှယ်ပေးဖို့ လိုအပ်လို့ ရှိရင် ကျွန်တော်တို့ ဌာနမှာ သွေးဖလှယ် ပေးနိုင်တဲ့လူ ဒါဇင်ဝက်လောက် ရှိတယ်"

ဖရန်ကလင် ခေတ္တမျှ တုံ့ဆိုင်းပြီးနောက်–

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာဟာ နိုင်ငံရေး မလုပ်ပါဘူးလို့ စော စောက ပြောခဲ့တဲ့ စကားကို ပြင်များ ပြင်ချင်ပါသလား"

"မပြင်ချင်ပါဘူး"

"အဲဒီနေ့က ဒေါက်တာ ဘယ်မှာ ဟောပါသလဲ"

"ကျွန်တော် မမှတ်မိဘူး"

"အစိုးရကျောင်း အမှတ် ၁၄၆ မှာ မဟုတ်ဘူးလား"

"ခြော် အင်း၊ ဟုတ်တယ်၊ အဲဒီမှာ ဟောရတာပဲ"

"အဲဒီကျောင်းက ဘယ်အရပ်မှာ ရှိပါသလဲ"

"ဘယ်အရပ်မှာလဲ ဟုတ်လား၊ ရစ်ဇီစကွဲယားမှ ဆိုတာ လူတိုင်း သိတယ်"

"ဟုတ်ကဲ့၊ လူတိုင်း သိပါတယ်၊ ဒေါက်တာ ဟောတာ ဘယ်နေ့ကလဲ"

"ဘုရားသခင်၊ ကျွန်တော် ဘယ်သိမလဲ၊ ဆင်ပဆန် ဘောဘီ ဆေးရုံ ရောက်တဲ့ နေ့ကပေါ့"

"အဲဒီနေ့ဟာ ရစ်ဇီစကွဲယား အဓိကရုဏ်း ဖြစ်တဲ့ နေ့လည်း ဟုတ် တယ်"

"ဟုတ်မယ် ထင်တယ်"

www.burmeseclassic.com



"ဒေါက်တာ ဂရန့် ခင်ဗျာ၊ ဒေါက်တာရဲ့ ဟောပြောပွဲကို လာ နားထောင်တဲ့ မိန်းမတချို့ဟာ အဲဒီအဓိကရုဏ်းမှာ ပါဝင်နေတယ် ဆိုတာကို ဒေါက်တာ သိပါသလား"

"ကျွန်တော် မသိပါဘူး"

"ဟောဒီ သတင်းစာတွေထဲမှာ ပါပါတယ်၊ ဒေါက်တာ ဖတ်ကြည့် မလား"

ဖရန်ကလင်က သတင်းစာများကို ဝှေ့ယမ်းပြရင်း မေးသည်။

"မကြည့်ပါဘူး၊ အမှုနဲ့ ဘာမှ မသက်ဆိုင်ပါဘူး"

"ဒေါက်တာဟာ နိုင်ငံရေး မလုပ်ပါဘူး ဆိုတဲ့ စကားကို ပြန်ရုပ်သိမ်း ရမှာပဲ၊ ဒါမှမဟုတ် ဒေါက်တာဟာ ကလေးကို သွေးဖလှယ်ပေးဖို့ လိုအပ်နေတဲ့ အချိန်မှာ အပြင်ကို ထွက်သွားခဲ့တာကို အမှားလို့ ဝန်ခံရမှာပဲ၊ နောက်ဆုံးမှာ ဒေါက်တာဟာ ရစ်ဇီစကွဲယား သွားပြီး အဓိကရုဏ်း ဖြစ်အောင် လှုံ့ဆော်ပေး နေမယ့်အစား ကလေးလေးရဲ့ အနားမှာနေရင် ကောင်းမှာပဲလို့ ဝန်ခံရမှာပဲ"

ထို့နောက် ခရစ်၏ အပါးမှ ဖရန်ကလင် လှည့်ထွက်သွားသည်။ ခရစ်၏ တုံ့ပြန်ချက်ကို သူ နားထောင်ရန် မလိုတော့ပါ။

ခရစ်၏ သက်သေခံမှုကို ဤအတိုင်း ပြီးဆုံးစေရန် မသင့်ဟု လော်ရာ ယူဆလိုက်သည်။ ဖရန်ကလင်ကို ချေပရန်အတွက် မိမိအနေနှင့် မေးခွန်းများ မေးရပေလိမ့်မည်။

လော်ရာ ရှေ့သို့ ထွက်လာပြီး–

"ဒေါက်တာ ဂရန့်ရှင့်၊ ဂျွန်ရေးနိုး ဆင်ပဆန်ကလေး ကလေးကို ကုသနေတဲ့ အချိန်မှာ အဲဒီ ကလေးရဲ့ ကောင်းမွန်တဲ့ ကျန်းမာရေး အပြင် အခြား ကိစ္စတွေကိုများ ဒေါက်တာ ခေါင်းထဲမှာ စဉ်းစားနေမိပါသလား"

"ဘယ်အချိန်မှာမှ ကျွန်တော် မစဉ်းစားပါဘူး၊ ဆရာဝန် တစ်ယောက် ဟာ... ကလေးကု ဆရာဝန် တစ်ယောက်ဟာ... အင်မတန် အားနည်း သေးငယ်တဲ့ လူနာကလေးတွေရဲ့ ကာကွယ်သူပဲ ဖြစ်ရမယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် သူတို့လေးတွေရဲ့ ရှေ့နေ၊ သူတို့လေးတွေကို ကာကွယ်သူ အဖြစ် အမြဲတမ်း သဘောထားတယ်၊ ကျွန်တော်ဟာ သူတို့လေးတွေကို ကျန်းမာ သန်စွမ်းအောင် လုပ်မပေးနိုင်ဘူး ဆိုရင် ဒီဆေးလောကက ကျွန်တော် တစ်ခါတည်း ထွက်သွားမှာပဲ၊ အဲဒါကို နိုင်ငံရေးလို့ပဲ ခေါ်ခေါ် ဘာပဲခေါ်ခေါ်





ခေါ်ချင်သလို ခေါ်ကြပါ၊ ဒါပေမဲ့ ဒါဟာ ဆရာဝန် တစ်ယောက်ရဲ့ သစ္စာစောင့်သိမှု တာဝန်ပဲ"

လော်ရာ၏ မျက်လုံးအိမ်တို့တွင် မျက်ရည်များ ပြည့်လျှံသွားသည်။ သည်စကားကို အမျိုးသမီး တစ်ယောက် အနေနှင့် သူမ ဂုဏ်ယူပါသည်။ သို့သော် ရှေ့နေ တစ်ယောက် အနေနှင့်မူ ဘဝင် မကျနိုင်ပါ။ ခရစ်သည် သူ့ ကိုယ်ကို ထိခိုက်အောင် ပြုလုပ်လိုက်ခြင်းသာ ဖြစ်တော့သည်။ နိုင်ငံရေးသမား တစ်ယောက် ဖြစ်သည်ဟူသော ဖရန်ကလင်၏ စွပ်စွဲချက်ကို ဟုတ်မှန်ကြောင်း သူ သက်သေ ခံလိုက်ခြင်းပင် ဖြစ်တော့သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

လော်ရာ နေရာတွင် ပြန်ထိုင်လိုက်သည်။

နောက် ငါးမိနစ်ခန့် ကြာသောအခါ သူမသည် ခရစ်၊ မိုက်ဆိုဒ်တို့နှင့် အတူ တရားရုံး လှေကားထစ်များ ပေါ်တွင် မတ်တတ်ရပ်လျက် ရှိသည်။ ရေးနိုး မိသားစုသည် သူတို့ ကားများ ပေါ်သို့ တက်နေကြပြီ ဖြစ်သည်။ အယ်လင်း ဆင်ပဆန်သည် ရုတ်ခြည်းဆိုသလို သူတို့ ဘက်သို့ လှည့်ကြည့် လိုက်သည်။

ထိုအခါ ခရစ် တုန်လှုပ်သွားရသည်။ သူမ၏ အကြည့်တွင် မုန်းတီးမှု မပါဝင်ဘဲ နာကြည်း ဆွေးမြည့်မှုကိုသာ တွေ့ရှိရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၆

တရားစစ်ဆေးမှု ခေတ္တရပ်နားချိန်တွင် ခရစ်နှင့် လော်ရာတို့ နေ့လယ်စာ စားသောက်လျက် ရှိကြသည်။ သူတို့ နည်းနည်းကလေးပဲ စားသည်။ စကား လည်း နည်းနည်းပဲ ပြောကြသည်။ မနက်ပိုင်း အချိန်တုန်းက လော်ရာသည် မိုက်၏ မိတ်ဆွေ ဆရာဝန် နှစ်ဦးကို သက်သေအဖြစ် တင်ပြခဲ့သည်။ နှစ် ယောက်စလုံးကပင် ခရစ်၏ ကုသမှု မှန်ကန်ကြောင်း ထွက်ဆိုသွားကြသည်။ သို့သော် သည်မျှနှင့် မလုံလောက်သေးပါ။ လော်ရာသည် သည့်ထက် ထိရောက် နိုင်သော သက်သေ၊ သည့်ထက် ထိရောက်နိုင်သော အထောက်အထား၊ သည့် ထက် ထိရောက်နိုင်သော နည်းလမ်း တို့ကို ကြံဆလျက် ရှိသည်။

သူမတို့တွင် အခွင့်အလမ်း တစ်ခု ရှိနေသည် ဆိုလျှင် ဒေါက်တာ ကိုးမင်း၏ ထွက်ဆိုချက်တွင်သာ ဖြစ်ရမည်။ သူမသည် ပက်ကဆိုက် ဆေးရုံ တွင် ခေတ်ပုံရိုက်ခဲ့ရသည့် အဖြစ်ကို သတိရမိသည်။ ယင်းကြိုးပမ်းမှုသည် အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ ထိုမှတ်တမ်းတွင် တစ်စုံတစ်ရာ အရေးကြီးသော အချက် တစ်ခုကို ခရစ်လည်း ရှာမတွေ့ပါ။ မိုက်လည်း ရှာမတွေ့ပါ။ သို့သော် သူမသည် ဤမှတ်တမ်းနှင့် ပတ်သက်ပြီး စိတ်ထဲတွင် မကျေမနပ် ဖြစ်နေမိ သည်။

"မှတ်တမ်း ပါရဂူ" သူမက ရုတ်တရက် ပြောလိုက်သည်။ "ကျွန်မတို့ မှတ်တမ်းပါရဂူ တစ်ယောက်သာ ရှာတွေ့ခဲ့လို့ ရှိရင် ဒေါက်တာ ကိုးမင်းက သူ့ မှတ်တမ်းမှာ ဘာတွေ ပြောင်းလဲထားတယ် ဆိုတာ တွေ့နိုင်တယ်"





"တစ်ခုခု ပြင်ထားတယ် ဆိုရင်လည်း မှတ်တမ်း ပါရဂူတွေက ရှာလို့ တွေ့မှာ မဟုတ်ဘူး၊ ဆေးရုံ မှတ်တမ်းတွေကို သဲလွန်စ မရှိအောင် ပြင်တဲ့ နည်းတွေ ရှိတယ်"

ခရစ်က ပြောလိုက်သည်။

"ဘယ်လို နည်းတွေလဲ"

"မက်ဆာချူဆက် ကလေးဆေးရုံမှာ ကိုယ်တို့ အသိ တစ်ယောက် ရှိတယ်၊ သူက ဆေးရုံက ဆေးတွေကို သုံးထားတယ်၊ ဒါပေမဲ့ ဆေးထုတ် မှတ်တမ်းမှာ ပြင်ထားတာ တစ်ခုမှ မတွေ့ရဘူး၊ သူ့ကို မှတ်တမ်း ပြင်တယ်လို့ ဘယ်သူကမှ မပြောနိုင်ဘူး၊ ဒါပေမဲ့ သူ လုပ်တာက အလွယ်ကလေးပဲ၊ မှတ်တမ်း တစ်ခုလုံးကို ဖယ်လိုက်ပြီး မှတ်တမ်းအသစ် တစ်ခု ထပ်ထည့်ထား လိုက်တာပဲ၊ မှတ်တမ်းအသစ်မှာ ဘာဖျက်ရာ ပြင်ရာမှ မရှိဘူးပေါ့"

"မှတ်တမ်း တစ်ခုကို အသစ်လဲတာဟာလည်း ဥပဒေအရ အတု လုပ်တာပဲ"

လော်ရာ ပြောလိုက်သည်။

ခရစ် ခေတ္တမျှ စဉ်းစားပြီးနောက်–

"ဒုတိယ ဗီလီရူဗင်၊ အဲဒါ ပျောက်နေတယ်"

"ကလေးကို အစ်ကိုတို့ ဆီကို ပို့လိုက်ပြီးမှ အဲဒီ ဗီလီရူဗင် ရောက်လာ တယ် ဆိုရင် ဘာထူးခြားနိုင်သလဲ"

"ကလေးကို ပို့ပြီးမှ ဆိုရင်တော့ ဘာမှ မထူးခြားနိုင်ဘူး"

"ကလေးကို မပို့ခင်မှာ ရောက်လာတယ် ဆိုရင်ကော၊ အဲဒါကို ဆရာမ က လူနာမှတ်တမ်းမှာ သွင်းထားရမယ် မဟုတ်လား"

"သွင်းချင်မှ သွင်းမယ်၊ တချို့ ဆေးရုံတွေမှာက သွေးနမူနာကို ဓာတ် ခွဲခန်းကို ပို့လိုက်တယ်၊ ဓာတ်ခွဲခန်းက စစ်ဆေးတယ်၊ အဖြေကို အစီရင်ခံစာမှာ ရေးတယ်၊ အစီရင်ခံစာကို လူနာဆောင်ကို ပြန်ပို့တယ်၊ အဲဒီအခါမှာ မှတ်တမ်း မှာ ရေးသွင်းရတယ်၊ ဒါပေမဲ့ တချို့ ဆေးရုံတွေမှာကျတော့ အစ်ရင်ခံစာကို ဆရာဝန်က အလျင် ကြည့်တယ်၊ သူက လက်မှတ်ထိုးပြီး ပေးလိုက်တော့မှ မှတ်တမ်းမှာ သွင်းရတယ်၊ ပက်ကဆိုက် ဆေးရုံမှာလည်း အဲဒီအတိုင်း ဖြစ်နိုင်တယ်"

"အဲဒီတော့..."



www.burmeseclassic.com

www.burmeseclassic.com



လော်ရာ စကား ထောက်လိုက်သည်။

"... ဆရာဝန် တစ်ယောက်ဟာ ဒုက္ခပေးနိုင်တဲ့ အစီရင်ခံစာ တစ်ခုကို တွေ့ရင် အဲဒါကို လက်မှတ် ထိုးမပေးဘဲ သူ့ အင်္ကျီအိတ်ထဲမှာ ထည့်ထားလိုက်နိုင်တယ်၊ အဲဒီတော့ အစီရင်ခံစာဟာ လူနာမှတ်တမ်းမှာ ဘယ်တော့မှ စာရင်း မဝင်တော့ဘူးပေါ့"

"အစ်ကို ဆိုလိုတာက ဒေါက်တာ ကိုးမင်းဟာ ခုတ်ခွဲခန်း အစီရင်ခံစာမှာ အဆင်မပြေတာ တွေ့ရတဲ့ အတွက် ဖျက်ဆီးပစ်လိုက်တယ်လို့ ဆိုလိုတာလား"

"ဖြစ်နိုင်တယ်"

"ကိုးမင်း ဖျက်ဆီးပစ်ရအောင် အဲဒီ ခုတ်ခွဲခန်း အစီရင်ခံစာမှာ ဘာတွေ ပါနိုင်သလဲ"

"ဗီလီရှုဗင်ဟာ တစ်ဆယ့်လေးထက် ကျော်နေနိုင်တယ်"

"ဟုတ်တယ်၊ ဗီလီရှုဗင် တစ်ဆယ့်လေးထက် ကျော်နေမယ်"

သူတို့သည် ဤအမှုသက်တမ်း တစ်လျှောက်တွင် ပထမဆုံး အကြိမ် အဖြစ် အကောင်းဘက်ကို မြင်မိကြသည်။

"အဲဒီ အစီရင်ခံစာကို ကိုယ် ရအောင် လုပ်မယ်"

"ဘယ်လို လုပ်မလဲ"

"ကိုးမင်းဟာ အဲဒီ အစီရင်ခံစာကို ဖျက်ဆီးပစ်ရိုး မှန်ရင် ရှာစရာ တစ်နေရာပဲ ရှိတယ်၊ ပက်ကဆိုက် ဆေးရုံ ခုတ်ခွဲခန်း မှတ်တမ်း စာအုပ်ထဲမှာ ရှိရမယ်၊ ဥပဒေအရ ဆိုရင် ခုတ်ခွဲခန်းတွေဟာ သူတို့ စစ်ဆေးသမျှ မှတ်တမ်းမှာ စာရင်း သွင်းထားရမယ်"

*

မိုက်ဆိုဗိုသည် သူ၏ ရုံးခန်းတွင် ထိုင်လျက် လက်ထောက် ဆရာဝန် တစ်ဦး တင်သွင်းသော သုတေသန အစီရင်ခံစာကို စစ်ဆေး ကြည့်ရှုလျက် ရှိသည်။ မိုက်သည် အစီရင်ခံစာတွင် စိတ်ဝင်စားနေသဖြင့် သူ့ ရှေ့တွင် ခရစ် ရပ်နေသည်ကို အတော်ကြီးကြာမှ သတိပြုမိသည်။





"ကနေ့ မနက် သတင်းစာတွေမှာ ဖတ်ရတာကတော့ ကိုယ်တို့ဘက်က သက်သေတွေ မနေ့က ထွက်သွားကြတာ အများကြီး ကောင်းတာပဲ"

မိုက်က အားပေးစကား ဆိုလိုက်သည်။

ခရစ် ပြုံးရုံပဲ ပြုံးလိုက်သည်။ ထို့နောက် သူသည် အခန်းတံခါးကို ပိတ်လိုက်ပြီး လိုရင်း ကိစ္စကို ပြောဆိုသည်။

"ဆရာကြီး၊ ပက်ကဆိုက် ဆေးရုံက ခုတ်ခွဲခန်း မှတ်တမ်းကို ကျွန်တော်တို့ စစ်ကြည့်ချင်တယ်"

"အဲဒါ အကျိုး ရှိနိုင်တယ်လို့ လော်ရာက ထင်သလား"

"ခုတ်ခွဲခန်း အစီရင်ခံစာကို ကိုးမင်း တမင်တကာ ဖျက်ဆီး ပစ်မလား ဆိုတာ သိချင်တယ်"

"ကလေးကို လွှဲပေးလိုက်ပြီးမှ အဲဒီ အစီရင်ခံစာ ရောက်လာတယ် ဆိုရင် ဘာမှ တန်ဖိုး မရှိတော့ဘူး၊ သူ့ အနေနဲ့ မဟုတ်တာ လုပ်တာမျိုး မဖြစ်နိုင်တော့ဘူး"

"ဒါပေမဲ့ ဖြစ်နိုင်တာ တစ်ခု ရှိတယ်၊ သေချာသွားအောင် မှတ်တမ်းကို ကျွန်တော် ကြည့်ချင်တယ်"

မိုက်ဆိုဗို ခေါင်းညိတ်လိုက်ပြီး–

"ဒါဖြင့်ရင် ပြဿနာက အဲဒီမှတ်တမ်းကို တို့ ဘယ်လို ကြည့်နိုင်မလဲ ဆိုတာပဲပေါ့"

"ဟုတ်ကဲ့၊ အဲဒါပဲ"

"ကောင်းပြီ၊ တို့နှစ်ယောက် သွားကြည့်လို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ပက်ကဆိုက် ဆေးရုံ တစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွားမယ်"

"ညဘက်မှ တိတ်တိတ်ကလေး သွားကြည့်ရင် ဖြစ်နိုင်တယ်"

"ဖောက်ထွင်းသမားတွေ လိုလား၊ ဆရာဝန် အလုပ်နဲ့ ဘယ်လိုမှ မဆိုင်ဘူး"

ထို့နောက် မိုက်ဆိုဗိုသည် မေးစေ့ကို လက်ဖြင့် ပွတ်သပ်ကာ စဉ်းစား နေသည်။ ပက်ကဆိုက် ဆေးရုံတွင် သူ သိရှိသူများကို တစ်ယောက်ပြီး တစ်ယောက် စဉ်းစားပြီး ကြည့်နေသည်။ မစ်ချဲနှင့် ကိုးမင်းတို့ကိုကား ထည့် မတွက်တော့။ ဂန်သာ ရှိသည်။ ဂန်သာကို အစည်းအဝေးတွေမှာ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးသည်။ သို့သော် အကူအညီ တောင်းခံရလောက်အောင်ကား မရင်းနှီး
ဟုတ်ပြီ။ ဝဲလမင်း ရှိသည်။

ထိုနာမည်ကို ခရစ် တစ်ခါမျှ မကြားဘူး။

မိုက်က–

"ဟုတ်တယ်၊ ဝဲလမင်းကို ပြောကြည့်ရမယ်၊ ဒီလောကကြီးမှာ ကျေးဇူး သိတတ်မှု ဆိုတာ ရှိသေးသလား ဆိုတာ ကိုယ်တို့ ကြည့်ရမယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်လောက်တုန်းက ကိုယ့်ကို ဝဲလမင်းက အရေး တကြီး လှမ်းခေါ်တယ်၊ သူ့မှာ ကိုယ်ဝန်ဆောင် တစ်ယောက်ကို မီးဖွားပေးရ အခက်အခဲ တွေ့နေတယ်၊ ဆုံပိုင်းမွေး၊ ညှပ်သုံးရမယ်၊ အဲဒီအခါမှာ ပြဿနာ တွေ ဖြစ်နိုင်တာ မင်းလည်း သိသားပဲ၊ ကလေး ဒဏ်ရာတွေ ရနိုင်တယ်၊ ခေါင်းကို ထိခိုက်နိုင်တယ်၊ အဲဒါဆိုရင် သူ့ရဲ့ ဆရာဝန် ဘဝကို အများကြီး ထိခိုက်နိုင်တယ်၊ ဒါနဲ့ အဲဒီလူနာကို ကိုယ် လွှဲယူလိုက်တယ်၊ ကိုယ်တို့ သုံးဆယ့် ခြောက်နာရီလုံးလုံး အပြင်းအထန် ကြိုးစားပြီးမှ မွေးပေးရတယ်၊ ကံအားလျော် စွာပဲ ကလေး ဘာမှ မဖြစ်ဘူး၊ အကောင်း ပကတိ မွေးလာတယ်၊ အဲဒီအတွက် သူ ကိုယ့်ကို ကျေးဇူးတင်လွန်းလို့မှ အရမ်းပဲ၊ သူ့ အနေနဲ့ ဘယ်လို ကျေးဇူး ဆပ်ရမှန်း မသိဘူးတဲ့၊ ကဲ အခု သူ ကျေးဇူးဆပ်ဖို့ အခွင့်ကြုံလာပြီ"

အော်ပရေတာက ဝဲလမင်းနှင့် အဆက်အသွယ် လုပ်နေစဉ်တွင် မိုက်က ခရစ်ကို မေးသည်။

"ဘယ်နေ့ကလဲ"

"မတ်လ တစ်ဆယ့်ခြောက်"

ခဏအကြာတွင် ဝဲလမင်း၏ အသံ ထွက်ပေါ်လာသည်။

"မိုက်လား"

"ဗရက်၊ မောင်ရင့်ဘက်က စကား ပြန်ပြောလို့ ရသလား"

"အခြေအနေ အရပေါ့"

ဗရက်ဘက်က လွတ်လွတ်လပ်လပ် ပြန်မပြောနိုင်ကြောင်း ထင်ရှားသည်။ သို့ဖြင့်–

"ဟုတ်ပြီ၊ ဒါဆိုရင် ကိုယ်မေးတာ တစ်ခုကို ဖြေစမ်းပါ၊ ဟုတ်တယ် မဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့"





"မတ်လ ဆယ့်ခြောက်ရက် ဒါမှမဟုတ် ဆယ့်ခုနစ်ရက်နေ့က ခဘဏ်ခွဲ ခန်းမှာ မောင်ရင် တစ်ခုခု စစ်ဆေးရသလား"

"ဟုတ်ကဲ့၊ ကျွန်တော်..."

"ကိုယ့်ဘက်က ပြောမယ်၊ မောင်ရင်က ဟုတ်မဟုတ်သာ ပြန်ပြော"

"ဟုတ်ကဲ့"

"မောင်ရင် မှတ်တမ်း စာအုပ်ကို ပြန်မကြည့်ဘဲနဲ့ ကိုယ် မေးတာကို မဖြေနိုင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့"

နောက်ဘက်မှ ဆရာမ တစ်ယောက်၏ အသံကို မိုက် ကြားနေရသည်။

"အဲဒီ မှတ်တမ်းတွေကို ကိုယ့်အတွက် ပြန်ကြည့်ပေးနိုင်မလား"

"ဟုတ်ကဲ့"

"မတ်လ ဆယ့်ခြောက်ရက်နေ့က မှတ်တမ်းဟာ ကိုယ့်အတွက် သိပ် အရေးကြီးနေတယ်"

"အို..." ဗရက် အတန်ကြာအောင် အသံတိတ် နေပြီးမှ "ဗိုက်ထဲက ကလေးကလေးဟာ ယောကျ်ားကလေးလား မိန်းမကလေးလားဟု သိရုံ အတွက်လောက်နဲ့တော့ ကျွန်တော် ဘယ်တော့မှ ဓာတ်မှန် ရိုက်မပေးဘူး"

တစ်ဖက်မှ ဖုန်းချသံ ကြားရသည်။

မိုက်လည်း ဖုန်းချလိုက်သည်။

"ဘာဆိုတာ သူ ရိပ်မိသွားတယ်"

ခရစ်က ပြောလိုက်သည်။

"ဟုတ်တယ်၊ သူ ရိပ်မိသွားတယ်၊ ဒါပေမဲ့ သူ ဘယ်သူ့ကိုမှတော့ မပြောတန်ကောင်းဘူးလို့ ကိုယ် ထင်ပါတယ်"

"ဆရာကြီး ဆက်သွယ်နိုင်တဲ့ တခြား ဆရာဝန် တစ်ယောက်ယောက် များ ရှိသေးသလား"

မိုက်ဆိုဗီသည် ပက်ကဆိုက် ဆေးရုံတွင် သူ့ ကျေးဇူးရှိသူများကို စဉ်းစား ပြန်သည်။ ထိုအချိန်တွင် တယ်လီဖုန်း မြည်လာသည်။ မိုက် ကောက် ယူ နားထောင်လိုက်သည်။

"မိုက်လား"

မိုက် ခါးဆန့်သွားသည်။ ဝဲလမင်း၏ အသံပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး၊ စောစောက ကျွန်တော် ဖုန်းချလိုက်တာ တောင်းပန်ပါတယ်၊ ကျွန်တော့် အခန်းကနေ ပြောလို့ မကောင်းလို့ အများသုံး ဖုန်းကနေ အခု လာပြောနေတာ"

"ဟုတ်ပြီ"

"ဆရာကြီး သိချင်တာက ဆင်ပဆန် ဘောဘီကို လွှဲမပေးခင်က စာတ်ခွဲခန်း အစီရင်ခံစာပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဗရက်၊ ကိုယ် မောင်ရင့်ကို ဒုက္ခ မပေးချင်ဘူး၊ ဒါပေမဲ့ မောင်ရင် ကူညီနိုင်သမျှတော့ ကူညီစေချင်တယ်"

"တစ်ရက် နှစ်ရက်တော့ စောင့်ရမယ်၊ ကျွန်တော် ပြန်ပြောမယ်"

ဝဲလမင်း ကတိပေးသည်။

"ကျေးဇူးပဲ ဗရက်"

"ဘာမှ ကျေးဇူးတင်စရာ မလိုပါဘူး၊ ဆရာကြီး ကျေးဇူးကို ဆပ်နိုင်ဖို့ ကျွန်တော် စောင့်နေတာ ကြာလှပါပြီ၊ ဆရာကြီး လိုချင်တဲ့အတိုင်း ဖြစ်လာပါလိမ့်မယ်"

"ကျေးဇူးပဲ"

မိုက် ဖုန်းချလိုက်ပြီး–

"အင်း၊ ကိုယ့် အမြင်တွေတောင် အမျိုးမျိုး ဖြစ်သွားရတယ်၊ ပထမပိုင်းမှာ သူဟာ ကိုယ့်ကို ရှောင်သွားပြီလို့ ထင်မိတယ်၊ ကျေးဇူး မသိတတ်တဲ့ ခွေးမသား တစ်ကောင်လို့ ကိုယ့် စိတ်ထဲမှာ ထင်မိတော့ မလို့ဘဲ၊ တောက် ဒီအမှုနဲ့ ကိုယ်တို့ မကြုံရရင် အများကြီး ကောင်းမယ်"

ထို့နောက် မိုက် မတ်တတ်ထရပ်လိုက်ပြီး–

"ဟုတ်ပြီလေ၊ သူ့ ဆီက အဖြေရရချင်း မောင်ရင့်ကို ကိုယ် အကြောင်းကြားမယ်"



# ၂၇

"အချိန်တွေလည်း ကုန် ကုန်ပြီ၊ ကျွန်မတို့ ဘက်က နောက်ထပ် ဘာမှလည်း တင်ပြစရာ မကျန်တော့ဘူး၊ နောက်ပြီးတော့ ကျွန်မတို့ လုပ်တာတွေလည်း ဘာမှ ဖြစ်မလာဘူး"

လော်ရာက အခြေအနေကို သုံးသပ်လိုက်သည်။

မိုက်ဆိုဗို ခေါင်းကို ယမ်းခါသည်။ ခရစ်က ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ သူတို့ နှစ်ယောက်စလုံးက လော်ရာ၏ စကားကို ဘာမျှ ပြန်မပြောကြ။

နောက်ဆုံးတွင် မိုက်က ဘာမျှ စဉ်းစား၍ မရသည့် အနေဖြင့်–

"ကိုယ် ဆေးရုံကို ဖုန်းဆက်ကြည့်ဦးမယ်"

ညတာဝန်ခံ ဆရာမနှင့် သူ တွေ့သည်။ အရေးကြီးသည့် လူနာ ရှိမရှိ မေးသည်။ မရှိပါ။ ဝီလီယံ ဘောဘီကလေး ဘယ့်နှယ် နေသေးသလဲ၊ သက်သာသည်။ နိုးစို့သည်။

ဒါပဲလား၊ မကပါ။ လူ တစ်ယောက် ဖုန်းဆက်သည်။ မစ္စတာ ဗရက်ဖို့ ဆိုသူ တစ်ဦး ဖြစ်သည်။ သူ့ အိမ်ကို ဖုန်း ပြန်ဆက်ပါတဲ့၊ သူ့ ဖုန်းနံပါတ်ကို မိုက်ဆိုဗို သိပါသည်တဲ့။ မိုက် စဉ်းစားသည်။ မစ္စတာ ဗရက်ဖို့ ဆိုတာ မည်သူနည်း။ သူ မသိပါ။ သူ့ ဖုန်းနံပါတ်ကို ဘယ်လို လုပ်ပြီး မိုက် သိပါမည်နည်း။

ရုတ်ခြည်း ဆိုသလို မိုက် သဘောပေါက်သွားသည်။ ဗရက်ဖို့ မဟုတ်ပါ။ ဗရက် ဝဲလမင်း ဖြစ်ရမည်။ မိုက်ဆိုဗို အိတ်ထဲမှ မှတ်စု စာအုပ်ကလေးကို ဆွဲထုတ်ပြီး တယ်လီဖုန်း နံပါတ်များကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် ဖုန်း မြည်စဉ်မှာပင် ဝဲလမင်း ထူးသည်။

"ဘယ်လိုလဲ တွေ့သလား"

မိုက် မေးသည်။

"တွေ့တယ်၊ ခါတ်ခွဲခန်း မှတ်တမ်း စာအုပ်ထဲမှာ ဒုတိယ ဗီလီရှုဗင် ရေးထားတယ်"

"ဟုတ်ပြီ"

"အဲဒီနေ့က စစ်ဆေးတာတွေ အားလုံး စာတစ်မျက်နှာလုံးကို ကျွန်တော် ခါတ်ပုံ မိတ္တူ ကူးထားတယ်၊ ဝတ်စ်ကို့စ် ဆေးရုံကို ပြောင်းသွားတဲ့ လူနာ တစ်ယောက် အတွက်လို့ ပြောပြီး ကျွန်တော် ကူးထားတာပဲ"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဗီလီရှုဗင် ဘယ်လောက် ရှိသလဲ"

ခရစ်နှင့် လော်ရာတို့ အသက်မရှုဘဲ ရှိနေကြသည်။

"ဟုတ်ပြီ၊ အဲဒါကို ယူခဲ့လို့ ရမလား၊ ကျေးဇူးပဲ၊ ကိုယ့် အပေါ်မှာ ရှိတဲ့ ကြွေးတွေအားလုံး မောင်ရင် ပြန်ဆပ်ပြီးပြီလို့ ယူဆပါ"

မိုက် တယ်လီဖုန်း ချလိုက်သည်။

"ဒုတိယ ဗီလီရှုဗင် များတယ် မဟုတ်လား"

ခရစ် မေးလိုက်သည်။

"များတယ်၊ ဒါပေမဲ့ တစ်ဆယ့်ရှစ် ဒသမငါးပဲ ရှိတယ်"

"တစ်ဆယ့်ရှစ် ဒသမငါးဟာ အများကြီး အန္တရာယ်ကြီးတာပဲ၊ ဒါကို ဖရန်ကလင်ရဲ့ ဆရာဝန်တွေကလည်း ဝန်ခံရမယ်"

ခရစ်က ဆိုလိုက်သည်။

"နေဦး၊ အဲဒီလောက်လည်း လောမကြီးနဲ့၊ နှစ်ဆယ်အောက်မှာ အန္တရာယ် ရှိတယ်လို့ အစ်ကို သွားပြောရင် ဖရန်ကလင်က ပြန်ပြောလိမ့်မယ်၊ အဲဒီလိုဆိုရင် ဗီလီရှုဗင် တစ်ဆယ့်ခြောက် ရှိတဲ့ အချိန်မှာ အစ်ကို ဘာဖြစ်လို့ သွေး မဖလှယ်သလဲလို့"

လော်ရာက စီးကရက် တစ်လိပ်ကို ယူရင်း သတိပေးလိုက်သည်။

"ဒါဆိုရင် ကိုးမင်း လိမ်ထားတဲ့ ကိစ္စဟာ ကျုပ်တို့အတွက် ဘာမှ အလုပ် မဖြစ်ဘူးပေါ့၊ ဟုတ်လား"

ခရစ် ဒေါသဖြင့် မေးလိုက်သည်။

ဤတွင် မိုက်ဆိုဗိုက–





"နေဦး၊ သူ ကြောက်လန့်နေတယ် ဆိုတာ အမှန်ပဲ၊ သူဟာ ဒုတိယ ဗီလီရှုဗင်ကို တွေ့လိုက်ရတဲ့ အချိန်မှာ ကလေးဟာ အင်မတန် စိုးရိမ်နေရပြီ ဆိုတာ သူ နားလည်သွားတယ်"

"အဲဒီတော့ သူဟာ အစီရင်ခံစာကို ဖျောက်ဖျက်ပြီး ကလေးကို လွှဲပေး လိုက်တာပဲပေါ့"

ခရစ် ပြောသည်။

လော်ရာက–

"သူ့ အမှားကို တခြား ဆရာဝန် တစ်ယောက် အပေါ် လွှဲချလိုက်တာပဲ ပေါ့၊ ဒါကို ကျွန်မတို့ သက်သေပြနိုင်လို့ ရှိရင်..."

"ကိုးမင်းက အဲဒီ အစီရင်ခံစာကို ထိမ်ချန်ထားတယ် ဆိုတာကို သက် သေပြနိုင်တယ်လေ"

ခရစ်က ဖြေသည်။

"အဲဒီလို သက်သေပြနိုင်တဲ့အတွက် ကျွန်မတို့ ဘာဖြစ်နိုင်သလဲ၊ ကလေးရဲ့ ဗီလီရှုဗင်ဟာ တစ်ဆယ့်လေးကနေ တစ်ဆယ့်ရှစ်ခွဲကို တက်သွား တယ်၊ အစ်ကို စစ်ကြည့်တဲ့ အခါမှာ တစ်ဆယ့်ခြောက် ရှိတယ်၊ အဲဒီတော့ ဆရာကြီးတို့ နှစ်ယောက်စလုံးကို ကျွန်မ မေးမယ်၊ ဗီလီရှုဗင် အမြင့်ဆုံး တစ်ဆယ့်ရှစ်ခွဲကို ရောက်သွားပြီ၊ အဲဒီကနေ ချက်ချင်း ပြန်ဆင်းလာတဲ့အတွက် ကလေးမှာ ဘာအန္တရာယ် ရှိနိုင်သလဲ"

"နေဦး၊ ဗီလီရှုဗင် တစ်ဆယ့်ရှစ်ခွဲဟာ အမြင့်ဆုံးလို့ ဘယ်သူက ပြောသလဲ"

"အဓိပ္ပာယ်က"

"အဓိပ္ပာယ်က ပထမ ဗီလီရှုဗင်နဲ့ ဒုတိယ ဗီလီရှုဗင်ကြား အချိန်တွေမှာ ဗီလီရှုဗင်ဟာ အများကြီး မြင့်နိုင်တယ်၊ တစ်ဆယ့်ရှစ်ခွဲဟာ ပြန်ဆင်းလာ[illegible] ဖြစ်နိုင်တယ်"

ခရစ် ဝင်ပြီး ရှင်းသည်။

"အဲဒါ အမှန်ပဲ၊ အခြေအနေဆိုးလေ ဗီလီရှုဗင် အတက်အကျ မြန်လေ [illegible]"

မိုက် ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကလေးဟာ မက်ထရိုပိုလီတန်ကို မရောက်ခင်မှာ ဗီလီရှဗင် နှစ်ဆယ် အထက်မှာ ရှိနေရမယ်"

ခရစ် တွက်ချက်သည်။

"အဲဒီလို နှစ်ဆယ်ထက် ကျော်နေရင်..."

လော်ရာ စူးစမ်းသည်။

"ကလေးကို ခရစ် မတွေ့ရခင် ကတည်းက ကလေးဟာ ဦးနှောက် ပျက်ယွင်းနေပြီ"

မိုက် သုံးသပ်လိုက်သည်။

"ဒါပေမဲ့ ဒါကို ကျွန်မတို့ ဘယ်လို သက်သေပြမလဲ"

"ကြားကာလ အချိန်မှာ ရှိနေမယ့် ဗီလီရူဗင်ကို ကိုယ် ဂရပ် ဆွဲပေးနိုင် တယ်၊ အတက် အမြင့်ဆုံး၊ အကျနှုန်း၊ ဦးနှောက် ပျက်ယွင်းရတာ အဲဒီ အခြေအနေကြောင့် ဆိုတာကို သူတို့ ဘက်က ဆရာဝန် ဝန်ခံရမယ်၊ ကိုးမင်းရဲ့ ပေါ့လျော့မှုကြောင့် ကိုယ်တို့ ခံရတာပဲ"

"ကျွန်မ မနက်ဖြန် သူ့ကို အစစ်ခံဖို့ ပြန်ခေါ်မယ်"



## ၂၈

ဒေါက်တာ ကိုးမင်းကို သက်သေအဖြစ် ပြန်ခေါ်ရသည့် အလုပ်မှာ မလွယ်ကူလှပါ။ ဟယ်ရီဖရန်ကလင်က ကန့်ကွက်သည်။ ကိုးမင်း ကိုယ်တိုင်ကလည်း သူ့မှာ အလုပ်တွေ သိပ်များနေသဖြင့် လာရောက်ရန် မလွယ်ကူကြောင်း ရုံးတော်သို့ စာတင်သည်။ သားဖွား ဆရာဝန် တစ်ဦးသည် သူ့ အချိန်ကို သူ ခပိုင်ဟု ဆိုသည်။ နောက်ဆုံးတွင် အထောက်အထားသစ် တွေ့ထားသည် ဟုသော အချက်အရ တရားသူကြီး ဗင်နွန်သည် သူ့ကို အတင်းပင် ဆင့်ခေါ် ရတော့သည်။

လော်ရာသည် ဂျူရော်လူကြီးများ အမှတ်ရစေရန် ယခင် ထွက်ဆိုချက်များကို ပြန်နွှေးသည်။

"ဒေါက်တာ ကိုးမင်းရှင့်၊ ဆင်ပဆန် ဘေဘီကလေးမှာ လတ်တလော အန္တရာယ် မရှိပေမဲ့ သူ့ကို မက်ထရိုပိုလီတန် ဆေးရုံကြီးကို လွှဲပေးခဲ့တယ်လို့ ဒေါက်တာ ပထမအကြိမ်တုန်းက ထွက်ဆိုသွားခဲ့ပါတယ်၊ အဲဒါ ဘာကြောင့် လွှဲပြောင်းပေးတယ် ဆိုတာ တစ်ဆိတ် ပြောပြပါ"

"ကျွန်တော် ပြောခဲ့ပြီးတဲ့ အတိုင်းပါပဲ၊ ကျွန်တော့်မှာ အလုပ်တွေ သိပ်များ နေတယ်၊ အဲဒီတော့ အမှုထမ်းတွေ ပိုများတဲ့၊ ပစ္စည်းကိရိယာတွေ ပိုများတဲ့ ဆေးရုံကြီး တစ်ခုကို လွှဲပြောင်းပေးတာဟာ ကောင်းမယ်လို့ ယူဆတဲ့ အတွက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက်မှာ ကလေးရဲ့ အခြေအနေကို ဒေါက်တာ စုံစမ်းပါ သလား"

"ကလေးကို စိတ်ချရတဲ့ နေရာကို လွှဲပြောင်းပေးပြီးတဲ့ နောက်မှာ ကျွန်တော်ဟာ တခြား လူနာတွေကိုပဲ အာရုံစိုက်ပါတယ်"

"ဒါဆိုရင် ဒေါက်တာဟာ ကလေးရဲ့ ဗီလီရှူဗင် တက်တာ၊ သူ့ကို ကုသတာ၊ သူ သက်သာသွားတာတို့ကို မသိဘူးပေါ့"

"ဒီရုံးတော်မှာ ထွက်ဆိုကြတဲ့ အခါကျမှပဲ သိပါတယ်"

"ဒါဆိုရင် မက်ထရိုပိုလီတန် ရောက်တဲ့ အချိန်မှာ ကလေးဟာ ဗီလီ ရှူဗင် တစ်ဆယ့်ခြောက် ရှိပြီး အဲဒီကနေ ကျသွားတာကို သိတယ်ပေါ့"

"သိပါတယ်"

"အဲဒီ ဗီလီရှူဗင်နှုန်းတွေဟာ ကလေးရဲ့ ဦးနှောက်ကို ပျက်ယွင်းစေနိုင် ပါသလား"

"ဗီလီရှူဗင် တစ်ဆယ့်ငါးက ကျော်ရင် အရေးကြီးတယ်လို့ ဒီရုံးတော် မှာ ဆရာဝန်ကြီး တချို့က ထွက်ဆိုသွားကြပါတယ်"

"ဒါဆိုရင် တစ်ဆယ့်ခြောက်ဟာ အရေးကြီးတာပေါ့"

"အယူအဆသစ်အရ ဆိုရင် အရေးကြီးပါတယ်"

"တစ်ဆယ့်ရှစ် ဆိုရင်ကော ဒေါက်တာ"

"တစ်ဆယ့်ခြောက်ကိုတောင် အရေးကြီးတယ်လို့ ပြောရင် တစ်ဆယ့် ရှစ်ဟာ ပိုပြီး အရေးကြီးတာပေါ့"

ကိုးမင်း အနည်းငယ် မတည်မငြိမ် ဖြစ်ဟန်ဖြင့် ဖြေသည်။

"တစ်ဆယ့်ရှစ်ရဲ့ အထက်မှာ ဆိုရင်ကော ဒေါက်တာ"

လော်ရာ အသံကို မြှင့်ပြီး ဖိမေးလိုက်သည်။

"အယူအဆသစ်အရ ဗီလီရှူဗင် တစ်ဆယ့်ရှစ် ထက်ကျော်ရင် အများ စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကလေးရဲ့ ဗီလီရှူဗင်ဟာ တစ်ဆယ့်ခြောက်ထက် ကျော်တယ်လို့ ဖော်ပြထားခြင်း မရှိတဲ့အတွက် အခု ပြောသွားတာတွေဟာ သဘောတရား သက်သက်ပါပဲ"

ကိုးမင်းက လော်ရာကို သံသယ ဖြစ်ဟန်ဖြင့် ကြည့်လိုက်သည်။ သူ ဤနေရာတွင် အဘယ်ကြောင့် ပြန်လျှော့သွားရသနည်း။





"ဒေါက်တာရှင့်၊ ဗီလီရှူဗင် တက်လာတာကို တွေ့ရရင် နှစ်နာရီခြား တစ်ကြိမ် ပြန်စစ်ရတယ်လို့ ပါရဂူ တချို့က ဒီရုံးတော်မှာ ထွက်ဆိုသွားကြပါ တယ်၊ အဲဒါကို ဒေါက်တာ သဘောတူပါသလား"

"ဒါကို ဆရာဝန်တိုင်းက သဘောတူကြရမှာပဲ"

"ဒေါက်တာကော ဆင်ပဆန် ဘေဘီကလေးကို ဒီအတိုင်း စစ်ဆေးခဲ့ပါ သလား"

"ကလေးမှာ ဗီလီရှူဗင် တစ်ဆယ့်လေး ရှိတယ် ဆိုတာနဲ့ တစ်ပြိုင်နက်တည်း ပေါ်ဆစ်တစ်ကွန်းမ်စ် ရှိတယ် ဆိုတာကို သိရတာနဲ့ တစ်ပြိုင်နက် ဒုတိယ ဗီလီရှူဗင် ချက်ချင်း စစ်ဆေးဖို့ ကျွန်တော် ညွှန်ကြားပါတယ်"

"ချက်ချင်း၊ ဟုတ်လား"

"ချက်ချင်းပဲ"

"ဒေါက်တာ စောစောက ပြောသွားတာက နှစ်နာရီ စောင့်ပြီးမှ သွေး နမူနာ ယူရတယ်ဆို"

"အဲဒီ အခြေအနေမှာ နောက်ထပ် နှစ်နာရီ မစောင့်ချင်တဲ့အတွက် ချက်ချင်း အစစ်ခိုင်းတာပဲ"

"ဒေါက်တာရှင့်၊ ကျွန်မတို့ အချိန်နာရီ အတိအကျကို ပြောကြရအောင် ခွဲစိတ်ခန်းထဲမှာ ဒေါက်တာ ရှိနေတုန်း ကလေးဆောင်က ဖုန်းလာတယ်လို့ ကျွန်မ သိထားပါတယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အဲဒီအခါမှာ ဆင်ပဆန်ဘေဘီဟာ အသားဝါ လက္ခဏာတွေ

ရပြီ၊ ဗီလီရှူဗင် တစ်ဆယ့်လေး ရှိနေတယ် ဆိုတာကို သိရတာပေါ့၊ ဟုတ်

"အဲဒါတွေကို အဲဒီအချိန်တုန်းက ကျွန်တော့်ကို မပြောပါဘူး"

"ဒါဖြင့် ဒေါက်တာ့ကို ဘာသတင်း ပြောပါသလဲ"

"ဒီလို သတင်းမျိုးကို အသံချဲ့စက်ကနေ မပြောပါဘူး၊ ဆရာ လူနာဆောင်ကို လာဖို့ပဲ အကြောင်းကြားပါတယ်"

"သြော် ဟုတ်ပြီ၊ ကျွန်မ သိပြီ" သူမ ရုတ်ခြည်း သဘော ဟန်မျိုး ဆောင်လိုက်သည်။ "အဲဒါဆိုရင် ဒေါက်တာ ခွဲစိတ်ခန်းထဲက ပြီးတဲ့ နောက်ပိုင်းကျမှပဲ ကလေးရဲ့ ဗီလီရှူဗင် သိရတာပေါ့၊ ဟုတ်

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာရှင့်၊ ဒေါက်တာ့ကို အကြောင်းကြားတဲ့ အချိန်နဲ့ ဒေါက်တာ ခွဲစိတ်ခန်းက ထွက်လာတဲ့ အချိန်ဟာ ဘယ်လောက် ကြာပါသလဲ"

"အဲဒါမျိုး အသေးစိတ်တော့ ကျွန်တော် မမှတ်မိပါဘူး"

"ဟုတ်တာပေါ့ရှင်၊ အဲဒီနေ့က ဒေါက်တာဟာ အမျိုးသမီး နှစ်ယောက်ကို သားအိမ် ဖြတ်ပေးရတဲ့အပြင် ဒေါက်တာ မစ်ချဲ ကိုယ်စားလည်း လိုက်လုပ်ပေးနေရသေးတယ်" လော်ရာက သူ့ ကိုယ်စား ရှင်းပြလိုက်ပြီးနောက် ရုတ်တရက် ဆိုသလို "လူနာ တစ်ယောက်ကို သားအိမ် ဖြတ်တာ ဘယ်လောက် ကြာသလဲ ဒေါက်တာ"

ကိုးမင်း ရုတ်တရက် စကား မပြန်သောအခါ–

"လေးနာရီ ငါးနာရီလောက် ကြာမလား"

"မကြာပါဘူး၊ တစ်နာရီ... အလွန်ဆုံး နှစ်နာရီပေါ့"

"အခက်အခဲတွေ ရှိတဲ့ တိုင်အောင်ပေါ့"

"အလွန်ဆုံး နှစ်နာရီ သုံးနာရီပေါ့"

"အဲဒီလိုဆိုရင် ကလေးဆောင်က အကြောင်းကြားတာဟာ ပထမ လူနာကို ခွဲစိတ်နေတုန်း ဆိုတော့ ဒေါက်တာ ခွဲစိတ်ဆောင်ကနေ ထွက်ပြီး ကလေးဆောင်မှာ ဆင်ပဆန် ဆောဘီကို ကြည့်တဲ့ အချိန်ဟာ အကြောင်းကြားပြီးနောက် လေးနာရီ ဒါမှမဟုတ် ငါးနာရီလောက်မှာပေါ့၊ ဟုတ်လား"

ကိုးမင်း အနည်းငယ် တုံ့ဆိုင်းနေပြီးနောက်–

"အင်း အဲဒီလောက် ကြာနိုင်တယ်"

"အဲဒီတော့ ဒေါက်တာ ကလေး အသားဝါတာကို တွေ့ရပြီး သွေးစစ်ဖို့ ပြောတဲ့ အချိန်နဲ့ ဓာတ်ခွဲခန်း အစီရင်ခံစာကို ဒေါက်တာ တွေ့ရတဲ့ အချိန်ဟာ ဘယ်လောက် ကြာသလဲ"

"ကျွန်တော် နားမလည်ဘူး"

"ဒီလိုပါ ဆရာ၊ သွေးနမူနာ ယူပြီး ဓာတ်ခွဲခန်းကို ပို့လိုက်တယ်၊ အမြန် လုပ်ပေးပါလို့ ဒေါက်တာက မပြောဘူး၊ အဲဒါဆိုရင် ပက်ကဆိုက်ဆေးရုံမှာ အချိန် ဘယ်လောက်ကြာမှ အစီရင်ခံစာ ထွက်ပါသလဲ"

"ပုံမှန် ဆိုရင်ပေါ့"

"ဟုတ်ကဲ့၊ ပုံမှန် ဆိုရင်ပေါ့"

"နာရီပိုင်းပေါ့"





"နည်းနည်းကလေး တိကျအောင် ပြောပါ ဒေါက်တာ၊ နာရီပိုင်း ဆိုတာ နှစ်နာရီလား၊ သုံးနာရီလား၊ လေးနာရီလား"

"သုံးနာရီတော့ ကြာနိုင်တယ်"

"အဲဒါဆိုရင် ခွဲစိတ်ခန်းမှာ ကုန်ခဲ့တဲ့ အချိန် လေး ငါးနာရီထဲ အဲဒီ သုံးနာရီကို ပေါင်းထည့်လိုက်ရင် ရှစ်နာရီလောက် အချိန် ကုန်ဆုံးသွားတယ် လို့..."

"ရှစ်နာရီ ကုန်ဆုံးသွားတယ်လို့ ဘယ်သူမှ မပြောဘူး"

ကိုးမင်း ကြားဖြတ်ပြီး ပြောလိုက်သည်။

"ဒါဖြင့် ဘယ်နှနာရီလဲ ဒေါက်တာ"

"ဘယ်သူမှ မသိဘူး"

ကိုးမင်း စိတ်မထိန်းနိုင်တော့ပြီ။

"ဒေါက်တာရှင့်၊ ဒေါက်တာဟာ အချိန် နှစ်နာရီ စောင့်မနေတော့ဘဲ ချက်ချင်း သွေးစစ်ခိုင်းတာဟာ အမှန်တော့ နှစ်နာရီ မကဘဲ ရှစ်နာရီ ကြာနေပြီ ဆိုတဲ့အတွက်ပဲ မဟုတ်လား"

"ရှစ်နာရီ ကြာမသွားဘူး၊ နောက်ပြီးတော့ ဗီလီရူဗင်ဟာ တစ်ဆယ့် ခြောက် မကျော်တဲ့ အတွက် ဒီကိစ္စဟာ လက်တွေ့နဲ့ မဆိုင်ဘဲ သဘောတရား သက်သက်ပဲ"

"ဒေါက်တာရှင့်၊ ကလေးရဲ့ အခြေအနေ ဆိုးရွားနေတဲ့ အချိန်မှာ ဗီလီရူဗင် တက်နှုန်းဟာ မြန်သလား နှေးသလား"

"အတက်လည်း မြန်တယ်၊ အကျလည်း မြန်တယ်"

"ဒေါက်တာရှင့်၊ ဗီလီရူဗင်နှုန်းဟာ တစ်ဆယ့်လေးကနေပြီး ဆိုကြပါစို့၊ ခုနစ်နာရီ ရှစ်နာရီ အတွင်းမှာ တစ်ဆယ့်ရှစ်ဒသမငါးအထိ တက်သွားမယ် ဆိုရင် စိုးရိမ်ရပါသလား"

"သတိထားရပါမယ်"

"မစိုးရိမ်ရဘူးလား"

"သတိထားရပါမယ်"

ကိုးမင်း ထပ်ဖြေသည်။

"တစ်ဆယ့်ရှစ် ဒသမငါးထက် များသွားရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ အားလုံးဟာ မှန်းချက်တွေချည်းပဲ၊ တကယ်တော့ ဆင်ပဆော်သောဘီဟာ ဗီလီရှုဗင် တစ်ဆယ့်ခြောက်က ဘယ်တုန်းကမှ မကျော်ခဲ့ဘူး တစ်ဆယ့်ခြောက် နောက်ပိုင်းမှာ ပြန်ပြီး ဆင်းသွားတယ်"

"ဒေါက်တာရှင့်၊ ဒေါက်တာ အစစ်ခိုင်းတဲ့ ဒုတိယ ဗီလီရှုဗင်ဟာ တကယ်ပဲ တစ်ဆယ့်ရှစ် ဒသမငါး ရှိတယ် ဆိုရင် ဒေါက်တာ အံ့သြမလား"

လော်ရာ ရုတ်ခြည်း မေးလိုက်သည်။

ကိုးမင်း မှင်တက်မိသွားပြီး လော်ရာကို ငေးစိုက် ကြည့်နေသည်။ ကိုးမင်း အဖြေ မပေးနိုင်မီမှာပင် လော်ရာသည် တရားသူကြီး ဘက်သို့ လှည့်လျက်–

"အချင်းဖြစ်ပွားတဲ့ နေ့က ပက်ကဆိုက် ဆေးရုံ ဓာတ်ခွဲခန်း အစီရင်ခံစာ မှတ်တမ်း ဓာတ်ပုံ မိတ္တူကို သက်သေခံပစ္စည်းအဖြစ် ကျွန်မ တင်သွင်းလိုပါတယ်"

တရားလို စားပွဲတွင် ဟယ်ရီဖရန်ကလင်နှင့် ဂျွန်ရေးနိုးတို့ ကသုတ်ကရုတ် ဆွေးနွေးကြသည်။ ထို့နောက် ဖရန်ကလင် ခုန်ထလိုက်ပြီး–

"တရားသူကြီးမင်း ခင်ဗျာ၊ သက်သေခံပစ္စည်းကို ကျွန်တော်တို့ အလျင်ဆုံး စစ်ဆေးကြည့်ခွင့် တောင်းခံပါတယ်"

လော်ရာက မိတ္တူပုံကို လှမ်းပေးလိုက်ရင်း–

"အဲဒီ မိတ္တူကို မစ္စတာ ဖရန်ကလင် ယူထားပါ၊ ကျွန်မတို့မှာ မိတ္တူတွေ အများကြီး ရှိပါတယ်၊ အခုကိစ္စဟာ သက်သေခံ အထောက်အထား တစ်ခုကို ထိမ်ချန်ခြင်း ဖြစ်တယ်လို့ ကျွန်မတို့ ယူဆပါတယ်၊ ဒါကြောင့်မို့ ဒီကိစ္စကို ကျွန်မတို့ ထင်ရှားအောင် လုပ်ချင်ပါတယ်"

"တရားသူကြီးမင်း ခင်ဗျာ၊ ဒီမှတ်တမ်းစာရွက်ကို အလျင်က ကျွန်တော် တစ်ခါမှ မမြင်တွေ့ဖူးပါဘူးဆိုတာ ရှေ့နေ တစ်ယောက် အနေနဲ့ရော ဤရုံးတော်ရဲ့ အရာရှိ တစ်ဦး အနေနဲ့ရော ကျွန်တော် ကျမ်းကျိန်ပြီး ပြောပါတယ်"

ဖရန်ကလင် ကန့်ကွက်လိုက်သည်။

သည်အခါတွင် လော်ရာသည် တန်ဖိုးရှိသော သတင်း တစ်ခုကို ရရှိတော့သည်။ ဤအထောက်အထားကို တင်သွင်းရန် ပျက်ကွက်သူမှာ ကိုးမင်းပင် ဖြစ်တော့သည်။ သို့သော် လက်ရှိ အခြေအနေသည် နည်းဗျူဟာအရ





အချိန်သည် အရေးကြီးလှသည်။ ကိုးမင်း အငိုက် ဖမ်းခံလိုက်ရသည်ကို ပြေပျောက်သွားစေရန် အချိန် မပေးနိုင်ပါ။

"တရားသူကြီးမင်းရှင့်၊ အခုအချိန်မှာ ဒီကိစ္စကို တရားလို အကျိုးဆောင်မင်း သိတာ မသိတာဟာ ပြဿနာ မဟုတ်တော့ပါဘူး၊ သူဟာ ဒီကိစ္စကို ကြိုပြီး သိခဲ့လို့ ရှိရင် ဒီအမှုကို တရားစွဲမှာ မဟုတ်ဘူးလို့ ကျွန်မတို့ ယူဆပါတယ်၊ မစ္စတာ ဖရန်ကလင် အနေနဲ့ အမှုကို ရုပ်သိမ်းရန် တင်သွင်းလိုပါသလား၊ အဲဒါဆိုရင်တော့ တရားခံတွေကို ကျေနပ်အောင် တောင်းပန်မယ်ဆိုရင်တော့ ကျွန်မတို့ဘက်က ကျေအေးဖို့ အသင့် ရှိပါတယ်"

"တရားလိုဘက်က အမှု ရုပ်သိမ်းရန် လုံးဝ ရည်ရွယ်ချက် မရှိပါ"

ဖရန်ကလင် အသံကို မြှင့်ပြီး ကြေညာလိုက်သည်။

"ဒါဆိုရင်တော့ ဒီအစီရင်ခံစာကို မှန်မမှန် စစ်ဆေးဖို့ ကျွန်မတို့ တင်ပြပါတယ်၊ တကယ်လို့ ရုံးတော်က လက်ခံတယ် ဆိုရင် အမှုကို ဆက်လက် စစ်ဆေးသွားဖို့ တောင်းခံပါတယ်"

ဗင်နွန်သည် မှတ်တမ်းစာရွက်ကို စစ်ဆေးပြီးနောက် တရားလို စားပွဲဘက်သို့ ငုံ့ကြည့်ကာ–

"ဤမှတ်တမ်းစာရွက်ကို စည်းကမ်းနှင့်အညီ တင်သွင်းခြင်း မရှိသည့်အပြင် မှန်ကန်ကြောင်း စစ်ဆေးထားခြင်းလည်း မရှိသဖြင့် ရုံးတော်က လက်မခံပါ"

ဖရန်ကလင် ဘာမျှ ပြန်မပြောပါ။ သို့သော် အမှု စစ်ဆေးခြင်းကို ရပ်နားလိုက်ခြင်းသည် သူ၏ သက်သေတွင် အချိန်ရရှိပြီး မည်သို့ ထွက်ဆိုရန်လည်း သင်ကြားပေးနိုင်မည် ဖြစ်သည်။ သို့ရာတွင် ကိုးမင်းက ကြားဖြတ်ပြီး ပြောလိုက်သည်။

"တရားသူကြီးမင်း ခင်ဗျား၊ ဒီစာရွက်ကို ကျွန်တော် ကြည့်ရလို့ ရှိရင် မှန်မမှန် ဖြေနိုင်ပါလိမ့်မယ်"

လော်ရာ သူ့ကို ကြည့်လိုက်သည်။ ဉာဏ်နီ ဉာဏ်နက်ဟု ထင်မိသည်။ သို့ဖြင့်–

"တရားသူကြီးမင်းရှင့်၊ ဒေါက်တာရဲ့ တောင်းဆိုချက်ကို ကျွန်မ လက်ခံပါတယ်၊ ဒါပေမဲ့ သူက မမှန်ကန်ပါဘူးလို့ ပြောခဲ့ရင် ကျွန်မ အနေနဲ့ တခြား သက်သေ တင်ပြခွင့် ရှိစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ တောင်းခံချက်ကို ဗင်နွန် လိုက်လျောလိုက်သည်။ လော်ရာက ကိုးမင်းကို စာရွက် ပေးလိုက်သည်။ မိတ္တူစာရွက်ကို ကိုးမင်း သေသေချာချာ စစ်ဆေး ကြည့်ရှုပြီးနောက်-

"အမှန်ပါပဲ"

လော်ရာ သံသယ ရှိဆဲဖြင့်ပင် စာရွက်ကို သက်သေခံအဖြစ် တင်သွင်းလိုက်သည်။ ထို့နောက်-

"ဒေါက်တာရှင့်၊ ဆင်ပဆန် ဘေဘီနဲ့ တည့်တည့် ကော်လံမှာ ရေးသွင်းထားတဲ့ ဒုတိယ စာကြောင်းကို ခဏလောက် ကြည့်ပေးနိုင်မလားရှင့်"

"ကြည့်နိုင်ပါတယ်"

"အဲဒီ ရေးသွင်းထားတဲ့ ဒုတိယ ဗီလီရူဗင်ကိုကော ဖတ်ပြနိုင်မလားရှင့်"

"တစ်ဆယ့်ရှစ် ဒသမငါး"

ကိုးမင်း ဖတ်လိုက်သည်။

"အဲဒီတော့ ကလေးကို ဒေါက်တာ ဂရန့် လက်ထဲ လွှဲပေးလိုက်တဲ့ အချိန်မှာ ဗီလီရူဗင်ဟာ ဒေါက်တာ ပထမ ပြောထားတဲ့ တစ်ဆယ့်လေးထက် ပိုနေတာပေါ့၊ ဟုတ်လား"

"အဲဒီလိုပဲ ယူဆရပါတယ်"

"ယူဆရပါတယ် ဟုတ်လား၊ ဒီမှတ်တမ်းကြီးကို တွေ့နေရက်က ဒေါက်တာ ဒါပဲ ပြောနိုင်သလား"

လော်ရာက ခပ်မြန်မြန်ကြီး ပြောလိုက်သည်။ သူမက သူ့ကို ချောင်ပိတ် ဖမ်းနေပြီ ဖြစ်သည်။

"ကလေးကို လွှဲပြောင်းပေးလိုက်တဲ့ အချိန်မှာ ဗီလီရူဗင် ပိုပြီး များ တယ် ဆိုတာ ထင်ရှားပါတယ်"

"ဒေါက်တာရှင့်၊ ဗီလီရူဗင် တစ်ဆယ့်ရှစ် ဒသမငါး ရှိနေတာကို ဒေါက်တာ အလျင်တုန်းက မတွေ့ခဲ့ဘူးလား"

"မတွေ့ခဲ့ပါဘူး"

"ဒေါက်တာ တွေ့ခဲ့တယ်လို့ ကျွန်မ ပြောပါတယ်၊ ဒီအစီရင်ခံစာ ကြောင့်သာ ဒေါက်တာဟာ ကလေးကို မက်ထရိုပိုလီတန် ဆေးရုံကို လွှဲပြောင်း ပေးလိုက်တာပဲ"

"အဲဒါ မဟုတ်ဘူး"





"ကျွန်မ ထပ်ပြီးတော့မှ ပြောချင်ပါသေးတယ်၊ ဒေါက်တာ ကလေးကို ပို့ခဲ့တာဟာ ပိုမို ကောင်းမွန်တဲ့ နေရာကို ပို့ခဲ့တာ မဟုတ်ဘဲ နောက်ပိုင်း ဖြစ်လာတဲ့ ပြဿနာတွေ ဒေါက်တာ မခံရအောင်၊ ဒေါက်တာရဲ့ လက်ထဲက လွတ်သွားအောင် ပို့လိုက်တာပဲ"

"အဲဒါ မဟုတ်တာ ပြောတာပဲ"

ထိုအခါ လော်ရာ လမ်းကြောင်း ပြောင်းလိုက်ပြီး-

"ဒေါက်တာရှင့်၊ ပက်ကဆိုက် ဆေးရုံမှာ ဓာတ်ခွဲခန်း အစီရင်ခံစာတွေနဲ့ ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း ဘယ်လို ရှိပါသလဲ"

"မေးတာ ကျွန်တော် နားမလည်ဘူး"

"အစီရင်ခံစာကို သက်ဆိုင်ရာ ဆရာဝန်က လက်မှတ် ထိုးပြီးမှသာ လူနာ မှတ်တမ်းမှာ ထည့်သွင်း ရပါသလား"

"ယေဘုယျအားဖြင့် မှန်ပါတယ်"

"ဒီကိစ္စမှာ ယေဘုယျအတိုင်း မဟုတ်ဘူးလို့ ဆိုလိုတာလား"

"မှန်ပါတယ်၊ ကလေးကို လွှဲပေးလိုက်ပြီးတဲ့ နောက်မှာ ကလေးဆောင်ကို ကျွန်တော် မရောက်တော့ပါဘူး၊ ဒါကြောင့် ဒီအစီရင်ခံစာကို ကျွန်တော် မတွေ့ရတော့ပါဘူး၊ အစီရင်ခံစာကို ကျွန်တော် လက်မှတ် ထိုးမပေးရတော့ ပါဘူး၊ ဒါကြောင့် ဒီအစီရင်ခံစာဟာ လူနာမှတ်တမ်းမှာ မပါတော့တာပါဘဲ"

သက်သေသည် သူမ ထောင်ထားသော ထောင်ချောက် အတွင်းမှ လွတ်ထွက်သွားသဖြင့် လော်ရာသည် မီးကုန်ယမ်းကုန် တိုက်ခိုက်ရန် ပြင်ဆင် လိုက်သည်။ သူမ၏ စားပွဲ ဆီသို့ လော်ရာ လျှောက်သွားသည်။ ကိုးမင်းသည် မေးမြန်း၍ ပြီးပြီဟု ထင်သဖြင့် ကုလားထိုင်မှ ထလိုက်သည်။ သူမက သူ့ ဘက်သို့ လှည့်လိုက်ပြီး-

"ကျွန်မတို့ မပြီးသေးပါဘူး ဒေါက်တာ"

ထို့နောက် လော်ရာသည် ဇယား တစ်ခုကို ကိုးမင်း မမြင်သာအောင် ကိုင်ဆောင်လျက် သက်သေ ဝက်ခြံ အနီးသို့ ပြန်လျှောက်လာသည်။

"ဒေါက်တာရှင့်၊ ကလေးဟာ တစ်ချိန်မှာ ဗီလီရူဗင် တစ်ဆယ့်ရှစ် ဒသမငါး ရှိပြီး နောက်တစ်ချိန်မှာ တစ်ဆယ့်ခြောက် ရှိနေတာဟာ အမြင့်ဆုံးကို ဘက်သွားပြီး ပြန်ဆင်းလာတာလို့ ဒေါက်တာ ယူဆပါသလား"

"ဖြစ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးပညာနည်းအရ ဒီတစ်နည်းပဲ ကောက်ချက်ချနိုင်တယ်လို့ ဒေါက်တာ ယူဆပါသလား"

"ကျွန်တော် ဒီအတိုင်းပဲ သဘောရပါတယ်"

"ဒေါက်တာရှင့်၊ ယူဆချက် တစ်ခုကို ကျွန်မ မေးပါရစေ၊ အာရုံအိပ်ချို မတည့်မှု ရှိပြီး ဗီလီရှဗင် တစ်ဆယ့်ခုလေး ရှိတဲ့ ကလေး တစ်ယောက်ဟာ ဗီလီရှဗင် တစ်ရှိန်ထိုး တက်သွားပြီး အမြင့်ဆုံး နှစ်ဆယ် ဒါမှမဟုတ် နှစ်ဆယ် ရဲ့ အထက်ကို ရောက်သွားမယ်၊ အဲဒီအတွက် ဗီလီရှဗင် တစ်ဆယ့်ရှစ် ဒသမ ငါးကို စစ်ဆေး တွေ့ရှိတဲ့ အချိန်ဟာ ပြန်ကျလာတာ မဖြစ်နိုင်ဘူးလား"

ကိုးမင်း မဖြေနိုင်မီတွင် ဖရန်ကလင် ထရပ်လိုက်ပြီး–

"တရားသူကြီးမင်း ခင်ဗျာ၊ ဒီလို ယူဆချက်မျိုးကို ထောက်ခံတဲ့ ထွက်ဆိုချက်မျိုး ဤအမှု စစ်ဆေးနေစဉ် အတွင်းမှာ တစ်ခါမှ မရှိခဲ့ပါဘူး၊ ဒီမေးခွန်းဟာ လုံးဝ အခြေအမြစ် မရှိပါဘူး၊ ပေါက်တတ်ကရ မေးခွန်း တစ်ခု ပဲ၊ ဒါကြောင့် ရုံးတော်က ပယ်ဖျက်ပေးဖို့ တောင်းဆိုပါတယ်"

"တောင်းဆိုချက်ကို ပေးအပ်တယ်"

တရားသူကြီး ဆုံးဖြတ်လိုက်သည်။ ထို့နောက် လော်ရာကို ကြည့်လိုက် သည်။ အခြား မေးခွန်း တစ်ခုကို မေးမြန်းရန် သို့မဟုတ် မေးမြန်းမှု ပြီးဆုံး စေရန် သဘောဖြင့် ဖြစ်သည်။

လော်ရာသည် နောက်တစ်ခု ထပ်ပြီး ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။

"ဒေါက်တာရှင့်၊ ကျေးဇူးပြုပြီး ဒီဇယားကို ကြည့်စမ်းပါ"

ဖရန်ကလင် ထရပ်လိုက်သည်။ သို့သော် လော်ရာသည် ကန့်ကွက် ချက်ကို ကြိုတင် ရိပ်စားမိသဖြင့်–

"မစ္စတာ ဖရန်ကလင် အတွက်လည်း ကျွန်မ မိတ္တူ တစ်ခု အသင့် လုပ်ထားပါတယ်"

လော်ရာက ဖရန်ကလင်ကို မိတ္တူ စာရွက် ပေးလိုက်သည်။ ဖရန်ကလင် သည် မိတ္တူကို ကြည့်ရှုပြီးနောက်–

"တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့ ဟောဒီ... ဟောဒီ ဘာလို့ ပြောရမှန်းတောင် မသိပါဘူး၊ ဒီဥစ္စာရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ ဆိုတာ ကျွန်တော်တို့ အတိအကျ သိချင်ပါတယ်"

ထိုအခါ လော်ရာက–





"ဒီဥစ္စာကတော့ ဆင်ပဆန် ဘောဘီရဲ့ ပထမ ဗီလီရှဗင် တစ်ဆယ့်လေး နဲ့ မက်ထရိုပိုလီတန် ရောက်မှ တွေ့ရတဲ့ တစ်ဆယ့်ခြောက် အကြား အင်မတန် အရေးကြီးတဲ့ ခုနစ်နာရီ ရှစ်နာရီလောက်အချိန် ကြားမှာ ရှိနိုင်တဲ့ ဗီလီရှဗင်ကို ဂရပ် ဆွဲထားတာပါပဲ"

ဖရန်ကလင်သည် စောစောကထက် ပိုပြီး ဒေါသကြီးဟန် ပြလျက်–

"ဒီလို တီထွင်ချက် တစ်ခုကို လက်မခံခင်မှာ ဒီစာရင်းဇယားတွေကို ဘယ်သူ ရေးတယ်၊ ဒီဥစ္စာဟာ ဒီအမှုနဲ့ ဘယ်လို သက်ဆိုင်တယ် ဆိုတာ ကျွန်တော်တို့ သိချင်ပါတယ်"

"မစ္စတာ ဖရန်ကလင်ရဲ့ ကန့်ကွက်ချက်နဲ့ ပတ်သက်ပြီး အစစ်အဆေး ခံဖို့ ဒေါက်တာ ဂရန့်ကို သက်သေအဖြစ် ကျွန်မ တင်သွင်းလိုပါတယ်"

"တရားခံကိုလား၊ ဒီယူဆချက်နဲ့ ပတ်သက်ပြီး အတော်ကြီးကို ဘက် လိုက်မှု ကင်းတဲ့ အစစ်ခံချက် ဖြစ်မှာပဲ၊ တရားသူကြီးမင်း ခင်ဗျာ၊ အခု မေးခွန်း တစ်လျှောက်လုံးကို ကျွန်တော် ကန့်ကွက်ပါတယ်"

ဗင်နွှန်သည် လော်ရာ ဘက်သို့ လှည့်လျက်–

"မစ္စတာ ဖရန်ကလင် ပြောတာ မှန်ပါတယ်၊ အကျိုးဆောင် ဒီလို ယူဆချက်မျိုး တင်သွင်းတာကို ကျွန်ုပ် ခွင့်မပြုနိုင်ပါဘူး"

"တရားသူကြီးမင်းရှင့်၊ ဒီကလေးလေး ဦးနှောက် ပျက်ယွင်းရတာ ဟာ ဘာအကြောင်းကြောင့် ဆိုတာကို ဘယ်ပါရဂူကမှ အတိအကျ မပြောနိုင်တဲ့ အတွက် ဘယ်အစစ်ခံချက်မဆို၊ ဘယ်တွေးဆချက်မဆို အမှုကို အကျိုးပြုနိုင် ပါတယ်၊ ရုံးတော်က လက်ခံသင့်ပါတယ်"

ဗင်နွှန် ခေါင်းကို ယမ်းခါသည်။

သို့သော် လော်ရာ အလျှော့မပေးဘဲ–

"တရားသူကြီးမင်းရှင့်၊ အမှန်တရားကို ရှာဖွေနိုင်ရေးအတွက် အခု ကျွန်မ တင်သွင်းတဲ့ နည်းလမ်းဟာ တရားလို ဘက်ကို ခွင့်ပြုခဲ့တဲ့ နည်းလမ်း တွေနဲ့ ဘာမှ ခြားနားမှု မရှိပါဘူး၊ သူတို့ဘက်ကလည်း ဦးနှောက် ပျက်ယွင်း ရမှုအတွက် အထောက်အထား အခိုင်အမာကို မတင်ပြနိုင်ခဲ့ပါဘူး၊ အခု ကျွန်မ တို့ တင်သွင်းခဲ့တဲ့ ဇယားရဲ့ သဘောဟာ သူတို့ရဲ့ တင်ပြချက်ဆွဲဆောင်မှု ခိုင်မာပါတယ်၊ အမှန်အတိုင်း ပြောရရင် ကလေးဟာ ပက်ကဆိုက် မထွက်ခင်မှာဘဲ ဦးနှောက် ပျက်ယွင်းနေပြီ ဆိုတာကို ဒီဇယားက သက်သေပြ နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လော်ရာသည် သူမ၏ နောက်ဆုံး စကားလုံးများကို ဖရန်ကလင်၏ ကန့်ကွက်သံကို ကျော်လွန်အောင် ဟစ်အော်လိုက်သည်။ ဖရန်ကလင်၏ စူးရှသော အသံသည် လော်ရာ၏ ကြေညာချက်ကို မဖုံးကွယ်နိုင်ပါ။ ဗင်နွှန်သည် အကျိုးဆောင် နှစ်ယောက်စလုံးကို ထိတ်လန့်စေရန် တင်းပုတ်ကလေးကို ထုရသည်။

ဗင်နွန်သည် လော်ရာကို ကြည့်လိုက်ပြီး–

“ဒီဇယားဟာ ဘာတွေ ဖြစ်နိုင်တယ် ဆိုတာကို တရားခံရဲ့ စိတ်ကူးနဲ့ ရေးဆွဲထားတာပဲ မဟုတ်လား အကျိုးဆောင်”

“တရားသူကြီးမင်းရှင့်၊ ဒီဇယားမှာ ကလေးရဲ့ ဗီလီရှုဗင်ဟာ ဒေါက်တာ ကိုးမင်း ပြောတဲ့ တစ်ဆယ့်လေးထက် ပိုတယ် ဆိုတာကို သက်သေပြထားပါတယ်၊ အဲဒါကို သက်သေပြထားပြီးတဲ့ နောက်မှာ ဗီလီရှုဗင် တစ်ဆယ့်ရှစ် ဒသမငါးကို ရောက်လာတာဟာ အထက်မှာ ရောက်လာတာလား၊ အဆင်းမှာ ရောက်တာလားကို စူးစမ်းကြည့်ဖို့ ကျွန်မတို့မှာ အခွင့်အရေး ရှိပါတယ်”

လော်ရာ အပြင်းအထန် ပြောဆိုလိုက်သည်။

ထိုအခါ ဗင်နွှန်သည် ဖရန်ကလင်ကို ကြည့်လိုက်သည်။

“တရားသူကြီးမင်း ခင်ဗျာ၊ ဒီဥစ္စာ ဇူရော်လူကြီးတွေကို အထင်အမှတ်မှားစေနိုင်တဲ့ ရော်ရမ်း မှန်းဆချက် သက်သက်သာ ဖြစ်တဲ့အတွက် ဒီမေးခွန်း တစ်လျှောက်လုံးကို ရုံးတော်က ပယ်ဖျက်ပေးဖို့ ကျွန်တော် တောင်းဆိုပါတယ်”

ပြဿနာကို ဗင်နွန် အလေးအနက် စဉ်းစားသည်။ ထို့နောက် အေးအေးဆေးဆေးနှင့် ဖြည်းဖြည်းလေးလေး သူ ဆုံးဖြတ်သည်။

“နှစ်ဖက် အကျိုးဆောင်များရဲ့ ပြောဆိုချက်များကို နားထောင်ပြီးနောက် ဒီမေးခွန်းများဟာ အထောက်အထား အတိအကျ မရှိတဲ့ မျှော်မှန်းတွေးဆချက် သက်သက်သာဖြစ်တဲ့ အတွက် ဤမေးခွန်း တစ်လျှောက်လုံးကို ရုံးတော်က လက်မခံကြောင်း ဆုံးဖြတ်လိုက်တယ်”

လော်ရာသည် ရရှိသမျှသော အခွင့်အလမ်းကို အသုံးချသည့် အနေဖြင့်–

“ဒေါက်တာရှင့်၊ ဒုတိယ ဗီလီရှုဗင်ဟာ တစ်ဆယ့်ရှစ် ဒသမငါး ရှိကြောင်း ဒေါက်တာ တွေ့ရလို့ ရှိရင် ဒီအကြောင်းကို ဒေါက်တာ ဂရန့် ဆီကို ဒေါက်တာ အကြောင်းကြားပါမယ်လား”





“ဟုတ်ကဲ့၊ အကြောင်းကြားမယ်”

“ဒေါက်တာ ဂရန့် ဆီကို အဲဒီလို အကြောင်းကြားရတဲ့ ရည်ရွယ်ချက်က ဘာပါလဲ”

“သူ့ အနေနဲ့ အကောင်းဆုံး ကုသနိုင်အောင်ပါပဲ”

“အဲဒီအခါမှာ ဘယ်လို ကုသမှုမျိုး ဖြစ်ပါ့မလဲ”

“အကျိုးဆောင်ရဲ့ မေးခွန်းက ဆရာဝန် တစ်ယောက်ရဲ့ စိတ်ထဲမှာ ရှိနေတာကို ဆရာဝန် တစ်ယောက်က မှန်းဆခိုင်းနေတာပဲ”

ဖရန်ကလင် ကန့်ကွက်လိုက်သည်။

လော်ရာ ပြင်ပြီး မေးသည်။

“ဒေါက်တာရှင့်၊ ဗီလီရှုဗင် တစ်ဆယ့်ရှစ် ဒသမငါး ရှိနေတဲ့ ကလေး တစ်ယောက်ကို ဒေါက်တာ ဘာလုပ်မလဲ”

“ချက်ချင်း သွေးဖလှယ်ပေးမယ်”

“ဗီလီရှုဗင် တစ်ဆယ့်လေး ဆိုရင်ကော သွေးဖလှယ်မလား”

“မဖလှယ်ပါဘူး”

“ဒေါက်တာ ဂရန့် ကုသတဲ့အတိုင်း ကုသမယ်လို့ ဒေါက်တာ ပြောတာလား”

ဤတွင် ဖရန်ကလင် ကန့်ကွက်ရန် ထလိုက်သည်။ လော်ရာ ဘက်သို့ လှည့်လျက်–

“ဆရာဝန် တစ်ယောက်ဟာ လူနာ တစ်ယောက်ကို သူ တွေ့တဲ့ အတိုင်းပဲ ကုသတယ် ဆိုတာကို ကျွန်တော် သိသလို အကျိုးဆောင်လည်း သိပါတယ်၊ ဆရာဝန် တစ်ယောက်ဟာ သူ မသိတဲ့ အချက်နဲ့ ပတ်သက်လို့လည်း ဘာမှ ကာကွယ်ပြီး ပြောနေစရာ မလိုပါဘူး၊ ဒေါက်တာ ကိုးမင်းဟာ အခု အစီရင်ခံစာကို ဒီရုံးတော်ကျမှပဲ မြင်ဖူးတယ် ဆိုတာ ရှင်းနေပါတယ်၊ အဲဒီတော့ ဒေါက်တာ ကိုးမင်းမှာ ဂုဏ်သိက္ခာ ထိခိုက်ရတဲ့အတွက် အကျိုးဆောင် တောင်းပန်စေချင်ပါတယ်”

“သင့်လျော် မှန်ကန်သော တောင်းဆိုချက်လို့ ရုံးတော်က မှတ်ယူပါတယ်”

ဗင်နွှန်က လော်ရာကို စူးစူးဝါးဝါး ကြည့်ရင်း ပြောလိုက်သည်။

လော်ရာ မတောင်းပန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်း ခင်ဗျာ၊ ဒေါက်တာ ကိုးမင်း အချိန်တွေ အများကြီး ကြာနေပါပြီ"

ဖရန်ကလင် နိဂုံးချုပ်သည်။

လော်ရာလည်း မတတ်သာတော့သဖြင့် ကိုးမင်းကို လက်လွှတ်လိုက်ရသည်။

ကိုးမင်း သက်သေခံမှ ထွက်သွားသောအခါ တရားသူကြီး ဗင်နွန်က အမှု စစ်ဆေးမှုကို မနက်ဖြန် မနက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာသည်။ ထိုအခါတွင် နှစ်ဖက် အကျိုးဆောင်များက မည်သည့်အချိန်လောက်တွင် အပြီးသတ် လျှောက်လဲချက် ပေးမည်အား ပြောကြရန်ကိုလည်း မေတ္တာရပ်ခံလိုက်သည်။ ဤသဘောမှာ လော်ရာ အနေနှင့် လျှောက်လဲချက် အဆုံးသတ်ပြီး ဂျူရော်လူကြီးများကို ဆုံးဖြတ်ကြစေနိုင်ရန်ပင် ဖြစ်တော့သည်။

*

"ငါးရှဉ့် တစ်ကောင်လို လွတ်ထွက်သွားတာပဲ"

ခရစ် ပေါက်ကွဲသည်။

"အစ်ကို အပြစ်တင်စရာရှိရင် ညီမကိုပဲ တင်ပါ"

"ညီမအနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားတာပဲ"

ထိုအခါ မိုက်ဆိုဗိုသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေရာမှ–

"မင်းတို့ သိတဲ့ အတိုင်းပဲ ရုံးမှာ ကိုယ် မရှိဘူး၊ ဒါပေမဲ့ မင်းတို့ နှစ်ယောက် ပြောတဲ့ စကားအရ ဆိုရင် ကိုးမင်း အပေါ်မှာ မင်းတို့ လုပ်တာဟာ နည်းနည်း ပြင်းထန်လွန်းနေတယ်"

"ဘာဖြစ်လို့လဲ"

လော်ရာ မေးလိုက်သည်။

"အဲဒီနေ့က ရှိနေတဲ့ သူ့ အခြေအနေကို ကိုယ်တို့ ပြန်ကြည့်ရအောင်၊ သူဟာ အလုပ်နှစ်ခုကို လုပ်နေရတယ်၊ မစ်ချဲရဲ့ အလုပ်နဲ့ သူ့ အလုပ်၊ ခွဲစိတ်ခန်းထဲမှာ သူ အလုပ်များနေတယ်၊ သူ့ ဆီကို ကလေးဆောင်ကနေ အကြောင်းကြားတယ်၊ ဒါပေမဲ့ သူ တာဝန် ရှိနေတဲ့ ကလေးဟာ ကျန်းမာတယ်၊ ဘာမှ





အခက်အခဲ ကြုံစရာ မရှိဘူး၊ ကလေးရဲ့ ရာဇဝင်အရ ဘာမှ ပြဿနာ ဖြစ်စရာ မရှိဘူး၊ အဲဒီတော့ သူ ဘာဖြစ်လို့ အလောတကြီး ပြေးသွားရမလဲ"

"ဟုတ်တယ်၊ သူ ကုသတဲ့ ကလေးဟာ သားဦး ဖြစ်တယ်၊ ကလေး အမေဟာ အာရုံအိပ်ချို နဂ္ဂတစ် ဖြစ်ပေမဲ့ ကိုယ်ဝန်ဆောင်စဉ် အတွင်းမှာ၊ ကွန်းမ်စ် စစ်ဆေးမှုမှာ ဘာပြဿနာမှ မရှိဘူး၊ ဟုတ်တယ် မိုက်၊ အဲဒီအချိန်မှာ သူ ဘာပြောမလဲ ဆိုတာကို ကျွန်တော် ကြည့်တယ်၊ "ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ သားဦးပဲ"လို့ သူ ပြောမှာပဲ"

ခရစ် ထောက်ခံသည်။

"အဲဒါ အမှန်ပဲ"

"အဲဒါကို ကျွန်မတို့ ဘယ်လို လုပ်ပြီး သိနိုင်သလဲ"

"မစ်ချဲပဲ ဖြစ်ဖြစ်၊ တခြား မီးယပ် သားဖွား ဆရာဝန် တစ်ယောက်ပဲ ဖြစ်ဖြစ် မိန်းမ တစ်ယောက်ကို စစ်ဆေးတဲ့ နေရာမှာ အလျင်က ကလေး မွေးဖူးတာကို ဘယ်လိုမှ မသိဘဲ မနေနိုင်ဘူး"

"မစ်ချဲက သိလျက်သားနဲ့ လျှို့ဝှက်ထားရင်ကော"

လော်ရာ မေးလိုက်သည်။

"မဟုတ်ဘူး မိန်းကလေး၊ မစ်ချဲလို ကိုယ့်ကျင့်တရား ရှိတဲ့ ဆရာဝန် တစ်ယောက်ဟာ ကိုးမင်းကို ပြောမှာ အမှန်ပဲ"

"နေဦး၊ သူတို့ နှစ်ယောက်စလုံး အရူးလုပ်ခံရတာ ဖြစ်နိုင်တယ်"

ခရစ် ကြားဖြတ်ပြီး ပြောလိုက်သည်။

"ဘယ်လိုလဲ"

လော်ရာ မေးသည်။

"ရေးနိုးရဲ့ သမီးမှာ ပေ့ါဆစ်တစ် သွေးကူးနိုင်တဲ့နည်း တစ်နည်း ရှိတယ်၊ အဲဒီအတွက် ကလေးရဲ့ သွေးတွေကို သူ့ရဲ့ ပဋိပစ္စည်းတွေက ဖျက်ဆီးကြတာပဲ"

ခရစ်က မိုက်ကို တစ်ချက် လှမ်းကြည့်ပြီး ပြောလိုက်သည်။

မိုက် နှုတ်ဆိတ်နေသည်။

"ပထမ ကိုယ်ဝန်ကို ဖျက်ဆီးပစ်လိုက်တာပဲ ဖြစ်ရမယ်"

"ဒါဆိုရင် အစ်ကိုကို ဆရာဝန်တွေ ပြောနေတဲ့ ပထမကလေးဆိုတာဟာ ပထမ ကိုယ်ဝန်ကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အမျိုးသမီး တစ်ယောက်ဟာ သူ့မှာ အလျှင်က ကိုယ်ဝန် ရှိခဲ့လို့ ရှိရင် သူ့ရဲ့ သားဖွား ဆရာဝန်ကို အတွင်းစကား အဖြစ် မလွဲမသွေ ပြောပြရတယ်"

မိုက် ဖြေသည်။

"ဒါပေမဲ့ ရေးနီးရဲ့ သမီးဟာ ကိုယ်ဝန် ဖျက်ခဲ့လို့ ရှိရင်..."

"မစ်ချဲကို သူ ဘယ်နည်းနဲ့မှ ပြောမှာ မဟုတ်ဘူး၊ တကယ်လို့ ပြောခဲ့ရင် မစ်ချဲဟာ အာရ်အိပ်ချ် မတည့်မှုအတွက် ကြိုတင် သတိထားမှာပေ့ါ"

"မစ်ချဲကို သူ မပြောတာဘဲလား၊ တခြား ဘယ်သူ့ကိုမှကော သူ မပြောဘူးတဲ့လား"

လော်ရာ မေးလိုက်သည်။

"အဲဒါ ဘာပြောတာလဲ"

ခရစ် မေးသည်။

"သူဟာ သူ့ ဆရာဝန်ကို မပြောဘူး ဆိုရင် တခြား ဘယ်သူ့ကို ပြောမလဲ၊ သူ့ အမေကို ပြောမလား၊ သူ့ အဖေကို ပြောမလား"

"ညီမမှာ ရေးနီးလို့ အဖေမျိုး ရှိရင် သူ့ကို ညီမ ပြောမလား"

"ဒါဆိုရင် သူငယ်ချင်း တစ်ယောက်ကိုကော၊ တက္ကသိုလ်မှာ တစ်ခန်းတည်းနေတဲ့ သူငယ်ချင်း၊ သူဟာ ဘွဲ့ရပြီးပြီးချင်း လက်ထပ်တာပဲ၊ အဲဒီတော့ အဲဒီပြဿနာဟာ တက္ကသိုလ်မှာပဲ ဖြစ်နိုင်တယ်၊ ဒီကိစ္စကို တစ်ယောက်ယောက်တော့ သိမှာပဲ"

"ဘာဖြစ်လို့လဲ"

ခရစ် မေးလိုက်သည်။

"ဒီမယ် အစ်ကို၊ ဒီလို အဖြစ်မျိုး ကြုံရတဲ့ မိန်းကလေး တစ်ယောက်ဟာ တစ်ယောက်ယောက်ကိုတော့ အတွင်းလူအဖြစ် ယုံကြည်ရမယ်၊ ပြောရမယ်၊ သူ့မှာ အကြံဉာဏ် လိုတယ်၊ နှစ်သိမ့်မှု လိုတယ်၊ အကူအညီ လိုတယ်၊ အနည်းဆုံး သူ့ရဲ့ စိုးရိမ်မှုကို တစ်ယောက်ယောက်ကိုတော့ ခွဲဝေပေးချင်မှာပဲ"

မိုက် ခေါင်းညိတ်လိုက်သည်။

"အဲဒီတော့ ကလေး အသားဝါ ဖြစ်နေတာကို ကိုးမင်း အေးအေးဆေးဆေး လုပ်နေတာဟာ ကိုယ်တို့အတွက် အခိက ကာကွယ်စရာ ဖြစ်လာတော့တာပဲ၊ ဒါပေမဲ့ ဒါကို ကိုယ်တို့ ဘယ်လို သက်သေပြမလဲ"





"ကျွန်မတို့မှာ အချိန် ရှိရင်တော့... ဒါပေမဲ့ အချိန်က မရှိတော့ဘူး" သူမသည် စဉ်းစားနေပြီးနောက် "အဲဒီလူ... သူနဲ့ ပတ်သက်တဲ့ လူကိုတော့... သူ ပြောရမယ်၊ အဲဒီလူကို ကျွန်မတို့ ရှာနိုင်ရင်တော့"

"ဂျွန်ရေးနီးရဲ့ သမီးကို သက်သေအဖြစ် ခေါ်ရင်ကော"

ခရစ်က မေးလိုက်သည်။

"ဘယ်အနေနဲ့ ခေါ်မလဲ၊ လေဖမ်းဝါးတန်း ချည်တာပဲ ဖြစ်တော့မပေ့ါ၊ ဘယ်တရားသူကြီးကမှ ခွင့်ပြုမှာ မဟုတ်ဘူး၊ ဗင်နွန် ခွင့်မပြုမှာတော့ သေချာတယ်"

တစ်နာရီကျော်ကျော်တွင် မိုက်နှင့် ခရစ်တို့ ပြန်သွားသည့် အချိန်အထိ မည်သူကမျှ မည်သည့် အဖြေကိုမျှ မရှာနိုင်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၉

လော်ရာနှင့် ခရစ်တို့သည် ကျယ်ဝန်းသော လှေကားကြီးအတိုင်း ကွေ့ကာဝိုက်ကာနှင့် တရားရုံး အဆောက်အအုံ ပေါ်သို့ တက်လာနေကြသည်။ နေ့လယ်ခင်း ရပ်နားခြင်း အချိန်စေ့သွားပြီ ဖြစ်သည်။ မိုက်ဆိုဗိုသည် ညနေပိုင်း သင်တန်းများ ရှိနေသဖြင့် ဆေးရုံသို့ ပြန်ရသည်။ အပေါ်ဘက်သို့ လော်ရာ မော့ကြည့်လိုက်သောအခါ အပေါ်ဆုံး လှေကားထစ်တွင် ရပ်ပြီး သူတို့ကို စောင့်ဆိုင်းနေသော ရပ်မြင်သံကြား သတင်းထောက် ဂျူအန်မာလက်ကို မြင်ရသည်။ မာလက်သည် သူတို့ကို တွေ့ရန် အောက်ဘက်သို့ ဆင်းလာသည်။

"မနေ့ ညနေက ကျွန်တော် လွှင့်တဲ့ သတင်း နားထောင်ရသလား ကျွန်တော့်ကို စက္ကန့်ခြောက်ဆယ်လောက် အချိန်ပေးရင် အဓိကရုဏ်း ဖြစ်တာ ဒေါက်တာနဲ့ ဘာမှ မပတ်သက်တဲ့ အကြောင်း ပြည်သူတွေ သိသွားအောင် ကျွန်တော် လုပ်နိုင်တယ်"

"ဇူရော်လူကြီးတွေ သိသွားအောင်ကော လုပ်နိုင်ပါ့မလား"

လော်ရာ မေးလိုက်သည်။

"အဲဒါတော့ ကျွန်တော် မတတ်နိုင်ဘူး"

"အဲဒါဆိုရင် အင်တာဗျူး မလုပ်ပါနဲ့"

"ဒါပေမဲ့ ကျွန်တော် တတ်နိုင်တာ တစ်ခုတော့ ရှိတယ်၊ အခု စစ်ဆေးနေတာဟာ တရားမျှတမှု မရှိဘူး ဆိုတာ လူတွေ သိအောင် လုပ်ပေးနိုင်တယ်"

"အဲဒါလည်း မလုပ်ပါနဲ့၊ ရှင် ဘာမှ မတတ်နိုင်ပါဘူး၊ ရှင် တတ်နိုင်တာက ကျွန်မတို့ကို လမ်းဖယ်ပေးဖို့ပဲ"





မာလက်သည် မဖယ်ချင် ဖယ်ချင်ဖြင့် လမ်းဖယ်ပေးသည်။

လော်ရာသည် သူ့ကို ကျော်ဖြတ်ကာ တက်သွားပြီးနောက် ရုတ်ခြည်း ဆိုသလို ရပ်လိုက်သည်။ သူ့ကို ပြန်လှည့်ကြည့်ပြီး–

"ရှင် တတ်နိုင်မှာ တစ်ခုတော့ ရှိတယ်"

"ဘာများလဲ"

သူမက ဘယ်သူ့ကိုမှ မပြောရန် မှာကြားသည်။ ထို့နောက် မနက်ပိုင်းက သူတို့ စိတ်ထဲတွင် ရှိနေသော သံသယကို ဖွင့်ထုတ်ပြီး ပြောလိုက်သည်။ မာလက် နားထောင်သည်။ သူ၏ မျက်လုံးများ တောက်လက်လာသည်။

"ဒါပေမဲ့ တစ်ခုတော့ မှတ်ထားပါ၊ ဒါဟာ ရိုးရိုး ဓာတ်လမ်းမျိုး တစ်ပုဒ် မဟုတ်ဘူး၊ ရှင် စုံစမ်းလို့ တစ်ခုခု သိတယ် ဆိုရင်လည်း အဲဒါကို ရုံးတော်မှာ မတင်မချင်း ရှင် အသုံးပြုခွင့် မရှိဘူး"

မာလက် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် သဘောတူလိုက်သည်။

"အကျိုးဆောင် ရုံးတော်မှာ မတင်မချင်း ကျွန်တော် လျှို့ဝှက်ထားပါ့မယ်"

"နောက်ပြီးတော့ ဒါနဲ့ ပတ်သက်လို့ ရှင့်ကို ကျွန်မတို့ သဲလွန်စ များများလည်း မပေးနိုင်ဘူး၊ ဒီကိစ္စဟာ တက္ကသိုလ်မှာ ဖြစ်ခဲ့တယ်လို့ ထင်တာလောက်ပဲ ပြောနိုင်မယ်၊ သူ ဘွဲ့ရပြီးပြီးချင်း လက်ထပ်ခဲ့တာပဲ"

"အင်း အဲဒီမှာ အလျင် စပြီး စုံစမ်းရမှာပဲ၊ ဒါပေမဲ့ အချိန်က သိပ်နည်းနေတယ်"

မာလက် သတိပေးလိုက်သည်။

*

သို့ရာတွင် မာလက်သည် မျှော်လင့်ထားသည်ထက် ပိုပြီး ကောင်းကောင်း လုပ်နိုင်သည်။ ထိုနေ့ ညနေက လော်ရာနှင့် ခရစ်တို့ ညနေပိုင်း ရုံးမှ အဆင်းတွင် သူတို့ကို လူတစ်ယောက်က စာ တစ်စောင် ပေးသည်။ "ကျွန်တော် သတင်း လွှင့်ပြီးချိန်မှာ ဖုန်းဆက်ပါ" လက်မှတ် ထိုးမထားပေ။ သို့သော် မည်သူ ဆိုသည်ကို သိရန်မှ မခက်ပါ။ လော်ရာ၏ အခန်းသို့ သူတို့ သွားကြသည်။ မာလက် ခြောက်နာရီ သတင်း လွှင့်ပြီးချိန်တွင် သူတို့ ဖုန်းဆက်သည်။

မာလက်က ခရစ်နှင့် မပြောပါ။ လော်ရာနှင့်ပဲ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ အချိန် သိပ်မရှိပေမဲ့ ကျွန်တော် ကံကောင်းတယ် အကျိုးဆောင်"

"ပြောပါဦး"

"အယ်လင်း ရေးနိုးဟာ နော့သ်ဖီး တက္ကသိုလ်မှာ တက်တယ်၊ လေးနှစ် နေတယ်၊ ဒါပေမဲ့ ဘွဲ့မရဘူး"

"လေးနှစ် အပြီးမှာ မအောင်လို့ ထွက်လာရတာလား"

"မဟုတ်ဘူး၊ သူ စာတော်တယ်၊ အမှတ်ကောင်းတယ်"

"ဒါဖြစ်ရင် ဘာဖြစ်လို့လဲ"

"ဘွဲ့မယူခင် နှစ်လလောက်မှာ ကျောင်းက ထွက်သွားတာပဲ၊ ကျွန်တော် ထင်တာ မလွဲရင် အကျိုးဆောင် ထင်ထားတဲ့ ကိစ္စဟာ အဲဒီမှ ဖြစ်တာပဲ ဖြစ်မယ်"

"ဒါပဲလား"

"လောလောဆယ်တော့ ဒါပဲ၊ ကျွန်တော့် အနေနဲ့ ဒါ့ထက် ဆက်ပြီး လိုက်ရင် အလုပ် အနေနဲ့ သတင်းကို လွှင့်ပေးရလိမ့်မယ်၊ အဲဒီတော့ တိုးတိုးတိတ်တိတ် ဖြစ်ချင်တယ် ဆိုရင်တော့ ကိုယ့်ဟာ ကိုယ်ပဲ ဆက်ပြီး လိုက်ကြပေတော့"

"ကျေးဇူးပါပဲ ဂျူအန်"

လော်ရာ တယ်လီဖုန်းကို ချပြီး ရရှိသည့် သတင်းကို ခရစ်အား ပြန် ပြောလိုက်သည်။

ခရစ်က–

တစ်ယောက်ယောက် သိရမယ်၊ သူနဲ့ အခန်းဖော်၊ သူရဲ့ အခန်းဖော် ဘယ်သူလဲ ဆိုတာ ကိုယ်တို့ ရှာပြီး အဲဒီ အမျိုးသမီးကို မေးရမယ်"

"အခန်းဖော် တစ်ယောက်ဟာ သိလည်း ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး၊ ညီမတို့ နှစ်ယောက် တစ်ယောက်ယောက် ကျောင်းကို ချက်ချင်း လိုက်သွားပြီး စုံစမ်းရင် ကောင်းမယ်"

ခရစ်က–

"ညီမက ရုံးမှာ ရှိနေမှ ဖြစ်မယ်"

"ဟုတ်တယ်၊ အစ်ကို သွားမှ ဖြစ်မယ်"

လော်ရာ ပြောလိုက်သည်။

*





ခရစ် ဂရန့်သည် နော့သ်ဖီးမြို့သို့ မိုးကြီးချုပ်မှပင် ရောက်သွားသည်။ ဟိုတယ် စာရေးကို သူ နှိုးရသည်။ ထိုညက အိပ်ရေး မဝပါ။ နောက်တစ်နေ့ နံနက် ရေအေးအေး ချိုးလိုက်တော့မှ အတန်ငယ် လန်းသွားသည်။ မနက်ပိုင်း မုန့်စား ပြီး ကော်ဖီကြမ်း သုံးခွက်လောက် သောက်လိုက်သောအခါ ပိုပြီး ဟန်ကျသွား သည်။ နံနက် ကိုးနာရီလောက်တွင်ကား သူသည် တက္ကသိုလ် ကျောင်းဝင်း ထဲသို့ ရောက်ရှိနေတော့၏။ နွေဦးကာလ ဖြစ်သဖြင့် တက္ကသိုလ် ပရိဝုဏ်သည် စိမ်းလန်းလျက် ရှိသည်။ သူ့ အသက် သုံးဆယ့်ခြောက်နှစ်နှင့် နှိုင်းစာသော အခါ မိန်းကလေးတွေက ငယ်ရွယ်လွန်းနေကြသည်။ သူတို့ကလေးတွေက ပေါင်တံရှည်ရှည် ရင်သားပြည့်ပြည့် ဖြစ်ကြသည်။ ဂျင်းဘောင်းဘီ ဝတ်ပြီး ဖိနပ်ရှည်များကို စီးထားကြသည်၊ အင်္ကျီကလည်း အပြာရောင် ယောကျ်ားရှပ် အင်္ကျီများ ဖြစ်ကြသည်။ ဆံပင်ရှည်ရှည် ပါးနီနီနှင့် မိန်းကလေးများသည် ကျန်းမာခြင်းလည်း ရှိ၍ ဖွံ့ဖြိုးခြင်းလည်း ရှိကြပေသည်။

အုပ်ချုပ်ရေး ရုံးသို့ သူ သွားရောက်သည်။ သူသည် နော့သ်ဖီးမြို့သို့ ပြောင်းရွှေ့ရန် စိတ်ကူး ရှိသဖြင့် တက္ကသိုလ် ဆေးရုံတွင် အချိန်ပိုင်း ဆရာဝန် အလုပ် ရနိုင်မလားဟု စုံစမ်းသည်။

မော်ကွန်းထိန်း အိမ်မီလီဝါတာတင်နှင့် သူ ပထမဆုံး တွေ့ရသည်။ အမျိုးသမီးက သူ့ကို ကောင်းမွန်စွာ လက်ခံ တွေ့ဆုံသည့်အတွက် သူ စိတ်ချမ်း သာသွားသည်။ သူမက သူ ရောက်နေသည့် အကြောင်း တက္ကသိုလ် ဆေးရုံအုပ် အမျိုးသမီးထံ ဖုန်းဆက်ပြီး အကြောင်းကြားပေးမည်ဟုပင် ဆိုသည်။ သူက နေပါစေဟု ပြောရသည်။ သူက သူ့ဘာသူ မိတ်ဆက်ရသည်ကို ပိုပြီး နှစ်သက် သည်။

တက္ကသိုလ် ဆေးရုံသို့ သူ ရောက်ရှိသွားချိန်တွင် ဆေးရုံအုပ် အခန်း၏ အပြင်ဘက်တွင် ကျောင်းသူ သုံးယောက် စောင့်ဆိုင်းလျက် ရှိသည်။ သို့ရာတွင် သူနာပြု ဆရာမကလေးက သူ ရောက်ရှိနေကြောင်း၊ ဒေါက်တာ လမ်ဟောင်ကို ချက်ချင်း အကြောင်းကြားပေးမည်ဟု ဆိုသည်။ ခရစ်က သူ ဆောင့်နေမည်ဟု ပြောလိုက်သည်။ လူနာ စောင့်နေစဉ် ဆရာဝန် တစ်ယောက်ကို တွေ့ဆုံခဲ့လျှင် တွေ့ဆုံခြင်းကို အဆုံးသတ်ရန် အကောင်းဆုံး အကြောင်းပြချက်က ရှိသင့် ရှိနေပေသည်။ လူနာများ မရှိချိန်တွင် အေးအေးဆေးဆေး တွေ့ဆုံခြင်းက



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြစ်ပေသည်။ တက္ကသိုလ် မဂ္ဂဇင်း ဂိမန္တာစာစောင်ကို သူ ကောက်ယူပြီး ကြည့်သည်။ ယေဘုယျအားဖြင့် ပြောရလျှင် ကျောင်းမဂ္ဂဇင်းများသည် ပုံစံပြောင်းလဲခြင်း မရှိပေ။ ဗန်းစကားတွေသာ ပြောင်းလဲသည်။ ကဗျာနှင့် ဝတ္ထုများကား ယခင် ကာလများက အတိုင်းပင် ဖြစ်သည်။

နောက်ဆုံးတွင် ဆရာဝန် အားလပ်သွားသည်။ ဒေါက်တာ ဖလိုးရင့် လမ်ပကင်သည် အရပ်မြင့်မြင့်၊ ခွံခွံချောချော ဖြစ်သည်။ သူမ၏ မျက်နှာက တည်ငြိမ် ခံ့ညားသည်။ သူမ၏ အပြုံးက ချိုလွင်သည်။ သူမ၏ အသက်ကို ခရစ် ခန့်မှန်းကြည့်သည်။ ၃၉ နှစ်ထက် ကျော်ဦးမည် မဟုတ်၊ အလွန်ဆုံး လေးဆယ် ဖြစ်သည်။

သူမသည် သူ ပြောနေသည်များကို ဆုံလည် ကုလားထိုင်တွင် ကျော မှီပြီး နားထောင်နေသည်။ သူမ၏ တောက်ပသော မျက်လုံးများက မည်သည့် အရိပ်လက္ခဏာကိုမျှ မပြ၊ စိတ်ဝင်စားဟန်ကိုသာ ပြသည်။

"ဟုတ်တယ် ဒေါက်တာ၊ ဒီခေတ်မှာ မမွေးဖွားခင်နဲ့ မွေးဖွားပြီး အချိန်မှာ ဘယ်လို ဂရုစိုက် စောင့်ရှောက်ရမယ် ဆိုတာ ကျွန်မတို့ တက္ကသိုလ်မှာ သိပ်ပြီး အရေးကြီးပါတယ်"

သူ စကားဆုံးသောအခါ အမျိုးသမီးက ပြောသည်။

ဤသည်မှာ ခရစ် လိုချင်သော စကားပင် ဖြစ်သည်။ သို့ဖြင့်-

"အခုလို အပြောင်းအလဲတွေကို လေ့လာနိုင်အောင် ဒေါက်တာ ဒီကို ရောက်နေတာ ဘယ်လောက် ကြာပြီလဲ"

"ရှစ်နှစ်"

ဟုတ်ပြီ။

"ကိုယ်ဝန် ဖျက်ချတာကို အစိုးရက တရားဝင် ခွင့်မပြုခင်တုန်းက ဒီလို ကိစ္စတွေကို ဒေါက်တာ ဘယ်လို ကိုင်တွယ် ဖြေရှင်းပါသလဲ"

"အဲဒီအချိန်တုန်းကတော့ မိန်းကလေး တစ်ယောက်ဟာ ကိုယ်ဝန်ကို မယူချင်ဘူး ဆိုရင် နိုင်ငံခြားကို သွားတာပဲ၊ ဒါမှမဟုတ် ကိုယ်ဝန်ကို တိတ်တဆိတ် ဖျက်ချတာပဲပေါ့၊ ဒါပေမဲ့ ကျွန်မကတော့ အဲဒီလိုမျိုး မလုပ်ဖို့ သူတို့ကို အမြဲတမ်း အကြံပေးပါတယ်"

"အမှန်ပဲပေါ့"

"အဲဒီအချိန်မှာ ငွေရေးကြေးရေး ကိစ္စကလည်း ပြဿနာ ဖြစ်လာတယ်"





ဒေါက်တာ လမ်ပကင်က စကားကို ထိန်းပြီး ပြောလိုက်သည်။

"မိန်းကလေးတွေ အဲဒီလို ပြဿနာ ဖြစ်လာတဲ့အခါ ဒေါက်တာ့ဆီကို လာကြသလား"

ခရစ် မေးလိုက်သည်။

"တော်တော်များများ လာကြပါတယ်၊ ဒါပေမဲ့ အားလုံးတော့လည်း မဟုတ်ဘူးပေါ့"

"ကျောင်းထုတ်ခံရမှာ ကြောက်ကြလို့လား"

"တစ်ချိန်တုန်းက အဲဒီကိစ္စအတွက် ဘယ်သူ့ကိုမှ ကျောင်းမထုတ်ပါဘူး"

"အဲဒီလို လွတ်လပ်ခွင့် ပေးထားတဲ့ အချိန် ဘယ်နှနှစ်လောက် ရှိသလဲ"

"ဒေါက်တာ စိတ်ဝင်စားတဲ့ ကာလအပိုင်းအခြား ပါတဲ့ အထိပါပဲ၊ ဒေါက်တာ ဂရန့်" သူမက ယင်းသို့ ပြောလိုက်ပြီး သူ့ကို စေ့စိုက်ကာ ကြည့်နေသည်။ "ဒေါက်တာရဲ့ နာမည်ကို ကျွန်မ မမှတ်မိဘူးလို့ ဒေါက်တာ ထင်နေသလား" ထို့နောက် "ကျွန်မအနေနဲ့ ဘယ်လောက်ပဲ ကူညီချင်ပေမဲ့ ဒေါက်တာ့ကို ကျွန်မ မကူညီနိုင်ဘူး ဆိုတာ ဒေါက်တာ သိပါတယ်၊ ကျွန်မဟာ ဒီကျောင်း အပေါ်မှာ တာဝန် ရှိသလို ကျွန်မ ကုသရတဲ့ လူနာတွေပေါ်မှာလည်း တာဝန် ရှိပါတယ်"

"ကျွန်တော့်အနေနဲ့ အခုလို ဥပါယ်တံမျဉ် ဆောင်ရတာ အဲဒီကိစ္စအတွက်ပဲ၊ ကျွန်တော်တို့ဟာ အခုအချိန်မှာ အင်မတန်ကြီးကို အခြေအနေဆိုးနေပါတယ်၊ ကျွန်တော်ဟာ အဲဒီနည်းနဲ့သာ အထောက်အထား မပြနိုင်ခဲ့ရင် လွဲမှားစွာ ကုသမှုနဲ့ မတရား ပြစ်ဒဏ် ခံရတော့မှာပဲ"

ခရစ် ဖွင့်ဟလိုက်သည်။

သို့သော် ဒေါက်တာ လမ်ပကင် မလိုက်လျောပါ။

"ဝမ်းနည်းပါတယ်ရှင်"

သည်စကားကိုသာ သူမ ပြောသည်။ တကယ်ပင် ဝမ်းနည်းဟန်လည်း ရှိပါသည်။

သို့သော် ခရစ်က ဆက်လက် ကြိုးစားသည့် အနေဖြင့်-

"ကျွန်တော်တို့ လုံးဝ မသိတာတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ သိထားတာတွေ ရှိပါတယ်၊ အယ်လင်း ရေးနိုးဟာ ဘွဲ့ယူဖို့ အချိန် နှစ်လ



www.burmeseclassic.com

www.burmeseclassic.com



အလိုမှာ ကျောင်းက ထွက်သွားတာ၊ ဘွဲ့ယူဖို့ ကျောင်းကို လုံးဝ ပြန်မလာတော့ဘူး"

ဒေါက်တာ လမ်ပကင် အဝေးသို့ ငေးနေသည်။

ခရစ် ဆက်ပြီး ပြောသည်။

"ကျွန်တော်တို့ ယူဆတာကတော့ အယ်လင်းဟာ အဲဒီကာလ မတိုင်ခင်ကလေးမှာ ကိုယ်ဝန် ရှိရမယ်၊ သူမှာ ပိုက်ဆံ ချမ်းသာတဲ့အတွက် နိုင်ငံခြားကို သွားမယ်၊ အဲဒီမှာ ကိုယ်ဝန်ကို ဖျက်ချမယ်၊ အဲဒီနောက်ပိုင်းမှာ သူဟာ သူ့သဘောနဲ့ သူ ကျောင်းကို ပြန်မလာတာလည်း ဖြစ်နိုင်တယ်၊ သူ့ အဖေက ပြန်မလွှတ်တာလည်း ဖြစ်နိုင်တယ်၊ ကျွန်တော် တွက်တာ မှန်သလား"

"ကျွန်မ အဖြေ မပေးနိုင်ပါဘူး"

"ဒေါက်တာ ငြင်းနိုင်သလား"

"ကျွန်မ ဘာမှ မပြောလိုပါဘူး"

"ဟုတ်ပြီ၊ အလျှင်တုန်းက ကျွန်တော် မသိခဲ့တာ တစ်ခုကို အခု ကျွန်တော် သိသွားပြီ၊ ဒီကိစ္စဟာ တကယ် ဖြစ်ခဲ့တယ်၊ ဒေါက်တာ့ကို သူ လာတွေ့တယ်"

"ဒေါက်တာ ဘယ်လို လုပ်ပြီး သိသလဲ"

"ဒေါက်တာ အနေနဲ့ ဒီကိစ္စကို ဘာမှ မသိဘူး ဆိုရင် အခုလို ဘာမှ ဖုံးကွယ်နေစရာ မလိုဘူး၊ စိတ်ထဲ ရှိတာကို လွတ်လွတ်လပ်လပ် ပြောရုံပဲ"

သူ့စကားကို သူမ မငြင်းပါ။ သူမသည် သူမ၏ လုပ်ငန်းဘောင်အတွင်းမှ နေ၍ သူ့ကို အတတ်နိုင်ဆုံး ကူညီနေကြောင်း ခရစ် သတိပြုမိသည်။ သူမကို သည့်ထက် ပိုပြီး မေးရန် မသင့်တော်ပါ။

"ဒေါက်တာကို အခုလို အနေအထားမျိုး ရောက်အောင် လုပ်မိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်"

ခရစ်က တွေ့ဆုံ မေးမြန်းခြင်းကို နိဂုံးချုပ်သည့် အနေဖြင့် ပြောလိုက်သည်။

"ကျွန်မ ကူညီနိုင်တယ် ဆိုရင် ကူညီပါတယ်၊ ယုံပါ"

"ဒေါက်တာ့ အနေနဲ့ ဘာအကြံဉာဏ်များ ပေးစရာ ရှိပါသလဲ"

"ဆက်ပြီး စုံစမ်းပါ"

တက္ကသိုလ် ဆေးရုံ ရှေ့တွင် ခရစ် ရပ်နေသည်။ နာရီစင်မှ သင်တန်းပြောင်း အချက်ပေးသည်။ ကျောင်းဝင်းထဲတွင် ကျောင်းသူများ ဥဒဟို သွားလာ





နေကြသည်။ အချို့က စက်ဘီးတွေနှင့် ဖြစ်သည်။ ကျောင်းသူ တစ်ယောက်သည် သူ့ကို ဝင်တိုက်မိတော့မတတ် ပွတ်သွားသည်။ သူမက သူ့ကို ကြောင်မျက်လုံးဖြင့် ဖမ်းစားသွားသည်။

ခရစ်သည် ဒေါက်တာ လမ်ပကင် ထံမှ ရရှိသော အချက်များကို ပြန်လည် စဉ်းစားနေသည်။ သူမက ဆက်ပြီး စုံစမ်းရန် ပြောသည်။ သို့ရာတွင် အယ်လင်း ကျောင်းမှ ထွက်သွားသည်မှာ လေးနှစ် ရှိပြီ ဖြစ်၍ သူမနှင့် ရင်းနှီးသော ကျောင်းသူ တစ်ယောက်ကို ဘယ်လို လုပ်ပြီး ရှာတွေ့နိုင်မည်နည်း။ တစ်ခုတော့ ရှိသည်။ ကျောင်းသူ တစ်ယောက်ယောက်ကို ရည်ညွှန်းခြင်း မဟုတ်လျှင်တော့ ဖြစ်နိုင်သည်။ တက္ကသိုလ်နှင့် အဆက်အသွယ် ရှိသော ယောကျ်ား တစ်ယောက် ဖြစ်နိုင်သည်။ တက္ကသိုလ်က ဆရာ တစ်ယောက် ဖြစ်နိုင်သည်။ အယ်လင်း ရေးနီး၏ ကျောင်းမှတ်တမ်းဖိုင်ကို တစ်နည်းနည်းနှင့် ရနိုင်လျှင် ကောင်းမည်။ ဤကိစ္စအတွက် လည်း ဥပါယ်တံမျဉ် ပြုရပေဦးမည်။

*

"ကျွန်တော့်ကို မော်ကွန်းထိန်း ဝါတာတင်က လွှတ်လိုက်ပါတယ်၊ ကျောင်းသူ တစ်ယောက်ရဲ့ နောက်ကြောင်း ရာဇဝင်ကို သိချင်လို့ပါ၊ ခြောက်ဆယ့်ကိုး သင်တန်းက အယ်လင်း ရေးနီးပါ"

ခရစ်က အတတ်နိုင်ဆုံး ချိုသာစွာဖြင့် ပြောလိုက်သည်။

မော်ကွန်းထိန်း၏ အမည်သည် ထိရောက်လှသည်။ မှတ်တမ်းရုံး စာရေးမကလေးသည် "ခြောက်ဆယ့်ကိုး သင်တန်း၊ အယ်လင်း ရေးနီး" ဟု ပါးစပ်မှ ရွတ်ဆိုပြီးနောက် အတွင်းဘက်သို့ ဝင်ရောက်သွားသည်။ သို့သော် သူမသည် မော်ကွန်းထိန်း ထံသို့ ဖုန်းဆက်ပြီးများ မေးနေမလားဟု ခရစ် စိုးရိမ်နေမိသေးသည်။ အတန်ကြာတော့မှ ဖိုင်တစ်ခုကို ကိုင်ပြီး သူမ ပြန်လည် ရောက်ရှိလာသည်။

"အယ်လင်း ရေးနီး" သူမက ဖိုင်ကို သူ့အား ပေးလိုက်သည်။ "အပြင်ကို ယူသွားလို့တော့ မရဘူး"

ယင်းသို့ ပြောပြီး သူမက အခန်းထောင့် တစ်နေရာရှိ စားပွဲခုံသို့ ညွှန်ပြလိုက်သည်။ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ခရစ် အနေနှင့် ဖိုင်ကို ကြည့်ရလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ။ သို့ရာတွင် ခရစ်သည် သူ့ ကိုယ် သူ ထိန်းလျက် ဖိုင်တွဲကို သတင်းစာ တစ်စောင် ဖတ်သလို အေးဆေးစွာပင် လှန်လှောကြည့်နေသည်။

မာတိကာကို အလျင် ကြည့်သည်။ ကိုယ်ရေးရာဇဝင်၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဆေးမှတ်တမ်း၊ လှုပ်ရှားမှုများ။

ဆေးမှတ်တမ်းကို သူ ကြည့်သည်။ ဆေးရုံသို့ လာရောက် ပြသသည့် မှတ်တမ်းများ ပါရှိသည်။ ဗိုက်မကောင်းခြင်း၊ အအေးမိခြင်း၊ ဖျားနာခြင်း။ ဒုတိယနှစ်တွင် ဇက ချူကလိယဆဲလ် တိုးခြင်း၊ သို့သော် ရောဂါ မပြင်းထန် ပါ။ သူမကို အိမ်ပြန်ခိုင်းသည်။ ခရစ်သည် စတုတ္ထနှစ် မှတ်တမ်းများကို ဂရု တစိုက် ကြည့်ရှုသည်။ ကားတိုက်မှုကြောင့် ဒဏ်ရာ အနည်းငယ် ရရှိသည်။ ယင်းကားတိုက်မှုတွင် သူမသည် ကိုယ့်ကားကို ကိုယ်ကိုယ်တိုင် မောင်းနှင် သည်။ အအေးမိခြင်း နှစ်ကြိမ် ရှိသည်။ တစ်ကြိမ်တွင် နမိုးနီးယား ဝင်သဖြင့် ပဋိဇီဝဆေးများ ထိုးရသည်။ ထို့နောက် ရုတ်ခြည်း ဆိုသလို မှတ်တမ်းများ ပြတ်သွားသည်။ ထိုနှစ်၏ နောက်ဆုံးလများ ဖြစ်သော မတ်လ အလယ်ပိုင်း လောက်မှ စ၍ မေလအထိ ဘာမှတ်တမ်းမျှ မရှိပါ။ ပြရိုးပြစဉ် လာရောက် ပြသသည်ပင် မရှိပါ။

သည်ကိစ္စကို နားလည်နိုင်ပါသည်။ တက္ကသိုလ် တစ်ခု အနေဖြင့် အထူးသဖြင့် ဒေါက်တာ လမ်ပကင် အနေနှင့် တိတ်တဆိတ် ကိုယ်ဝန် ရှိသည် ကို မှတ်တမ်းထားလိမ့်မည် မဟုတ်ပါ။

ခရစ်သည် အယ်လင်း၏ နောက်ဆုံး နှစ်ပညာရေး မှတ်တမ်းများကို ကြည့်ရှုပြန်သည်။ ဘာသာရပ် ခြောက်ခု ရှိသည်။ ဘာသာရပ် တစ်ခုစီ၏ ဘေးတွင် ပါမောက္ခ သို့မဟုတ် နည်းပြဆရာ၏ အမည်ကို ယှဉ်တွဲ ဖော်ပြ ထားသည်။ သူသည် ဆရာများ၏ နာမည်များကို လျင်မြန်စွာ လျှောက်ဖတ်သွား သည်။ ခြောက်ယောက်အနက် သုံးယောက်က ဆရာမ ဖြစ်သည်။ သုံးယောက် က ဆရာ ဖြစ်သည်။ ဟင်နရီဝီးလ်စ်၊ ဒဿနိကဗေဒ။ ဂရီဂိုရီမေယာ၊ အသုံးချ စိတ်ပညာ။ အာသာဝပ်၊ အင်္ဂလိပ်စာပေ။

*





ဒဿနိကနှင့် စိတ်ပညာ ဌာနများ ရှိသော ဗာတန်ဆောင် အပြင်ဘက်တွင် ခရစ် ရပ်နေသည်။

ခရစ် စုံစမ်းသောအခါ ဒေါက်တာ ဝီးလ်စ်သည် လွန်ခဲ့သော နှစ်နှစ်က အငြိမ်းစား ယူသွားပြီ ဖြစ်သည်။ လက်ရှိ ဌာနမှူး၏ အတွင်းရေးမှူးက ဒေါက်တာ ဝီးလ်စ်၏ လိပ်စာကို ပေးသည်။ သို့သော် အသက်ခြောက်ဆယ့် ငါးနှစ် အထက် လူတစ်ယောက် ထံသို့ ခရစ် သွားရန် အကြောင်း မရှိပါ။

အသုံးချ စိတ်ပညာ ပါမောက္ခ ဒေါက်တာ ဂရီဂိုရီမေယာမှာလည်း အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သည်။ သူသည် အရပ်မြင့်ပြီး အသားအရေ တွေ တွန့်နေပြီ ဖြစ်သည်။

ခရစ်က အယ်လင်း ရေးနီး အကြောင်း ပြောသောအခါ သူ ခေါင်းမော့ ပြီး စဉ်းစားသည်။

"သြော် မှတ်မိပြီ၊ လူတော်ကလေးပဲ၊ အထူးချွန်ကြီးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကြိုးစားတယ်၊ သူ့ မှတ်တမ်းတွေ သိချင်ရင် ကျုပ် ရှာပေးမယ်၊ ဘယ်နှစ်ကလဲ"

ခရစ်က နှစ်ကို ပြောလိုက်သည်။ ၁၉၆၉ ခုနှစ်ဟု ရေးထိုးထားသော မှတ်တမ်းစာအုပ်ကို အဘိုးကြီး ရှာတွေ့သည်။

"ကျုပ် မှတ်မိထားတာထက်တောင် ပိုတော်နေတယ်၊ ဘီ သုံးခု၊ အေ မိုင်းနပ်စ် တစ်ခု၊ အင်း စိတ်ဝင်စားစရာပဲ၊ ကျောင်းပြီးအောင် နေမသွားဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဟုတ်လား" အဘိုးကြီး ပြုံးလိုက်သည်။ "သူ လက်ထပ် သွားတယ်၊ ကနေ့ တက္ကသိုလ် ကျောင်းသူတွေဟာ စိတ်လှုပ်ရှားတတ်ကြတယ်၊ ခင်ပွန်းဟာ ဆရာဝန် တစ်ယောက်ပဲ၊ ကျုပ် ဘာပြောနေစရာ လိုသလဲ"

ခရစ် နောက်ထပ် မေးခွန်းတွေ မေးကြည့်သည်။ တစ်ခုတော့ သေချာ သည်။ ဒေါက်တာ မေယာသည် မိန်းကလေး ပြဿနာ ဖြစ်သောလူ မဖြစ်နိုင် ပါ။ သို့သော် သူသည် ကျောင်းသူတွေ ယုံကြည် ကိုးစားတတ်သော ပါမောက္ခ တစ်ယောက်မျိုး ဖြစ်သည်။ ယင်းကြောင့်–

"ဆရာဝန် တစ်ယောက် အနေနဲ့ ကျွန်တော် သိတဲ့ အကြောင်းတစ်ခု တော့ ရှိတယ်၊ မိန်းကလေးဟာ ကိုယ်ဝန် ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန် ဟုတ်လား၊ ကနေ့ မိန်းကလေးတွေဟာ ကိုယ်ဝန် ရှိတာကို မဖုံးကြတဲ့အပြင် ကြွားတောင် ကြွားကြသေးတယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ အယ်လင်း ရေးနိုးတို့ ခေတ်တုန်းကတော့ မဟုတ်ဘူး"

"မှန်တယ်၊ ဒါပေမဲ့ မဟုတ်ဘူးလို့ ကျုပ် ထင်တယ်၊ မိန်းကလေးက သိပ်မရဲဘူး၊ လှတော့လှတယ်၊ ဒါပေမဲ့ ယောကျ်ားလေး တစ်ယောက်ကို ဆွဲဆောင်နိုင်လောက်အောင်တော့ မဟုတ်ဘူး၊ ကျုပ် ခဏခဏ စဉ်းစားမိတယ်၊ ဒီလို ဖြစ်ရတာ သူ့ အဖေရဲ့ အရှိန်အဝါမှာ လောင်းရိပ်မိနေလို့လားလို့၊ မိန်းကလေးမှာ သူ့ အဖေက တာဝန်ကြီး တစ်ခုလိုပဲ ပိနေတယ်"

ဒေါက်တာ မေယာ ထံမှာ နောက်ထပ် ဘာသတင်းမှ ရနိုင်ရန် အကြောင်း မရှိတော့သဖြင့် ခရစ်သည် ကျေးဇူးတင်စကားပြောပြီး မြန်နိုင်သမျှ မြန်မြန် ပြန်ထွက်ခဲ့သည်။

ခရော့ဆောင် အပြင်ဘက် ဆိုင်းဘုတ်တွင် ကြည့်သောအခါ အင်္ဂလိပ်စာ ဌာနမှ ဒေါက်တာ အာသာဝပ်၏ အခန်းသည် ၂၀၅ ဖြစ်သည်။ လှေကားမှ ခရစ် တက်သွားသောအခါ လက်နှိပ်စက်ရိုက်သံများကို ကြားနေရသည်။ အခန်း ၂၀၅ တံခါး ပွင့်နေသည်။ တံခါးဝတွင် ခရစ် ရပ်လိုက်သောအခါ လူလတ်ပိုင်းအရွယ် ဝဝဖိုင့်ဖိုင့် အတွင်းရေးမှူးသည် အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် မော့ကြည့်သည်။

"ဒေါက်တာ ဝပ်နဲ့ ချိန်းထားလို့လား"

သူမက မေးလိုက်သည်။

"ကျွန်တော့်ကို မော်ကွန်းထိန်း ဝါတာတင်က လွှတ်လိုက်လို့ပါ"

ခရစ် လိမ်လိုက်သည်။

"ဒေါက်တာ ဝပ်မှာ ချိန်းထားတာတွေ အများကြီး ရှိနေတယ်၊ ဒါပေမဲ့ ရှင် စောင့်နိုင်မယ် ဆိုရင်တော့ ရှင့်ကို သူ တွေ့နိုင် မတွေ့နိုင် ကျွန်မ မေးကြည့်ပေးမယ်"

သူမက သားရေ ကုလားထိုင် တစ်လုံးကို ညွှန်ပြသည်။ ခရစ်က ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ မိနစ် အနည်းငယ် ကြာသောအခါ ဒေါက်တာ ဝပ်၏ ရုံးခန်း တံခါး ပွင့်လာသည်။ အထဲမှ မိန်းကလေး တစ်ယောက် ထွက်လာသည်။ ကျောင်းသူ တစ်ယောက် ဖြစ်ကြောင်း သိသာ ထင်ရှားသည်။





သူမ၏ မျက်နှာကို ကြည့်ရခြင်းအားဖြင့် သူမ၏ အင်တာဗျူး အခြေအနေ မလှကြောင်း သိရှိနိုင်ပါသည်။

အတွင်းရေးမှူး ရုံးခန်းတွင်းသို့ ဝင်သွားသည်။ မိနစ် အတန်ကြာသည်။ ပြန်ထွက်လာသောအခါ–

"ဒေါက်တာ ဝပ်က ရှင့်ကို အခုပဲ တွေ့ပါလိမ့်မယ်"

ခရစ် ဝင်သွားသောအခါ စားပွဲ၏ နောက်ဘက်တွင် ထိုင်နေသော အရပ်မြင့်မြင့် လူမည်းက–

"ဒေါက်တာ ဂရန့်ပါလား"

ဒေါက်တာ ဝပ်သည် အသက်သုံးဆယ်ကျော် အရွယ် ဖြစ်သည်။ တောင့်တောင့်သွယ်သွယ် ဖြစ်သည်။ သူ့ ဆံပင်များက အာဖရိကတိုက်သား တစ်ဦး ဖြစ်ကြောင်း မသိမသာ ညွှန်ပြနေသည်။ သူ၏ အဝတ်အစားများက သေသပ် ကောင်းမွန်လှသည်။

"ဒေါက်တာ ဝပ်၊ ဒေါက်တာ့ကို ကျွန်တော် တစ်ခုမေး"

ခရစ် စကားစလိုက်စဉ်မှာပင် ဒေါက်တာ ဝပ် ကြားဖြတ်ပြီး–

"ဒေါက်တာ ဂရန့်၊ ဒေါက်တာ ဘာဖြစ်လို့ မုသား သုံးရတာလဲ၊ ဒေါက်တာ ကျွန်တော်နဲ့ တွေ့ချင်တဲ့အတွက် မော်ကွန်းထိန်းရဲ့ နာမည်ကို သုံးစရာ မလိုပါဘူး၊ ဒေါက်တာက စကတည်းက အရေခြုံပြီး လာတာပဲ၊ ရိုးသားတဲ့ အလုပ်နဲ့ လာတဲ့ လူ တစ်ယောက်ဟာ ဘာမှ အရေခြုံစရာ မရှိပါဘူး"

"ကျွန်တော် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့် အလုပ်မှာ နှောင့်နှေးမှာ စိုးလို့ လုပ်ရတာပါ"

ဝပ်က ခရစ်ကို ထိုင်ရန် ပြသည်။

"ကျွန်တော် နားထောင်နေပါတယ်"

သူက ပြောလိုက်သည်။

ခရစ်က ဝပ်ကို ခေတ္တမျှ သုံးသပ်ကြည့်သည်။ သူက လူချော လူခြောင့်ကြီး ဖြစ်သည်။ သူ့ အသက သာယာ သိမ်မွေ့သည်။ သူသည် စိတ်အာရုံ လှုပ်ရှား ခံစားတတ်သည့် လူစားမျိုး ဖြစ်သည်။

"ဒေါက်တာ ဝပ်၊ ဒေါက်တာ သဘောကျတဲ့အတိုင်း ရိုးရိုးရှင်းရှင်း ပြောရမယ် ဆိုရင်တော့ ကျွန်တော် ဒီကို လာတာဟာ အယ်လင်း ရေးနိုး အကြောင်း သိချင်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဘာသိချင်သလဲ"

"ကိုယ်ရေးကိုယ်တာနဲ့ ဆိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဘဝက ဒီအပေါ်မှာ တည်နေတော့ ကျွန်တော် မေးပါရစေ"

"ဘာမှ တောင်းပန် မနေပါနဲ့၊ မေးမှာသာ မေးပါ"

"တောင်းပန်တာ မဟုတ်ပါဘူး၊ ရှင်းပြတာပါ၊ ကျွန်တော်ဟာ လွဲမှားကုသမှုနဲ့ "တရားစွဲ ခံနေရတယ်၊ ဒီအမှုမှာ ကျွန်တော် ရှုံးခဲ့ရင် ကျွန်တော် လုပ်ခဲ့တာတွေ အားလုံးဟာ သဲထဲရေသွန် ဖြစ်သွားမယ်၊ တကယ်တော့ ကျွန်တော် လုပ်ထားတဲ့ အလုပ်ဟာ နောင်လာမယ့် ရာစုနှစ်တွေမှာ ဒေါက်တာတို့ လူမျိုးတွေအတွက် အများကြီး အကျိုးဖြစ်ထွန်းစေလိမ့်မယ်"

"ကျွန်တော်တို့ လူမျိုးတွေအတွက် လုပ်နေတယ် ဆိုတဲ့ စကားနဲ့ ဒေါက်တာက ကျွန်တော့်ကို လာဘ်ထိုး နေတာလား"

ဝပ်က မေးလိုက်သည်။ သူ တစ်ဖက်သို့ ဆတ်ခနဲ လှည့်သွားသည်။

"ဒေါက်တာဟာ လူမည်းတွေအတွက် တစ်ခုခု လုပ်မပေးခဲ့ရင် ကျွန်တော်က အမှန်ကို ပြောမှာ မဟုတ်ဘူးလို့ ဘာဖြစ်လို့ ယူဆရတာလဲ"

ဝပ်သည် ပြတင်းပေါက်မှ နေ၍ ကျောင်းဝင်း အတွင်းသို့ ကြည့်နေသည်။ သူ့ လက်ချောင်းများကို သူ ခပ်နာနာ ချိုးလိမ်နေသည်။ တချွတ်ချွတ် မြည်သံများကို ခရစ် ကြားနေရသည်။

"ခင်ဗျား ဘာသိချင်တာလဲ"

သူ မေးလိုက်သည်။

"သူ ခင်ဗျားကို ချစ်ခဲ့သလား"

"ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်ခဲ့ကြတယ်"

ဝပ်က ခရစ်၏ စကားကို သိမ်မွေ့စွာ ပြင်ပေးလိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်၊ ဒေါက်တာ့မှာ အများကြီး စိတ်ထိခိုက်ရမယ် ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ အခြေအနေအရ ကျွန်တော် မလုပ်မဖြစ်လို့ လုပ်ရတာပါ"

"လုပ်ပါ"

သူ တိုးညင်းစွာ ပြောသည်။

"ကျွန်တော်တို့ဟာ အမှန်ကို မသိရဘဲနဲ့ အမှုကို ဘယ်လိုမှ မခုခံမကာကွယ်နိုင်ဘူး၊ ဒီအမှု တစ်ခုလုံးရဲ့ အရင်းအမြစ်ဟာ အချက် တစ်ချက်





တည်း ပေါ်မှာပဲ တည်နေတယ်၊ အယ်လင်းဟာ အခု သားဦးလေးကို မမွေးခင်မှာ ကိုယ်ဝန်ရှိခဲ့ဖူးသလား ဆိုတဲ့ အချက်ပဲ"

ဝပ် ဘာမျှ မတုံ့ပြန်ပါ။

တိတ်ဆိတ်မှုက သူတို့ကို ဖိစီးနေသည်။

"သူ့မှာ ကိုယ်ဝန်ရှိနေပြီး အဲဒါကို ကျွန်တော် မသိနိုင်ဘူးလို့ကော ဒေါက်တာ မယူဆဘူးလား"

"ယူဆပါတယ်"

"ဒီမယ်၊ သူ့မှာ ပိုက်ဆံ ချမ်းသာနေတာကိုကပဲ ဆိုးလှပြီ၊ အဲဒီအထဲမှာ သူ့ အဖေရဲ့ အရှိန်အဝါနဲ့ ဩဇာကြီးနေတာက ပိုပြီး ဆိုးနေတယ်၊ ကျွန်တော် သူ့ကို မတွေ့ဖူးပါဘူး၊ ဒါပေမဲ့ သူဟာ ဘယ်လို လူစားမျိုး ဆိုတာကို အယ်လင်း ပြောလို့ ကျွန်တော် ကောင်းကောင်း သိနေပါတယ်"

"ကျွန်တော် သူ့ကို တွေ့ဖူးပါတယ်၊ အယ်လင်း ပြောတာ မလွန်ပါဘူး"

"အယ်လင်းဟာ အင်မတန် အေးတယ်၊ ပြီးတော့ ကြောက်နေတယ်၊ အဲဒီအတွက် ကျွန်တော် သူ့ကို စိတ်ဝင်စားတာပဲ၊ အတန်းထဲမှာ ပထမဆုံးအကြိမ် သူ စာဖတ်ပြရတော့ တုန်နေတယ်၊ ပြီးအောင် မဖတ်နိုင်ဘူး၊ သူ့အတွက် ကျွန်တော် စိတ်မကောင်းဘူး၊ သူကလေးဟာ အင်မတန်လည်း သွက်လက်ပြီး အင်မတန်လည်း ညက်တယ်၊ ဒေါက်တာ သူ့ကို တွေ့ဖူးသလား"

"ရုံးမှာ တစ်ခါ တွေ့ဖူးတယ်"

"သူကလေးဟာ လှတယ်၊ သွက်လက်တယ်၊ သိမ်မွေ့တယ်၊ ဖြူတယ်၊ ဒေါက်တာ ဘာစဉ်းစားနေတယ် ဆိုတာကို ကျွန်တော် သိပါတယ်၊ ကျွန်တော် သူ့ကို ချစ်တာဟာ အသားဖြူတာနဲ့ ဘာမှ မဆိုင်ပါဘူး"

သူ ပြတင်းပေါက်တွင် ရပ်နေရာမှ ပြန်လျှောက်လာပြီး ဧးကရက် တစ်လိပ် ယူသည်။ မီးခြစ်ဆံ မီးတောက်လျက် ရှိဆဲမှာပင် ခရစ်ကို သူ ကြည့်သည်။

"ဒီကိစ္စကို ကျွန်တော် စဉ်းစားခဲ့တာ ကြာပြီ၊ ဒါပေမဲ့ ကျွန်တော် ဘာကို ချစ်တာလဲ ဆိုတာ စဉ်းစားလို့ မရဘူး"

သူ့ လက်ကို မီးလောင်တော့မှ မီးခြစ်ဆံကို ယမ်းခါပြီး မီးငြိမ်းပစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ နှစ်ယောက်မှာ ရှိနေတဲ့ ပြောစရာ အချက် နှစ်ခု ကြောင့်ပဲ ဖြစ်နိုင်တယ်၊ သူ့ဘက်က ပြောစရာက သူ့ အဖေပဲ၊ ကျွန်တော့်ဘက် က ပြောစရာကတော့ ကျွန်တော်တို့ လူမျိုးပဲ၊ သူ ကျွန်တော့်ကို အများကြီး ကူညီတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ ကျွန်တော့်ကို ချစ်လို့ပဲ၊ ကျွန်တော်တို့ မှာ ရှိတဲ့ အသားရောင်တွေဟာ ကျွန်တော်တို့ကို ဘာမှ ပြဿနာ မဖြစ်ဘူး"

"တစ်နေ့ကျတော့ သူဟာ သူ့ အဖေကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တယ်၊ သူ့ အဖေကို သူ ဖွင့်ပြောမယ်၊ သူ့ အဖေ သဘောတူတူ မတူတူ ကျွန်တော့်ကို သူ လက်ထပ်မယ်၊ ဗြုန်းစားကြီး ဆိုသလို သူဟာ ပြတ်သားလာပုံရတယ်၊ ကျွန်တော့် စိတ်ထဲမှာ သူ့ရဲ့ ပြတ်သားမှုကို နည်းနည်းလေးလောက် သံသယ ရှိတယ် ဆိုရင်ပဲ သူ့ အဖေနဲ့ ရင်ဆိုင်ဖို့ ကျွန်တော် ခွင့်မပြုပါဘူး၊ ကျွန်တော် သူ့ကို သိပ်ပြီးမှကို ချစ်ပါတယ်"

"သူ ဗြုန်းစားကြီး ဆုံးဖြတ်တာလား"

"ဟုတ်တယ်၊ ဗြုန်းစားကြီးပဲ"

"အဲဒါဟာ သူ့မှာ ကိုယ်လေးလက်ဝန် ရှိနေပြီ ဆိုတာကို သူ သိသွားလို့ မဖြစ်နိုင်ဘူးလား"

"ကျွန်တော် မသိဘူး" ဝပ် လျင်မြန်စွာ ဖြေသည်။ "ကျွန်တော် သိလည်း ခင်ဗျားကို ပြောမှာ မဟုတ်ဘူး"

ပြတင်းပေါက် ဘက်သို့ သူ လှည့်လိုက်သည်။

"သူ့ အဖေကို ပြောဖို့ သူ အိမ်ပြန်သွားတဲ့ နေ့က ကျွန်တော် သူ့ကို လေဆိပ်အထိ ကားနဲ့ လိုက်ပို့တယ်၊ ကျွန်တော်က သူနဲ့အတူ လိုက်ခဲ့မယ်လို့တောင် ပြောပါတယ်၊ သူက သူ တစ်ယောက်တည်း ပြောတာပဲ ကောင်းတယ်လို့ ဆိုတယ်၊ သူ့ နည်းနဲ့ သူတော့ သိပ်သေချာနေတာပဲ၊ သူ ကျွန်တော့်ကို နမ်းပြီး နှုတ်ဆက်တဲ့ အချိန်မှာ သူဟာ သိပ်ပြတ်သားနေတယ်၊ သူ့မှာ ယုံကြည်မှု အပြည့်ရှိနေတယ်၊ သူ ပြန်လာမှာပဲလို့ ကျွန်တော် သေချာပေါက် တွက်ထားတယ်၊ လေယာဉ်ပျံပေါ်ကို သူ တက်သွားတယ်၊ လေယာဉ်ပျံကို မမြင်ရတော့တဲ့အထိ ကျွန်တော် ကြည့်နေတယ်၊ လေယာဉ်ပျံဟာ တိမ်မည်းတွေထဲမှာ ရောပြီး ပျောက်သွားတယ်"

ဝပ် အတန်ကြာအောင် တိတ်ဆိတ်နေသည်။ ပြီးမှ သူ အေးအေးကလေး ပြောလိုက်သည်။





"အဲဒီနောက် သူ့ကို ကျွန်တော် တစ်ခါမှ မတွေ့ရတော့ဘူး"

သူ့ ရင်ထဲမှာ နာကျင်မှုကို ခရစ် သိမြင်မိပါသည်။

"ဖုန်းလည်း မဆက် စာလည်း မရေးလား"

ဝပ် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြီး–

"သူ ကျောင်းကို ပြန်မလာတော့ဘူး ဆိုတဲ့ သတင်းကို ကျောင်းဆရာဝန် ဒေါက်တာ လမ်ပကင်က တစ်ဆင့် ကျွန်တော် သိရပါတယ်"

ဒေါက်တာ လမ်ပကင်။ မိမိ လာရောက်သည့် အကြောင်း ဝပ်ကို သူမကပဲ သတိပေးလိုက်ချေသလောဟု ခရစ် စဉ်းစားမိသည်။

"ဒေါက်တာ ဝပ်၊ သူ ပြန်မလာတော့တဲ့ အကြောင်းကို မော်ကွန်းထိန်းက ဖြစ်စေ၊ ပါမောက္ခက ဖြစ်စေ မပြောဘဲ ဒေါက်တာ လမ်ပကင်က ပြောတာကို ဒေါက်တာ စဉ်းစားကြည့်မိသလား"

ဝပ် ဘာမျှ ပြန်မပြောဘဲ ခရစ်ကို စူးစိုက်ပြီးသာ ကြည့်နေသည်။

"သူ ကိုယ်ဝန် ရှိနေလို့ပဲ မဟုတ်လား"

ခရစ် မေးလိုက်သည်။ သူ့ထံမှ အဖြေကို စောင့်နေသည်။ သို့သော် သူ ဘာမျှ ပြန်မပြောသောအခါမှ ခရစ် ဆက်ပြောသည်။

"သူ့မှာ ကိုယ်ဝန် ရှိနေတယ် ဆိုတာကို စဉ်းစားလို့ ရပါတယ်၊ အဲဒါကြောင့်လည်း သူဟာ သူ့အဖေကို ရင်ဆိုင်ဖို့ အားရှိလာတာပဲ၊ သူ့ အဖေကို တိုက်ဖို့ လက်နက် တစ်ခု ရတာပဲ၊ ဒါပေမဲ့ အဘိုးကြီးက အဲဒီလက်နက်နဲ့ သူ့ကို ပြန်တိုက်ခဲ့တယ်၊ သူ့ကို နိုင်ငံခြား လွှတ်တယ်၊ ဆွီဒင် ဒါမှမဟုတ် ဆွစ်ဇာလန်ပေါ့၊ အထူးလျှို့လျှို့ဝှက်ဝှက်နဲ့ ကလေးကို ဖျက်ချနိုင်တဲ့နေရာ တစ်နေရာကိုပေါ့၊ ဒေါက်တာရဲ့ သွေးကလေး ဘာဖြစ်သွားတယ် ဆိုတာတော့ ဒေါက်တာ့ကို ဘာမှ မပြောတော့ဘူးပေါ့"

ခရစ် စကားကို ခဏ နားလိုက်သည်။ ဝပ် ဝန်ခံလိုလျှင် ဝန်ခံနိုင်ရန် အချိန်ပေးလိုက်ခြင်း ဖြစ်သည်။ ဝပ်၏ မျက်နှာတွင် ချွေးတွေ ပြန်နေသည်။ သူသည် ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး စီးကရက် တစ်လိပ်ကို နှိုက်ယူလိုက်သည်။ သူ ဘာမျှ ပြန်မပြောသည်မှာ သေချာသည်။

"ဒေါက်တာ ဝပ်၊ ကျွန်တော့်မှာ ဒေါက်တာ့ရဲ့ အကူအညီ လိုနေပါတယ်၊ ကျွန်တော်က ဒေါက်တာ့ကို မဟုတ်တာ ပြောခိုင်းနေတာ မဟုတ်ပါဘူး အမှန်ကို ပြောခိုင်း နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခရစ် တောင်းပန်လိုက်သည်။

"ဒေါက်တာ့ အနေနဲ့ ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ ဆိုတာ ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ ဒေါက်တာဟာ အနန္တစွမ်းအားရှင်ကြီး မစ္စတာ ရေးနီးကို ဦးတည်တာ ဆိုရင်တော့ ဘယ်သူက ဘာပဲပြောပြော ဘာမှ မဖြစ်နိုင်ပါဘူး၊ ဒေါက်တာ မနိုင်နိုင်ပါဘူး"

"ဒေါက်တာဟာ သူနဲ့ အင်အားချင်း ညီမျှတယ် ဆိုရင်ကော"

"ကျွန်တော် သူနဲ့ အင်အားချင်း မညီမျှနိုင်ပါဘူး"

"အပြစ် မရှိတဲ့ လူတွေ အပေါ်မှာ သူ ဒီလိုမျိုး လုပ်နေတာကို ဒေါက်တာ ဒီလိုပဲ လက်ပိုက်ကြည့်နေတော့မလား"

ဝပ် မဖြေပါ။

ခရစ်က သူ့ကို အမှုအကြောင်း ရှင်းပြသည်။ ဆင်ပဆန် ဘေဘီကို သူ ကြည့်ရှု ကုသရသည်မှ အမှု စစ်ဆေးနေသည့် နောက်ဆုံး ကာလအထိ ဖြစ်သည်။

"လူမည်း တစ်ယောက်နဲ့ ကိုယ်ဝန် ရခဲ့ရတဲ့ အပြစ်ကို သူ့ သမီးရဲ့ ခေါင်းထဲက လုံးဝ ဖယ်ထုတ်ပစ်နိုင်လိမ့်မယ်လို့ ရေးနီး ယူဆနေတဲ့ သဘောပဲ"

ခရစ်၏ စကားဆုံးသောအခါ သူက ဒါပဲ ပြောသည်။

"သူဟာ သူ့သမီးကို ဆရာဝန်ကိုတောင် မပြောဖို့ တားဆီးလိမ့်မယ်လို့ ဒေါက်တာ ယူဆသလား"

"ပြောမှာပဲ၊ သူဟာ သူ့ သမီးကို ကျွန်တော်နဲ့ တွေ့စတုန်းက အခြေ အနေကို ပြန်ရောက်အောင် လုပ်နိုင်ခဲ့ရင် အယ်လင်းဟာ သူ့ စကားကို နားထောင်ရမှာပဲ"

"အဲဒါရဲ့ နောက်ပိုင်းမှာ ဖြစ်နိုင်တဲ့ အကျိုးဆက်တွေကို ဒေါက်တာ သိသလား"

"အကျိုးဆက်တွေ၊ ဟုတ်လား"

"အဲဒီအကြောင်းကို မပြောဘဲ ထိမ်ချန်ထားတဲ့အတွက် သူ့ကို ကြည့်ရှု စောင့်ရှောက်ရတဲ့ ဆရာဝန်တွေဟာ အထင်အမှတ်တွေ မှားကုန်ကြတယ်၊ ဒီကိုယ်ဝန်ဟာ ပထမ ကိုယ်ဝန်ပဲလို့ ယူဆကြတယ်၊ အဲဒီတော့ သူတို့ဟာ ရောဂါ အခြေအနေကို မှားပြီး တွက်မိကြတော့တာပဲ"

"အင်း အဖေတွေရဲ့ အမှား... ဒါမှမဟုတ် အဘိုးတွေရဲ့ အမှားလို့ ပြောရမလား"





"လက်ရှိ ပြဿနာကတော့ ဒေါက်တာ့ အနေနဲ့ တစ်ခုခု လုပ်မလား ဆိုတာပဲ"

"တစ်ခုခု လုပ်ရမယ် ဟုတ်လား၊ ဘာလုပ်ရမလဲ"

"တရားရုံးကို လာပါ၊ သက်သေခံပါ၊ အမှန်ကို ဖော်ထုတ်ပါ"

ဝပ် သူ့ကို ငေးကြည့်နေသည်။

ထို့နောက်–

"ကျွန်တော် ဝမ်းနည်းပါတယ်၊ ကျွန်တော် အဲဒါကို မလုပ်နိုင်ပါဘူး"

"ရေးနီးကို ခင်ဗျား ဒီအတိုင်းပဲ လွှတ်ပစ်လိုက်တော့မလား"

"သူ့ကြောင့် မဟုတ်ပါဘူး၊ အယ်လင်း အတွက်ပါ"

"ဒါပေမဲ့ ဒေါက်တာ သူ့ကို ဘယ်လိုမှ မကူညီနိုင်တော့ဘူး၊ ကလေးရဲ့ ဦးနှောက်ဟာ ပျက်ယွင်းသွားပြီ၊ ကျွန်တော် စစ်ဆေးပြီးပြီ"

"သူ့ အနေနဲ့ ဒါလောက်ပဲ ဝဋ်ရှိပါစေ၊ သူ့ ဘဝကို ကျွန်တော် မဖျက်ဆီးချင်ပါဘူး၊ သူဟာ အိမ်ထောင်သည် တစ်ယောက် ဖြစ်နေပြီ၊ ဒီယောကျ်ားရဲ့ အလျင် သူ့မှာ ချစ်သူ တစ်ယောက် ရှိခဲ့တယ် ဆိုရင်... အဲဒီလူဟာ လူမည်း တစ်ယောက် ဖြစ်တယ် ဆိုရင် သူ ဘာဖြစ်မလဲ၊ သူ အဲဒီလို ထိခိုက်အောင် ကျွန်တော် ဘယ်လိုမှ မလုပ်နိုင်ပါဘူး"

"တခြားလူတွေ ဘာပဲဖြစ်ဖြစ်ပေါ့"

"ကျွန်တော် သူ့ကို ချစ်တယ်၊ တခြားလူတွေ မဟုတ်ဘူး၊ သူ ကျွန်တော့် အကြောင်း စဉ်းစားတဲ့ အခါမှာ ကျွန်တော့်ရဲ့ ကြင်နာမှုနဲ့ ကျွန်တော့်ရဲ့ မေတ္တာကိုပဲ စဉ်းစားစေချင်တယ်၊ ဒါကို သဘောပေါက်နိုင်ဖို့ အင်မတန် ခဲယဉ်းပါတယ်"

ခရစ် သဘောပေါက်ပါသည်။

သူတို့ နှစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြသောအခါတွင် ခရစ်က ပြောလိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အခြေအနေ သိပ်ဆိုးနေတယ် ဆိုတာကိုလည်း ဒေါက်တာ သဘောပေါက်စေချင်ပါတယ်"

"ဒေါက်တာ ကျွန်တော်တို့နဲ့ ညစာ စားသွားပါဦးလား"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ပြန်မှ ဖြစ်မယ်၊ ... ညနေဘက်မှာ လေယာဉ်ပျံ တစ်စင်းပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ဒေါက်တာ့ကို ဘယ်လိုမှ မကူညီနိုင်တဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဒေါက်တာ သဘော ပေါက်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

"ကျွန်တော် နားလည်ပါတယ်"

သို့သော် သူ၏ နားလည်မှုသည် အမှုကို မည်သို့မျှ အထောက်အကူ မပြုနိုင်ပါ။ လော်ရာက အထောက်အထား လိုချင်သည်။ သူက ဘာအထောက် အထားမှ မပါဘဲ ပြန်ခဲ့ရသည်။

*

သူတို့၏ တွေးဆချက် မှန်ကန်သည်ကို တွေ့ရသော်လည်း မိုက်နှင့် လော်ရာတို့ သည်လည်း ခရစ် ထင်ထားသကဲ့သို့ပင် စိတ်ပျက် အားလျော့ကြသည်။

"အင်း ဒီတစ်ခါလည်း အမှန်ကို သိတာနဲ့ သက်သေပြနိုင်တာဟာ တခြားစီ ဖြစ်ပြန်တာပဲ"

လော်ရာက ပြောလိုက်သည်။

"တို့ အခု သိထားတွေနဲ့ မလုံလောက်ဘူးလား"

မိုက် မေးလိုက်သည်။

"တစ်ယောက်ယောက်က သက်သေ မခံသမျှ ဒီအချက်တွေဟာ သဘောတရားပဲ ဖြစ်နေမှာပဲ၊ ရုံးတော်မှာ အချက်အလက် တစ်ခု ဖြစ်မလာဘူး"

"ဘယ်သူ သက်သေခံမလဲ၊ ဝပ်ကို သက်သေ မခံတဲ့အတွက် ကိုယ်တော့ အပြစ် မဆိုဘူး"

ခရစ်က ပြောလိုက်သည်။

"ဒါဖြင့်ရင် တို့ ဘယ်လို လုပ်ပြီး သက်သေပြမလဲ"

မိုက် မေးသည်။

"အချက်အလက်တွေကို တကယ် သိတဲ့ လူ တစ်ယောက်က သက်သေ ခံဖို့ လိုတယ်"

လော်ရာ ရှင်းပြသည်။

"ဘယ်သူ့ကို သက်သေခံခိုင်းလို့ ရမလဲ၊ မစ္စက် ရေးနီးကို သက်သေ ခံခိုင်းမလား၊ သူ့ကို သူ့ ယောကျ်ားက လွှမ်းမိုးထားမှာ အမှန်ပဲ"





"မစ္စတာ ဆင်ပဆန်လည်း မဖြစ်နိုင်ဘူး၊ သူ ဘာမှ သိတာ မဟုတ်ဘူး"

ခရစ်က ပြောလိုက်သည်။

"အယ်လင်း ဆင်ပဆန်ကော"

မိုက် အဆိုပြုသည်။

လော်ရာ ခေါင်းကို ယမ်းခါသည်။

"သူ့ အဖေရဲ့ ရှေ့မှာ သူ ဘယ်လိုမှ ပြောမှာ မဟုတ်ဘူး"

"သူ့ကို ဝပ်ရဲ့ နာမည် ထုတ်ပြောလိုက်ရင်ကော"

ခရစ် မေးသည်။

"ကြောက်တာရယ်၊ ကိုယ့် အပြစ်ရယ်ကြောင့် သူ ပြောမှာ မဟုတ်ဘူး၊ သူ့ အဖေကိုလည်း သူ ကြောက်တယ်၊ သူ လုပ်ခဲ့တဲ့ သူ့ အပြစ်ကလည်း ရှိနေတယ်"

"ဒီသတင်းကို သတင်းစာတွေကို ထုတ်လိုက်ရင်ကော၊ ဂျူအန် သိပ် သဘောကျမှာပဲ"

"ဖုရော်လူကြီးတွေကို အကျိုးမပြုနိုင်ဘူး၊ သက်သေတွေ အစစ်ခံတာ ကိုသာ သူတို့က ထည့်ပြီး စဉ်းစားကြလိမ့်မယ်"

ထို့နောက် သူမ အတန်ကြာ စဉ်းစားနေပြီးနောက်–

"သက်သေ တစ်ယောက်ပဲ ရှိတယ်၊ သူဟာ အဖြစ်အပျက်တွေကိုလည်း သိတယ်၊ ပြန်လှန်မေးခွန်းတွေကို ထုတ်ရင်း ဝန်ခံလာအောင်လည်း လုပ်နိုင် တယ်၊ ဂျွန်စတူးဝပ် ရေးနီးကိုလည်း သူ မကြောက်ဘူး"

"ဘယ်သူလဲ"

ခရစ် မေးသည်။

"ဂျွန်စတူးဝပ် ရေးနီး"

"အဲဒီ လူကို ကျုပ် သိတာ အနှစ်နှစ်ဆယ် ရှိပြီ၊ အဲဒီလူဟာ ဒီကိစ္စမျိုး ကို ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး"

မိုက် ပြောသည်။

"မာနဟာ မာကျောခြင်း ဖြစ်သလို ပျော့ညံ့ခြင်းလည်း ဖြစ်နိုင်တယ်၊ ခွေးကောက်နိုင်တဲ့ အရာဝတ္ထု တစ်ခုကို ချိုးပစ်နိုင်တယ်၊ ကျွန်မတို့ သူ့ အပေါ်မှာ ဘယ်လောက် ဖိအားပေးနိုင်မလဲ ဆိုတာ ပေါ်မှာပဲ တည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လော်ရာ သမီး၊ စိတ်မရှည်တော့လို့ မိုက်မိုက်ကန်းကန်း လုပ်တာမျိုးတော့ မဖြစ်စေချင်ဘူး"

"ဒီမယ် မိုက်၊ ဒီအမှုမှာ ကျွန်မတို့ ရှုံးသွားရင် ဘာဖြစ်မလဲ ဆိုတာ မိုက် မသိဘူး၊ ကျွန်မဟာ တရားရုံးမှာ နိုင်ဖို့ အတွက်သာ တိုက်နေတာ မဟုတ်ဘူး၊ ဒီအမှု ရှုံးသွားရင် ကျွန်မလည်း..."

သူမ စကား မဆုံးပါ။ သူမ၏ မျက်လုံးများ မျက်ရည်များ ပြည့်လျှံလာသည်။ မိုက်က ခရစ်ကို ကြည့်လိုက်သည်။ ခရစ်က ပြန်ကြည့်သည်။ ခရစ်၏ မျက်လုံးများက သူတို့ နှစ်ယောက်၏ ဆက်ဆံရေး အမှန်ကို ဖော်ပြနေသည်။ သူတို့ အကြောင်း မိုက်ကို အလျင်က မပြောခဲ့ကြပါ။

မိုက်သည် လော်ရာ၏ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ သူမ၏ မေးကလေးကို မလိုက်သည်။

"အို သမီးရယ်၊ တို့များ စိတ်မကောင်းပါဘူးကွယ်၊ မင်းတို့ နှစ်ယောက် လောက် လိုက်ဖက်တဲ့ အတွဲ တို့များ မတွေ့နိုင်တော့ပါဘူး၊ ဒါပေမဲ့ အခုလို အခြေအနေမျိုးမှာတော့ သိပ်မကောင်းလှဘူးပေါ့ကွယ်"

"ရေးနိုးကို အဖိမမ်းတဲ့အတွက် ကိုယ်တို့မှာ ဘာမှ မဆုံးရှုံးနိုင်ပါဘူး"

ခရစ်က ပြောလိုက်သည်။

သည်အခါ လော်ရာက–

"အစ်ကို မှားပြီ၊ ညီမတို့ အကုန်လုံး ဆုံးရှုံးနိုင်တယ်၊ ဒါပေမဲ့ ညီမတို့မှာ တခြား ရွေးစရာ ဘာမှ မရှိတော့ဘူး၊ ရေးနိုးကို သက်သေ ခံခိုင်းမလား ဒါမှမဟုတ် မလုံလောက်တဲ့ အချက်အလက်နဲ့ ရှေ့ရော်လူကြီးတွေရဲ့ လက်ထဲ အပ်မလား ဆိုတာပဲ"



## ၃၀

တရားရုံးတို့တွင် သတင်းစကားသည် ကောင်းစွာ ပျံ့နှံ့တတ်သည်။ စိတ်ဝင်စားဖွယ် ကောင်းသော အမှု တစ်ခု အထွတ်အထိပ်သို့ ရောက်ပြီ ဆိုလျှင် လာရောက် နားထောင်သူများသည် ဇာတ်ရုံတွင် လူတွေ ပွဲလာကြည့်ကြသကဲ့သို့ပင် ဖြစ်တော့သည်။

ထိုနေ့ မနက်ကလည်း သည်အတိုင်းပင် ဖြစ်သည်။ အမှု မစစ်ဆေးမီ ပဝေသဏီ အစောကြီး ကတည်းကပင် ထိုင်ခုံတွေ အားလုံး လူပြည့်နေသည်။ အခန်းတွင်းသို့ ရေးနိုးမိသားစု ဝင်လာသောအခါ ပရိသတ်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သည်။ အသုဘ အခမ်းအနား ပြုလုပ်သော ဘုရားရှိခိုးကျောင်း အတွင်းသို့ ခေါ်ဆောင်လာသည့် အလားပင်။ ဂျွန်ရေးနိုးသည် ဇနီးသည်၏ လက်မောင်းကို ကိုင်ပြီး ခေါ်ဆောင်လာသည်။ လူတွေ ငေးစိုက်ကြည့်ကြသည်။ ရေးနိုးကို လူကိုယ်တိုင် မြင်ဖူးရသည့်အတွက် ကျေနပ်နေကြသည်။ မည်သည့်ဘက်ကိုမှ မကြည့်ဘဲ ခေါင်းငုံ့ကာ လျှောက်သွားနေသော ရေးနိုး၏ ဇနီးကို စိတ်ဝင်စားနေကြသည်။ သူတို့၏ နောက်ဘက်တွင် မစ္စတာ ဆင်ပဆန် လိုက်ပါလာသည်။ အယ်လင်း ဆင်ပဆန်က သူ့ လက်မောင်းကို ဆုပ်ကိုင်ပြီး ပါလာသည်။

သတင်းစာ ဆရာများအတွက် သတ်မှတ်ထားသော နေရာ၏ ရှေ့ဆုံးတန်းတွင် ဂျူအန်မာလက်သည် မှတ်စုများ ရေးမှတ်လျက် ရှိသည်၊ သူသည် ရေးနိုးမိသားစု ဝင်ရောက်လာသည်ကို ကြည့်၍ မှတ်သားပြီးနောက် တရားခံဘက်မှ ရောက်လာမည်ကို စောင့်စားလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လော်ရာ၊ ခရစ်နှင့် မိုက်တို့ ရုံးခန်းတွင်းသို့ ဝင်လာကြသည်။ အလယ်မင်းလမ်းအတိုင်း ဝင်ရောက်လာကြပြီး သူတို့ နေရာတွင် နေရာယူကြသည်။ လော်ရာသည် မှတ်စု မှတ်တမ်းများကို စားပွဲပေါ်တွင် တမင် မြင်သာအောင် ခင်းကျင်းလျက် ရှိသည်။ သူမ အနေနှင့် လျှောက်လဲချက် ပေးရန် အဆင်သင့် ရှိနေပြီဟု ဟယ်ရီဖရန်ကလင်ကို ထင်မြင် ယူဆစေလျက် ရှိသည်။

ရှေ့ဖတ်စာရေးက အားလုံး ထိတ်ကြရန် ပြောသည်။ ဗင်နွန် ဝင်ရောက်လာသည်။ သူ၏ ဝတ်ရုံနက်ကြီးသည် ဂိုဏ်းချုပ်ကြီး၏ ဝတ်ရုံတော်ကြီးပမာ နောက်ဘက်တွင် ဒယဥ့်တိုက်ကြီး ပါလာသည်။ သူသည် နေရာတွင် မထိုင်ခင် နေရာ မရှိသူများ အားလုံး ရုံးခန်းတွင်းမှ ထွက်ကြရန် ရှင်းလင်းနေသည်။ လူ နှစ်ဆယ်ခန့် မကျေမနပ်ဖြင့် ရုံးခန်းတွင်းမှ ထွက်သွားကြသည်။ ရုံးအကူက တံခါးဝတွင် စောင့်ကြပ်နေသည်။

တရားမကျင့်ထုံး ဥပဒေအရ အမှုဖွင့်သူသည် နောက်ဆုံးမှ လျှောက်လဲရမည် ဖြစ်သည်။ ထို့ကြောင့် ဗင်နွန်သည် လော်ရာ ဘက်သို့ လှည့်လျက်–

"တရားခံဘက်မှ လျှောက်လဲရန် အသင့် ရှိပါပြီလား"

"အသင့် မဖြစ်သေးပါဘူး တရားသူကြီးမင်း"

လော်ရာက ပြန်ကြားလိုက်သည်။ သူမ၏ အဖြေသည် ပြဿနာ ကောင်းစွာ ဖြစ်မည်ကို သိရှိသည့် အနေဖြင့်ပင် ဖြစ်သည်။

"နှစ်ဖက် လျှောက်လဲချက် ပေးကြဖို့ မနက်က သဘောတူပြီးကြပြီလို့ ကျွန်ုပ် ယူဆတယ်၊ ကနေ့ စစ်ဆေးမှု မပြီးခင်မှာပဲ ဂျူရော်လူကြီးများက စဉ်းစား ဆုံးဖြတ်နိုင်ကြမယ်လို့ ကျွန်ုပ် တွက်ဆထားတယ်"

ဗင်နွန်က သူမကို အပြစ်တင်သည့် အနေဖြင့် ပြောလိုက်သည်။

"အခြေအနေကို ပြန်လည် စဉ်းစားတဲ့ အခါမှာ တရားခံဘက်က နောက်ထပ် သက်သေ တစ်ယောက်ကို ခေါ်ယူ စစ်ဆေးဖို့ ဆန္ဒ ရှိပါတယ်"

လော်ရာက ပြောလိုက်သည်။ ဖရန်ကလင် ကန့်ကွက်မည်ကို သူမ မျှော်လင့်ပြီး ဖြစ်သည်။

"တရားသူကြီးမင်း ခင်ဗျား၊ တရားခံဘက်က အမှု စစ်ဆေးမှု အချိန်ကြာမြင့်အောင် တမင် ပြုလုပ်နေကြောင်း သိသာနေပါတယ်၊ လက်ရှိ အခြေအနေမှာ နောက်ထပ် အချိန်ကြာမြင့်ဖို့ မသင့်တော့ကြောင်း ကျွန်တော့် အနေနဲ့ သာမက ရုံးတော် အနေနဲ့လည်း ယူဆရန် ဖြစ်ပါတယ်၊ နောက်ထပ် ခေါ်ယူ





မယ့် သက်သေဟာ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း၊ ဘယ့်အတွက် ခေါ်ယူရသည် ဖြစ်ကြောင်း မသိရဘဲနဲ့ နောက်ထပ် အမှု စစ်ဆေး မေးမြန်းမှု မပြုလုပ်သင့်တော့ကြောင်း ကျွန်တော် လျှောက်ထား ကန့်ကွက်ပါတယ်"

"တရားလိုဘက်မှ တောင်းခံချက်ဟာ အခြေအနေအရ သင့်မြတ်လှပါတယ်၊ နောက်ထပ် သက်သေ တစ်ယောက် ခေါ်ယူခွင့် မပြုမီ အဲဒီ သက်သေဟာ မည်သူမည်ဝါ ဖြစ်ကြောင်း ဤရုံးတော်အနေနဲ့ သိရှိသင့်ပါတယ်၊ အဲဒီ သက်သေ အနေနဲ့ ဘယ်လို အထောက်အထားအသစ် တင်ပြနိုင်မယ် ဆိုတာ သိရှိသင့်ပါတယ်"

တရားသူကြီးက လျင်မြန်စွာ ဆုံးဖြတ်လိုက်သည်။

"တရားခံဘက်မှ ဂျွန်စတူးဝပ် ရေးနိုးကို သက်သေအဖြစ် ပြန်လည် ခေါ်ယူလိုပါတယ်"

လော်ရာက ဖရန်ကလင်ကို ဆွသည့် အနေနှင့် အသံ ချိုချိုအေးအေး ကလေးနှင့် ပြောလိုက်သည်။

"ဘယ်လို အထောက်အထားသစ်များ ရရှိလိမ့်မယ်လို့ အကျိုးဆောင်က ယူဆပါသလဲ"

"တရားသူကြီးမင်းရှင့်၊ ပထမဆုံး အနေနဲ့ ပြောရမယ် ဆိုရင်တော့ ဒီအချက်ကို ပြန်လှန်မေးခွန်း ထုတ်တဲ့ အချိန်ကျမှသာ ဖော်ထုတ်နိုင်ပါလိမ့်မယ်၊ အမှု မှတ်တမ်းက ဖော်ပြသွားပါလိမ့်မယ်၊ ဒါကြောင့်မို့ အကြောင်းအချက် တစ်စုံတစ်ရာ မဖော်ပြဘဲ မစ္စတာ ရေးနိုးကို ပြန်လည် ခေါ်ယူလိုပါတယ်၊ ဒါပေမဲ့ ရုံးတော်က အကြောင်းအချက် ဖော်ပြရမယ် ဆိုရင်လည်း ကျွန်မ ဖော်ပြပါ့မယ်"

"ဖော်ပြပါ"

တရားသူကြီးက အမိန့်ပေးသည်။

"မစ္စတာ ရေးနိုး ထွက်ဆိုသွားတဲ့ အချက်အလက် အချို့ဟာ စုံစမ်းထောက်လှမ်းလိုက်တဲ့ အခါမှာ သံသယ ဖြစ်ဖွယ် ရှိနေတာကို တွေ့ရပါတယ်"

"တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့ စောစောကလည်း ဒါမျိုး တစ်ကြိမ် ကြုံခဲ့ပါပြီ၊ ဒေါက်တာ ကိုးမင်းကို တစ်ဖက်အကျိုးဆောင်က ပြန်လည် ခေါ်ယူတဲ့အတွက် ပျောက်နေတဲ့ မှတ်တမ်း တစ်ခုပဲ ထွက်လာပါတယ်၊ အဲဒီ မှတ်တမ်းဟာလည်း ဒေါက်တာ ဂရန့်ရဲ့ အဆုံးအဖြတ်နဲ့ ဘယ်လိုမှ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ အခုကိစ္စဟာ အမှုစစ်ဆေးမှုကို တမင်တကာ ရှုပ်ထွေး ကြန့်ကြာအောင် လုပ်နေခြင်းပဲ ဖြစ်ပါတယ်၊ ဒီကိစ္စဟာ မစ္စ ဝင်းတားရဲ့ နောက်ထပ် ပရိယာယ် တစ်ခုသာ ဖြစ်တဲ့အတွက် ကျွန်တော် ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်"

ဖရန်ကလင် ကန့်ကွက်လိုက်သည်။

ဗင်နွန်သည် ဖရန်ကလင်၏ ကန့်ကွက်ချက်ကို သဘောတူသည့် အနေဖြင့် ခေါင်းညိတ်လိုက်သည်။ သို့ရာတွင် လော်ရာသည် နက်ပြာရောင် အဖုံးနှင့် ဥပဒေ မှတ်တမ်းစာအုပ် တစ်ခုကို ယူလိုက်ပြီးနောက်–

"တရားသူကြီးမင်းရှင့်၊ အကျိုးဆောင် တစ်ယောက်ဟာ တစ်ဖက်က တင်သွင်းတဲ့ သက်သေ တစ်ယောက်ကို ပြန်လှန်မေးခွန်း ထုတ်ခွင့် မရှိဘူး ဆိုတာ အလျှင်က အစဉ်အလာ မရှိခဲ့ဖူးပါဘူး၊ အကယ်၍ တရားသူကြီးမင်းက အခုအချိန်မှာ ပြန်လှန်မေးမြန်းခွင့် မရှိဘူးလို့ ဆုံးဖြတ်ခဲ့ရင် ဒီဆုံးဖြတ်ချက်ဟာ ပယ်ဖျက်နိုင်သော အမှား ဖြစ်သွားမယ် ဆိုတာ သေချာပါတယ်"

သူမ၏ လက်ထဲမှ မှတ်တမ်း စာအုပ်ကြီးသည် ထူထဲလှသဖြင့် တရားသူကြီးမင်း တုံ့ဆိုင်းသွားသည်။ ထို့နောက် ဗင်နွန်သည် လော်ရာ၏ တောင်းဆိုချက်ကို သဘောမတူချင်ဘဲနှင့် တူလိုက်ရသည်။

"သက်သေ ဂျွန်စတူးဝပ် ရေးနီး သက်သေခံပါ"



၃၁

ရေးနီးသည် ယာလက်ကို မြှောက်ပြီး ဘယ်လက်ကို သမ္မာကျမ်း စာအုပ် ပေါ်တွင် တင်လျက် ကျမ်းသစ္စာကို လိုက်ဆိုသည်။ ထို့နောက် သက်သေ ကုလားထိုင် ပေါ်တွင် တည်တည်ထည်ထည် ထိုင်လိုက်သည်။ ထိုမိန်းကလေး သည် အမှု ရှုံးနိမ့်နေပြီ ဖြစ်သဖြင့် သူ့ကို နောက်ဆုံးအကြိမ် အဖြစ် လက်စား ချေခြင်းကို သူက ကြိုဆို စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

လော်ရာသည် လက်ထဲတွင် ရေးမှတ်လာသော စာရွက်များကို ကိုင် လျက် သက်သေဝက်ခြံကလေး ဆီသို့ လျှောက်လာသည်။ သူမသည် တိုက်ပွဲ နယ်မြေကို ပြောင်းလဲကာ သက်သေကို ကြိုတင် ပြင်ဆင်မှု မရှိသော အနေ အထားတွင် ရမိလိုက်ခြင်းပင် ဖြစ်သည်။ ဖရန်ကလင်က ခရစ်ကို မွေ့နှောက် သွားသည့်အတိုင်း ရေးနီးကို သူမက မွှေနှောက် ရပေမည်။

"မစ္စတာ ရေးနီးရှင့်၊ လူကြီးမင်း ဒီရုံးတော်မှာ အစစ်ခံတာ ရက်ကလေး အတော် ကြာသွားပြီ ဖြစ်တာမို့ လူကြီးမင်း ဘာတွေ ထွက်ဆိုခဲ့တယ် ဆိုတာ မှတ်မိအောင် ကျွန်မ ပြန်နွှေးပေးပါရစေ"

"ကျုပ်မှာ မှတ်ဉာဏ် ကောင်းကောင်း ရှိပါတယ်၊ ဒါပေမဲ့ အကျိုး ဆောင်ရဲ့ သဘောပါ"

"အလင်းကုထုံးနည်းကြောင့် ဖြစ်ပေါ်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ဒေါက်တာ ဂရန့်က ရှင်းမပြခဲ့ဘူးလို့ ထွက်ဆိုခဲ့ပါတယ်၊ ဟုတ်ပါသလား–"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးရဲ့ ကိုယ်က သွေးနမူနာ ထုတ်ယူပြီးတဲ့နောက် သူ ပထမဆုံး လုပ်တဲ့ အလုပ်ဟာ ကလေးကို အလင်းကုထုံးနည်းနဲ့ ကုတာပဲလို့လည်း လူကြီးမင်း ထွက်ဆိုခဲ့ပါတယ်"

"ဟုတ်တယ်"

"အဲဒီတုန်းက လူကြီးမင်း ကန့်ကွက်ပါသေးသလား"

"အဲဒီတုန်းက မကန့်ကွက်ဘူး၊ ဒါပေမဲ့ နောက်ပိုင်းမှာ ကန့်ကွက်ပါတယ်၊ အဲဒီနည်းဟာ ကုသမှုရဲ့ အဓိက အပိုင်းဖြစ်ကြောင်း သူ ရှင်းပြတဲ့ အချိန်မှာ ကျုပ် ကန့်ကွက်တယ်"

"အဲဒါ ဘယ်တုန်းကလဲ"

"သွေးနမူနာကို ဓာတ်ခွဲခန်း ပို့ပြီး ဆရာမကို သူ အမိန့်ပေးပြီးတဲ့ နောက်ပိုင်းမှာပဲ၊ ကျုပ်ကို သူ့ ရုံးခန်း ခေါ်သွားပြီး သူ ဘာလုပ်တယ် ဆိုတာ ရှင်းပြတယ်"

"အဲဒီအချိန်တုန်းက ဘေးအန္တရာယ် ရှိနိုင်တဲ့ အကြောင်း သူ ရှင်းမပြဘူး ဆိုတာ သေချာသလား"

"သိပ်သေချာတယ်"

"အလင်းကုထုံးနည်းကို လူကြီးမင်း သဘောမတူဘူး ဆိုတာကော သေချာရဲ့လား"

"လုံးဝ ဥဿုံ သေချာတယ်၊ အဲဒီနည်းဟာ အင်မတန် ကလေးကလား ဆန်တယ်လို့ အဲဒီတုန်းက ကျုပ် ယူဆခဲ့တယ်၊ အခုလည်း ဒီအတိုင်းပဲ ယူဆတယ်"

"အလင်းကုထုံးနည်းဟာ သေသေချာချာ လက်ခံထားတဲ့ ကုထုံးနည်း တစ်ခု ဖြစ်ကြောင်း ပါရဂူကြီး အများအပြား ထွက်ဆိုထားတာကို လူကြီးမင်း ဒီရုံးတော်မှာ နေ့ပေါင်းများစွာ ကြားခဲ့ရပြီးတဲ့ နောက်ပိုင်းမှာလည်း ဒီလိုပဲ ယူဆပါသလား"

လော်ရာက စိန်ခေါ်လိုက်သည်။

"ဆရာဝန်တွေက အစစ်ခံသွားတဲ့ အထဲမှာ ကျုပ် ကြားလိုက်ရတာက တော့ ဒီကိစ္စမှာ ဒီနည်းကို သုံးတာ အင်မတန် စဉ်းစားစရာ ကောင်းတယ် ဆိုတဲ့ အချက်ပဲ"





"လူကြီးမင်း ပြောတာက ဒီအချက် အပြင် အခြားအချက်တွေကို မကြားလိုက်ဘူး ဆိုတဲ့ သဘောလား"

"ကျုပ် ကြားပါတယ်၊ ဒါပေမဲ့ ဒါတွေ အားလုံးဟာ သူတို့ မိတ်ဆွေကြီး ဒေါက်တာ ဆိုဗိုကို ကူညီတဲ့ အနေနဲ့ ညာနေကြတာပဲ"

အဘိုးကြီး စိတ်တိုလာသည့်အတွက် လော်ရာ ကျေနပ် အားရနေသည်။

"မစ္စတာ ရေးနိုးရှင့်၊ လူကြီးမင်းဟာ လူကြီးမင်းရဲ့ မြေးကို အလင်းကု ထုံးနည်းနဲ့ ကုတာကို ဒါလောက် သဘောမကျ ဖြစ်နေရင် ဘာဖြစ်လို့ မကန့် ကွက်ခဲ့ပါသလဲ"

"ကျုပ် သဘောမကျဘူး ဆိုတာကို ကျုပ် ရှင်းရှင်း ပြောခဲ့ပြီးပြီပဲ၊ ဒါ့ အပြင် ကျုပ် ဘာလုပ်ရဦးမှာလဲ"

"လူကြီးမင်းတာ ဒေါက်တာ ဆိုဗိုနဲ့ ကောင်းကောင်း သိတာပဲ၊ သူ့ကို ပြောဖို့ လူကြီးမင်း စိတ်ကူး မပေါက်ခဲ့ဘူးလား"

"သူက ဂရန့်ကို လုံးဝ ယုံကြည်တယ်လို့ ပြောထားခဲ့တာကိုး၊ နောက်ပြီး တော့ ဂရန့် လုပ်ပုံက သူ့ကိုယ်သူ အင်မတန် စိတ်ချပုံမျိုးပဲ၊ ကျုပ် တွေ့ဖူးသမျှ လူငယ်တွေထဲမှာတော့ သူဟာ ဘဝင် အမြင့်ဆုံးပဲ"

"လူကြီးမင်း ဆိုလိုတာက လူကြီးမင်းကို သူက ပညာနဲ့ အနိုင်ကျင့် တယ်လို့လား"

"ကျုပ် ပြောတာက သူ ကျုပ်ကို ဘာမှ ရှင်းမပြခဲ့ဘူး၊ ကျုပ်ကို စောင့်ကြည့်ဖို့ပဲ ပြောခဲ့တယ်"

"သဘောတရားအရ ဖြစ်နိုင်တဲ့ အန္တရာယ်တွေကို ဆိုလိုတာလား"

"ကျုပ် မြေးကိစ္စက သဘောတရား မဟုတ်ပါဘူး၊ လက်တွေ့ဖြစ်တာ"

"ကျွန်မ ပြောတာ အဲဒါ မဟုတ်ဘူး၊ ကျွန်မ မေးနေတာက ဒေါက်တာ ဂရန့်ဟာ ဓာတ်ခွဲခန်း အစီရင်ခံစာကို စောင့်ဆိုင်းနေတဲ့ အချိန်မှာ သဘော တရားအရ အရ ဖြစ်နိုင်တဲ့ အန္တရာယ်တွေကို လူကြီးမင်းက သိချင်နေတာလား"

"ဆရာဝန် တစ်ယောက်ဆီက ကျုပ် သိချင်တာဟာ လုပ်ငန်း ကိုင်ငန်း သမား တစ်ဦးဆီက သိချင်တဲ့ အတိုင်းပဲ၊ ရိုးရိုးသားသားနဲ့ ပြည့်ပြည့်စုံစုံ ပြောတာပဲ"

ယခုအချိန်သည် လမ်းကြောင်း ပြောင်းလွဲတိုက်ခိုက်ရန် အချိန် ဖြစ်ကြောင်း လော်ရာ ယူဆလိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာ ရေးနီးရှင့်၊ လူကြီးမင်း အနေနဲ့ အက်စပရင် ဆေးပြား သုံးစွဲဖူးပါသလား"

ရေးနီး မဖြေဘဲ သူမကို စူးစူးဝါးဝါး ကြည့်နေသည်။

"အက်စပရင် သုံးဖူးပါသလား"

သူမက ထပ်မေးသည်။

"အမြဲတော့ မဟုတ်ဘူး"

"လိုအပ်ရင်တော့ သုံးတယ် မဟုတ်လား၊ ခေါင်းကိုက်တဲ့ အခါမျိုး"

"ကျုပ် ဘယ်တော့မှ ခေါင်းမကိုက်ဘူး"

"ဒါဖြင့်ရင် အအေးမိတဲ့ အခါမျိုးကော"

"အအေးမိတဲ့ အခါတော့ သောက်တယ်"

"ကိုယ့် သဘောနဲ့ ကိုယ် သောက်တာလား၊ ဆရာဝန် ညွှန်ကြားလို့ သောက်တာလား"

"ကျုပ် အနေနဲ့ ဘယ်လို ဆေးမျိုးကိုမှ မကြိုက်ဘူး၊ ဆရာဝန်က သောက်ရမယ် ဆိုမှ ကျုပ် သောက်တယ်"

"အက်စပရင် သုံးတဲ့အတွက် အစာအိမ်ကို ထိခိုက်နိုင်တဲ့ အကြောင်း၊ သွေးလွန်ရောဂါ ဖြစ်နိုင်တဲ့ အကြောင်း ဆရာဝန် တစ်ယောက်ယောက်က လူကြီးမင်းကို ရှင်းပြဖူးပါသလား"

"မရှင်းပြဖူးပါဘူး"

"အက်စပရင်က နှလုံးကို ထိခိုက်နိုင်တယ် ဆိုတာကော"

"မရှင်းပြဖူးပါဘူး"

"အက်စပရင်ကြောင့် အန်နိုင်တယ် ဆိုတာကော ဆရာဝန် တစ်ယောက်က လူကြီးမင်းကို ပြောပြဖူးပါသလား"

"မပြောဖူးပါဘူး"

"အက်စပရင်ကြောင့် စိတ်ဓာတ် ကျဆင်းနိုင်တယ် ဆိုတာကော"

"မပြောဖူးပါဘူး"

"အက်စပရင် သောက်တဲ့အတွက် စိတ်လှုပ်ရှားခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ အမြင်ဝိုးဝါးခြင်းတွေ ဖြစ်နိုင်တယ် ဆိုတာကော"

သည်တွင် ဖရန်ကလင် ထပြီး ကန့်ကွက်တော့သည်။





"တရားသူကြီးမင်း ခင်ဗျာ၊ ဒီအခိုက်ဟာ မရှိတဲ့ မေးခွန်းတွေဟာ ဘာကို ရည်ရွယ်ပါသလဲ ဆိုတာ ကျွန်တော် သိချင်ပါတယ်၊ ဂျူရော်လူကြီးတွေ ဟာလည်း သိချင်ကြပါလိမ့်မယ်"

လော်ရာသည် တစ်စုံတစ်ရာ အနှောင့်အယှက် ဖြစ်ဟန် မရှိဘဲ တရား သူကြီးကို မော့ကြည့်လျက်-

"တရားသူကြီးမင်းရှင့်၊ မကြာခင်မှာပဲ ဆက်စပ်မှုကို ကျွန်မ ပြပါ့မယ်"

ထို့နောက် လော်ရာသည် သက်သေဘက်သို့ ပြန်လှည့်လျက်-

"မစ္စတာ ရေးနီးရှင့်၊ အက်စပရင်ကို တစ်စုံတစ်ခုသော အတိုင်းအတာ အထိ သောက်မိတဲ့အတွက် သွေးခုန်နှုန်း မြန်လာနိုင်တယ် ဆိုတာကော လူကြီး မင်းကို ဆရာဝန် တစ်ယောက်ယောက်ကများ ပြောဖူးပါသလား"

"မပြောဖူးပါဘူး"

"အက်စပရင်ကြောင့် သွေးဖိအား နည်းနိုင်တာကောရှင့်"

"မပြောဖူးပါဘူး"

"ကျွန်မ အခု ပြောသွားတဲ့ အန္တရာယ်တွေဟာ စာအုပ်ထဲမှာ ရှိတဲ့ သဘောတရားတွေသာ မဟုတ်ဘဲ ဆေးကုသမှုမှာ တကယ် ကြုံတွေ့ရတာ ဖြစ်ကြောင်း လူကြီးမင်း သိပါသလား"

"ရှေ့နေအတွက် လိုအပ်မယ် ဆိုရင် ရှေ့နေ ပြောတဲ့ စကားကို ကျုပ် လက်ခံထားပါမယ်"

"မစ္စတာ ရေးနီးရှင့်၊ ဆရာဝန် တစ်ယောက်ဟာ လူကြီးမင်းကို အက်စပရင် တစ်ခါ ပေးတိုင်း စောစောက ဘေးအန္တရာယ်တွေ ရှိနိုင်တဲ့ အကြောင်း ရှင်းပြလိမ့်မယ်လို့ လူကြီးမင်း မျှော်လင့်ပါသလား"

"မမျှော်လင့်ပါဘူး"

"အဲဒီလို ရှင်းမပြတဲ့အတွက် သူဟာ မှားယွင်းစွာ ကုသတယ်လို့ လူကြီး မင်း ယူဆပါသလား"

"အဲဒီ ပြဿနာနဲ့ ကျုပ် မြေးမှာ ဖြစ်တဲ့ ပြဿနာက အများကြီး ခြားနားတယ်၊ ကလေး တစ်ယောက်ကို ကုသတဲ့ နေရာမှာ အပြည့်အစုံ ရှင်းပြ တာဟာ ကောင်းမွန်တဲ့ ကုသခြင်းပဲ"

ရေးနီး ပေါက်ကွဲသည်။

"ကုသမှုတွေ အားလုံးမှာ အပြည့်အစုံ ရှင်းပြရမယ်လို့ လူကြီးမင်း ယူဆသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကုသမှုတွေ အားလုံးမှာ ရှင်းပြရမယ်"

ရေးနိုး အတည်ပြုသည်။

"နှစ်ဖက်စလုံးကပေါ့"

"ရှေ့နေရဲ့ မေးခွန်းကို ကျုပ် နားမလည်ဘူး"

"ဆရာဝန်ဘက်ကလည်း အပြည့်အစုံ ပြောရမယ်၊ လူနာဘက်ကလည်း အပြည့်အစုံ ပြောရမယ်"

ဇနီးသည် သူ့ ဘက်သို့ ယိုင်လာသည်ကို မစ္စတာ ဆင်ပဆန် သတိပြုမိသည်။ သူက ဇနီးသည်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ သို့သော် သူမက ရုန်းဖယ်သွားသည်။

"ဘာကို ဆိုလိုတယ် ဆိုတာ ကျုပ် နားမလည်ဘူး"

ရေးနိုး ခေတ္တမျှ တုံ့ဆိုင်းနေပြီး နောက်ထပ် ပြောလိုက်သည်။

ရေးနိုး ကသိကအောက် ဖြစ်နေပြီ ဆိုသည်ကို လော်ရာ နားလည်လိုက်သည်။ ယခုအချိန်တွင် လမ်းကြောင်း တစ်ခု ပြောင်းရပေဦးမည်။

"ကျွန်မ ဆိုလိုတာက လူကြီးမင်းရဲ့ မြေးကလေး ဦးနှောက် ပျင်ယွင်းရတာဟာ လူကြီးမင်းတို့က မဖော်ပြဘဲ ထားတဲ့ မျိုးရိုးဗီဇ ချွတ်ယွင်းချက် တစ်ခုကြောင့် များလားလို့ မေးတာပါ"

ဖရန်ကလင် ထခုန်လိုက်ပြီး–

"ဒီမေးခွန်းဟာ အင်မတန် စော်ကားတဲ့ တွေးဆချက် တစ်ခုပဲ၊ ဒီမေးခွန်းဟာ ပြန်လှန်မေးခွန်း ဘောင်အတွင်းကနေ အပြင်ကို အများကြီး ထွက်နေပါတယ်၊ ကျုပ် အမှုသည်ကို ဖြေကြားခွင့် မပြုနိုင်ပါဘူး"

ထိုအခါ လော်ရာက ဖရန်ကလင် ဘက်သို့ လှည့်ပြီး–

"ကျွန်မတို့ အခုမှပဲ အကျိုးဆောင်ကြီးရဲ့ အမှုသည် အစစ်အမှန်ဟာ ဘယ်သူ ဖြစ်တယ် ဆိုတာ သိရတော့တယ်"

ထို့နောက် လော်ရာသည် တရားသူကြီး ဘက်သို့ လှည့်လျက်–

"တရားသူကြီးမင်းရှင့်၊ ကံမကောင်းရှာတဲ့ ကလေးလေး ဦးနှောက် ပျက်ယွင်းရတဲ့ အကြောင်းရင်းကို အထောက်အထားမှန် မပြနိုင်သေးတဲ့ အချိန်မှာ ကျွန်မတို့ဟာ ဖြစ်နိုင်တဲ့ အကြောင်းရင်းတွေ အားလုံးကို ရှာဖွေကြည့်ရပါမယ်"





"ရေးနိုး မျိုးဆက်မှာ ဘာမှ ချွတ်ယွင်းချက် မရှိဘူး၊ ဘယ်သူဘာမေးမေး ကျုပ် ဖြေမယ်"

တရားသူကြီး တစ်စုံတစ်ရာ မဆုံးဖြတ်ရမီတွင် ရေးနိုးက ဟစ်အော်လိုက်သည်။

"လူကြီးမင်းဘက်က မျိုးရိုးဗီဇ ချွတ်ယွင်းချက် မရှိဘူး ဆိုတာ တကယ်ပဲလား"

လော်ရာက ရေးနိုး၏ စိတ်ကို ဆွသည့် အနေဖြင့် ဆက်မေးသည်။

"တကယ်ပဲ"

"လူကြီးမင်းရဲ့ မိခင်က ကလေး ဘယ်နှယောက် မွေးပါသလဲ"

"ရှစ်ယောက်၊ ယောကျ်ားလေး ငါးယောက်၊ မိန်းကလေး သုံးယောက်၊ အားလုံး ကျန်းမာတယ်"

"မစ္စတာ ရေးနိုးရှင့်၊ လူကြီးမင်းကရော ကလေး ဘယ်နှယောက် ရပါသလဲ"

ရေးနိုး မျက်လုံးပြူးပြီး ကြည့်သည်။ ဖြေရမလား စဉ်းစားနေဟန်ရှိပြီးနောက်–

"တစ်ယောက်"

"တစ်ယောက်တည်းလား၊ သူ့ အမေက ကျန်းမာတဲ့ ကလေး ရှစ်ယောက် မွေးတယ်၊ သားက တစ်ယောက်တည်းလား၊ သားတွေ သိပ်လိုချင်တယ်လို့ တစ်နေ့ကပဲ ကျွန်မတို့ကို ပြောတဲ့သူက တစ်ယောက်တည်းပဲလား"

သူမ၏ နောက်ဘက်မှ ဖရန်ကလင်၏ ကန့်ကွက်သံကို လော်ရာ ကြားရသည်။ ဗင်နွန်က ဖရန်ကလင်၏ တိုက်ခိုက်မှုကို အထောက်အကူပြုသည်။

"မိန်းကလေး ဒီမေးခွန်းမျိုးဟာ အမှုနဲ့ မပတ်သက်ရုံတင် မကဘူး၊ ပြန်လှန်မေးခွန်း ဘောင်ကို ဖောက်ဖျက်ရာလည်း ရောက်တယ်"

"တရားသူကြီးမင်းရှင့်၊ တရားသူကြီးမင်း အနေနဲ့ ကျွန်မကို နောက်ဆုံး အနှောင့်အယှက် ပေးတာပဲ ဖြစ်ပါစေ၊ တရားသူကြီး ဆန္ဒရှိရင် ကျွန်မကို မထိမဲ့မြင် ပြုမှုနဲ့ အရေးယူနိုင်ပါတယ်၊ ဒါပေမဲ့ ဒီအမှုမှာ ပါဝင်နေတဲ့ ဦးနှောက် ပျက်ယွင်းမှုနဲ့ ပတ်သက်တဲ့ ဖြစ်နိုင်တဲ့ အကြောင်းရင်း အားလုံးကို သိနိုင်ဖို့ အတွက် ကျွန်မ မေးစရာ ရှိတာတွေကို ဆက်ပြီး မေးသွားရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး၊ တရားသူကြီး နေရာကို လာပါ"

ဗင်နွန် အမိန့်ပေးသည်။ သူ့ မျက်နှာကြီး နီရဲနေသည်။

လော်ရာ မလှုပ်ပါ။

"ကျွန်ုပ် ပြောတာ ကြားသလား"

"ကျွန်မကို ရုံးတော်မှာ ရှိတဲ့ အဆင့်အတိုင်း မခေါ်ဝေါ်သမျှ ကျွန်မ ဒီနေရာက လုံးဝ မရွေ့ဘူး"

ခရစ် စိတ်ထဲမှာ ရုတ်တရက် ကျေနပ်အားရမှု ရှိသွားသည်။ ဤ အမျိုးသမီး ဤမိန်းကလေးသည် ပျော့ပျောင်း နူးညံ့သည်နှင့်အမျှ သံမဏိ လို မာကျောခြင်းလည်း ရှိပေသည်။

"အကျိုးဆောင် တရားသူကြီးနေရာကို လာပါ"

နောက်ဆုံးတွင် ဗင်နွန်သည် မလွှဲသာ မရှောင်သာ ပြောလိုက်ရသည်။

ဖရန်ကလင်လည်း ဆွေးနွေး ညှိနှိုင်းရာသို့ ချက်ချင်း ရောက်ရှိသွား သည်။

ဗင်နွန်သည် စောစောက ဖိတ်ခေါ်ရာတွင် အကျိုးဆောင်ဟု သုံးစွဲခဲ့ ရသော်လည်း ယခုအခါ တီးတိုး ညှိနှိုင်းကြရာတွင်ကား–

"ဒီမယ် မိန်းကလေး၊ မင်းအနေနဲ့ ငါ့ဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ် ကလန်ကဆန် လုပ်ရင် တရားစစ်ဆေးမှုကို ချက်ချင်း ရပ်လိုက်ပြီး မင်းကို ရုံးတော် မထိမဲ့မြင်မှုနဲ့ တစ်ခါတည်း အရေးယူရလိမ့်မယ်၊ ကဲ... ပြောစမ်းပါ ဦး၊ ဒီအဓိပ္ပာယ် မရှိတဲ့ မေးခွန်းတွေကို မင်း ဘာလို့ မေးနေတာလဲ၊ မင်းဟာ သက်သေကို အနှောင့်အယှက် ပေးနေတာက လွဲလို့ ဘာအကျိုးကျေးဇူး ရနိုင် သလဲ"

"ဒီအမှု စစ်ဆေးမှု တစ်လျှောက်လုံးမှာ ကောင်းကောင်း မလုပ်ခဲ့တဲ့ အလုပ် တစ်ခုကို ကျွန်မ လုပ်နေတာပဲ၊ အမှန်တရားကို ရဖို့ ကျွန်မ ကြိုးစားနေ တာပဲ"

ဗင်နွန်နှင့် ဖရန်ကလင် အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

"တရားသူကြီးမင်း ခင်ဗျား၊ ဒီမေးခွန်းတွေကို မေးနေတာဟာ ဘာကို လိုချင်လို့လဲ ဆိုတာကို တရားခံ အကျိုးဆောင်က အတိအကျ ထုတ်ဖော် မပြောဘူး ဆိုရင် ကျွန်တော် ကန့်ကွက်ပါတယ်"

ဗင်နွန်က လော်ရာကို ကြည့်လျက်–





"မင်းမှာ အတိအကျ ပြောနိုင်တာ ရှိသလား"

"ရှိပါတယ်"

"မင်းကို ဆက်လက် မေးမြန်းခွင့် ရုံးတော်က ခွင့်မပြုခင် အဲဒီအချက် အလက်ကို မင်းအနေနဲ့ သက်သေပြစေချင်တယ်"

လော်ရာက ဗင်နွန်ကို မော့ကြည့်လျက်–

"အခု သက်သေ ထွက်ဆိုလို့ မပြီးခင်မှာပဲ ကျွန်မရဲ့ မေးခွန်းတွေနဲ့ အထောက်အထား ဘယ်လို ဆက်စပ်တယ် ဆိုတာ ဖြေဆိုပါ့မယ်လို့ ဤရုံးတော် ကို ကျွန်မ ကတိပေးပါတယ်"

"ဘယ်လို အထောက်အထား ဖြစ်ကြောင်း ရုံးတော်ကို ဖော်ပြဖို့ အကျိုး ဆောင် ငြင်းဆိုသလား"

"ကျွန်မ ငြင်းဆိုပါတယ်"

"မိန်းကလေးကို ကျွန်ုပ် သတိပေးလိုက်မယ်၊ ဘယ်လို ဆက်စပ်မှု ရှိကြောင်း မပြနိုင်လို့ ရှိရင်တော့ မင်းဟာ ရုံးတော်ကို လိမ်လည်တဲ့ အကြောင်း ရှေ့နေ အစည်းအရုံးမှာ ကျွန်ုပ် စွဲချက် တင်ရပါလိမ့်မယ်"

ရုံးတော်မှ ဆက်လက် လုပ်ဆောင်ခွင့် ရရှိသည့် အနေမျိုးဖြင့် လော်ရာ လှည့်ထွက်သွားသည်။

"မစ္စတာ ရေးနိုးရှင့်၊ လူကြီးမင်းဟာ ကလေး တစ်ယောက်ပဲ ရှိတယ် လို့ စောစောက ထွက်ဆိုသွားပါတယ်၊ သားတွေ အများကြီး လိုချင်တဲ့ လူ တစ်ယောက် အတွက် ဒါဟာ အံ့သြစရာ မကောင်းဘူးလားလို့ ကျွန်မ မေးထား ပါတယ်"

ရေးနိုးက ဖရန်ကလင်ကို ကြည့်လိုက်သည်။ ထို့နောက် ဗင်နွန်ကို ကြည့်သည်။ မည်သူကမျှ သူ့ ဘက်က ကာကွယ်ခြင်း မပြုသောအခါ သူ ဖြေသည်။

"ကလေး တစ်ယောက်ပဲ ရတဲ့ ကိစ္စဟာ ရေးနိုး မျိုးဆက်ကြောင့် မဟုတ်ဘူး၊ ကျုပ်မှာ သား တစ်ယောက် ရှိခဲ့တယ်"

ထိုအချက်ကို လော်ရာ မမျှော်လင့်ခဲ့ပါ။ ရေးနိုး စကားလုံးများ စုစည်း နေစဉ်တွင် သူမ အသက်မရှူဘဲ ရှိနေသည်။

"ပထမကလေးဟာ ယောကျ်ားလေး ဖြစ်တယ်၊ အသေဖွား ဖြစ်တယ်၊ အင်မတန် ခက်ခက်ခဲခဲ မွေးဖွားရတယ်၊ မိခင် အင်မတန် ပင်ပန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ယင်းသို့ ထုတ်ဖော် ပြောဆိုသည်ကို တောင်းပန်သည့် အနေဖြင့် သူ့ ဇနီးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"နောက်ကလေးကတော့ မိန်းကလေး... ကျုပ်သမီးပဲ... ဗိုက်ခွဲ မွေးရတယ်၊ အဲဒီနောက်မှာတော့ ဆရာဝန်တွေက အင်မတန် အန္တရာယ်ကြီးတဲ့ အကြောင်း ရှင်းပြကြတယ်၊ သူတို့ရဲ့ အကြောင်းပြချက်တွေကိုတော့ ကျုပ် မမှတ်မိတော့ဘူး၊ အဲဒီအကြောင်းတွေကလည်း အရေးမကြီးပါဘူး၊ အကြောင်း ပြချက် ဆိုတာ မအောင်မြင်မှုကို ရှင်းပြတာပဲ"

သူ့ အသံတွင် စွပ်စွဲသည့် လေသံ မပါရှိသော်လည်း မစ္စက်ရေးနိုးသည် မျက်လွှဲချပြီး လက်ကိုင်အိတ်ထဲတွင် လက်ကိုင်ပဝါကို ရှာဖွေလျက် ရှိသည်။

ရုံးခန်း တစ်ခုလုံး တိတ်ဆိတ်လွန်းလှသဖြင့် လော်ရာသည် နောက် မေးခွန်း ထုတ်ရန်ကိုပင် တုံ့ဆိုင်းနေမိသည်။

"မစ္စတာ ရေးနိုးရှင့်၊ အဲဒီကိစ္စဟာ လူကြီးမင်းရဲ့ ဘဝ တစ်သက်တာမှာ စိတ်ပျက်စရာ အကောင်းဆုံးပဲလား"

"ဟုတ်ပါတယ်"

သူ လေသံတိုးတိုးဖြင့် ဝန်ခံသည်။

"ဒီကိစ္စဟာ လူကြီးမင်း အပေါ်မှာ အမြဲတမ်း ရောင်ပြန်ဟပ်နေပါ လား"

"ဒီကိစ္စဟာ ကျုပ် မိန်းမရဲ့ အပြစ်ပဲ..." သူ့ စကားကို ချက်ချင်း ပြင်သည်။ "ကျုပ် မိန်းမရဲ့ အခြေအနေပဲ၊ ဆရာဝန်တွေ အားလုံးက တညီ တညွတ်တည်း ပြောကြတယ်"

"ဒီကိစ္စဟာ လူကြီးမင်းရဲ့ အပြစ်လို့ တခြားလူတွေက ထင်ကြမှာကို လူကြီးမင်း စိုးရိမ်ပါသလား"

"တခြားလူတွေ ထင်တာကို ကျုပ် နည်းနည်းမှ ဂရုမစိုက်ဘူး"

သူ လျင်မြန်စွာ တုံ့ပြန်သည်။

"လူကြီးမင်းရဲ့ မိတ်ဆွေတွေ လုပ်ဖော်ကိုင်ဖက်တွေကို လူကြီးမင်း အနေနဲ့ သားတွေ လိုချင်တဲ့ အကြောင်း နည်းနည်းမှ မလျှို့ဝှက်ခဲ့တဲ့အတွက် သူတို့က ဘာဖြစ်လို့ သားတွေ မရသလဲလို့ တွေးမှာကို လူကြီးမင်း စိတ်ထဲမှာ တစ်ခါမှ မစဉ်းစားမိဘူးလား၊ ဒါမှမဟုတ် ဒီအကြောင်းကို လူကြီးမင်း သူတို့ ကို ပြောမိသလား"





"ကိုယ်ရေးကိုယ်တာ မိသားစု အကြောင်းတွေကို ဘယ်မိတ်ဆွေ ဘယ် လုပ်ဖော်ကိုင်ဖက်နဲ့မှ ကျုပ် မဆွေးနွေးဘူး"

"သူတို့ ဘာထင်တာကို ဂရုမစိုက်တဲ့ သဘောပဲပေါ့"

"သူတို့ အလုပ် မဟုတ်လို့ဘဲ"

"လူကြီးမင်းရဲ့ လျှို့ဝှက်မှုကို... ကျွန်မ ဆိုလိုတာက ကိုယ်ရေး ကိုယ်တာ ထိန်းသိမ်းမှုကို လူကြီးမင်းရဲ့ မိတ်ဆွေတွေက လေးစားကြသလား"

"အများအားဖြင့် လေးစားကြပါတယ်၊ ပထမ တစ်ကြိမ် မေးပြီးတဲ့ နောက်ပိုင်းမှာပေါ့"

"ပထမ တစ်ကြိမ် မေးပြီးတဲ့ နောက်ပိုင်း ဟုတ်လား"

"ဘယ်သူကမှ အဲဒီမေးခွန်းကို နှစ်ခါ ထပ်မမေးပါဘူး၊ ကျုပ် ရှေ့မှာ မမေးပါဘူး"

"ဒါဖြင့် လူကြီးမင်းဟာ ကိုယ်ရေးကိုယ်တာ လျှို့ဝှက် ထိန်းသိမ်းမှုကို လိုလားတာပေါ့"

"ဟုတ်တယ်၊ လိုလားတယ်"

"သူတို့ အားလုံးကလည်း လေးစား လိုက်နာကြတယ်၊ မစ္စတာ ရေးနိုး ရှင့်၊ လူကြီးမင်းဟာ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်မှုကို ပြင်းပြင်းထန်ထန် ယုံကြည်တဲ့ လူပေါ့"

"အကျိုးဆောင်တို့ အနေနဲ့ ကြည့်ရင်တော့ ကျုပ်ဟာ ရှေးဟောင်း သမားကြီးပဲပေါ့၊ ဟုတ်တယ်၊ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်မှုကို ကျုပ် ယုံကြည် တယ်"

"ကိုယ်ရေးကိုယ်တာ လျှို့ဝှက်မှုကို ဘယ်အတိုင်းအတာအထိ ထိန်း သိမ်းပါသလဲ"

"ဘယ်အတိုင်းအတာအထိလဲ ဟုတ်လား"

လော်ရာ၏ မေးခွန်းကို နားမလည်ဟန်ဖြင့် ပြန်မေးသည်။

"လူ တစ်ယောက်ဟာ လျှို့ဝှက်မှုကို သူ့ မိတ်ဆွေတွေ အပေါ်မှာ ထိန်းသလား၊ သူ့ ရှေ့နေ အပေါ်မှာကော ထိန်းသလား၊ သူ့ ဆရာဝန် အပေါ် မှာကော ထိန်းသလား"

ရေးနိုးက မျက်လုံးပြူကြီးဖြင့် စူးစိုက်ပြီး ကြည့်သည်၊ ဤမိန်း ကလေး၏ မေးခွန်းများတွင် အကွက် ဘယ်ခု ရှိကြောင်း ထထမဆုံးအကြိမ် သူ သံသယ ရှိသွားဟန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ရေးကိုယ်တာ လျှို့ဝှက်မှုကို ဘယ်အထိ ထိန်းသင့်ပါသလဲ"

"လူ တစ်ယောက် အနေနဲ့ သူ ကြိုက်သလောက် ထိန်းနိုင်တယ်၊ ဒီခေတ်ကြီးမှာ ခက်နေတာက လူသိအောင် လုပ်လွန်းတာပဲ၊ စာနယ်ဇင်းတွေ ရုပ်မြင်သံကြားတွေဟာ သူတို့နဲ့ မဆိုင်တဲ့ အလုပ်တွေထဲကို ဝင်စွက်နေကြတယ်"

ယခုအခါ ရေးနီးသည် အသက်ရှူ မမှန်ဘဲ ဖြစ်နေသည်။ သူ့ မျက်နှာ နီရဲနေသည်။ သွေးခုန်နှုန်း မြန်နေသည်။ ဤလက္ခဏာများကို တွေ့မြင်ရသော အခါ နိဂုံးအချိန် ကျရောက်ပြီဟု လော်ရာ တွက်ဆလိုက်မိသည်။

"မစ္စတာ ရေးနီးရှင့်၊ လူ တော်တော်များများဟာလည်း လူကြီးမင်း လိုပဲ သဘောထားကြပါလိမ့်မယ်၊ ဒါပေမဲ့ လူကြီးမင်းရဲ့ သမီး မင်္ဂလာဆောင် တုန်းက ရုပ်မြင်သံကြားမှာ အများကြီး လွှင့်ခဲ့တဲ့ ကိစ္စကို လူကြီးမင်း ဘယ်လို ယူဆပါသလဲ"

"အင်း သူတို့ကို မပိတ်နိုင်တဲ့ အချိန်တွေလည်း ရှိတာပေါ့"

"အဲဒီတော့ သူတို့ကို ဖိတ်ကြားတဲ့ အချိန်တွေလည်း ရှိတာပေါ့"

"ဒီကိစ္စက အင်မတန် အရေးကြီးတဲ့ လူမှုရေး ကိစ္စ ဖြစ်နေတယ်၊ ပရိသတ်ကြီးက အင်မတန် သိချင်နေကြတာပဲ"

"အဲဒါကြောင့် လူကြီးမင်းက စာနယ်ဇင်းတွေကို ဖိတ်ပြသခဲ့တာပေါ့၊ ဒါပေမဲ့ ကျွန်မ စဉ်းစားနေတာက တစ်ခု ရှိတယ် မစ္စတာ ရေးနီး၊ တကယ်လို့သာ လူကြီးမင်းရဲ့ သမီးဟာ မစ္စတာ ဆင်ပဆန်နဲ့ လက်မထပ်ဘဲ လူကြီးမင်းတို့ရဲ့ အသိုင်းအဝိုင်း အပြင်ဘက်က လူ တစ်ယောက်နဲ့ လက်ထပ်ခဲ့ရင် စာနယ်ဇင်းက လူတွေကို လူကြီးမင်း အခုလို ဖိတ်ပါ့မလား"

သူမ၏ မေးခွန်းရည်ရွယ်ချက်ကို ရေးနီး စဉ်းစားနေချိန်တွင် လော်ရာ ဆက်ပြီး မေးသည်။

"ဆိုပါတော့ လူကြီးမင်းရဲ့ သမီးဟာ ဂျူး တစ်ယောက်နဲ့ လက်ထပ်ခဲ့ရင်"

ရေးနီး မဖြေပါ။ လော်ရာ၏ နောက်မေးခွန်းက ပိုပြီး ထိသည်။

"ဒါမှမဟုတ် လူကြီးမင်းရဲ့ သမီးဟာ လူမည်း တစ်ယောက်နဲ့ လက်ထပ်ဖို့ ရွေးခဲ့ရင်"

လော်ရာ စကားကို ခေတ္တမျှ ရပ်နားထားပြီးနောက်–





"အဲဒီလိုမျိုး လက်ထပ်ပွဲကို လူတွေက ပိုပြီး စိတ်ဝင်စားကြလိမ့်မယ်လို့ လူကြီးမင်း မထင်ဘူးလား"

ရေးနီး မျက်နှာ မပျက်အောင် ထိန်းထားသည်။ သို့သော် သူ၏ မေးရိုးကြီး တောင့်သွားသည်က သိသာသည်။ နောက်ဆုံးတွင် သူမ၏ မေးခွန်းသည် မတော်တဆ တိုက်ဆိုင်ခြင်းသာ ဖြစ်သည်ဟု သူ ယူဆလိုက်ပြီး–

"အဲဒီလိုမျိုး မဖြစ်ခဲ့တဲ့အတွက် ဒီမေးခွန်းကို ကျုပ် ဘာမှ ဖြေစရာ မလိုဘူး"

သည်အကွက်ကို လော်ရာ ဆက်ပြီး မနင်းပါ။ သူ့ကို ကိုင်လှုပ်လိုက်နိုင်သဖြင့် အများကြီး လုံလောက်သွားပေပြီ။ နောက်ထပ် အကြောင်းအရာ တစ်ခုကို ပြောင်းမေးရန် လော်ရာ ဆုံးဖြတ်လိုက်သည်။

"မစ္စတာ ရေးနီးရှင့်၊ ဒေါက်တာ ဂရန့်ရဲ့ ကုသမှုကို မကြိုက်ဘူးလို့ ထွက်ဆိုခဲ့ပေမဲ့၊ ဒေါက်တာ ဂရန့်က လူကြီးမင်းရဲ့ မြေးကို ကုသတဲ့ နေရာမှာ ကုသနည်း အကြောင်း အပြည့်အစုံ မပြောခဲ့ပေမဲ့၊ လူကြီးမင်းရဲ့ မြေး ဆေးရုံက ဆင်းတဲ့အချိန်မှာ လူကြီးမင်းက သူ့ကို လက်ဆောင် သွားပေးခဲ့ပါသလား"

"ပေးပါတယ်"

ရေးနီး ဝန်ခံသည်။

"ဘယ်လို အကျိုးဆောင်မျိုးလဲ ဆိုတာ ဂျူရော်လူကြီးများကို ပြောပြနိုင်ပါ့မလား"

"ကွန်တီနင်တယ် မတ်ဖိုး ကား တစ်စီးပါ"

"အဲဒီကားရဲ့ တန်ဖိုးကို ပြောပြနိုင်ပါသလား"

"ဒေါ်လာ ကိုးထောင်နဲ့ တစ်သောင်းကြားမှာ ရှိပါတယ်"

"လူကြီးမင်း သိချင်တဲ့ အကြောင်းကို ပြောမပြတဲ့ လူတစ်ယောက်ကို ပေးတဲ့ လက်ဆောင်ဟာ တန်ဖိုး မကြီးလွန်းဘူးလား၊ ခေါင်းမာပြီး ဆက်ဆံမှု ရိုင်းတဲ့ လူတစ်ယောက်ကို ပေးတဲ့ လက်ဆောင်ဟာ တန်ဖိုး မများလွန်းဘူး လား"

"အဲဒီ အချိန်တုန်းကတော့ သူဟာ ကျုပ် မြေးကို ရောဂါ ပျောက်ကင်းအောင် ကုသလိုက်တဲ့ ပုံစံမျိုးကိုး"

"မစ္စတာ ရေးနီးရဲ့ လက်ဆောင်ကို ဒေါက်တာ ဂရန့်က လက်ခံပါ သလား"



www.burmeseclassic.com

www.burmeseclassic.com



"လက်မခံပါဘူး"

"အဲဒီတော့ လူကြီးမင်း ဘာလုပ်ပါသလဲ"

"မက်ထရိုပိုလီတန် ဆေးရုံကြီး အုပ်ချုပ်မှုအဖွဲ့ကို ကျုပ် စာတစ်စောင် ရေးပါတယ်"

"မစ္စတာ ရေးနီးရှင့်၊ လူကြီးမင်း ရေးတဲ့ စာဟာ ဒီအတိုင်း အမှန် ပါပဲလား၊ အုပ်ချုပ်မှုအဖွဲ့၊ မက်ထရိုပိုလီတန် အထွေထွေဆေးရုံကြီး၊ လူကြီးမင်းခင်ဗျား၊ လူကြီးမင်းတို့၏ ဆေးရုံကြီးတွင် ဒေါက်တာ ဂရန့် အမှုထမ်းဆောင်နေသည့်အတွက် ကျွန်တော် အထူးပင် ချီးကျူး ဂုဏ်ယူပါကြောင်း၊ သူသည် ကလေးသူငယ်များ ကုသမှု နယ်ပယ်တွင် ပထမတန်းစား ပါရဂူ တစ်ဦး ဖြစ်ရုံသာမက သူ ကုသသော ကလေးငယ်ကလေးများနှင့် သူတို့၏ မိသားစု အတွက် အထူး ဂရုထားသော လူကောင်း တစ်ဦးလည်း ဖြစ်ပါသည်။ လူကြီးမင်းတို့၏ ဆေးရုံကြီးနှင့် ဒေါက်တာ ဆိုဗိုတို့၏ ကလေးသူငယ်ဌာနသည် သူ့အတွက် ကောင်းစွာ ဂုဏ်ယူနိုင်ကြပါသည်။ ရင်းနှီးစွာဖြင့်... ဂျွန်စတူးဝပ် ရေးနီး၊ ဒီစာဟာ လူကြီးမင်း ရေးတဲ့စာ ဟုတ်ပါသလား"

"အဲဒီတုန်းက ကျုပ်ဟာ အမှန်ကို မသိခဲ့ဘူး၊ ကျုပ် မြေး နေကောင်း သွားပြီလို့ သူ ပြောခဲ့တယ်၊ သူ ပြောတဲ့အတိုင်း မဟုတ်ဘူး ဆိုတာကို နောက် လေးလ ကြာမှ ကျုပ် သိရတယ်"

"ဒါပေမဲ့ လူကြီးမင်းဟာ ဒီစာကို ကိုယ့်သဘောနဲ့ကိုယ် ရေးခဲ့တာပဲ မဟုတ်လား"

ရေးနီး နှုတ်ဆိတ်နေသည်။ ယခုအချိန်သည် အဓိက အချက်ကို တင်ပြရတော့မည့် အချိန် ဖြစ်ကြောင်း လော်ရာ သဘောပေါက်လိုက်သည်။

"မစ္စတာ ရေးနီးရှင့်၊ လူကြီးမင်း အစစ်ခံတုန်းက လူကြီးမင်းဟာ အလင်းကုထုံးနည်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သိရှိရအောင် ဆေးစာကြည့်တိုက်မှာ သွားပြီး ဖတ်ခဲ့တယ်လို့ အစစ်ခံသွားပါတယ်၊ အဲဒီလို ထွက်ဆိုခဲ့တာဟာ ရက်နည်းနည်း ကြာသွားပြီ ဖြစ်တဲ့အတွက် ဂျူရော်လူကြီးတွေ မှတ်မိအောင် ပြန်ပြောနိုင်ပါ့မလား"

သက်သေတစ်ဦးသည် ထွက်ဆိုချက် တစ်ခုကို နှစ်ခါပြန် ပြောလျှင် ရှေ့နောက် မညီမညွတ် ဖြစ်တတ်သည်။ ဖမ်းလိုသဖြင့် လော်ရာက ဤမေးခွန်းကို မေးသည်ဟု ယူဆသဖြင့် ဖရန်ကလင် ထိုင်ရာမှ ထပြီး–





"တရားသူကြီးမင်း ခင်ဗျာ၊ ထွက်ဆိုချက်ကို မှတ်တမ်း တင်ထားသော ရှိပါတယ်၊ သက်သေကို စိတ်ထိခိုက်စရာ အကြောင်းတွေ ပြန်ပြီး ပြောစေဖို့ မသင့်ပါဘူး၊ လက်ရေးတို စာရေးကို ဖတ်ပြခိုင်းရင် ဖြစ်နိုင်ပါတယ်"

ဖရန်ကလင်၏ ကောင်းဆိုချက် ဗင်နွန် လိုက်လျောတော့မည် ရှိစဉ် လော်ရာ ကြားဖြတ်ပြီး ပြောလိုက်သည်။

"မစ္စတာ ဖရန်ကလင်ဟာ သူ သေသေချာချာ သင်ထားခဲ့တာတွေ သူ့ရဲ့ သက်သေ မမှတ်မိတော့မှာကို စိုးရိမ်နေလို့လား"

ဤတွင် ရေးနီးသည် ငါးမျှားချိတ်ကို ဟပ်လိုက်သည်။

"တော်စမ်းပါ၊ ကျုပ်လို လူတစ်ယောက်ကို ဒီကိစ္စမျိုး အတွက် သင်ပေးဖို့ လိုတယ်လို့ ထင်သလား"

ရေးနီး ယင်းသို့ ပြောလိုက်သောအခါ ဗင်နွန်သည် ရေးနီးကို ဖြေခွင့်ပြုရတော့သည်။ ရေးနီး ပြောဆို၍ ပြီးသွားသောအခါ လော်ရာသည် နောက် မေးခွန်းအတွက် သူမ၏ စာရွက်များကို ရှာဖွေ ကြည့်ရှုနေဟန်ဖြင့် အချိန် အနည်းငယ် ပေးလိုက်သည်။ အမှန်တော့ နောက်မေးခွန်း အတွက် သူမကိုယ် သူမ အားတင်းနေခြင်း ဖြစ်သည်။

သူသည် ခွဲစိတ်ကု ဆရာဝန် တစ်ဦး၏ တိကျမှုမျိုးဖြင့် ပထမဆုံး မားချက်ကို ခွဲချလိုက်သည်။

"မစ္စတာ ရေးနီးရှင့်၊ လူကြီးမင်း အနေနဲ့ သုတေသန လုပ်ဖို့ ဆေးစာကြည့်တိုက်ကို သွားတာ အဲဒီ တစ်ကြိမ်ပဲလား"

"ဟုတ်တယ်"

အသံမာမာဖြင့် ဝန်ခံသည်။

"မစ္စတာ ရေးနီးရှင့်၊ လူကြီးမင်းရဲ့ သမီးဟာ အာရုံအိပ်ချို နဂုတာစ် သွေးအမျိုးအစား ဆိုတာ သိပါသလား"

"သိတယ်၊ သိပါတယ်၊ ကျုပ် သိပါတယ်"

"အဲဒီ ကိစ္စကို သိလျက်သားနဲ့ အဲဒီအကြောင်းကို စာကြည့်တိုက်မှာ သွားမကြည့်ဘူးလား"

"ကြည့်ဖို့ မလိုပါဘူး၊ သူဟာ အင်မတန် တော်တဲ့ ဆရာဝန် တစ်ယောက် လက်ထဲမှာ ရှိနေတာပဲ"

"ဒီပြဿနာကို အဲဒီဆရာဝန်နဲ့ လူကြီးမင်း ဆွေးနွေးပါသလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ မစ်ချဲဟာ ဆရာဝန်ကောင်း တစ်ယောက်ပါပဲ၊ ဘယ်ပြဿနာကို မဆို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်ထားတယ်"

"သူ့ကို အချက်အလက်တွေ အကုန်ပြောမပြတဲ့ တိုင်အောင်ပေါ့"

လော်ရာက ပိုပြီး နက်နက်ကလေး တွန်းလိုက်သည်။

ရေးနီး စိုးရိမ်ဟန်ဖြင့် သူမကို ကြည့်သည်။ သူမက ပြန်ပြီး ကြည့်သည်။ ယခုအချိန်တွင် အချက်အလက်တွေ အားလုံးကို မိမိ သိရှိနေကြောင်း သူ ရိပ်စားမိသွားသည့်တိုင် လော်ရာ မမှုတော့။ မျက်လုံးများကို လွှဲဖယ်သွားသူမှာ ရေးနီး ဖြစ်သည်။

"မစ္စတာ ရေးနီးရှင့်၊ ကလေးဖျက်ခြင်း အကြောင်း လူကြီးမင်း လေ့လာစူးစမ်းဖူးပါသလား"

ခရစ်ဂရန့်နှင့် မိုက်ဆိုဗိုတို့သည် တရားလို စားပွဲ ဆီသို့ ကြည့်လိုက်မိကြသည်။ အယ်လင်း ဆင်ပဆန် အသက်မရှူဘဲ တောင့်တောင့်ကြီး ဖြစ်နေသည်ကို တွေ့ရှိကြရသည်။ သူမ၏ နုနယ်သော မျက်နှာကလေးသည် သိသိသာသာကြီး ဖြူရော်လျက် ရှိသည်။

"ကလေးဖျက်တဲ့ အကြောင်း ကျုပ် အနေနဲ့ ဘာမှ လေ့လာစရာ မလိုဘူး"

"အဲဒီလိုဆိုရင် လူကြီးမင်းအတွက် အထောက်အကူ ဖြစ်အောင် ပါရဂူ တစ်ဦးကို သက်သေအဖြစ် ခေါ်ယူပါရစေ"

လော်ရာ မည်သည့်အကွက်ကို ဆင်နေကြောင်း မသိရှိသော်လည်း ဖရန်ကလင်သည် ချက်ချင်းပင် ထပြီး ကန့်ကွက်လိုက်သည်။

ထိုအခါ သူ့ ဘက်သို့ လော်ရာ ချာခနဲ လှည့်လိုက်ပြီး–

"မစ္စတာ ဖရန်ကလင်၊ လူကြီးမင်း အမှုသည်တွေရဲ့ အကျိုးအတွက် လူကြီးမင်းရဲ့ ကန့်ကွက်ချက်ကို ပြန်ရုပ်သိမ်းပါ"

ဖရန်ကလင်က ပြန်ပြီး ထိုးနှက်မည်ရှိစဉ် သူ၏ အင်္ကျီပေါ်သို့ လက်တစ်ဖက် ရောက်ရှိလာသည်။ သူ ငုံ့ကြည့်လိုက်သောအခါ မစ္စက် ရေးနီး၏ မျက်နှာကို မြင်တွေ့ရသည်။ အမျိုးသမီး၏ အမူအရာက သူ့ကို မကန့်ကွက်ရန် ပြောဆိုနေသည်။ ဟယ်ရီဖရန်ကလင်သည် သူ၏ ကန့်ကွက်ချက်ကို ရုပ်သိမ်းသည့် အနေဖြင့် ကုလားထိုင်တွင် ပြန်ထိုင်ချလိုက်သည်။





လော်ရာက တရားသူကြီး ဘက်သို့ လှည့်လျက်–

"တရားသူကြီးမင်းရှင့်၊ မစ္စတာ ရေးနီးရဲ့ အစစ်ခံချက်ကို ကြားနာပြီး ဒေါက်တာ ဂရန့်ကို သက်သေခံဖို့ ခေါ်ယူလိုပါတယ်"

ဗင်နွန်က သဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။ မြန်ရေးနီးသည် သက်သေ ကုလားထိုင်မှ မထချင်ဟန် ရှိသည်။ သို့ရာတွင် နောက်ဆုံး၌ ကုလားထိုင်မှ ထပြီး စားပွဲသို့ သွားသည်။

ခရစ်ဂရန့် ရှေ့သို့ ထွက်လာသည်။ သူ့ကို ပါရဂူ တစ်ဦး အနေဖြင့် ဖော်ဆောင် ပေးနေစရာ မလိုတော့ပါ။ လော်ရာသည် မေးခွန်းများကို ချက်ချင်းပင် စတင် မေးမြန်းသည်။

"ဒေါက်တာ ဂရန့်ရှင့်၊ အာရုံအိပ်ချ် နဂ္ဂတစ် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ရာမှာ တွေ့ရှိနိုင်တဲ့ ပြဿနာတွေကို ပြောပြနိုင်ပါသလား၊ အထူးသဖြင့် ကလေးကို ထိခိုက်နိုင်တဲ့ အချက်တွေပေါ့"

ဓူရော်လူကြီးများ ဘက်သို့ ခရစ် မျက်နှာမူလိုက်သည်။ အာရုံအိပ်ချ် နဂ္ဂတစ် အမျိုးသမီး တစ်ယောက်သည် ယခင်က ကိုယ်ဝန်ဆောင်ခဲ့ဖူးလျှင်သော်လည်းကောင်း၊ အာရုံအိပ်ချ် ပေါ့ဆစ်တစ် သွေးဖလှယ်ခဲ့ဖူးလျှင် လည်းကောင်း သူမတွင် ထိခိုက်မှု ရှိပြီး ပဋိပစ္စည်းများ ထုတ်လွှတ်နိုင်ကြောင်း ရှင်းပြသည်။ သူမ၏ သွေးထဲတွင် ပဋိပစ္စည်းများ ရှိနေသည်နှင့် တစ်ပြိုင်နက် သူမ၏ ကိုယ်တွင် တည်သော သန္ဓေသားကို ကျန်းမာရေး ထိခိုက်စေနိုင်ပေသည်။ အကယ်၍ ကြိုတင် ကာကွယ်မှုများ တစ်စုံတစ်ရာ မပြုလုပ်ခဲ့လျှင် ကလေး၏ ကျန်းမာရေးကို ပြင်းပြင်းထန်ထန် ထိခိုက်စေနိုင်ပါသည်။ သို့မဟုတ် သေဆုံးစေနိုင်ပါသည်။

ဓူရော်လူကြီးများ၏ ဦးနှောက်ထဲတွင် ဆေးပညာ အချက်အလက်များ ဝင်ရောက်သွားပြီကို သေချာသောအခါ သူမက ခရစ်ကို မေးသည်၊

"ဒေါက်တာ ဂရန့်ရှင့်၊ အမျိုးသမီး တစ်ယောက် ပေါ့ဆစ်တစ် သွေးဖလှယ်လို့ပဲ ဖြစ်စေ၊ အလျင်က ကိုယ်ဝန်ဆောင်ခဲ့ဖူးလို့ပဲ ဖြစ်စေ သူ့မှာ ပဋိပစ္စည်းတွေ ရှိနေပြီ ဆိုပါတော့၊ အဲဒါကို ဆရာဝန်က သိခဲ့ရင် သူ့ရဲ့ [illegible] ကုသနည်းကို ပြင်ဆင်ပါသလား"

"အများကြီးကို ပြောင်းလဲ ပြင်ဆင်ရပါမယ်၊ ကလေးမှာ အ[illegible] မတည့်မှု ရှိနေတာကို အထူး ဂရုပြုရပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အထူး ဂရုပြုတဲ့အခါမှာ သူ ဘာလုပ်မလဲ"

"အသားဝါ လက္ခဏာ ရှိမရှိကို သူ စောင့်ကြည့်ရမယ်၊ ကလေးရဲ့ အသားရောင်ဟာ မဝါဘဲ ကောင်းနေတဲ့ တိုင်အောင် နှစ်နာရီ တစ်ကြိမ် ဗီလီရူဗင် စစ်ရပါမယ်"

"ဒါပေမဲ့ ဒေါက်တာ ကိုးမင်းက အဲဒီလို မစစ်ဆေးခဲ့ဘူးလို့ ထွက်ဆို သွားပါတယ်"

"ဒါက နားလည်နိုင်ပါတယ်၊ သူ့ စိတ်ထဲမှာက ပထမကလေးကို ကုသ နေရတယ်လို့ မှတ်ယူထားတာကိုး"

"မိခင်ရဲ့ ဆရာဝန် အစစ်ခံသွားတာကလည်း ရှင်းနေတယ် မဟုတ် လား၊ ဒီကလေးဟာ မစ္စက် ဆင်ပဆန်ရဲ့ သားဦးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ခရစ် ဖြေလိုက်သည်။ ထို့နောက် ဂျွန်ရေးနီး ဘက်သို့ လှည့်ပြီး–

"ဒါပေမဲ့ အမျိုးသမီး တစ်ယောက်ဟာ တုံ့ပြန်မှု ဖြစ်ဖို့အတွက် ကလေး မွေးမှ မဟုတ်ပါဘူး"

"ဟုတ်ကဲ့၊ အမိန့် ရှိပါဦး ဒေါက်တာ"

"အလျင်က ကိုယ်ဝန်ဆောင်ဖူးရုံနဲ့ပဲ တုံ့ပြန်မှု ရှိနေနိုင်ပါတယ်"

ခရစ် ကြေညာလိုက်သည်။

ဂျွန်ရေးနီး ဖြူရော်သွားသည်။ သူ့ သမီး အယ်လင်း နောက်သို့ လန့် သွားသည်။

"ဒေါက်တာရှင့်၊ တကယ်လို့ အမျိုးသမီး တစ်ယောက်ဟာ အလျင်က ကလေး မွေးခဲ့ဖူးရင် အဲဒီအကြောင်းကို သူက ထုတ်ဖော်ပြောသည် ဖြစ်စေ မပြောသည်ဖြစ်စေ ဆရာဝန်က သိနိုင်ပါသလား"

"ဆရာဝန် တစ်ယောက် အနေနဲ့ သူ့ ဘာသူ သိမြင်ပြီး သိနိုင်ပါတယ်"

"ဒါပေမဲ့ရှင်... အမျိုးသမီး တစ်ယောက်ဟာ ကိုယ်ဝန်ကို ဖျက်ဆီး ပစ်ခဲ့ပြီး အဲဒီအကြောင်းကို တမင် ဖုံးကွယ် ထိမ်ချန်ထားခဲ့ရင် ဆရာဝန်ဟာ ဘယ်တော့မှ မသိနိုင်ဘူးပေါ့၊ ဟုတ်လား"

"ဘယ်တော့မှ မသိနိုင်ပါဘူး"

ခရစ်သည် ယခုအချိန်အထိ ဂျွန်ရေးနီးကို ငေးစိုက် ကြည့်နေရာမှ ပြောသည်။





"အဲဒီလိုဆိုရင် ဆရာဝန်ဟာ အဖြစ်မှန်ကို မသိရှိတဲ့အတွက် မွေးသော တဲ့ ကလေးကို ကုသတဲ့ နေရာမှာ ပုံစံတစ်မျိုး ဖြစ်နိုင်ပါသလား"

"ဖြစ်နိုင်ပါတယ်"

"ဒေါက်တာ ကိုးမင်းက အစစ်ခံသွားပါတယ်၊ ကလေးမှာ အသားဝါ ဖြစ်နေတဲ့ အကြောင်း ဆရာမက သူ့ကို ပြောတဲ့အခါမှာ သူက ဗီလီရူဗင် စစ်ခိုင်းပြီး ကွန်းမ်စ် လုပ်ခိုင်းတယ်လို့ ဆိုပါတယ်၊ သူ့ရဲ့ လုပ်ဆောင်ချက်ဟာ ပုံမှန်နည်းမှန်အတိုင်း ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ တစ်ခုပဲ ရှိတယ်၊ သူ့ အစစ်ခံချက်အရ ကျွန်တော်တို့ သိရတာက အဲဒီလို ဖြစ်တာဟာ ဓာတ်ခွဲခန်း အစီရင်ခံစာတွေ မထွက်ခင် အများကြီး စောနေပါတယ်"

"စိုးရိမ်စရာ အခြေအနေမျိုးမှာ ဗီလီရူဗင် စစ်ဆေးမှုကို နှစ်နာရီ တစ်ကြိမ် လုပ်ရတယ် မဟုတ်လား"

"တုံ့ပြန်မှု မရှိတဲ့ မိခင် တစ်ယောက်ကို ကုသနေရတယ်လို့ ကိုးမင်း ဟာ အသိလွဲနေခဲ့ရပါတယ်၊ ဒါကြောင့်မို့လို့ သူ့မှာ အချိန်တွေ အများကြီး ရှိနေတယ်လို့ သူ ထင်နေခဲ့ပါတယ်"

"အဲဒီလိုဆိုရင် ဒေါက်တာ ကိုးမင်းဟာ အမှောင်ထဲမှာ အလုပ်လုပ်နေ ရတာပေါ့"

"ကလေးကို ခုနစ်နာရီ ရှစ်နာရီလောက် နောက်ကျပြီး ဒေါက်တာ ကိုးမင်း တွေ့ရတဲ့ အချိန်မှာ ဗီလီရူဗင်နှုန်းဟာ နှစ်ဆယ်ရဲ့ အထက်ကို တက် သွားခဲ့တယ် ဆိုတာ ဘာမှ သံသယ ဖြစ်စရာ မရှိပါဘူး၊ အဲဒီကလေးငယ် ကလေးရဲ့ ဦးနှောက်ဟာ မက်ထရိုပိုလီတန် ဆေးရုံကြီးကို မရောက်ခင် ကတည်း က ပျက်ယွင်းခဲ့တာပါ"

"အဲဒီလိုဆိုရင် ဂျွန်ရေးနီး ဆင်ပဆန် ကလေးလေး ဦးနှောက် ပျက်ယွင်းရတာဟာ ဘယ်သူ့မှာ တာဝန် ရှိတယ်လို့ ဒေါက်တာ ပြောပါမလဲ"

ခရစ်သည် ဂျွန်ရေးနီး ရှိရာသို့ စိုက်ကြည့်လိုက်ပြီး–

"အယ်လင်း ဆင်ပဆန်ရဲ့ ကိုယ်ဝန် ဖျက်ချမှုကို ဆရာဝန် မသိအောင် ထိမ်ချန်ထားတဲ့သူ အပေါ်မှာ တာဝန် ရှိပါတယ်၊ သူဟာ ဘယ်သူပဲဖြစ်ဖြစ် ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ရေးနီး၏ မျက်နှာတွင် သွေးများ ဆုတ်သွားသည်။ အယ်လင်းက သူမ၏ ဖခင်ဘက်သို့ လှည့်ပြီး တစ်စုံတစ်ရာ စွပ်စွဲလိုက်သည်။ သို့သော် တိုးညင်းစွာ ပြောဆိုလိုက်ခြင်း ဖြစ်သဖြင့် ထိုစကားကို ဂျွန်ရေးနီး တစ်ယောက်သာ ကြားသိနိုင်လေသည်။

သူ့ နှုတ်ခမ်းများ တွန့်လိမ် လှုပ်ရှားသည်။ သို့သော် အသံ ထွက်မလာပါ။ သူ မောပန်းစွာ အသက်ရှူလျက် ရှိသည်။ ထို့နောက် သူ ရေရွတ်လိုက်သည်။

"ကျုပ်... ကျုပ် အတွက် ဆရာဝန်ခေါ်..."

လော်ရာသည် တရားသူကြီး ဘက်သို့ လှည့်လျက်–

"တရားသူကြီးမင်းရှင့်၊ မစ္စတာ ရေးနီး နေမကောင်း ဖြစ်နေပါတယ်၊ တရားစစ်ဆေးမှုကို အမြန်ဆုံး ရပ်နားပေးပါရန် ကျွန်မ တောင်းပန်ပါတယ်"

"ဆရာကြီး... ကြည့်ပါဦး"

ဟယ်ရီဖရန်ကလင်က မိုက်ဆိုဗိုကို လှမ်းပြောလိုက်သည်။

မိုက်ဆိုဗိုသည် ချက်ချင်းပင် ဂျွန်ရေးနီး အနီး ရောက်ရှိသွားသည်။ သွေးခုန်နှုန်းကို စမ်းကြည့်သည်။ အသက်ရှူ ကောင်းမွန်စေရန် အင်္ကျီလည်ပင်းကြယ်သီးကို ဖြုတ်လိုက်သည်။ ရေးနီး တုံ့ပြန်ခြင်း မပြု။

"မစ္စတာ ရေးနီးကို သူ့ ကားပေါ် လိုက်ပို့ဖို့ ရုံးအကူများက ကျေးဇူးပြုပြီး ကူညီပေးကြပါ"

မိုက်က ပြောလိုက်သည်။

မိုက်၏ ညွှန်ကြားမှုဖြင့် ရုံးအကူများသည် ဂျွန်ရေးနီးကို ဆွဲထူကာ တရားသူကြီး အဝတ်လဲခန်းကို ဖြတ်ပြီး ခေါ်ယူသွားကြသည်။ မစ္စက် ရေးနီး နောက်မှ လိုက်ပါသွားသည်။

မစ္စတာ ရေးနီးသည် မျက်မမြင် တစ်ဦးလို ပါရှိသွားသည်။ သူ့ မျက်နှာသည် အသက် မရှိသလို ဖြူရော်နေသည်။ သူ၏ မျက်လုံးပြာများသည်လည်း တောက်ပ စူးရှခြင်း မရှိကြတော့။ တရားရုံးခန်း အတွင်းမှာ သူ ထွက်သွားသည်နှင့် တစ်ပြိုင်နက် အယ်လင်း ဆင်ပဆန်သည်လည်း ထိုင်ရာမှ ထလိုက်ပြီး မင်းလမ်းအတိုင်း အပြင်ဘက်သို့ ထွက်သွားသည်။ သူ့ ယောကျ်ားက သူ့ နောက်မှ ကမန်းကတန်း လိုက်ပါသွားသည်။ အကျိုးဆောင် စားပွဲတွင် ဖရန်ကလင် တစ်ယောက်တည်း ကျန်ရစ်သည်။





လော်ရာက တရားသူကြီးကို ပန်ကြားသည်။

"တရားသူကြီးမင်းရှင့်၊ ကနေ့ ညနေပိုင်းမှာ စောနိုင်သမျှ စောစော ဆွေးနွေးပွဲကလေး တစ်ခု လုပ်ဖို့ ကျွန်မ အကြံပေးပါရစေလား ရှင့်"

ဖရန်ကလင် သဘောတူညီချက်အရ ဗင်နွန်သည် ဆွေးနွေးပွဲ အချိန်ကို ညနေ နှစ်နာရီဟု သတ်မှတ်လိုက်သည်။

ဂျူရော်လူကြီးများကိုလည်း ထိုအချိန်အထိ အနားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၃၂

ညနေ နှစ်နာရီတွင် လော်ရာ၊ ခရစ်နှင့် မိုက်ဆိုဖိုတို့သည် တရားသူကြီး ဗင်နွန်၏ ရုံးခန်းတွင် ရောက်ရှိနေကြသည်။ ဟယ်ရီဖရန်ကလင် တစ်ဆယ့်ငါး မိနစ် နောက်ကျပြီးမှ ရောက်လာသည်။ သူ၏ အမှုသည်များနှင့် တွေ့ဆုံ ဆွေးနွေးနေသဖြင့် နောက်ကျရကြောင်း ရှင်းပြသည်။ လော်ရာ၏ ခွင့်ပြုချက် အရ ဖရန်ကလင်သည် တရားရုံး လက်ရေးတို စာရေး မပါရှိဘဲနှင့် သူ၏ တင်ပြချက်ကို တင်ပြခွင့် ရရှိသည်။

"ကျွန်တော့် အမှုသည်များရဲ့ ညွှန်ကြားချက်အရ အမှုကို အဆုံးသတ် ဖို့ ကျွန်တော် ဒီကို ရောက်ရှိလာရခြင်း ဖြစ်ပါတယ်၊ ဒေါက်တာ ဆိုဖိုနဲ့ ဒေါက်တာ ဂရန့်တို့ ကျေနပ်သည်အထိ လူသိရှင်ကြား တောင်းပန်ဖို့လည်း ကျွန်တော့်ကို အာဏာပေးလိုက်ကြပါတယ်၊ ဒါပေမဲ့ အပြစ်ကင်းစင်တဲ့ လူတွေ ကို ထိခိုက်စေမယ့် ပြောဆိုမှုတွေ မပြုလုပ်ကြဖို့တော့ မစ္စက် ဆင်ပဆန်ထံ မျှော်လင့်ပါတယ်"

ထိုစကားကို အခန်းတွင်းရှိ လူများ အားလုံး နားလည် သဘောပေါက် ကြသည်။

ဖရန်ကလင် ဆက်ပြောသည်။

"ဒီပြဿနာမှာ ပါဝင် ပတ်သက်တဲ့ လူအပေါ်မှာ မစ္စက် ဆင်ပဆန်ထံ ဘယ်လိုမှ အမုန်းမထားတဲ့ အကြောင်းလည်း ပြောပါတယ်၊ သူ့ အနေနဲ့ အဲဒီလူကို ပုဂ္ဂိုလ်အရရော လုပ်ငန်းအရရော ဘယ်လိုမှ ထိခိုက်မှု မဖြစ်စေလို ပါဘူးတဲ့၊ အဲဒီလူရဲ့ နာမည်ကိုတောင် ဖော်ထုတ် မပြောပါဘူးတဲ့၊ အဲဒီလူရဲ့ နာမည်ကို ခင်ဗျားတို့ ဘက်က သိရှိကြပြီး လျှို့ဝှက်ထားကြလိမ့်မယ်လို့လည်း ကျွန်တော် ယူဆပါတယ်"

"ကျွန်မတို့ အတွက်တော့ မစ္စက် ဆင်ပဆန် ဘာမှ စိုးရိမ်စရာ မရှိ ပါဘူး"

လော်ရာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်" ရှေ့နေ လူဖလံကလေးက ပြောလိုက်သည်။ ထို့နောက် နာကြည်းသော လေသံဖြင့် သူ ဆက်ပြောသည်။ "ကျွန်တော့် တစ်သက်မှာ အမှုသည် တစ်ယောက်က ကျွန်တော့်ကို အရှုံးလုပ်နိုင်လိမ့်မယ် လို့ ကျွန်တော် တစ်ခါမှ မထင်ခဲ့မိဘူး"

ထို့နောက် သူ ဆက်ပြီး ပြောပြန်သည်မှာ–

"ရေးနိုး မိသားစု အပေါ်မှာ ကျွန်တော်ရဲ့ ဩဇာ ရှိနေဦးမယ် ဆိုရင် တော့ ဂျွန်ရေးနိုးကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြဖို့ ကျွန်တော် အကြံပေး တိုက်တွန်းမှာပဲ၊ သူ့ ကိုယ်သူ ဖျက်ဆီးပစ်လိမ့်မယ်လို့ ကျွန်တော့် စိတ်ထဲမှာ ထင်နေတယ်"

ကြေကွဲ ဝမ်းနည်းဟန်ဖြင့် တံခါးပေါက် ဆီသို့ ဖရန်ကလင် ထွက်သွား သည်။ တံခါး လက်ကိုင်ဖုပေါ်တွင် သူ့ လက်တင်မိချိန်တွင် သူသည် လော်ရာ ဘက်သို့ ပြန်လှည့်လိုက်ပြီး–

"မိန်းကလေး၊ မိန်းကလေးလို့ ကျုပ် ခေါ်တာကတော့ ကျုပ်မှာ မင်းထက် ကြီးတဲ့ သမီး နှစ်ယောက် ရှိလို့ပဲ၊ အဲဒီတော့ မိန်းကလေး မင်းဟာ သောက်ရမ်းကို တော်တဲ့ ရှေ့နေ တစ်ယောက်ပါပဲ၊ မင်းတို့လို လူငယ်ကလေး တွေ တက်လာတာကို တွေ့ရတဲ့အခါမှာ ကျုပ်ဟာ အလုပ်က အနားယူရမှာ ကို စိတ်မကောင်း မဖြစ်တော့ပါဘူး"

*

သူတို့သည် တရားရုံး အုတ်လှေကားများ အတိုင်း နောက်ဆုံးအကြိမ် အဖြစ် ဆင်းလာကြသည်။ လော်ရာ ဝင်းတား၊ ခရစ်ဂရန့်နှင့် မိုက်ဆိုဖိုတို့ပင် ဖြစ်သည်။ လှေကားထစ်များ တစ်ဝက်လောက် အရောက်တွင် ဂျူးအန်မာလင်က သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းနေကြောင်း တွေ့ရှိရသည်။ သူ၏ ကင်မရာမင်းသည် သူတို့ သုံး
ယောက်ကို သူ၏ လက်ကိုင် ကင်မရာနှင့် ချိန်ရွယ်ထားပြီ ဖြစ်သည်။

"ကောင်းသော နေ့ပါ အကျိုးဆောင်၊ အခု ထုတ်ပြန်ချက် ပေးတော့
မယ် မဟုတ်လား"

ခရစ်နှင့် မိုက်တို့ကို လော်ရာ ပြန်ကြည့်လိုက်သည်။ ထို့နောက် ရှေ့သို့
တစ်လှမ်း တိုးသွားသည်။ ကင်မရာသမားက သူ့ တစ်ယောက်တည်းကို ချိန်
ရွယ်နိုင်ရန် ဖြစ်သည်။

"မစ္စတာ ဝင်းတား ခင်ဗျာ၊ တရားရုံး အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့
ဇာတ်လမ်းရဲ့ နောက်ကွယ်မှာ ရှိနေတဲ့ ဇာတ်လမ်း အမှန်ကို ရုပ်မြင်သံကြား
ပရိသတ်ကြီးအတွက် ပြောပြပေးမယ် မဟုတ်လား ခင်ဗျား၊ ရေးနိုးဟာ ဘာဖြစ်
လို့ အခုလို သူ့ အမှုကို ဖြုန်းစားကြီးနဲ့ ထူးထူးခြားခြားကြီး ရုပ်သိမ်းသွားရ
တာလဲ ခင်ဗျား"

လော်ရာ ကင်မရာကို ကြည့်ပြီး ပြုံးလိုက်သည်။ ထို့နောက် ချိုချို
အေးအေး ဖြေသည်။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့ ဘာမျှ မပြောပါရစေနဲ့"

ဂျူအန်မာလက်၏ မျက်နှာပေါ်မှ အပြုံးပျောက်ကွယ်သွားသည်။ သူ့
မျက်နှာတွင် စိတ်ပျက်သည့် အမူအသွင် သိသိသာသာကြီး ပေါ်လွင်လာသည်။

"ဒီမယ် အစ်မ၊ ကျွန်တော်တို့မှာ သဘောတူညီချက် ရှိခဲ့ကြတယ်
မဟုတ်လား၊ အဲဒါကို အစ်မ မှတ်မိတယ် မဟုတ်လား"

"ဂျူအန်... တကယ်လို့ ဒီဇာတ်လမ်းကို တစ်ယောက်ယောက်ကို
ပြောခဲ့တယ် ဆိုရင် ရှင် ပြောတာပဲ၊ ဒါပေမဲ့ လူတွေရဲ့ အသက်ကို စတေးပြီးမှ
တော့ မပြောပါနဲ့"

မာလက် အခုအထိ ဘဝင်မကျဘဲ ရှိနေသည်။

"ရှင့်ရဲ့ လူတွေဟာ သူတို့ရဲ့ သမားတော်ကို ပြန်ပြီး ရကြပြီ မဟုတ်
လား၊ အဲဒါဟာ လုံလောက်တဲ့ ဆုလာဘ် တစ်ခုပဲ ဖြစ်ပါတယ်ရှင်"

လော်ရာက ပြောလိုက်သည်။

လူရွယ်သည် နောက်ဆုံးတွင် သူ့ ခေါင်းကို ညိတ်လိုက်ပြီး လော်ရာတို့
ဆက်ပြီး ဆင်းသွားနိုင်ရန် ဘေးသို့ လမ်းဖယ် ပေးလိုက်သည်။

*





သူတို့သည် သူတို့၏ အောင်ပွဲညစာကို လာစကာလာ စားသောက်ဆိုင်တွင်
ကျင်းပကြသည်။ သူတို့၏ အောင်ပွဲသတင်းကို ကြားသိရသောအခါ လာစကာ
လာ စားသောက်ဆိုင် ပိုင်ရှင် ဂီဒိုသည် မိုက်ဆိုဗိုထံ ဖုန်းဆက်ပြီး သူ့ ဆိုင်တွင်
အထိမ်းအမှတ် ညစာ စားသောက်ကြရန် ပြောသည်။ သူက သူတို့ကို မိုက်
နှစ်သက်သော ထောင့်စားပွဲကလေးတွင် နေရာချထားသည်။ ထို့နောက် ဂီဒို
သည် စားပွဲထိုးကို လက်ဖျောက်တီးပြီး ခေါ်လိုက်သည်။ စားပွဲထိုး လူငယ်
ချက်ချင်းပင် ရောက်ရှိလာသည်။

လူငယ်ကလေးသည် အသက် တစ်ဆယ့်ခြောက်နှစ်ထက် ကြီးပုံ မရ
သေးချေ။ သို့သော် အရပ် မြင့်သည်။ ဂီဒိုထက် အနည်းဆုံး ခေါင်း တစ်လုံး
လောက် ပိုမြင့်သည်။ ကိုယ်လုံး ကိုယ်ထည် ပိန်ပိန်သွယ်သွယ် ဖြစ်သည်။
စားသောက်ဆိုင် ပိုင်ရှင်ထက် ပိုပြီး သေးသွယ်သည်။ သို့သော် သူတို့ နှစ်
ယောက် ရုပ်ချင်း ဆင်သည်။

"ကျုပ် မြေးပဲ၊ ဆရာကြီး ကယ်လိုက်တဲ့ ကလေးပဲ၊ သူ့ကို ကြည့်စမ်းပါ၊
သူနဲ့ ယှဉ်တော့ သူ့ အဘိုးက လက်မကလေး ဖြစ်မနေဘူးလား"

ဂီဒိုက ကောင်ကလေး၏ ကျောကို ပုတ်ပြီး မိုက်ကို ပြောသည်။
ထို့နောက်–

"ဆရာကြီးကို ကျေးဇူးတင်စကား ပြောလိုက်ပါ"

ကောင်ကလေး ကျေးဇူးတင်စကား ပြောသည်။ သူ ကသိကအောက်
ဖြစ်မှုကို ဖုံးကွယ်သည့် အနေဖြင့် သူတို့ကို ပေါင်မုန့်နှင့် ထောပတ် တည်ခင်း
သည်။

"ကနေ့ ညနေတော့ မှာတဲ့ အလုပ်ကို ကျုပ် လုပ်မယ်" ဂီဒို ပြုံးဖြဲဖြဲ
နှင့် ဆက်ပြောသည်။ "အထူး ညအတွက် အထူး ပုလင်း ယူခဲ့ပါ"

သို့သော် မိုက်က သူ့ အိတ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။
ဆေးရုံသုံး ဓာတ်ဘူးငယ် တစ်ခု ဖြစ်သည်။ အထဲတွင် မရမ်းရင့်ရောင် အရည်
များ ပါရှိသည်။

"ရီ့စ်ရဲ့ နောက်ဆုံး လက်ကျန် ဝိုင်ကလေးပဲ"

သူ ထုတ်ဖော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ သုံးယောက် ကောင်းကောင်း သောက်လောက်သည်။ သူက ဖန်ခွက်များထဲသို့ မရန်းရင့်ရောင် ဝိုင်ကို ငှဲ့ထည့်ပြီးနောက် သူ၏ ဖန်ခွက်ကို မြှောက်လိုက်ကာ–

"ခရစ်ရေ ကိုယ်တို့ရဲ့ ကောင်မကလေးအတွက်၊ အင်မတန်တော်တဲ့ ရှေ့နေမကလေးအတွက်၊ အင်မတန်တော်တဲ့ လူသား တစ်ယောက်အတွက်၊ အိမ်ထောင်ရှင် လက်ဟောင်းကြီး တစ်ယောက်အနေနဲ့ ပြောရရင် သူဟာ မောင်ရင်ရဲ့ ဇနီးကောင်း တစ်ယောက် ဖြစ်လိမ့်မယ်"

သုံးယောက်သား ဖန်ခွက်များကို ထိပြီး သောက်လိုက်ကြသည်။

"ကနေ့ညတော့ ကျင်းပစရာ ပွဲတွေ အများကြီးပဲ"

"ကိုယ်ကို သူတို့ နားချနေကြတာ နှစ်ပေါင်း တော်တော်ကလေး ကြာသွားပြီ၊ ဌာနမှူးအဖြစ်က ကိုယ် အနားယူပြီး ဂုဏ်ထူးဆောင် ပါမောက္ခ လုပ်ဖို့ပဲ၊ သူတို့ ပေးတဲ့ အခွင့်အရေး မနည်းပါဘူး၊ ကနေ့ ညနေတော့ ကိုယ် သူတို့ကို အကြောင်းကြားလိုက်တယ်၊ ကိုယ့်နေရာမှာ ဌာနမှူးအဖြစ် ခရစ်တိုဖာ ဂရန့်ကို ခန့်မယ် ဆိုရင် သူတို့ ပြောတာ ကိုယ် လက်ခံမယ်လို့"

"မိုက်၊ အခုကိုပဲ ဆရာကြီး ကျေးဇူးတွေ ကျွန်တော့် အပေါ်မှာ များလှနေပြီ"

ခရစ် ကန့်ကွက်စကား ဆိုလိုက်သည်။

"လူမိုက်၊ ကိုယ်က ဒီကိစ္စကို မောင်ရင့်အတွက် လုပ်နေတာ မဟုတ်ဘူး၊ ဆေးရုံကြီးအတွက် လုပ်နေတာ၊ ကဲ အခု မင်း လုပ်ပါမယ်လို့ ပြောရင် အဲဒီ အခါအတွက် ကိုယ်တို့ သောက်ကြမယ်"

ခရစ် ခေါင်းညိတ်လိုက်သည်။

သူတို့၏ ဖန်ခွက်များကို သူတို့ မြှောက်လိုက်ကြပြန်သည်။ သောက်၍ ပြီးသောအခါ မိုက်က–

"ရို့စ်ရဲ့ ယမကာပွဲကို အလုပ်သင် ဆရာဝန်တွေ၊ လက်ထောက် ဆရာဝန်တွေ လာကြတုန်းကပေါ့၊ သူတို့ ပြန်သွားကြတဲ့အခါ ရို့စ်က စိတ်မကောင်း လက်မကောင်းနဲ့ ပြောတတ်တယ်၊ မိုက် ကိုယ့်မှာ သားတွေ အများကြီး ရှိတယ်၊ ဒါပေမဲ့ မြေး တစ်ယောက်မှ မရှိဘူး၊ အဲဒါ မတရားဘူးလို့ ပြောလေ့ ရှိတယ်"

ဖန်ခွက်များကို သူတို့ မြှောက်လိုက်ကြပြန်သည်။





သို့သော် မိုက်က–

"နေဦး၊ ဒီတစ်ခါတော့ ကိုယ်နဲ့ ရို့စ်နဲ့ သောက်ကြမယ်"

*

နောက်တစ်နေ့ နံနက်တွင် ခရစ်တိုဖာဂရန့် အမ်ဒီသည် မက်ထရိုပိုလီတန် အထွေထွေဆေးရုံကြီးသို့ သူ၏ လုပ်ငန်း တာဝန်များကို ပြန်လည် ထမ်းဆောင်ရန် အတွက် ရောက်ရှိသွားလေသည်။ ကလေးဆောင်သို့ ရောက်ရှိသောအခါ သူသည် ဌါနစတူးဝပ် ရေးနိုး၏ ရုပ်ပုံကြီး ပါရှိသော ဇရာမ ကြေးမုံချပ်ကို ဖြတ်ကျော်ရသည်။ ဆေးရုံ တံခါးကို သူ တွန်းဖွင့်လိုက်သောအခါ အသံချဲ့စက်မှ ထွက်ပေါ်လာသော အသံကို သူ ကြားရသည်။

"ဒေါက်တာ ဂရန့်၊ ဒေါက်တာ ခရစ်တိုဖာဂရန့်၊ ကလေး အထူးဆောင်မှ ခေါ်နေပါတယ်၊ ချက်ချင်း လာပါ"

လူနာ လက်ခံစားပွဲ ဆီသို့ သူ လျှောက်သွားပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

နတ်နွယ်



www.burmeseclassic.com